# ချမ်းမြေ့ဆရာတော်

# ဘဝအတန်တန် ကံအထွေထွေ




ချမ်းမြေ့ဆရာတော်

# ဘဝအတန်တန် ကံအထွေထွေ

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၅၀ | ၁၃၆၈ | ၂၀၀၆ |

## ဆုတောင်းမေတ္တာ

သူတော်စိတ်မြတ်၊ အငြိမ်းဓာတ်၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ။
မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ လွှမ်းပတ်ကမ္ဘာခြုံပါစေ။
သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာရှိပါစေ။
သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။



ချမ်းမြေ့ဆရာတော်

# ဘဝအတန်တန် ကံအထွေထွေ

## အမှာစကား

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် ကြယ်ငါးပွင့်သင်္ဘော ကုမ္ပဏီက သင်္ဘောအရာရှိများ၏ လျှောက်ထားချက်အရ ၁၉၇၄ ခုနှစ်က ကံနှင့်တမလွန်ဘဝအကြောင်း တရားတော်ကို ဟောကြားခဲ့ပါသည်။

ထိုတရားတော်ကို ဟောကြားစဉ်က ဆရာတော်ဘုရားသည် တမလွန်ဘဝဆိုသည်မှာ အမှန်တကယ်ရှိကြောင်း၊ တမလွန်ဘဝ၌ ခံစားကြရသော ချမ်းသာ ဆင်းရဲများသည် ကုသိုလ်ကံ၊ အကုသိုလ်ကံ များကြောင့် ဖြစ်ရကြောင်း သိသာထင်ရှားရုံမျှ ယုတ္တိသဘာဝ ကြောင်းကျိုးညှိပြ၍ တိုတိုကျဉ်းကျဉ်း လိုရင်းမျှ ဟောကြားခဲ့ပါသည်။

ထို **"ကံနှင့်တမလွန်ဘဝ"** တရားတော်ကို ကျွန်တော်များ ဝေယျာဝစ္စအဖွဲ့ ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ငယ်က စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။

ဤတရားတော်စာအုပ်ကို ဖတ်ရှုရ၍ စိတ်ဝင်စားသူတို့က ကံနှင့် တမလွန်ဘဝအကြောင်းကို ထို့ထက်ပို၍ ပြည့်ပြည့်စုံစုံ သိလိုကြပါသဖြင့် ပိုမိုပြည့်စုံသော တရားတော်စာအုပ်တအုပ် ချီးမြှင့်ပါရန် လျှောက်ထားကြ ပါသည်။

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားမှာ သက်တော်ဝါတော်ကြီးရင့်လာလေ သာသနာ့တာဝန်များ ပို၍များလာလေဖြစ်ရာ တရားတော်စာအုပ်အသစ် ရေးသားချီးမြှင့်ရန် အချိန်မရှိပါ။

သို့ဖြစ်ပါ၍ ကံနှင့်တမလွန်ဘဝအကြောင်း ပိုမို ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန် **ကံနှင့်တမလွန်ဘဝ၊ တက္ကသိုလ်ဓမ္မသဘင်၊ ဆင်းရဲငြိမ်းအေးချမ်းသာရေး၊ အနောက်တိုင်းမှဘဝပြဿနာ** နှင့် **အခြေပျိုးဗုဒ္ဓဘာသာ** စာအုပ်များတွင် အကြောင်းသင့်သလို ဆရာတော်ဘုရား ဟောကြားဖော်ပြထားသော ကံနှင့်တမလွန်ဘဝ အကြောင်းတို့ကို ထုတ်နှုတ်စုပေါင်း၍ "**ဘဝအတန်တန် ကံအထွေထွေ**" အမည်ဖြင့် ဖတ်ရှုမှတ်သားဖွယ်ရာ စာတအုပ် ပြုလုပ် ချီးမြှင့်လိုက်ပါသည်။

စာရှုသူများသည် ဤစာအုပ်ကို ဖတ်ရှု၍ ကံနှင့်တမလွန်ဘဝအကြောင်းကို အတော်အသင့် ပြည့်စုံစွာ နားလည်သဘောပေါက်ကြပြီးလျှင် ဘဝအတန်တန် အဖန်ဖန် မဖြစ်ပေါ်ဘဲ ဘဝဆင်းရဲ ငြိမ်းစဲစေရန် မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေ။

**ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ငယ်**
**ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့**

# မာတိကာ

**အမှာစကား** ၅

**မာတိကာ** ၇–၁၈

## ကံနှင့် တမလွန်ဘဝ

**စာသဝဏ်** ၂၁

တမလွန်ဘဝပြဿနာ၊ အမှန်ဘက်က ရပ်မိကြ၏ ၂၁

အတ္တဝါဒ အနတ္တဝါဒ၊ အတ္တဝါဒီတို့၏ တမလွန်ဘဝ ၂၂

အနတ္တဝါဒီတို့၏ တမလွန်ဘဝ ၂၃

သဘာဝကျသော တမလွန်ဘဝ အယူအဆ ၂၄

ဟောပြီးလို့ နှစ် ၂၀၊ကြာမှ တည်းဖြတ်ရ ၂၄

ယောနိသောမနသိကာရ ၂၅

ချမ်းမြေ့သို့ရောက်မှပင် ၂၆

**ကံနှင့် ကံ၏အကျိုး** ၂၇

တမလွန်ဘဝ ၂၈

ခေတ်အမြင်၊ သမ္မာဒိဋ္ဌိငါးမျိုး ၂၉

အနတ္တဝါဒ ၃၀

ကမ္မဝါဒ ၃၁

ဟိန္ဒူဘာသာလဲ ကံကိုယုံကြည်တယ် ၃၂

စေတနာသည် ကံ၊ ခြားနားချက် ၃၃

မေးကြတာတွေ ၃၄

စိတ်ကအရင်းခံ ၃၅

စေတနာက လှုံ့ဆော်ပေးမှ ၃၆

ကံမမြောက်တဲ့ အလုပ် ၃၈

သဘာဝနိယာမ ၃၉

အချိန်ခြားပြီးမှ အကျိုးဖြစ် ၄၁

**အနာဂတ်အကျိုး မျှော်ကြည့်** ၄၃

အကြောင်းရှိရင် အကျိုးဖြစ်ရမယ် ၄၄

နောက်ဘဝဖြစ်ဦးမှ ၄၆

**အတိတ်အကြောင်း ပြန်ကြည့်** ၄၇

ပါရမီထူးတဲ့ ကလေးတွေ ၄၇

ဗီသိုဗင်, မိုးဇတ် ၄၈

မမွေးခင်က သင်လာခဲ့တယ် ၄၉

ကိုရီးယားမှ ဉာဏ်ထူးရှင် ၅၀

အယင်ဘဝမှာသင် ခုဘဝမှာလဲတတ် ၅၁

ယခုခေတ် အထောက်အထားများ၊ ဘရာဇီးနိုင်ငံမှ ကလေး ၅၂

အတိတ်ဘဝ ၅၃

စဉ်းစားကြည့်ရအောင် ၅၄

ကြီးလာရင် တချို့မှာ မေ့မိုန်တတ် ၅၅

**ဘဝတွေ ဘယ်လိုဖြစ်သလဲ** ၅၇

ဘဝတွေ ဖြစ်ပေါ်လာပုံ၊ အတ္တဝါဒီတွေမှာ လွယ်တယ် ၅၇

ဖြစ်လို့ပျက် ပျက်လို့ဖြစ် ၆၁

ဖြစ်ပျက်မှု အလွန်မြန် ၆၂

ဝိပဿနာဆိုတာ ၆၃

ကိုယ်တွေ့အသိတွေ ၆၄

သဘောတရား စဉ်းစားသိ ၆၆

သွေးနီဥတွေ ပျက်ပုံ ၆၈

ပရိတ်ပလတ်ဇမ်း ၆၉

အက်တမ် ၇၀

ဓါတ်ခွဲခန်းမပါဘဲနှင့် ၇၃

ယောဂီတို့ကိုယ်တွေ့ ၇၄

ကွေးချင်တဲ့စိတ်နဲ့ ကွေးမှု ၇၅

မရှုရင် မြဲတယ်ထင် ၇၆

သတိပြုဖို့၊ ပဋ္ဌာန်းပစ္စည်း ၇၇
ပျက်ပြီးဘာကြောင့် ပြန်ဖြစ်သလဲ၊ အားနှင့် အရှိန် ၇၈
အဟောင်းချုပ် အသစ်ဖြစ်၊ နောက်ပြန်ကြည့် ရှေ့မျှော်ကြည့် ၈၁

**နောက်တဘဝ ဖြစ်ပုံ** ၈၂
နောက်တဘဝ ဘယ်လိုဖြစ်သလဲ ၈၂
သေတယ်ဆိုတာ ၈၃
သေပြီးရင် ပြန်ဖြစ် ၈၄
အဝေးကြီး သွားပြီးဖြစ်နိုင်တယ် ၈၅
နောက်ဘဝကို ဘယ်လို ရွေးမလဲ ၈၆
ခုခေတ်သာဓကများ ၈၈
ငါ့နာရီ ၉၀
ပိုဆီလျှော်တဲ့ဖြစ်ရပ် ၉၁
တမလွန်ဘဝ၏ အကြောင်းများ ၉၂
အဟောင်းချုပ် အသစ်ဖြစ်၊ ဘဝတဏှာ ၉၂
ဆန္ဒနှင့် တဏှာ ၉၃
အကြောင်းပေါင်းစုံ ညီညွတ်မှ ၉၄

**အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ** ၉၆
အစွန်းငြိတတ်တယ်၊ အတ္တဒိဋ္ဌိ ၉၆
မောက္ခ ၉၇
အသက်ဝိညာဉ်၊ သဿတဒိဋ္ဌိ ၉၈
ဘဝကူးသလား၊ အသက်ဝိညာဉ် ရှိသလား ၉၉
အယူမှန် သမ္မာဒိဋ္ဌိ ၁၀၀
သမ္မာဒိဋ္ဌိ ၁၀၁
ဘဝမကူးဘူး ဘဝသစ်ဖြစ်တာ၊ ရှုရင် အမှန်သိတယ် ၁၀၂
အယူမှား ကင်းသွားတယ် ၁၀၃
အန္တရာဘဝဒိဋ္ဌိ၊ တည်မြဲဝိညာဉ် အယူအဆတွေ ၁၀၄
တိဘက်တို့ရဲ့ ဝိညာဉ်နှင့်အတတ် ၁၀၅

| | |
|---|---|
| သတိထားလေ့ကျင့်မှ | ၁၀၆ |
| ရည်ရွယ်ချက်မှန်ဖို့လိုတယ် | ၁၀၈ |
| ပြိတ္တာမ မတ္တာ | ၁၀၉ |
| စိတ်ကချောက် | ၁၁၀ |
| ဥစ္စာဒိဋ္ဌိ | ၁၁၂ |
| ဒိဋ္ဌိသုံးမျိုး | ၁၁၃ |
| အနတ္တဝါဒ | ၁၁၄ |
| **ကမ္မသတ္တိသည် အတ္တမဟုတ်** | **၁၁၅** |
| စွပ်စွဲကြတယ် | ၁၁၅ |
| ကမ္မသတ္တိဆိုတာ၊ သာဓကေဝတ္ထု | ၁၁၆ |
| လုံးဝခြားနားတယ် | ၁၁၇ |
| **ပြုလုပ်သူပဲ ခံစားတယ်** | **၁၁၉** |
| မေးတတ်ကြတယ်၊ အဖြေကလဲအဆင်သင့် | ၁၁၉ |
| ကြောင်းကျိုးပေါ် အခြေတည် | ၁၂၀ |
| တခုတည်းသော ကြောင်းကျိုးဖြစ်စဉ် | ၁၂၁ |
| နောက်တခုစဉ်းစားကြည့် | ၁၂၂ |
| မြစ်ရေအလျဉ်၊ ဘာထရန်ရပ်ဆဲလ် | ၁၂၃ |
| သူလုပ်တာသူရ | ၁၂၄ |
| **ဘဝဆင်းရဲငြိမ်းရေး** | **၁၂၅** |
| ဘဝဆိုတာဆင်းရဲ | ၁၂၅ |
| ဆင်းရဲရှိလို့ ချမ်းသာရှိတယ် | ၁၂၇ |
| နိဗ္ဗာန်ဟာ ပျော်စရာ ပျင်းစရာမဟုတ်၊ လိုချင်စရာသက်သက် | ၁၂၇ |
| မဆင်းရဲချင်ရင် ဆင်းရဲ၏ အကြောင်းကိုပယ် | ၁၂၈ |
| အဖော်ပါရင်ဆင်းရဲ အဖော်မပါရင်ချမ်းသာ | ၁၂၉ |
| သမဏ နတ်သား၊ ပဋိစ္စသမုပ္ပါဒ် | ၁၃၁ |
| တဏှာက ကောင်းရာပို့၊ တဏှာက ဆိုးရာပို့ | ၁၃၂ |

တဏှာ ဘာကြောင့်ဖြစ်၊ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ၁၃၃
သက္ကာယဒိဋ္ဌိကြောင့် တဏှာဖြစ် ၁၃၄
သက္ကာယဒိဋ္ဌိဘာကြောင့်ဖြစ် ၁၃၄
အရှိအတိုင်း စောင့်ကြည့် ၁၃၅
ဝေဖန်ဉာဏ်က အရှိသဘာဝကို မသိ ၁၃၆
သတိပဋ္ဌာန် ဝိပဿနာ ၁၃၇
လက္ခဏာရေးသုံးပါးကို ထိုးထွင်းသိ ၁၃၉
သန္တိသုခ ငြိမ်းချမ်းသာ ၁၃၉

## တက္ကသိုလ်စမ္မသဘင်

**သေခါနီး စိတ်ထားတတ်ဖို့ အရေးကြီးပါသလား** ၁၄၃

**သေခါနီးကံက အကျိုးပေးလျှင် မသေမီပြုလုပ်ခဲ့တဲ့ ကံတွေ အလဟဿ ဖြစ်သွားပါသလား** ၁၄၆
သုဂတိရောက်သူ၊ ဒမိဠကုလားတယောက် ၁၄၇
ပါကဒါန ပရိယာယကံ ၄ မျိုး ၁၄၉
အကျိုးပေးလှည့်အစဉ် ၁၅၀
အဋ္ဌကထာကြီးများအလို ၁၅၁
ထူးခြားတဲ့ အစီအမံ ၁၅၂
လုပ်ငန်းကိစ္စအားဖြင့် ကံ ၄ မျိုး၊ ဇနကကံ ၁၅၃
ဉပထမ္ဘကကံ ၁၅၄
ဉပပီဠကကံ ၁၅၅
ဉပဃာတကကံ ၁၅၆
ပြုခဲ့တဲ့ကံများ အလဟဿမဖြစ် ၁၅၉
ဘုရားသော်မှ ရှောင်လွှဲလို့မရ ၁၆၀

**လူသေတဲ့အခါ တိရစ္ဆာန် တကောင် သရဲ စသည် ဖြစ်နိုင်ပါသလား** ၁၆၁

## ဆင်းရဲငြိမ်းအေး ချမ်းသာရေး


| | |
|---|---|
| **အခန်း ၅ လက်တွေ့ကျင့်စဉ်များ** | **၁၆၅** |
| ကမ္မဝါဒ၊ ကြည်ညိုဖွယ်အရှင်မြတ် | ၁၆၇ |
| တရားမှန်ရှာသူ ဥပတိဿ | ၁၆၇ |
| ဂေါတမရှင်တော်မြတ်၏ဝါဒ | ၁၆၈ |
| ကြောင်းကျိုးသဘာဝ ဝါဒ | ၁၆၉ |
| အနတ္တဝါဒ | ၁၇၀ |
| မပြည့်စုံတဲ့အဖြေ | ၁၇၁ |
| မဟာအတ္တ မရမအတ္တ ဇီဝအတ္တ | ၁၇၃ |
| ဝါဒနှစ်ခု မတူပုံ | ၁၇၄ |
| အရှင်အဿဇိအဖြေ၊ ကံဆိုတာအလုပ်၊ ကံသုံးပါး | ၁၇၅ |
| ကံနယ်မကျဉ်းစေနှင့် | ၁၇၇ |
| အဇ္ဈတ္တနှင့် ဗဟိဒ္ဓအကျိုး | ၁၇၉ |
| အကျိုးပေးချိန် | ၁၈၀ |
| အကျိုးမဖြစ်ရတော့ဘူးလား၊ တမလွန်ဘဝအကျိုး | ၁၈၄ |
| အကျိုးတရား ဖြစ်ပေါ်ဖို့ အခြေအနေ | ၁၈၅ |
| ဒီဘဝကံကြောင့် ဒီဘဝ အကျိုးဖြစ် | ၁၈၅ |
| ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုး | ၁၈၇ |
| ကိုယ်လုပ်တဲ့အလုပ်ဟာ ကိုယ့်ဥစ္စာ | ၁၈၉ |
| အလုပ်တိုင်း ကံမမြောက် | ၁၉၀ |
| ရည်ရွယ်ချက်နှင့် တက်ကြွတဲ့စိတ် | ၁၉၁ |
| ကံ မြောက်တဲ့ အလုပ် | ၁၉၃ |
| ဘုရားရှိခိုးကံကြောင့် ရတဲ့အကျိုး | ၁၉၄ |
| အကြောင်းစေတနာသည် ကံ | ၁၉၇ |
| ကာယကံ၊ ဝစီကံ | ၁၉၈ |
| ကြောင်းကျိုးနိယာမ | ၁၉၉ |
| ကံကြောင့် တမလွန်ဘဝဖြစ် | ၂၀၀ |

ဘဝဆိုတာဘာလဲ ၂၀၁
ကားတဈာကြောင့် ကားစီးရ၊ တဈာဟာ အကြောင်းရင်း ၂၀၂
ကံက ပွဲကိုင်ပေးတယ် ၂၀၃
ငိုတာနဲ့စတဲ့ ဘဝဆင်းရဲ ၂၀၄
ဆင်းရဲတဲ့လူချမ်းသာတွေ ၂၀၅
ချမ်းသာတဲ့ မောင်ငမွဲ ၂၀၇
အမေရိကန်တွေ သိပ်ဆင်းရဲတယ် ၂၀၈
တိုးတက်လေ ဆင်းရဲလေ ၂၀၉
ချမ်းသာကြောင်းနည်းလမ်း ၂၁၀

## အနောက်တိုင်းမှ ဘဝပြဿနာ

**ဘာသာပြန်သူ၏ စကားဦး** **၂၁၃**
လူနှင့် ဘာသာတရား ၂၁၃
ဘာသာတရားနှင့်သိပ္ပံပညာ ၂၁၅
သိစရာနယ်ကျဉ်းလျှင် အမြင်ကျဉ်း၏ ၂၁၆
တကယ်ရှိသောစိတ် ၂၁၇
ထူးခြားသောစာအုပ်၊ အကျဉ်းအကျပ် အခက်အခဲ ၂၁၈
ယခုမှ ထုတ်ဝေရ၊ ကျော်ကြားသောစာအုပ် ၂၁၉
ဘရိုက်ဒီမာဖီ အရေးတော်ပုံ ၂၂၀
မြည်းကြည့်ပါ ၂၂၁
အောက်ခြေမှတ်ချက်များ ၂၂၅
သတိပြုရန် ၂၂၆

**အခန်း ၁ စိတ်တန်ခိုးများဖြစ်နိုင်ပုံ** **၂၂၇**
သိဒ္ဓတ္ထ ၂၂၇
လွတ်မြောက်ရေးလမ်း ၂၂၈

| | | |
|---|---|---|
| | ပန်းတိုင်၊ ဆင်းရဲငြိမ်းရေး မသိကြသေး | ၂၂၉ |
| | မဖြေရှင်းနိုင်ကြ၊ ယုံကြည်ခဲ့ကြပုံ အမျိုးမျိုး | ၂၃၀ |
| | ယုံကြည်မှုနှင့်လက်တွေ့ | ၂၃၂ |
| | သိပ္ပံခေတ်အမြင်များ | ၂၃၄ |
| | ဆန်းကြယ်သောစိတ်တန်ခိုး | ၂၃၅ |
| | သိပ္ပံပညာရှင်၏ သဘာဝလွန် မြင်သိစိတ် | ၂၃၆ |
| | ဓာတ်ခွဲစမ်းသပ်ခြင်း | ၂၃၉ |
| | မျှော်လင့်စရာ အလားအလာ | ၂၄၁ |
| **အခန်း ၂** | **အမြင်ပေါက်သော ကေစီ** | **၂၄၃** |
| | သဘာဝလွန် မြင်နိုင်စွမ်းရည် | ၂၄၃ |
| | စိတ်နောက်သည့် မိန်းကလေး | ၂၄၄ |
| | တက်သည့်ကလေး အဆိပ်ကျွေး | ၂၄၅ |
| | အက်ဂါကေစီ၏ ဖြစ်စဉ်၊ ဘဝပြဿနာ၏ အစ | ၂၄၇ |
| | အိပ်မွေ့ချ၍ ကုသခြင်း | ၂၄၈ |
| | ထူးခြားသော ကုသမှု | ၂၄၉ |
| | သူတပါးကို ကုသရေး | ၂၅၀ |
| | အံ့သြစရာ | ၂၅၂ |
| | မကြာခဏ တက်တတ်သည့်ကလေး | ၂၅၃ |
| | ကိုယ့်ကိုယ်ကို မယုံမရဲ | ၂၅၄ |
| | ခရီးဝေးဟောစာတမ်း | ၂၅၅ |
| | ဟောရန်ပြင်ဆင်မှု | ၂၅၆ |
| | စီးပွားရေးသမားများနှင့် ကေစီ | ၂၅၇ |
| | ကြော်ငြာခြင်းကို မနှစ်သက် | ၂၅၉ |
| | အမှန်နှင့် အမှား | ၂၆၁ |
| | မယုံကြည်၍ လေ့လာသူများ | ၂၆၃ |
| | လူမှုရေးအကျိုးပြု လုပ်ငန်း | ၂၆၄ |

| | |
|---|---|
| သံသရာခရီး | ၂၆၅ |
| မှတ်ကျောက်အတင်ခံရသည့် စွမ်းရည် | ၂၆၆ |
| **အခန်း ၃ ဘဝပဟေဠိ၏ အဖြေ** | **၂၆၇** |
| တမလွန်ဘဝ | ၂၆၇ |
| ထူးဆန်းသော စကားငါးလုံး | ၂၆၉ |
| ဘဝဟောစာတမ်း | ၂၇၂ |
| ကေစီ၏ အတိတ်ဘဝများ | ၂၇၃ |
| အသိအမြင်ကျဉ်းလျှင် အစွဲအလမ်းကြီးသည် | ၂၇၆ |
| တမလွန်ကို ယုံကြည်သူ ပညာရှင်များ | ၂၇၇ |
| ကေစီ၏ သံသယနှင့် လင်းမား၏ ရှင်းလင်းချက် | ၂၇၈ |
| ခရစ်ယာန်ဘုန်းကြီးများနှင့် တမလွန်ဘဝ | ၂၈၂ |
| သိပ္ပံနည်းကျ တမလွန်ဘဝ | ၂၈၃ |
| အရေအတွက် တိုးခြင်းမဟုတ် | ၂၈၄ |
| သမိုင်းဖြစ်ရပ်နှင့် ကိုက်ညီပုံ | ၂၈၆ |
| ပြဇာတ်ရေးဆရာကြီး မိုးလျဲ | ၂၈၇ |
| အတိတ်ဘဝက မှတ်တမ်းများ | ၂၈၈ |
| မယုံချင်လဲ မနေရ | ၂၈၉ |
| တိုက်ဆိုင်မှုမဟုတ် | ၂၉၀ |
| အကျိုးသက်ရောက်မှုများ | ၂၉၃ |
| မသိစိတ်၏ အလုပ် | ၂၉၄ |
| သမိုင်းလမ်းကြောင်း | ၂၉၅ |
| အာကာသမှတ်တမ်း | ၂၉၇ |
| ပကတိသိစိတ် မရှိမှ သိစွမ်းနိုင် | ၂၉၈ |
| စဉ်းစားဖွယ် အချက်အလက်များ | ၃၀၀ |
| ဟောစာတမ်းများ၏ အရေးပါမှု | ၃၀၂ |

**အခန်း ၄ ခန္ဓာကိုယ်နှင့်ဆိုင်သော ကံအချို့ ၂၀၅**

ဒုက္ခအထွေထွေ ၂၀၅
ကံဆိုတာ ၂၀၆
ဘူမရင်းခေါ် ပစ်တုတ်ကံ ၂၀၇
မျက်စိကွယ်ရခြင်း၏ အကြောင်းကံ ၂၀၉
ခြေသိမ်ရခြင်း၏ အကြောင်းကံ ၂၀၉
နှာခြေရောဂါရှင် ၂၁၀
ကိုယ်တွင်း အစိတ်အပိုင်းများဆိုင်ရာကံ ၂၁၁
အစာမကြေခြင်း၏ အကြောင်းကံ၊ အမှတ်လက္ခဏာကံ ၂၁၂
ဆိုက်ကိုဆိုမက်တစ် ၂၁၄
အမှတ်လက္ခဏာကံ၏ ပုံစံများ ၂၁၆
သူတပါးကို ရေထဲနှစ်လို့ ၂၁၈
စိတ်ကို ကုခြင်း၊ စိတ်ဝင်စားဖွယ် အချက်နှစ်ချက် ၂၁၉
ကံပြုကွက် သုံးမျိုး ၂၂၃
ပန်းဖောက်ယက်ထည်ကြီး ၂၂၉

**အခန်း ၅ သရော်ပြောင်လှောင် ကံ ၃၃၀**

မာနထောင်လွှားပြစ် ၃၃၀
ပြောင်လှောင်မှု၏ ဆိုးကျိုးများ ၃၃၁
ရောမခေတ်၌ ပြုခဲ့သည့်ကံ ၃၃၂
တင်ပါးဆစ် တီဘီ ၃၃၃
ကိုယ်အလေးချိန် များသူ ၃၃၄
မရှုတ်ချနှင့် ၃၃၅
သူတပါးဒုက္ခကို ဝမ်းသာသူ ၃၃၆
ကံခြားနား၍ အခြေအနေ ခြားနား ၃၃၇

**အခန်း ၆ ဝေဖန်စိစစ်ခြင်း ၃၄၀**

ဒုက္ခမြင်ကွင်းကျယ် ၃၄၀
ကောင်းကံနှင့် ကောင်းကျိုး ၃၄၂
ရုပ်ချော၍စေသောကံ ၃၄၃

လူသားတို့အကျိုး သယ်ပိုးသူများ ၃၄၄
အကျင့်စာရိတ္တ အရေးကြီး ၃၄၅
မမြင်ရသော ဒုက္ခသည်များ ၃၄၆
မယုံကြည်နိုင်စရာ အခြားအရာတွေ ၃၄၇
ဖော်လတဲယား၏ အဆို ၃၄၈

**အခန်း ၇ ဆိုင်းငံ့နေသော ကံ ၃၅၀**
အကျိုးပေးရန် အချိန်ဆိုင်းရ ၃၅၀
ပျောက်ကွယ်သွားသော အတ္တလန္တိတ်တိုက်ကြီး ၃၅၁
ကေစီဟောစာတမ်း အဆို ၃၅၂
ယဉ်ကျေးမှုတိုးတက်၍ စိတ်ဓာတ်ပျက်စီး ၃၅၃
ဘာကြောင့် စက်မှုတိုးတက်သလဲ ၃၅၅
ကြိုတင်ဆုံးဖြတ်ပေးမှု မဟုတ် ၃၅၅
အဖျွတ္တအကြောင်း ၃၅၇
ဘဏ်ကြွေးဆပ် ဥပမာ ၃၅၈
ကျလာသော တာဝန်ကို ရှောင်လွှဲလို့မရ ၃၆၀
စိတ်ကိုပြုပြင်နိုင် ၃၆၁
နာမ်ဓာတ်အရည်အသွေး လိုနေခြင်း ၃၆၄

**အခန်း ၈ ကံတရားနှင့် ကျန်းမာရေး ပြဿနာ ၃၆၆**
ကမ္မဝါဒနှင့် အိန္ဒိယပြည် ၃၆၆
ကမ္မဝါဒအပေါ် သဘောထားပုံ၊ ခေါင်းငုံ့ခံရေးဝါဒ မဟုတ် ၃၆၈
စိတ်ထားပြောင်းမှ ရောဂါပျောက်မည် ၃၆၉
စိတ်ကို ကုဖို့ ပိုအရေးကြီး ၃၇၁
ကိုယ်ကျင့်တရားကောင်းလျှင် ရောဂါပျောက်သည် ၃၇၃
အပြစ်ဆိုတာ ၃၇၅
လွတ်မြောက်စိတ် ၃၇၆
ပတ်ဝန်းကျင်နှင့် အသုံးအနှုန်း ၃၇၇
စိတ်ကိုပြောင်းစေသော အလုပ်များ ၃၈၀
မလိုအပ်သည့်၌ အားထုတ်မှု ၃၈၃

ပိုင်းခြားဝေဖန်ဉာဏ် ၃၈၄
အဆစ်ရောင် ရောဂါ ၃၈၆
တဖက်စွန်းမရောက်ဖို့ ၃၈၇
အရှုတ္တအကြောင်း ရှာဖို့မလို၊ ရုပ်ကုထုံးများ ၃၈၉
ဟောစာတမ်း၏ တီထွင်မှု၊ ပညာရှင်ကို စောင့်နေကြသည် ၃၉၀
ပုံသွင်းသူ သုံးဦး ၃၉၁

## ချမ်းမြေ့ အခြေပျိုး ဗုဒ္ဓဘာသာ

**အခန်း ၁၀ ကံ=အလုပ်** **၃၉၅**
ရည်ရွယ်ချက်နှင့် တက်ကြွစိတ် ၃၉၆
ကံမမြောက်သော အလုပ်များ ၃၉၆
စေတနာသည်ကံ၊ အကြောင်းနှင့်အကျိုး ၃၉၇
ကံ၏ အကျိုးပေးချိန်၊ ပစ္စုပ္ပန်ကံ ၄၀၀
သည်ဘဝကံကြောင့် သည်ဘဝခံ ၄၀၁
အတိတ်ကံ ၄၀၂
နာမည်ကြီး အမ္ဗပါလီ ၄၀၃
ထူးဆန်းသော ဝက်လူကြီး ၄၀၆
သတိပြုစရာ ၄၀၈
ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယကိုသာ အားကိုး ၄၀၉
မှန်ကန်သော သဘောထား ၄၁၀

**နောက်ဆက်တွဲ** **၄၁၁**
အနောက်တိုင်း အတွေးအမြင်လောကမှ တမလွန်ဘဝ
ယူဆပုံများ ၄၁၁

# ကံနှင့် တမလွန်ဘဝ

## စာသဝဏ်

**တမလွန်ဘဝ ပြဿနာ** ကံနှင့် တမလွန်ဘဝသည် လူတိုင်းလိုလို သိလိုသော အကြောင်းအရာ ဖြစ်၏။ အထူးသဖြင့် တမလွန်ဘဝသည် လူတို့၏ သိလိုစိတ်ကို အဖမ်းစားဆုံး ဖြစ်၏။ လူတိုင်းသည် မသေလိုကြ၊ အမြဲ အသက်ရှင်နေလိုကြ၏။ ထို့ကြောင့် သေရမည်ကို ကြောက်ကြ၏။ သို့သော် မွေးဖွားလာတိုင်းသော သတ္တဝါမှန်သမျှ သေခြင်းတရားကို ရှောင်လွှဲ၍မရ၊ သေရမည်မုချ ဆိုသည်ကိုလည်း နားလည်ကြ၏။ ထို့ကြောင့် ရှောင်လွှဲမရ၍ သေရလျှင် သေပြီးသည့်နောက်၌ ဘဝတဖန် ဖြစ်လိုကြပြန်၏။ သို့သော် ဖြစ်လိုသော ထိုဘဝ တကယ် ဖြစ်,မဖြစ်ကို တိတိကျကျ မသိနိုင်ကြ။ သို့ဖြင့် သေပြီးသည့်နောက်၌ ဘဝ ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလားဟု စဉ်းစားစရာ ဖြစ်လာတော့၏။ ဤနည်းဖြင့် တမလွန်ဘဝ ပြဿနာ ပေါ်ပေါက်လာခဲ့၏။

**အမှန်ဘက်က ရပ်မိကြ၏** လူတိုင်း၏စိတ်သည် မိမိဖြစ်လိုသည့် အရာဘက်ကို အလေးပေးတတ်သော သဘာဝရှိ၏။ အမြဲ အသက်ရှင်နေလိုသော လူသည် အမြဲ အသက်ရှင်နေရန် မဖြစ်နိုင်သောအခါ သေပြီးသည့်နောက်တွင် ပြန်၍ ရှင်လိုကြ၏။ ဤသည်ကိုပင် ဘဝတဏှာဟု ခေါ်ကြ၏။ ပြန်၍ ရှင်လိုသောကြောင့်ပင် အသက် ပြန်ရှင်ရေးဘက်ကို အလေးပေး စဉ်းစားခဲ့ရာ နောက်ဆုံးတွင် နောက်ဘဝ တမလွန်ဘဝ ရှိသည်ဟု ကိုယ်လိုရာဘက်ကို ယက်၍ သိလျက်သော်လည်းကောင်း၊ မသိဘဲ သော်လည်းကောင်း ဆုံးဖြတ်ကြ၏။

ယင်းသို့ ကိုယ်လိုရာဘက်သို့ ဆွဲ၍ ဆုံးဖြတ်သော အဆုံးအဖြတ်များသည် မှန်သည်လည်းရှိ၏။ မှားသည်လည်းရှိ၏။ ဤအရာ၌ တမလွန်ဘဝ ရှိလိုစိတ်ကြောင့် 'ရှိသည်'ဟု ဆုံးဖြတ်ခဲ့ကြရာ အကြောင်းအကျိုး ယုတ္တိသဘာဝနှင့် ညီညွတ်သဖြင့် အမှန်ဘက်၌ ရပ်မိခဲ့ကြ၏။

လောက၌ ရုပ်သာလျှင် တကယ့်အရှိတရားဟု တရားသေ စွဲထားသော ရုပ်ဝါဒသမားများနှင့် သက်ဆိုင်ရာ ဘာသာတရား၏ ပညတ်ချက်အပေါ် ကျော်၍ မတွေးဝံ့သော လူအချို့မှတပါး သမိုင်းမတင်မီ အချိန်မှစ၍ ယခုအချိန်အထိ ကမ္ဘာ့နေရာဒေသ အနှံ့အပြား၌ ကိုယ့်နည်းကိုယ့်ဟန် ပုံစံအမျိုးမျိုးဖြင့် တမလွန်ဘဝ ရှိကြောင်း လက်ခံ ယုံကြည်ကြ၏။

ယဉ်ကျေးမှုထွန်းကားရာ ဒေသ၌ နေကြသူတို့ကလည်း သူ့အကြောင်းပြ သူ့အစဉ်အလာနှင့်သူ သူ့နည်းသူ့ဟန်ဖြင့် တမလွန်ဘဝကို လက်ခံ ယုံကြည်ကြ၏။ ယဉ်ကျေးမှု မထွန်းကားရာ ဒေသ၌ နေကြသူတို့ကလည်း သူ့အကြောင်းပြ သူ့အစဉ်အလာနှင့်သူ သူ့နည်းသူ့ဟန်ဖြင့် တမလွန်ဘဝကို လက်ခံ ယုံကြည်ကြ၏။

**အတ္တဝါဒ**
**အနတ္တဝါဒ**

လောက၌ အယူဝါဒရေးရာနှင့် ပတ်သက်၍ အုပ်စုနှစ်စု ကွဲလျက်ရှိ၏။ တစုမှာ မပျက်မစီးဘဲ အမြဲတည်နေသော အတ္တ, အသက်, ဝိညာဉ် ရှိသည်ဟု ယူဆသော **အတ္တဝါဒ** အုပ်စု၊ အခြားတစုမှာ အမြဲတည်သော အတ္တ, အသက်, ဝိညာဉ် မရှိဟု ယူဆသော **အနတ္တဝါဒ**အုပ်စု။ ထိုနှစ်စုအနက် ဗုဒ္ဓဘာသာမှတပါး အခြားသော ဘာသာ အယူဝါဒများသည် **အတ္တဝါဒ**ချည်း ဖြစ်ကြ၏။ ဗုဒ္ဓဘာသာ တခုတည်းသာလျှင် **အနတ္တဝါဒ** ဖြစ်၏။

**အတ္တဝါဒီတို့၏**
**တမလွန်ဘဝ**

အတ္တဝါဒီတို့၏ တမလွန်ဘဝ အယူအဆမှာ အတ္တ, အသက်, ဝိညာဉ်ပေါ်၌ အခြေခံ၏။ ထိုသူတို့၏ အယူအဆအရ အတ္တ သို့မဟုတ် ဝိညာဉ်သည် မသေကြေ မပျက်စီးသောအရာ( imortality)ဖြစ်၍ ခန္ဓာကိုယ် ပျက်စီးသွားသော်လည်း အတ္တ,

ဝိညာဉ်က မသေဘဲ ကျန်ရစ်ခဲ့ပြီးလျှင် နောက် ခန္ဓာကိုယ် တခုထဲသို့ ပြောင်းရွှေ့တည်နေ၏။ ဤနည်းဖြင့် နောက်တဘဝ တမလွန်ဘဝ ဖြစ်ပေါ်လာ၏။ [ဤအယူဝါဒကို ဗုဒ္ဓတရားတော်အရ **သဿတဒိဋ္ဌိ**ဟု ခေါ်၏။]

သို့သော် အချို့ ပုဂ္ဂိုလ်တို့ အယူအဆအရ အတ္တ သို့မဟုတ် ဝိညာဉ်သည် လက်ရှိဘဝ၌သာ တည်မြဲ၍ ခန္ဓာကိုယ် ပျက်စီးလျှင် အတ္တ, ဝိညာဉ်ပါ ပျက်စီးသွားသဖြင့် နောက်ဘဝဖြစ်ရန် ဘာမျှ မကျန်တော့ဘဲ တဘဝတည်းဖြင့် အပြီးသတ်သွား၏။ တမလွန်ဘဝဆိုတာ မရှိပေ။ [ဤ အယူဝါဒကို ဗုဒ္ဓတရားတော်အရ **ဥစ္ဆေဒဒိဋ္ဌိ**ဟု ခေါ်၏။]

သက်ဆိုင်ရာ ဘာသာအယူဝါဒအရ အမြဲတည်သော ဝိညာဉ်ရှိသည်ဟု မူလက ယူဆထားသော ပုဂ္ဂိုလ်အချို့သည် ယခုအခါ၌ အသိပညာ ဗဟုသုတနှင့် စိစစ်ဝေဖန်ဉာဏ် တိုးတက်လာသည်နှင့်အမျှ ဝိညာဉ်အပေါ် သံသယ ဖြစ်လာကြကာ အချို့မှာမူ အမြဲတည်သော ဝိညာဉ်ဝါဒကို လုံးဝ စွန့်လွှတ်လိုက်ကြ၏။ မူလက တည်မြဲနေသည့် ဝိညာဉ်က နောက်ခန္ဓာကိုယ် တခုတွင် ဝင်၍ နောက်တဘဝ ဖြစ်သည်ဟု ယူဆထားရာ ဝိညာဉ်မရှိဟု ယူဆသောအခါ ခန္ဓာကိုယ် သေကြေပျက်စီးလျှင် ဘာမျှ မကျန်တော့၍ ထိုသူများအဖို့လည်း တမလွန်ဘဝဆိုတာ မရှိတော့ပေ။

**အနတ္တဝါဒီတို့၏ တမလွန်ဘဝ**

ဗုဒ္ဓဝါဒကမူ ကြောင်းကျိုးဆက်စပ်၍ ဖြစ်ပျက်နေသော ရုပ်နာမ် ဖြစ်စဉ်ပေါ်၌ အခြေခံလျက် နောက်ဘဝ ဖြစ်သည်ဟု ယုံကြည် ယူဆ၏။ ထို့ကြောင့် ဗုဒ္ဓဝါဒအရ နောက်ဘဝ တမလွန်ဘဝ ဖြစ်ရန် အတ္တ, အသက်, ဝိညာဉ်ရှိဖို့ မလိုတော့ပေ။ သတ္တဝါ သေပြီးနောက် ရှေ့ဘဝ၌ ဖြစ်ပေါ်ခဲ့သည့် အကြောင်းများကြောင့် နောက်ဘဝ၌ ရုပ်သစ်နာမ်သစ် အကျိုးအနေဖြင့် ဖြစ်ပေါ်သည်ကို တမလွန်ဘဝဟု ခေါ်ဝေါ်ကြခြင်းသာ ဖြစ်၏။

ဤသို့ တမလွန်ဘဝ ယူဆပုံ နှစ်မျိုးနှစ်စား ကွဲပြားနေသည်ကို နားလည်မှ တမလွန်ဘဝ ဖြစ်ပုံကို နည်းမှန်လမ်းကျ သဘောကျနိုင်ပေလိမ့်မည်။

**သဘာဝကျသော တမလွန်ဘဝ အယူအဆ** ဗုဒ္ဓဝါဒအရမူ တမလွန်ဘဝ ရှိ,မရှိကို စကားလုပ်ပြောနေစရာ မလိုပေ။ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော အချို့သော သုတ်ပါဠိတော်များ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်များ၊ ပေတဝတ္ထု၊ ဝိမာနဝတ္ထု ပါဠိတော်များ၊ အပဒါန် ပါဠိတော်၊ ထေရာ ထေရီ ပါဠိတော်များ၊ ဓမ္မပဒဝတ္ထုများ၊ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော် စသည်များကို ဖတ်ရှု နားလည်ထားကြသောကြောင့်လည်းကောင်း၊ စစ်မှန်သော လူဝင်စား ဖြစ်ရပ်များကို ကြားသိနေကြရသောကြောင့်လည်းကောင်း တမလွန်ဘဝ အယူအဆကို အတိအကျ ယုံကြည် လက်ခံထားကြပြီးဖြစ်၏။

သို့သော် ကြောင်းကျိုးနိယာမ ယုတ္တိသဘာဝအရ တမလွန်ဘဝ မည်သို့မည်ပုံ ဖြစ်သည်ကိုမူ သိရှိသူဦးရေ များဦးမည် မဟုတ်ပေ။ တမလွန်ဘဝ အယူအဆကို ယုံကြည် လက်ခံကြသူ ဗုဒ္ဓဘာသာဝင်တိုင်းသည်၊ အထူးသဖြင့် တမလွန်ဘဝ ဖြစ်ပုံကို သဘောမပေါက်ကြသေး၍ သံသယကလေးဖြင့် မတင်မကျ လက်ခံနေကြရသူတိုင်းသည် ကြောင်းကျိုးညီ၍ ယုတ္တိသဘာဝကျသော တမလွန်ဘဝ ဖြစ်ပုံကို လေ့လာသင့် နားလည်သင့်ကြပေသည်။

**ဟောပြီးလို့ နှစ် ၂၀ ကြာမှ တည်းဖြတ်ရ** ယင်းသို့သော တမလွန်သဘောကို ဓောကြောရှင်းပြရန် အခွင့်ကို ၁၉၇၄ ခုနှစ်က ကြုံခဲ့ရ၏။ ထိုနှစ်က မဟာစည်သာသနာ့ရိပ်သာ၌ တရားအားထုတ်ကြသော **ကြယ်ငါးပွင့်** သင်္ဘောမှ ရေကြောင်းပညာရှင်များက တမလွန်ဘဝ အကြောင်း ရှင်းပြ ဟောကြားရန် လျှောက်ထားကြသဖြင့် ဤ “**ကံနှင့် တမလွန်ဘဝ တရားတော်**”ကို ဘုန်းကြီး ဟောကြားခဲ့ရသည်။ ဤတရား ကက်ဆက်ခွေကို နာကြားကြရသူများ အထူး စိတ်ဝင်စားကြ၏။ အထူးသဖြင့် ပညာတတ် လူငယ်လူရွယ်များ အထူး နှစ်ခြိုက်ကြ၏။ ဤတရားကို စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေရန်လည်း လျှောက်ထားကြ၏။

ဤတရားတော်ကို စာအုပ် ထုတ်ဝေရန် **သမီးနှင့်သား ပုံနှိပ်တိုက်ရှင် ဦးရွှေစိုး**က တမူ၊ ပုဇွန်တောင်မှ တပည့်တဦးဖြစ်သူ **မသန်းသန်းနွယ်**က တမူ ကက်ဆက်ခွေမှ ကူးပေးထားသည်မှာ အနည်းဆုံး ၁၀ နှစ်ခန့် ရှိသွားပေပြီ။ သို့သော်လည်း အထွေထွေကိစ္စ များလှ၍ မအားရသဖြင့် ဤစာမူကို မသုတ်သင် မတည်းဖြတ်နိုင်ခဲ့ပေ။

လွန်ခဲ့သည့်နှစ် (၁၉၉၃ ခုနှစ်) အနောက်ဘက်ဆီသို့ ဓမ္မခရီး ထွက်သည့်အခါ Good Questin, Good Answer စာအုပ်ကို ဘာသာပြန် အပြီးတွင် ဤတရားစာမူကို စ,တင် တည်းဖြတ်နိုင်ခဲ့သည်။ ယင်း ဓမ္မခရီးမှ ချမ်းမြေ့သို့ ပြန်ရောက်သောအခါ မအားလပ်ပြန်၍ တည်းဖြတ်မှုကို ရပ်ထားရပြန်သည်။

**ယောနိသော မနသိကာရ** တဖန် ထိုနှစ် နိုဝင်ဘာလမှ ၁၉၉၄ ခုနှစ် မတ်လအထိ **ထိုင်း၊ သြစတြေးလျ၊ နယူးဇီလန်**ဘက်သို့ ဓမ္မခရီး ထွက်ရပြန်ရာ တရားစာမူကို တည်းဖြတ်ခွင့် ရခဲ့ပြန်သည်။ **ပါ့သ်မြို့၊ မဲလ်ဘုန်းမြို့** တရားစခန်းများ၌ ကြိုကြားကြိုကြား တည်းဖြတ်နိုင်ခဲ့၏။ **ဆစ်ဒနီမြို့** အနီးမှ **ဝပ်ဗုဒ္ဓဓမ္မ** တောရကျောင်း စခန်း၌ ယောဂီ လေးဆယ်ကျော် ရှိသဖြင့် တည်းဖြတ်ချိန်ရဖို့ ခဲယဉ်းနေ၏။

သို့သော် မမျှော်လင့်ဘဲ စာမူတည်းဖြတ်ချိန် များများရလိုက်သဖြင့် တည်းဖြတ်မှုခရီး အတော်ကြီး တွင်ခဲ့၏။ အကြောင်းမှာ ယင်းတရားစခန်း ဟောပြောပြသနေစဉ် ဇန္နဝါရီလတွင် ဆစ်ဒနီမြို့ဝန်းကျင် အရပ်လေးမျက်နှာလုံး၌ နေရာပေါင်း ၁၅၀ တွင် ကြောက်မက်ဖွယ်ရာ တောမီးများ အကြီးအကျယ် လောင်ကျွမ်းသဖြင့် တလ တရားစခန်းကို ၁၅ ရက်ဖြင့် ရပ်နားလိုက်ရသောကြောင့် ဖြစ်သည်။ ယောဂီများကား အားမရကြ၊ စိတ်ပျက်ကြ, စိတ်ဓာတ်ကျကြ၏။ ယောဂီများကို ကြည့်၍ ဘုန်းကြီးလည်း စိတ်မကောင်း ဖြစ်ရ၏။

သို့သော် 'အိုးကွဲသော်လည်း ကရွတ်တော့ ရသေးသည်'ဆိုသကဲ့သို့ တရားစခန်း ပျက်ရသော်လည်း စာမူတည်းဖြတ်ချိန် များများရလို့ တဘက်က ကြည့်လျှင် တော်သေး၏ဟု ယောနိသောမနသိကာရ အကောင်းမြင် ဝါဒဖြင့် စိတ်ဖြေရ၏။

**ချမ်းမြေ့သို့ ရောက်မှပင်** အချိန်များများရသော်လည်း တည်းဖြတ်မှုက အပြီးမသတ်သေး၍ **နယူးဇီလန်** တရားစခန်း၊ **ဗန်ကောက်** တရားစခန်းတို့၌လည်း ဆက်လက် တည်းဖြတ်ရ၏။ တကယ်တော့ **နယူးဇီလန်** တရားစခန်း၌ အချိန် ရသလောက် ရသော်လည်း ဗန်ကောက် တရားစခန်း၌မူ ယောဂီများ တရာကျော်နေသဖြင့် အချိန်ရ နည်းလှသည်။ သို့ဖြင့် ချမ်းမြေ့သို့ ပြန်ရောက်တော့မှပင် ယောဂီများကို တရား မမေး မစစ်သေးဘဲ အတင်း အချိန်လုကာ တည်းဖြတ်မှပင် အပြီးသတ်ပေတော့သည်။

ဤတရားစာမူကို တည်းဖြတ်ရာ၌လည်း ယခင် စာမူများကို တည်းဖြတ်သကဲ့သို့ပင် ဖတ်ရှုရာတွင် မလိုအပ်သည်များကို နုတ်၍ လိုသေးသည်များကို အနည်းအကျဉ်း ထပ်ဖြည့်ရသည်။ စာသွားရော သဘောတရားပါ ချောသွားအောင် တတ်နိုင်သမျှ ပြင်ရသည်။ ဤမျှ အကျပ်အတည်း အခက်အခဲ ကြားထဲမှ တည်းဖြတ် ထုတ်ဝေရသည့် ဤ 'ကံနှင့် တမလွန်ဘဝ' စာအုပ်ကို စာရှုသူများ ဖတ်ရှု၍ ဗဟုသုတ အသင့်အတန် တိုးတက် ရရှိကြသည်ဟု ဆိုလျှင် ပန်းသရွေ့ ချမ်းမြေ့ရမည် ဖြစ်ပါသည်။

**သူတော်စိတ်မြတ်၊ အငြိမ်းဓာတ်၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ။**
**မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ လွှမ်းပတ်ကမ္ဘာခြုံပါစေ။**
**သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာရှိပါစေ။**
**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။**

**ချမ်းမြေ့ဆရာတော်**

သာသနာ ၂၅၃၇ ခုနှစ်၊
မြန်မာ ၁၃၅၆ ခုနှစ်၊ ဦးတန်ခူးလ လပြည့်ကျော် ၇ ရက်
ခရစ်နှစ် ၁၉၉၄ ခုနှစ်၊ မေလ ၂ ရက်

[၁၉၇၄ ခုနှစ်၌ ဟောကြားတော်မူသော တရားတော်]

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ကံနှင့် ကံ၏အကျိုး

**ကြယ်ငါးပွင့်** ဒီနေ့တော့ ရန်ကုန်မြို့ ကြယ်ငါးပွင့်သင်္ဘောလိုင်း ရေကြောင်းပညာရှင်များက အထူး လျှောက်ထားတဲ့အတွက် အထူးတရားပွဲ ဟောကြား ချီးမြှင့်ရပါမယ်။ လျှောက်ထားကြသူတွေကတော့ ဦးခင်မောင်ဝင်း၊ မစ္စတာအာသာဘီဆင်း၊ ဦးခင်မောင်လတ်၊ ကိုညွန့်ဝေ၊ ကိုနီတို့ပါပဲ။ ဒီဒကာများ လျှောက်ထားကြတာက "တပည့်တော်များ နိုင်ငံရပ်ခြားကို သင်္ဘောနဲ့ ခရီးသွားနေကြရတာက များတော့ ဗုဒ္ဓဘာသာနဲ့ ဝေးကွာနေတဲ့အတွက် ဗုဒ္ဓဘာသာအကြောင်းကို ကောင်းကောင်း နားမလည်ကြဘဲ မိရိုးဖလာလောက်ပဲ နားလည်ကြပါတယ်။ တပည့်တော်တို့ ကိုယ်တိုင်က ကောင်းကောင်း နားမလည်ကြတော့ နိုင်ငံခြားကို ခေါ်သွားရတဲ့ တပည့်တော်တို့ ကလေးတွေကို ဗုဒ္ဓဘာသာအကြောင်း နားလည်အောင် စနစ်တကျ သင်ကြား မပေးတတ်ကြတဲ့အတွက် ကလေးတွေလဲ ဗုဒ္ဓဘာသာနဲ့ ဝေးနေကြရပါတယ်။ ဒါကြောင့် တပည့်တော်များ နိုင်ငံခြားရောက် မိသားစုများအတွက် ဗုဒ္ဓဘာသာမှ

သိသင့်သိထိုက်တဲ့ တရား အချက်အလက်ကလေးတွေကို ဟောကြား ပေးစေလိုပါတယ် ဘုရား”လို့ လျှောက်ကြတယ်။

**တမလွန်ဘဝ** တနေ့က မစ္စတာအာသာဘီဆင်းနဲ့ ကိုညွှန့်ဝေတို့ လျှောက်စဉ် ကတော့ Reincarnation ကို ရှင်းပြပေးစေချင်ပါတယ် ဘုရားလို့ လျှောက်ကြတယ်။ သူတို့လျှောက်ပုံက “တပည့်တော်တို့ သင်္ဘောနဲ့ နိုင်ငံခြားကို သွားတဲ့အခါ မကြာခဏ အမေးခံရတဲ့ မေးခွန်းတခု ရှိပါတယ်ဘုရား။ အဲဒါကတော့ Reincarnation တမလွန်ဘဝနဲ့ ပတ်သက်တဲ့ မေးခွန်းပါ။ ဒါကြောင့် အဲဒီ တမလွန်ဘဝအကြောင်းကို ရှင်းပြပေးစေချင်ပါတယ်ဘုရား”လို့ လျှောက်ကြတယ်။

ဒီတော့ တမလွန်ဘဝအကြောင်းကို စွမ်းနိုင်သမျှ လက်ဦး ရှင်းပြပါမယ်။ ပြီးမှ တခြား သိသင့်သိထိုက်တဲ့ တရားအချက်အလက်ကလေးတွေကို ရှင်းပြပါမယ်။

တမလွန်ဘဝဆိုတဲ့ စကားကို အင်္ဂလိပ်ဘာသာနဲ့ Reincarnation လို့ များသောအားဖြင့် ဘာသာပြန်ကြတယ်။ Transmigration, Rebirth ဆိုတဲ့ စကားလုံးတွေနဲ့လဲ ဘာသာပြန်ကြတယ်။

Reincarnation ဆိုတာ “Soul ခေါ်တဲ့ ဝိညာဉ်က တခြားခန္ဓာကိုယ် တခုထဲမှာ ပြန်ပြီး နောက်တဘဝ ဖြစ်ခြင်း”လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီလို နောက်တဘဝ ဖြစ်တာကို ယုံကြည်တာကိုလဲ Reincarnation လို့ပဲ ခေါ်ပါတယ်။ Transmigration ကတော့ “ဝိညာဉ်က တဘဝမှ တဘဝသို့ ကူးပြောင်းသွားခြင်း” လို့ အဓိပ္ပာယ် ရပါတယ်။ Rebirth ကတော့ “ပြန်လည်မွေးဖွားခြင်း”လို့ ဆိုလိုပါတယ်။ အခုခေတ်မှာ အများစုက Reincarnation သုံးကြသော်လဲ သတိထားတဲ့ ဗုဒ္ဓဘာသာ စာရေးဆရာများကတော့ Rebirth ကိုပဲ သုံးကြပါတယ်။

**ခေတ်အမြင်** ဒီတော့ ဗုဒ္ဓဘာသာ အယူအဆအရ တမလွန်ဘဝဖြစ်ပုံကို ပြောပြရပါမယ်။ ဒီနေရာမှာ ဒကာများက ဗုဒ္ဓဝါဒနဲ့ စိမ်းနေတဲ့ နိုင်ငံခြားသားများကို ပြန်ပြီး ရှင်းပြချင်တဲ့ ရည်ရွယ်ချက် ပါနေတော့ ဗုဒ္ဓဘာသာ ကျမ်းဂန်များကို ကိုးကားပြီး မပြောပါဘူး။ ဝတ္ထုသာဓက အနည်းငယ်လောက်ပဲ ထည့်သွင်း ပြောပါမယ်။ ပဓာနအားဖြင့်တော့ အကြောင်းအကျိုးနဲ့ ယုတ္တိသဘာဝ ညှိပြီး တမလွန်ဘဝ ရှိပုံကို သဘာဝကျကျ ခေတ်အမြင်နဲ့ လျော်အောင် ကြိုးစား ရှင်းပြပါမယ်။

**သမ္မာဒိဋ္ဌိငါးမျိုး** ဗုဒ္ဓဘာသာမှာ **ကမ္မသကတာ သမ္မာဒိဋ္ဌိ**၊ **ဈာန သမ္မာဒိဋ္ဌိ**၊ **ဝိပဿနာ သမ္မာဒိဋ္ဌိ**၊ **မဂ္ဂသမ္မာဒိဋ္ဌိ**၊ **ဖလသမ္မာဒိဋ္ဌိလို့ သမ္မာဒိဋ္ဌိ** ငါးမျိုးရှိတယ်။ သမ္မာဒိဋ္ဌိဆိုတာ သမ္မာ=အမှန်အတိုင်း၊ ဒိဋ္ဌိ=သိမြင်တာ၊ သမ္မာဒိဋ္ဌိ=အမှန်အတိုင်း သိမြင်တာ။ အမှန်အတိုင်း သိမြင်တယ်ဆိုတာ သူ့အရှိ သဘာဝကို အရှိအတိုင်း သိမြင်တာကို အမှန်အတိုင်း သိမြင်တယ်လို့ ခေါ်တယ်။

အလုပ်သာလျှင် မိမိရဲ့ ကိုယ်ပိုင်ဥစ္စာပဲလို့ အမှန်အတိုင်း သိမြင်တာဟာ **ကမ္မသကတာသမ္မာဒိဋ္ဌိ** ပဲ။ အများ သာသာပြန်နေကြတဲ့ အတိုင်း ဘာသာပြန်ရင်တော့ "ကံသာလျှင်မိမိရဲ့ ကိုယ်ပိုင်ဥစ္စာပဲလို့ အမှန်အတိုင်း သိမြင်ခြင်း"လို့ ပြန်ရလိမ့်မယ်။ ကံသာလျှင်ဆိုတော့ စကားလုံးအဓိပ္ပာယ် တယ်ပြီး မပေါ်လွင်ဘူး။ ကမ္မဆိုတာ အလုပ်ကိုပြောတာ၊ ဒီတော့ **ကမ္မသကတာသမ္မာဒိဋ္ဌိ** ဆိုတာ **အလုပ်သာလျှင် မိမိရဲ့ ကိုယ်ပိုင်ဥစ္စာပဲလို့ အမှန်အတိုင်း သိမြင်ခြင်းလို့** ပြောမှ အဓိပ္ပာယ် ပိုပြီး ပေါ်လွင်တယ်။ သိလွယ်တယ်။

**ဈာနသမ္မာဒိဋ္ဌိ** ဆိုတာ သမထကမ္မဋ္ဌာန်း အားထုတ်လို့ ရတဲ့ ဈာန်စိတ်နဲ့အတူ ဖြစ်ပေါ်တဲ့ အမှန်အတိုင်း သိမြင်တဲ့ ပညာကို ခေါ်တယ်။ **ဝိပဿနာသမ္မာဒိဋ္ဌိ** ဆိုတာကတော့ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်နဲ့ စိတ်ဆိုတဲ့ နာမ်တရားကို ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်ခိုက်

ဖြစ်ခိုက်မယ် သူဖြစ်တဲ့ အတိုင်းလေး ရှုးရှူးစိုက်စိုက် ရှုတဲ့အခါမှာ ရုပ်သဘော နာမ်သဘောလေးတွေကို အမှန်အတိုင်း သိလာတာကို ဝိပဿနာသမ္မာဒိဋ္ဌိလို့ ခေါ်တယ်။

**မဂ္ဂသမ္မာဒိဋ္ဌိ** ဆိုတာကတော့ သစ္စာလေးပါးကို အမှန်အတိုင်း ထိုးထွင်းသိမြင်တဲ့ မဂ်ဉာဏ်ကို မဂ္ဂသမ္မာဒိဋ္ဌိလို့ ခေါ်တယ်။

**ဖလသမ္မာဒိဋ္ဌိ** ဆိုတာကတော့ မဂ်ရပြီးလို့ မဂ်စိတ်ဖြစ်ပြီးတဲ့နောက် မဂ်ရဲ့ အကျိုးဖြစ်တဲ့ ဖိုလ်စိတ် ဖြစ်တဲ့အခိုက်မှာ ဖိုလ်စိတ်ထဲမှာ ပါဝင်တဲ့ အမှန်အတိုင်း သိမြင်တဲ့ ပညာကို ဖလသမ္မာဒိဋ္ဌိ ခေါ်တယ်။

အဲဒါကတော့ သမ္မာဒိဋ္ဌိအမျိုးအစား အကွဲကွဲအပြားပြား ရှိတာကို သိစေလိုလို့ ပြောတာဖြစ်ပါတယ်။ အဲဒီ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ ဆိုတာကတော့ သာမာန်ပုဂ္ဂိုလ်တွေအတွက် နားလည်ဖို့ မလွယ်ပါဘူး။ ဒါကြောင့် ဒါကို မပြောပါဘူး။ ပြောချင်တာက **ကမ္မဿကတာ သမ္မာဒိဋ္ဌိ** ကို ပြောချင်တာပါ။

**အနတ္တဝါဒ** ဗုဒ္ဓဝါဒဟာ ဝါဒရင်းအနေနဲ့ အနတ္တဝါဒ။ အနတ္တဝါဒဆိုတာ သတ္တဝါရဲ့ သန္တာန်မှာ Soul ခေါ်တဲ့ အသက်ဝိညာဉ် အတ္တ မရှိဘူးလို့ ယူဆတဲ့ဝါဒ။ အတ္တမရှိဘူးလို့ ယူဆတဲ့အတွက် **အနတ္တဝါဒ** လို့ ခေါ်ရတယ်။ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ မဟာမေဒင်ဘာသာ အစရှိတဲ့ တခြားဘာသာတရားတွေ ကတော့ သတ္တဝါရဲ့ သန္တာန်မှာ မပျက်စီးဘဲ အမြဲ တည်နေတဲ့ အသက်ဝိညာဉ် အတ္တ ရှိတယ်လို့ ယူဆကြတယ်။ အဲဒီဘာသာတွေ ကတော့ **အတ္တဝါဒ**တွေပေါ့။ သတ္တဝါတွေဟာ အတ္တပေါ်မှာ အခြေခံပြီး ပြောဆို ပြုလုပ် ကြံတွေးကြတယ်လို့ သူတို့ ယူဆကြတယ်။

ဗုဒ္ဓဘာသာက တည်မြဲနေတဲ့ အဲဒီ အသက်ဝိညာဉ် အတ္တဆိုတာ မရှိဘူးလို့ ယူဆတယ်။ တခြားဘာသာတွေက ရှိတယ်လို့ ယူဆတယ်။ ဒါကြောင့်

ဗုဒ္ဓဘာသာဟာ တခြားဘာသာတွေနဲ့ အခြေခံအားဖြင့် အင်မတန် ကွာခြားတယ်။ ပြောင်းပြန်သဘော ရှိတယ်လို့ ပြောရမယ်ထင်တယ်။

တခါတရံမှာ တချို့ ဟိန္ဒူဘာသာဝင်တွေက ဗုဒ္ဓဘာသာဟာ ဟိန္ဒူဗြဟ္မဏ ဘာသာရဲ့ ဂိုဏ်းခွဲတခုလို့ ယူဆတတ်ကြ ပြောတတ်ကြတယ်။ ဗုဒ္ဓရှင်တော်ဘုရားဟာ ဟိန္ဒူနတ်ဘုရားကြီး ဗိဿနိုးဝင်စားတဲ့ ကိုးယောက်မြောက် ဘုရားဝင်စား နဝမအဝတာရလို့ ပြောတတ်ကြတယ်။ အဲဒါ လုံးဝ မှားပါတယ်။ အဲဒီလို ပြောကြတာကတော့ ဗုဒ္ဓဝါဒနဲ့ ဟိန္ဒူဝါဒဟာ အတူတူပဲလို့ ထင်ယောင် ထင်မှားဖြစ်အောင် ပြောကြတာပါ။ အဲဒီလို လူတွေက သူတို့ကိုယ်သူတို့ ဟိန္ဒူဗုဒ္ဓဘာသာဝင်တွေပါလို့ ပြောတတ်ကြတယ်။ တချို့ကတော့ နားမလည်လို့ သူတပါးပြောတာ သံယောင်လိုက် ပြောကြတာလဲ ဖြစ်နိုင်ပါတယ်။

ဗုဒ္ဓဘာသာရဲ့ ပဓာနအယူအဆဖြစ်တဲ့ အနတ္တသဘောကို နားလည် သဘောပေါက်အောင် **ကမ္မသကတာသမ္မာဒိဋ္ဌိ**ကို အခြေခံပြီး စဉ်းစားရပါတယ်။ မိမိပြုလုပ်တဲ့ အလုပ်သည်သာလျှင် မိမိရဲ့ ကိုယ်ပိုင်ဥစ္စာပဲလို့ အမှန်အတိုင်း သိမြင်ယုံကြည်မှုပေါ် အခြေခံရပါတယ်။ အဲဒါကို **ကမ္မဝါဒ**လို့ ခေါ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဟာ ဝါဒရင်းအနေနဲ့ အနတ္တဝါဒ၊ သို့သော် အခြေခံအနေနဲ့ ကမ္မဝါဒကို လက်ခံတယ်။

**ကမ္မဝါဒ** ကမ္မဝါဒဆိုတာ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ ဝါဒပဲ။ အများပြောကြတဲ့ စကားလုံးနဲ့ ပြောရင်တော့ ကံ ကံရဲ့အကျိုး ရှိတယ်လို့ ယုံကြည်တာဟာ ကမ္မဝါဒပဲ။ **ကံ**ဆိုတာ ပါဠိဘာသာ **ကမ္မ**ကို မြန်မာမှု ပြုထားတာပဲ။ ကမ္မ၊ ကံ ဆိုတာ အလုပ်ပဲ။ အလုပ်တခုခုကို လုပ်ရင် အဲဒီအလုပ်ကြောင့် အကျိုး တခုခု ဖြစ်ပေါ်မှာ မုချပဲ။ အဲဒီ ဖြစ်ပေါ်တဲ့ အကျိုးကို **ကံရဲ့အကျိုး**လို့ ခေါ်ကြတယ်။

အဲဒါကြောင့် ကံ ကံရဲ့အကျိုး ဆိုတာရယ်၊ အလုပ်နဲ့ အလုပ်ကြောင့် ဖြစ်ပေါ်တဲ့ အကျိုးဆိုတာရယ်၊ ပြီးတော့ အကြောင်းကြောင့် ဖြစ်ပေါ်တဲ့ အကျိုးဆိုတာရယ်၊ ဒီစကားသုံးရပ်ဟာ အဓိပ္ပာယ် အတူတူပါပဲ။

**ဟိန္ဒူဘာသာလဲ ကံကိုယုံကြည်တယ်**

အကြောင်းကြောင့် အကျိုး ဖြစ်ပေါ်တယ်၊ အလုပ်ကြောင့် အလုပ်မှ အကျိုးခံစားရတယ် ဆိုတဲ့ ဒီကမ္မဝါဒကို ဟိန္ဒူဗြဟ္မဏဘာသာကလဲ ယုံကြည် လက်ခံတယ်။ ဗုဒ္ဓဘာသာကလဲ ယုံကြည် လက်ခံတယ်။

သို့သော်လဲ ဒီကမ္မဝါဒကို ဟိန္ဒူဘာသာဝင်တို့ လက်ခံပုံနှင့် ဗုဒ္ဓဘာသာဝင်တို့ လက်ခံပုံဟာ အလွန် ခြားနားပါတယ်။ လုံးဝ မတူပါဘူး။

ဟိန္ဒူဝါဒဟာ မပျက်မစီးဘဲ အမြဲတည်တဲ့ **အတ္တ**(Soul) ရှိတယ်လို့ ယူဆတဲ့ **အတ္တဝါဒ** ဖြစ်တဲ့အတွက် ကောင်းမှု၊ မကောင်းမှု ဘာကိုပဲလုပ်လုပ် အတ္တကပဲ လုပ်တယ်လို့ ယူဆတယ်။ အဲဒီအလုပ်ကြောင့် ရတဲ့အကျိုးကိုလဲ ဒီဘဝမှာပဲဖြစ်စေ၊ နောက်ဘဝမှာပဲဖြစ်စေ အဲဒီအတ္တကပဲ ခံစားတယ်လို့ ယူဆတယ်။

ဗုဒ္ဓဝါဒမှာတော့ ကုသိုလ်ကံ အကုသိုလ်ကံ ကောင်းမှု မကောင်းမှုကို ပြုလုပ်တဲ့ အတ္တ၊ အသက်၊ ဝိညာဉ်(Soul)ဆိုတာ မရှိဘူး။ ကုသိုလ်စေတနာကြောင့် ကောင်းတဲ့အလုပ်၊ ကောင်းတဲ့အပြော၊ ကောင်းတဲ့အကြံ အတွေးတွေ ဖြစ်တယ်၊ ကုသိုလ်ကံတွေပေါ့။ အကုသိုလ် စေတနာကြောင့် မကောင်းတဲ့အလုပ်၊ မကောင်းတဲ့အပြော၊ အကောင်းတဲ့ အကြံအတွေးတွေ ဖြစ်တယ်၊ အကုသိုလ်ကံတွေပေါ့။ အဲဒီအလုပ်တွေကြောင့် ဖြစ်ပေါ်တဲ့အကျိုး (ကံရဲ့အကျိုး)တွေကို ခံစားတဲ့ အတ္တဆိုတာလဲ မရှိဘူး။ **နောက်နောက် ရုပ်နာမ်အစဉ်မှာ အကျိုး ဖြစ်ပေါ်တာကိုပဲ ကံရဲ့အကျိုးကို ခံစားတယ်လို့ ခေါ်ဝေါ် သုံးနှုန်းကြတာသာ ဖြစ်တယ်။**

**စေတနာသည် ကံ** ကုသိုလ် စေတနာကြောင့် ဖြစ်တဲ့ ကောင်းတဲ့အလုပ်၊ အပြော၊ အကြံအတွေးတွေကို ကုသိုလ်ကံ၊ အကုသိုလ် စေတနာကြောင့် ဖြစ်တဲ့ မကောင်းတဲ့အလုပ်၊ အပြော၊ အကြံအတွေးတွေကို အကုသိုလ်ကံလို့ ခေါ်လိုက်တာပဲ။ အမှန်တော့ မြတ်စွာဘုရားက အဲဒီအလုပ်တွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းရင်း စေတနာကိုပဲ ကံလို့ မိန့်တော်မူပါတယ်။ အပြစ်ကင်းတဲ့ စေတနာကောင်းနဲ့ လုပ်ရင် ကုသိုလ်ကံ၊ အပြစ်မကင်းတဲ့ စေတနာဆိုးနဲ့ လုပ်ရင် အကုသိုလ်ကံပေါ့။

ဒီတော့ ဒီကံကိုပြုလုပ်တဲ့ လက်သည် အတ္တ အသက်ဝိညာဉ် Soul ဆိုတာ ရှိစရာ မလိုတော့ဘူး။ ဘာကြောင့်လဲဆိုတော့ အလုပ်တိုင်း ကံတိုင်းဟာ သူ့အကြောင်းနှင့်သူ ဖြစ်လာတာချည်းမို့ပဲ။ ပြီးတော့ ဒီအလုပ် ဒီကံကြောင့် ဖြစ်ပေါ်တဲ့ အကျိုးကို ခံစားတဲ့အတ္တ(Soul)လဲ မရှိဘူးလို့ ဗုဒ္ဓဝါဒ ယူဆတယ်။ ဒါဖြင့် ဘယ်သူက ခံစားသလဲဆိုရင် **အဲဒီအလုပ် အဲဒီကံကို လုပ်ခိုက်မှာ ဖြစ်နေတဲ့ ရုပ်အစဉ် နာမ်အစဉ်နဲ့ တစဉ်တည်း ဖြစ်ချည်ပျက်ချည်နဲ့ ဆက်လက်ဖြစ်နေတဲ့ နောက်နောက် ရုပ်နာမ်အစဉ် တခုခုမှာ အဲဒီအကျိုးက ဖြစ်ပေါ်တယ်**။ ဒါကိုပဲ လောကဝေါဟာရအားဖြင့် "ပြုလုပ်သူပဲ ခံစားရတယ်"လို့ ပြောဆို သုံးနှုန်းကြရတယ်။

**ခြားနားချက်** ဒါကြောင့် ဒီမှာ ရှင်းအောင် ထပ်ပြောချင်တာက ဗုဒ္ဓဝါဒနှင့် ဟိန္ဒူဝါဒ နှစ်ခုလုံးဟာ ကံနှင့် ကံရဲ့အကျိုး အယူအဆကို လက်ခံကြပေတဲ့ လက်ခံပုံချင်း မတူဘူး။ အလွန် ကွာခြားတယ်။ ဟိန္ဒူဝါဒက ကံကို အတ္တက ပြုလုပ်တယ်၊ ကံရဲ့အကျိုးကိုလဲ အဲဒီ အတ္တကပဲ ခံစားတယ်လို့ ယူဆတယ်။ ပါဠိလိုတော့ **ကာရကအတ္တ**၊ **ဝေဒကအတ္တ**လို့ သုံးနှုန်းပါတယ်။ ဗုဒ္ဓဝါဒကတော့ စေတနာ နာမ်တရားကြောင့် အလုပ်၊ အပြော၊ အကြံအတွေး ကံတွေ ဖြစ်တယ်။ ဒီကံတွေကို ပြုလုပ်တဲ့ အတ္တဆိုတာ မရှိဘူး။ ကံရဲ့ အကျိုးဟာလဲ ဒီကံကို ပြုစဉ်က ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်နှင့် တစဉ်တည်းဖြစ်တဲ့ နောက်နောက်

ရုပ်နာမ် အစဉ်မှာ ဖြစ်ပေါ်တယ်၊ ခံစားသူ အတ္တရယ်လို့ သီးခြားမရှိဘူး။ ဒီလို ကွာခြားပါတယ်။

ဟိန္ဒူဘာသာရဲ့ ကမ္မဝါဒက သတ္တဝါရဲ့ သန္တာန်မှာ မပျက်မစီးဘဲ အမြဲရှိနေတယ်လို့ ဟိန္ဒူတို့ ယူဆကြတဲ့ အသက် ဝိညာဉ် အတ္တပေါ်မှာ အခြေခံတယ်။ ဗုဒ္ဓဘာသာရဲ့ ကမ္မဝါဒကတော့ အကြောင်းအကျိုး သဘာဝအားလျော်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစဉ်ပေါ်မှာ အခြေခံတယ်။ ဒီလိုလဲ ပြောနိုင်ပါတယ်။

ဒီခြားနားချက်ကို မသိရင် ဟိန္ဒူဘာသာဝင်တွေက "ဗုဒ္ဓဝါဒမှာလဲ ကံ ကံရဲ့အကျိုး ရှိတယ်၊ ဟိန္ဒူဝါဒမှာလဲ ကံ ကံရဲ့အကျိုး ရှိတယ်၊ အတူတူပါပဲ"လို့ ပြောလာတဲ့ အခါမှာ ကိုယ်က နားမလည်တော့ ဟုတ်သလိုလိုနဲ့ အသာ ငြိမ်နေရတတ်တယ်။ အဲဒီလို ငြိမ်မနေရဘဲ ပြန်ပြီး ရှင်းပြနိုင်အောင် ဒီခြားနားချက်ကိုတော့ နားလည်အောင် လေ့လာထားရမယ်။

အဲဒီလို နားမလည်လို့ ငြိမ်ပြီး လက်ခံလိုက်ရရင် အခုလိုပြောတတ်တဲ့ ဟိန္ဒူဘာသာဝင်တွေက သူတို့ကိုယ်သူတို့ ဟိန္ဒူဗုဒ္ဓဘာသာတွေပါလို့ ပြောကြသလို ကိုယ်လဲ ဗုဒ္ဓဘာသာဟိန္ဒူ ဖြစ်သွားတတ်တယ်။

**မေးကြတာတွေ** ဒီတော့ အဲဒီ ကံနှင့် ကံရဲ့အကျိုးဆိုတာ တကယ်ရှိသလား၊ မရှိဘူးလား။ ကောင်းတဲ့ကံ လုပ်ရင် ကောင်းတဲ့အကျိုး ခံစားရတယ်။ မကောင်းတဲ့ကံ လုပ်ရင် မကောင်းတဲ့အကျိုး ခံစားရတယ်ဆိုတာ ဟုတ်သလား၊ မဟုတ်ဘူးလား။ ဒီဘဝမှာ ပြုတဲ့ကံကြောင့် ဟိုဘက်ဘဝမှာ အကျိုးပေးတယ်ဆိုတာ ဟုတ်သလား။ ဟိုဘက်ဘဝ နောက်ဘဝဆိုတာကော ရှိသလား။ အရင်ဘဝ ဆိုတာကော ရှိသလား။ ဒီမေးခွန်းပြဿနာတွေ အဲဒီကမ္မဝါဒကနေ ဖြာထွက်လာတယ်။

ဗုဒ္ဓဝါဒအရ ဒီဘဝမှာ ကောင်းတဲ့ဘဝ၊ မကောင်းတဲ့ဘဝ ရတာဟာ အရင် အတိတ်ဘဝက ပြုခဲ့တဲ့ကောင်းမှု မကောင်းမှု ကံကြောင့်လို့ ယူဆတယ်။ ဒီတော့ အတိတ်ဘဝဆိုတာ ရှိသလား။ ရှိနိုင်သလား။ တခါ ဒီဘဝမှာ ပြုတဲ့ကောင်းမှု မကောင်းမှုဆိုတဲ့ ကံကြောင့် ဒီဘဝမှာပဲ သူ့အကျိုး ဖြစ်ပေါ်ရင်ပေါ်၊ မပေါ်ရင် နောက်တဘဝမှာ အကျိုး ဖြစ်ပေါ်လိမ့်မယ်လို့ဆိုတယ်။ ဒါဖြင့် နောက်ဘဝ ဆိုတာကော ရှိသလား။

များသောအားဖြင့် လူတွေသိချင်တာ ဒါပဲ။ တမလွန်ဘဝဆိုတာ ရှိတယ်၊ မရှိဘူး၊ ဒါပဲ ငြင်းနေကြတာ ပြဿနာ ဖြစ်နေကြတာပဲ။

အဲဒီတော့ ဗုဒ္ဓဝါဒမှာလဲ ဗုဒ္ဓရဲ့ ပဓာနကျတဲ့ ပင်မဝါဒက အနတ္တဝါဒ၊ အတ္တ အသက်ဝိညာဉ် Soul ဆိုတာ မရှိဘူးဆိုတဲ့ အယူအဆပဲ။ သို့သော် အဲဒီက အတ္တ အသက် ဝိညာဉ် Soulဆိုတာ မရှိဘူးဆိုတဲ့ အမြင်ကို တိတိကျကျ မြင်အောင် ဒီကမ္မဝါဒကနေပြီး တဖြေးဖြေး သွားရတယ်။ ဒါကြောင့် ဒီ ကမ္မဝါဒကို အခြေခံ ဗုဒ္ဓဝါဒအနေနဲ့ လက်ခံရတယ်။

ကဲ... ဒီတော့ **ကံ**ဆိုတာဘာလဲ။ အလုပ်။ အလုပ်ဆိုတာ သုံးမျိုးရှိတယ်။ စိတ်နဲ့လုပ်တာကို **မနောကံ** ခေါ်တယ်။ နှုတ်နဲ့ပြောတာကို **ဝစီကံ** ခေါ်တယ်။ ကိုယ်နဲ့ ပြုလုပ်တာကို **ကာယကံ** ခေါ်တယ်။ အဲဒီသုံးမျိုးကိုပဲ ကံလို့ ခေါ်လိုက်တယ်။

ဒါပေမယ့် မြတ်စွာဘုရားက ဟောတယ်။ **စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**...။ ရဟန်းတို့... စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ တက်ကြွ လှုံ့ဆော်တဲ့ သဘောကလေးကို **ကံ**လို့ ခေါ်တယ်တဲ့။

**စိတ်ကအရင်းခံ** စိတ်ရယ်၊ နှုတ်ရယ်၊ ကိုယ်ရယ် သုံးမျိုးရှိတာမှာ ဘယ်သူက အရင်းခံကျမလဲ၊ အဲဒါ စဉ်းစားကြည့်ရမယ်။ ဘယ်သူက အခြေခံကျမလဲ။

ကိုယ်အပြုအမူကြောင့် စိတ်ဖြစ်ရသလား၊ နှုတ်အပြောအဆိုကြောင့် စိတ်ဖြစ်ရသလား၊ ဒါမှမဟုတ် စိတ်အကြံအတွေးကြောင့် ကိုယ်အပြုအမူ ဖြစ်ရသလား။ စိတ်အကြံအတွေးကြောင့် နှုတ်အပြော ဖြစ်ရသလား။ အဲဒီလို စဉ်းစားကြည့်...။ စဉ်းစားကြည့်တဲ့အခါကျတော့ စိတ်ဟာ အခြေခံ ပဓာန ပင်မအကြောင်းရင်းဆိုတာ လာတွေ့တယ်။

စိတ်က ရယ်ချင်ရင် ရယ်လိုက်တယ်။ စိတ်က သွားချင်ရင် သွားလိုက်တယ်။ စိတ်က ထိုင်ချင်ရင် ထိုင်လိုက်တယ်။ စိတ်က ရပ်ချင်ရင် ရပ်လိုက်တယ်။ စိတ်က ဆဲချင်ရင် ဆဲလိုက်တယ်။ စိတ်က မဆဲချင်ဘဲနဲ့တော့ ဘယ်တော့မှ မဆဲဘူး။ ထချင်တဲ့စိတ် မဖြစ်ဘဲနဲ့တော့ ဘယ်တော့မှ မထဘူး။ ရိုက်ချင်တဲ့စိတ် မဖြစ်ဘဲနဲ့တော့ ဘယ်တော့မှ မရိုက်ဘူး။ ရှိခိုးချင်တဲ့စိတ် မရှိဘဲနဲ့တော့ ဘယ်တော့မှ ရှိမခိုးဘူး။ ဒီတော့ အဲဒီသုံးမျိုးထဲက အခြေခံ အကျဆုံးကို ရှာလိုက်တော့ စိတ်ဟာ အကြောင်းရင်း အခြေခံအကျဆုံးပဲ။

**စေတနာက လှုံ့ဆော်ပေးမှ**

အဲဒီ စိတ်ထဲမှာပဲ ဘုရားရှင် မိန့်တော်မူတဲ့ စေတနာခေါ်တဲ့ တက်ကြွလှုံ့ဆော် နှိုးဆော်တဲ့ သဘောကလေး ပါဝင်တယ်။ အဲဒီတက်ကြွလှုံ့ဆော် နှိုးဆော်တဲ့သဘောခေါ်တဲ့ စေတနာကလေးက သူကိုယ်တိုင်ကလဲ တက်တက်ကြွကြွ ဖြစ်နေမှ သူနဲ့ ဖြစ်ဖော်ဖြစ်ဖက် စေတသိက်တွေကိုလဲပဲ သူက နှိုးဆော်ပေးမှ၊ လှုံ့ဆော်ပေးမှ၊ တိုက်တွန်းပေးမှ၊ ဆွပေးမှ ဒါမှ သူနဲ့ ဖြစ်ဖော်ဖြစ်ဖက် စိတ်သဘောတရားတွေလဲ တက်ကြွလာတယ်။ အဲဒီလို တက်ကြွလာတဲ့ အခါကျမှ နှုတ်က ပြောမိတယ်။ ကိုယ်က ပြုလုပ်မိတယ်။

ဥပမာ– လူတယောက်က ကိုယ့်လာပြီး ဆဲတယ် ဆိုကြစို့။ သည်းခံလေ့ရှိတဲ့ ပုဂ္ဂိုလ် သည်းခံတတ်တဲ့ ပုဂ္ဂိုလ်ကတော့ လာဆဲရင် ဪ... ငါ့ဆဲတယ်ကိုးလို့ ဒါလောက်ပဲ သူ့စိတ်ထဲမှာ ဖြစ်မယ်။ အဲဒီလူကို ပြန်ဆဲချင်လောက်အောင် စိတ်ထဲမှာ တက်ကြွမှု သူ့မှာ မဖြစ်ပေါ်ဘူး။ တက်ကြွမှု မဖြစ်ပေါ်တဲ့အတွက် ပြန်ဆဲတဲ့ နှုတ်ပြောခေါ်တဲ့ ဝစီကံ ဖြစ်ပေါ်မလာဘူး။

အဲ သည်းခံလေ့မရှိတဲ့ ပုဂ္ဂိုလ်ကတော့ လာဆဲလိုက်တယ်ဆိုကတည်းက သူ့စိတ်က ကြွခနဲ ဖြစ်သွားတယ်။ အဲဒီ ကြွခနဲ ဖြစ်လိုက်တဲ့ သဘောဟာ စေတနာရဲ့ သဘောကလေးပဲ။ စေတနာရဲ့ သဘောကလေးက ကြွခနဲ ဖြစ်လိုက်တဲ့အခါကျတော့ မနှစ်မြို့စရာ အသံအာရုံဆိုတဲ့ ဆဲဆိုမှုကို ကြားတာနဲ့ အဲဒီ အကြောင်းကြောင့် ဖြစ်ပေါ်ရမယ့် ဒေါသဆိုတဲ့ စေတသိက် တခုက ဝင်လာရတယ်။ အဲဒီ ဒေါသစေတသိက်ဟာ သာမန်ဖြစ်ရုံမျှ ဖြစ်ရင် ချက်ချင်း သူ့ဟာသူ ပြန်ပြီး ငြိမ်သွားမယ်။ ဒါပေတဲ့ အဲလိုမဟုတ်ဘဲနဲ့ အခုနက ကြွခနဲဖြစ်တဲ့ တက်ကြွတဲ့ စေတနာ သဘောကလေးက အဲဒီဒေါသကို သွေးထိုးပေးလိုက်မယ် လှုံ့ဆော်ပေးလိုက်မယ် ဆိုရင် "တယ်... ဒီကောင် ငါ့ဆဲတာပဲ၊ သက်သက် စော်ကားတာ၊ ငါက ဒီလို စော်ကားမှုမျိုး မခံဘူး" အစရှိသည်ဖြင့် စဉ်းစားစိတ်တွေ ဝင်လာတယ်။ အဲဒီ စဉ်းစားစိတ်တွေဟာလဲ ခုန စေတနာ တက်ကြွမှု သဘောကလေးရဲ့ လှုံ့ဆော်ပေးမှုကြောင့် ဖြစ်လာတယ်။ အဲဒါကြောင့်ပဲ ဒီဒေါသကလဲ ခုနက တက်ကြွတဲ့ စိတ်သဘောရဲ့ လှုံ့ဆော်မှုကြောင့် သွေးထိုးမှုကြောင့် ပိုကြွလာတယ်။ ဒါနဲ့ ဒေါသက တဖြည်းဖြည်း ပြင်းထန်လာတယ်။ ဒီတော့ ပြန်ဆဲတယ်။ သို့မဟုတ် လက်သီးနဲ့ ထိုးလိုက်တယ်။ ဟော... ပြန်ဆဲတော့ **ဝစီကံ** ဖြစ်သွားတယ်။ လက်သီးနဲ့ထိုးတော့ **ကာယကံ** ဖြစ်သွားတယ်။

ဒီတော့ အဲဒီ ကာယကံ ဝစီကံဆိုတဲ့ ကိုယ်မှုနှုတ်မှု အလုပ်နှစ်မျိုးရဲ့ အကြောင်းဟာ ဘယ်သူလဲဆိုတော့ စိတ်ပဲ။ အဲဒီ စိတ်ထဲမှာလဲပဲ ပဓာနအားဖြင့် ဒီအလုပ် လုပ်ဖြစ်အောင် စေ့ဆော်ပေးတဲ့ လက်သည်က ဘယ်သူလဲဆိုရင် စေတနာပဲ။ အဲဒီ စေတနာကလေးသာ တက်ကြွတိုက်တွန်း နှိုးဆော်ပေးမှုကလေး သာ မပါရင် ပါးစပ်နဲ့ မဆဲဖြစ်ဘူး။ လက်သီးနဲ့ မထိုးဖြစ်ဘူး။ ဒါကြောင့် ဝစီကံရော ကာယကံရော နှစ်ခုလုံး မဖြစ်ဘူး။ ဒါကြောင့် ဝစီကံခေါ်တဲ့ နှုတ်မှု၊ ကာယကံဆိုတဲ့ ကိုယ်မှု ဒီနှစ်ခုဖြစ်ဖို့ရာ အကြောင်းဟာ ခုနစေတနာ မနေ့ဘကံပဲ။

ဒီတော့ ဝစီကံဖြစ်ပြီဆိုကတည်းက သူ့အကြောင်းရင်း စေတနာ ပါနေပြီဆိုတာ သိရမယ်။ ကာယကံဖြစ်ပြီဆိုကတည်းက သူ့အကြောင်းရင်း စေတနာ ပါနေပြီဆိုတာ သိရမယ်။ ဒါကြောင့် ကာယကံပဲဖြစ်စေ၊ ဝစီကံပဲဖြစ်စေ၊ ဒါမှမဟုတ် မနောကံပဲဖြစ်စေ ကံတခုခုပြုရင် အကြောင်းရင်းက စေတနာသာ ဖြစ်တဲ့အတွက် ဘုရားရှင်က "စေတနာကို ကံလို့ ငါဆိုတယ်။ နာမည်တပ်တယ်"လို့ မိန့်တော်မူတယ်။

ဒီတော့ ဘုရားရှင်က ကံလို့ အမည်တပ်လိုက်တဲ့ စေတနာနဲ့တကွ ပြုလုပ်မှုဟာ အကြောင်းတရားပဲ။ အကြောင်းတရားဖြစ်ရင် အဲဒီ ကံအကြောင်းတရားကြောင့် အကျိုး တခုခု ဖြစ်ပေါ်ရမယ်။ မပေါ်ဘဲ မနေရဘူး။ ဘုရားရှင်က အပေါ်ခိုင်းလို့ ပေါ်ရတာမဟုတ်ဘူး။ သူ့သဘာဝအရ၊ သဘာဝနိယာမအရ ပေါ်ရတာပဲ။ ဒီတော့ ဘုရားရှင်က "စေတနာကို ကံလို့ ငါဆိုတယ်"လို့ မိန့်တော်မူတဲ့အတွက် စေတနာရဲ့ တက်ကြွမှု၊ လှုံ့ဆော်မှု မပါတဲ့ ကိစ္စတွေကို ဘုရားရှင်က ကံလို့ မဆိုဘူး။

**ကံမမြောက်တဲ့အလုပ်** ဥပမာဆိုကြပါစို့၊ လက်မြှောက်လိုက်တယ်။ ထမင်း ယူတယ်။ ထမင်းကို ပါးစပ်ထဲ ခွံ့တယ်၊ စားတယ်။ အဲဒါတွေဟာ အလုပ်တော့ အလုပ်တွေပဲ။ ကံတွေပဲ၊ ကိုယ်နဲ့ လုပ်တဲ့အလုပ် ကာယကံပဲ။ ဒါပေတဲ့ သူ့ကိုတော့ နောင်တချိန်ချိန်မှာ ကောင်းကျိုး မကောင်းကျိုး ပေးမယ့် ကံလို့ ဘုရားရှင် မဟောဘူး။ ဘာကြောင့်လဲ။

အဲဒီ လက်မြှောက်လိုက်တယ်။ ထမင်းဆီ လက်လှမ်းတယ်။ ထမင်းယူတယ်။ ပါးစပ်ထဲခွံ့တယ်။ ဝါးတယ်။ မျိုတယ်ဆိုတဲ့ အလုပ်တွေကို လုပ်နိုင်ရုံမျှ အဲဒီလှုပ်ရှားမှုကလေး ဖြစ်နိုင်ရုံမျှသာ အားသေးတဲ့ စေတနာ သဘောကလေး ပါတယ်။ စိတ်ထဲမှာ ပြင်းပြင်းထန်ထန် လှုပ်ရှား တက်ကြွလာအောင် စေ့ဆော်ပေးတဲ့သဘော မပါဘူး။ ပြီးတော့ အကောင်းအဆိုး ရည်ရွယ်ချက်လဲ မပါဘူး။ အားကောင်းတဲ့ စေတနာ မရှိဘူး။ အကျိုးပေးမည့်ကံလို့

ခေါ်နိုင်လောက်အောင် ကြီးမားတဲ့ လက်သည်စေတနာ မရှိဘူး။ ဒါကြောင့် အဲဒီထမင်းစားတာ ကာယကံပင်ဖြစ်သော်လဲ အဲဒီကံကြောင့် နောင်တချိန်ချိန်မှာ အကျိုးတခုခု ရမယ်လို့ ဘုရားရှင် ဟောတော်မမူဘူး။

ဒီတော့ ကံဆိုတာ ဘာလဲဆိုတာ နားလည်ပြီ။ နားလည်တော့ ကံကြောင့် အကျိုးတရား ဖြစ်ပေါ်တယ်ဆိုတာ ဟုတ်ပါ့မလား။ ဒါကတော့ အင်မတန် လွယ်တဲ့ ကိစ္စပါ။

လောကမှာ စိတ်နဲ့ဆိုင်ရာ သဘောတရားတွေပဲဖြစ်ဖြစ်၊ ရုပ်နဲ့ဆိုင်ရာ သဘောတရားတွေပဲဖြစ်ဖြစ် အကြောင်းကြောင့် အကျိုး ဖြစ်နေတာချည်းပဲ။ အကြောင်းအကျိုး ဆက်ပြီးတော့ ဖြစ်ပျက်နေတာပဲ။ အကြောင်းအကျိုးမှ ကင်းပြီးတော့ ဖြစ်ပျက်တာ တခုမှ မရှိဘူး။ အကြောင်းအကျိုးကင်းပြီးတော့ ဖြစ်ပျက်တာ ဘာပဲရှိသလဲဆိုတော့ ဗုဒ္ဓဘာသာ အယူအဆအရ နိဗ္ဗာန်ပဲရှိတယ်။

**နိဗ္ဗာန်ဟာ အကြောင်းကင်းတယ်။**
**အကြောင်းကြောင့်ဖြစ်တာ မဟုတ်ဘူး။**
**သူ့မူလကတည်းက ရှိနေတဲ့ သဘာဝပဲ။**

ဒါကြောင့်မို့ အကြောင်းအကျိုးမှ ကင်းနေတယ်။ လွတ်နေတယ်။ အဲဒီ နိဗ္ဗာန်မှတပါး ကျန်တာတွေကတော့ အကြောင်းကြောင့် အကျိုးဖြစ်၊ အဲဒီအကျိုးကပဲ အကြောင်းဖြစ်ပြီး နောက်တခါ တခြားအကျိုး တခုကို ဖြစ်စေပြန်တယ်။

**သဘာဝနိယာမ** ဒီလိုနဲ့ပဲ လောကမှာဖြစ်သမျှ စိတ်နဲ့ဆိုင်ရာ သဘောတရားတွေ၊ ရုပ်နဲ့ဆိုင်ရာ သဘောတရားတွေ မှန်သမျှဟာ အကြောင်းအကျိုး တခုနဲ့တခု ဆက်စပ်ပြီးတော့ ဖြစ်ပျက်နေကြတာချည်းပဲ။ အကြောင်းအကျိုးမှကင်းပြီး ဘာမှ မဖြစ်ဘူး။ ဒါ ဘယ်သူမှ လက်မခံဘဲ မနေနိုင်တဲ့ သဘာဝနိယာမ THE LAW OF CAUSAL RELATION ပဲ။

အကြောင်းအကျိုး ဆက်သွယ်မှု နိယာမပေါ့။ အခု လပေါ်သွားနေတယ်ဆိုတဲ့ လူတွေ၊ သောကြာဂြိုဟ်ကို အာကာသယာဉ် လွှတ်နေတယ်ဆိုတဲ့ လူတွေ၊ ဒါတွေလဲပဲ အကြောင်းအကျိုး အခြေခံပြီးတော့ စွမ်းရည်သတ္တိတွေ ရပြီး တိုးတက်အောင် လုပ်နေကြရတာပဲ။

**ဥပမာ** ဒီတော့ ခုနကလိုပဲ အကြောင်းကြောင့် ဖြစ်လာတဲ့ အကျိုး တခုဟာ အကျိုးအနေနဲ့ ဖြစ်ပေါ်ပြီးတဲ့နောက် သူဟာ အကြောင်း ဖြစ်သွားတယ်။ အဲ… အခုနလာပြီး ဆဲတဲ့လူ။ အဲဒီမှာ အကြောင်းအကျိုး ဆက်စပ်ကြည့်ပါ။ မိမိဘာသာ နေတာကို လာဆဲတယ်။ ဆဲသံကြားလိုက်တယ်။ ဆဲခြင်းဟာ အကြောင်း၊ အသံကြားလိုက်ခြင်းဟာ အကျိုး၊ အသံကြားလိုက်ခြင်းဟာ အကြောင်း၊ အဲဒီအသံ ကြားလိုက်ခြင်းကြောင့် စိတ်ထဲမှာ ထောင်းခနဲ စေတနာနဲ့တကွ ဒေါသဖြစ်လိုက်ခြင်းဟာ အကျိုး၊ အဲဒီ စေတနာနဲ့တကွ ဒေါသဖြစ်လိုက်ခြင်းဟာ အကြောင်း၊ ပြန်ဆဲလိုက်ခြင်းဟာ အကျိုး၊ အဲဒီလောက်တင်မနေဘဲနဲ့ လက်သီးနဲ့ ထိုးလိုက်ခြင်းဟာ အကျိုး။ ကဲ… ဒီနေရာတင်ပဲ အကျိုးအဖြစ် ဒီဆဲမှုနဲ့ လက်သီးထိုးမှုဟာ ရပ်ရတော့မလား၊ မရပ်ဘူး။ ကိုယ်ကဆဲတယ်၊ လက်သီးနဲ့ ထိုးတယ်ဆိုရင် ဟိုကလဲပဲ တုတ်နဲ့ရိုက်လိမ့်မယ်။ အဲဒီတော့ ဒီကဆဲခြင်း၊ လက်သီးနဲ့ထိုးခြင်းဟာ အကြောင်း၊ ဟိုက တုတ်နဲ့ ပြန်ရိုက်ခြင်းဟာ အကျိုး၊ အဲဒီလို အကြောင်းအကျိုး ဆက်ပြီးတော့ ဖြစ်ပေါ်လာတယ်။

ဖြစ်ပေါ်တော့ ကိုယ်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ တက်ကြွတဲ့ စေတနာ နှင့်တကွ ပြုလုပ်တဲ့ ကံဆိုတဲ့အလုပ်ဟာ စေတနာကြောင့် ဖြစ်ပေါ်လာတယ်။ ဒီအလုပ်ဟာ သူဖြစ်ပေါ်လာတာနဲ့ တပြိုင်နက် အကြောင်းဖြစ်သွားတယ်။ အကြောင်း ဖြစ်သွားပြီဆိုတော့ သူဟာ တချိန်ချိန်မှာ အကျိုးကို ဖြစ်ပေါ်စေ လိမ့်မယ်။ အဲအီလို အကြောင်းကြောင့် အကျိုးကို ဖြစ်ပေါ်စေတာမှာ တချို့က အကြောင်းနှင့် အကျိုး တပြိုင်တည်းဖြစ်တယ်။ တချို့က အကြောင်းရဲ့

နောက်ကပ်ကပ်က အကျိုးဖြစ်ပေါ်တယ်။ တချို့က အချိန်ခြားပြီးမှ အကျိုးဖြစ်ပေါ်တယ်။

**အချိန်ခြားပြီးမှ အကျိုးဖြစ်** ဆိုကြပါစို့၊ အစိုးရတွေမှာ စီမံကိန်းတွေ ဆွဲကြတယ်။ ၅ နှစ်စီမံကိန်း၊ ၁၀ နှစ်စီမံကိန်း၊ နှစ်တိုစီမံကိန်း ဆိုပြီး စီမံကိန်းတွေ ဆွဲကြတယ်။ အဲဒါတွေဟာ အကြောင်းအကျိုး သဘာဝတွေပေါ့။ ၅ နှစ်စီမံကိန်းဆိုရင် နောက် ၅ နှစ်မှာ အကျိုးအမြတ်ပေါ်ရမယ့် စက်မှုလုပ်ငန်းကို ခုကတည်းက ငွေအရင်းအနှီး မြှုပ်နှံပြီးတော့ လုပ်ရတယ်။ အဲဒီ စက်ရုံ ဆောက်ဖို့ရာ တွက်ရချက်ရတယ်။ စက်ရုံဆောက်တာ ဘယ်လောက်ကုန်မလဲ၊ စက်ရုံအလုပ်သမား ခန့်လို့ရှိရင် ဘယ်လောက်ကုန်မလဲ၊ အရာရှိ ဘယ်လောက် ခန့်ရမလဲ၊ ကုန်ကြမ်းက ဘယ်ကရမလဲ၊ ဘယ်လိုမြေတွေ သုံးပြီးတော့ စိုက်ရပျိုးရမလဲ၊ ပြီးလို့ရှိရင် အဲဒီ ကုန်ကြမ်းတွေကို သိမ်းဖို့ သယ်ယူပို့ဆောင်ဖို့ ဘယ်လောက် ကုန်ကျမလဲ စသည်ဖြင့် အကုန်လုံး တွက်ရတယ်။

အဲဒီလို တွက်ချက်ပြီးတော့မှ ၃ နှစ်ရှိရင် ဒီစက်ရုံဆောက်လို့ ပြီးမယ်၊ ပြီးလို့ စက်ရုံလည်ပတ်ပြီး ၂ နှစ်လောက် ကုန်ထုတ်လိုက်ရင် အရင်းကြေမယ်၊ နောက် ၆ နှစ်မြောက်ကစပြီး အမြတ်ပေါ်မယ်ဆိုတာ သေချာတော့မှ စက်ရုံပုံစံဆွဲ၊ စက်ရုံဆောက်၊ အဲဒီဆောက်တာ တော်တော်နဲ့ မပြီးသေးဘူး။ အဲ... ၃ နှစ်ပြည့်ခါနီးတဲ့အခါတော့ ဒီစက်ရုံ ပြီးပြီ ဆိုကြပါစို့။ ပြီးရင် အလုပ်သမားတွေခန့်၊ အရာရှိတွေခန့်၊ ကုန်ကြမ်းတွေ၀ယ်၊ အဲလိုနဲ့ စက်ရုံလည်ပြီး အလုပ်လုပ်တဲ့အခါကျတော့မှပဲ အဲဒီစက်ရုံက ကုန်ချောထွက်တော့တယ်။

အဲဒီ ကုန်ချောထွက်တဲ့ အချိန်မှာ ဒီစက်ရုံအတွက် ကုန်ကျစရိတ်တွေ ကာမိပြီလားဆိုရင် မကာမိသေးဘူး။ မကာမိသေးတော့ ဒါ အကျိုးရတယ်လို့ မခေါ်သေးဘူး။ နောက်တနှစ်၊ နှစ်နှစ် ဒီစက်ရုံ လည်ပတ်ပြီး အလုပ်လုပ်တဲ့အခါကျတော့ စက်ရုံအတွက် ကုန်ကျစရိတ်တွေ ကြေကုန်ပြီ။ အမြတ်ပေါ်လာပြီ။

ဒီတော့ ဘာပြောချင်သလဲဆိုတော့ ငါးနှစ်စီမံကိန်းအရ စက်ရုံက သုံးနှစ်မှာ ပြီးတယ်။ နောက်သုံးလေးနှစ်ကြာမှ အကျိုးအမြတ်ပေါ်တယ်။ အဲဒီလို အကျိုးအမြတ် ရဖို့ရာအတွက် ငါးနှစ်လောက် ကြိုတင်ပြီးတော့ အရင်းအနှီး မြှုပ်ထားရတယ်။ အဲဒီ အရင်းအနှီး မြှုပ်ထားတာက အကြောင်း၊ ငါးနှစ်ပြည့်ပြီးမှ အမြတ်အစွန်းပေါ်တာက အကျိုး၊ ဒီတော့ အကြောင်းနဲ့အကျိုးဟာ အချိန် အတော်ကြီး ခြားနေတယ်။

အဲဒီလိုပဲ အကြောင်းဖြစ်ပြီးတော့ အချိန်အတော်ကြာကြီး ခြားပြီးမှ အကျိုးပေါ်တာလဲရှိတယ်။ ဒါလဲပဲ သဘာဝနိယာမပဲ၊ ဘယ်သူမှ ဖန်တီးလို့ ရတဲ့ကိစ္စ မဟုတ်ဘူး။ ဒီတော့ ကိုင်း ဆိုကြစို့... အခုန လာဆဲတဲ့ ပုဂ္ဂိုလ်ကို လက်သီးနဲ့ထိုးရုံ မဟုတ်ဘဲနဲ့ လက်ထဲမှာ တုတ်ရှိတာနဲ့ တခါတည်း ရိုက်ချလိုက်တယ်။ ဒီလူ လဲသွားပြီ၊ သေတော့မသေဘူး။ ဒီတော့ ရိုက်လိုက်တဲ့ ကိုယ်အမှုဟာ ဒီနေရာမှာ အကျိုးပေးတာ ပြီးသွားပြီလား၊ နောက်ထပ် အကျိုး မပေးတော့ဘူးလား၊ အကြောင်းအဖြစ်နဲ့ပဲ ရပ်သွားသလားဆိုတော့ မဟုတ်ဘူး။ အဲဒီလူ ပြန်ပြီး သတိရတဲ့အခါမှာ ရဲဌာနသွားတိုင်တယ်။ ရဲဌာနက ရိုက်တဲ့လူကို လာပြီးဖမ်းတယ်။ ဒီတော့ ရိုက်လိုက်တဲ့ အချိန်ကနေပြီးတော့ ရဲဌာနက လာဖမ်းတဲ့ အချိန်အထိဟာ တနာရီလဲ ကြာချင်ကြာမယ်၊ နှစ်နာရီလဲ ကြာချင်ကြာမယ်၊ ဒါမှမဟုတ် သုံးလေးနာရီလဲ ကြာချင်ကြာမယ်။ ရိုက်မှုဆိုတဲ့ ကံအကြောင်းက အဖမ်းခံရဖို့ဆိုတဲ့ အကျိုးကို ဖြစ်ပေါ်စေတာဟာ အကြောင်းရဲ့ နောက်ကပ်ကပ်က ဖြစ်ပေါ်စေတာ မဟုတ်ဘူး။ အချိန်အများကြီး ခြားပြီးမှ နှစ်နာရီ သုံးနာရီ လေးနာရီ ခြားပြီးမှ သူ့ရဲ့အကျိုးကို ဖြစ်ပေါ်စေတာ။

ဒါကြောင့် အကြောင်းအားကြီးရင် အကျိုးမဖြစ်ပေါ်ဘဲ နေကိုမနေဘူး။ အကျိုး ဖြစ်ကို ဖြစ်ရတယ်။ အကျိုး ဖြစ်ပေါ်ရာမှာလဲပဲ တချို့အကျိုးဟာ အကြောင်းဖြစ်ပြီးတော့ အတော်ကြီးကြာမှ အကျိုးပေါ်တယ်။ တချို့အကျိုးဟာ အကြောင်းဖြစ်ပြီး ချက်ချင်း အကျိုးပေါ်တယ်။ သို့သော် အဲဒီအကျိုးနဲ့တင် ဒီအကြောင်းရဲ့ စွမ်းအားအရှိန်ဟာ မကုန်သေးလို့ အကြောင်းဖြစ်ပေါ်ပြီး

တော်တော်ကြာ အချိန်ခြားပြီးမှလဲ နောက်ထပ် အကျိုး ပေါ်တတ်သေးတယ်။ ဒါလဲ ဖြစ်တတ်သေးတယ်။

အဲဒီတော့ ဒီလောက်ဆိုရင် ကံနဲ့ ကံရဲ့အကျိုးဆိုတာ သဘောပေါက်လောက်ပြီ။ ကံနဲ့ ကံရဲ့အကျိုးဆိုတာ တခြားမဟုတ်ဘူး။ အကြောင်းကြောင့် အကျိုးဖြစ်တာကို ပြောတာပဲ။ တနည်းဆိုယင် ကိုယ်လုပ်တဲ့ အလုပ်ကြောင့် အကျိုး ဖြစ်ပေါ်လာတာပဲ။ ဒါပြောတာ။ သို့သော် အခုနပြောသလို အချိန်ခြားပြီးမှ အကျိုး ပေါ်တတ်တယ်ဆိုတာ ဒါလေး သတိပြုရမယ်။ ဒါလေးသတိထားရင် နောက်ကျတော့ ဟို အကြောင်း ခိုင်ခိုင်လုံလုံနဲ့ မဖြေရှင်းနိုင်တဲ့ ကိစ္စတွေ ဖြေရှင်းနိုင်တယ်။ ထားကြစို့။ သိပ်ကျယ်ကျယ်ပြန့်ပြန့် မပြောဘဲနဲ့ ကျဉ်းကျဉ်းပဲ ပြောကြစို့။

## အနာဂတ်အကျိုး မျှော်ကြည့်

ဆိုကြပါစို့ လူတယောက်၊ အဲဒီလူတယောက်ဟာ သူ့တဘဝလုံးတော့ ဆိုးပေနေတာပဲ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလဲ မကိုင်းရှိုင်းဘူး။ ဒါနလဲမပြုဘူး၊ သီလလဲ မဆောက်တည်ဘူး၊ ဥပုသ်လဲ မစောင့်ဘူး။ တရားလဲ အားမထုတ်ဘူး။ သူလုပ်တာ ဘာလုပ်သလဲ၊ ပစ္စည်းရမယ်ဆိုရင် ဘယ်လိုနည်းနဲ့မဆို ခိုးတယ်၊ တိုက်တယ်၊ ခိုက်တယ်။ ကုန်ရောင်းကုန်ဝယ် လုပ်ရင်လဲ လိမ်တယ်၊ ညာတယ်၊ လှည့်တယ်၊ အမျိုးမျိုး ဒါတွေလုပ်တယ်။ ဒီလိုနဲ့ပဲ သူအသက်မွေးဝမ်းကျောင်း လုပ်လာတယ်။

ဒီလူ သေခါနီးကျတော့ နောင်တရတယ်။ လူဆိုတာ သေခါနီးကျတော့ သေရမှာ သိပ်ကြောက်တာကိုး။ အဲဒီအခါကျတော့ နောက်တဘဝ ရှိတယ်ဆိုတာ ယူဆထားရင် လာမယ့်ဘဝမှာ ကောင်းတဲ့ဘဝ ရချင်တယ်ဆိုတဲ့ စိတ်လဲ သေခါနီးကျတော့ ဖြစ်လာတတ်တယ်။ လာမယ့်ဘဝမှာ မကောင်းတဲ့ဘဝတွေ ရောက်ပြီးတော့ ဆင်းရဲဒုက္ခတွေ တွေ့ရမှာ ကြောက်လာတယ်။ ကောင်းတဲ့

ဘဝတွေပဲ ရပြီးတော့ ချမ်းသာချင်တဲ့ စိတ်တွေပဲ ဖြစ်လာတယ်။ အဲဒီအခါ ကျတော့မှ ကံတရားကို ယုံလာတတ်တယ်။ ဒီတော့မှ သူ့ဘဝတလျှောက်လုံး ပြန်ပြီး ကြည့်လိုက်တယ်။

"တသက်လုံး ဘာတွေလုပ်ခဲ့သလဲ။ ကောင်းတာတွေ လုပ်ခဲ့သလား၊ မကောင်းတာတွေ လုပ်ခဲ့သလား"လို့ ပြန်ကြည့်လိုက်တော့ သူ့နောက်ကြောင်းမှာ ကောင်းတာ တခုမှ မတွေ့ရဘူး။ မတွေ့တဲ့အခါကျတော့ "ငါ ကောင်းတာလဲ တခုမှ မလုပ်ခဲ့ဘူး၊ သေရင်တော့ ပြီးရော။ မကောင်းတဲ့ဘဝတွေ၊ ငရဲ တိရစ္ဆာန် ပြိတ္တာဘဝတွေ ရရင်တော့ ဆင်းရဲတော့မှာပဲ"လို့ အဲဒီအခါကျမှ သူ တွေးမိပြီး အကြောက်ကြီးကြောက်လာတယ်။

ဒီတော့မှ "ကုသိုလ်တခုခုတော့ ပြုမှဖြစ်မှာပဲ"လို့ စိတ်ထဲ အရေးတကြီး စဉ်းစားမိပြီး သူ့မှာရှိတဲ့ပစ္စည်းတွေ ထုခွဲရောင်းချပြီးတော့ သူ့အိမ်ကလူတွေကို ဘုန်းကြီး ၁၀ ပါး ပင့်ပြီး ဆွမ်းကပ်ခိုင်းတယ်။ ဘုန်းကြီးတပါးကို သင်္ကန်းတစုံစီ လှူတယ်။ သက်ကြီးရွယ်အိုတွေကို ဖိတ်ပြီး ဝတ်စုံတစုံစီ ကန်တော့တယ်။ အဲဒီလို အစရှိသည်ဖြင့် ကောင်းမှု ကောင်းတာတွေကို လုပ်တယ်။ အဲဒီတော့ သူလုပ်ချင်တာလဲ လုပ်ပြီးရော စိတ်ဓာတ်လျှော့ချလိုက်တဲ့အခါကျတော့ အဲဒီမှာပဲ သူ့ကုသိုလ်ကို အာရုံပြုရင်း သူ ကွယ်လွန်သွားတယ်။

**အကြောင်းရှိရင် အကျိုးဖြစ်ရမယ်**

ကွယ်လွန်သွားတော့ အဲဒီလို သူ ကွယ်လွန်ခါနီးမှာ ကပ်ပြီးလုပ်သွားတဲ့ ဆွမ်းကျွေးတယ်၊ သင်္ကန်းလှူတယ် ဆိုတဲ့ ကောင်းမှုကုသိုလ်၊ ပြီးတော့ သက်ကြီးရွယ်အိုတွေကို ပင့်ဖိတ်ပြီးတော့ ဝတ်စုံ လှူတယ်ဆိုတဲ့ ကောင်းမှုကုသိုလ်၊ အဲဒီ သူမသေခင် သေခါနီးဆဲဆဲမှာ ပြုလုပ်ခဲ့ ဖြစ်ပေါ်ခဲ့တဲ့ ဒီအကြောင်းတရားတွေဟာ အကျိုးမပေးတော့ဘူးလား၊ ဒီအကြောင်းတွေကြောင့် အကျိုး မဖြစ်ပေါ်တော့ဘူးလား ဆိုတော့ အကြောင်းမှန်ရင် အကျိုးဖြစ်ပေါ်ရမှာ မုချ။

သို့သော် အဲဒီအကြောင်းထက်ပိုပြီး အင်အားကောင်းတဲ့ ဆန့်ကျင်ဘက် အကြောင်းတခုက လွှမ်းမိုးသွားရင်တော့ ဒီအကြောင်းဟာ အကျိုး မဖြစ်ပေါ် စေတော့ဘူး။ အင်အားကောင်းကောင်းနဲ့ လွှမ်းမိုးလိုက်တဲ့ အကြောင်းကသာလျှင် အကျိုးကို ဖြစ်ပေါ်စေတယ်။ အင်အားကောင်းတဲ့ အကြောင်း၊ ဆန့်ကျင်ဘက် အကြောင်း တကြောင်းကြောင်း လာပြီး မလွှမ်းမိုးဘူး ဆိုရင်တော့ ဒီအကြောင်းဟာ အကျိုးပေးကိုပေးရတယ်။ အကျိုးဖြစ်ကို ဖြစ်ပေါ်စေရတယ်။ အကျိုး မဖြစ်ပေါ် စေဘဲ ဒီအကြောင်းဟာ ငြိမ်းမသွားဘူး။ အပြီးသတ်မသွားဘူး။

ဒါကြောင့် အဲဒီ နိယာမအရ အခု သေခါနီးဆဲဆဲမှာ သူလုပ်သွားတဲ့ ဒါနကုသိုလ်ခေါ်တဲ့ ကံအကြောင်းဟာ အကျိုးပေးရမယ်။ အကျိုးကို ဖြစ်ပေါ် စေရမယ် မုချပဲ။

သံဝေဂစိတ်နဲ့ သေခါနီးပြုတဲ့ကံဟာ မသေခင်စပ်ကြား အသက်ရှင်နေဆဲ သာမန်အချိန်မှာ ပြုတဲ့ကံထက် ပိုပြီးတော့ အားကောင်းတယ်။ ဘာကြောင့်လဲ ဆိုတော့ အခု သေခါနီးပြုတဲ့ အဲဒီကံ အဲဒီအလုပ်ဟာ နောက်ဆုံးသေတဲ့ စိတ်ကလေး ဖြစ်သည်အထိ သူ့စိတ်ထဲမှာ ပေါ်နေတယ်။ သေခါနီးပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ ပေါ်နေတယ်။ ပေါ်နေတာနဲ့အမျှ အဲဒီကံဟာ တိုးတိုးပြီး အားကောင်းလာတယ်။ ဘာကြောင့်လဲဆိုတော့ ခုနပြောခဲ့တဲ့ အားကြီးတဲ့ စေတနာကြောင့်ပဲ။ သူက ထိတ်လန့်သံဝေဂစိတ်နဲ့ ကုသိုလ်ပြုတာဆိုတော့ ကုသိုလ်စေတနာက အားကောင်းတယ်။

ဒီတော့ သေခါနီးမှာပြုလိုက်တဲ့ အဲဒီ ဒါနကုသိုလ်ကံဆိုတဲ့ အကြောင်း တရားဟာ အကျိုးပေးရမှာ ဖြစ်တဲ့အတွက် အဲဒီအကျိုးဟာ ဒီလူ့အတွက် ဒီဘဝမှာ အကျိုးဖြစ်ပေါ်ပြီးပြီလားဆိုတော့ အချိန်မရလို့ မဖြစ်ပေါ်ရသေးဘူး၊ မဖြစ်ပေါ်ရသေးရင် ဒီအကြောင်းတရားဟာ အကျိုးမဖြစ်ပေါ်စေတော့ဘဲ ငြိမ်းသွားတော့မလားဆိုတော့ မဟုတ်ဘူး။ ဒါသဘာဝ မကျဘူး၊ သဘာဝ မဟုတ်ဘူး။ အကြောင်းဖြစ်လာရင် အကျိုး ဖြစ်ပေါ်စေရမှာ ဖြစ်တဲ့အတွက် ဒီအကြောင်းတရားဟာ အဲဒီအကြောင်း ဖြစ်ပေါ်ပြီးနောက် တချိန်ချိန်မှာ

သူ့အကျိုးကို ဖြစ်ကိုဖြစ်စေရမယ်။ သို့သော် သေခါနီးမှာ ကပ်ပြုတဲ့ ကုသိုလ်ကောင်းမှုဖြစ်လို့ မသေမီ ဒီဘက်ဘဝမှာတော့ သူ့အကျိုး ဖြစ်ပေါ်ချိန် မရတော့ဘူး။

**နောက်ဘဝဖြစ်ဦးမှ** အကြောင်းဖြစ်ပေါ်ပြီးနောက် တချိန်ချိန်မှာ အကျိုးဖြစ်ပေါ်ရတာလဲ သဘာဝနိယာမ ဖြစ်လေတော့ ဒီ ဒါနကုသိုလ်ကို ပြုသွားတဲ့ ဒီလူရဲ့ ရုပ်အစု နာမ်အစုဟာ အဲဒီ ဒါနရဲ့ အကျိုးတရားကို လက်ခံဖို့ ရုပ်အသစ် နာမ်အသစ် အနေနဲ့ တခါ ပြန်ဖြစ်ရဦးမယ်။ ဖြစ်ပြီးရင်လဲ အဲဒီကံရဲ့ အကျိုးကို ပြန်ပြီး သူ ခံစားရဦးမယ်။

ဒါဖြင့်ရင် အဲဒီ ရုပ်အသစ် နာမ်အသစ်ဟာ အခု ရုပ်အဟောင်း နာမ်အဟောင်း ဖြစ်နေတဲ့ ဘဝဟောင်းမှာ ဖြစ်လာတာလားလို့ဆိုတော့ မဟုတ်ဘူး၊ ရုပ်အဟောင်း နာမ်အဟောင်းက ချုပ်ပျက်သွားပြီ၊ ချုပ်ပျက်သွားလို့မို့ တဘဝ ချုပ်ငြိမ်းသွားပြီ၊ တဘဝ တစခန်း သိမ်းသွားပြီ။

ဘဝဟောင်း ချုပ်ငြိမ်းသွားပြီဖြစ်လို့ ခုနက အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ဖို့ရာအတွက် ရုပ်အသစ် နာမ်အသစ် ဖြစ်ရတယ်။ အဲဒီအသစ်ဖြစ်တဲ့ ရုပ်နာမ်အစုကို နောက်ဘဝလို့ ခေါ်ရတယ်။ တမလွန်ဘဝလို့ ခေါ်ရတယ်။

အဲဒီ ရုပ်အသစ် နာမ်အသစ်ကပဲ အရင်ရုပ်အဟောင်း နာမ်အဟောင်း ပြုခဲ့တဲ့ အကြောင်းကံရဲ့ စွမ်းအားသတ္တိကို ဆက်လက်ပြီးတော့ ခံယူတဲ့အတွက် ကောင်းတဲ့ဘဝ ရတယ်။ ကောင်းတဲ့ ဘဝမှာလဲပဲ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံခြင်းဆိုတဲ့ ကံရဲ့အကျိုးကို ခံစားရတယ်။

ဒီတော့ ဒီနေရာမှာ ဘာတွေ့ရသလဲဆိုတော့ အကြောင်းကြောင့် အကျိုးဖြစ်ရတာဟာ သဘာဝဖြစ်တဲ့အတွက် ဒီအကြောင်းကံကို ပြုပြီးရင်ပြီးချင်း ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ဟာ ဒီအကြောင်းကြောင့် ဖြစ်ပေါ်ရမည့် အကျိုးကို သူဟာ မုချ ခံစားရမယ်။ ဒါကြောင့် အကြောင်းဖြစ်ပေါ်ပြီးနောက် တချိန်ချိန်မှာ ဒီအကျိုးကို ခံစားရဖို့ရာ ရုပ်အသစ် နာမ်အသစ် ဖြစ်ရဦးမယ်။ အဲဒီ ရုပ်အသစ်

နာမ်အသစ်ကို ဒီဘဝလို့ ခေါ်မလား၊ ဟိုဘက်ဘဝလို့ ခေါ်မလားဆိုတော့ ဟိုဘက်ဘဝလို့ ခေါ်ရမယ်။ ဘာကြောင့်လဲဆိုတော့ ရုပ်ဟောင်း နာမ်ဟောင်း ဘဝဟောင်း ချုပ်ပြီးမှ ရုပ်သစ် နာမ်သစ် ဖြစ်ရတာမို့ပဲ။

ဘဝကို တွယ်တာတပ်မက်တဲ့ ဘဝတဏှာကို အမြစ်ပြတ် ပယ်သတ်ပြီးတဲ့ ရဟန္တာများမှတပါး ဘဝတဏှာကို မပယ်နိုင်သေးတဲ့ သတ္တဝါမှန်မျှ ဒီကြောင်းကျိုးနိယာမအတိုင်း ဘဝအသစ် ဖြစ်ကြရတာချည်းပဲ။

ဒါဟာ နောက်အနာဂတ်မှာ ခံစားရမည့် အကျိုးကို ကြည့်ပြီးတော့ အကြောင်း အကျိုး သဘာဝအရ နောက်တဘဝ ရှိနိုင်တယ်။ ရှိရမယ်ဆိုတာ သေချာကြောင်း စိစစ်ပြတာပါ။

## အတိတ်အကြောင်း ပြန်ကြည့်

ပြီးတော့ နောက်ပြန်လှည့်ပြီး အတိတ်က ဖြစ်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်တဲ့အခါမှာလဲ တဆက်တည်းဖြစ်နေတဲ့ အကျိုးတရားတွေဟာ အကြောင်းကြောင့် ဖြစ်ကြတာချည်းဖြစ်လို့ အခု ပစ္စုပ္ပန်ဘဝဆိုတဲ့ အကျိုး ဖြစ်ပေါ်ဖို့ရာ အခုဘဝမတိုင်မီ တချိန်ချိန်မှာ အကြောင်းကံတွေ ရှိခဲ့ရမယ်။ ဒီတော့ အဲဒီ အကြောင်းကံတွေကို ပြုခဲ့ဖို့ရာ အတိတ်ဘဝတွေ ရှိခဲ့ရမယ်လို့ ကောက်ချက်ချနိုင်ပြန်တယ်။

**ပါရမီထူးတဲ့ ကလေးတွေ** ဒီတော့ အဲဒီအချက်ကို စဉ်းစားကြည့်ရအောင်။ တချို့မှာ မွေးပြီးတော့ ၂ နှစ် ၃ နှစ် ရှိရင်ပဲ အသက် ၂၀၊ ၃၀ ရှိတဲ့ လူကြီးတွေလုပ်တဲ့ လုပ်ငန်းတွေ လုပ်နိုင်တယ်။ အနုပညာဘက်ကပဲဖြစ်စေ၊ စက်မှုလက်မှုဘက်ကပဲဖြစ်စေ၊ စာရေးစာဖတ် ဘက်ကပဲဖြစ်စေ၊ အတွက်အချက်ဘက်က ဖြစ်စေ မွေးဖွားပြီးလို့ ၂ နှစ် ၃ နှစ် ရှိတယ်ဆိုရင်

အသက် ၂၀၊ ၃၀၊ ၄၀ လူကြီးတွေ လုပ်နိုင်တဲ့ အလုပ်ကို သူတို့ လုပ်နိုင်တယ်။ အဲဒီ အရည်အချင်းမျိုး သူတို့မှာ ရှိတယ်။ အဲဒါ ဒကာကြီးတို့ တွေ့ဖူးလား၊ ကြားဖူးလား၊ (ကြားဖူးပါတယ်ဘုရား။)

**ဗီသိုဗင် မိုးဇတ်** ဥပမာ– ဟို ဥရောပတိုက် **ဂျာမနီပြည်က ဗီသိုဗင်တို့၊ ဩစတြီးယားက မိုးဇတ်တို့လို** လူမျိုးပေါ့။ **ဗီသိုဗင်ဆိုရင်** အသက် ၃နှစ်ကထင်တယ် စပြီးတော့ သီချင်းစပ်တာပဲ၊ ၆ နှစ်မှာ အော်ခက်စတြာ တီးဝိုင်းတခုကို ဦးစီးပြီး တီးနေပြီ။ သူ့သီချင်းတွေ သူစပ်၊ သူ့တီးဝိုင်းသူ ဦးစီးပြီး တီးခဲ့တာပဲ။ **မိုးဇတ်ဆိုလဲ** ဒီအတိုင်းပဲ။ **ဗီသိုဗင့်** သီချင်းတွေဆိုရင် ခုတောင်မှပဲ ရှေးသီချင်းကြီးတွေဆိုပြီး နားထောင်နေကြတာပဲ။ အဲဒီကလေးတွေ ၃နှစ်နဲ့ သီချင်းစပ်နိုင်တဲ့ အရည်အချင်းတွေ ဘယ်ကရသလဲ၊ ဘယ်အချိန်တုန်းက သင်ထားသလဲ။ ၆နှစ်နဲ့ ဒီတီးဝိုင်းကြီးကို တည်ထောင်ဦးစီးနိုင်တဲ့ ခေါင်းဆောင်နိုင်တဲ့ အရည်အချင်းတွေ ဘယ်လိုလုပ်ရသလဲ၊ ဘယ်အချိန်တုန်းက သင်ထားသလဲ။

ကျောင်းသားတွေ ပညာသင်ရာမှာ မူလတန်းကျောင်းသားလေး တယောက်ဟာ ဘီအေဘွဲ့ရသည်အထိ အရည်အချင်းပြည့်အောင် စာသင်တယ်ဆိုရင် ဘယ်လောက် ဉာဏ်ထက်တဲ့ ကျောင်းသားပဲဖြစ်ဖြစ် Genius ခေါ်တဲ့ ဉာဏ်ရည်ချွန်လွန်းသူများမှတပါး တခြားဘယ်သူမဆို အနည်းဆုံး ၁၃နှစ် ၁၄နှစ်တော့ သင်ရမယ်၊ စပြီးတော့ သင်ကတည်းက ဘွဲ့ရသည်အထိ အရည်အချင်း ပြည့်လာအောင် ၁၃နှစ် ၁၄နှစ်တော့ သူ အနည်းဆုံး သင်ရမယ်။ ဒါမှ သူ ဘီအေ အောင်နိုင်မယ်။ အဲဒီလောက် ကြာအောင်မှ မသင်ရင်တော့ မအောင်နိုင်ဘူး။

အဲဒီအတိုင်းပဲ ဒီလောက် ဒိတ်ဒိတ်ကြဲ အရည်အသွေးရအောင် သာမန်လူဆိုရင် အနည်းဆုံး ငါးနှစ်ခြောက်နှစ်ထက် မနည်း သင်ရမယ်။ သူတို့မှာ သုံးနှစ်ကတည်းက တတ်နေပြီ။ သုံးနှစ်ကတည်းက တတ်နေတော့

သူတို့ ဘယ်တုန်းက သင်ခဲ့သလဲ။ ဒီအရည်အချင်းဆိုတဲ့ အကျိုးတရားတွေ ဘယ်တုန်းက သူတို့ ရခဲ့သလဲ။ ဘယ်သူကမှ သင်ပေးလို့ မဟုတ်ဘူး၊ အလိုလို တတ်လာတာလို့ ဆိုရမှာလား။ အဲဒီ သုံးနှစ်သားမှာ သီချင်း စပ်တယ်ဆိုတာ ဘယ်သူကမှ သင်မပေးဘဲ တတ်တယ်ဆိုရင် ဒီအကျိုးတရားဟာ အလိုလို ဖြစ်ပေါ်တဲ့ အကျိုးလား။ အလိုလိုဖြစ်ပေါ်တဲ့ အကျိုးလို့ ရှိသလား။ စဉ်းစားဖို့ မကောင်းဘူးလား။

**မမွေးခင်က သင်လာခဲ့တယ်**

အဲဒီတော့ အလိုလိုပေါ်တဲ့ အကျိုးတရားလို့ လောကမှာ ရှိသလား။ မရှိဘူး၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားပဲ ရှိတယ်။ ဒါဖြင့်ရင် ဒီအကျိုးတရားကို ဖြစ်ပေါ်စေနိုင်တဲ့ အကြောင်းဖြစ်တဲ့ သင်ကြားမှုကို ဒီဘဝမှာ သူ လုပ်သလား။ အသက် ၃နှစ်၊ ၆နှစ်ဆိုတော့ ဒီဘဝမှာ မသင်ရသေးတာ သေချာတယ်။ ဒီသင်ကြားမှုဆိုတဲ့ အကြောင်းကို ဒီဘဝမှာ ရှာလို့မတွေ့ဘူးဆိုရင် မွေးတဲ့အချိန်ထိ နောက်ပြန်ရှာ သော်လဲ မတွေ့ဘူးဆိုရင် မမွေးဖွားမီ တချိန်ချိန်မှာ သူ သင်ကြားခဲ့လို့ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်ဘူးလား။ (သက်ရောက်ပါတယ် ဘုရား။) မမွေးဖွားမီ အမိဝမ်းတွင်းမှာ ပဋိသန္ဓေ သားကောင်အနေနဲ့ သင်သလား ဆိုတာတော့ စဉ်းစားဖို့ကို မလိုဘူး။

အဲဒီလို မမွေးဖွားမီက သင်ကြားခဲ့တဲ့ အဓိပ္ပာယ်သက်ရောက်တော့ကာ မွေးတဲ့အချိန်ရဲ့ ဟိုဘက် တချိန်ချိန်မှာ ဒီသတ္တဝါဟာ သတ္တဝါတဦးအနေနဲ့ ဖြစ်ခဲ့လို့သာ သင်ကြားခဲ့ခြင်းဆိုတဲ့ အကြောင်းကို သူ ပြုလုပ်နိုင်တာပဲ။ သတ္တဝါ တဦးအနေနဲ့ ဖြစ်ခဲ့တယ်ဆိုကတည်းက အရင်ဘဝ အတိတ်ဘဝ ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား။ အဲဒီဘဝမှာ ဒီပညာတွေ သင်ကြားခဲ့ခြင်း၊ လေ့လာ ပွားများ အားထုတ်ခဲ့ခြင်းဆိုတဲ့ အကြောင်းကြောင့်သာလျှင် အားကောင်းတဲ့ မှတ်ဉာဏ်ကို မှီပြီးတော့ (ဒီဘက်ဘဝမှာ မသင်ကြားရသေးဘဲနဲ့) တတ်မြောက်ခြင်း ဆိုတဲ့ အကျိုး ဖြစ်ပေါ်ရတာပဲ။ ဒီဘက်ဘဝမှာ မသင်ကြားဘဲနဲ့ အရင်ဘဝက ပြုလုပ်ခဲ့တဲ့ အကြောင်းကြောင့် လာပြီးတော့ အကျိုးပေါ်တာ။

အဲဒီလို စဉ်းစားဆင်ခြင်ခြင်းအားဖြင့်လဲ အရင်ဘဝ ရှိတယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား။) အဲဒီလို ထောက်ဆခြင်းအားဖြင့်လဲ အရင်ဘဝက အကြောင်းကြောင့် ဒီဘဝ အကျိုးပေါ်တယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား။)

**ကိုရီးယားမှ ဉာဏ်ထူးရှင်**

နောက်ပြီးတော့ ဟို ၁၉၆၃ ခုနှစ်လောက်က ထင်တယ်။ အမေရိကန် ပြန်ကြားရေးကထုတ်တဲ့ စာစောင်တခုထဲမှာ **ဂျိမ်းကင်**[၁] ဆိုတဲ့ ဆောင်းပါးရှင်တယောက် ရေးတာ ဖတ်လိုက်ရတယ်။ တောင်ကိုရီးယားနိုင်ငံမှာ **ဟန်ယန်းတက္ကသိုလ်**[၂] က ရူပဗေဒပါမောက္ခ **ကင်ဆူဆန်း**[၃]ရဲ့ သားကလေး **အန်ယောင်း**[၄] ဆိုတဲ့ ကလေးဟာ မွေးဖွားလို့ ရက် ၁၀၀ ပြည့်တဲ့နေ့မှာ သွား ၁၉ ချောင်း တပြိုင်နက်တည်း ပေါက်ပြီးတော့ နောက်တနေ့ကစပြီး စကားပြောတတ်လာတယ်။ ဆယ့်သုံးလသားမှာ အင်္ဂလိပ်စကား စပြောတယ်။ ဆယ့်လေးလသားမှာ ဂျာမန်စကားနဲ့ ပြင်သစ်စကား ပြောတတ်တယ်။ တနှစ်ခွဲရှိတော့ တရုတ် စုတ်တံနဲ့ တရုတ်စာတွေ၊ ပုံတွေ ရေးတတ် ဆွဲတတ်နေတယ်။ ၂ နှစ်နှင့် လေးလရှိတော့ နေ့စဉ်မှတ်တမ်းတွေ ရေးနေပြီ။ အဲဒီအချိန်မှာ သူရေးတဲ့စာတွေ ကဗျာတွေဟာ ပုံနှိပ်စာအုပ်အဖြစ် ထွက်နေပြီ။

ဒီကလေးဟာ ၁၉၆၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှာ မွေးဖွားတယ်။ ၁၉၆၅ ခုနှစ်၊ ဩဂုတ်လမှာ သူ့နေ့စဉ်မှတ်တမ်းထဲမှာ ဒီလိုရေးထားတာကို တွေ့ရတယ်။

White clouds float in the sky,
White clouds are just like cotton;

---

၁။ James Kim
၂။ Hang Yang University
၃။ Kim Soo-Sun
၄။ Ung-Yong

Why not spin cloud-cotton and make cloths out of it;
Where do these clouds go?
Black clouds are covering white ones with hate.
The white clouds, unable to see me, are running away with the wind.
I hate the black clouds and come back to my room.
Then the black clouds start shedding tear.

ဒီဆောင်းပါးရှင်က သူ့အတွက် တစုံတခု ရေးပေးပါလို့ပြောတော့ ကလေးက တရုတ်ဘာသာနဲ့ ဒီလိုရေးပေးတယ်။

“ကျွန်တော့ စိတ်အကြံအစည်ကို သတင်းစာမှာ ထင်ဟပ်ပြတဲ့အတွက် သတင်းစာဆရာရဲ့လက်ဟာ ကြေးမုံပြင်ပါပဲ။”

တနေ့တော့ အမေရိကန်ပြည် **မိရှီဂန်တက္ကသိုလ်**[၁]က ရုပဗေဒပါမောက္ခ **အယ်လင်ရှနစ်**[၂]ဆိုသူ ကလေးကို လာကြည့်ပြီး သူ့မိဘများထံ ခွင့်တောင်းပြီး ကလေးကို **မိရှီဂန်တက္ကသိုလ်**မှာ ပညာသင်ပေးဖို့ ခေါ်သွားတယ်။

**အရင်ဘဝမှာသင်**
**ခုဘဝမှာလဲတတ်**

အဲ… အဲဒီလို ကလေးမျိုးတွေဟာ ဒီ ပညာ အရည်အချင်းတွေကို သူတို့ ဒီဘဝမှာတော့ မသင်ရသေးဘူး။ မသင်ရသေးတော့ ဒီ ပညာ အရည်အချင်းတွေဟာ မသင်ဘဲနဲ့ အလိုအလျောက် မွေးကတည်းက ဖြစ်ပေါ်လာတဲ့ အရည်အချင်းတွေလား လို့ဆိုတော့ ဒါ လောကသဘာဝအရ မဖြစ်နိုင်ဘူး၊ ဟုတ်ကို မဟုတ်ဘူး။ ဒီအကျိုးမှာ အကြောင်း ရှိကိုရှိရမယ်။

အဲဒီအကြောင်းဆိုတာ ဘယ်လိုဟာလဲ။ ဒီ အရည်အချင်းရအောင် သင်ကြားမှုဆိုတဲ့ အကြောင်းပဲပေါ့။ အဲဒီသင်ကြားမှုက ဒီဘဝမှာ မသင်ကြားရ

---

၁။ University of Michigan ၂။ Allen D. Shneid

သေးဘူးဆိုရင် မွေးဖွားတဲ့အချိန်ရဲ့ ဟိုဘက် တချိန်ချိန်မှာ သင်ကြားခဲ့လို့ပဲ။ ဟိုဘက်တချိန်ချိန်မှာ သင်ကြားခဲ့ရတယ်ဆိုရင် သူဟာ ရုပ်နဲ့နာမ်နဲ့ သတ္တဝါ တဦးအနေနဲ့ ဖြစ်ခဲ့လို့ပဲဆိုတဲ့ အဓိပ္ပာယ်ပေါ့။ အရင်ဘဝမှာ သတ္တဝါ တဦးအနေနဲ့ ဖြစ်ပြီးတော့ အဲဒီဘဝမှာ သင်ကြားခဲ့လို့ ဒီဘက်ဘဝမှာ မသင်ကြားဘဲနဲ့ အကျိုးအဖြစ် ဒီအရည်အချင်းတွေကို ရလာတယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်လာတယ်။ ဒီတော့ အရင်ဘဝက အကြောင်းကြောင့် အခုဘဝမှာ အကျိုးဖြစ်တယ်ဆိုတာ ထင်ရှားတယ်။

**ယခုခေတ် အထောက်အထားများ** အခုပြောခဲ့တဲ့ ကြောင်းကျိုးသဘာဝ ပိုထင်ရှားအောင် **အမေရိကန်ပြည်ထောင်စု ဗာဂျီနီးယားတက္ကသိုလ်** စိတ်ခွဲကုပညာ နှင့် စိတ်နယ်လွန်ပညာဌာနက **ပါမောက္ခ ဒေါက်တာအီယန်စတီဗင်ဆင်** ရေးတဲ့ '**တမလွန်ဘဝကို ညွှန်ပြနေတဲ့ ဖြစ်ရပ်နှစ်ဆယ်**' စာအုပ်ထဲက ဖြစ်ရပ်တခုကို ဒီမှာ ထုတ်ပြချင်ပါသေးတယ်။ **ပါမောက္ခ ဒေါက်တာစတီဗင်ဆင်**ဟာ တမလွန်ဘဝနှင့် ပတ်သက်လို့ နိုင်ငံပေါင်းများစွာက လူဝင်စားဖြစ်ရပ်ပေါင်းများစွာ ရှိရာကို ကိုယ်တိုင်ကိုယ်ကျ အကြိမ်ကြိမ်အဖန်ဖန် သွားရောက်ပြီး ဖြစ်ရပ်နှင့် သက်ဆိုင်သူ မှန်သမျှကို အထပ်ထပ်အခါခါ စစ်ဆေး မေးမြန်းလေ့လာ စိစစ်ပြီးမှ ဖြစ်ရပ်ရာပေါင်းများစွာထဲက ဆန်ကာတင်ဖြစ်ရပ် နှစ်ဆယ်ကို ရွေးထုတ်ပြီး အဲဒီစာအုပ်မှာ စစ်ဆေးမေးမြန်း လေ့လာစိစစ်ပုံနှင့်တကွ ဖော်ပြထားပါတယ်။ သူဟာ ဒီကိစ္စနှင့်ပတ်သက်လို့ မြန်မာပြည်ကိုလဲ လေးငါးကြိမ် ရောက်ဖူးပါတယ်။

**ဘရာဇီးနိုင်ငံမှ ကလေး** အခု ထုတ်ပြချင်တာက တောင်အမေရိကတိုက် ဘရားဇီးနိုင်ငံက ပေါလို(Paulo) ဆိုတဲ့ ကလေးအကြောင်းပါ။ ဒီကလေးဟာ ၁၉၂၃ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှာ မွေးဖွားပြီး အသက် ၄နှစ်ကျော်ကျော်မှာ ဘယ်သူမှ သင်မပေးရဘဲနဲ့ သူ့အလိုလို

စက်ချုပ်တတ်နေတယ်။ စက်ချုပ်ရတာကိုလဲ သူသိပ်သဘောကျတယ်။ တတ်တာကလဲ သာမန်မဟုတ်ဘူး။ ကျွမ်းကျွမ်းကျင်ကျင်ကို တတ်တာ။ စက်နဲ့ ဖောင်းကြွပန်းတွေပါ ထိုးနိုင်သည်အထိ တတ်တယ်။

ပညာတရပ် တတ်တယ်ဆိုတာ သင်ယူခြင်းဆိုတဲ့ အကြောင်းရှိမှ တတ်မြောက်ခြင်းဆိုတဲ့ အကျိုး ဖြစ်ရတာပဲ။ မသင်ဘဲနဲ့ တတ်တယ်ဆိုရင် ဒါ လုံးဝ မဖြစ်နိုင်ဘူး။ ကြောင်းကျိုးနိယာမနဲ့ ဆန့်ကျင်တယ်။ အခု ဒီကလေးဟာ ဒီဘဝမှာ အသက်လေးနှစ်ပဲ ရှိသေးတယ်။ စက်ချုပ်ပညာသာမဟုတ်ဘူး။ တခြားဘာပညာမှ သူ မသင်ရသေးဘူး။ ဒါပေတဲ့ သူ စက်ချုပ်ပညာကို တတ်နေတယ်။ စက်ချုပ်ပညာ တတ်မြောက်ခြင်းဆိုတဲ့ အကျိုး ဖြစ်ပေါ်ဖို့ရာ သင်ယူခြင်းဆိုတဲ့ အကြောင်းကို ဒီဘဝမှာ သူ မပြုရသေးဘူး။ ဒီလိုဆိုရင် ဒီဘဝကို သူမရမီ အရင်တချိန်ချိန်က သူ သင်ယူခဲ့တယ်လို့ပဲ အကျိုးကနေ အကြောင်းကို ပြန်ဆင်ခြင်ကြည့်ရလိမ့်မယ်။ ဒီတော့ သူ မမွေးဖွားမီ တချိန်ချိန်မှာ သင်ယူဖို့ရာ သူ ဘဝတခု ဖြစ်ခဲ့ရတယ်ဆိုတာ သေချာတယ်။ အဲဒီဘဝဟာ သူ့လက်ရှိဘဝ မတိုင်မီ ဖြစ်ခဲ့တာမို့ အရင်ဘဝ အတိတ်ဘဝပေါ့။ အဲဒီ အတိတ်ဘဝကို ထောက်ဆရင် အခု လက်ရှိဘဝဟာ နောက်ဘဝ အနာဂတ်ဘဝ တမလွန်ဘဝပေါ့။

**အတိတ်ဘဝ** ဟုတ်ပြီ။ ဒါဖြင့် ဒီကလေး အရင်တဘဝ ဖြစ်ခဲ့ရဲ့လား။ ဖြစ်ခဲ့ပါတယ်။ သူ့အရင်ဘဝက **အယ်မီလီယာ**(Emilia) ဆိုတဲ့ မိန်းကလေး ဖြစ်ခဲ့ပါတယ်။ အရင်ဘဝမှာလဲ ယခု လက်ရှိဘဝ မိဘရဲ့ သမီးကလေး ဖြစ်ခဲ့တယ်။ **မစ္စတာ** နှင့် **မစ္စလောရင့်**တို့ရဲ့ ဒုတိယကလေး ဖြစ်ခဲ့တယ်။ သူ့ထက်အကြီး ယောကျ်ားကလေး တယောက်ရှိတယ်။ **အယ်မလီယာဟာ** စက်ချုပ်ပညာ သင်ယူတတ်မြောက်ပြီး စက်ချုပ် အလွန်ကျွမ်းကျင်တယ်။ ဝါသနာလဲပါတယ်။ အသက် ၁၉ နှစ်မှာ ကွယ်လွန်ပြီး သူ့မိခင်ရဲ့ ဝမ်းမှာပဲ ပြန်ဝင်စားပြီး သူ ဖြစ်ချင်လှတဲ့ ယောကျ်ားကလေး ဘဝကိုရတယ်။ နာမည်က **ပေါလို**(Paulo)တဲ့။ အရင်အတိတ်ဘဝ

**အယ်မီလီယာ**အဖြစ်နဲ့ သင်ယူခဲ့ ကျွမ်းကျင်ခဲ့တဲ့ စက်ချုပ်ပညာဟာ မေ့ပျောက်မသွားဘဲ ယခု ပေါလို ဘဝ လေးနှစ်သားမှာ ပြန်ပြီး အကျိုးအဖြစ်နဲ့ ပေါ်လာတယ်။ ဒီတော့ အရင်ဘဝက အယ်မီလီယာဟာ နောက်ဘဝမှာ ယောကျ်ားကလေး။ နောက်တဘဝတော့ဖြင့် ဘာဖြစ်ဦးမယ် မသိဘူး။ ဖြစ်တော့ဖြစ်မှာပဲ။

**စဉ်းစားကြည့်ရအောင်** ဒီနေရာမှာ ကြားဖြတ်ပြီး စဉ်းစားကြည့်စရာ တခု ရှိတယ်။ ကလေးဘဝမှာ ထူးခြားတဲ့ စွမ်းရည် တစုံတရာ ရရှိလာတဲ့ ဒီလို ဖြစ်ရပ်မျိုးဟာ ဖြစ်ရိုးဖြစ်စဉ်တော့ မဟုတ်ဘူး။ သို့သော် ကမ္ဘာမှာ ဒီလိုဖြစ်ရပ်မျိုး တော်တော်များများတော့ ရှိတယ်။ ရှိပင်ရှိသော်လဲ အချင်းချင်း နီးနွယ် ဆက်စပ်မှု မရှိကြတော့ ရှိမှန်း မသိကြဘူး။ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က မြန်မာပြည် မြစ်ဝကျွန်းပေါ်ဒေသမှာ ပေါ်ခဲ့တဲ့ **ပိဋကတ် မောင်ထွန်းကြိုင်** ဆိုတာလဲ ဒီကလေးမျိုးပဲ။ သို့သော် တခြားနိုင်ငံတွေက မသိကြဘူး။ နီးနွယ်ဆက်စပ်မှု မရှိလို့။

ဒီလို ထူးခြားတဲ့ကလေးတွေရဲ့ ဖြစ်ရပ်ကို စဉ်းစားကြည့်ရင် အရင်ဘဝက ထူးထူးချွန်ချွန် တတ်ကျွမ်းထားတဲ့ ပညာဖြစ်ပြီး ဒီပညာကို အလွန်မြတ်နိုးပြီး စွဲစွဲလမ်းလမ်း ဖြစ်ခဲ့တာတကြောင်း၊ ဘဝချင်းကလဲ (ကြားထဲမှာ တိရစ္ဆာန်ဘဝ နတ်ပြဟ္မာဘဝ စသည် ကြားခံမနေဘဲ) လူ့ဘဝအနေနဲ့ ရှေ့နောက်ဘဝ တဆက်တည်းဖြစ်လို့ ဘဝချင်းနီးနေတာတကြောင်း ဒီအကြောင်းတွေကြောင့် ဒီလို ထူးခြားတဲ့ စွမ်းရည်တွေ ပျောက်မသွားဘဲ ကလေးဘဝမှာပဲ ပေါ်ပေါက်လာတယ်လို့ ယူဆစရာ ရှိတယ်။

**ကြီးလာရင်တချို့မှာ မှေးမှိန်တတ်** သို့သော်လဲ ဒီစွမ်းရည်ကို ဆက်လက်ပြီး ထက်မြက်အောင် မလုပ်ရင်ဖြစ်စေ၊ အကြောင်း တစုံတရာကြောင့် ကာယကံရှင်က ဒီစွမ်းရည်ပေါ်မှာ စိတ်ဝင်စားမှု နှစ်သက်မြတ်နိုးမှု မရှိတော့ရင်ဖြစ်စေ၊ ဆန့်ကျင်ဘက်အားကောင်းတဲ့ အကြောင်း တစုံတရာက လွှမ်းမိုးနေရင်ဖြစ်စေ ဒီကလေးကြီးလာတာနှင့်အမျှ ဒီစွမ်းရည် တဖြည်းဖြည်း မှေးမှိန်လာတယ်၊ သို့မဟုတ်ကွယ်ပျောက်သွားတယ်။ အခု ဒီကလေး ပေါလိုဟာ ယောက်ျားကလေး ဖြစ်တော့ အသက်ကြီးလာတာနှင့် အမျှ ဒီစက်ချုပ်ပညာကို စိတ်ဝင်စားမှု နည်းနည်းလာတဲ့အတွက် လူကြီးဖြစ်လာတဲ့အခါမှာ စက်ချုပ်တတ်ရုံပဲရှိတယ်။ မကျွမ်းကျင်တော့ဘူး။ မိုးဇတ်တို့ ဗီသိုဗင်တို့ကတော့ ကလေးဘဝကတည်းကစပြီး သူတို့ အရည်အသွေးကို ထက်မြက်အောင် မပြတ် သွေးလာခဲ့ကြတော့ သူတို့ဟာ အခုအချိန်ထိ ကမ္ဘာ့ အသိအမှတ်ပြုခံရတဲ့ ကျော်ကြားတဲ့ ဂီတအနုပညာရှင်ကြီးတွေ အဖြစ် ထင်ရှားလာခဲ့ကြတယ်။

ဒီနေရာမှာ လိုရင်းပြောချင်တာကတော့ ကလေးတွေမှာ တွေ့ရတတ်တဲ့ ဒီ ထူးခြားတဲ့ အရည်အသွေးတွေဟာ အရင်ဘဝမှာ အကြောင်းခံခဲ့တယ်။ ဒါကြောင့် အရင်ဘဝ အတိတ်ဘဝဆိုတာ ရှိတယ်။ ခုဘဝလဲရှိတယ်။ ဒါကြောင့် နောက်ဘဝ တမလွန်ဘဝလဲရှိတယ်လို့ ကောက်ချက်ချနိုင်တယ်ဆိုတဲ့ အချက်ပဲ။

ဒါကြောင့် အရင်ဘဝ ရှိတယ်ဆိုတာ ထင်ရှားသလို အရင်ဘဝမှာ ဖြစ်ခဲ့တဲ့ ပြုခဲ့တဲ့ အကြောင်းကံကြောင့် အခုဘဝမှာ အကျိုးရတယ်ဆိုတာလဲ ထင်ရှားတယ်။

ထို့အတူပဲ ခုနက ပထမပြောခဲ့တဲ့ ပုံစံအရ (နှာ ၁၇–၂၀) ဒီဘဝမှာ ပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုကံကြောင့် နောက်ဘဝမှာ အကြောင်းနဲ့အကျိုး ကာလခြားပြီးတော့ အကျိုးဖြစ်ပေါ်စေတယ် ဆိုတာလဲ သိလာရတယ်။

ဒါကြောင့် အတိတ်ဘဝ၊ တမလွန်ဘဝ ရှိတယ်ဆိုတာ ထင်ရှားတဲ့အတွက် ဘဝတခုက ပြုခဲ့တဲ့ ကံဆိုတဲ့အကြောင်းကြောင့် ဘဝတခုမှာ အကျိုးဖြစ်ပေါ်တယ် ဆိုတာလဲ ထင်ရှားလာတယ်။

ဒီတော့ အကြောင်းအကျိုးအနေနဲ့ လိုက်ကြည့်တဲ့အခါကျတော့ ဘဝဟာ တဘဝတည်း မဟုတ်ဘူး။ နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝ အစရှိသည် ဘဝများစွာ ရှိနေတဲ့အတွက် တမလွန်ဘဝ ရှိနေတယ်ဆိုတာဟာ မငြင်းသာတဲ့ အချက်ပဲ။

ဒီအချက်ကို ပြင်သစ် စာရေးဆရာကြီး ဗော်လ်တဲယားက "ဘဝပေါင်းများစွာ ဖြစ်ခြင်းသည် တဘဝ ဖြစ်ခြင်းထက် ပို၍ အံ့အားသင့်စရာ မဟုတ်ပေ" ဆိုတဲ့ စကားနှင့် ထောက်ခံထားတယ်။

## ဘဝတွေ ဘယ်လိုဖြစ်လာသလဲ

**ဘဝတွေ ဖြစ်ပေါ်လာပုံ** ဟုတ်ပြီ၊ ဒီတော့ အနာဂါတ်အကျိုး ဖြစ်ပေါ်တာကို စဉ်းစားကြည့်တော့ နောက်တဘဝ၊ အနာဂါတ်ဘဝ ဆိုတာ ရှိနိုင်ကြောင်း သိရပြီ။ အတိတ်အကြောင်းကို ပြန်ဆင်ခြင်ကြည့်ပြန်တော့ အရင်ဘဝ၊ အတိတ်ဘဝဆိုတာ ရှိနိုင်ကြောင်း သိရပြီ။ ပြီးတော့ ဘဝဟာ တဘဝတည်း မဟုတ်ဘူး၊ မရေမတွက်သာအောင် များပြားလှတဲ့ ဘဝသံသရာကြီး တဘဝပြီး တဘဝ လည်ပတ်ပြီးဖြစ်ပျက်နေတယ်ဆိုတဲ့ အဓိပ္ပါယ်လဲ တပါတည်း ထင်ရှားလာပြီ။

သို့သော် အဲဒီဘဝတွေ တဘဝပြီး တဘဝ ဘယ်နည်းဘယ်ပုံ ဖြစ်လာသလဲ။ ဖြစ်လာပုံကို သိရမှပဲ ရှိနိုင်ပုံကို ခြွင်းချက်မရှိ လက်ခံလို့ ရမယ်။

**အတ္တဝါဒီတွေမှာ လွယ်တယ်** ဟုတ်ပြီ။ အဲဒါကို စဉ်းစားကြည့်ရအောင်၊ လွယ်တော့ သိပ်မလွယ်လှဘူး။ သို့သော် အတ္တ(soul) အသက် ဝိညာဉ် ရှိတယ်လို့ ယူဆတဲ့ ဘာသာတွေမှာတော့ လွယ်တယ်။ ဥပမာ ဆိုကြပါစို့၊ ဟိန္ဒူဘာသာမှာဆိုယင် အတ္တ၊ အသက်၊ ဝိညာဉ်လို့ ခေါ်တဲ့ အတ္တာလေးဟာ မပျက်မစီးဘဲ တည်မြဲလျက် ရှိတယ်လို့

ယူဆတယ်။ ဣဿရ ခေါ်တဲ့ မဟာဗြဟ္မာကြီးက သတ္တဝါတဦး ဖန်ဆင်းပြီးတော့ ဒီအတ္တလေးကို ထည့်ပေးလိုက်တယ်။

ဒီအတ္တလေး ဝိညာဉ်လေးဟာ ဒီသတ္တဝါရဲ့ ခန္ဓာထဲ ဝင်ပြီးတော့ ဒီသတ္တဝါ ဒီဘဝမှာ သေသွားရင် အဲဒီအတ္တလေးဟာ မပျက်စီးဘဲနဲ့ တခြားခန္ဓာကိုယ် တခုထဲ ဝင်ပြီးတော့ အဲဒီခန္ဓာကိုယ်နဲ့ တဘဝ စခန်းသွားရတယ်။ အဲဒီဘဝမှာလဲပဲ အဲဒီ အတ္တ၊ အသက်၊ ဝိညာဉ်လေးဟာ မသေပြန်ဘူး။ သူ ဝင်ရောက် တည်နေတဲ့ အဲဒီခန္ဓာကိုယ် ပျက်စီးသွားပြန်တော့ နောက်ခန္ဓာကိုယ် တခုထဲမှာ ဝင်ပြီး တဘဝ ဖြစ်ပြန်တယ်။

အဲဒီလိုအားဖြင့် ဒီ အတ္တခေါ်တဲ့ အသက်ဝိညာဉ်လေးဟာ တဘဝပြီး တဘဝ ခန္ဓာကိုယ်အဟောင်း ဆွေးရင် ခန္ဓာကိုယ်အသစ် တခုမှာဝင်၊ တခါ အဲဒီ ခန္ဓာကိုယ်အသစ် ဆွေးပြန်ရင် နောက်အသစ် တခုမှာဝင်၊ ဒီလိုနဲ့ ဘဝတွေ မြောက်မြားစွာ ဖြစ်ပေါ်နေကြတယ်ဆိုတဲ့ ဟိန္ဒူဘာသာ အယူအဆဟာ နားလည်ဖို့ လွယ်ကူတယ်။

ဥပမာ–လူတယောက် အမြို့မြို့ အရွာရွာလည်ပြီး အလုပ် လုပ်နေတယ် ဆိုကြပါစို့။ ဒီမြို့မှာ ဒီလူဟာ ဒီအိမ်မှာနေ ဒီကအလုပ် လုပ်၊ နောက်ပြီး ဒီက အလုပ်ပြီးတဲ့အခါကျတော့ နောက်တမြို့မှာ လုပ်တော့ နောက်တအိမ် ရှာ။ အဲဒီ နောက်တအိမ်မှာ နေပြီး နောက်အလုပ် တခုလုပ်။ အဲဒီ အလုပ် ပြီးပြန်တော့ နောက်တမြို့ကို ပြောင်း၊ အဲဒီ နောက်တမြို့မှာ နောက်တအိမ် ရှာရမယ်။ အဲဒီ အတိုင်းပဲ ဒီအတ္တဟာလဲ တဘဝပြီးရင်း နောက်တဘဝ ပြောင်းနေရင်းနဲ့ ဘဝပေါင်းမြောက်မြားစွာ ပြောင်းရွှေ့ ဖြစ်ပျက်နေတယ်ဆိုတာ လက်ခံဖို့က အင်မတန် လွယ်ကူတယ်။

သဘောတရား တခုဟာ သဘောပေါက်ဖို့ လက်ခံဖို့ လွယ်ကူတာနဲ့ မှန်တယ်လို့ ဆိုရမလား ဆိုတော့ ဒီလိုလဲ မဟုတ်ဘူး။

ဗုဒ္ဓဘာသာ တရားတော်မှာတော့ မပျက်စီးဘဲနဲ့ တဘဝပြီး တဘဝ ကူးပြောင်းသွားတဲ့ အသက်၊ ဝိညာဉ်၊ အတ္တဆိုတာ မရှိဘူး။ ဟိုဘက်ဘဝမှာ

ရုပ်နာမ်အနေနဲ့ သတ္တဝါဖြစ်တယ်ဆိုတာ ဒီဘက်ဘဝက ရုပ်ဟောင်း နာမ်ဟောင်းတွေ ပျက်ပြီး ဟိုဘက်ဘဝမှာ ရုပ်အသစ် နာမ်အသစ် ဖြစ်တာပဲ။ ဒီဘက်ဘဝက ရုပ်လဲ ဟိုဘက်ဘဝကို ကူးမသွားဘူး၊ ဒီဘက်ဘဝက နာမ်လဲ ဟိုဘက်ဘဝကို ကူးမသွားဘူး။ ဒီလိုဆိုတော့ တဘဝနဲ့ တဘဝ အဆက်အစပ် မရှိရင် နောက်ဘဝဆိုတာ ဖြစ်နိုင်မလားလို့ မေးစရာရှိပါတယ်။ မေးလဲ မေးသင့်တဲ့ မေးခွန်းပါပဲ။

**အဖြေ** အဖြေကတော့ တဘဝကနေပြီး နောက်တဘဝကို ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ၊ ရုပ်နာမ်မှတပါး တခြားအရာ တခုခုဖြစ်စေ ကူးပြောင်းမသွားသော်လဲ တဘဝနဲ့ တဘဝ အဆက်ပြတ် မနေပါဘူး။ အကြောင်းအကျိုးအနေနဲ့ ဆက်စပ်မှု ရှိနေပါတယ်။ ဘဝဟောင်းက ရုပ်အဟောင်း နာမ်အဟောင်း ချုပ်ပျက်သွားခြင်း စတဲ့ အကြောင်းတွေကြောင့် ဘဝသစ်ဆိုတဲ့ အကျိုးတရား ဖြစ်ပေါ်ရတယ်။ ဒါဟာ လောကရဲ့ ကြောင်းကျိုးနိယာမ တရားပါပဲ။

**ဥပမာ** ဆိုကြပါစို့၊ တိုင်းပြည်တပြည်မှာ သမ္မတ တယောက် ရှိတယ်။ အဲဒီ သမ္မတက နေမကောင်းထိုင်မသာဖြစ်လို့ ကွယ်လွန်သွားရင် သမ္မတစနစ်နဲ့ အုပ်ချုပ်နေတဲ့ အဲဒီတိုင်းပြည်မှာ နောက်ထပ် သမ္မတ တယောက် မဖြစ်ပေါ်ဘဲနဲ့ ဒီအတိုင်းပဲ နေသွားကြမလား။ (မနေပါဘူး ဘုရား)။ ဒါဖြင့် ဘာလုပ်ရသလဲ။ (သမ္မတ အသစ်တယောက် တင်မြှောက်ရပါတယ်)။ တကယ်လို့ သမ္မတဟောင်း ဒီနေရာမှာ ရှိနေသေးရင် ဒီသမ္မတသစ် ဖြစ်ပေါ်လာပါ့မလား။ (မဖြစ်ပါဘုရား)။ ဒီသမ္မတဟောင်း မရှိဘဲ ပျက်သွားတဲ့အတွက်ပဲ သမ္မတသစ် ဖြစ်ပေါ်လာရတယ်။ ဒီတော့ သမ္မတဟောင်း မရှိဘဲ နေခြင်း၊ ပျက်သွားခြင်းဟာ အကြောင်းတရား၊ အဲဒီနေရာမှာ သမ္မတသစ် ဖြစ်ပေါ်လာခြင်းဟာ အကျိုးတရား။ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ် ဘုရား)။

**ပျက်လို့ ဖြစ်သည်** ဒီအကြောင်းနဲ့ အကျိုးကို စဉ်းစားမိခဲ့တယ်။ ရှေးဟာ ပျက်သွားလို့သာ နောက်ဟာ ဖြစ်ရတယ်။ အဟောင်း ပျက်လို့သာ အသစ် အသစ် ဖြစ်ရတယ်။ အဟောင်းပျက်ခြင်းဟာ အကြောင်း၊ အသစ်ဖြစ်ခြင်းဟာ အကျိုး။ ဒီတော့ အဟောင်းသာ ပျက်ရင်တော့ အသစ်ဟာ မဖြစ်ဘဲ နေကို မနေတော့ဘူး။ အခြေအနေ လိုက်လို့ပဲ အဟောင်း ပျက်သွားရင် အဲဒီ အဟောင်းနဲ့ အခြေအနေတူတဲ့ အသစ်ရင်လဲ ဖြစ်ပေါ်လာတယ်။ ဒါမှမဟုတ် ကြားထဲ အကြောင်းတကြောင်းများ ဝင်ပြီး ခံလိုက်ရင်တော့ ပျက်သွားတဲ့ အဟောင်းနဲ့ မတူတဲ့ အသစ် တခုခုရင်လဲ အကျိုးအနေနဲ့ ဖြစ်ပေါ်လာမယ်။ သို့သော်လဲ ဘာပဲဖြစ်ဖြစ် အဟောင်း ပျက်သွားပြီ ဆိုရင်တော့ အသစ်ဟာ ဖြစ်ပေါ်ရတာ ဓမ္မတာပဲ။

**မြေအုတ်တို့ ပြိုလေရာ** ဒါကြောင့်မို့ ပြောကြတယ် မဟုတ်လား။ မြေအုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးမည် ဆိုတာလေ။ အဆောက် အအုံတခု မြေအုတ်နဲ့ ဆောက်ထားတယ်။ အဲဒါ ပြိုသွားရင် အဲဒီ အဆောက်အအုံ နေရာမှာ အသစ် မဆောက်ဘဲ မနေဘူး၊ မူလက အဆောက်အအုံ ရှိတဲ့နေရာမှာ နောက်ထပ် ဆောက်မှာပဲ၊ နောက်ထပ် ဆောက်တဲ့အခါကျတော့ ပိုပြီး ခိုင်ခန့်အောင် ကျောက်အုတ်နဲ့ ဆောက်တယ်။ အဲဒီတော့ ကျောက်အုတ် အဆောက်အအုံ ဖြစ်ပေါ်လာရခြင်းဟာ မြေအုတ် အဆောက်အအုံ ပျက်စီးသွားခြင်းကြောင့်ပဲ။ ဒါကြောင့် အဟောင်း ပျက်ခြင်းဟာ အကြောင်း၊ အသစ်ဖြစ်ခြင်းဟာ အကျိုး။

ဒီတော့ ဗုဒ္ဓတရားတော်အရ ရုပ်တရား နာမ်တရား မှန်သမျှ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မတည်မြဲဘူး။ ခဏလေးတောင်မှ မတည်မြဲဘဲ အခု ဖြစ်ပြီး အခု ပျက်သွားတာပဲ။ စိတ်ဆိုတဲ့ နာမ်တရားလဲ ခုဖြစ်ပြီး ခုပျက်သွားတာပဲ။ ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်တရားလဲ ခုဖြစ်ပြီး ခုပျက်နေတာပဲ။ ဖြစ်ပြီး ပျက်ပဲ။ ဒါပေမယ့် အပျက်ကြီးအတိုင်း ပုံကျနေသလားဆိုတော့ မဟုတ်ဘူး။ အဲဒီ

ပျက်တဲ့နေရာမှာ နောက်တခု အသစ် ဖြစ်တယ်။ နောက်တခု ပျက်သွားပြန်တော့ အဲဒီနေရာမှာ နောက်အသစ်တခု ဖြစ်ပြန်တယ်။

**ဖြစ်လို့ပျက် ပျက်လို့ဖြစ်** အဲဒီလိုအားဖြင့် ဖြစ်ပြီးရင် ပျက်၊ ပျက်ပြီးရင် တခါ အသစ်ပြန်ဖြစ်၊ တခါ အဲဒါ ပျက်သွားပြန်တော့ နောက်ထပ် အသစ်တခု ထပ်ဖြစ်နဲ့ မပြတ်မလပ် တရစပ် ဖြစ်ပြီး ပျက်၊ ပျက်ပြီး ဖြစ်၊ ဖြစ်ပြီး ပျက်တဲ့ သဘာဝတွေ အဆက်မပြတ် ဆက်စပ် ဖြစ်ပျက်နေတော့ အဲဒီအစဉ်ဟာ တခါတည်း ပြတ်သွားပြီး ပြိုကွဲမသွားဘူး။ အဖြစ် ရပ်မသွားဘူး။ ဘာကြောင့်လဲဆိုတော့ အဟောင်း အဟောင်း ပျက်ပျက်သွားခြင်းဆိုတဲ့ အကြောင်းက ရှိနေတော့ အသစ်အသစ်တွေက ထပ်ထပ် ဖြစ်လာရတာကိုး။ ဒါကြောင့် ဒီအစဉ်ဟာ ပြိုကွဲ ပြတ်စဲမသွားဘဲနဲ့ ဆက်ကာ ဆက်ကာ ဖြစ်နေပါတယ်။

သို့သော် ရုပ်ဖြစ်ပျက်မှု နာမ်ဖြစ်ပျက်မှုက မြန်လွန်းလို့ အဲဒီ ဖြစ်တာပျက်တာကို ပကတိမျက်စိနဲ့ရော သာမာန် ဉာဏ်မျက်စိနဲ့ပါ မမြင်မတွေ့ရဘဲ တခုတည်းအနေနဲ့ အမြဲတည်နေတယ်လို့ ထင်ရတယ်။ မဖြစ်ဘဲ မပျက်ဘဲနဲ့ စမွေးဖွားကတည်းက သေသည်အထိ ဒီအတိုင်းကြီး တည်မြဲနေတယ် လို့ ထင်နေကြတယ်။

**ဥပမာ** ဥပမာ ဆိုကြစို့။ ဟိုတံခါးနားမှာ တံခါးအထက်ဘောင်မှာ သဲထုပ်တထုပ် ချည်ထားတယ်။ အဲဒီ သဲထုပ်အောက်က သဲတလုံးစာသာသာ ကျယ်တဲ့ အပေါက်ကလေး သေးသေးလေး တပေါက် ဖောက်ထားတယ်။ ဖောက်ထားရင် ဘာဖြစ်မလဲ။(သဲတွေ ကျပါမယ် ဘုရား)။ အဲဒီ သဲတွေ ကျနေတာကို ဒီကနေ ကြည့်ရင် တလုံးစီ တလုံးစီ ကျတာကိုပဲ မြင်မလား၊ သဲတန်းကြီးလို့ပဲ မြင်မလား။ (သဲတန်းကြီးလို့ပဲ မြင်ပါမယ် ဘုရား)။ ဒါဖြင့် ဒီကျတဲ့သဲဟာ အတန်းကြီးပဲလား၊ (မဟုတ်ပါ ဘုရား)။ ဘယ်လိုကျလဲ၊

(တလုံးစီပါ ဘုရား)။ တလုံးစီ ကျတာ မဟုတ်လား။ တလုံးစီကျပေတဲ့လဲ ကျတာက မြန်တဲ့အတွက် တလုံးပြီးမှ တလုံး ကျတယ်လို့ မမြင်ဘဲ သဲတန်းကြီး တခုလို့ မြင်တယ်။ အဲဒီတော့ မြင်တဲ့အတိုင်း မှန်သလား၊ မမှန်ဘူး။ အဲဒီ တတန်းတည်းလို့ သိတာဟာ တကယ့်အမှန်သိလား၊ ဒါမှမဟုတ်ရင် အထင်လား။ (အထင်ပါ ဘုရား)။ အထင်ပဲ၊ အမှားသိပေါ့။ သေသေချာချာ အနားသွား ကပ်ကြည့်တော့ ဘယ်လိုသိသလဲ။ (တလုံးစီ ကျတာလို့ သိပါတယ် ဘုရား)။ တလုံးစီ တလုံးစီ ကျတယ်။ တလုံးပြီးမှ နောက်တလုံးကျတယ်၊ ဟုတ်ရဲ့ မဟုတ်လား။

**ဖြစ်ပျက်မှု အလွန်မြန်** ရုပ်အစဉ် နာမ်အစဉ်မှာလဲ ဒီအတိုင်းပဲ။ ရုပ်တွေဟာ ဖြစ်ပြီး ပျက်သွားတယ်၊ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက် တစက္ကန့်မှ နားမနေဘူး။ နာမ်ဟာလဲ ဒီအတိုင်းပဲ။ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက်၊ ဖြစ်ပြီး ပျက်ပဲ။ ဒါပေတဲ့ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာတွေက မြန်လွန်းလို့ တခုတည်း တဆက်တည်းလို့ ထင်ရတယ်။

**ဥပမာ** နောက်ဥပမာတခု ကြည့်ပါဦး။ အခုတော့ ရှိသေးလားတော့ မသိဘူး။ အရင်တုန်းကတော့ အဲဒါတွေ ရှိတယ်။ အဆောက်အအုံတွေမှာ လျှပ်စစ်မီး ထွန်းပြီး ကြော်ငြာထားတာတွေလေ။ အဲဒီ ကြော်ငြာတွေမှာ ကြော်ငြာဘောင်မယ် မီးလုံးတွေ စီပြီး တပ်ထားတယ်။ အနီ၊ အစိမ်း၊ အဝါ မီးလုံးတွေ တပ်ထားတယ်။ ခလုတ်ကို ဖွင့်လိုက်တဲ့အခါကျတော့ ကြော်ငြာဘောင်မှာ လှည့်ပတ်ပြီး တပ်ထားတဲ့ မီးလုံးတွေဟာ တလုံးချင်း တလုံးချင်း၊ တလုံးပြီးမှ တလုံး လင်းတာပဲ။ ပြိုင်တူလင်းတာ ဟုတ်ရဲ့လား။ (မဟုတ်ပါ ဘုရား)။ မဟုတ်ဘူး၊ ဒါပေမယ့် တလုံးပြီးမှ တလုံး လင်းတာက သိပ်မြန်နေတော့ ကြည့်တဲ့သူက ဘယ်လို ထင်ရသလဲ။ အဲဒီ မီးရောင်စုံတွေဟာ အဲဒီဘောင်မှာ လျှောက်ပြေးနေတယ်လို့ မထင်ရဘူးလား။ ဒါက မီးလုံးကို

အရောင်အမျိုးမျိုး တပ်ထားလို့ အဲဒီလို မြင်ရတာ။ တကယ်လို့သာ မီးလုံးကို တရောင်တည်း တပ်ထားမယ်ဆိုရင် မီးရောင် ပြေးနေတယ်လို့ မမြင်ရဘဲနဲ့ လျှပ်စစ်မီးတန်းကြီး တတန်းလို့ မြင်ရလိမ့်မယ်။ တကယ်တော့ မီးလုံးတွေက နေရာ ရွေ့ရဲ့လား။(မရွေ့ပါ ဘုရား)။မြန်လွန်းလို့ တလုံးချင်း လင်းလိုက် ငြိမ်းလိုက် ဖြစ်နေတာကို မမြင်နိုင်တော့ မီးရောင်စုံတွေဟာ တပြိုင်တည်း ပြေးနေသလို တသမတ်တည်း အမြဲလင်းနေသလို ထင်ရတာပဲ။

ဒီတော့ လူတွေရဲ့ မျက်စိ၊ သို့မဟုတ် လူတွေရဲ့ အသိဉာဏ်ဟာ အားမကောင်းသေး မထက်မြက်သေးတဲ့ အချိန်မှာ အာရုံတွေရဲ့ လှည့်စားမှုကို ခံရတယ်။ အခုန သဲတန်း ဥပမာလို၊ အခုပြောတဲ့ လျှပ်စစ်မီး ဥပမာလိုပဲ၊ တကယ်ဖြစ်နေတာက တခုပြီးမှ တခု ဖြစ်တယ်။ သို့သော်လဲ လူ့ရဲ့မျက်စိ မြင်နိုင်စွမ်းအားက ဖြစ်ပျက်မှုကို လိုက်ပြီးမမီတဲ့အခါကျတော့ တခုစီ မမြင်ရဘူး။ တတန်းတည်းပဲလို့ မြင်တယ်။

**ဝိပဿနာဆိုတာ** ဝိပဿနာရှုတယ်၊ တရားရှုမှတ်တယ် ဆိုတာလဲ ဒီသဘောပါပဲ။ ဘယ်လိုလဲဆိုတော့ လူတွေဟာ သာမန်နေရိုးနေစဉ် နေတဲ့အခါကျတော့ သတ္တဝါရဲ့ ရုပ်ရော နာမ်ရော မြဲနေတယ်လို့ထင်ပြီး အမှတ်တမဲ့ပဲ သွားလာလုပ်ကိုင် စားသောက်နေကြတယ်။ အဲဒီလိုနေတာဟာ ဘာနဲ့တူသလဲ ဆိုတော့ စောစောက ပြောခဲ့တဲ့ သဲတန်းကြီးကို လေးငါးခြောက်တောင် အကွာကနေပြီး သာမန်ကာလျှံကာ ကြည့်တာနဲ့ တူတယ်။

မြတ်စွာဘုရား ဟောတော်မူတာက ဒီရုပ်ကိုယ်ကြီးနဲ့ ဒီစိတ်ဟာ သင်တို့ အခု သိနေမြင်နေတဲ့အတိုင်း တည်မြဲနေတာ မဟုတ်ဘူး။ သင်တို့ အခု မြင်နေတဲ့အတိုင်း မမှန်ဘူး။ ဒီရုပ်ရော နာမ်ရောဟာ ခဏမစဲ တသဲသဲ ဖြစ်ဖြစ်ပြီးတော့ ပျက်ပျက်နေတယ်လို့ ဟောတော်မူတယ်။ ဟောတော်မူတဲ့အတိုင်း ယုံကြည်တော့ အဲဒီ ခဏမစဲ တသဲသဲ ဖြစ်ပြီး ပျက်နေတဲ့ သဘာဝတရားတွေကို သိအောင် ဘယ်လို လုပ်မလဲ။

ခုနက သဲတန်းကို ဒီအတိုင်းပဲ မြင်နေရတာဟာ အထင်မှား အမြင်မှားပဲ။ အမှန်အတိုင်း အရှိအတိုင်း မြင်တာမဟုတ်ဘူး။ အဲဒီတော့ တကယ် အမှန်အတိုင်း မြင်အောင် ဘာလုပ်မလဲ။ အနားကပ် သွားကြည့်ရမယ်။ အနားကပ်သွားပြီး စေ့စေ့စပ်စပ် သေသေချာချာကြည့်တော့ သဲလုံးဟာ တလုံးပြီးမှ တလုံး ကျတယ်ဆိုတာ အမှန်အတိုင်း သိလာတယ်။

အဲဒီအတိုင်းပဲ ဒီ ဝိပဿနာတရား အားထုတ်တယ်ဆိုတာက ရုပ်နဲ့နာမ်ကို သူ့အရှိအတိုင်း သိချင်တာမို့ အမှတ်တမဲ့ မနေဘဲ အနီးကပ်ပြီး စောင့်ကြည့်တာ၊ အနီးကပ်ပြီး စောင့်ကြည့်တာလဲပဲ ခဏကြည့်ရုံနဲ့ မသိဘူး။ အချိန် တိုတိုကြည့်ရုံနဲ့ မသိဘူး။ ဒါကြောင့် အချိန်ကြာကြာ သေသေချာချာ စောင့်ကြည့်ရတယ်။

**ကိုယ်တွေ့အသိတွေ** အချိန်ကြာကြာ စောင့်ကြည့်လေ၊ ဒီရုပ်ဒီနာမ်ပေါ်မှာ၊ ဒီခန္ဓာကိုယ်နဲ့ ဒီစိတ်ပေါ်မှာ စိတ်စူးစိုက် တည်ငြိမ်အားက ကောင်းလာလေပဲ။ စူးစိုက်တည်ငြိမ်မှု အားကောင်းလေ ဉာဏ်က ထက်လာလေ၊ ဉာဏ်ထက်လာလေ ကွဲကွဲပြားပြား ထင်ထင်ရှားရှား အရှိအတိုင်း သိရလေ။ အဲဒီအတိုင်း စောင့်ကြည့် ရှုမှတ်တဲ့အခါကျတော့ တကယ့်ကိုပဲ တွေ့တယ်။ မပြတ်ဖြစ်ပြီး မပြတ်ပျက်နေတာ တကယ်တွေ့တယ်။ စိတ်ကလေးတွေ ဆိုလဲ တစိတ်ပြီးတစိတ် မပြတ်ဖြစ်ပြီး မပြတ်ပျက်နေတာ တွေ့ရတယ်။ ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ ရှုမှတ်နေတဲ့ အခိုက်မှာ အသံကြားလိုက်ရင် ကြားစိတ်ဖြစ်တာ သွားတွေ့လိုက်တယ်။ တခါ ကြားစိတ်ကို "ကြားတယ်၊ ကြားတယ်"လို့ ရှုလိုက်တဲ့အခါကျတော့ ကြားစိတ် ပျောက်သွားတာ သိလိုက်တယ်။ ကြားစိတ်ပျောက်သွားပြန်တော့ တခါ ဖောင်းတာ ပိန်တာကို ရှုတဲ့စိတ် ခန္ဓာကိုယ်ကို ပြန်စိုက်ပြီး ရှုတဲ့စိတ် ဖြစ်ပေါ်လာတယ်။

အဲဒီလို ကိုယ်တွေ့အသိ တော်တော်လေး ထက်သန်အားကောင်းလာတဲ့ အခါကျတော့ အဲဒီစိတ်တွေဟာ တခြားစီ တခြားစီပဲဆိုတာ ထင်ထင်ရှားရှား သိလာတယ်။ တခုပြီးတခု ဖြစ်နေတာပဲဆိုတာ ရှင်းရှင်းလင်းလင်း သိလာတယ်။

ခန္ဓာကိုယ်ကို စိုက်ပြီး ရှုမှတ်နေတုန်းမှာ အသံကြားပြန်တော့ ကြားစိတ်ဖြစ်တယ်ဆိုတာကို သိတယ်။ ကြားစိတ်ဖြစ်တဲ့အခါ ရှုမှတ်စိတ်က မရှိတော့ဘူးဆိုတာ သိတယ်။ အဲဒီ ကြားစိတ်ကို "ကြားတယ်၊ ကြားတယ်"လို့ ရှုမှတ်လိုက်တဲ့အခါ ကြားစိတ်ပျောက်သွားတယ်။ အဲဒီအခါ ကြားစိတ်ပျောက်သွားပြီ၊ မရှိတော့ဘူးဆိုတာလဲ သိတယ်။

နောက် ကြားစိတ်ပျောက်သွားတာနဲ့ တပြိုင်နက်တည်းပဲ ကြားတယ်လို့ ရှုမှတ်တဲ့စိတ် မရှိတော့ဘူးဆိုတာလဲ သိလာတယ်။ ပြီးတော့ ဖောင်းမှု ပိန်မှုကို ရှုတဲ့စိတ် ဖြစ်ပေါ်လာတယ်။ အဲဒါကိုလဲ သိလိုက်တယ်။

ဟော... ဒီတော့ အရှုခံအာရုံပေါ်မှာ ရှုစိတ်ဟာ တချိန်လုံး တတန်းတည်း မပျက်မစီးပဲ အမြဲတည်နေတာ မဟုတ်ဘူး။ အာရုံတခုခုကို ရှုပြီးပျက်၊ နောက်အာရုံတခုကို ရှုပြီးပျက်၊ နောက်တခု ရှုပြီးပျက်၊ ဒီလိုနဲ့ နာမ်တရားလဲ ရုပ်တရားလိုပဲ ဖြစ်ပြီးပျက်နေတာပဲလို့ သိလာတယ်။

ရုပ်ကို သိပုံကတော့ ယောဂီတွေ ကွေးမှု၊ ဆန့်မှု၊ ထိုင်မှု၊ ထမှု စတဲ့ အမူအရာတွေ ရှုမှတ်တဲ့အခါမယ် လက်စကွေးကတည်းက ခန္ဓာကိုယ်နား လက်ရောက်လာသည်အထိ ဖြေးဖြေးလေးကွေးပြီး သတိနဲ့ သေသေချာချာ စူးစူးစိုက်စိုက် စောင့်ရှုတယ်။ သမာဓိအား ကောင်းတဲ့အခါမှာ တဖြည်းဖြည်း ကွေးလာတာကို လက်လို့ မသိတော့ဘူး၊ ရွေ့မှု အဆင့်ဆင့် ဖြစ်နေတာပဲလို့ သိလာတယ်။

လက်စကွေးကတည်းက ကွေးနေစဉ် တချိန်လုံးမှာ ရွေ့လျားမှုတွေဖြစ်ပြီး ပျက်သွားလိုက်၊ ဖြစ်ပြီး ပျက်သွားလိုက်၊ ဖြစ်ပြီး ပျက်သွားလိုက်ဆိုတာ အဲဒါ သေသေချာချာ သိလိုက်ရတယ်။ အဲဒီအချိန်မှာ လက်ပုံသဏ္ဍာန် ပညတ်ကို မတွေ့ရတော့ဘူး။

တချို့ယောဂီတွေက ဗဟုသုတ မရှိသေးတော့ ဘယ်လိုလျှောက်သလဲ ဆိုရင် "တပည့်တော် ကွေးတယ် ကွေးတယ်ဆိုတာ သေသေချာချာ ရှုတဲ့အခါ တပည့်တော်လက်ကြီးက ယပ်တောင်များ ဆွဲဖြန့်လိုက်သလိုပဲ"လို့

လျှောက်တတ်ကြတယ်။ ရွေ့မှုတွေ တခုပြီးတခု ဖြစ်ပျက်သွားတာကို ကိုယ်တွေ့ဉာဏ်နဲ့ သိနေတဲ့ သဘောပေါ့။

တချို့ယောဂီတွေကတော့ "ကွေးတယ်လို့ ရှုလိုက်တဲ့အခါကျတော့ ဘုရား၊ ကွေးတာက တခုတည်းမဟုတ်ဘူး၊ ကွေးတာတွေက အများကြီးပဲ"တဲ့၊ ဒီလို လျှောက်တတ်ကြတယ်။

အများကြီးဆိုတာ ဘာသိတယ်ထင်သလဲ ဒကာကြီးတို့၊ ကွေးတာပေါင်း မြောက်မြားစွာဖြစ်ပြီး ပျက်ပျက်သွားတာ၊ အဲဒါကို သွားတွေ့တာ၊ အင်မတန် ထင်ရှားတယ်။ ဖြစ်ပြီးပျက်လို့ မတည်မြဲတဲ့ အနိစ္စ သဘာဝကို သိလိုက်တာပဲ။ လက်တကွေးတဆန့်ကို ဆယ်ချက်၊ ဆယ့်ငါးချက်၊ အချက်နှစ်ဆယ်ကျအောင် စူးစူးစိုက်စိုက် ရှုရတယ်။ တထိုင် တထကို ဆယ်ချက်လောက်ရအောင် ရှုမှတ်ရတယ်။ ဒါမှ ရွေ့လျားမှုတွေကို တခုချင်း သိနိုင်တယ်။ အဲဒီလို ရှုနိုင်အောင်လဲ တတ်နိုင်သမျှ ဖြည်းဖြည်း ကွေးရတယ်။

တချို့ ညွှန်ကြားတဲ့အတိုင်း အားထုတ်တဲ့ ယောဂီကျတော့ အခုပြောခဲ့သလို ထူးထူးခြားခြား တွေ့တယ်။ အဲဒါဟာ အမှတ်တမဲ့ကြည့်ရင် တမျိုး မြင်ရပြီးတော့ ဂရုစိုက်ပြီး စောင့်ကြည့်ရင် အမှန်အတိုင်း မြင်ရတယ်ဆိုတဲ့ သဘာဝပေါ့။

**သဘောတရား စဉ်းစားသိ**

မရှုမှတ်တဲ့ ပုဂ္ဂိုလ်ကတော့ ရုပ်ဟာ ဖြစ်ပြီးတော့ ပျက်သွားတယ်။ ရှေ့ရုပ်နဲ့နောက်ရုပ် မတူဘူး၊ ရှေ့ရုပ်က ဖြစ်ပြီး ချုပ်သွားတယ်၊ နောက်ရုပ်က အသစ်ပဲ၊ ပြီးတော့ သူလဲ ဖြစ်ပြီး ပျက်သွားတာပဲဆိုတာ ဆင်ခြင် စဉ်းစားပြီး သိနိုင်ပါတယ်။ နာမ်တရားဟာလဲ ဒီအတိုင်းပဲ။ သဘောတရား အနေနဲ့ နားလည်ရတာပေါ့။

စိတ်ဆိုကြပါစို့၊ ခုနကပြောလိုက်တဲ့ "ဦးညွန့်ဝေတော့ ဒါမျိုး ဝေးပါသေးတယ်၊ မှတ်တောင် မမှတ်ဘူးထင်ပါရဲ့"လို့ ဆိုလိုက်တော့

ဒကာကြီးတွေက သဘောကျပြီး ရယ်လိုက်ကြတယ်။ အဲဒီအခါတုန်းက ရွှင်လန်းတဲ့စိတ် ဖြစ်လာတယ်။ ဟုတ်တယ် မဟုတ်လား။ အဲဒီစကားပြောပြီးလို့ အခု လေးနက်တဲ့ အကြောင်းအရာ ပြောင်းပြောလိုက်တဲ့အခါကျတော့ အဲဒီ ရွှင်လန်းစိတ်တွေ ဘယ်ရောက်သွားသလဲ၊ (ပျောက်သွားပါတယ်ဘုရား။) လေးနက် စူးစိုက်တဲ့စိတ် ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား။)

ဒါဖြင့် ဟို ရွှင်လန်းတဲ့စိတ်နဲ့ ဒီ လေးနက်စူးစိုက်တဲ့စိတ်ဟာ တခုတည်းလား၊ နှစ်ခုလား၊ (နှစ်ခုပါဘုရား။) ရွှင်လန်းတဲ့စိတ်ဟာ ဖြစ်ပြီးတော့ ပျက်သွားပြီ၊ အခု လေးနက် စူးစိုက်တဲ့စိတ်ဟာ အသစ်ဖြစ်လာတယ်။ ဟုတ်ကဲ့လား။ ဒါ အကြမ်းစား မှန်းဆနိုင်တာ။ အဲဒီတော့ နာမ်တရားဟာ မမြဲဘူးဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား။)

တခါ ရုပ်တရား မမြဲဘူးဆိုတာကတော့ တခြားဟာမကြည့်နဲ့။ ဦးညွန့်ဝေကို ရယ်စရာပြောတော့ ဦးခင်မောင်လတ်ရဲ့ မျက်နှာက ကြည်လင်ရွှင်ပျလို့။ အဲဒီအချိန်မှာ ဦးခင်မောင်လတ် နာလောက်တဲ့ စကားတလုံးကို ရွေးပြီး ပြောလိုက်မယ်။ မျက်နှာဟာ ဘယ်လိုဖြစ်သွားမလဲ၊ (ပျက်သွား ပါမယ်ဘုရား။) ပျက်သွားမယ်၊ နီမလာဘူးလား၊ နီရာကနေ မဲ့မလာဘူးလား။

ကဲ ဒါဖြင့်ရင် ခုနကတုန်းက ဖြူစင်ကြည်လင်တဲ့ရုပ် ဘယ်ရောက်သွားလဲ၊ (ပျောက်သွားပါတယ်ဘုရား။) အဲဒါကိုပဲ "ဩော် ရယ်စရာ ပြောလိုက်တာပါ၊ ကျွန်တော်ပြောတာ တောင်းပန်ပါတယ်။ စိတ်မဆိုးပါနဲ့"လို့ ပြေလောက်အောင် တောင်းပန်လိုက်တဲ့အခါကျတော့ မဲ့နေတဲ့မျက်နှာ ဘာဖြစ်သွားပြန်လဲ၊ ပြန်ပြီးတော့ ကြည်လင် ရွှင်လန်းလာပြန်တယ်။ အဲဒီတော့ ခုနက နီတဲ့ မဲ့တဲ့ရုပ်တွေ ဘယ်ရောက်သွားကုန်သလဲ။ (ပျောက်သွားပါတယ် ဘုရား။) ကဲ ဒီလို ဆင်ခြင် စဉ်းစားကြည့်ခြင်းအားဖြင့်ကော ရုပ်ဟာ ဖြစ်ပြီးပျက်တယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား။)

**သွေးနီဥတွေပျက်ပုံ** ဆေးပညာသဘောအရ လူ့ခန္ဓာကိုယ်မှာ သွေးထဲမှာ ပါတဲ့ သွေးနီဥနဲ့ သွေးဖြူဥ နှစ်မျိုးရှိတယ်။ အလုပ်ပင်ပင်ပန်းပန်း မလုပ်ရတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းမှာ ရှိနေတဲ့ သွေးနီဥဆိုရင် ရက် ၁၂၀က ၁၆၀ အထိ အသက်ရှည်တယ်တဲ့၊ ဒီလက်မောင်း၊ ခန္ဓာကိုယ် အသွေးအသားတွေမှာ ပါဝင်တဲ့ သွေးနီဥလေးတွေဟာ ပျက်ပျက်ပြီးတော့ အဲဒီ ပျက်တဲ့နေရာမှာ အသစ်အသစ် သွေးနီဥကလေးတွေက အစားထိုးဖြစ်တယ်။ အဟောင်းအဟောင်း သွေးနီဥတွေ ဘယ်လောက် တာရှည်ခံသလဲဆိုရင် ရက် ၁၂၀ကနေ ၁၆၀အထိ တာရှည်ခံတယ်။ အသည်းမှာရှိတဲ့ သွေးနီဥဆိုရင် ဒီလောက်တောင် အသက် မရှည်ဘူးတဲ့၊ အလုပ်လုပ်ရတာ များလွန်းလို့။ ကိုယ့် အသားကိုယ် ပြန်ကြည့်လိုက်ရင် တစက္ကန့်အတွင်းမှာပဲ သွေးနီဥတွေဟာ မြောက်မြားစွာ ပျက်သွားပြီးတော့ အဲဒီနေရာမှာ နောက်ထပ်သွေးနီဥတွေ အများကြီး အသစ်တိုးလာတာကို ဟို ဆေးပညာအရ သိနိုင်တယ်။

အဲဒါကို မျက်စိနဲ့ကြည့်တော့ မြင်ရသလားဆိုတော့ မမြင်ရဘူး။ ဒီအသား ဒီအသားပဲ၊ ဒီလက် ဒီလက်ပဲ၊ ဒီလိုပဲ တွေ့ရတယ်။ ဒါပေမယ့် ဆေးပညာအရ ကျတော့ အခုလို ပြောနေတဲ့ အချိန်ကလေးအတွင်းမှာပဲ သွေးနီဥ မြောက်မြားစွာ ပျက်စီးပြီးတော့ နောက်က သွေးနီဥ မြောက်မြားစွာ အစားထိုးလိုက်နေတယ်။ ဒါ သူတို့ လက်တွေ့စမ်းသပ်ထားကြတာပဲ။ ပြောချင်တာက အခုန သွေးနီဥတွေဟာ ပျက်စီး ပျက်စီးသွားပြီးတော့ အသစ်အသစ်က အစားထိုးတယ်ဆိုတာ ရိုးရိုးမျက်စိနဲ့ မြင်ရသလား။ (မမြင်ရပါဘုရား။) သာမန်ဉာဏ်နဲ့ သိရသလား။ (မသိရပါဘုရား။)

မသိရတာနဲ့ဘဲ သူတို့ဟာ ဖြစ်ပြီးတော့ မပျက်တော့ဘူးလား။ ပျက်ပြီးတော့ကော မဖြစ်တော့ဘူးလား။ ဒီလို ဘယ်ဟုတ်မလဲ၊ မသိတာက မသိတာ တခြားပဲ။ မသိတတ်လို့ မသိနိုင်လို့ မသိတာပဲ။ သူ့သဘာဝအရ ဖြစ်ပြီးတော့ပျက်၊ ပျက်ပြီးတော့ ဖြစ်နေတဲ့ ဖြစ်ပျက်အစဉ်ကတော့ သူ့သဘာဝအတိုင်း ဖြစ်နေတာပဲ။ ဒါ သဘာဝပဲ။

ဒီတော့ အဲဒီ သွေးနီဥတွေတောင်မှ ရက်ပေါင်း ၁၂၀ ပဲ ခံတယ်ဆိုရင် အဲဒီ သွေးနီဥထက် ပိုပြီးသေးတဲ့ ရုပ်မှုန်၊ ရုပ်မွှားတွေဆိုရင် ပိုပြီးတော့ မြန်မြန်ဖြစ်ပြီး ပိုပြီးမြန်မြန် ပျက်စီးမယ်ဆိုတာ သေချာတာပေါ့။ မဟုတ်ဘူးလား။

**ပရိုတိုပလတ်ဇမ်း** အဲဒီ သွေးနီဥထဲမှာ ပါတဲ့ ပရိုတိုပလတ်ဇမ်း (Protoplasm)ဆိုတာ ဘယ်လောက် သေးသလဲ ဆိုရင် ရိုးရိုးမှန်ဘီလူးနဲ့ကြည့်ရင် လုံးဝ မမြင်ရဘူးတဲ့။ အီလက်ထရောနစ် မှန်ပြောင်း(Electronic Microscope)နဲ့ ကြည့်တောင်မှပဲ အဲဒီ ပရိုတိုပလပ်ဇမ်း တခုကို အဆပေါင်း သန်းပေါင်း ၂၀၀၀ လောက် ကြီးအောင်ချဲ့မှ ဒီ ပရိုတိုပလတ်ဇမ်းကို မြင်ရတယ်။ အဲဒီလောက်ကျအောင်သေးတဲ့ Protoplasm ဟာ ရုပ်တခုတည်း မဟုတ်သေးဘူး။ သူ့ထဲမှာ ရုပ်ကလပ်ကလေးပေါင်း မြောက်မြားစွာဖြစ်ပြီး ပျက်နေတယ်တဲ့။ အဲဒီ ပရိုတိုပလတ်ဇမ်း တခုကို တတ်နိုင်သမျှ အကြီးချဲ့ပြီးတော့ အီလက်ထရောနစ် မှန်ပြောင်း(Electronic Microscope)နဲ့ ကြည့်ရင် ဘယ်လို တွေ့ရသလဲဆိုတော့ အိမ်တွေ၊ စက်ရုံတွေ၊ ရုံးတွေ၊ ဈေးတွေ၊ ဘူတာတွေ၊ အလုပ်ရုံတွေ စသည်ဖြင့် တလှုပ်လှုပ်တရွရွ အလုပ်လုပ်နေတဲ့ မြို့ကြီးတမြို့ကို လေယာဉ်ပေါ်ကနေ စီးကြည့်ရသလိုပဲ တွေ့ရတယ်လို့ ဆေးပညာကျမ်းတွေမှာ ဖော်ပြကြတယ်။

ဒါလောက် သေးငယ်တဲ့ ပရိုတိုပလတ်ဇမ်းကလေးထဲမှာ ရုပ်ကလေးတွေ တလှုပ်လှုပ် တရွရွနဲ့ အလုပ်လုပ်နေတယ်။ အဲဒီထဲမှာ ဘာတွေ ပါဝင်နေသလဲဆိုရင် အက်တမ်(Atom)တို့ အီလက်ထရွန်(Electron)တို့ အိုင်းယွန်း(Ion)တို့ ဒါတွေ ပါဝင်ပါတယ်တဲ့၊ ဒီ ပရိုတိုလပ်ဇမ်းထဲမှာ ပါတဲ့ အက်တမ်(Atom)တခုရဲ့ ဖြစ်ပြီး ပျက်တဲ့အချိန်ဟာ ဘယ်လောက်မြန်သလဲဆိုရင် တစက္ကန့်ရဲ့ အပုံတသန်းပုံ တပုံထက်တောင်မှပဲ သူက မြန်သေးတယ်တဲ့။

ဒီတော့ ဒါလောက်သေးငယ်ပြီး ဒါလောက် မြန်မြန်ဖြစ်ပြီး ပျက်နေတဲ့ အစဉ်ကြီးကို သာမာန်မျက်စိ၊ သာမာန်ဉာဏ်နဲ့ တခုစီ တခုစီ ဖြစ်ပြီး ပျက်နေတာ

ဘယ်လိုလုပ် ခွဲခြား မြင်နိုင်ပါ့မလဲ။ မမြင်နိုင်ပေမယ့်လို့ အဲဒီလို တကယ်ဖြစ်ပြီး ပျက်နေတာကိုသူတို့ သိပ္ပံပညာက စမ်းသပ်လို့ တွေ့ထားတယ်။

ဗုဒ္ဓရှင်တော်မြတ်ကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၇၀ ကျော် ကတည်းက ဒါကို ထောက်ပြခဲ့တယ်။ တခုမှ မတည်မြဲဘူး။ ချက်ချင်းဖြစ်ပြီး ချက်ချင်း ပျက်နေတာပဲ ဆိုတာကို ထောက်ပြခဲ့တယ်။

ဒကာကြီးတို့ သိပ္ပံပစ္စည်းတခုခု၊ သိပ္ပံ အထိမ်းအမှတ်၊ အမှတ်အသားလေး တခုခု လုပ်တဲ့အခါမှာ ဘာလုပ်သလဲ။ အလယ်က အစက်ကလေး တခု၊ အဲဒီ အစက်ကလေးကိုမှ ဘေးက ပတ်လည်မျဉ်းကြောင်းလေးတွေ ခြောက်ခုလောက် ဝိုင်းထားတယ် မဟုတ်လား။

**အက်တမ်** အဲဒါ ဘာအဓိပ္ပါယ်လဲ၊ ဒကာကြီးတို့ သိတဲ့အတိုင်းပဲ အက်တမ်(Atom)တခုမှာ အတွင်းက နျူးကလီးယပ်စ် (nucleus)ခေါ်တဲ့ ဗဟိုအနှစ်မြူ ပါတယ်။ ပြီးတော့ အဲဒါရဲ့ဘေးက လှည့်နေတဲ့ အီလက်ထရွန်(Electron) ပါတယ်။ အဲဒီတော့ nucleusတခုမှာ Electronတွေက လှည့်ပတ်နေတာ အများကြီးပဲ။ ထောင်၊ သောင်း၊ သိန်း၊သန်းမက လှည့်ပတ်နေတယ်။အဲဒီက အမှတ်အသားဟာ ဒီသဘော၊ ဒါကို ရည်ရွယ်တာပဲ။ အဲဒီ မမြင်ရတဲ့ အက်တမ်(Atom)ထဲမှာ ပါတဲ့ ဗဟိုက အနှစ်ဖြစ်တဲ့ နျူးကလီးယပ်စ်(nucleus)ကို လှည့်ပတ်နေတဲ့ အီလက်ထရွန်(Electron)တွေဟာ သူတို့ကို မြင်နိုင်လောက်တဲ့ အင်အားရှိတဲ့ မှန်ဘီလူးနဲ့ ကြည့်တဲ့အခါကျတော့ လှည့်ပတ်နေတာကို မြင်ရတယ်။

သို့သော် မပျက်စီးဘဲ တတန်းတည်း လှည့်ပတ်နေသလားဆိုတော့ မဟုတ်ဘူးတဲ့။ ဘယ်လိုလဲဆိုတော့ သူ့လမ်းကြောင်းနဲ့သူ လှည့်နေတာမှာ သူ့လမ်းကြောင်းကလဲ တခုနဲ့ တခု ယှဉ်သွားနေတဲ့ မျဉ်းပြိုင်လမ်းကြောင်း မဟုတ်ဘူး။ တခုနဲ့ တခု ဖြတ်ချင်သလို ဖြတ်သွားနေတဲ့ လမ်းကြောင်းတွေ။ ဒီတော့ တနေရာရာမှာ လမ်းကြောင်းချင်း တခုမဟုတ် တခု ဖြတ်ရ ဆုံရတယ်။

အီလက်ထရွန်(Electron)တွေကလဲ မြောက်မြားစွာ လှည့်ပတ်နေရတာ၊ မြောက်မြားစွာ လှည့်ပတ်နေရတဲ့ Electronတွေဟာ တပတ်မပြည့်မီမှာ တခုနဲ့ တခု အကြိမ်ပေါင်း မြောင်မြားစွာ လမ်းကြောင်းချင်း ဖြတ်ရတယ်။ အဲဒီလို အီလက်ထရွန်(Electron)ချင်း ဖြတ်တာဟာ တခုက အောက်က သွားပြီး တခုက အပေါ်က ကျော်ပြီး ဖြတ်သွားသလား။ သူတို့ ကြည့်တော့ မဟုတ်ဘူးတဲ့။ ဘယ်လို ဖြတ်သွားသလဲဆိုတာ သူတို့ သိပ္ပံပညာက ခတ်ခွဲပြီး ကြည့်တဲ့အခါ အီလက်ထရွန်(Electron) တခုနဲ့ တခု သူ့လမ်းကြောင်းနဲ့သူ လှည့်နေတုန်း လမ်းကြောင်းချင်း ဆုံမိတဲ့အခါမှာ တခုက တခုကို ကျော်ပြီးတော့လဲ ဖြတ်မသွားဘူး။ အောက်ကလဲ ငုံ့ပြီးတော့ ဖြတ်မသွားဘူး။ အဲဒါ တွေ့ရတယ်တဲ့။ ဒီတော့ ဘယ်လိုဖြစ်သလဲဆိုတော့ အီလက်ထရွန်(Electron)ချင်း ဆုံမိတာနဲ့ တပြိုင်နက်တည်း အဲဒီ ဆုံမိလိုက်တဲ့ နေရာမှာပဲ ဒီ အီလက်ထရွန်ဟာ ပျက်သွားပြီးတော့ အီလက်ထရွန်(Electron) အသစ် ဖြစ်သွားတယ်။

အီလက်ထရွန်ချင်း ဆုံမိတဲ့အခါမှာ ဆုံမိတာနဲ့ တပြိုင်နက်တည်း ဆုံမိတဲ့ အီလက်ထရွန်ဟာ ပျက်သွားပြီးတော့ နောက်တခုက သူနဲ့ ဆုံမိတဲ့ အီလက်ထရွန်ရဲ့ဟိုဘက်မှာ အသစ်ဖြစ်ပြီး ဆက်လှည့်သွားတယ်။ သို့သော်လဲပဲ သာမာန်အားဖြင့် ကြည့်ရင် အဲဒါကိုပဲ အီလက်ထရွန်တခုက အီလက်ထရွန်တခုကို သူ့လမ်းကြောင်းမှာ ဖြတ်သွားတယ်လို့ ထင်ရတယ်တဲ့။ အမှန်က အဲဒီလို ဖြတ်တာ မဟုတ်ဘူးတဲ့။ ဒီဘက်မှာ ရှိတဲ့ အီလက်ထရွန်ဟာ ဒီဘက်မှာပဲ ပျက်သွားပြီးတော့ ဟိုဘက်မှာ အီလက်ထရွန်အသစ် ဖြစ်တယ်တဲ့၊ ဒါကို သိပ္ပံပညာက စမ်းသပ်ပြီး တွေ့ရတယ်။

အဲဒီ အီလက်ထရွန်ဟာ သူ့လမ်းကြောင်းအတိုင်း ဖြတ်ပြီးသွားပြန်တော့လဲ နောက်အီလက်ထရွန် တခုနဲ့လမ်းကြောင်းချင်း ဆုံမိပြန်ရင် တခါ ပျက်ပြန်ရော။ပျက်ပြီးတော့ သူဆုံမိတဲ့ အီလက်ထရွန်ရဲ့ ဟိုဘက်ဘေးမှာပဲ အသစ်ဖြစ်ပြီးတော့ တခါ ဆက်ပြီး သွားပြန်တယ်တဲ့။ ဒါ တွေ့ရတယ်။

လမ်းကြောင်းချင်း မဆုံမိတဲ့အခါမှာ ဒီအီလက်ထရွန်ဟာ မပျက်ဘဲနဲ့ ဒီအတိုင်းပဲ တတန်းတည်း လှည့်ပြီးနေသလားဆိုတော့ မဟုတ်ဘူး။ မဆုံမိတဲ့အခါမှာလဲ ပျက်တာပဲ၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ အရှိန်က မြန်လွန်းလို့လမ်းကြောင်းချင်း မဆုံမချင်း ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို မတွေ့နိုင်၊ မသိနိုင်ဘဲ ဖြစ်နေတာ၊ တဖြစ်တည်း ဖြစ်၊ တပျက်တည်း ပျက်နေတာ။

အမှန်တော့ အဲဒီကြားထဲမှာလဲပဲ ဒီအီလက်ထရွန်ရဲ့ The process of arising and passing away ဆိုတဲ့ ဖြစ်ပြီးပျက်တဲ့ အစဉ်ဟာ ရှိနေတာပဲ၊ အဲဒီ ဖြစ်ပြီးပျက်တဲ့ အစဉ်ကို ဘယ်ကျမှ သွားသိရသလဲဆိုရင် နောက်အီလက်ထရွန် တခုနဲ့ ဆုံမိတဲ့အခါကျမှ သွားတွေ့ရတယ်။ အဲဒီလို ဆုံမိတဲ့အခါကျတော့ တဆက်တည်း တန်းပြီး ဖြစ်နေလို့ မရလို့သာ ပျက်သွားတာကို သွားသိရတာ။ ဒီတော့ အဲဒါ ထောက်ခြင်းအားဖြင့် ရုပ်ပစ္စည်းတွေဟာ စက္ကန့်နဲ့အမျှ ဖြစ်ဖြစ်ပြီး တော့ ပျက်ပျက်သွားတယ်။ အဲဒီ ပျက်နေတဲ့ နေရာမှာ အသစ်တွေ အစားထိုး ပြီးတော့ ဖြစ်ဖြစ်လာတယ်ဆိုတာ ထင်ရှားတယ်။

သို့သော်လဲ ဖြစ်ပြီးပျက်တဲ့ အရှိန်အဟုန်က မြန်တဲ့အတွက် ဖြစ်တာ ပျက်တာကို ပကတိမျက်စိနဲ့ မတွေ့ရဘူး။ တချို့ ဖြစ်တာပျက်တာကို အဏုကြည့် မှန်ပြောင်းနဲ့လဲ မတွေ့ရဘူး။ မတွေ့ရတော့ ဖြစ်ပြီးပျက်မှု မရှိဘဲ တတန်းတည်း ဒီရုပ်တွေ ဒီအတိုင်းပဲ တည်မြဲနေတယ် လို့ ထင်ရတယ်။*

---

* ဤ အက်တမ်နှင့် ပတ်သက်သော အချက်အလက်များကို ဘုန်းကြီး ဖတ်မိသလောက် နားလည်သလောက်ကိုသာ ရုပ်ဖြစ်မှု ပျက်မှု ထင်ရှားစေလို၍ ထည့်သွင်းပြောခြင်း ဖြစ်ပါသည်။ သေသေချာချာ နားလည်၍ ပြောခြင်း မဟုတ်ပါ။

**ဓာတ်ခွဲခန်း မပါဘဲနှင့်** ဗုဒ္ဓမြတ်စွာကတော့ ဒီရုပ်တွေဟာ တစက္ကန့်ရဲ့ အပုံတသန်းပုံ တပုံတောင် မကြာဘဲ ချက်ချင်း ဖြစ်ပြီးတော့ ချက်ချင်းပျက်တယ်၊ ချက်ချင်းပျက်ပြီး ချက်ချင်းဖြစ်တယ်ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၇၀ ကျော် ကတည်းက ဓာတ်ခွဲခန်းမပါဘဲနဲ့ သိမြင်ပြီးတော့ ဟောတော်မူခဲ့ပါတယ်။

ဗုဒ္ဓအဘိဓမ္မာမှာတော့ ရုပ်တရားရဲ့ ဖြစ်ပြီးပျက်တဲ့ အချိန်ဟာ ဘယ်လောက်ကြာသလဲဆိုရင် စိတ်တခုဖြစ်ပြီး ပျက်တဲ့ အကြိမ်ပေါင်း ၁၇ ကြိမ်လောက် ကြာသတဲ့။

ဆိုလိုတာက ရုပ်တရားဖြစ်ပြီး ပျက်တာဟာ နာမ်တရားဖြစ်ပြီး ပျက်တာထက် အချိန် ၁၇ဆလောက်ကို ကြာတယ်။ တနည်းပြောမယ်ဆိုရင် နာမ်တရားဖြစ်ပြီး ပျက်သွားတာဟာ ရုပ်တရားဖြစ်ပြီး ပျက်သွားတာထက် အဆပေါင်း ၁၇ဆ မြန်တယ်လို့ ဆိုလိုပါတယ်။ ဒါကိုလဲ စဉ်းစားကြည့်ရင် သိနိုင်တာပဲ။ ရုပ်ရဲ့လျင်မြန်မှုဟာ နာမ်ရဲ့လျင်မြန်မှုကို လိုက်မမီဘူး။ ရုပ်ထဲမှာ ဆိုကြပါစို့၊ အလင်းရောင်ဟာ အမြန်ဆုံးပဲ။ သူဟာ အသံထက်လဲမြန်တာပဲ။ အလင်းရောင်ဟာ အရောင်ဆိုသဖြင့် အဆင်းရုပ်ပဲ။ ရုပ်တမျိုးပဲ။ အဲဒီအလင်းဟာ ဘယ်လောက် မြန်သလဲဆိုရင် တစက္ကန့်မှာ မိုင်ပေါင်း ၁၈၆,၀၀၀ သွားနှုန်းရှိတယ်။

စိတ်က အခု ဒီနေရာမှာပဲ ထိုင်စကားပြောရင်း ရုရှားကို စဉ်းစားလိုက်၊ တစက္ကန့်ရဲ့ အပုံတသန်းပုံ တပုံတောင် မကြာတဲ့ အချိန်အတွင်းမှာ ကရင်မလင် နန်းတော်ကို ဖြုတ်ခနဲ သွားတွေ့တယ်။ အဲဒီလောက် မြန်တယ်။

ဒါပေတဲ့ ဒီနေရာက ဖြတ်ကနဲ လင်းလိုက်တဲ့ အလင်းဟာ အခုပြောခဲ့တဲ့ အချိန်အပိုင်းအတွင်းမှာ ဒီရုရှားထိအောင် သွားလင်းနိုင်မလား၊ မလင်းနိုင်ဘူး၊ အဲဒါကြည့်ခြင်းအားဖြင့် စိတ်ရဲ့ ဖြစ်မှုပျက်မှုဟာ ပိုမြန်တယ်ဆိုတာ ထင်ရှားတယ်။

ဒါကြောင့်လဲ မြတ်စွာဘုရားက ဟောတော်မူခဲ့တယ်။ **"ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာပိ န သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တံ။" "စိတ်ရဲ့ ဖြစ်မှုပျက်မှု လျှင်မြန်တာဟာ ဥပမာပြဖို့တောင် မလွယ်ဘူး"**တဲ့။ အလင်း

လျှင်မြန်တာကို တိုင်းတာလို့ရသေးတယ်။ စိတ်ရဲ့ လျှင်မြန်မှုကိုတော့ ဘယ်လိုမှ တိုင်းတာလို့ မရဘူး။ စိတ်မြန်လိုက်တာဟာ ဥပမာဆောင်ပြဖို့တောင် အလွန်ခက်သတဲ့။ မြန်တယ်ဆိုတာ ဖြစ်ပြီး ပျက်သွားတာ မြန်တာကိုပြောတာ။

ဒီတော့ အခု ဒါလောက်ပြောလာတဲ့ စကားစဉ်အရ ဘာသိရသလဲ ဆိုတော့ တရား မရှုမှတ်တောင်မှပဲ အခုပြောခဲ့တဲ့ အချက်အလက်တွေကို ဆင်ခြင်ကြည့်ခြင်း အားဖြင့် ရုပ်တရားလဲ တစက္ကန့်တောင် တည်တံ့မနေဘူး။ အမြဲဖြစ်ပြီး ပျက်တာပဲ။ နာမ်တရားဆိုတဲ့ စိတ်လဲပဲ တစက္ကန့်တောင် တည်တံ့မနေဘူး။ ဖြစ်ပြီး ပျက်တာပဲဆိုတာ သေချာသွားပြီ၊ ထင်ရှားသွားပြီ။ တရားရှုမှတ်ရင်တော့ ကြိုးစားရင် ကြိုးစားသလောက် ဉာဏ်ထက်ရင် ထက်သလောက် ဒီအဖြစ်အပျက် တွေကို အင်မတန်ကို လျှင်လျှင်မြန်မြန် ဖြစ်ပျက်နေတာကို တွေ့ရတယ်။

**ယောဂီတို့ကိုယ်တွေ့** အခု ဒီမှာ အားထုတ်နေတဲ့ ယောဂီတွေကတော့ ဘုရားရှင် မဟာသတိပဋ္ဌာနသုတ်တော်မှာ ဟောတော်မူထားတဲ့အတိုင်း အရှိကို အရှိအတိုင်း သတိနဲ့ စောင့်ရှုကြတာပါ။ သတိနဲ့ စောင့်ရှုတာဆိုတော့ လက်ကို ကွေးရင် "ကွေးတယ်၊ ကွေးတယ်"လို့ လက်ကွေးတာကို သတိနဲ့ စောင့်ပြီးရှုတယ်။

လက်ကိုဆန့်ရင် "ဆန့်တယ်၊ ဆန့်တယ်"လို့ သတိနဲ့ စောင့်ရှုတယ်။ လက်ကိုမြှောက်ရင် "မြှောက်တယ်၊ မြှောက်တယ်"လို့ စူးစူးစိုက်စိုက် သတိနဲ့ စောင့်ရှုတယ်။

အဲဒီလို သူ့အရှိကို အရှိသဘာဝအတိုင်း ရှုတာဖြစ်တော့ နာမ်တရား ကိုရော ရုပ်တရားကိုပါ မလွတ်အောင် ရှုဖို့ရာ ညွှန်ကြားတယ်။ လက်ကွေးရင် မကွေးခင် ကွေးချင်တဲ့စိတ်ကလေး၊ နာမ်တရားလေးဖြစ်တယ်။ အဲဒီ နာမ်တရား၊ စိတ်ကလေးကိုပါ မလွတ်အောင် ရှုရတယ်။ မကွေးခင် ကွေးချင်တဲ့ စိတ်ကလေးကို မိအောင် ရှုရတယ်။ "ကွေးချင်တယ်၊ ကွေးချင်တယ်"လို့ ကွေးချင်တဲ့စိတ်

ဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း သတိနဲ့ စောင့်ရှုတယ်။ ပြီးတော့မှ သူ့နောက်က ကွေးမှုဖြစ်လာတော့ အဲဒီကွေးမှုကို "ကွေးတယ်၊ ကွေးတယ်"လို့ ကွေးတဲ့ရုပ် မပြီးမဆုံးချင်း ကွေးတာကို အရှိအတိုင်း စူးစူးစိုက်စိုက် ရှုရတယ်။

အဲဒီလိုပဲ ယောဂီတွေ ရှုကြတယ်။ "ကွေးချင်တယ်၊ ကွေးချင်တယ်"လို့ ကွေးချင်တဲ့စိတ်ကို နှစ်ကြိမ်လောက် ရှုလိုက်တယ်။ လက်ကွေးတဲ့အခါကျမှ "ကွေးတယ်၊ ကွေးတယ်"လို့ ကွေးမှု မပြီးမချင်း ကွေးမှုကို သတိနဲ့ကပ်ပြီး စောင့်ရှုတယ်။ ဒါကို တရားစကားလုံးနဲ့ အင်္ဂလိပ်လိုက mindfullness လို့ သုံးကြတယ်။ စောင့်ရှုတာပဲ၊ အမှန်တော့ လက်ကွေးတာကို mindfullလုပ်တယ်၊ watch လုပ်တယ်ပေါ့။ observe လို့လဲ သုံးတယ်။

**ကွေးချင်တဲ့စိတ်နှင့် ကွေးမှု**

အဲဒီလို စောင့်ရှုတဲ့အခါ တချို့ ယောဂီတွေ ဘယ်လို လျှောက်ကြသလဲဆိုတော့ "ကွေးချင်တယ်"လို့ တပည့်တော်က တချက် ရှုလိုက်ပါတယ်၊ အဲဒီလို တချက်ပဲ ရှုလိုက်ပေတဲ့ ကွေးချင်တဲ့စိတ် ဖြစ်ပြီး ပျက်သွားတာတွေ အများကြီး တွေ့ရပါတယ်ဘုရားတဲ့။

ဒါက ဉာဏ်ထက်တဲ့ယောဂီ။ (ဉာဏ်မထက်တဲ့ယောဂီကျတော့ ဒီလောက်ကြီး မတွေ့ပါဘူး။) ကွေးချင်တယ်လို့ ဒီတချက်ရှုတဲ့ အချိန်ကလေးဟာ ဘယ်လောက် ကြာတတ်သလဲဆိုရင် နှစ်စက္ကန့်လောက် ကြာတတ်တယ်။ ပျမ်းမျှခြင်းအားဖြင့် အဲဒီလောက်အတွင်းမှာပဲ ကွေးချင်တယ်ဆိုတဲ့စိတ်ဟာ တခုတည်းဖြစ်တာ မဟုတ်ဘူး၊ အများကြီး ဖြစ်ပြီးတော့ ပျက်သွားတာ။ ယောဂီက "ကွေးချင်စိတ်တွေ အများကြီး တွေ့ရပါတယ်ဘုရား"တဲ့။ ဒီယောဂီက သူဟာ ဒီနည်းကို အားမထုတ်ဘူးသေးတော့ အဲဒီလိုတွေ့တာ မှန်မှမှန်ရဲ့လားလို့ သူ သံသယရှိတယ်။ ဒါကြောင့် "တပည့်တော် ရှုတာ မှတ်တာတွေများ မှားနေသလား မသိဘူးဘုရား"လို့ လျှောက်တယ်။ တကယ်တော့ ရှုတာလဲမှန်တယ်၊ တွေ့တာလဲ မှန်တယ်။

အဲဒီအတိုင်းပဲ ကွေးချင်တယ်လို့ ရှုလိုက်တဲ့ နှစ်စက္ကန့်လောက် အချိန်ကလေး အတွင်းမှာပဲ ကွေးချင်တယ်ဆိုတဲ့ စိတ်တွေ မြောက်မြားစွာ ဖြစ်ပြီးတော့ ပျက်ပျက်သွားတာကို ဝိပဿနာရှုတဲ့အခါမှာ တွေ့ရတယ်။ ဘယ်သူရှုရှု စူးစူးစိုက်စိုက် ရှုရင်တော့ တွေ့တာပဲ။ ကြိုးလဲကြိုးစားတယ်၊ ဉာဏ်လဲထက်တယ် ဆိုရင် ထက်သလောက် အတွေ့ရှင်းတယ်။ ဝီရိယလျော့ပြီး ဉာဏ်ကလဲ သိပ်မထက်ဘူး ဆိုရင်တော့ သိပ်မရှင်းဘူး။

ဒီတော့ အဲဒီလို ဝိပဿနာရှုတဲ့ ယောဂီတွေရဲ့ ဉာဏ်အတွေ့ကို ကြည့်ခြင်းအားဖြင့်လဲပဲ ဒီနာမ်တရားနဲ့ ဒီရုပ်တရားတွေဟာ ဖြစ်ဖြစ်ပြီးတော့ ပျက်ပျက်သွားတာချည်းပဲ၊ တစက္ကန့်ရဲ့ အပုံတသန်းပုံ တပုံတောင်မှ တည်တဲ့မနေဘူးဆိုတာ ထင်ရှားတယ်။

**မရှုရင်မြဲတယ်ထင်** သို့သော်လဲ မရှုမှတ်ဘဲ သာမန်ကြည့်နေတဲ့ အခါ ကျတော့ ဒီရုပ်ကြီးလဲ အမေမွေးကတည်းက ဒီရုပ်ဒီရုပ်ပဲ၊ ကြီးလာတာ ရင့်လာတာပဲထူးတယ်။ ဒီလက်မောင်းကြီးကလဲ ဒီအတိုင်းပဲ၊ ဒီနားရွက်ကလဲ ဒီအတိုင်းပဲ၊ ဒီမျက်စိ ဒီနှာခေါင်းကလဲ ဒီအတိုင်းပဲ၊ ဘာမှ မပျက်စီးဘူး၊ တည်တဲ့ခိုင်မြဲနေတယ်လို့ ဒီလို အောက်မေ့ရတယ်။

စိတ်အနေနဲ့ ကြည့်ပြန်ရင်လဲ အမေမွေးကတည်းက ဒီစိတ်ဟာ ဒီစိတ်ပဲလို့ ထင်ရတယ်။ ဒီစိတ်ဟာ ဖြစ်ပြီး ပျက်သွားတာမဟုတ်ဘူးလို့ ဒီလိုပဲ ထင်ရတယ်။ အဲဒီအထင်တွေကို အမှန်အတိုင်းသိချင်ရင် ဘာလုပ်ရသလဲဆိုတော့ ခုနကပြောသလို အရှိအတိုင်း မပြတ် စောင့်ကြည့်ရတယ်။ မပြတ် စောင့်ကြည့်တဲ့ အခါကျတော့ သူတို့ကို အရှိသဘာဝအတိုင်း သိလာတယ်။ ဖြစ်ချည် ပျက်ချည်နဲ့ အစဉ်အမြဲ ပြောင်းလဲနေတာကို တွေ့လာ သိလာရတယ်။

ဒါကို ထောက်ခြင်းအားဖြင့် ရုပ်လဲပဲ ဖြစ်ပြီး ပျက်တယ်၊ ပျက်ပြီးတော့ တခါ အသစ်ပြန်ဖြစ်တယ်။ နာမ်လဲပဲ ဖြစ်ပြီး ပျက်တယ်၊ ပျက်ပြီးတော့ တခါ အသစ်ပြန်ဖြစ်တယ်ဆိုတာ ထင်ရှားတယ်။

**သတိပြုဖို့** ဒီတော့ ဒီနေရာမှာ သတိပြုဖို့ ရှိတာလေး တခုက ဘာလဲလို့ ဆိုတော့ ရုပ်တရားဟာ ဖြစ်ပြီး ပျက်သွားရင် တခါတည်း ပုံကျသွားပါလား။ ဘာလို့ နောက်ထပ်ပြန်ပြီး ဖြစ်သလဲ၊ နာမ်တရားလဲ ဖြစ်ပြီး ပျက်သွားရင် ရုပ်သွားပါလား၊ ရုပ်မသွားဘဲနဲ့ ဘာကြောင့် အသစ် ပြန်ဖြစ်သလဲ။ အဲဒီအချက်ကလေး နည်းနည်း သတိပြုဖို့ လိုတယ်။

ဒီတော့ ဘာကြောင့် ပျက်သွားပြီးတော့ ဒီအပျက်မှာ ရုပ်တန့်မနေဘဲ နောက်ထပ်ပြန်ပြီး အသစ် ဖြစ်ရသလဲ။ ရုပ်တရားလဲပဲ ဖြစ်ပြီး ပျက်သွားပြီးတော့ ဒီအပျက်ထဲမှာ ရုပ်မနေဘဲနဲ့ ဘာကြောင့် အသစ် ဖြစ်သလဲ။ အကြောင်းရှိလို့။ အဲဒီအကြောင်းကိုလဲ ဘုရားရှင်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၇၀ ကျော်လောက်က ဟောခဲ့တယ်။

**ပဋ္ဌာန်းပစ္စည်း** အဲဒီအကြောင်းက ပဋ္ဌာန်းဒေသနာတော်မှာ ပါတယ်။ **နတ္ထိပစ္စယော၊ ဝိဂတပစ္စယော** တဲ့။ မရှိခြင်းအားဖြင့် အကျိုးဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်တဲ့ အကြောင်းတရား= **နတ္ထိပစ္စည်း**။ ကင်းခြင်းအားဖြင့် အကျိုးဖြစ်ပေါ်အောင် ကျေးဇူးပြုတတ်တဲ့ အကြောင်းတရား= **ဝိဂတပစ္စည်း**။ ရှေ့ရုပ် ရှေ့နာမ် ပျက်သွားတော့ မရှိတော့ဘူး၊ ဒီတော့ နောက်ရုပ် နောက်နာမ် ဖြစ်ဖို့ရာ အကြောင်း ဖြစ်လာတယ်။ တကယ်လို့သာ ရှေ့ရုပ် ရှေ့နာမ် မပျက်ဘဲ ရှိနေဆဲဆိုရင် နောက်ရုပ် နောက်နာမ် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါကြောင့် ရှေ့က ရုပ်နာမ် ပျက်သွားခြင်း၊ မရှိခြင်းက အကြောင်းအနေနဲ့ နောက်က ရုပ်နာမ် ဖြစ်ပေါ်ခြင်းဆိုတဲ့ အကျိုးတရားကို ကျေးဇူးပြုပေးလိုက်တယ်။

**ဝိဂတပစ္စည်း**ဆိုတာလဲ အတူတူပါပဲ။ ရှေ့က ရုပ်နာမ်ရဲ့ မရှိခြင်း ကင်းနေခြင်းက အကြောင်း၊ နောက်က ရုပ်နာမ် ဖြစ်ပေါ်ခြင်းက အကျိုး။ ဒီနေရာမှာ ရှေ့ရုပ် ရှေ့နာမ် မရှိတဲ့နောက် ဘာမှ ကြားက ခြားနေတာ မရှိဘဲ နောက်က ကပ်လျက် ရုပ်သစ် နာမ်သစ် ဖြစ်စေတဲ့ အကြောင်း **အနန္တရပစ္စည်း**၊ **သမနန္တရပစ္စည်း**များလဲ အကျုံးဝင်ပါတယ်။

**ပျက်ပြီး ဘာကြောင့် ပြန်ဖြစ်သလဲ** ရှင်းရှင်း အကျဉ်းချုပ် ပြောရရင် ရှေ့ရှေ့ ရုပ်တရား ရှေ့ရှေ့နာမ်တရား ပျက်သွားခြင်းသည်ပင်လျှင် နောက်နောက် ရုပ်တရား နောက်နောက် နာမ်တရား ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းပဲ။ တကယ်လို့သာ ရှေ့ရုပ်ရှေ့နာမ် မပျက်ဘူးဆိုရင် နောက်ရုပ် နောက်နာမ်ဟာ ဘယ်နည်းနဲ့မှ အသစ် မဖြစ်နိုင်ဘူး။ ဖြစ်ပေါ် မလာနိုင်ဘူး။ ဒီတော့ ထပ်ဆင့်ပြီး စဉ်းစားစရာလေးတွေက ဘာလဲဆိုတော့ ရှေ့ရုပ်တရား၊ နာမ်တရား ပျက်သွားတာနဲ့ နောက်ရုပ်တရား၊ နာမ်တရား ဖြစ်ပေါ်ရတယ်။ ဟုတ်ပြီ။ သို့သော် ဘာကြောင့် ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်ရတာလဲ၊ ထပ်ဆင့်ပြီးတော့ အကြောင်းတခု စဉ်းစားစရာ ရှိတယ်။

**အားနှင့် အရှိန်** ဒီတော့ အဲဒီမှာ ဘာတွေ့သလဲဆိုတော့ အခုန အဏုမြူကို ပြန်ကြည့်။ အီလက်ထရွန်တခုနဲ့ တခု လမ်းကြောင်းကို ဖြတ်တဲ့အခါမှာ ဖြတ်တဲ့ အီလက်ထရွန်ဟာ သူနဲ့ တွေ့ဆုံတဲ့ အီလက်ထရွန်ရဲ့ ဒီဘက်မှာပဲ အတိအကျ ပျက်သွား ပြတ်သွားပြီးတော့ နောက် အဖြတ်ခံရတဲ့ အီလက်ထရွန် လမ်းကြောင်းရဲ့ ဟိုဘက်မှာ အသစ် ပြန်ပြီးဖြစ်တယ်။ ဒီတော့ ဒီဘက်က အီလက်ထရွန်ဟာ ဖြစ်ချည်ပျက်ချည်နဲ့ အရှိန်အဟုန် ကောင်းကောင်းနဲ့ တစဉ်တတန်းတည်း လှည့်သွားပြီးတော့ ဟို အီလက်ထရွန်နဲ့ လမ်းမှာ ဆုံလဲ ဆုံမိရော ဒီက အီလက်ထရွန်ဟာ ပျက်သွားပြီး အဲဒီလှည့်နေတဲ့ အရှိန်က အားကောင်းတော့ကာ အဲဒီအရှိန်ကြောင့် ဟိုဘက်မှာ အသစ်တခု သွားဖြစ်တယ်။အရှိန်ပဲ။ တနည်းဆိုရင် **အား** ပေါ့။ ဒီအရှိန်ဟာ ဘယ်နေရာမှာ ဖြစ်ဖြစ် အတော်ကလေး အရာရောက်တယ်။

ဘုန်းကြီးတို့ ဒီဆေးပညာ ခန္ဓာဗေဒအပိုင်းမှာလဲ ကြည့်။ ဆေးပညာမှာ nervous Systemအာရုံကြော အဖွဲ့အစည်းမှာ မျက်စိနဲ့ တစုံတခုကို မြင်လိုက်ရတဲ့ အခါမှာ မျက်စိနဲ့ မြင်ရတဲ့ အဆင်းကို မျက်စိဆိုင်ရာ အာရုံကြောက ဦးနှောက်ဆီ ပို့ပေးတယ်။ ဦးနှောက်ဆီ ဘာပို့ပေးသလဲ ဆိုတော့ အဆင်းနဲ့ မျက်စိအကြည်

တိုက်ဆိုင်မိရာက ဖြစ်ပေါ်လာတဲ့ အရှိန်၊ အဲဒီအရှိန်(Impulse)ကို ပို့ပေးတယ်။ အဲဒီ အားအရှိန်ဟာ အာရုံကြောအတိုင်း သွားပြီး ဦးနှောက်ရဲ့ သက်ဆိုင်ရာ အစိတ်အပိုင်းကို ရောက်သွားတော့ အသိစိတ်ကလေး ဖြစ်ပေါ်လာပြီး ဒါအဆင်းပဲလို့ ဒီလို သိတယ်။ ဒီလို သိတာဟာ ဦးနှောက်က သိတာ မဟုတ်ဘူး၊ စိတ်က သိတာ။

Impulse ကို Impetus လို့ အဘိဓာန် ဖွင့်တယ်။ ဒါကို ဘယ်လို ဘာသာပြန်သလဲဆိုတော့ စေ့ဆော်မှု၊ နှိုးဆော်မှုလို့ ဘာသာပြန်ကြတယ်။ အဲဒီ Impulse, Impetusဟာ **အားအရှိန်**ပဲ။ မျက်စိနဲ့ အဆင်းနဲ့ ဆုံမိလိုက်တဲ့အခါမှာ အဲဒီဆုံမိခြင်းကြောင့် အဲဒီ မျက်စိခေါ်တဲ့ စက္ခုအကြည်မှာ ရှိတဲ့ အာရုံကြောကို ရိုက်ခတ်မိလိုက်တယ်။ အဲဒီ ရိုက်ခတ်လိုက်တဲ့ အားအရှိန်ဟာ ဦးနှောက်ကျအောင် ရောက်သွားတယ်။ အဲဒီမှာလဲပဲ အဲဒီ အရှိန်သဘောကို တွေ့ရတယ်။

ဒီတော့ ရှေ့ရုပ်နာမ်တရား ပျက်ခြင်းဟူသော အကြောင်းကြောင့် နောက်နာမ်တရားတခု ဖြစ်ရတယ်ဆိုတာ ကြားထဲမှာ အကြောင်းတရား ငုပ်နေတယ်။ အဲဒီ ငုပ်တာ ဘာလဲဆိုတော့ အရှိန်ပဲ။ရှေ့နာမ်တရားဟာ သူ့ရဲ့ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက် အစဉ်အတိုင်း တရှိန်တည်း တတန်းတည်း ဖြစ်လာပြီး သူပျက်သွားတယ်။ ဒါပေမယ့် အရှိန်က ရှိနေတော့ သူပျက်ခြင်း ကြောင့်ပဲ နောက်အသစ် ထပ်ပြီးတော့ ဖြစ်ရတယ်။ အဲဒါ အရှိန်ကြောင့် ဖြစ်တာပဲ။ ဒီအရှိန်ဟာ အင်မတန် တာသွားတယ်။

ဥပမာ နောက်တခု ကြည့်ဦး၊ သံလိုက်ဓာတ်။ သံလိုက်တခုနားကို သံမှုန်ကလေးတွေ အပ်ကလေးတွေ ဘယ်လို ရောက်လာသလဲ။ သံလိုက်နဲ့ မထိရသေးဘူး။ သံလိုက်နဲ့ သုံးလက်မ လေးလက်မ အကွာမှာပဲ ရှိသေးတယ်။ အဲဒီ သံမှုန်တွေက သံလိုက်ကို ပြေးပြီး သွားထိတယ်။ သံလိုက်ကြီးက သံမှုန်တွေကို ပြေးကပ်ပြီး ခေါ်လို့လား။ မဟုတ်ဘူး၊ ဒါဖြင့် ဘာလဲ၊ အဲဒါ သံလိုက်ရဲ့ အားအရှိန်ပေါ့။

ဒီတော့ ရှေ့နာမ်တရား ပျက်ပြီးတော့ နောက်နာမ်တရား ဖြစ်တယ်။ ရှေ့ရုပ်တရား ပျက်ပြီးတော့ နောက်ရုပ်တရား ဖြစ်တယ်ဆိုတာ ရှေ့ရုပ်တရား နာမ်တရား ပျက်ခြင်းဟာ အကြောင်း၊ မှန်တယ်။ အဲဒီ အကြောင်းကြောင့်ပဲ နောက်ရုပ်တရား နာမ်တရားဖြစ်ရတယ်။ ဒီတော့ ကြားထဲမှာ အကြောင်းက ဘာလဲလို့ဆိုတော့ ရှေ့က ပါလာတဲ့ အရှိန်ပဲ။ အဲဒီအရှိန်ကြောင့် ရှေ့က ပျက်ရင် နောက်က အသစ် ဖြစ်တာပဲ။

တနည်းပြောရရင်တော့ ဒီလို ရှေ့စိတ် ပျက်ပြီး နောက်စိတ် အသစ် ဖြစ်တာဟာ စိတ္တနိယာမ၊ စိတ်ဖြစ်စဉ်ရဲ့ ဖြစ်မြဲဓမ္မတာလို့လဲ လွယ်လွယ် ပြောနိုင်ပါတယ်။ နာမ်တရား တခုဟာ ပျက်ပြီးရင် နောက်ထပ် ဘာလို့ ဖြစ်ရသလဲ။ ပျက်သွားပြီးရင် နောက်ထပ် မဖြစ်ဘဲ နေပါလား။ မဖြစ်ဘဲ မနေဘူး။ ရုပ်တရား တခုဟာ ပျက်ပြီးတော့ နောက်ထပ် မဖြစ်ဘဲ နေပါလား၊ ဘာလို့ မဖြစ်ဘဲ မနေသလဲ၊ ဘာကြောင့် နောက်ထပ် အသစ်တခု ဖြစ်ရသလဲ။ အဲဒါ ရုပ်နာမ် ဖြစ်စဉ်ရဲ့ ဖြစ်မြဲဓမ္မတာနိယာမမို့ ဒီလို ဖြစ်တာပဲ။

**ဥပမာ** နောက်တခု ကြည့်စို့။ အသင်းတခုမှာ ဥက္ကဋ္ဌ ရှိတယ်။ အတွင်းရေးမှူးရှိတယ်။ ဘဏ္ဍာရေးမှူးရှိတယ်။ စည်းရုံးရေးမှူး စသဖြင့် ရှိတယ်။ ဒီအသင်းဟာ အသင်း ဥက္ကဋ္ဌ၊ အသင်း အတွင်းရေးမှူးနဲ့ အလုပ် လုပ်နေရတယ်။ ဆိုကြပါစို့၊ အတွင်းရေးမှူးဟာ အကြောင်းမညီညွတ်လို့ နှုတ်ထွက်သွားရပြီ။ အဲဒီအသင်းမှာ အတွင်းရေးမှူး မရှိတော့ဘူး၊ ဒီတော့ အတွင်းရေးမှူး မရှိဘဲနဲ့ ဒီအသင်းဟာ ဒီအတိုင်း အလုပ်လုပ်လို့ ရမလား၊ မရဘူးလား။ (မရပါဘုရား)။ မရဘူးဆိုတော့ ဘာလုပ်ရမလဲ။ အတွင်းရေးမှူးအသစ် ခန့်ရမယ်။ ဒီတော့ အတွင်းရေးမှူးအသစ် ဖြစ်ပေါ်လာရခြင်းဟာ ဘာကြောင့်လဲ။ အတွင်းရေးမှူးဟောင်း ပျက်သွားခြင်း၊ မရှိခြင်းကြောင့် အသစ် ဖြစ်ပေါ်လာရတာပဲ။ ဟုတ်တယ် မဟုတ်လား။ အတွင်းရေးမှူးဟောင်း မရှိခြင်း၊ ပျက်သွားခြင်းဟာ အကြောင်း၊ အတွင်းရေးမှူး အသစ် ဖြစ်လာခြင်းဟာ အကျိုး။ ဒါ ဘယ်သူကမှ လုပ်ပေးလို့ ရတာ မဟုတ်ဘူး။ သူ့သဘာဝနဲ့သူ ဖြစ်လာတာ။

ဥက္ကဋ္ဌ နှုတ်ထွက်သွားရင်လဲ ဥက္ကဋ္ဌအသစ် ဖြစ်လာရလိမ့်မယ်။ဘဏ္ဍာရေးမှူး နှုတ်ထွက် သွားရင်လဲ ဘဏ္ဍာရေးမှူးအသစ် ဖြစ်လာရလိမ့်မယ်။ ဒါ ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်တဲ့ ဓမ္မတာ သဘာဝနိယာမပဲ။

**အဟောင်းချုပ် အသစ်ဖြစ်**

ဒီအတိုင်းပဲ။ သတ္တဝါမှာလဲပဲ ရုပ်အသစ်၊ နာမ်အသစ် ဖြစ်ရခြင်းဟာ ရုပ်အဟောင်း၊ နာမ်အဟောင်း ပျက်သွားခြင်းဆိုတဲ့ အကြောင်းကြောင့် ဖြစ်ရတာပဲ။ အခုဘဝ ရုပ်နာမ်အသစ်နဲ့ ဘဝအသစ် ဖြစ်ရတာဟာ ရှေ့ဘဝက ရုပ်ဟောင်း၊ နာမ်ဟောင်း၊ ဘဝဟောင်း ချုပ်ပျက်သွားလို့ ဖြစ်လာရတာပဲ။ အဟောင်းချုပ် အသစ်ဖြစ်တဲ့ နိယာမပေါ့။

ဒီတော့ ဒီဘဝ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတဲ့ အကြောင်းကြောင့် ဟိုဘက်ဘဝမှာ ရုပ်အသစ်၊ နာမ်အသစ်နဲ့ ဘဝအသစ်ဆိုတဲ့ အကျိုး ဖြစ်ရတယ် ဆိုတာဟာ ဖြစ်နိုင်တယ်၊ ယုတ္တိတန်တယ်ဆိုတာ အရင်တပတ်က ပြောခဲ့တယ်။

ဒါကြောင့် နောက်ဘဝ ရှိတယ်ဆိုတာလဲ ဖြစ်နိုင်တယ်။ တခါ နောက်ဘဝမှာ ဖြစ်ရမယ့် အကျိုးကို ဒီဘဝက အကြောင်းတရားတွေက ကျေးဇူး ပြုပေးနိုင်တယ်၊ ဖြစ်ပေါ်စေနိုင်တယ် ဆိုတာလဲ သဘာဝကျတယ်၊ ယုတ္တိတန်တယ်။

ဒါကြောင့် အတိတ်ဘဝတွေမှာ လုပ်ခဲ့တဲ့အလုပ် အတိတ်ကံ၊ ယခု လက်ရှိဘဝမှာ လုပ်တဲ့အလုပ် ပစ္စုပ္ပန်ကံတွေဟာ မုချ အကျိုးပေးတယ် ဆိုတာလဲ သဘာဝကျတယ်။ ဒီသဘောကိုလဲ ပြောခဲ့တယ်။

**နောက်ပြန်ကြည့် ရှေ့မျှော်ကြည့်**

အဲဒီလို ဘဝဟာ တဘဝတည်းနဲ့ ပြီးမသွားဘူး။ တဘဝပြီးရင် နောက်တဘဝ ဖြစ်ရတယ် ဆိုတာကို နှစ်မျိုး စဉ်းစားပြခဲ့တယ်။ တမျိုးက အတိတ်ကို ပြန်ကြည့်ပြီး အကြောင်းရှာကြည့်တော့ အတိတ်ဘဝဆိုတာ ရှိရမယ်လို့

ကြောင်းကျိုးသဘာဝအရ စဉ်းစားလို့ ရတယ်။ နောက်တခါ အနာဂတ်ကို မျှော်ကြည့်ပြန်တော့လဲ ဒီပစ္စုပ္ပန်ဘဝက အကြောင်းတရားတွေရဲ့ အကျိုးတွေ ဖြစ်ပေါ်ဖို့ရာ အနာဂတ်ဘဝဆိုတာ ရှိရမယ်လို့ ကြောင်းကျိုးသဘာဝအရ စဉ်းစားလို့ ရတယ်။

အဲဒီ အတိတ်ပြန်ကြည့်တာရော အနာဂတ်ကို မျှော်ကြည့်တာပါ နှစ်မျိုးလုံးဟာ **ကမ္မဝါဒ=ကံနှင့် ကံ၏အကျိုးတရားကို** အခြေခံတယ်။ ကြောင်းကျိုးနိယာမကို အခြေခံ စဉ်းစားခဲ့ကြတယ်။

## နောက်တဘဝ ဖြစ်ပုံ

**နောက်တဘဝ ဘယ်လိုဖြစ်သလဲ**

ဒီတော့ အခုရှင်းပြခဲ့တဲ့ စကားစဉ်အရ ကံနှင့်ကံ၏ အကျိုး ဆိုတဲ့ ကြောင်းကျိုးနိယာမပေါ် အခြေခံပြီး တမလွန် ဘဝတွေဟာ တဘဝပြီး တဘဝ မြောက်မြားစွာ ဖြစ်နိုင်တယ် ဆိုတာ နားလည်ရပြီ။ အခု တဘဝပြီး တဘဝ ဘယ်လို ဖြစ်တယ်ဆိုတာ ကြည့်ရအောင်။ လူတယောက် ဒီဘက်ဘဝမှာ ရုပ်ရောနာမ်ရော ချုပ်ငြိမ်းသွားပြီ ဆိုကြပါစို့။ အဲဒီလို ရုပ်ရောနာမ်ပါ တဘဝ တစခန်းအနေနဲ့ ချုပ်ငြိမ်းသွားတာကိုပဲ လူတယောက် သေတယ်လို့ ခေါ်ကြ ပြောကြတယ်။

ဒါဖြင့် အဲဒီလူရဲ့ ရုပ်နဲ့နာမ်က ရှင်နေတုန်းကလို ဘာလို့ ဖြစ်ချည်၊ ပျက်ချည်နဲ့ ဆက်မဖြစ်တော့တာလဲ။ ဘာကြောင့် ချုပ်ငြိမ်းသွားရတာလဲ။ အဲဒါ စဉ်းစားကြည့်ရအောင်။ လူရဲ့ခန္ဓာကိုယ်မှာ အမာခံ မဟာဘုတ်ရုပ်ကြီး

၄ ခုနဲ့ အမှီ ဥပါဒါရုပ် ၂၄ ခု ပေါင်းစပ် ပါဝင်နေတယ်။ အဲဒီအထဲမှာ **ဇီဝိတရုပ်** ဆိုတာ ပါတယ်။ **ဇီဝိတိန္ဒြေ**လို့လဲ ခေါ်တယ်။ အဘိဓမ္မာသဘောအရ ဒီ ဇီဝိတရုပ်ဟာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ပဲ။မြန်မာလိုဆိုရင် '**အသက်ရုပ်**'ပေါ့။ အင်္ဂလိပ်ဘာသာနဲ့ Physic Life လို့ ဘာသာပြန်ကြတယ်။ ဒီရုပ်က ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေ ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ ဖြစ်ပြီးပျက်ဆိုတဲ့ ဖြစ်ပျက်အစဉ်ကြီး (The process of arising and passing away of physical phenomenon)၊ အဲဒီ ဖြစ်ပျက်အစဉ်ကြီး ရပ်မသွားဘဲ ဆက်လက် ဖြစ်ပျက်နေနိုင်အောင် စောင့်ရှောက်ပေးတယ်။ ဒါကြောင့် သူ့ကို **ရုပ်တို့ရဲ့ အသက်**၊ တနည်း '**အသက်ရုပ်**'လို့ ခေါ်ကြရတယ်။ ဒါကြောင့် Life faculty of matter လို့လဲ သုံးကြတယ်။

**သေတယ်ဆိုတာ** သို့သော်လဲ တချိန်ချိန်မှာ အဲဒီလူရဲ့ အသက်ရှင်နေဖို့ ကံက ကုန်သွားလို့ ဖြစ်စေ၊ မသင့်လျော်တဲ့ ဥတု၊ အာဟာရကြောင့် ဖြစ်စေ၊ တခြား ဆန့်ကျင်ဘက်အကြောင်း တစုံတရာကြောင့် ဖြစ်စေ စိတ်နဲ့တကွ အဲဒီ ဇီဝိတရုပ် ကိုယ်တိုင်ပဲ ဆက်လက် မဖြစ်တော့ဘဲ ဖြစ်ပျက်အစဉ် တစခန်း ရပ်သွားရပြီဆိုတော့ တခြား ကမ္မဇရုပ်တွေဟာ အစောင့်အရှောက် မရှိတော့တဲ့အတွက် အဲဒီအချိန်မှာ သူတို့ရဲ့ ဖြစ်ပျက်အစဉ်လဲ ရပ်စဲသွားရတယ်။

ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်အစဉ် တစခန်းရပ်သွားတဲ့အတွက် စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်အစဉ်၊ အာဟာရကြောင့်ဖြစ်တဲ့ အာဟာရဇရုပ် အစဉ်တွေဟာလဲ တခုနဲ့ တခု မရှေးမနှောင်း အချိန်မှာပဲ ရပ်စဲကုန်ကြတော့ လူသေတယ်လို့ ခေါ်ကြရတယ်။ ဘာပဲ ကျန်တော့သလဲဆိုတော့ အအေးအပူ ဥတုကြောင့်ဖြစ်တဲ့ ဥတုဇရုပ်အစဉ်ပဲ ကျန်တော့တယ်။ ဒါကြောင့်ပဲ ရှေးက အသုဘဖိတ်စာတွေမှာ 'ဥတုဇရုပ်အလောင်းကို ဖုတ်ကျည်း သင်္ဂြိုဟ်မည် ဖြစ်ပါ၍ အသုဘရှုရန် ကြွတော်မူကြပါ'လို့ ရေးလေ့ရှိကြတယ်။

ဒီတော့ သတ္တဝါ သေတယ်ဆိုတာ ကံကြောင့်ဖြစ်တဲ့ ဇီဝိတရုပ်က ပျက်သွားလို့ တခြားကမ္မဇရုပ်တွေကို မစောင့်ရှောက်နိုင်တော့တဲ့အတွက် ရုပ်ဖြစ်စဉ် ရပ်စဲသွားတာကို သေတယ်လို့ ခေါ်ကြတာပဲ။ ဒီတော့ ရုပ်ပေါ်မှာ မှီပြီးဖြစ်ရတဲ့ စိတ်ကလဲ မှီရာ ရုပ်အစဉ် ပျက်သွားတော့ သူလဲ ဒီခန္ဓာကိုယ်က ရုပ်တွေပေါ်မှာ တည်ပြီး မှီပြီး မဖြစ်နိုင်တော့ဘဲ ဒီမှာ စိတ်ဖြစ်စဉ် တစခန်း သိမ်းသွားတယ်။ ဒီခန္ဓာကိုယ်က ဒီရုပ်ပေါ်မှာ တည်မှီပြီး စိတ်မဖြစ်နိုင်တော့ဘူး။ ဒီရုပ်ပေါ် မှီဖြစ်တဲ့ စိတ်အစဉ် ပြတ်သွားပြီ။ ဒါကြောင့် လူ သေသွားပြီလို့ ပြောကြရတယ်။ ဒါဖြင့်ရင် အဲဒီဘဝရဲ့ နောက်ဆုံးစိတ် သေစိတ် ချုပ်ပျက်ပြီးတဲ့နောက် နောက်ထပ် နာမ်တရား၊ စိတ်တခု အသစ် ဖြစ်သလား၊ မဖြစ်ဘူးလား။ ဒီဘဝ ဟိုဘဝလို့ မစဉ်းစားနဲ့။ အဲဒါကို စဉ်းစားစရာ မလိုဘူး။ လိုရင်းက နာမ်တရားသက်သက်ကို စဉ်းစားရမယ်။ ဒီစိတ်ကလေးဟာ နောက်ဆုံး သေစိတ်ကလေးအနေနဲ့ ဖြတ်ခနဲ ဖြစ်ပြီး ဖြုတ်ခနဲ ပျက်ကျသွားပြီဆိုတော့ သူ့နောက်က နောက်ထပ် စိတ်တစုံတရာ နာမ်တစုံတရာ ဖြစ်သလား၊ မဖြစ်ဘူးလား။(မဖြစ်ပါ ဘုရား)။

ဒီလိုဆိုရင် အခုနက နိယာမဟာ မှားတယ်ပေါ့။ ရှေးရှေးရုပ်၊ ရှေးရှေးနာမ်တရား ပျက်ခြင်းကြောင့် နောက်က ရုပ်တရား၊ နာမ်တရား အသစ် ဖြစ်တယ်ဆိုတဲ့ သဘာဝဟာ အဲဒီလိုဆိုရင် မှားမသွားပေဘူးလား။

**သေပြီးရင် ပြန်ဖြစ်** အခုနတုန်းက ဦးနီမှာ ဘုန်းကြီး ပြောတာကို နားထောင်တဲ့ စိတ်အစဉ် ဖြစ်နေတယ်။ ဒါပေမယ့် ဘုန်းကြီး မေးလိုက်တဲ့ အခါကျတော့ နားထောင်နေတဲ့ စိတ်အစဉ် ဘယ်ရောက်သွားသလဲ။ ရပ်မသွားဘူးလား။ ပျက်မသွားဘူးလား။(ပျက်သွားပါတယ် ဘုရား)။ ပျက်သွားပြီးတဲ့နောက် ဘာဖြစ်သလဲ။ အဲဒီမေးခွန်းကို ဖြေဖို့ စိတ်အစဉ် ဖြစ်မလာဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ ဒါဖြင့် နားထောင်တဲ့ စိတ်အစဉ် ပျက်ကျသွားပြီးတော့ နောက်ထပ် စိတ် မဖြစ်တော့ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ ဘာစိတ် ဖြစ်သလဲ။ (မေးတာကို ဖြေဖို့ စိတ် ဖြစ်ပါတယ် ဘုရား)။ ဒါဖြင့် ရှေ့စိတ် ပျက်သွားပြီးရင် နောက်စိတ် ဖြစ်သလား၊ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။

ဒီလိုဆိုတော့ သေတဲ့အခါမှာလဲ သေစိတ်ကလေး ချုပ်ပျက်သွားပြီးရင် နောက်စိတ်ကလေး ဖြစ်သလား၊ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ ဒါ သူ့နိယာမ သူ့ဓမ္မတာပဲ။ ဒီလမ်းကြောင်းဟာ ပြောင်းလို့ မရဘူး။ နောက်ဆုံး သေစိတ်ဆိုတာလေး ပျက်သွားရင် နောက်က စိတ်အသစ် တခုဟာ ဖြစ်ကို ဖြစ်ရမယ်။

ဒါကြောင့် ခုနက ပြောခဲ့တဲ့ အရင်ဘဝ ရုပ်ခန္ဓာ ချုပ်ပျက်သွားတဲ့အတွက် အဲဒီ ရုပ်ခန္ဓာမှာ မှီပြီး မဖြစ်နိုင်တော့လို့ ရပ်သွားတဲ့ စိတ်အစဉ်ဟာ အခု နောက်ဘဝ နောက်ရုပ်ခန္ဓာကို မှီပြီး တဘဝရဲ့ အစဆုံး စိတ်အသစ် လာဖြစ်တယ်။ အဲဒီအစဆုံးစိတ် ပျက်သွားပြီးတော့လဲ နောက်နောက် စိတ်အစဉ်တွေ အဆက်မပြတ် ဆက်လက် ဖြစ်ပျက်နေတယ်။ ဒီတော့ သေစိတ်ဆိုတဲ့ နယ်နိမိတ်က ပိုင်းခြားထားလိုက်တဲ့အတွက် သေစိတ်ရဲ့ အရင်အချိန်ကို ရှေးဘဝလို့ ခေါ်လိုက်တယ်။ သေစိတ်ပျက်ပြီး နောက်မှ အသစ်ဖြစ်လာတဲ့ စိတ်တွေနဲ့ သူတို့ရဲ့ မှီရာ ရုပ်တွေကကော အရင်ဘဝထဲမှာပဲလား။ (မဟုတ်ပါ ဘုရား)။ ဘယ်ရောက်သွားသလဲ။ (နောက်ဘဝ ဖြစ်သွားပါတယ် ဘုရား)။ ဒီတော့ အရင်ဘဝ ပြီးလို့ နောက်တဘဝ ဖြစ်ပုံကို သဘောပေါက်ပြီပေါ့။ (ပေါက်ပါပြီ ဘုရား)။

**အဝေးကြီး သွားပြီး ဖြစ်နိုင်တယ်**

အဲဒီတော့ မေးနိုင်တယ်။ တချို့မှာ လူဝင်စားတွေ ရှိတယ်။ တချို့ မန္တလေးမှာ သေတဲ့လူဟာ ရန်ကုန်မှာ လာဝင်စားတာ ရှိတယ်။ မြန်မာပြည်မှာ သေတဲ့လူက အိန္ဒိယမှာ သွားဝင်စားတာ ရှိတယ်။ ဒီတော့ စိတ်အနေနဲ့က အခု သေစိတ်ကလေး ဖြစ်ပြီး ဖြုတ်ခနဲ ပျက်သွားပြီးတော့ သူ့နောက်က စိတ်အသစ် ဖြစ်တာဟာ ဘယ်လောက်ကြာမလဲ၊ တစက္ကန့်ရဲ့ အပုံတသန်းပုံ တပုံမကြာဘူး၊ ဒီတော့ မြန်မာပြည်မှာ လူတယောက်က ဖြုတ်ခနဲ သေစိတ် ချုပ်သွားပြီးတော့ အဲဒီသေစိတ်ရဲ့ နောက်က ကပ်လျက် ရှင်စိတ်ကလေး နောက်ဘဝရဲ့ အစဆုံး စိတ်အသစ်ကလေး အိန္ဒိယမှာ ဖြစ်တယ်ဆိုတာ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား။

(ဖြစ်နိုင်ပါတယ် ဘုရား)။ ဖြစ်နိုင်တာပေါ့။ ဘာကြောင့်လဲ။။ စိတ်ရဲ့ ဖြစ်မှုပျက်မှုဟာ ဥပမာ မပြနိုင်လောက်အောင်ကို မြန်တယ်၊ ဒါကြောင့် ဖြစ်နိုင်တယ်။

ဒီတော့ သူ့သဘာဝအတိုင်း စဉ်းစားမယ်ဆိုရင် တဘဝနဲ့ တဘဝ ကာလခြားတာ ဘယ်လောက် ကြာသလဲ။ တနာရီလား၊ တမိနစ်လား၊ တစက္ကန့်လား။ မကြာဘူးနော်။ မကြာဘူး။ ဒီဘက်ဘဝက သေစိတ် ဖြုတ်ခနဲ ပျက်ပြီးတာနဲ့ ဟိုဘက်ဘဝမှာ ရှင်စိတ် တန်းခနဲ ဖြစ်တော့တာပဲ။ မိုင်ပေါင်း ထောင်၊သောင်း၊သိန်း၊သန်းမကလို့ ဘယ်လောက်ပဲ ဝေးတဲ့နေရာမှာပဲဖြစ်ဖြစ် တစက္ကန့် မကြာတဲ့ အချိန်ကလေးအတွင်းမှာပဲ ပဋိသန္ဓေစိတ် တန်းဖြစ်တာပဲ။

ဒီဘက်ဘဝက စိတ်ရဲ့ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက် အစဉ်ရဲ့ အရှိန်ကြောင့် သူ့နောက်က ကပ်လျက် စိတ်အသစ် တန်းဖြစ်တာပဲ။ တကယ်လို့သာ ရှေ့ကစိတ် မပျက်သေးရင်တော့ သူ မဖြစ်သေးဘူး။ ရှေ့ကစိတ်က ပျက်ပြီးတော့ နေရာ ဖယ်သွားတဲ့အတွက် စိတ်အစဉ်ရဲ့ အရှိန်ကြောင့် နောက်စိတ် ဖြစ်ရတယ်၊ ဟုတ်ကဲ့လား။

ဒါဖြင့် ဘဝတခုပြီးရင် ဘယ်လောက်လောက်ဝေးတဲ့ နေရာဖြစ်ဖြစ် နောက်ဘဝတခု ဖြစ်တယ်ဆိုတာ ဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ် ဘုရား)။

ဒီတော့ အကြောင်းက ဘာလဲ၊ ရှေ့စိတ် ပျက်သွားခြင်းသည်ပင်လျှင် နောက်ဘဝအသစ်မှာ စိတ်အသစ် ဖြစ်လာဖို့ရာ အကြောင်းတရားပဲ။ ဒီတော့ ရှေ့ဘဝမှာ နောက်ဆုံးစိတ် ပျက်ခြင်းဟာ အကြောင်း၊ နောက်ဘဝအသစ်မှာ အစဆုံးစိတ် ဖြစ်ခြင်းဟာ အကျိုး။

**နောက်ဘဝကို ဘယ်လိုရွေးမလဲ**

ဒါဖြင့် အဲဒီစိတ်က ဘယ်မှာ မှီဖြစ်သလဲ ဆိုတော့ သူ့မှာ မှီစရာရုပ်က ဟိုမှာ အဆင်သင့် ရှိတယ်။ ဘယ်မှာလဲ ဆိုတော့၊ အမိဝမ်းထဲမှာပေါ့။ ဘယ်သူက အဲဒီရုပ်ဆီကို ပို့ပေးလိုက်သလဲ၊ သူ အရင်ဘဝက ပြုလုပ်ခဲ့တဲ့ ကောင်းတဲ့အလုပ် ကုသိုလ်ကံ၊ သို့မဟုတ် မကောင်းတဲ့အလုပ် အကုသိုလ်ကံနဲ့

ဘဝတဏှာက ပို့ပေးလိုက်တာပေါ့။ အဲဒီကံကို ပြုခဲ့စဉ်က သူ့စိတ်ညွတ်ရာ သူလိုလားတောင့်တရာမှ သွားမိပြီး ဖြစ်တာပဲ။

ဒကာကြီးတွေ ကြားဖူးမှာပေါ့၊ နတ်ပြည်က **မာလဘာရီ**နတ်သားရဲ့ နတ်သမီးတဦး နန္ဒဝန်ဉယျာဉ်မှာ ပန်းခူးရင်း နဟ်သက်ကြွေ စုတေသွားပြီး လူ့ပြည်မှာ မိန်းကလေး သွားဖြစ်တယ်ဆိုတာ။ အဲဒီမိန်းကလေးက အတိတ်ဘဝကို ပြန်သိနိုင်တဲ့ ဇာတိဿရဉာဏ် ရတာမို့ သူချစ်တဲ့ နတ်သားကိုပဲ သတိရပြီး အဲဒီနတ်သားဆီမှာပဲ သူ့စိတ်က ညွတ်နေတယ်။ နတ်သားနဲ့ပဲ ပြန်ပြီး အတူနေချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ ဒါနဲ့ သူ ကုသိုလ်ပြုတိုင်း မာလဘာရီ နတ်သားထံ ပြန်ရောက်ဖို့ကိုပဲ တောင့်တပြီး ဆုတောင်းတယ်။ လူ့ပြည်မှာ သူ အိမ်ထောင်ကျ၊ ကလေးတွေ ရပြီး ကွယ်လွန်သွားတော့ **မာလဘာရီ**နတ်သားရဲ့ နတ်သမီးဘဝပဲ ပြန်ရတယ်။ **(ဓမ္မပဒ၊ ပတိပူဇိကာ အမျိုးသမီးဝတ္ထု)**။ အဲဒါဟာ သူ စိတ်ညွတ်ပြီး သူ့စိတ်က လိုလားတောင့်တရာမှာ သွားဖြစ်တဲ့ သာဓကပေါ့။

အခုခေတ်မှာ ပြည်ပထွက်ပြီး အလုပ်လုပ်တဲ့ လူတွေလိုပေါ့။ အမေရိက သွားပြီး အလုပ်လုပ်ချင်တဲ့ လူဟာ အကြောင်းမညီညွတ်သေးလို့ ထိုင်း၊ မလေးရှား၊ စင်္ကာပူ စသည်မှာ ခဏခေတ္တ နားခိုနေရပေတဲ့ အမေရိကကို ရောက်ဖို့ကိုပဲ အချိန်နဲ့အမျှ စိတ်က လိုလားတောင့်တနေတော့ အဲဒီရောက်ဖို့ကိုပဲ နည်းအမျိုးမျိုးနဲ့ ကြိုးစားတယ်။ နောက်ဆုံးကျတော့ သူရောက်လိုရာ အမေရိကကို ရောက်သွား ရတယ်။ ဂျပန်ကို ရောက်လိုစိတ် ပြင်းပြနေတဲ့ လူကလဲ သူ့ကြိုးစားမှုနဲ့ နောက်ဆုံးကျ ဂျပန်ကို ရောက်သွားရတယ်။ သူ့စိတ်က ရောက်လိုရာ ရောက်သွားတာပေါ့။ ဟိုရောက်တော့ သူတို့ပြောတာ ဘာတဲ့၊ "အိုက်တိုး ပဂေးဆံ ဇပိုးထွဲ"တဲ့။ အဲဒီလို အဆင့်အတန်းမြင့်မြင့် ဂျပန်စကားတွေတောင် တတ်ကုန်ကြသတဲ့။

ပြီးတော့ **ဓမ္မပဒ အဋ္ဌကထာ ဃောသက**နတ်သားဝတ္ထုမှာ ဖော်ပြထားတဲ့ အကြောင်းအရာ တခုကိုလဲ ဒီနေရာမှာ ထည့်စဉ်းစားသင့်တယ်။ အလ္လကပ္ပမြို့မှာ ငတ်မွတ်ခေါင်းပါးဘေးကြီး ဆိုက်တော့ အဲဒီမြို့က ဇနီးမောင်နှံနှစ်ယောက် ကောသမ္ဗီပြည်ကို ထွက်ပြေးလာကြတယ်။ အဲဒီအချိန်မှာ ပစ္စည်းဥစ္စာ ပြည့်စုံတဲ့

နွားမွေးသူတဦး နို့စားနွားမတွေကို အကြောင်းပြုပြီး ကောင်းချီးမင်္ဂလာပွဲ လုပ်နေတယ်။ ဒီမင်္ဂလာပွဲကို တွေ့တော့ ဇနီးမောင်နှံနှစ်ယောက်ဟာ အဲဒီအိမ်ထဲ ဝင်သွားတယ်။ အိမ်ရှင်က ပျူပျူငှာငှာ ကြိုဆိုဧည့်ခံပြီး ထောပတ် ဆီဦးတွေနဲ့ နယ်ထားတဲ့ ထမင်းဟင်းတွေ အစားကောင်း အသောက်ကောင်းတွေ အဲဒီ ဇနီးမောင်နှံကို ကျွေးတယ်။ ပြီးတော့ အနားမှာ ရှိနေတဲ့ သူ့အချစ်တော် ခွေးမကလေးကိုလဲ ထောပတ်ဆီဦးစတဲ့ အစားကောင်းတွေကိုပဲ ကျွေးတယ်။ ဇနီးမောင်နှံ နှစ်ယောက်အနက်က ဒကာဟာ အစားကောင်းတွေ စားနေတဲ့ ခွေးမကလေးကို ငေးကြည့်နေရင်း "ဒီအိမ်မှာ ခွေးဖြစ်ရတာ ကံကောင်းလိုက်တာ၊ ဒီခွေးကလေး ဒီလို အစားကောင်းတွေ နေ့စဉ် စားနေရမှာပဲ"လို့ တွေးမိပြီး ခွေးမကလေးရဲ့ ဘဝကို အားကျပြီး တောင့်တမိတယ်။ သူလဲ အစာနဲ့ မတွေ့ရတာ ကြာပြီဖြစ်တော့ ဆာဆာနဲ့ အားရပါးရ တဝကြီး စားပစ်လိုက်တာ အစာမကြေဘဲ အဲဒီအိမ်မှာပဲ ကွယ်လွန်သွားတယ်။ ကွယ်လွန်တော့ အဲဒီခွေးမကလေးရဲ့ ဝမ်းမှာ ဝင်စားပြီး ခွေးမကလေးရဲ့သား ခွေးလိမ္မာကလေး ဖြစ်သွားတယ်။

သူ စိတ်ညွတ်ရာ သူ့စိတ်က လိုလားတောင့်တရာမှာ အဆင်သင့် ရှိနေတဲ့ ရုပ်ကို မှီပြီး အစဆုံး ပဋိသန္ဓေစိတ်ဖြစ်တဲ့ သဘောပေါ့။ ဘဝတဏှာက ရောက်လိုရာ ဘဝကို ပို့ပေးတဲ့ သဘောပဲ။

**ခုခေတ် သာဓကများ** အခုခေတ်မှာလဲ အဲဒီလို စိတ်ညွတ်ရာ စိတ်က တောင့်တရာမှာ သွားဖြစ်တာတွေ ရှိပါတယ်။ ရှေ့မှာ ပြောခဲ့တဲ့ ပါမောက္ခ **ဒေါက်တာစတီဗင်ဆင်**ရဲ့ စာအုပ်မှာ ဖော်ပြထားတဲ့ ဘရာဇီးနိုင်ငံက ကလေး ပေါလို(Paulo)ကိုပဲ ပြန်ကြည့်ရပါမယ်။ပေါလိုဟာ အရင်ဘဝက **အယ်မီလီယာ**ဆိုတဲ့ မိန်းကလေး ဖြစ်ခဲ့ကြောင်း ပြောခဲ့တယ်။ သူ့မိဘများမှာ ကလေး ဆယ့်သုံးယောက် ရှိတဲ့အနက် **အယ်မီလီယာ**က ဒုတိယကလေးပဲ။ သူဟာ မိန်းမဘဝကို မနှစ်မြို့ဘူး၊ ရွံမုန်းတယ်။ ယောကျ်ားကလေးပဲ ဖြစ်ချင်တယ်။ ဒါကြောင့် သူ့ဘဝမှာ သူ မပျော်ဘူး၊ သူ သေချင်တယ်။ သေပြီးတော့ သူ့မိခင်ဝမ်းမှာပဲ ယောကျ်ားကလေး အဖြစ်နဲ့

ပြန်ဝင်စားချင်တယ်။ သူ့မောင်တွေ ညီမတွေကိုလဲ "ငါ သေရင် ယောက်ျားကလေး ဖြစ်မယ်"လို့ မကြာခဏ ပြောလေ့ရှိတယ်။

ဒါနဲ့ အသက် ၁၉နှစ်ထဲရောက်တော့ တနေ့မှာ ပိုးသတ်ဆေးထဲ ထည့်ရတဲ့ အာဆင်နစ်(arsenic)ဆိုတဲ့ အဆိပ်ကို သောက်ပြီး သေကြောင်း ကြံတယ်။ လူကြီးတွေ သိလို့ နွားနို့တွေ အများကြီး ဖိတိုက်ပစ်တော့ အဆိပ်က သိပ်မထက်တဲ့အတွက် အဆိပ် ပြယ်သွားပြီး မသေဘူး။ ဒါပေမယ့် မိန်းမဘဝကို အလွန်ရွံမုန်းနေတာဆိုတော့ လူကြီးတွေ အလစ်မှာ နောက်တကြိမ် အင်မတန် ပြင်းထန်တဲ့ ဆိုင်ယင်နိုက်(cyanide)ဆိုတဲ့ အဆိပ်ကို သောက်ပြန်တယ်။အဆိပ်က ထက်လွန်းတော့ ချက်ချင်း သေသွားတယ်။ သူ သေတာ ၁၉၁၂ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့။

သူသေပြီး တနှစ်ကျော်ကျော် အချိန်မှာ သူ့မိခင် **အီဒါလောရင့်**ဟာ ယောက်ျားကလေးတယောက် မွေးဖွားတယ်။ **ပေါလိုလို့** နာမည် မှည့်ကြတယ်။ ဒီကလေးရဲ့ အမူအရာ စိတ်နေစိတ်ထားတွေဟာ ယောက်ျားကလေးနဲ့ မတူဘူး။ မိန်းကလေး ဆန်နေတယ်။ ယောက်ျားကလေးအဝတ် မဝတ်ဘူး၊ မိန်းကလေး အဝတ်တွေပဲ ဝတ်တယ်၊ "ငါက မိန်းကလေး"လို့လဲ ပြောလေ့ရှိတယ်။ သေသွားတဲ့ **အယ်မိလီယာ**ရဲ့ အမူအရာ စိတ်နေစိတ်ထား စိတ်ဝင်စားမှုတွေနဲ့ တူနေတယ်။ **အယ်မိလီယာ**လိုပဲ အပ်ချုပ်စက်ကို သိပ်နှစ်သက်တယ်။ ၄ နှစ်သားအရွယ်မှာ **အယ်မိလီယာ**ရဲ့ စကတ်တထည်ကို ဖျက်ပြီး ဘောင်းဘီ ချုပ်ပေးတော့ နှစ်နှစ်ခြိုက်ခြိုက် ဝတ်တယ်။ အဲဒီအချိန်ကစပြီး သူ စက်ချုပ် ကျွမ်းကျင်တာကိုလဲ လူကြီးတွေ တအံ့တသြ တွေ့ကြရတယ်။ "ဘယ်သူ သင်ပေးသလဲ"လို့ မေးတော့ "ငါက တတ်ပြီးသား"လို့ ပြောတယ်။ နောက်ကျမှ "**ဒိုနာအယ်လီနာ**(Dona Elena) သင်ပေးတယ်"လို့ ပြောတယ်။ အမှန်တော့ **ဒိုနာ**ဟာ **ပေါလို**ကို သင်မပေးဖူးဘူး။ **ဒိုနာ** သင်ပေးတာက **အယ်မိလီယာ**ကိုပဲ သင်ပေးတာ။ အဲဒီလို စသည်ဖြင့် **ပေါလို**ဟာ **အယ်မိလီယာ** ဝင်စားတဲ့ကလေး ဖြစ်ကြောင်း တစတစ ပိုသိလာရတယ်။*

---

* Twenty cases Suggestive of Reincarnation, P. 203-215

**အယ်မီလီယာ**ဟာ သူ စိတ်ညွှတ်ရာ သူ ဖြစ်လိုရာ အမိဝမ်းမှာ သူ တောင့်တတဲ့ ယောကျ်ားကလေးဘဝ သွားဖြစ်တာပဲ။ တဘဝရဲ့ အစဆုံး ပဋိသန္ဓေစိတ်ဟာ စိတ်ညွှတ်ရာ တောင့်တရာမှာ အဆင်သင့် ရှိနေတဲ့ ရုပ်ကို မှီပြီး ဖြစ်တယ်ဆိုတာ မှတ်သားဖို့ပါပဲ။ ဘဝတဏှာရဲ့ လက်ချက်ပေါ့။

စိတ်ညွှတ်ရာ လိုလားတောင့်တရာမှာ ဘဝသစ် ဖြစ်ရတဲ့ နောက်ဖြစ်ရပ် တခုကိုလဲ **ဒေါက်တာစတီဗင်ဆင်**ရဲ့ စာအုပ်မှာပဲ[၁] တွေ့ရတယ်။ **အမေရိကန်ပြည်ထောင်စု**မြောက်ပိုင်း မြောက်ဝင်ရိုးစွန်း အနီးက **အလာစကာ**ပြည်နယ်မှာ တံငါလုပ်ငန်းနဲ့ အသက်မွေးကြတဲ့ **တလင်းဂျစ်** လူမျိုးထဲက **မစ္စတာဝီလျံဂျော့** ဆိုတဲ့ အဖိုးကြီးဟာ သူ့ဒေသမှာတော့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တယောက်ပဲ။[၂] သူ မသေခင်က သူချစ်တဲ့ သူ့သား **ရယ်ဂျီနယ်ဂျော့**ကို "ငါ သေရင် ပြန်လာပြီး မင့်သားဖြစ်မယ်၊ ငါ့ကိုယ်က အမှတ်အသားတွေ မင်းတို့တွေ့ရင် ငါ့ကို မှတ်မိရောပေါ့"လို့ သုံးလေးကြိမ် ပြောသတဲ့။ တခါတော့ သူ့ရွှေလက်ပတ်နာရီကို သူ့သား ချွတ်ပေးပြီး "ရော့၊ သိမ်းထား၊ ငါ ပြန်လာမယ်၊ မင့်သား ဖြစ်မယ်၊ အဲဒီအခါကျမှ ဒီနာရီက ငါ့ဖို့"လို့ ပြောသတဲ့။ သူ့သားက ဒီနာရီကို သူ့မိန်းမ **ဆူဇန်ဂျော့**ကို ပေးရင်း သူ့အဖေ ပြောတဲ့ စကားကိုလဲ ပြောပြလိုက်တယ်။ **ဆူဇန်**ဟာ နာရီကို သူ့လက်ဝတ်လက်စားသေတ္တာကလေးထဲ ထည့်ပြီး သေသေချာချာ သိမ်းထားလိုက်တယ်။

**ငါ့နာရီ** အဲဒီ နာရီပေးပြီး သိပ်မကြာမီ ၁၉၄၉ ခုနှစ် ဩဂုတ်လ စောစောပိုင်းမှာ အဘိုးကြီး ကွယ်လွန်သွားတယ်။ ၉ လလောက်အကြာ ၁၉၅၀ ခုနှစ် မေလ ၅ ရက်နေ့မှာ သူ့ချွေးမ **ဆူဇန်** သားယောကျ်ားကလေးတယောက် ဖွားတယ်။ ကလေးရဲ့ ဘယ်ဘက်ပုခုံးမှာ

---

၁။ Ibid 231-240

၂။ ၂၀၀၄ ခုနှစ်၊ ဇွန်လမှာ ဘုန်းကြီး အလာစကာကို ရောက်ခဲ့တယ်။ တလင်းဂျစ် လူမျိုးများကိုလဲ တွေ့ခဲ့ပါတယ်။

မွဲတလုံး၊ ဘယ်ဘက်တံတောင်ဆစ်အောက်နားမှာ မွဲတလုံး မွေးရာပါ ပါလာတယ်။ သေသွားတဲ့ သူ့အဖိုး ဝီလျံရျော့မှာ မွဲရှိတဲ့ နေရာနဲ့ တထပ်တည်းပဲ။ ကလေးက စကားပြော နောက်ကျတယ်။ သုံးနှစ်သားကျမှ စကားပြောတယ်။ ကလေးရဲ့ အမူအရာ၊ အပြောအဆို၊ ကြိုက်တာ၊ မကြိုက်တာကအစ သူ့အဖိုးနဲ့ တထေရာတည်းပဲ။ ကလေး ငါးနှစ်သားအရွယ် ရောက်တော့ တနေ့မှာ သူ့အမေက ကိစ္စရှိလို့ သူ့လက်ဝတ်လက်စား သေတ္တာကလေး ဖွင့်ပြီး လက်ဝတ်လက်စားတွေ စစ်ဆေးကြည့်နေတုန်း ကလေးက တဘက်ခန်းမှာ ကစားနေရာက သူ့အနား ရုတ်တရက် ရောက်လာပြီး ချက်ချင်း ရွှေနာရီကလေး ကောက်ယူလိုက်တယ်။ ပြီးတော့ "ဒါ ငါ့နာရီ"လို့ ပြောပြီး နာရီကို ယူထားလို့ အတော်ကြာအောင်ပဲ ချော့မော့တောင်းယူပြီး ပြန်သိမ်းထားရတယ်။ နောင်လဲပဲ ဒီနာရီကိုပဲ ကလေးက "ငါ့နာရီ"ဆိုပြီး မကြာခဏ တောင်းတယ်။ ဒီကလေးဟာ အဖိုးကြီး ဝင်စားတဲ့ ကလေးပဲလို့ သူတို့ ဆုံးဖြတ်ကြပြီး ကလေးကို **ဝီလျံရျော့**လို့ပဲ သူ့အရင်နာမည်အတိုင်း မှည့်လိုက်ကြတယ်။

အဖိုးကြီး ဝီလျံရျော့ဟာ သူ စိတ်ညွတ်ရာ သူ ဖြစ်လိုရာ သူ့သားနဲ့ သူ့ချွေးမရဲ့သား သွားဖြစ်တယ်။ ဒါလဲ ဘဝတဏှာ ဦးတည်ရာမှာ ပဋိသန္ဓေစိတ် သွားဖြစ်ကြောင်း ထင်ရှားတဲ့ သာဓကတခုပဲ။

**ပိုဆီလျော်တဲ့ ဖြစ်ရပ်** ဒီလို ယုံကြည်လောက်တဲ့ အစစ်အဆေးခံ လူဝင်စား ဖြစ်ရပ်တွေ ကမ္ဘာအနှံ့အပြားမှာ များစွာ ရှိပါတယ်။ အထူးသဖြင့် အာရှတိုက် နိုင်ငံတွေမှာ ပိုများပါတယ်။ သို့သော်လဲ ဒီနေရာမှာ ပြောချင်တာက စိတ်ညွတ်ရာ စိတ်က လိုလားရတောင့်တရာမှာ အဆင်သင့် ရှိနေတဲ့ မိစရာရပ်ကို သွားမှီပြီး တဘဝရဲ့ အစဆုံး စိတ်ကလေး ဖြစ်ရတာကို ပြောချင်တာပါ။ ဒါကြောင့် ဒီမှာ စိတ်ညွတ်ရာ ဖြစ်ရပုံ ထင်ရှားတဲ့ ဒီဖြစ်ရပ်နှစ်ခုကို ထုတ်ပြခြင်းပါ။ ပြီးတော့ ဒီဖြစ်ရပ်နှစ်ခုဟာ တမလွန်အယူအဆကို လက်ခံထားတဲ့ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာ မထွန်းကားရာ နိုင်ငံတွေက ဖြစ်ရပ်တွေ ဖြစ်လို့

ဖော်ပြဖို့ ပိုပြီး သင့်လျော်တယ်လို့ ယူဆပါတယ်။ ပြီးတော့ ဒီခေတ်ဒီအခါ အလွန်မကြာသေးတဲ့ အချိန်က ဖြစ်ရပ်တွေ ဆိုတော့ ပိုပြီး စိတ်ဝင်စားဖို့လဲ ကောင်းတယ်။ ဒီနေရာမှာ ထည့်စဉ်းစားဖို့လဲ ပိုပြီး ဆီလျော်တယ်။

**တမလွန်ဘဝ၏ အကြောင်းများ**

အခု ပြောခဲ့တဲ့အတိုင်း တဘဝပြီး တဘဝ တမလွန်ဘဝတွေ ဖြစ်ရာမှာ အကြမ်းဖျင်းအားဖြင့် အကြောင်းသုံးခု ရှိတယ်။ **ပထမ**အကြောင်းကတော့ ရှေ့ဘဝတွေမှာ ပြုလုပ်ခဲ့တဲ့ ကောင်းတဲ့အလုပ် ကုသိုလ်ကံ၊ ဆိုးတဲ့အလုပ် အကုသိုလ်ကံ ဆိုတဲ့ အကြောင်းတရားပဲ။ ရှေ့ဘဝမှာ ပြုလုပ်ခဲ့ပြီး အဲဒီ ရှေးဘဝမှာ အကျိုး ဖြစ်ပေါ်စေဖို့ အချိန်မရ အခွင့်မသာခဲ့သေးတဲ့ ကောင်းမှု၊ မကောင်းမှုတွေရဲ့ အကျိုးတွေ ဖြစ်ပေါ်ဖို့ရာ ရုပ်နာမ်နှစ်ခု ပေါင်းစုထားတဲ့ နောက်ဘဝဆိုတာ ဖြစ်ပေါ်ရတယ်။

**အဟောင်းချုပ် အသစ်ဖြစ်**

**ဒုတိယ**အကြောင်းကတော့ ရှေ့ဘဝ ရုပ်နာမ် အဆုံးစွန် ချုပ်ပျက်သွားခြင်း ဆိုတဲ့ အကြောင်းပဲ။ ရှေ့ဘဝရဲ့ နောက်ဆုံးစိတ် ချုပ်ပျက်သွားခြင်းကြောင့် သူ့နောက်က ကပ်လျက် စိတ်တခု ချက်ချင်း ဖြစ်ပေါ်တယ်။ အဲဒီစိတ်ဟာ နောက်ဘဝရဲ့ အစဆုံးစိတ်ပဲ။ သက်ဆိုင်ရာ ရုပ်တရားကို မှီပြီး ဖြစ်တာမို့ ရုပ်သစ် နာမ်သစ် ဘဝသစ်ပေါ့။ ဒီအကြောင်းနှစ်ခုကို ရှေ့မှာ ပြောခဲ့ပါပြီ။

**ဘဝတဏှာ**

**တတိယ** အကြောင်းကတော့ **ဘဝတဏှာ**လို့ ခေါ်တဲ့ အသက်ရှင်နေချင်တဲ့ စိတ်ပဲ။ အသက်ရှင်နေတာကို **ဘဝ**လို့ ခေါ်ကြတယ်။ လိုချင်တာ တပ်မက်တာက **တဏှာ**ပဲ။ ဒါကြောင့် **ဘဝတဏှာ**ဆိုတာ အသက်ရှင်နေချင်တဲ့ စိတ်၊ ဘဝကို လိုချင်တပ်မက်တဲ့ စိတ်ပဲ။ ရှေ့ဘဝမှာ ရုပ်နာမ် ချုပ်လို့ သေသွားသော်လဲပဲ အသက်ရှင်နေချင်တဲ့

အဲဒီဘဝတဏှာရဲ့ အရှိန်စွမ်းအားကြောင့် အသက်ရှင်ပြီး ဘဝဖြစ်ချင်နေတော့ နောက်ဘဝ တဖန် ဖြစ်ရပြန်တယ်။ ရုပ်အသစ် နာမ်အသစ် ဘဝအသစ် ဖြစ်ရပြန်တယ်။ **ဘဝဖြစ်ချင်တော့ ဘဝ ဖြစ်ရတယ်။**

ဖြစ်ချင်ရင် ဖြစ်တယ်၊ ရချင်ရင် ရတယ်၊ လုပ်ချင်ရင် လုပ်တယ်။ ဒါတွေဟာ လောကရဲ့ ကြောင်းကျိုးနိယာမ ဓမ္မတာ သဘာဝပါပဲ။ ကျောင်းဆရာ ဖြစ်ချင်တော့ ဖြစ်အောင် လုပ်တယ်၊ ကျောင်းဆရာ ဖြစ်တယ်။ ထို့အတူပဲ ပါမောက္ခ ဖြစ်ချင်တော့ ပါမောက္ခ ဖြစ်တယ်။ အင်ဂျင်နီယာ ဖြစ်ချင်တော့ အင်ဂျင်နီယာ ဖြစ်တယ်။ ဆရာဝန် ဖြစ်ချင်တော့ ဆရာဝန် ဖြစ်တယ်။ ဘုန်းကြီး ဖြစ်ချင်တော့ ဘုန်းကြီး ဖြစ်တယ်။ ဥပုသ်စောင့်ချင်တော့ ဥပုသ်စောင့်တယ်။ တရားအားထုတ်ချင်တော့ တရားအားထုတ်တယ်။ ထမင်း စားချင်တော့ ထမင်း စားရတယ်။ ထမင်း စားချင်တဲ့ ထမင်းတဏှာကြောင့် ထမင်း စားရအောင် လုပ်တော့ ထမင်း စားရတယ်။ ထမင်း စားချင်ခြင်းဆိုတဲ့ ထမင်းတဏှာက အကြောင်း၊ ထမင်း စားရခြင်းက အကျိုး။ ထို့အတူပဲ ဘဝကို လိုချင်တပ်မက်တဲ့ တဏှာက အကြောင်း၊ ဘဝကို ရခြင်း ဘဝဖြစ်ပေါ်ခြင်းက အကျိုး။

**ဆန္ဒနဲ့ တဏှာ** သို့သော်လဲ ဒီနေရာမှာ သတိပြုစရာ တခု ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ 'ချင်'ဟာ 'ဆန္ဒချင်'နဲ့ 'တဏှာချင်' နှစ်မျိုး ရှိတယ်ဆိုတဲ့ အချက်ပဲ။ 'ဆန္ဒချင်'က ပြုလုပ်ချင်ရုံမျှပါပဲ။ ငြိတွယ်တပ်မက်ခြင်း မရှိဘူး။(ကတ္တုကမျတာ ဆန္ဒော လို့ ကျမ်းဂန်များမှာ ဆိုပါတယ်။) ထိုင်ချင်လို့ ထိုင်တယ်၊ ရပ်ချင်လို့ ရပ်တယ်၊ သွားချင်လို့ သွားတယ် စသည်ဖြင့် သာမာန်ပြုလုပ်မှု ဖြစ်ရုံမျှ ပြုလုပ်ချင်တာဟာ 'ဆန္ဒချင်'ပါ။ 'တဏှာချင်'ကတော့ ပြုလုပ်ချင်ရုံမျှ မဟုတ်ပါဘူး။ ပြုလုပ်ရမည့်အရာ၊ ဖြစ်မည့်အရာ၊ ရမည့်အရာကို ငြိကပ်တွယ်တာ တပ်မက်ပြီး လိုချင်နေတာဟာ 'တဏှာချင်'ပါ။

**အကြောင်းပေါင်းစုံ ညီညွတ်မှု**

ပြီးတော့ နောက်တခု သတိပြုစရာက ဖြစ်ချင်တိုင်းလဲ ဖြစ်ချင်မှ ဖြစ်ပါတယ်။ ရချင်တိုင်းလဲ ရချင်မှ ရပါတယ်။ အကြောင်းပေါင်းစုံ ညီညွတ်မှပဲ ဖြစ်ပါတယ်၊ ရပါတယ်။ ဥပမာ ဆရာဝန် ဖြစ်ချင်လို့ ဖြစ်အောင် လုပ်တယ် ဆိုပါစို့။ မိမိရဲ့ အရည်အချင်း၊ ကြိုးစားမှု၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ မိသားစု အခြေအနေ၊ နိုင်ငံရေး လူမှုရေး အခြေအနေ၊ အချိန်ကာလ စသည်အားဖြင့် အကြောင်းပေါင်းစုံ အားလုံး အဆင်ပြေမှ ဆရာဝန် ဖြစ်နိုင်ပါတယ်။ သို့သော်လဲ အကြောင်းပေါင်းစုံ ညီညွတ်လို့ ဆရာဝန် ဖြစ်ပြီဆိုရင်တော့ ပဓာနအကြောင်းက **ဖြစ်ချင်တဲ့စိတ်**ပါပဲ။

ဒါကြောင့် ဘဝဖြစ်ချင်တဲ့စိတ် ဘဝတဏှာဟာ ဘဝဖြစ်ခြင်းရဲ့ အကြောင်းတရပ်လို့ ပြောတာပါ။ စောစောက ပြောခဲ့တဲ့ အမျိုးသမီး သူ့ခင်ပွန်းဟောင်း နတ်သားထံမှာပဲ နတ်သမီးဘဝ ပြန်ရတာဟာ အဲဒီဘဝကို လိုချင်တပ်မက်တဲ့ တဏှာကြောင့် ဖြစ်တာ ထင်ရှားပါတယ်။ သို့သော်လဲ ဒီအဆင့်မြင့်တဲ့ ဘဝကို ရဖို့ရာ သူ လုပ်တဲ့အခါမှာ မကောင်းမှုတွေကိုပဲ လုပ်မိနေရင်တော့ နတ်သမီးဘဝကို သူ မရနိုင်ပါဘူး။ ဒါဟာ ပြုလုပ်မှုဆိုတဲ့ အကြောင်း ချွတ်ယွင်းလို့၊ မမှန်လို့၊ အကြောင်း မညီညွတ်လို့ မရတာပါ။ အခုတော့ သူက ကုသိုလ်ကောင်းမှုတွေကိုပဲ ပြုလုပ်တော့ ရအောင်ပြုလုပ်မှုဆိုတဲ့ အကြောင်းပါ ညီညွတ်သွားတဲ့အတွက် သူ လိုချင်တဲ့ဘဝကို ရသွားပါတယ်။

ဘဝတဏှာဟာ အကြောင်းမရှိဘဲ အလိုလို ဖြစ်လာတဲ့စိတ် မဟုတ်ပါဘူး။ ရုပ်နာမ်နှစ်ခု ပေါင်းစုထားတဲ့ **ဘဝဆိုတာ ဆင်းရဲချည်းပဲလို့ အမှန်အတိုင်း မသိတဲ့အတွက် ဘဝကို လိုချင်တာပါ**။ အမှန်အတိုင်း သိရင် ဘဝကို မလိုချင်ပါဘူး။ အဲဒီ မသိတာက **အဝိဇ္ဇာ**၊ လိုချင်တာက **တဏှာ**၊ လိုချင်စိတ် ပြင်းပြလာလို့ စွဲစွဲလမ်းလမ်း ဖြစ်လာတာက **ဥပါဒါန်**၊ စွဲလမ်းတာကို ရအောင်လုပ်တာက **ကမ္မဘဝ**၊ ရအောင်လုပ်တဲ့ အလုပ် မှန်ကန်တော့ **ဘဝသစ်ကို** ရတယ်။ အဲဒါက **ဇာတိ**။ ဘဝတဏှာကြောင့် ဘဝဖြစ်တယ်ဆိုသော်လဲ အဲဒီလို ပဋိစ္စသမုပ္ပါဒ်နည်းအရ အကြောင်းပေါင်းစုံ ညီညွတ်မှ ဖြစ်တယ်။

ရဟန္တာများမှာတော့ အဲဒီဘဝတဏှာကို အရဟတ္တမဂ်ဉာဏ်နဲ့ အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်လို့ ဘဝဖြစ်ချင်တာ မရှိတော့ဘူး။ ဒါကြောင့် ဘဝတဏှာဆိုတဲ့ အကြောင်းမရှိတော့လို့ ရဟန္တာ ပရိနိဗ္ဗာန် စံပြီးတဲ့နောက် ဘဝသစ် မဖြစ်တော့ဘူး။ ဘဝဇာတ် သိမ်းသွားပြီ။ ဆင်းရဲ လုံးဝ ငြိမ်းသွားပြီ။

ဒီတော့ ပိုရှင်းသွားအောင် ပြန်ပြီး အကျဉ်းချုပ် ကြည့်ကြစို့။ ရှေ့ဘဝမှာ အကျိုးမပေးရသေးတဲ့ ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်ကံတွေရဲ့ အကျိုးကို ခံစားဖို့ရာ ရုပ်နာမ်ဘဝ လိုအပ်တာကြောင့် တကြောင်း၊ ရှေ့ဘဝ ရုပ်နာမ် ပျက်သွားခြင်းကြောင့် တကြောင်း၊ ဘဝဖြစ်ပေါ်ရေးကို လိုလား တောင့်တတဲ့ ဘဝတဏှာကြောင့် တကြောင်း၊ ဒီအကြောင်းတရားတွေရဲ့ စွမ်းအားသတ္တိကြောင့် ရုပ်သစ် နာမ်သစ် ဘဝသစ် ဖြစ်ပေါ်ရတယ်။ ဒါကြောင့် တမလွန်ဘဝဆိုတာ ရှိတယ်လို့ မှတ်ယူရပါမယ်။

## အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ

**အစွန်းငြိတတ်တယ်** အခု တမလွန်ဘဝဆိုတာ အကြောင်းအကျိုး သဘာဝအရ မုချရှိတယ်လို့ သိရပြီ။ သို့သော်လဲ သဘာဝကျကျ နားမလည်ရင် တမလွန်ဘဝ ယူဆပုံ မှားနေတတ်တယ်။ ယူဆပုံ မမှန်ရင် **တည်မြဲအယူမှား=သဿတဒိဋ္ဌိ** အစွန်းဘက်ရင်လဲ ရောက်သွားတတ်တယ်။ **ပြတ်စဲအယူမှား=ဥစ္ဆေဒဒိဋ္ဌိ** အစွန်းဘက်ရင်လဲ ရောက်သွားတတ်တယ်။ **နောက်တဘဝမကူးမီ ခဏခေတ္တ နားခိုစရာ ကြားခံဘဝလေး တခု ရှိသေးတယ်လို့ ယူမှားတဲ့ အန္တရာဘဝဒိဋ္ဌိ** အစွန်းနဲ့ရင်လဲ ငြိနေတတ်တယ်။

ဒါကြောင့် ဗုဒ္ဓဝါဒနည်းကျ တမလွန်ဘဝ ယူဆပုံကို သေသေချာချာ လေ့လာသင့်ပါတယ်။

**အတ္တဒိဋ္ဌိ** ဒီတော့ ဗုဒ္ဓဝါဒနဲ့ ဆန့်ကျင်နေတဲ့ တမလွန်ဘဝ ယူဆပုံတွေကို ပထမ နားလည်ထားဖို့ လိုပါတယ်။ အဲဒီ အယူအဆတွေကို ဟိန္ဒူဘာသာမှာ တွေ့နိုင်ပါတယ်။ ဟိန္ဒူဘာသာ အယူအဆအရ ကမ္ဘာလောကကြီး နဲ့တကွ သတ္တဝါအားလုံးကို **ဗြဟ္မာသရ၊ ပရမိဿရ(ပရမေသွာရ)၊ ပရမတ္တ (ပရမာတ္မ)**လို့ ခေါ်တဲ့ မဟာဗြဟ္မာကြီးက ဖန်ဆင်းပြီး သတ္တဝါအသီးသီးရဲ့

သန္တာန်မှာ အတ္တကလေး တခုစီ ထည့်ပေးလိုက်တယ်။ ဒီအတ္တကလေး ရှိမှ သတ္တဝါဟာ အသက်ရှင်ပြီး သွားလာ လှုပ်ရှား နေနိုင်တယ်။ ဒါကြောင့် ဒီအတ္တကလေးကို **ဇီဝအတ္တ**လို့ ခေါ်တယ်။ အသက်တည်းဟူသော အတ္တလို့ ဆိုလိုတယ်။ ဒီအတ္တဟာ ဘယ်တော့မှ မပျက်စီးဘူး။ တည်မြဲတယ်။ တချို့က ရုပ်ကို တည်မြဲတယ်လို့ ယူဆတော့ ရုပ်ကို အတ္တလို့ ယူဆတယ်။ တချို့က စိတ်ကို တည်မြဲတယ်လို့ ယူဆတော့ စိတ်ကို အတ္တလို့ ယူဆတယ်။ တချို့က အတ္တဆိုတာ ရုပ်နဲ့နာမ်မှတပါး သီးခြားအရာ တခုပဲလို့ ယူဆတယ်။ ဒီအယူအဆ အားလုံးကို အတ္တဒိဋ္ဌိ၊ အတ္တဝါဒ လို့ ခေါ်တယ်။

**မောက္ခ** ဥပမာ လူ ဆိုကြပါစို့၊ ဒီအတ္တဟာ ပဋိသန္ဓေကတည်းက ဒီလူရဲ့ ခန္ဓာကိုယ်မှာ တည်ရှိလာခဲ့ပြီး ဘယ်တော့မှ မပျက်စီးဘဲ တည်မြဲလျက် အမြဲရှိနေတယ်။ လူသေရင်တော့ ဒီအတ္တဟာ သေတဲ့ခန္ဓာကိုယ်က ထွက်သွားပြီး တည်မြဲလျက်ပဲ နောက်ခန္ဓာကိုယ် တခုထဲမှာ ဝင်ပြီး နောက်တဘဝ ဖြစ်တယ်။ အဲဒီဘဝမှာ အဲဒီလူ သေပြန်တော့ နောက်ခန္ဓာကိုယ် တခုထဲမှာ ဝင်၊ နောက်တဘဝဖြစ်။ အဲဒီလိုနဲ့ ဒီအတ္တဟာ ဘယ်တော့မှ မပျက်စီးဘဲ အမြဲတည်နေပြီး တဘဝပြီး တဘဝ ကူးသွားနေတယ်။ ဒါကို ဟိန္ဒူဗြဟ္မဏဝါဒအရ သံသရာလို့ ခေါ်ကြတယ်။ နောက်ဆုံးမှာ ယောဂကမ္မဋ္ဌာန်းတွေ အားထုတ်လို့ အတ္တမှာ ကိလေသာ အညစ်အကြေးတွေ စင်ကြယ်သွားတော့မှ အတ္တဟာ ဖြူစင်တောက်ပြောင်လာပြီး နောက်တဘဝ မကူးတော့ဘဲ ပရမအတ္တခေါ်တဲ့ မဟာဗြဟ္မာကြီးဆီ ပြန်ရောက်သွားပြီးတော့ မဟာဗြဟ္မာကြီးနဲ့ တသားတည်း ဖြစ်အောင် ပေါင်းစည်းမိသွားတယ်။ အဲဒီတော့မှ အတ္တဟာ သံသရာက လွတ်မြောက်ခြင်း **မောက္ခ**ကို ရသွားတယ်။ အဲဒါဟာ ဟိန္ဒူဝါဒရဲ့ နိဗ္ဗာန်ပဲ။

တမလွန်ဘဝ ဖြစ်ပုံကို အဲဒီလို ယူဆရင် ဗုဒ္ဓဘာသာ တရားတော်အရ မှားပါတယ်။

**အသက်ဝိညာဉ်** သို့သော်လဲ တချို့ ဗုဒ္ဓဘာသာဝင်များ အဲဒီလို အယူအဆမျိုး ခပ်ဆင်ဆင် ရှိကြတယ်။ တချို့က လူမှာ အမြဲရှိနေတဲ့ အသက်ဝိညာဉ်ဆိုတာ ရှိတယ်။ လူသေမှ အသက်ဝိညာဉ်က သေသူရဲ့ ခန္ဓာကိုယ်ထဲက ထွက်သွားပြီး နောက်ဘဝ အမိဝမ်းတွင်းမှာ ဝင်ပြီး ပဋိသန္ဓေနေ မွေးဖွားတယ်။ အဲဒီလိုနဲ့ နောက်တဘဝ တမလွန်ဘဝ ဖြစ်လာတယ်။ အဲဒီဘဝ အဲဒီလူ သေပြန်တော့ သူ့ခန္ဓာကိုယ်ကထွက်၊ နောက်ခန္ဓာကိုယ် တခုကို ကူးသွား၊ နောက်တဘဝ ဖြစ်ပြန်ရော။ ဒီလိုနဲ့ အသက်ဝိညာဉ်ဟာ တဘဝပြီး တဘဝ မပျက်မစီးဘဲ တည်မြဲလျက် ကူးပြောင်းသွားတယ်။ ဘဝ ကူးသွားတယ်လို့ ယူဆကြတာ ရှိပါတယ်။ တချို့က စိတ်ကို အသက်ဝိညာဉ်လို့ ယူဆကြတယ်။ အဲဒါ **အတ္တဒိဋ္ဌိ**ပေါ့။ တချို့ကတော့ ခန္ဓာကိုယ်နဲ့ စိတ်အပြင် အသက်ဝိညာဉ်ကလေး သီးခြား ရှိနေတယ်လို့ ယူဆကြတယ်။ ဒါလဲ **အတ္တဒိဋ္ဌိ**ပဲ။ အဲဒီ အသက်ဝိညာဉ်က နောက်တဘဝကို တည်မြဲလျက် ကူးသွားတယ်လို့ ယူဆကြတယ်။ **သဿတဒိဋ္ဌိ**ပေါ့။

**အတူတူပဲ** ဒီအတိုင်း ယူဆရင် ဟိန္ဒူ=ဗြဟ္မဏဝါဒနဲ့ သဘောအားဖြင့် အတူတူပါပဲ။ အခေါ်အဝေါ် ဝေါဟာရ ဘာသာစကားပဲ ကွာခြားတယ်။ ဟိန္ဒူက တည်မြဲနေတဲ့ အတ္တ ရှိတယ်။ ဒီအတ္တက တည်မြဲလျက် တဘဝပြီး တဘဝ ကူးသွားတယ်လို့ ယူဆတယ်။ တချို့ ဗုဒ္ဓဘာသာဝင်က တည်မြဲနေတဲ့ အသက်ဝိညာဉ်ဆိုတာ ရှိတယ်၊ အဲဒီ အသက်ဝိညာဉ်က တဘဝပြီး တဘဝ တည်မြဲလျက် ကူးသွားတယ်လို့ ယူဆတယ်။ သဘောက အတူတူပဲ။ ဘာပဲ ထူးသလဲဆိုတော့ ဟိန္ဒူဘာသာဝင်တွေက အတ္တ(အတ္တာ)လို့ ခေါ်တယ်။ ဗုဒ္ဓဘာသာဝင်တွေက အသက်ဝိညာဉ်လို့ ခေါ်တယ်။ ဒါပဲ ထူးတယ်။

**သဿတဒိဋ္ဌိ** အဲဒီလို မပျက်မစီးဘဲ အမြဲတည်နေတဲ့ အတ္တ, အသက်, ဝိညာဉ်က တဘဝပြီး တဘဝ ကူးသွားတယ်လို့ ယူဆရင် အဲဒါကို **သဿတဒိဋ္ဌိ= တည်မြဲအယူမှား**လို့ ရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူပါတယ်။

**ဘဝကူးသလား** ဒီနေရာမှာ **ကူးတယ်**ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို နည်းနည်း စဉ်းစားကြည့်ရအောင်။ လောကမှာ ပြောကြတယ်။ မြောင်းကို ကူးတယ်၊ ချောင်းကို ကူးတယ်၊ မြစ်ကို ကူးတယ်တဲ့။ ကူးတယ်ဆိုတာ ကူးတဲ့လူက ဒီဘက်ကမ်းမှာ သေကြေပျက်စီးပြီးမှ မြစ်ရဲ့ ဟိုဘက်ကမ်းမှာ သွားဖြစ်တာကို ဆိုလိုတာလား။ (မဟုတ်ပါ ဘုရား)။ ဒါဖြင့် ဘယ်လိုလဲ။ (ဒီဘက်ကလူ မသေဘဲ ဟိုဘက်ကမ်းကို ကူးပြီး ရောက်တာကို ပြောတာပါ ဘုရား)။ ဒီလူက လှေနဲ့ ကူးတယ် ဆိုကြပါစို့၊ သူက လှေပေါ်တက်ပြီး မသေကြေ မပျက်စီးဘဲ အသက်ရှင် တည်နေလျက်ပဲ လှေပေါ် ပါသွားပြီး ဟိုဘက်ကမ်းကို ရောက်သွားတာကိုပဲ ဒီလူ မြစ်ကို ကူးသွားတယ်လို့ ပြောကြတယ် မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား)။ ဒါဖြင့် တကယ်လို့ ဒီဘက်မှာ သေပြီး၊ ပျက်စီးပြီးမှ ဟိုဘက်မှာ လူတဦးအနေနဲ့ သွားဖြစ်ရင်တော့ ကူးတယ်လို့ ခေါ်ပါ့မလား။ (မခေါ်ပါ ဘုရား)။ ဘယ်လို ခေါ်ရမလဲ။ (ဟိုဘက်ကမ်းမှာ ဖြစ်တယ်လို့ပဲ ပြောရမှာပါ ဘုရား)။ ဒါဖြင့် မပျက်စီးဘဲ တည်မြဲလျက် ဟိုဘက် ရောက်သွားတာကို **ကူးတယ်**လို့ ခေါ်တာပေါ့။ (မှန်ပါ ဘုရား)။

**အသက်ဝိညာဉ် ရှိသလား** ဒါဖြင့် ဟိန္ဒူ ဗြဟ္မဏဘာသာအရ အတ္တ(Soul)က ဒီဘက်ဘဝ ခန္ဓာကိုယ်က ထွက်ပြီး မပျက်စီးဘဲ တည်မြဲလျက် နောက်ဘဝ ခန္ဓာကိုယ်ထဲ သွားဝင်ရင် ဘဝကူးတယ် ခေါ်ရမလား၊ ဘဝအသစ် ဖြစ်တယ် ခေါ်ရမလား။ (ဘဝကူးတယ် ခေါ်ရမှာပါ ဘုရား)။ ဒီတော့ တချို့ ထင်နေကြသလို လူသေတဲ့အခါ အသက်ဝိညာဉ်(Soul)လေးက ဒီဘဝ ခန္ဓာကိုယ်က ထွက်သွားပြီး မသေကြေ မပျက်စီးဘဲ တည်မြဲလျက် နောက်ခန္ဓာကိုယ်တခုထဲ ဝင်တယ်ဆိုရင်ကော ဘယ်လိုခေါ်မလဲ။ (ဘဝကူးတယ် ခေါ်ရပါမယ် ဘုရား)။ ဘဝအသစ် ဖြစ်တယ်လို့ မပြောနိုင်ဘူးလား။ (မပြောနိုင်ပါ ဘုရား)။ ဘာကြောင့်လဲ။ (ဒါက အသစ် ဖြစ်တာ မဟုတ်ပါ ဘုရား၊ အသက်ဟောင်း၊ ဝိညာဉ်ဟောင်းကပဲ ခန္ဓာကိုယ် အဟောင်းကနေပြီး ခန္ဓာကိုယ် အသစ်ထဲ ကူးပြောင်းသွားတာ ဖြစ်လို့ပါ

ဘုရား)။ ဒါဖြင့် ဘ၀ကူးတယ်လို့ပဲ ပြောရမှာပေါ့။ ဒါကြောင့် တချို့က ဘ၀တပါး ကူးပြောင်းသွားတယ်လို့ ပြောကြတာ ထင်ပါရဲ့။

ဗုဒ္ဓဝါဒအရတော့ အဲဒီလို မပျက်မစီးဘဲ တည်မြဲနေတဲ့ အတ္တ, အသက်, ဝိညာဉ် ရှိတယ်လို့ ယူဆရင် အတ္တဒိဋ္ဌိ အယူမှား၊ အဲဒီ အတ္တ, အသက်, ဝိညာဉ်က တည်မြဲလျက် နောက်ဘ၀ကို ကူးသွားတယ်လို့ ယူဆရင် **သဿတဒိဋ္ဌိ= တည်မြဲအယူမှားလို့** မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

**စကားလုံး အသုံးအနှုန်း:** ဒါကြောင့် အခု တချို့ ဗုဒ္ဓဘာသာဝင်တွေ အင်္ဂလိပ် ဘာသာနဲ့ ရေးတဲ့ စာတွေမှာတောင်မှ reincarnationဆိုတဲ့ စကား သိပ်မသုံးကြတော့ဘူး။ rebirthလို့ပဲ အသုံး များလာကြတယ်။ reincarnationဆိုတာက "အသက် ဝိညာဉ်(Soul)က နောက်ခန္ဓာကိုယ် တခုမှာ ပြန်ပြီးဝင်ခြင်း၊ ဖြစ်ခြင်း"လို့ အဓိပ္ပါယ် ရတယ်။ အသက် ဝိညာဉ်က နောက်ခန္ဓာကိုယ် တခုမှာ ပြန်ဝင်ပြီး နောက်တဘ၀ ပြန်ဖြစ်တယ်လို့ ဆိုလိုတယ်။ ဒီတော့ **သဿတဒိဋ္ဌိ=တည်မြဲအယူမှား** သဘော သက်ရောက်တာပေါ့။

ဟိန္ဒူဘာသာမှာတော့ အမြဲတည်ရှိနေတဲ့ အတ္တ, အတ္တာ(Soul)က ခန္ဓာကိုယ်ဟောင်း စွန့်ပြီး ခန္ဓာကိုယ်သစ်မှာ ဝင်ပြီး နောက်တဘ၀ ဖြစ်တယ်လို့ ယူဆတဲ့အတွက် reincarnationဆိုတဲ့ စကားလုံးနဲ့ ကိုက်ညီတာပေါ့။

rebirthဆိုတာကတော့ 'ပြန်ဖြစ်ခြင်း၊ ပြန်မွေးဖွားခြင်း'လို့ အဓိပ္ပါယ် ရတယ်။ ဒီတော့ 'ရုပ်အသစ် နာမ်အသစ် ဖြစ်ခြင်း၊ ဘ၀အသစ် ဖြစ်ခြင်း'လို့ အဓိပ္ပါယ် ယူနိုင်တဲ့အတွက် သဿတဒိဋ္ဌိသံ မပါလို့ ဗုဒ္ဓဝါဒ 'တမလွန်ဘ၀'အတွက် rebirthက ပိုဆီလျော်တာပေါ့။

**အယူမှန် သမ္မာဒိဋ္ဌိ** ဒီတော့ ဘုန်းကြီးတို့ မူလစကား ပြန်ကောက်ကြရအောင်။ အခု ပြောခဲ့တဲ့အတိုင်း တည်မြဲနေတဲ့

အတ္တ, အသက်, ဝိညာဉ်က နောက်ဘဝကို ကူးသွားတယ်လို့ ယူဆရင် **သဿတဒိဋ္ဌိ =တည်မြဲအယူမှား** ဖြစ်နေတော့ **အယူမှန်=သမ္မာဒိဋ္ဌိ** ဖြစ်အောင် ဘယ်လို ယူဆရမလဲ။ ဒါ ပြောရမယ်။

**သမ္မာဒိဋ္ဌိ** ဘုန်းကြီး ရှေ့မှာ ရှင်းပြခဲ့တဲ့အတိုင်း လူလို့ ခေါ်ရတဲ့ ရုပ်နာမ်နှစ်ခု ပေါင်းစုထားတဲ့ ရုပ်လဲ ခဏကလေးတောင် မတည်မြဲဘူး၊ ချက်ချင်း ဖြစ် ချက်ချင်း ပျက်တယ်။ နာမ်ခေါ်တဲ့ စိတ် စေတသိက်လဲ မမြဲဘူး၊ ချက်ချင်း ဖြစ် ချက်ချင်း ပျက်တယ်။အဲဒီ ရုပ်နာမ်နှစ်ခု ဖြစ်ချည်ပျက်ချည်နဲ့ ဖြစ်ပျက်နေတဲ့ ဖြစ်စဉ်ကိုပဲ အသက်ရှင်နေတဲ့ လူ, သတ္တဝါလို့ ခေါ်ကြတာ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား)။ ဒီတော့ ရုပ်နဲ့နာမ်မှတပါး သီးခြား အသက်ကလေး, ဝိညာဉ်ကလေး ရှိပါဦးမလား၊ (မရှိပါ ဘုရား)။ သတ္တဝါ အသက်ရှင်ဖို့ အဲဒီ အသက်ကလေး, ဝိညာဉ်ကလေး သီးခြားရှိဖို့ လိုသေးသလား။ (မလိုတော့ပါ ဘုရား)။ မလိုတော့ဘူးနော်။ ဘာကြောင့်လဲဆိုတော့ ရုပ်နာမ်နှစ်ခု ပေါင်းစုနေတဲ့ ဖြစ်ပျက်အစဉ်ကြီး ရပ်မသွားသေးရင် အသက်ရှင်နေတယ်လို့ပဲ ခေါ်ကြရတာ မဟုတ်လား။

ဒီမှာ အသက်ဆိုတာ ဖြစ်ပျက်အစဉ်ထဲမှာ ပါဝင်နေတဲ့ ဇီဝိတရုပ် ဇီဝိတိန္ဒြေကို ခေါ်တာ မဟုတ်လား။ (မှန်ပါ ဘုရား)။ အမိဝမ်းတွင်းမှ မွေးဖွားလာကတည်းက အမြဲရှိနေတယ်လို့ အများ ထင်နေကြတဲ့ အသက်ကလေး, ဝိညာဉ်ကလေးဆိုတာကို ခေါ်တာ မဟုတ်ဘူး။ အဲဒီ အသက်ဝိညာဉ်ကလေးက ရှိတယ်လို့သာ ထင်နေကြတာ၊ တကယ်ရှိတာ မဟုတ်ဘူး။ ခန္ဓာကိုယ်နဲ့ စိတ်ကို သတိနဲ့ စောင့်ရှုတဲ့အခါမှာ ရုပ်နဲ့နာမ်မှတပါး တခြား ဘာမှ မရှိဘူးလို့ သေသေချာချာ သိရတယ်။

ရုပ်တွေကလဲ ဖြစ်ပြီး ပျက်နေတာမို့ မတည်မြဲဘူး။ ဒါကြောင့် ရုပ်လဲ တည်မြဲတဲ့ အသက်ဝိညာဉ် မဟုတ်ဘူး။ စိတ်,စေတသိက် နာမ်တွေကလဲ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာမို့ မတည်မြဲဘူး။ ဒါကြောင့် စိတ်,စေတသိက်လဲ

အသက်ဝိညာဉ် မဟုတ်ဘူး။ ရုပ်နာမ်အစဉ်မှတပါး သီးခြား အသက်ဝိညာဉ် ဆိုတာလဲ မရှိဘူး။

**ဘဝမကူးဘူး ဘဝသစ်ဖြစ်တာ**

ဒီတော့ လူသေတဲ့အခါ နောက်ဘဝကို မပျက်မစီးဘဲ တည်မြဲလျက် ဒီဘက်ဘဝက ဘာကူးသွားသလဲ။ (ဘာမှ မကူးပါ ဘုရား)။ ရုပ်ကူးသလား၊ (မကူးပါ ဘုရား)။ ဟုတ်တယ်၊ ရုပ်က တစက္ကန့်ကလေးတောင်မှ တည်မြဲနေတာ မဟုတ်တော့ ဟိုဘက်ဘဝကို ကူးလို့ မရဘူး။ ဒီဘက်ဘဝမှာပဲ ပျက်သွားတယ်။ ဒါဖြင့် စိတ်က ကူးသွားသလား။ (မကူးပါ ဘုရား)။ စိတ်ကလဲ တစက္ကန့်ရဲ့ အပုံတသန်းပုံ တပုံလောက်တောင်မှ တည်နေတာ မဟုတ်ဘူး။ ဒီဘဝမှာပဲ ချုပ်ပျက်သွားတယ်။ ဒါဖြင့် အသက်ကလေး ဝိညာဉ်ကလေးကများ ကူးသွားတာလား။ (အသက်ဝိညာဉ်လဲ မကူးပါ ဘုရား)။ ရှိတယ်လို့သာ ထင်နေကြပြီး အမှန်တကယ် မရှိတဲ့ အသက် ဝိညာဉ်ဆိုတာက ရှိမှမရှိတော့ ဟိုဘက်ဘဝကို ကူးလို့ ဘယ်ရပါ့မလဲ။ ဒီတော့ သတ္တဝါသေရင် ဒီဘဝက ဟိုဘက်ဘဝကို ဘာမှ မကူးဘူးဆိုတာ သေချာတာပေါ့။ (မှန်ပါ၊ သေချာပါတယ် ဘုရား)။ ဒါက သဘောတရား စဉ်းစားကြည့်လို့ နားလည် သဘောပေါက်တာ။

**ရှုရင် အမှန်သိတယ်**

သတိပဋ္ဌာန် ဝိပဿနာနည်းအရ ခန္ဓာကိုယ်မှာ ရုပ်တွေ ထင်ထင်ရှားရှား ဖြစ်တိုင်း၊ စိတ်တွေ ထင်ထင်ရှားရှား ဖြစ်တိုင်း သတိဦးစီးတဲ့ စိတ်နဲ့ စောင့်ကြည့် ရှုမှတ်ရင်တော့ သမာဓိအား ကောင်းလာတဲ့အခါမှာ ပူသဘောနဲ့ ရှုသိစိတ်၊ အေးသဘောနဲ့ ရှုသိစိတ်၊ လှုပ်ရှားသဘော ရွေ့လျားသဘောနဲ့ ရှုသိစိတ် စသည်ဖြင့် အရှုခံရုပ်နဲ့ ရှုသိစိတ် တစုံတစုံ တတွဲတွဲ ဖြစ်နေ ရှိနေတာကို ကွဲကွဲပြားပြား ထင်ထင်ရှားရှား ကိုယ်တွေ့ဉာဏ်နဲ့ တွေ့သိနေရတယ်။ ရုပ်နဲ့နာမ်မှတပါး တခြား ဘာမှ မတွေ့ရဘူး၊ အသက်ဆိုတာလဲ မတွေ့ရဘူး၊ ဝိညာဉ်ဆိုတာလဲ မတွေ့ရဘူး။ အရှုခံ ပူတာလေး

ပေါ်လာလိုက်၊ စိတ်ကလေးက ရှုသိလိုက်၊ အရှုခံ လှုပ်ရှားတာလေး ပေါ်လာလိုက် စိတ်ကလေးက ရှုသိလိုက်နဲ့၊ အဲဒီလို အာရုံနဲ့ ရှုသိစိတ် တစုံတစုံကိုပဲ တွေ့နေ သိနေရတယ်။

နောက် သမာဓိ ပိုအားကောင်းပြီး ဉာဏ်ပိုထက်လာ, ရင့်လာတော့ ပူတာရော ရှုသိစိတ်ရော ပေါ်လာလိုက် ပျောက်သွားလိုက် စသည်ဖြင့် ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာ မမြဲတာပါ ကိုယ်တွေ့ သိမြင်လာရတယ်။

အဲဒီအခါကျမှ ဒီဘက်ဘဝက ဟိုဘက်ဘဝကို ရုပ်လဲ မကူးဘူး၊ စိတ်လဲ မကူးဘူး၊ တခြား ကူးစရာ အသက် ဝိညာဉ် ဆိုတာလဲ မရှိဘူးလို့ ပိုပြီး နှစ်နှစ်ခြိုက်ခြိုက် သဘောကျလာတယ်။

**အယူမှား ကင်းသွားတယ်**

ဒီတော့ တည်မြဲနေတဲ့ အတ္တ, အသက်, ဝိညာဉ်ဆိုတာ ရှိတယ်လို့ ယူမှားတဲ့ **အတ္တဒိဋ္ဌိ**နဲ့ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ၊ အတ္တ, အသက်, ဝိညာဉ်ဖြစ်စေ တခုခု တည်မြဲလျက် နောက်ဘဝကို ကူးသွားတယ်လို့ ယူမှားတဲ့ **သဿတဒိဋ္ဌိ**အယူမှားလဲ ကင်းသွားတယ်။

ဒါဖြင့် အခု ပြောခဲ့သလို ဒီဘက်ဘဝက ဟိုဘက်ဘဝကို ဘာမှ ကူးမသွားရင် နောက်တဘဝ မဖြစ်တော့ဘူး၊ မရှိတော့ဘူးပေါ့။ ဒီလို ထင်စရာ ရှိတယ်။ မှန်တယ်၊ ကူးတော့ ဘာမှ မကူးဘူး၊ သို့သော် နောက်ဘဝတော့ ဖြစ်တယ်၊ ရှိတယ်။ ဘယ်လို ဖြစ်သလဲ။ ဒီဘက်ဘဝက အကြောင်းတွေကြောင့် နောက်ဘဝမှာ ရုပ်အသစ် နာမ်အသစ် ဘဝအသစ်ဆိုတဲ့အကျိုးတွေ ဖြစ်ပေါ်တယ်။ ဘာအကြောင်းတွေလဲ။ ကုသိုလ် အကုသိုလ်ဆိုတဲ့ အကြောင်း၊ ဒီဘက်ဘဝ ရုပ်နာမ် ချုပ်ပျက်ခြင်း ဆိုတဲ့ အကြောင်းတွေပေါ့။ ဘဝကို လိုချင်တဲ့ ဘဝတဏှာဆိုတဲ့ အကြောင်းတွေပေါ့။ ဒါတွေကို ရှေ့ပိုင်းမှာ အကျယ်တဝင့် ပြောခဲ့ပြီ။ အဲဒီလို ရှေ့ဘဝက အကြောင်းတွေကြောင့် နောက်ဘဝမှာ အကျိုးအနေနဲ့ ဘဝသစ် ဖြစ်တယ်လို့ ယူဆရင် မှန်တယ်။ သဿတဒိဋ္ဌိ အယူမှား ကင်းတယ်။

**အန္တရာဘဝဒိဋ္ဌိ** တချို့ကျတော့လဲ လူဟာ သေပြီးတဲ့နောက် သူရောက်ထိုက်တဲ့ ဘဝကို ရောက်ဖို့ အခြေအနေ မပေးသေးရင် သေသူရဲ့ အသက်ဝိညာဉ်ဟာ သရဲ တစ္ဆေအဖြစ်နဲ့ သင်းချိုင်းမှာ နေနေရတယ်။ တောထဲမှာရင်လဲ လှည့်လည် သွားလာနေရတယ်။ ဒါမှမဟုတ် သူ့အိမ်၊ သူ့ပစ္စည်းဥစ္စာ၊ သူ့မိသားစု စသည် တခုခုစွဲလမ်းပြီး အိမ်အနီးမှာရင်လဲ သွားလာနေတယ်။ တခါတရံ ကိုယ်ထင်ပြတယ်။ တခါတရံ အသံပေးတယ် စသည်ဖြင့် ယူဆစွဲလမ်းကြတယ်။ ဒါကိုပဲ မကျွတ်မလွတ်သေးဘူးလို့လဲ ဆိုကြပြန်တယ်။ များသောအားဖြင့်တော့ သေသူရဲ့ ဝိညာဉ်ဟာ ခုနစ်ရက်အတွင်းမှာတော့ သူရောက်ထိုက်တဲ့ ဘဝကို မရောက်သေးဘဲ သရဲ တစ္ဆေဝိညာဉ်ဘဝနဲ့ သင်းချိုင်းမှာဖြစ်စေ၊ အိမ်နားမှာဖြစ်စေ သွားလာနေတယ်လို့ ယူဆ စွဲလမ်းကြပါတယ်။ ဒါကို **အန္တရာဘဝဒိဋ္ဌိ= ရောက်ထိုက်တဲ့ဘဝကို မရောက်ရသေးမီ ကြားဘဝလေး ရှိနေသေးတယ်လို့ ယူဆတဲ့ အယူမှား**လို့ ခေါ်ပါတယ်။*

**တည်မြဲဝိညာဉ် အယူအဆတွေ** တချို့လဲ သေသူရဲ့ သင်းချိုင်းမြေပုံပေါ်က မြေကြီးခဲကလေး တလုံး ဖြစ်စေ၊ မြေပုံအနီးက သစ်ကိုင်းကလေးတကိုင်း ဖြစ်စေ ယူပြီး အိမ်မှာထားကြတယ်။ တချို့ကျတော့လဲ သေသူရဲ့ ဓာတ်ပုံကို တနေရာရာမှာ ထားပြီးတော့ ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာ စသည် တင်ထားကြတယ်။ သေသူရဲ့ဝိညာဉ်ဟာ ဒီခဲလုံး၊ ဒီသစ်ကိုင်း၊ ဒီဓာတ်ပုံမှာ ရှိနေတယ်ဆိုတဲ့ သဘောပါပဲ။

သေသူရဲ့ အဲဒီဝိညာဉ်ကို ရည်စူးပြီး ရက်လည်ဆွမ်းသွတ်ခြင်း၊ သပိတ်သွတ်ခြင်းစတဲ့ ဒါနကောင်းမှုတွေပြုပြီး အမျှအတန်းဝေမှပဲ ဒီဝိညာဉ်ကလေး

---

* ဂျပန်ပြည် အိုကီနာဝါကျွန်းသားများကတော့ သေသူရဲ့ ဝိညာဉ်ဟာ ကြားဘဝမှာ ၄၉ ရက် နေရတယ်လို့ ယူဆကြတယ်။ ထိုင်ဝမ်မှာလဲ ဒီအယူအဆ ရှိတယ်။

ကျွတ်လွတ်သွားပြီး သူရောက်ထိုက်တဲ့ ကောင်းရာသုဂတိကို ရောက်သွားတယ်လို့ ယူဆကြတယ်။

ဒီနေ့နံနက်ပဲ ဒီဝင်းထဲမှာ ဆွမ်းသွတ်တခု သွားခဲ့ရတယ်။ ဒကာကြီး တယောက် မနေ့က ကွယ်လွန်လို့ ဒီနေ့ ဆွမ်းသွတ်၊ သပိတ်သွတ်ကြတယ်။ တရားနာဖို့အားလုံး အဆင်သင့်ဖြစ်တဲ့အခါကျတော့ ပရိသတ်ထဲက တယောက်က ကွယ်လွန်တဲ့ ဒကာကြီးရဲ့ အလောင်းနားသွားပြီး "ဦး ရေ၊ တရားနာကြွပါ"လို့ ခပ်တိုးတိုး တရားနာဖိတ်တယ်။ အဓိပ္ပါယ်က သေသူရဲ့ဝိညာဉ်ဟာ အလောင်းထဲမှာ ရှိနေသေးတယ်။ သို့မဟုတ် အလောင်းနားမှာ ရှိနေသေးတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ ဗုဒ္ဓအဘိဓမ္မာအရတော့ မနေ့က ဒီဒကာကြီး ကွယ်လွန်ပြီး ချက်ချင်းပဲ သူရောက်ထိုက်တဲ့ ဘဝမှာ ရုပ်နာမ်အသစ်နဲ့ ဘဝသစ် ဖြစ်ပြီးနေပြီ။ အလောင်းထဲမှာဖြစ်စေ၊ အလောင်းနားမှာဖြစ်စေ သူ လုံးဝ မရှိတော့ဘူး။

သို့သော်လဲ ကွယ်လွန်ပြီး ချက်ချင်းပဲ **ပြိတ္တာဘဝမှာ ဘဝသစ်ဖြစ်ပြီး** တစုံတရာကို မျှော်လင့်တောင့်တရင်း အနီးအနားမှာ ရှိနေကောင်း ရှိနေဦးမှာပဲ ဆိုတဲ့ သဘောနဲ့ သူ့ကို တရားနာဖိတ်တယ်ဆိုရင်တော့ သဘာဝကျပါတယ်။ မှန်ပါတယ်။

အဲဒီသဘောနဲ့ မဟုတ်ဘဲ အခု ပြောခဲ့တဲ့အတိုင်း တချို့ယူဆကြသလို ဝိညာဉ်ဟာ တည်မြဲလျက်ပဲ အလောင်းထဲမှာ၊ သို့မဟုတ် အလောင်းနားမှာ ရှိနေသေးတယ်လို့ ယူဆရင်တော့ ဒါဟာ သဿတဒိဋ္ဌိ လဲဟုတ်တယ်။ **အတ္တရာဘဝဒိဋ္ဌိ** လဲဟုတ်တယ်။

**တိဘက်တို့ရဲ့ ဝိညာဉ်နှင်အတတ်**

တိဘက်တိုဗားမင်း (Tibeto Burman) အနွယ်ဖြစ်တဲ့ မြန်မာလူမျိုး တချို့ရဲ့ ဒီဝိညာဉ်အယူအဆကို တိဘက်လူမျိုးတို့ အယူအဆနှင့် ယှဉ်စပ်ကြည့်သင့်တယ်လို့ ထင်ပါတယ်။ တိဘက်လူမျိုးများက လူသေသွားရင် ဝိညာဉ်က ထွက်မသွားသေးဘဲ အလောင်းထဲမှာပဲ ရှိနေသေးတယ်၊ ဝိညာဉ်နှင်ထုတ်တဲ့ ပညာကို

ကျွမ်းကျင်တဲ့ တိဘက်လားမား ဘုန်းကြီးတပါးပါးက နှင်ထုတ်မှပဲ ဝိညာဉ် ထွက်သွားတယ်လို့ ယူဆကြတယ်။ အဲဒီပညာကလဲ ဘုန်းကြီးတိုင်း ကျွမ်းကျင်တတ်မြောက်တဲ့ ပညာမဟုတ်ဘူး။ ဒီပညာ တကယ်တတ်မြောက်တဲ့ ဆရာဘုန်းကြီးထံမှာ နှစ်ရှည်လများ သင်ယူလေ့လာထားတဲ့ ဘုန်းကြီးများမှပဲ ကျွမ်းကျင် တတ်မြောက်တယ်။

နှင်ထုတ်ပုံကတော့ ဝိညာဉ်နှင်တဲ့ ဘုန်းကြီးက အလောင်းနားမှာ ခိုင်ခိုင်မတ်မတ် ရပ်ပြီးတော့ 'အစ်'ဆိုတဲ့ အသံကို ဝမ်းခေါင်းသံ လည်ချောင်းသံပါ ပါလာအောင် တအားကုန် ဖြစ်ညှစ်ထုတ်ပြီး စူးစူးရှရှ အော်လိုက်ပြီးမှ 'ဖတ်' ဆိုတဲ့ အသံကို အော်လိုက်ရတယ်။ အဲဒီအသံနှစ်ခု အသံနေအသံထား မှန်မှ ဝိညာဉ်က ထွက်သွားတယ်။ မမှန်ရင် မထွက်ဘူး။ အသံကြားပြီး ကြောက်လန့် ထွက်သွားသလားတော့ မသိဘူး။

**သတိထားလေ့ကျင့်မှ** အဲဒီပညာ သင်ယူလေ့ကျင့်တဲ့ ဘုန်းကြီးဟာ 'အစ်' လို့ အူရောအသဲပါ ထွက်လာမတတ် အစွမ်းကုန် ဖြစ်ညှစ်ပြီး အော်တာကို အကြိမ်ကြိမ် လေ့ကျင့်ရတော့ တချို့မှာ အော်ရင်း သွေးတောင်ပါလာသတဲ့။

သင်ယူတဲ့အခါမှာ 'အစ်' သံကိုပဲ ဌာန်ကရိုဏ်းကျအောင် အကြိမ်ကြိမ် လေ့ကျင့်ရတယ်။ 'ဖတ်'အသံကို ရောပြီး မရွတ်ရ မအော်ရဘူး။ 'ဖတ်'အသံကို သီးခြား လေ့ကျင့်ရတယ်။ ဘာကြောင့်လဲဆိုတော့ 'ဖတ်' အသံပါရောပြီး လေ့ကျင့်လိုက်လို့ 'အစ် ဖတ်'ဆိုပြီး အသံနေအသံထား မှန်မှန် ရွတ်မိသွားလို့ အဲဒီအော်တဲ့ ဘုန်းကြီးရဲ့ ဝိညာဉ်က သူ့ကို နှင်ထုတ်တယ်ထင်လို့ ထွက်သွားရင် အဲဒီဘုန်းကြီး ကိစ္စချောရော။ ဒါပေတဲ့ လူသေနားမှာ အော်ရင်တော့ သေသူရဲ့ ကိုယ်စား အော်တာမို့ အော်တဲ့ဘုန်းကြီးရဲ့ ဝိညာဉ်က ထွက်မသွားဘူးတဲ့။ သေသူရဲ့ ဝိညာဉ်ပဲ ထွက်သွားသတဲ့။ ထွက်သွားပြီးရင် ဒီဝိညာဉ်ဟာ

နောက်တဘဝ မကူးသေးမီကြားဘဝ (အန္တရာဘဝ)မှာ လှည့်လည်နေရတယ်။ အဲဒီကြားဘဝကို ဗာဒို(Bardo)လို့ တိဘက်ဘာသာနဲ့ ခေါ်ကြသတဲ့။*

ဒီကြားဘဝ ဗာဒိုမှာ သွားလာနေတဲ့ ဝိညာဉ်ကို ကောင်းရာမွန်ရာ ရောက်အောင် တန်ခိုးရှိတဲ့ တိဘက်ဘုန်းကြီးတွေက ကူညီနိုင်တဲ့အခါလဲ ရှိတတ်သတဲ့။ တခါတော့ ဂရင်းလားမားဆိုတဲ့ ဘုန်းကြီးတပါး ကွယ်လွန်ပြီး ဗာဒိုမှာ သွားလာနေသတဲ့။ အဲဒီအချိန်မှာ **ဒုပကွန်လက်** ဆိုတဲ့ ခပ်ကြောင်ကြောင် ဘုန်းကြီးတပါးကလဲ ရှိသတဲ့။ သူ့ကို တန်ခိုးရှိတယ်လို့ အများက ထင်ကြတယ်။ တနေ့မှာ **ဒုပကွန်လက်**ဟာ တောထဲလျှောက်သွားနေရင်း စမ်းချောင်းကလေးမှာ ရေလာခပ်တဲ့ မိန်းမပျိုကလေး တယောက်ကို အတင်းဖမ်းဖက်ပြီး မတော်တရော်ပြုဖို့ ကြိုးစားတယ်။ ဘုန်းကြီးက အသက်ကြီးကြီး မိန်းကလေးက သန်သန်မာမာ ဆိုတော့ အတင်း ရုန်းလိုက်တဲ့အတွက် မိန်းကလေး လွတ်သွားတယ်။

အိမ်ရောက်တော့ မိန်းကလေးက အဖြစ်အပျက်ကို သူ့အမေကို ပြောပြတယ်။ ဒီတော့ သူ့အမေက မိန်းကလေးပြောပြတဲ့ အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို ကြားရတဲ့အခါ ဒါဟာ တန်ခိုးရှင် **ဒုပကွန်လက်**ပဲလို့သိတော့ "ငါ့သမီး၊ အဲဒါ သူတော်သူမြတ်ပဲ။ ကောင်းတဲ့ ရည်ရွယ်ချက်နှင့် သူကြံစည်တာ၊ အဲဒီနေရာ ပြန်သွားပြီး အဲဒီအရှင်ကိုတွေ့ရင် သူ့အလိုအတိုင်း လိုက်လျောလိုက်"လို့ ပြောပြီး တိုက်တွန်းတယ်။

မိန်းကလေး အဲဒီနေရာ ပြန်သွားတော့ ကိုယ်တော်ချောကို ကျောက်တုံး တတုံးပေါ်မှာ တင်ပျဉ်ခွေ မျက်စိမှိတ်ပြီး မလှုပ်မရှက် ထိုင်နေတာ တွေ့ရသတဲ့။ တရား အားထုတ်နေတယ်ပေါ့လေ။ မိန်းကလေးက ဦးချပြီး "အရှင်မြတ်မှန်း မသိလို့ ရုန်းမိတာပါ။ အခု အရှင်မြတ် သဘောအတိုင်းပါပဲ"လို့ ပြောတော့ ကိုယ်တော်ချောက "ဟဲ့ မိန်းကလေး၊ မိန်းမတွေဟာ ငါ့စိတ်ကို မလှုပ်ရှား

---

* Alexandara David Neel, Magic and Mystery in Tibet, P.23,

စေနိုင်ဘူး၊ ခပ်စောစောက ကိစ္စက ဂရင်းလားမားရဲ့ ဝိညာဉ်ကို အဲဒီအနားမှာ မြင်လိုက်လို့ သူ့ကို သနားတာနဲ့ ကောင်းရာမွန်ရာ လူ့ဘဝကို ပို့ချင်လို့ ငါကြိုးစားတာ၊ သူ့ကံဆိုးချင်တော့ နင်က ရှန်းပြီး ထွက်ပြေးသွားတယ်။ နင်ရွာထဲမှာ ရှိနေတုန်း ဒီစမ်းချောင်းနားက လယ်ကွင်းထဲမှာ မြည်းထီးနဲ့ မြည်းမ မြူးနေတာ ငါတွေ့တယ်။ ဒါကြောင့် အခုတော့ ဂရင်းလားမားဟာ မြည်းဘဝကိုပဲ သူ ရောက်ရတော့မယ်။ သူ့ကံပေါ့လေ"လို့ ပြောသတဲ့။*

ဒါတွေအားလုံးဟာ နောက်ဘဝမကူးမီ ကြားကာလမှာ နားစရာ ခိုစရာ သရဲ၊ တစ္ဆေ ဝိညာဉ် ဘဝကလေးတခု ရှိနေတယ်လို့ ယူဆတဲ့ **အန္တရာဘဝဒိဋ္ဌိ** အယူမှားပါပဲ။ ဒီအယူအဆလဲ တည်မြဲနေတဲ့ အတ္တ၊ အသက်၊ ဝိညာဉ်ကလေး သတ္တဝါရဲ့သန္တာန်မှာ ရှိနေတယ်လို့ ယူဆတဲ့ **အတ္တဒိဋ္ဌိ** အယူမှားပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ **သဿတဒိဋ္ဌိ= တည်မြဲအယူမှား**ပါပဲ။

**ရည်ရွယ်ချက် မှန်ဖို့လိုတယ်**

ဒီလိုဆိုရင် သေသူကို ရည်စူးပြီး ဆွမ်းသွတ်ခြင်း၊ သပိတ်သွတ်ခြင်း စတဲ့ ဒါနကုသိုလ်တွေ ပြုတာဟာ မှားနေသလားလို့ မေးစရာရှိပါတယ်။ အဲဒါ မမှားပါဘူး။ ဒါဟာ မြတ်စွာဘုရား မိန့်ကြားတော်မူချက်အရ ဗိမ္ဗိသာရမင်းကြီး စတဲ့ အဆင့်မြင့် ဗုဒ္ဓဘာသာဝင်တွေ ပြုလုပ်လာခဲ့ကြတဲ့ ကောင်းမွန်မှန်ကန်တဲ့ ထုံးတမ်းစဉ်လာပဲ။ သဘာဝလဲ ကျပါတယ်။

သို့သော် ရည်ရွယ်ချက် ရည်စူးချက်တော့ မတိမ်းမစောင်းဖို့ လိုပါတယ်။ သတ္တဝါရဲ့ သန္တာန်မှာ မွေးဖွားလာကတည်းက အသက် ဝိညာဉ်ကလေး တည်မြဲလျက်ပါလာပြီး သေတဲ့အခါမှာ အဲဒီ အသက် ဝိညာဉ်ဟာ သေသူရဲ့ ခန္ဓာကိုယ်က ထွက်သွားတယ်။ အဲဒီ အသက်ဝိညာဉ်ပဲ သရဲ တစ္ဆေဖြစ်ပြီး

---

* Magic and Mystery in Tibet, P.36,37

မကျွတ်မလွတ်သေးလို့ သူ့ကို ရည်စူးပြီး ဒါနကုသိုလ် ပြုတယ်ဆိုရင်တော့ ဒါ ရည်ရွယ်ချက် တိမ်းစောင်းသွားပြီ။ မမှန်ပါဘူး။ **အန္တရာဘဝဒိဋ္ဌိ** ဖြစ်နေပါတယ်။ **သဿတဒိဋ္ဌိ**လဲ ဖြစ်နေပါတယ်။

ဘယ်လိုဆိုရင် ရည်ရွယ်ချက် မှန်သလဲဆိုတော့– လောကမှာ အများပြောနေကြတဲ့ သရဲ တစ္ဆေဆိုတာတွေဟာ မြတ်စွာဘုရား တရားတော်မှာ လာတဲ့ ပြိတ္တာတွေပဲ။ သူတို့ရဲ့ မကောင်းမှု အကုသိုလ် တခုခုကြောင့် သေပြီးရင်ပြီးချင်း စိတ်အသစ် ရုပ်အသစ်နဲ့ ပြိတ္တာဘဝမှာ ဘဝသစ်ဖြစ်ပြီး အနေဆင်းရဲ၊ အစားဆင်းရဲ၊ အဝတ်ဆင်းရဲ စတဲ့ ဆင်းရဲမျိုးစုံ ခံစားနေရလို့ လူတွေကို သူတို့ရှိနေမှန်း သိအောင် ရုပ်ပြ၊ အသံပေးပြီး အစားအစာ လာတောင်းကြတာပဲ ဆိုတဲ့ အသိနဲ့ သူတို့ကို ရည်စူးပြီး ဒါနကောင်းမှု ပြုရင်တော့ ရည်ရွယ်ချက် မှန်ပါတယ်။ အကျိုးလဲ များပါတယ်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အန္တရာဘဝဒိဋ္ဌိ အယူမှားလဲ ကင်းစင်သွားပါတယ်။

ပေတဝတ္ထု ပါဠိတော်မှာ ကွယ်လွန်သူများ ပြိတ္တာဘဝမယ် ရုပ်နာမ် အသစ်နဲ့ ဘဝအသစ်ဖြစ်ပြီး စားစရာမရှိ၊ သောက်စရာမရှိ၊ နေစရာမရှိအောင် ဆင်းရဲလွန်းလို့ ကိုယ်ထင်ပြ အစားအစာ တောင်းကြကြောင်းကို မြတ်စွာဘုရား ဟောကြားထားပါတယ်။ အဲဒီမှာ ဟောကြားထားတဲ့ တချို့ ပြိတ္တာတွေရဲ့ ရုပ်အဆင်းတွေဟာ ကြောက်စရာ ရုပ်အဆင်းတွေဖြစ်လို့ ယခုခေတ် လူတွေ တွေ့ရင်လဲ သရဲ တစ္ဆေတွေလို့ပဲ ပြောကြမှာပါပဲ။

**ပြိတ္တာမ မတ္တာ** ဥပမာ **မတ္တာပေတိ ဝတ္ထု**မှာ ဟောကြားတော်မူတဲ့ **မတ္တာ**ဆိုတဲ့ ပြိတ္တာမရဲ့ ရုပ်အဆင်းသဏ္ဍာန်ကို ကြည့်ရင် တွေ့ရ မြင်ရသူတိုင်း သရဲ တစ္ဆေဆိုပြီး ကြောက်ကြလန့်ကြမှာ အမှန်ပဲ။ ဒီပြိတ္တာမက စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး သိပ်ဆင်းရဲနေတော့ လူ့ဘဝတုန်းက သူ့ခင်ပွန်းရဲ့ အငယ်ဇနီး နေဝင်မိုးချုပ်အချိန် အိမ်နောက်ဖေးမယ် ရေချိုးနေတုန်းမှာ သွားပြီး မလှမ်းမကမ်းက ကိုယ်ထင်ပြ အစားအသောက် တောင်းတယ်။

သူ့ရုပ်သဏ္ဌာန်က သွားကခေါခေါ၊ မျက်တွင်းကဟောက်ပက်၊ အရိုးက ဂေါက်ဂက်နဲ့ မဲခြောက်ပိန်ကပ်နေပြီး တကိုယ်လုံးမှာ ယားနာတွေ အဖုအပိန့်ကြီးတွေကလဲ သွေးတစိုစို ပြည်တယိုယိုနဲ့ အပ်ချစရာ မရှိအောင် ပြည့်နေပြီး အဝတ်မရှိလို့ အရှက်လုံအောင် တကိုယ်လုံးကို ဆံပင်ဖားလျားချ ဖုံးထားရတော့ တကယ့်သရဲမှ သရဲပဲ။ ဒီအထဲ မစင်နံ့လို ညှီပုပ်ပုပ် အနံ့ကြီးကလဲ တထောင်းထောင်း နံနေတော့ အဝေးကနေတဲ့လူတောင် နှာခေါင်းပိတ်နေရတယ်။

ဒါမျိုးကိုပဲ လူတွေက "ဟော အပုပ်နံ့ ရတယ်ဟေ့"ဆိုပြီး ကြောက်ကြတယ်။ အမှန်တော့ သူတို့ဟာ လူကိုခြောက်လှန့်ဖို့ လာကြတာလဲ မဟုတ်ပါဘူး။ အန္တရာယ်ပြုဖို့ လာကြတာလဲ မဟုတ်ပါဘူး။ အန္တရာယ်လဲ မပြုတတ်ပါဘူး။ တကယ့် သနားစရာ ဒုက္ခသည်တွေပါ။ ဆင်းရဲ ငတ်ပြတ်လွန်းလို့ မနေနိုင်လွန်းလို့သာ လူနားသူနား အရဲစွန့်လာပြီး အစားအစာ တောင်းနေကြတာပဲ။ တချို့က သူတို့ရဲ့ ကြည့်မကောင်း မြင်မကောင်းတဲ့ ရုပ်ဆင်းသဏ္ဌာန်ကို လူတွေကို မပြချင်လို့ အသံပဲပေးပြီး အစားအစာ တောင်းကြတယ်။ တကယ့် ဒုက္ခိတတွေပါ။

**စိတ်ကခြောက်** ဒါတွေကို လူတွေက အစွဲကရှိနေတော့ သရဲခြောက်တယ်၊ တစ္ဆေခြောက်တယ် ဆိုပြီး ကြောက်ကြ၊ လန့်ကြ၊ ကြောက်ဖျား လန့်ဖျား ဖျားကြ ဖြစ်နေကြတာ။ တချို့မှာ မမြင်မကြားရဘဲနဲ့တောင်မှ မြင်ရကြားရတယ် ထင်ပြီး စိတ်ထဲမှာ အကြီးအကျယ် အစွဲလမ်းကြီး ဖြစ်နေပြီး နှစ်ရှည်လများ နေမကောင်း ထိုင်မသာ ဖြစ်ကြတယ်။ ကိုယ်က သနားကရုဏာသက်ပြီး ကူညီရမည့် သတ္တဝါကို အကြောင်းမှန်မသိတော့ ကြောက်စရာထင်ပြီး ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို ဒုက္ခပေးနေတာတွေပဲ။

အဲဒီပြိတ္တာမကို ရေချိုးနေတဲ့ **တိဿာ**က မြင်တော့ ခပ်လှမ်းလှမ်းကမို့ မိုးချုပ်ချုပ်ဆိုတော့ လူတယောက်လို့ပဲ ထင်တယ်။ နောက် ပြိတ္တာမရဲ့ ရုပ်ဆင်းသဏ္ဌာန်ကို တဖြည်းဖြည်း သဲသဲကွဲကွဲ မြင်လာရတော့ မြင်မြင်ချင်းတော့

**တိဿာ**လဲ ကြောက်သွားတယ်။ "ဟဲ့… ဟိုက ဘယ်သူလဲ"လို့ ကြောက်ကြောက်နဲ့ မေးလိုက်မိတယ်။

"ငါပါ ညီမရယ်၊ **မတ္တာ**ပါ၊ ငါ့ကို သနားပါ၊ ငါ လူ့ဘဝတုန်းက ပြုခဲ့တဲ့ မကောင်းမှု အကုသိုလ်တွေကြောင့် အခု ပြိတ္တာဘဝ ရောက်နေပါတယ်။ စားစရာလဲမရှိ၊ ဝတ်စရာလဲမရှိ၊ ဆင်းရဲလွန်းလို့ ငါ့ညီမဆီ အကူအညီ လာတောင်းတာပါ၊ သနားပါညီမရယ်.."လို့ ပြောသတဲ့။ ဒီတော့မှ **တိဿာ**လဲ အကြောက်ပြေသွားပြီး သနားလာသတဲ့။

**တိဿာ**က သနားလာလို့ **မတ္တာ**ရဲ့ ဖြစ်ရပုံကို မေးတော့–

"ညီမရယ်… ငါ လူ့ဘဝတုန်းက ဆိုးခဲ့တာတွေကို အခု တန်ပြန် ခံနေရတာပါ။ လူ့ဘဝတုန်းက ရတနာသုံးပါးကို မယုံကြည်ခဲ့လို့ မလှူခဲ့ မတန်းခဲ့တဲ့အတွက် အခု စားစရာ ဘာမှမရှိလို့ ငတ်ပြတ်ပြီး ပိန်ခြောက်နေတာပါ။ ငါ့ညီမ လှလှပပ ပျော်ပျော်ရွှင်ရွှင် ဒို့ခင်ပွန်းသည်နဲ့အတူ နေတာကို မနာလိုစိတ် ဖြစ်ပြီး ဖုံတွေ အမှိုက်တွေကို ငါ့ညီမရဲ့ ခေါင်းပေါ်က ဖြိုလောင်းမိလို့ ငါ့တကိုယ်လုံး ချေးညှော်တွေနဲ့ ညစ်ပတ် ပေရေနေတာပါ။ ငါ့ညီမရဲ့ အဝတ်တွေ အိပ်ရာတွေကို ခွေးလေးယားသီးတွေနဲ့ ဖြူးခဲ့မိလို့ အခုလို ဝဲနာ ယားနာတွေ ပြည့်နေတာပါ။

ငါ့ညီမရဲ့ အဝတ်တွေ ခိုးခဲ့မိလို့ အခုလို ကိုယ်တုံးလုံးကြီးနဲ့ နေရတာပါ။ ငါ့ညီမရဲ့ အမွှေးနံ့သာတွေကို ခိုးပြီး အိမ်သာတွင်းထဲ ပစ်ချမိလို့ ငါ့ကိုယ်က အခုလို အပုပ်နံ့တွေ ထွက်နေတာပါ ညီမရယ်။ အခုတော့ အကုသိုလ်ကို ကြောက်လှပါပြီ၊ သံဝေဂတွေ ရလှပါပြီ။"

"ဒါဖြင့် အခု ဒို့များက မတ္တာကို ဘယ်လို ကူညီရမလဲ ပြောပါဦး"

"ရဟန်းတော် လေးပါးကို သံဃိကဆွမ်းကပ်၊ တခြားလေးပါးကို ပုဂ္ဂလိကဆွမ်း ကပ်ပြီး ငါ့ကို အမျှဝေပါ ညီမရယ်၊ အဲဒီလိုဆိုရင် ငါ ဆင်းရဲတွင်းက လွတ်မှာပါ။"

နောက်တနေ့မှာ **တိဿက** ခင်ပွန်းသည်ကို အကျိုးအကြောင်း ပြောပြီး သံဃိကလေးပါ၊ ပုဂ္ဂလိကလေးပါ ဆွမ်းကပ် သင်္ကန်းလှူပြီး **မတ္တာကို** အမျှဝေလိုက်တော့ **မတ္တာက** ဝမ်းပန်းတသာ သာဓုခေါ်လိုက်တယ်။ ဒီတော့မှ သူ့မှာ နတ်ဝတ်နတ်စားတွေ ရလာပြီး ချမ်းသာရာ ရလာတယ်။

ပေတဝတ္ထုပါဠိတော်မှာ ဒီလိုကြောက်စရာ ရုပ်အဆင်းသဏ္ဌာန်နဲ့ ပြိတ္တာတွေအကြောင်း မြတ်စွာဘုရား ဟောတော်မူထားတာ အများကြီးပါပဲ။ မိုးချုပ်ချုပ် မှောင်ထဲမှာ မဲမဲသဲသဲ အရုပ်ဆိုးဆိုး အပုပ်နံ့ဆိုးတွေကလဲ တထောင်းထောင်း ဖြစ်နေတော့ အခုခေတ် အကြောင်းမသိကြတဲ့ လူတွေက တစ္ဆေ သရဲဆိုပြီး ကြောက်ကြ လန့်ကြတာ အံ့သြစရာတော့ဖြင့် မဟုတ်ပေဘူး။

**ဥစ္ဆေဒဒိဋ္ဌိ** အခု ရှင်းပြခဲ့တာဟာ တဘဝပြီး နောက်တဘဝ ဖြစ်တာကို သေသေချာချာ သဘောမပေါက်ရင် **သဿတဒိဋ္ဌိ၊ အန္တရာဘဝ ဒိဋ္ဌိ** အစွန်းငြိတတ်တာကို ရှင်းပြခဲ့တာပါ။ အဲဒီ ဒိဋ္ဌိ နှစ်ခုတင် မဟုတ်ဘူး၊ **ဥစ္ဆေဒဒိဋ္ဌိ** အစွန်းလဲ ငြိတတ်ပါသေးတယ်။

တချို့က မျက်မြင်နားကြား အရာကိုသာ အရှိတရားလို့ ယူဆထားတတ်ကြတယ်။ မျက်စိနဲ့မြင်ရမှ မှန်တယ်၊ နားနဲ့ကြားရမှ ဟုတ်တယ်လို့ ခံယူထားကြတယ်။ နောက်ဘဝဆိုတာကို မျက်စိနဲ့လဲ မမြင်ရဘူး၊ နားနဲ့လဲ မကြားရဘူး။ ဒါကြောင့် စိတ်ကူးယဉ်နေကြတာ သက်သက်ပဲ။ အခု လက်ရှိဘဝသာလျှင် မြင်နေတွေ့နေရတာမို့ အမှန်တကယ်ရှိတယ်။ အရင်ဘဝလဲ မရှိဘူး၊ နောက်ဘဝလဲ မရှိဘူးလို့ ယူဆကြတယ်။

ဘဝဆိုတာ ပုခက်နဲ့ ခေါင်းကြားမှာပဲရှိတယ်ဆိုတဲ့ အယူအဆမျိုးပေါ့။ တချို့ကျတော့လဲ စိတ်နာမ်ဆိုတာ သီးခြားမရှိဘူး။ တစုံတရာကို သိတယ်ဆိုတာ အနုဆုံး အသိမ်မွေ့ဆုံးရုပ်က သိတာဖြစ်လို့ ရုပ်သာလျှင် အဟုတ်ရှိ တကယ်ရှိတဲ့

တရားလို့ ယူဆကြတယ်။ ဒီရုပ်ကို မှီနေတဲ့ အတ္တ အသက် ဝိညာဉ်ဆိုတာတော့ ရှိတယ်။ ဒါကြောင့် အခုဘဝမှာ အသက်ရှင်နေကြတာပဲလို့ ယူဆကြတယ်။ တချို့ကတော့ ရုပ်သည်ပင်လျှင် အသက်ဝိညာဉ် အတ္တပဲလို့ ယူဆကြတယ်။

ဒီတော့ အဲဒီ ရုပ်ဝါဒသမားတွေက လူသေလို့ ရုပ်ကိုယ်ကြီး ပျက်စီးသွားရင် အသက် ဝိညာဉ် အတ္တပါ ပျက်စီးသွားတယ်။ ဒါကြောင့် နောက်ဘဝဆိုတာ မရှိဘူး။ တဘဝတည်းပဲ ရှိတယ်လို့ ယူဆကြတယ်။ ဒီသတ္တဝါ ဒီဘဝမှာ သေရင် နောက်တဘဝ မဖြစ်တော့ဘူး။ တဘဝတည်းနဲ့ အပြီးသတ် ပြတ်စဲသွားတယ်လို့ ယူဆကြတယ်။ ဒီအယူအဆမျိုးကို **ဥစ္ဆေဒဒိဋ္ဌိ=ပြတ်စဲအယူမှား** လို့ခေါ်တယ်။

ဗုဒ္ဓဝါဒကတော့ ရှေ့ဘဝက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတဲ့ အကြောင်း၊ တဘဝရဲ့ နောက်ဆုံးရုပ်နာမ် ချုပ်ပျက်ခြင်းစတဲ့ အကြောင်းတွေ အပြည့်အစုံ ရှိနေသမျှ အကျိုးအနေနဲ့ နောက်နောက်ဘဝသစ်တွေ ဖြစ်ပေါ်နေတာပဲလို့ ယူဆတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ မဟုတ်ပါဘူး။ ဥစ္ဆေဒဒိဋ္ဌိမှ လွတ်နေပါတယ်။

**ဒိဋ္ဌိသုံးမျိုး** ဒီတော့ ပြန်ပြီး အကျဉ်းချုပ်ကြည့်လိုက်ရင် **သဿတဒိဋ္ဌိ** အယူရှိသူတွေက သတ္တဝါရဲ့သန္တာန်မှာ အမြဲတည်နေတဲ့ အတ္တ အသက်ဝိညာဉ်ဆိုတာ ရှိတယ်။ သတ္တဝါ သေကြေ ပျက်စီးသွားရင် အဲဒီ အတ္တ အသက်ဝိညာဉ်က မသေကြေ မပျက်စီးဘဲ နောက်ဘဝ နောက်ခန္ဓာကိုယ် တခုထဲကို ကူးပြောင်းသွားတယ်လို့ ယူဆတယ်။

**အန္တရာဘဝဒိဋ္ဌိ** အယူရှိသူများက ဘဝဟောင်းကနေပြီး ဘဝသစ်ကို ကူးပြောင်းမသွားမီ အတ္တ အသက်ဝိညာဉ်ကလေးဟာ ကြားဘဝတခုမှာ ခဏခေတ္တ ဝိညာဉ်အဖြစ်နဲ့ နေရသေးတယ်လို့ ယူဆတယ်။

**ဥစ္ဆေဒဒိဋ္ဌိ** အယူရှိသူများက ဒီဘဝ ဒီသတ္တဝါသေရင် အတ္တ အသက် ဝိညာဉ်ပါ ပျက်စီးသွားလို့ နောက်ဘဝ တမလွန်ဘဝ မရှိဘူးလို့ ယူဆကြတယ်။

**အနတ္တဝါဒ** ဒီအယူမှား သုံးမျိုးလုံးဟာ အမြဲတည်နေတဲ့ အတ္တ အသက် ဝိညာဉ် ရှိတယ်လို့ ယူဆတဲ့ **အတ္တဝါဒ**၊ **အတ္တဒိဋ္ဌိ**ပေါ်မှာ အခြေခံတယ်။ ဗုဒ္ဓဝါဒက အဲဒီလို အမြဲတည်နေတဲ့ အတ္တ အသက် ဝိညာဉ် ရှိတယ်လို့ ယူဆသလား။ (မယူဆပါဘုရား။) ဟုတ်တယ်၊ မယူဆဘူး။ ခဏမစဲ တသဲသဲ ဖြစ်ပျက်ပြောင်းလဲနေတဲ့ ရုပ်အစဉ် နာမ်အစဉ်မျှသာ ရှိတယ်လို့ ယူဆတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒမှတပါး တခြား အယူဝါဒတွေက **အတ္တဝါဒ**၊ ဗုဒ္ဓဝါဒကတော့ **အနတ္တဝါဒ**လို့ ပြောကြရတယ်။

## ကမ္မသတ္တိသည် အတ္တမဟုတ်

**စွပ်စွဲကြတယ်** သို့သော်လဲ အမြဲတည်နေတဲ့ အတ္တရှိတယ်လို့ ယူဆကြတဲ့ အတ္တဝါဒသမား တချို့က ဗုဒ္ဓဝါဒမှာလဲ အတ္တအယူအဆ ရှိတယ်လို့ စွပ်စွဲကြတယ်။ နဲနဲ ချဲ့ပြောရရင် ဗုဒ္ဓဝါဒအရ ကုသိုလ်ကံကြောင့် ကောင်းတဲ့ ချမ်းသာတဲ့ ဘဝမှာ ကောင်းကျိုးရတယ်။ အကုသိုလ်ကံကြောင့် မကောင်းတဲ့ ဆင်းရဲတဲ့ဘဝမှာ ဆိုးကျိုးရတယ်လို့ ယူဆတယ်။ ဒီနေရာမှာ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ကောင်းတဲ့စေတနာနှင့် ဆိုးတဲ့စေတနာပါ။ ဒီစေတနာဟာ ဖြစ်ခြင်းပျက်ခြင်းရှိတဲ့ နာမ်တရားဖြစ်လို့ ဖြစ်ပေါ်ပြီး ချက်ချင်း ပျက်သွားတာပဲ။ သို့သော်လဲ အဲဒီစေတနာရဲ့ အရှိန်၊ စွမ်းအား၊ သတ္တိ ကတော့ စိတ်အစဉ်မှာ ကျန်ရစ်ခဲ့ပါတယ်။ အဲဒါကို **ကမ္မသတ္တိ**လို့ ခေါ်ကြတယ်။ ဒီစေတနာရဲ့ စွမ်းအားခေါ်တဲ့ ကမ္မသတ္တိက စိတ်အစဉ်မှာ ပါဝင်နေပြီး ကောင်းတဲ့ဘဝ မကောင်းတဲ့ဘဝကို ရစေတယ်။ ရတဲ့ဘဝမှာလဲ အကြောင်းညီညွတ်သလို စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း၊ ဆင်းရဲမွဲတေခြင်း စတဲ့ အကျိုးတွေကို ဖြစ်ပေါ်စေတယ်။

ဒီတော့ ဒီနေရာမှာ အခုနပြောခဲ့တဲ့ အတ္တဝါဒသမား တချို့က ဟိန္ဒူဗြဟ္မဏဝါဒ အယူအဆအရ အတ္တဟာ တည်မြဲလျက် နောက်တဘဝ ကူးသွားသလို ဗုဒ္ဓဝါဒ အယူအဆအရလဲ ကမ္မသတ္တိက တည်မြဲလျက် နောက်ဘဝကို ပါသွားတယ်လို့ ယူဆတော့ ဗုဒ္ဓဝါဒက ကမ္မသတ္တိဟာ ဟိန္ဒူဝါဒက အတ္တနဲ့ သဘောအားဖြင့် အတူတူပါပဲလို့ ပြောကြတယ်။

**ကမ္မသတ္တိဆိုတာ** ဒီလိုပြောကြတာကတော့ စေတနာရဲ့ စွမ်းအားခေါ်တဲ့ ကမ္မသတ္တိရဲ့ သဘောကို ပြည့်ပြည့်စုံစုံ သဘောမပေါက်ကြလို့ ပြောကြတာပါ။ ဒီကမ္မသတ္တိခေါ်တဲ့ စေတနာရဲ့ စွမ်းအားမှာ အပိုင်းအခြားရှိပါတယ်။ ဒီ အကြောင်းစေတနာရဲ့ စွမ်းအားဟာ ထိုက်သင့်တဲ့ အကျိုးကို ဖြစ်ပေါ်စေပြီးရင် ကုန်သွားပါတယ်။ စိတ်အစဉ်မှာ နောက်ထပ် ဒီစွမ်းအားသတ္တိ မရှိတော့ပါဘူး။

တခါတရံမှာ ဒီစေတနာ ဒီကံရဲ့ သတ္တိစွမ်းအားဟာ တဘဝ အစဖြစ်ခြင်းဆိုတဲ့ ပဋိသန္ဓေကျိုးကို ပေးရုံနဲ့ပဲ စွမ်းအား ကုန်သွားပါတယ်။ တခါတရံတော့ တဘဝအတွင်းမှာ အကျိုး တစုံတရာ ဖြစ်ပေါ်စေပြီးရင် စွမ်းအားသတ္တိ ကုန်သွားပါတယ်။ ဒါကို ပဝတ္တိကျိုး ပေးတယ်လို့ ခေါ်ကြပါတယ်။ တခါတရံတော့ ပဋိသန္ဓေကျိုး ပေးရုံနဲ့ အစွမ်းသတ္တိ ကုန်မသွားသေးရင် ပဝတ္တိကျိုးပါ ပေးပြီးတဲ့နောက် ကုန်သွားပါတယ်။ တချို့ကျတော့ တဘဝမှာ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး ပေးပြီးသော်လဲ စွမ်းအားသတ္တိ မကုန်သေးရင် နောက်တဘဝမှာ အကျိုးပေးပြန်တာလဲ ရှိပါတယ်။

လိုရင်းက စွမ်းအားသတ္တိ ကုန်သွားတဲ့အခါမှာ ဒီစေတနာရဲ့ စွမ်းအား၊ ကံရဲ့သတ္တိဟာ စိတ်အစဉ်မှာ မရှိတော့ပါဘူး။ ဒါကြောင့် ဒီစေတနာရဲ့စွမ်းအား ကမ္မသတ္တိဟာ အမြဲတည်ရှိနေတဲ့ အရာ မဟုတ်ပါဘူး။

**သာဓကဝတ္ထု** ဝတ္ထုသာဓကတခု ပြရရင် **ပသေနဒီကောသလ** မင်းကြီးရဲ့ မိဖုရားကြီး **မလ္လိကာဒေဝီ**ကို ပြရလိမ့်မယ်။ **မလ္လိကာဒေဝီ** ဟာ ရတနာသုံးပါး ကြည်ညိုကိုင်းရှိုင်းပြီး ပညာအမြော်အမြင်နဲ့ ပြည့်စုံတဲ့ မိဖုရားကြီးပါ။ ကောသလမင်းကြီးနှင့် စိတ်တူသဘောတူ အသဒိသဒါန အလှူတော်ကြီး ပေးခဲ့သူပါ။ သို့သော်လဲ သေခါနီးမှာ စိတ်မကောင်းစရာ အကုသိုလ် အမှုတွေကို အာရုံပြုမိတဲ့ အကုသိုလ် စေတနာကံကြောင့် အဝီစိငရဲမှာ

ဖြစ်ရပြီး ငရဲဆင်းရဲ ခံစားရတယ်။ အဝီစိမှာ ၇ ရက် ခံစားရပြီး အကုသိုလ်ရဲ့ စွမ်းအားသတ္တိ ကုန်သွားတော့ အဝီစိငရဲက လွတ်ပြီး တာဝတိံသာ နတ်ပြည်မှာ နတ်စည်းစိမ် ခံစားရတယ်။ အဲဒီအချိန်မှာ **မလ္လိကာ** နတ်သမီးရဲ့ စိတ်အစဉ်မှာ ရှေးအကုသိုလ်ကံရဲ့ ကမ္မသတ္တိတွေ မရှိတော့ဘူး။

**နောက်သာဓကတခု** အရှင်အနုရုဒ္ဓါရဲ့ညီမ **ရောဟိနီ** မင်းသမီးဟာလဲ ရှေးဘဝက သူတပါးကို ခွေးလေးယားသီးတွေနဲ့ ဖြူးပြီး ယားအောင်လုပ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ စွမ်းအားသတ္တိကြောင့် မင်းသမီးဘဝမှာ အနာကြီးရောဂါ အစွဲကပ်ခံရလို့ လူသူအမြင်မခံဝံ့ဘူး။ အိမ်တွင်းပုန်းနေရတယ်။ အရှင်အနုရုဒ္ဓါရဲ့ ဩဝါဒကို လိုက်နာပြီး လက်ဝတ်လက်စား ရောင်းရတဲ့ငွေနဲ့ နှစ်ထပ်ဆွမ်းကျောင်း ဆောက်လှူ ဆွမ်းကျောင်းသန့်ရှင်းရေး ဝေယျာဝစ္စလုပ် စတဲ့ ကုသိုလ်ကောင်းမှုတွေကို စေတနာ ထက်ထက်သန်သန်နဲ့ ပြုစုဆည်းပူး လိုက်တော့ ရှေးအကုသိုလ်ကံရဲ့ ကမ္မသတ္တိတွေ ကုန်ခန်းသွားတယ်။ ဒီတင်ပဲ အနာကြီးရောဂါ ပျောက်ပြီး ပကတိအသားအရေအတိုင်း ပြန်ဖြစ်လာတယ်။ အဲဒီအချိန်ကစပြီး သူ့စိတ်အစဉ်မှာ ရှေးဘဝက အကုသိုလ်ကမ္မသတ္တိတွေ မရှိတော့ဘူး။ အနာကြီးရောဂါဆိုတဲ့ ဆိုးကျိုးကို ဖြစ်ပေါ်စေပြီးတဲ့အတွက် အကုသိုလ် ကမ္မသတ္တိတွေ ကုန်ခန်းသွားကြပြီ။

**လုံးဝခြားနားတယ်** အခုပြောခဲ့တဲ့ အတိုင်းပဲ ကုသိုလ် အကုသိုလ် စေတနာရဲ့ စွမ်းအားကမ္မသတ္တိဟာ သက်ဆိုင်ရာ အကျိုးကို ပြည့်ပြည့်စုံစုံ ဖြစ်ပေါ်စေပြီးရင် စွမ်းအားသတ္တိ ကုန်သွားလို့ သတ္တဝါရဲ့ စိတ်အစဉ်မှာ မရှိတော့ဘူး။

ဟိန္ဒူဝါဒရဲ့ အတ္တကတော့ ဒီလိုမဟုတ်ဘူး။ ဒီ အတ္တဟာ သတ္တဝါရဲ့ သန္တာန်မှာ မပျက်မစီးဘဲ အမြဲ ရှိနေတယ်။ ယောဂကမ္မဋ္ဌာန်းတွေ အားထုတ်လို့

အတ္တမှာ ကိလေသာ အညစ်အကြေးတွေ မရှိတော့ဘဲ ဖြူစင်တောက်ပြောင် လာတော့မှပဲ ဖန်ဆင်းရှင် မဟာဗြဟ္မာခေါ်တဲ့ အတ္တကြီးနှင့် ပြန်လည်ပေါင်းစည်း သွားပြီး သံသရာက လွတ်မြောက်သွားတယ်။ မဟာဗြဟ္မာကြီးထံမှာ အမြဲရှိတယ်။

ဗုဒ္ဓဝါဒအရ ကမ္မသတ္တိရဲ့ တည်ရှိမှုဟာ ကာလ အပိုင်းအခြား အကန့်အသတ်ရှိတယ်။ ဟိန္ဒူဝါဒရဲ့ အတ္တရဲ့ တည်ရှိမှုက ကာလအပိုင်းအခြား အကန့်အသတ် မရှိဘူး။ မဟာဗြဟ္မာထံ ပြန်မရောက်သေးသမျှ သတ္တဝါရဲ့ သန္တာန်မှာ ဒီအတ္တ အမြဲရှိနေတယ်။ မဟာဗြဟ္မာကြီးထံ ပြန်ရောက်ပြီးတော့လဲ အမြဲ တည်ရှိနေတယ်။

ဒီတော့ ဗုဒ္ဓဝါဒ ကမ္မသတ္တိနှင့် ဟိန္ဒူဝါဒ အတ္တအယူအဆဟာ လုံးဝ မတူပါဘူး။ လွန်စွာ ကွဲပြားခြားနားပါတယ်။ ဒါကြောင့် ကမ္မသတ္တိကို အတ္တလို့ မဆိုနိုင်ပါဘူး။

# ပြုလုပ်သူပဲ ခံစားတယ်

**မေးတတ်ကြတယ်** ဒီမှာ တခါ မေးခွန်းမေးတတ်ကြတာ ရှိပါသေးတယ်။ အဲဒါကတော့ ဗုဒ္ဓဝါဒ တမလွန်ဘဝ အယူအဆအရ ရှေ့ဘဝ နောက်ဘဝကို ဘာမှ ကူးပြောင်းမသွားဘဲ နောက်ဘဝမှာ ရုပ်အသစ် နာမ်အသစ် ဖြစ်တယ်ဆိုရင် ရှေးဘဝကလူနဲ့ နောက်ဘဝကလူ တခြားစီ ဖြစ်မနေဘူးလား။ ဒီလိုဆိုရင် ရှေ့ဘဝကလူ ပြုလုပ်ခဲ့တဲ့ ကောင်းမှု မကောင်းမှုကံရဲ့ အကျိုးကို နောက်ဘဝမှာ တခြားလူတယောက်က ခံစားရတယ်လို့ မဆိုနိုင်ဘူးလား။ ဒီလိုဆိုရင် ပြုလုပ်သူကတယောက်၊ အကျိုးခံစားရတဲ့လူက တခြားတယောက် ဆိုတော့ သဘာဝကျပါ့မလား၊ တရားပါ့မလား။ ပြီးတော့ ကောင်းမှု၊ မကောင်းမှု ပြုလုပ်တဲ့ လူဟာ သူ့အလုပ်ရဲ့ အကျိုးကို သူခံစားရတယ်ဆိုတဲ့ ကမ္မဝါဒ သဘောတရားနဲ့ ဆန့်ကျင်မနေဘူးလား။

**အဖြေကလဲအဆင်သင့်** အဲဒီလို မေးတတ်ကြပါတယ်။ မေးလဲ မေးစရာ ဖြစ်နေပါတယ်။ ဖြေဖို့လဲ သိပ်မလွယ်တဲ့ မေးခွန်း ပါပဲ။ ဒါပေတဲ့ ဗုဒ္ဓဝါဒအရ သဘာဝကျတဲ့ အဖြေကတော့ ရှိပြီးသားပါပဲ။

ဟိန္ဒူဝါဒမှာတော့ ဒီဘက်ဘဝအတ္တက မပျက်မစီးဘဲ တည်မြဲလျက် ဟိုဘက်ဘဝကို ကူးသွားတယ်လို့ ယူဆတော့ ဒီဘက်ဘဝက လူနဲ့ ဟိုဘက်ဘဝက

လူ တယောက်တည်းပဲလို့ ဆိုတာ ထင်ရှားတယ်။ ဒါကြောင့် သော ကရောတိ= သူပဲပြုလုပ်တယ်။ သော ဝေဒေတိ= သူပဲခံစားတယ်လို့ ပြောကြတယ်။ ပြုသူနဲ့ ခံစားသူ တယောက်တည်းပဲ၊ တခြားစီ မဟုတ်ဘူးလို့ ပြောရတာ လွယ်ကူတယ်။ နားလည်လွယ်တယ်။ မှန်တော့ဖြင့် မမှန်ဘူး။ ဗုဒ္ဓဝါဒမှာတော့ ဒီဘက်ဘဝက ရုပ်နာမ်ကတခြား၊ ဟိုဘက်ဘဝ ရုပ်နာမ်ကတခြားဆိုတော့ ပြုသူတခြား ခံစားသူ တယောက်လိုလို ဖြစ်နေတယ်။

မှန်ပါတယ်၊ ရှေ့ဘဝက ရုပ်နာမ် ချုပ်ပျက်သွားပြီးမှ နောက်ဘဝမှာ ရုပ်နာမ်အသစ်နဲ့ ဘဝသစ် ဖြစ်တယ်ဆိုတာ မှန်ပါတယ်။ ရှေ့ဘဝက နောက်ဘဝကို ရုပ်လဲမကူးပြောင်းဘူး၊ နာမ်လဲ မကူးပြောင်းဘူး၊ ဘဝဆိုတာ ရုပ်နာမ်နှစ်ခု အပေါင်းအစုမျှသာ ဖြစ်ပြီး ရုပ်နာမ်မှတပါး တခြား ဘာမျှ မရှိတဲ့အတွက် မရှိဘဲနှင့် ရှိတယ်လို့ ထင်နေကြတဲ့ အသက် ဝိညာဉ်ဆိုတာလဲ ရှိကိုမရှိလို့ နောက်ဘဝကို ကူးပြောင်းမသွားပါဘူး။ ဒီတော့ ရှေ့ဘဝနှင့် နောက်ဘဝ ဘာမှ အဆက်အစပ်မရှိဘဲ အဆက်ပြတ်နေသလားဆိုတော့ ဒီလိုလဲ မဟုတ်ပါဘူး။ ဒီလို အဆက်အစပ် မရှိဘူးဆိုရင်တော့ အခုန ပြောခဲ့တဲ့ မေးခွန်းတွေကို ဖြေဖို့ အဖြေ မရှိပါဘူး။ တကယ်တော့ ရှေ့ဘဝ နောက်ဘဝ ဆက်စပ်မှု ရှိပါတယ်။ အဆက်မပြတ်ပါဘူး။ ဒါဖြင့် တဆက်တစပ်တည်းလား ဆိုတော့ ဒီလိုလဲ မဟုတ်ပါဘူး။ (ဒါဖြင့် ဘယ်လို ဆက်စပ်ပါသလဲဘုရား။) ဒီအဖြေကို ဒကာကြီးများ သိပြီးသားပါ။ မေ့နေလို့ ဖြစ်ပါလိမ့်မယ်။

**ကြောင်းကျိုးပေါ် အခြေတည်**

ဗုဒ္ဓတရားတော်တွေဟာ ကြောင်းကျိုး နိယာမပေါ်မှာ အခြေတည်တဲ့ သဘာဝ တရားတွေပါ။ ဒီနိယာမအရ အကြောင်းကင်းပြီး ဖြစ်တဲ့ သဘာဝဆိုတာ မရှိပါဘူး။ ဒါကြောင့် ဘဝသစ် ဖြစ်တယ်ဆိုတာလဲ အကြောင်းကင်းပြီးဖြစ်တာ မဟုတ်ပါဘူး။ အကြောင်းကြောင့် ဖြစ်တာပါ။ အဲဒီအကြောင်းတွေကို ရှေ့မှာ ရှင်းပြခဲ့ပါပြီ။ အကျဉ်းချုပ် ပြန်ပြောရရင် ဘဝဖြစ်ချင်တဲ့ ဘဝတဏှာဆိုတဲ့ အကြောင်း၊

တနည်းပြောရရင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ အကြောင်း၊ ရှေ့ဘဝမှာ အကျိုးပေးဖို့ အခွင့်မသာခဲ့သေးတဲ့ ကောင်းမှုကံ မကောင်းမှုကံဆိုတဲ့ အကြောင်း၊ ရှေ့ဘဝရဲ့ နောက်ဆုံးရုပ်၊ နောက်ဆုံးနာမ် ချုပ်ပျက်သွားခြင်းဆိုတဲ့ အကြောင်း၊ ဒီအကြောင်းတွေရဲ့ စုပေါင်းစွမ်းအား သတ္တိကြောင့် နောက်ဘဝမှာ ရုပ်သစ်နာမ်သစ် ဘဝသစ်ဆိုတဲ့ အကျိုး ဖြစ်ပေါ်ရတာပဲ။

ဒီတော့ ရှေ့ဘဝက နောက်ဘဝကို ဘာမှ မကူးပြောင်းသော်လဲ အကြောင်းအကျိုးအနေနဲ့ ဆက်စပ်မှု ရှိနေပါတယ်။ အဆက်အစပ် မပြတ်ပါဘူး။ ကြောင်းကျိုးဆက်သွယ်မှု ရှိနေပါတယ်။

**တခုတည်းသော ကြောင်းကျိုးဖြစ်စဉ်**

ဒါကြောင့် ရှေ့ဘဝရုပ်နာမ်နဲ့ နောက်ဘဝရုပ်နာမ်ဟာ တခုတည်းသော ကြောင်းကျိုးဖြစ်စဉ်အတွင်းမှာ ရှိနေပါတယ်။ ကြောင်းကျိုးဖြစ်စဉ် တခုတည်း အတွင်းမှာ ဖြစ်တဲ့ ရှေ့ဘဝ နောက်ဘဝ ရုပ်နာမ်တွေကို ဖြစ်စဉ်တခုတည်းမှာ ကျရောက်တာမို့ တခြားစီလို့ မဆိုရပါဘူး။ တစဉ်တည်း တခုတည်းလို့ ဆိုရပါတယ်။ ဒါကြောင့် ရှေ့ဘဝရုပ်နာမ် အစုကို ခေါ်ဝေါ်တဲ့ လူနှင့် နောက်ဘဝ ရုပ်နာမ်အစုကို ခေါ်ဝေါ်တဲ့ လူဟာ တခြားစီ မဟုတ်ပါဘူး။ ရှေ့နောက် အချိန်ကာလအားဖြင့် ခြားနားနေတဲ့ တယောက်တည်းသော လူသာလျှင် ဖြစ်ပါတယ်။

**ဥပမာ**

ဥပမာ– လူတယောက်တည်းကို မွေးဖွားစကစပြီး ကလေးပေါက်စ၊ ကလေး၊ သူငယ်ကလေး၊ ကျောင်းသား၊ လူငယ်၊ လူရွယ်၊ လူကြီး၊ အဖိုးကြီးလို့ ရှေ့နောက် အချိန်အရွယ် ခြားနားမှုကို လိုက်ပြီး အမျိုးမျိုး ခေါ်ဝေါ်ကြပါတယ်။ ဒါပေတဲ့ လူကတော့ ဒီလူ တယောက်တည်းပါပဲ။ ဒီလိုဆိုရင် ကလေးပေါက်စတုန်းက ရုပ်နာမ်က အဖိုးကြီးဖြစ်သည်အထိ ပါလာလို့ တယောက်တည်းလို့ ပြောတာလား။ (မဟုတ်ပါဘုရား။) မဟုတ်ဘူး၊

ကလေးပေါက်စရဲ့ ရုပ်နာမ်က ကလေးဘ၀မှာ ချုပ်ပျက်ခဲ့ပြီ။ အဖိုးကြီးဘ၀ ရုပ်နာမ်က အဖိုးကြီးဖြစ်မှ အသစ်ဖြစ်တဲ့ ရုပ်နာမ်ပဲ။ ဒီလို တခြားစီဆိုရင် ကလေးပေါက်စက တယောက်၊ အဖိုးကြီးကတယောက်၊ နှစ်ယောက်လား။ (မဟုတ်ပါဘုရား။) အဖိုးကြီးဘ၀မှာ ဖြစ်တဲ့ ရုပ်နဲ့နာမ်ဟာ ကလေးဘ၀ကတည်းက စပြီး မပြတ်မစဲ ဖြစ်ပျက်လာတဲ့ ရုပ်နာမ်ဖြစ်စဉ်အတွင်းမှာ ဖြစ်ပျက်နေတာဖြစ်လို့ ဖြစ်စဉ် တခုတည်းဖြစ်တဲ့ ကလေးပေါက်စနဲ့ တယောက်တည်းသော လူလို့ ဆိုရပါတယ်။ ကလေးဘ၀ကနေပြီး တဖြည်းဖြည်း ကြီးပြင်းလာတဲ့ အဖိုးကြီးလို့ ဆိုလိုပါတယ်။

**တယောက်တည်းပဲ** အဲဒီအတိုင်းပဲ အကြောင်းဖြစ်ပေါ်ရာဖြစ်တဲ့ ရှေ့ဘ၀ ရုပ်နာမ်အစဉ်ကို ခေါ်ဝေါ်တဲ့လူနှင့် အကျိုးဖြစ်ပေါ်ရာဖြစ်တဲ့ နောက်ဘ၀မှာ အသစ်ဖြစ်တဲ့ ရုပ်နာမ်အစဉ်ကို ခေါ်တဲ့လူဟာ ကြောင်းကျိုးဖြစ်စဉ် တခုတည်းမှာ ကျရောက်တာမို့ တခြားစီ မဟုတ်ပါဘူး။ တယောက်တည်းသော လူပါပဲ။ ဒါကြောင့် ရှေ့ဘ၀ကလူ ပြုလုပ်ခဲ့တဲ့ကောင်းမှု မကောင်းမှုရဲ့ ကောင်းကျိုး ဆိုးကျိုးကို ကြောင်းကျိုးဖြစ်စဉ် တခုတည်းအတွင်းမှာ ဖြစ်တဲ့ နောက်ဘ၀ကလူ ခံစားတာဟာ ပြုလုပ်သူသည်ပင် ခံစားရတာ ဖြစ်ပါတယ်။ ပြုလုပ်သူ တခြား၊ ခံစားသူတယောက် မဟုတ်ပါဘူး။ သူလုပ်တာကို သူရတာပါပဲ။

**နောက်တခု စဉ်းစားကြည့်** ပြီးတော့ နောက်တခု ရှိသေးတယ်။ ဒကာကြီး ဦးသန်းမောင်၊ ဟုတ်တယ်နော်။ (ဟုတ်ပါတယ်ဘုရား။) တရားပွဲအစက ထိုင်နေတဲ့ ဒကာကြီးရဲ့ ရုပ်နဲ့နာမ်ဟာ အခု ရှိသေးသလား။ (မရှိတော့ပါဘုရား။) ဘာဖြစ်လို့၊ (ဟိုအချိန်မှာပဲ ချုပ်ခဲ့ ပျက်ခဲ့ပြီး ဖြစ်လို့ပါဘုရား။) အခု ဒကာကြီး သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်နာမ်က အခုဖြစ်တဲ့ ရုပ်အသစ်နာမ်အသစ်ပဲ၊ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား။) ဦးသန်းမောင်ဆိုတာ ရုပ်နာမ်နှစ်ခု ပေါင်းစုထားတာကို ခေါ်တာမဟုတ်လား။

(မှန်ပါဘုရား။) ဒီတော့ တရားပွဲအစက ဦးသန်းမောင်နဲ့ အခု ဒီမှာထိုင်နေတဲ့ ဦးသန်းမောင်ဟာ တယောက်စီပေါ့။ (မဟုတ်ပါဘုရား၊ တယောက်တည်း ပါပဲဘုရား။) တရားပွဲအစတုန်းက ဦးသန်းမောင်ရဲ့ ရုပ်နဲ့နာမ်က အဲဒီအချိန်မှာပဲ ချုပ်ခဲ့ပျက်ခဲ့ပြီလေ။ အခု မရှိတော့ဘူး။ အခု ဒကာကြီးရဲ့ ရုပ်နာမ်က အခု အသစ်ဖြစ်တဲ့ ရုပ်နာမ်ဆိုတော့ မတူတော့ဘူး။ တခြားစီ ဖြစ်နေပြီ။ ဒီတော့ ဒကာကြီးကို ဦးသန်းမောင်လို့ အခု ခေါ်နိုင်ပါဦးမလား။ (ခေါ်နိုင်ပါတယ်ဘုရား။) ဘာကြောင့်လဲ။ (ထိုင်စကရုပ်နာမ်နဲ့ အခုရုပ်နာမ်ဟာ ဖြစ်စဉ်တခုတည်းမို့ပါဘုရား။) ထိုင်စက ရုပ်နာမ်နဲ့ အခုဖြစ်တဲ့ ရုပ်နာမ်ဟာ တခုတည်းသော ဖြစ်စဉ်အတွင်းမှာပဲ ဖြစ်ပျက်ကြတာဖြစ်လို့ ဝေါဟာရ အနေနဲ့ ထိုင်စကလဲ ဦးသန်းမောင်၊ အခုလဲ ဦးသန်းမောင်ပဲ၊ တယောက်တည်းပဲလို့ ပြောကြရတယ်။ ဒီလိုမဟုတ်လား။ (မှန်ပါဘုရား။)

**မြစ်ရေအလျဉ်** ဒီသဘာဝကို အနောက်တိုင်းပညာရှင် တချို့လဲ သဘောပေါက် လက်ခံကြတယ်။ ဟို ရှေးက ဂရိဒဿန ပညာရှင်ကြီး တယောက်က ဘာပြောသလဲဆိုတော့ "မြစ်တခုထဲကို နှစ်ကြိမ် မဆင်းနိုင်ဘူး"တဲ့။ မြစ်ဆိုတာ စီးနေတဲ့ ရေပြင်ကြီးကို မြစ်ခေါ်တာမဟုတ်လား။ (မှန်ပါဘုရား။) သူဆိုလိုတာက မြစ်ထဲကို ပထမဆင်းစဉ်က တွေ့ရတဲ့ရေဟာ ခဏကြာတော့ မရှိတော့ဘူး။ အောက်ဘက် ရောက်သွားပြီ။ အဲဒီ နောက်တွေ့ နေရတဲ့ရေက အခုမှ အထက်ဘက်က စီးလာတဲ့ ရေအသစ်၊ ရေက အဟောင်းအသစ် အမြဲ ပြောင်းလဲနေတယ်။ သို့သော်လဲ မြစ်ရေကြောတခုတည်းအတွင်းမှာ စီးဆင်းလာတဲ့ တခုတည်းသော ရေအလျဉ်ဖြစ်လို့ ဝေါဟာရအားဖြင့် ဒီမြစ် ဒီမြစ်ပဲလို့ တခုတည်းအနေနဲ့ ခေါ်ဝေါ်ရတယ်လို့ ဆိုလိုတယ်။

**ဘာထရန်ရုပ်ဆဲလ်** နောက်တယောက်၊ အင်္ဂလိပ် ဒဿနပညာရှင် **ဘာထရန်ရုပ်ဆဲလ်** ကတော့ "ကုလားထိုင် တလုံးပေါ်မှာ နှစ်ကြိမ်ထိုင်လို့ မရဘူး"တဲ့။ ပထမအကြိမ် ထိုင်လိုက်စဉ်က

ကုလားထိုင်မှာရှိတဲ့ ရုပ်ဟာ ဖြစ်ပြီး ပျက်သွားပြီ။ ဒုတိယအကြိမ် ပြန်ထိုင်လိုက်တော့ ပထမထိုင်စဉ်ကရုပ် မဟုတ်တော့ဘူး။ အသစ်ဖြစ်သွားပြီ။ ဒါဖြင့် ကုလားထိုင် တလုံးစီလို့ ဆိုရမလားဆိုတော့ မဟုတ်ဘူး။ ရုပ်ဖြစ်စဉ် တခုတည်း အတွင်းမှာ ဖြစ်တာမို့ ဒီကုလားထိုင် ဒီကုလားထိုင်ပဲ။ တလုံးတည်းပဲလို့ ခေါ်ရတယ်။

**သူလုပ်တာ သူရ** ဘုန်းကြီးတို့စိတ်ကိုပဲ ကြည့်ပါ။ ပဋိသန္ဓေ စိတ်ကလေးက စပြီး ဖြစ်လိုက် ပျက်လိုက်၊ ပျက်ပြီး ပြန်ဖြစ်လိုက်နဲ့ ဖြစ်ပျက်အစဉ် မရပ်မစဲဘဲ ဖြစ်ပျက်နေတယ်။ သူ့မှီရာ ရုပ်ခန္ဓာကြီး ပျက်စီး ပုံကျသွားတော့လဲ ဒီစိတ်က ဖြစ်ပျက်အစဉ် ရပ်မသွားဘဲ နောက်ရုပ်ခန္ဓာတခုကို မှီပြီး ဖြစ်ပျက်အစဉ်အတိုင်း ဆက်လက်ဖြစ်ပျက်နေတာပဲ။ မှီရာ ရုပ်ခန္ဓာ ပျက်သွားတာကို အကြောင်းပြုပြီးတော့သာ တဘဝပြီးသွားပြီ၊ သေသွားပြီလို့ ဆိုရတယ်။

စိတ်နာမ်အနေနဲ့ကတော့ ဟိုဘဝ ဒီဘဝ မကွဲပြားဘူး။ ရုပ်ခန္ဓာ ပျက်စီးတဲ့အချိန်မှာလဲ မပျက်စီးမီက ဖြစ်ပျက်နေခဲ့တဲ့ အစဉ်အတိုင်းပဲ သဘာဝအတိုင်း မှန်မှန် ဖြစ်ပျက်နေတာပဲ။ ဒါကြောင့် စိတ်နာမ်အနေနဲ့ကတော့ ဘဝ အပိုင်းအခြားရယ်လို့ မရှိဘူး။ သူ့မှီရာ ရုပ်ခန္ဓာ ပျက်စီးသွားတာကို အကြောင်းပြုပြီးတော့သာ ခုဘဝ နောက်ဘဝလို့ ပိုင်းခြား ခေါ်ဝေါ်ကြရတာပဲ။ ဒါကြောင့် နာမ်တရား အဆက်ဆက်ဟာ တခုတည်းသော ဖြစ်စဉ်အတွင်းမှာ ဖြစ်ပျက်နေတာဖြစ်လို့ ရုပ်ခန္ဓာ မပျက်မီက ရုပ်နာမ်အစုကို ခေါ်တဲ့ သတ္တဝါနဲ့ ရုပ်ခန္ဓာပျက်ပြီးမှ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အစုကို ခေါ်တဲ့ သတ္တဝါဟာ နှစ်ဦးမကွဲ တဦးတည်းပါပဲ။ ဒါကြောင့် သူပြုလုပ်တာကိုပဲ သူ ခံစားရတယ်လို့ ဆိုရတယ်။ ပြုသူတခြား ခံစားသူတယောက် မဟုတ်ပါဘူး။ ကမ္မသကာ=သူလုပ်တာကို သူရတာပါပဲ။

## ဘဝဆင်းရဲငြိမ်းရေး

**ဘဝဆိုတာ ဆင်းရဲ** ကဲ... ဒီတော့ တမလွန်ဘဝ ရှိတယ်ဆိုတာနဲ့ တမလွန်ဘဝ ဘယ်လို ဖြစ်တယ်ဆိုတာကို အတော်အတန် သဘောပေါက်လောက်ရောပေါ့။ မြတ်စွာဘုရားကတော့ တမလွန်ဘဝ ချမ်းသာရေးအတွက် ဟောပြောညွှန်ပြတော်မူသော်လဲ ဘဝဖြစ်ရင် ဆင်းရဲချည်းပဲ ဖြစ်လို့ ဘဝအဖြစ်ရပ်ပြီး ဆင်းရဲငြိမ်းရေးကိုပဲ ပိုပြီး အလေးပေး ဟောကြားတော်မူပါတယ်။

ဒကာကြီးတို့ စဉ်းစားကြည့်ပါ။ ရုပ်နာမ်နှစ်ရပ် ပေါင်းစပ်ပြီး ဘဝရယ်လို့ ဖြစ်လာရင် ဆင်းရဲနဲ့ချမ်းသာ ဘယ်ဟာက များသလဲ။ (ဆင်းရဲက များပါတယ် ဘုရား)။ ဟုတ်ပါတယ်၊ ဆင်းရဲက အဆပေါင်းများစွာ ပိုပါတယ်။

ကိုယ်ဆင်းရဲဆိုလဲ ဆာလောင်မွတ်သိပ်ခြင်း၊ ကိုယ်လက် နာကျင်ကိုက်ခဲခြင်း၊ ဖျားနာခြင်း၊ ခေါင်းကိုက်, ခေါင်းမူး, ဇက်ကြောတက်, နောက်ကြောတက်, ထိမိ, ခိုက်မိ, ခုတ်မိ, ရိုက်မိ, ခြေကျိုး, လက်ကျိုး စတဲ့ ဆင်းရဲတွေ၊ ဆီးချို, သွေးတိုး, နှလုံး, ကင်ဆာရောဂါ စတဲ့ကြောက်စရာ ရောဂါဆင်းရဲတွေ၊ နှလုံးတုန်၊ ရင်ခုန် စတဲ့ ဆင်းရဲတွေ မရေမတွက်နိုင်အောင် များလှပါတယ်။

စိတ်ဆင်းရဲဆိုလဲ စိုးရိမ်ရ, ပူဆွေးရ, ဝမ်းနည်းရ, ပူပန်ရ, ကြောင့်ကြရ စတဲ့ ဆင်းရဲတွေ၊ စိတ်ဆိုးခြင်း, မကျေနပ်ခြင်း, အခဲမကျေခြင်း, နှမြောတွန့်တိုခြင်း, မနာလိုခြင်း, ကြောက်ခြင်း, ထိတ်လန့်ခြင်း, စိတ်ဓာတ်ကျခြင်း, စိတ်အားငယ်ခြင်း စတဲ့ ဆင်းရဲတွေ၊ စားဝတ်နေရေး မပြည့်စုံလို့ ဖြစ်ရတဲ့ ဆင်းရဲ၊ ချစ်ခင်သူတွေနဲ့ ခွဲခွာနေရတဲ့ ဆင်းရဲ၊ မချစ်ခင် မနှစ်သက်သူတွေနဲ့ အတူနေရတဲ့ ဆင်းရဲ၊ ဆက်ဆံချင်သူတွေနဲ့ မဆက်ဆံရ၊ မဆက်ဆံချင်သူတွေနဲ့ ဆက်ဆံနေရတဲ့ ဆင်းရဲတွေ၊ အလိုမကျတဲ့ ဆင်းရဲတွေ စသည်ဖြင့် စိတ်ဆင်းရဲရတာတွေ မရေမတွက်နိုင်အောင်ပါပဲ။

အဲဒီဆင်းရဲတွေနဲ့ စာရင် ဘဝမှာ ချမ်းသာ ပျော်ရွှင် အဆင်ပြေတယ် ဆိုတာက မဖြစ်စလောက်ကလေး ရှိတာပဲ။

ဘာနဲ့ တူသလဲဆိုရင် ကောင်းကင်တပြင်လုံး မိုးသားတိမ်လိပ်တွေ ဖုံးပြီး ညို့မှိုင်း မဲမှောင်နေတဲ့အခါမှာ ဖျတ်ခနဲ လျှပ်စီးလေးတချက် လက်လိုက်တာနဲ့ တူတယ်။ မဲမှောင်နေတာက ဒုက္ခထုထည်ကြီး၊ လျှပ်စီးလေးတချက် လက်လိုက်တာက ခဏတဖြုတ် ဖြစ်ပေါ်လိုက်တဲ့ ချမ်းသာကလေး။ ဒီတော့ ဘဝကို တကယ် နားလည်ရင် ပျော်စရာဘဝကြီးလို့ ယူဆနိုင်ပါ့မလား။ (ယူဆနိုင်စရာ မရှိပါ ဘုရား)။

ပြီးတော့ အဲဒီ လက်ခနဲ အခိုက်အတံ့ ပေါ်လာတဲ့ မဖြစ်စလောက် ချမ်းသာကလေး ဆိုတာကလဲ ဆင်းရဲဒုက္ခတွေ အကြားမှာ မကြာခင်ပဲ ပျောက်သွားတာပဲ။ ဒါကြောင့် အဲဒီချမ်းသာကလေးကို ချမ်းသာလို့တောင် မဆိုရဘူး။ ဆင်းရဲအဖြစ် ချက်ချင်း ပြောင်းသွားတတ်လို့ **ဝိပရိဏာမဒုက္ခ**လို့ပဲ ခေါ်ကြရတယ်။

တခြား ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မှန်သမျှကိုတော့ အလွန် သိသာထင်ရှားတဲ့ ဆင်းရဲတွေဖြစ်လို့ **ဒုက္ခဒုက္ခ**လို့ ခေါ်ရတယ်။ ရုပ်နာမ်သင်္ခါရတို့ရဲ့ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဘောကိုတော့ **သင်္ခါရဒုက္ခ**လို့ ခေါ်ရတယ်။

ဘဝဆိုတာ ဖြစ်လာရင်တော့ အဲဒီ ဆင်းရဲသုံးမျိုးလုံး တွေ့နေကြရတာပဲ။ လောကမှာ ဘယ်သူမှ မဆင်းရဲချင်ကြဘူး။ ဒါပေတဲ့ ဘဝကိုရရင် ဆင်းရဲကို ရှောင်လွှဲလို့ မရဘူး။ မဆင်းရဲချင်ပေတဲ့ ဆင်းရဲနေကြရတာပဲ။

**ဆင်းရဲရှိလို့ ချမ်းသာရှိတယ်**

သို့သော် ဆင်းရဲရှိရင် ချမ်းသာဆိုတာ ရှိရမှာ မုချပဲ။ လောကသဘာဝက အစုံအစုံ ရှိတယ်။ အမှောင်ရှိလို့ အလင်းရှိတယ်။ အဖြူရှိလို့ အမဲရှိတယ်။ အပူရှိလို့ အအေးရှိတယ်။ အဲဒီအတိုင်းပဲ ဆင်းရဲရှိတော့ ချမ်းသာ ရှိရမယ်။ ဆင်းရဲရှိရင် ဆင်းရဲငြိမ်းတဲ့သဘာဝ ရှိရမယ်။

ဆင်းရဲငြိမ်းသွားရင် ဆင်းရဲ ရှိပါဦးမလား။ (မရှိပါ ဘုရား)။ ဆင်းရဲ မရှိရင် ဘာရှိမလဲ။ (ချမ်းသာ ရှိမှာပါ ဘုရား)။ အဲဒီ ဆင်းရဲငြိမ်းနေတဲ့ ချမ်းသာကို **သန္တိသုခ**လို့ ခေါ်တယ်။ အဲဒါ နိဗ္ဗာန်ပဲ။ **နိဗ္ဗာန်ဆိုတာ တိုင်းကြီး ပြည်ကြီး ဘုံကြီး နန်းကြီးနဲ့ မဟုတ်ဘူး။ ဆင်းရဲငြိမ်းနေတဲ့ သဘာဝပဲ။**

ဒီတော့ ဘယ်အခါမှာ ဆင်းရဲငြိမ်းမလဲဆိုတော့ ဘဝဆိုတဲ့ ရုပ်နာမ်တွေ အဖြစ် မရပ်သမျှတော့ ဆင်းရဲမြဲ ဆင်းရဲနေကြမှာပဲ၊ ရုပ်နာမ်တွေ အဖြစ်ရပ်သွားလို့ ဘဝ မဖြစ်တော့မှဘဲ ဆင်းရဲ လုံးဝငြိမ်းမယ်။ အဲဒီလို ဆင်းရဲ လုံးဝငြိမ်းသွားတာ ဟာ **နိဗ္ဗာန်**ပဲ။ အဲဒီ နိဗ္ဗာန်မှာ ရုပ်လဲ မရှိဘူး၊ နာမ်လဲ မရှိဘူး။ ရုပ်ရှိရင် ရုပ်ဆင်းရဲ ရှိနေဦးမယ်။ နာမ်ရှိနေလဲ နာမ်ဆင်းရဲ ရှိနေဦးမယ်။ ရုပ်နာမ်ခပ်သိမ်း ချုပ်ပြတ်ငြိမ်းမှ နိဗ္ဗာန်ကိုရမယ်။

**နိဗ္ဗာန်ဟာ ပျော်စရာ ပျင်းစရာ မဟုတ် လိုချင်စရာ သက်သက်**

ဒီလိုဆိုတော့ နိဗ္ဗာန်ဟာ ပျော်စရာ မကောင်းပေ ဘူးလား။ (မကောင်းပါဘုရား)။ ဟုတ်တာပေါ့။ ပျော်တတ်တဲ့ နာမ်တရား မရှိတော့ ပျော်လို့ မရဘူး။ ဒါကြောင့် ပျော်စရာ မကောင်းဘူး။ တကယ်လို့သာ နိဗ္ဗာန်ဟာ ပျော်စရာကောင်းတယ် ဆိုရင်တော့ ပျော်တတ်တဲ့

စိတ်နာမ် ရှိနေလို့ပဲ။ ဒီလိုဆိုရင် နာမ်ဆင်းရဲ ရှိနေဦးမှာပေါ့။ အဲဒီလိုဆိုရင် ဆင်းရဲ လုံးဝမငြိမ်းတဲ့အတွက် နိဗ္ဗာန် ဟုတ်ပါ့မလား။ (မဟုတ်ပါ ဘုရား)။ ပြီးတော့ ပျော်တဲ့စိတ်က မြဲသလား။ (မမြဲပါ ဘုရား)။ ပျော်စိတ် ပျက်သွားရင် ဘာဖြစ်မလဲ။ (ပျင်းလာမှာပါဘုရား)။ ပျင်းရင် ချမ်းသာဟုတ်ပါ့မလား။ (မဟုတ်ပါ ဘုရား)။ ဒါဖြင့် နိဗ္ဗာန်ဟာ ပျင်းစရာကော ကောင်းသလား။ (မကောင်းပါ ဘုရား)။ ဘာကြောင့်လဲ။ (ပျင်းတတ်တဲ့ နာမ်တရား မရှိလို့ပါဘုရား)။ ပျင်းတတ်တဲ့ နာမ်တရား ရှိနေရင် ဆင်းရဲနေဦးမှာပေါ့။ ဘယ်ဆင်းရဲ ငြိမ်းပါ့မလဲ။

ဒီတော့ နိဗ္ဗာန်ဟာ ပျော်စရာလဲ မကောင်းဘူး။ ပျင်းစရာလဲ မကောင်းဘူး ဆိုရင် လိုချင်စရာ ကောင်းပါ့မလား။ (ကောင်းပါတယ် ဘုရား)။ ဘာကြောင့်လဲ။ (ဆင်းရဲ မရှိဘဲ ဆင်းရဲငြိမ်းနေလို့ပါ ဘုရား)။ ဟုတ်တာပေါ့။ ဆင်းဆင်းရဲရဲနဲ့ ပျော်နေရတာထက်တော့ မပျော်ရဘဲ ဆင်းရဲငြိမ်းနေတာက ပိုကောင်းတာပေါ့။

**မဆင်းရဲချင်ရင် ဆင်းရဲ၏အကြောင်းကို ပယ်**

ဆင်းရဲတယ်ဆိုတာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေပဲ။ အဲဒီ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဟာ ဘဝဖြစ်လာရင် တွေ့ရတော့တာပဲ။ ဘဝ အဖြစ်ရပ်သွားရင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲအားလုံး လုံးဝ ငြိမ်းသွားတယ်။ အဲဒီဆင်းရဲ ငြိမ်းချင်ရင် ဘဝကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားကို ပယ်သတ်ရမယ်။ အကျိုး မဖြစ်စေချင်ရင် အကြောင်းကို ပယ်သတ်ရမယ်။ မီးလောင်နေလို့ မီးခိုးတွေ တလူလူ ထွက်နေတယ်။ အဲဒီမီးခိုးကို မတွေ့ချင် မမြင်ချင်ရင် သူ့အကြောင်းဖြစ်တဲ့ မီးကို ငြိမ်းပစ်ရမယ်။

အဲဒီအတိုင်းပဲ ရုပ်ဘဝ နာမ်ဘဝ အဖြစ်ရပ်ချင်ရင် ဘဝဖြစ်ပေါ်စေတဲ့ အကြောင်း ဘဝတဏှာကို ပယ်ရမယ်။ အသက်ရှင်လိုခြင်း, ကောင်းတဲ့ ချမ်းသာတဲ့ ဘဝကို ရလိုခြင်းဆိုတဲ့ ဘဝတဏှာဟာ ရှေ့မှာ ပြောခဲ့တဲ့အတိုင်း ဘဝသစ် ဖြစ်ပေါ်ရေးမှာ ပဓာန အကြောင်းပဲ။

**အဖော်ပါရင် ဆင်းရဲ**
**အဖော်မပါရင် ချမ်းသာ**

ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်ကံ၊ အကုသိုလ်ကံဟာလဲ ဘဝသစ် ဖြစ်ပေါ်ရေးမှာ အကြောင်းတရပ်ပဲ။ သို့သော် ဘဝတဏှာ အဖော်ပါတဲ့ ကောင်းမှု မကောင်းမှုကသာ ဘဝသစ်ကို ဖြစ်ပေါ်စေတယ်။ ဘဝတဏှာ အဖော်မပါတဲ့ ကောင်းမှု မကောင်းမှုကတော့ ဘဝသစ်ကို မဖြစ်ပေါ်စေဘူး။ ရဟန္တာတွေလဲ ကောင်းမှု အမျိုးမျိုး ပြုကြတာပဲ။ ဒါပေတဲ့ ရဟန္တာဟာ ဘဝတဏှာကို အမြစ်ပြတ် ပယ်သတ်ထားတဲ့အတွက် ရဟန္တာ ပြုတဲ့ ကောင်းမှုမှာ ဘဝတဏှာ အဖော်မပါဘူး။ ဒါကြောင့် ဘဝသစ် မဖြစ်စေဘူး။

ဘဝတဏှာကို မပယ်သတ်နိုင်သေးတဲ့ ပုဂ္ဂိုလ်များမှာတော့ ကောင်းမှုကုသိုလ်ပြုရင် ဒီဘဝမှာဖြစ်စေ, နောက်ဘဝမှာဖြစ်စေ ကောင်းစားချမ်းသာလိုတဲ့ တဏှာက ပါတတ်တာပဲ။ ကုသိုလ်စိတ် ဖြစ်ခိုက်မှာ တဏှာလောဘ မပါပေတဲ့ ကုသိုလ်စိတ်ရဲ့ ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ တဏှာအဖော်က ပါလာတတ်တာပဲ။

**ကုသိုလ်ပြုရာမှာ**
**အဖော်ပါလာတတ်တယ်**

ဒါနကုသိုလ် ပြုတယ် ဆိုကြပါစို့။ ကံ,ကံရဲ့အကျိုးကို မယုံကြည်တဲ့သူများက လှူစရာလဲရှိ လှူချင်စိတ်လဲရှိလို့ လှူလိုက်တာပဲ၊ ဆွမ်းကပ်ချင်စိတ်ရှိလို့ ဆွမ်းကပ်လိုက်တာပဲ။ ခုဘဝအကျိုး နောက်ဘဝအကျိုး ဘာကိုမှ သူ မလိုလား မတောင့်တဘူး။

တချို့ကျတော့ သူတပါးကို ပေးရကမ်းရတာ ကူညီရတာကို ပျော်တယ်။ လှူနေတန်းနေရတာကို ပျော်တယ်၊ ဝါသနာ ပါတယ်။ ဒါကြောင့် ပေးကမ်းလှူဒါန်းတယ်။ အဲဒီအတွက် ဘာအကျိုးကိုမှ သူတို့ မမျှော်ကိုးဘူး။ ပေးချင်ကမ်းချင်လို့ ပေးကမ်းလိုက်တာပဲ။ လှူချင်တန်းချင်လို့ လှူဒါန်းလိုက်တာပဲ။ သူတို့စိတ်ထဲ တခြား ဘာမှမရှိဘူး။

တချို့ကျတော့လဲ မရှိဆင်းရဲတဲ့ လူတွေကို လူသားချင်း စာနာပြီး တတ်နိုင်သမျှ ဆင်းရဲ သက်သာစေလိုတဲ့ စိတ်နဲ့ ပေးကမ်းတယ်၊ ကူညီတယ်။ သူတို့ရဲ့ ဒီမွန်မြတ်တဲ့ အလုပ်ကြောင့် သူတို့အတွက် ဘာအကျိုးကိုမှ သူတို့ မမျှော်ကိုးဘူး။ ကိုယ်ပေးလိုက်တာကို အဲဒီလူ သုံးစွဲပြီး စားဝတ်နေရေး အတော်အတန် အဆင်ပြေသွားတာကို တွေ့ရရင် ဝမ်းသာတယ်။ ကြည်နူးတယ်။

သို့သော် အဲဒီ ဒါနရှင်တွေဟာ ဒါနပြုခိုက်မှာ လိုလားတောင့်တစိတ် မရှိဘဲ လှူလိုတဲ့ စေတနာသက်သက်နဲ့ လှူလိုက်ပေတဲ့လဲ သူတို့မှာ ဒီဘဝမယ် အစစ ပြည့်စုံချင်တဲ့စိတ်, နောက်ဘဝတွေမှာလဲ ပြည့်စုံတဲ့ ဘဝတွေကို ရလိုတဲ့စိတ်တွေ လူ့သဘာဝအတိုင်း ရှိနေတာပဲ။ ဒီတော့ အဲဒီ ဘဝတဏှာတွေကို သူတို့ ပေးကမ်းလှူဒါန်းစဉ်က ဖြစ်ပေါ်ခဲ့တဲ့ ဒါနစေတနာတွေက ကူညီပြီး ပြည့်စုံတဲ့ ဘဝကို ဖြစ်စေ, ရစေတာပဲ။

ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့ ပုဂ္ဂိုလ်များကတော့ ဆွမ်းကပ်သည် ဖြစ်စေ၊ သင်္ကန်းလှူသည်ဖြစ်စေ၊ ကျောင်းဆောက်လှူသည်ဖြစ်စေ၊ ဥပုသ်စောင့်, တရားနာ, ဘာဝနာပဲ ပွားသည်ဖြစ်စေ– ဘာကုသိုလ်ကိုပဲ လုပ်လုပ် အဲဒီ ကုသိုလ်ကြောင့် ကောင်းကျိုး ရချင်တယ်၊ ရချင်တဲ့ အတိုင်းလဲ ရဖို့ ဆုတောင်းတယ်။ ဒီပုဂ္ဂိုလ်မျိုးရဲ့ ဘဝတဏှာနဲ့ ကုသိုလ်ကံတွေက ပြည့်စုံတဲ့ဘဝကို ဖြစ်စေ, ရစေတယ်ဆိုတာကတော့ ပြောစရာ မလိုတော့ဘူး။

တချို့ကျတော့ ဘဝဆင်းရဲတွေကို ကိုယ်တွေ့ ထိထိမိမိ တွေ့နေရတဲ့ အတွက် ဘဝဖြစ်ရမှာ ငြီးငွေ့တယ်။ ကြောက်တယ်။ ဘဝတွေ နောက်ထပ် မဖြစ်ချင်တော့ဘူး။ ဘဝဆင်းရဲတွေမှ လွတ်ချင်တဲ့စိတ်ပဲ ရှိနေတယ်။ ဒီလို ပုဂ္ဂိုလ်မျိုး ဒါန သီလ ဘာဝနာ ကုသိုလ်တွေ ပြုရင် ဘဝဆင်းရဲကင်းရာ နိဗ္ဗာန်ကိုပဲ ရည်မှန်းပြီး ပြုကြတယ်။ သို့သော်လဲ သူ ဘယ်လောက်ပဲ ဘဝလွတ်မြောက်ရေးလမ်း အကျင့်စခန်းတွေ ကျင့်နေပေတဲ့လဲ လွတ်မြောက် နိုင်လောက်အောင် ဉာဏ်အား မပြည့်သေးလို့ မလွတ်မြောက်နိုင်သေးဘူးဆိုရင် တရားကျင့်နိုင်လောက်အောင် ပြည့်စုံတဲ့ ဘဝကို ရလိုစိတ် သူ့မှာ ရှိနေတာပဲ။ ဒီတော့ သူဟာ ဘဝတဏှာ အားမကောင်းသော်လဲ ဘဝတဖန် ဖြစ်ရပြန်တာပဲ။

**သမဏနတ်သား** မြတ်စွာဘုရား လက်ထက်က ဒီဘဝမှာပဲ အပြီးသတ် ငြိမ်းရမယ်ဆိုတဲ စိတ်နဲ့ မအိပ်ဘဲ, ဆွမ်းမဘုဉ်းပေးဘဲ အပြတ် အားထုတ်တဲ့ ရဟန်းတော်ကလေးတပါး အားထုတ်ရင်း လေသင်တုန်း ဖြတ်ပြီး ပျံလွန်တော်မူတော့ နတ်ပြည်မှာ နတ်သား သွားဖြစ်ရတယ်။ **သမဏ နတ်သား**လို့ ထင်ရှားတယ်။ ဘဝကို ငြီးငွေ့လို့ အပြတ်အားထုတ်သော်လဲ ဉာဏ်အား မပြည့်သေးတော့ အပြီးသတ် မပယ်သတ်ရသေးတဲ့ တဏှာ လမ်းညွှန်ရာမှာ ဘဝ သွားဖြစ်ရတာပဲ။

ဒီတော့ ဆိုလိုတာက ဘယ်လိုပဲ ကြိုးစားကြိုးစား ဘဝတဏှာ မကုန်သေးသမျှတော့ ဘဝအသစ် ဖြစ်ပြီး ဆင်းရဲတွေ ထပ်ခါထပ်ခါ ရနေရမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားက လိုချင်တပ်မက် နှစ်သက်တွယ်တာမှု တဏှာကို **သမုဒယသစ္စာ=ဆင်းရဲဖြစ်ကြောင်း အမှန်တရား**လို့ မိန့်ကြားတော်မူခဲ့တာပဲ။ ဒီတော့ ဆင်းရဲတွေရဲ့လက်သည် တဏှာကို အမြစ်ပြတ် ပယ်သတ်နိုင်မှပဲ ဆင်းရဲခပ်သိမ်း ငြိမ်းမှာ သေချာတယ်။

**ပဋိစ္စသမုပ္ပါဒ်** တဏှာကို မပယ်သတ်နိုင်သေးရင်တော့ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်။ ဥပါဒါန်ကြောင့် ကုသိုလ်, အကုသိုလ် ကံတွေ ဖြစ်မယ်။ အဲဒီ ကုသိုလ်, အကုသိုလ်ကံ ကမ္မဘဝတွေကြောင့် ဘဝသစ် (ဇာတိ) ဖြစ်မယ်။ ဘဝသစ်ဖြစ်ရင် အိုရမယ်၊ သေရမယ်၊ စိုးရိမ်ပူဆွေး ငိုကြွေးရမယ်၊ ကိုယ်ဆင်းရဲရမယ်၊ စိတ်ဆင်းရဲရမယ်၊ စိတ်နှလုံးပြင်းထန်စွာ ပူလောင်ပင်ပန်း ရမယ်။ အဲဒီအတိုင်း ဆင်းရဲအစုအပုံကြီး ဖြစ်ပေါ်လာမယ်။ ဒါဟာ တဏှာက စပြီး ကြောင်းကျိုးဆက် ဖြစ်ပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ပဲ။

တစုံတရာကို လိုချင်တပ်မက် နှစ်သက်တွယ်တာ,တာက **တဏှာ**။ အဲဒါကို မရမနေနိုင်အောင် စွဲစွဲလမ်းလမ်း လိုချင်တပ်မက်နေတာက **ဥပါဒါန်**။ မရမနေနိုင်အောင် စွဲလမ်းတပ်မက်နေတဲ့ အရာကို ရအောင် ကောင်းတာတွေရင်လဲ လုပ်တယ်။ မကောင်းတွေရင်လဲ လုပ်တယ်။ အဲဒါက **ကံ=ကမ္မဘဝ**။

ကောင်းတဲ့အလုပ်(ကမ္မဘဝ)ကြောင့် ကောင်းတဲ့ဘဝ ရတယ်။ မကောင်းတဲ့အလုပ်(ကမ္မဘဝ)ကြောင့် မကောင်းတဲ့ဘဝ, ဆင်းရဲတဲ့ဘဝကို ရတယ်။ ကောင်းတဲ့ဘဝပဲဖြစ်ဖြစ်၊ မကောင်းတဲ့ဘဝပဲ ဖြစ်ဖြစ် ဘဝသစ် ဖြစ်လာရင်တော့ **အိုရ, နာရ, သေရ, စိုးရိမ်ပူဆွေးရ** စတဲ့ **ဆင်းရဲတွေ**ကိုတော့ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး။ မုချ တွေ့ရတော့တာပဲ။

**တဏှာက ကောင်းရာပို့**

ရှေးနားက ပြောခဲ့တဲ့ **မာလာဘာရီ**နတ်သားရဲ့ နတ်သမီးဟာ သူ့နတ်သားကို စွဲလမ်းတပ်မက်တဲ့ ဥပါဒါန်ကြောင့် သူ့နတ်သားရဲ့ နတ်သမီးဘဝကို ပြန်ရဖို့ ကောင်းမှု ကုသိုလ်တွေ အများကြီး လုပ်တယ်။ ကမ္မဘဝခေါ်တဲ့ ကံတွေပေါ့။ အဲဒီကောင်းမှုကံတွေဟာ ဘဝတဏှာနဲ့ ပေါင်းမိတော့ နတ်သမီးဘဝ ပြန်ဖြစ်ရတယ်။ ဖြစ်, အို, နာ, သေ စတဲ့ ဆင်းရဲအသစ်တွေ တွေ့ရပြန်တယ်။

**တဏှာက ဆိုးရာပို့**

ရှေးက နန္ဒဆိုတဲ့ နွားသတ်သမားတယောက်ဟာ အမဲသားပေါ်မှာ စွဲလမ်း တပ်မက်တဲ့ ဥပါဒါန်ကြောင့် နွားအရှင်လတ်လတ်ရဲ့ လျှာကို ဖြတ်ပြီး အမဲသားဟင်းချက်စားတယ်။ ဥပါဒါန်ကြောင့် ဖြစ်တဲ့ မကောင်းမှုကံ=ကမ္မဘဝပေါ့။ အဲဒီ အကုသိုလ် ကမ္မဘဝကြောင့် သူဟာ အဝီစိငရဲမှာ ဘဝသစ် ဖြစ်ပြီး ငရဲဆင်းရဲ ခံစားရတယ်။

အဲဒီအတိုင်းပါပဲ။ ဘဝတဏှာကို မပယ်နိုင်သေးသမျှတော့ တဏှာ ဥပါဒါန် ကမ္မဘဝ ကြောင်းကျိုးတွေ ဆက်ပြီး ဘဝသစ် ဖြစ်ရတာပဲ။ ဘဝသစ်ရပြီ ဆိုရင်တော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ စတဲ့ ဆင်းရဲဒုက္ခတွေ ဝိုင်းဝိုင်းလည်နေတော့မှာ သေချာပါတယ်။

ဆင်းရဲဖြစ်ခြင်းရဲ့ အကြောင်းတရား သမုဒယသစ္စာ တဏှာကို ပယ်သတ်နိုင်မှပဲ ဆင်းရဲငြိမ်းမှာ သေချာတယ်။ ဒီတော့ တဏှာကို ပယ်ချင်ရင် တဏှာရဲ့ အကြောင်းကို ရှာပြီး ပယ်သတ်ရမယ်။ တဏှာဆိုတာ သိကြတဲ့အတိုင်းပဲ လိုချင်တာ, တပ်မက်တာ, နှစ်သက်တာ, တွယ်တာတာ, ချစ်ခင်တာတွေပေါ့။ သက်ရှိဖြစ်တဲ့လူ, တိရစ္ဆာန် စတဲ့ သတ္တဝါကိုရော သက်မဲ့ဖြစ်တဲ့ ပစ္စည်းဥစ္စာ အရာဝတ္ထုတွေကိုပါ လိုချင်တယ်၊ တပ်မက်တယ်၊ နှစ်သက်တယ်၊ တွယ်တာတယ်၊ ချစ်ခင်တယ်၊ ကြိုက်တယ်။ ဒါတွေအားလုံးဟာ တဏှာတွေချည်းပဲ။ သမုဒယသစ္စာချည်းပဲ။

**တဏှာ ဘာကြောင့်ဖြစ်** ဒီတော့ ဒီတဏှာ ဘာကြောင့် ဖြစ်သလဲ။ ရုပ်အစု, နာမ်အစုကို ခဏမစဲ ဖြစ်ပြီး ပျက်နေတဲ့ သဘာဝတရားအစုမျှပဲလို့ အမှန်အတိုင်း မမြင်ဘဲ လူ, ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ပစ္စည်းဥစ္စာ စသည်ဖြင့် အမြင်မှားနေလို့ပဲ။ အဲဒီအမြင်မှားကို **သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ**လို့ ခေါ်တယ်။ ရုပ်နာမ်အစုကို ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ အယူမှားတော့ အဲဒီပုဂ္ဂိုလ်က လိုချင်တာ တပ်မက်တာတွေ ဖြစ်လာတယ်။ အဲဒီသတ္တဝါက ချစ်ခင်တာ, နှစ်သက်တာ, တွယ်တာတာတွေ ဖြစ်လာတယ်။ ဒါကြောင့် လိုချင်တပ်မက် နှစ်သက်တွယ်တာတဲ့ တဏှာရဲ့ အကြောင်းတရားဟာ ရုပ်နာမ်အစုကို ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမလို့ အမြင်မှားနေတဲ့ **သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ**ပဲ။

**သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ** 'သက္ကာယ 'ဆိုတာ 'ထင်ရှားရှိတဲ့ ရုပ်နာမ်အစု' သို့မဟုတ် 'တကယ်ရှိ အဟုတ်ရှိတဲ့ ရုပ်နာမ်အစု' လို့ ဆိုလိုတယ်။ ဒီနေရာမှာ 'ဒိဋ္ဌိ'ဆိုတာ 'အသိမှား အမြင်မှား'ပဲ။ ဒါကြောင့် 'သက္ကာယဒိဋ္ဌိ'ဆိုတာ 'တကယ်ရှိတဲ့ ရုပ်နာမ်အစုကို အသိအမြင် မှားနေခြင်း'လို့ အဓိပ္ပါယ် ရတယ်။ ဘယ်လို အသိအမြင် မှားနေသလဲဆိုတော့ ပုဂ္ဂိုလ်, သတ္တဝါ,

ယောကျာ်း, မိန်းမ စသည်ဖြင့် အသိအမြင် မှားနေတယ်။ ဒါကြောင့် 'တကယ်ရှိတဲ့ ရုပ်နာမ်အစုကို (ရုပ်နာမ်အနေနဲ့ မသိမမြင်ဘဲ) ပုဂ္ဂိုလ်,သတ္တဝါ, ယောကျာ်း, မိန်းမအနေနဲ့ အသိအမြင်မှားနေတာ'ကို **သက္ကာယဒိဋ္ဌိ**လို့ ခေါ်တယ်။

ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲတဲ့သဘောကို မသိမမြင်တော့ မြဲတယ်လို့ ထင်မှားပြီး အဲဒီ ရုပ်နာမ်ကိုပဲ မြဲနေတဲ့ အသက်, ဝိညာဉ်, အတ္တလို့ အသိအမြင် မှားနေတာက **အတ္တဒိဋ္ဌိ**၊ မြဲနေတဲ့ ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ အသိအမြင် မှားနေတာက **သက္ကာယဒိဋ္ဌိ**။ ဒီစကားနှစ်လုံးဟာ သဘောအားဖြင့် အတူတူပါပဲ။ ဒါကြောင့် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိလို့ တွဲသုံးလေ့ရှိကြတယ်။

**သက္ကာယဒိဋ္ဌိကြောင့် တဏှာဖြစ်**

အဲဒီလို ရုပ်နဲ့နာမ်ကို ပုဂ္ဂိုလ်,သတ္တဝါ, ငါလို့ ထင်နေတော့ အဲဒီပုဂ္ဂိုလ်က လိုချင်တာ တပ်မက်တာတွေ ဖြစ်လာတယ်။ အဲဒီငါက စိတ်ဆိုးတာ, စိတ်ပျက်တာ, မာနတက်တာ, သူတပါးကို မနာလိုတာတွေ ဖြစ်လာတယ်။ ဒါကြောင့် လိုချင်တပ်မက် နှစ်သက်တွယ်တာတဲ့ **တဏှာ ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းဟာ ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ အသိမှား အမြင်မှားနေတဲ့ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိပဲ**။

**သက္ကာယဒိဋ္ဌိ ဘာကြောင့်ဖြစ်**

အဲဒီ အသိမှားအမြင်မှား သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ဘာကြောင့် ဖြစ်သလဲ။ ရုပ်နဲ့နာမ်ကို ရုပ်သဘာဝ နာမ်သဘာဝမျှပဲလို့ အမှန်အတိုင်း မသိလို့၊ ဖြစ်ပြီးပျက်နေတဲ့ မမြဲတဲ့ သဘာဝတွေပဲလို့ အမှန်အတိုင်း မသိလို့ ဖြစ်တာပဲ။ **မောဟ အဝိဇ္ဇာ**ပေါ့။ အမှန်အတိုင်း မသိလို့ အသိမှားတယ်။ အသိမှားလို့ လိုချင်တပ်မက်တာတွေ ဖြစ်လာတယ်။ တနည်းပြောရရင် အဝိဇ္ဇာကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ သက္ကာယဒိဋ္ဌိကြောင့် တဏှာ ဖြစ်တယ်။ တဏှာကြောင့် ဆင်းရဲတယ်။

ရုပ်နာမ်သဘာဝကို အမှန်အတိုင်း သိလို့၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ အသိမမှားရင် လိုချင်တပ်မက် နှစ်သက်တွယ်တာမှု မဖြစ်ဘူး။ လိုချင်တပ်မက် နှစ်သက်တွယ်တာမှု မဖြစ်ရင် ဆင်းရဲ မဖြစ်ပေါ်ဘူး၊ ဆင်းရဲ ငြိမ်းမယ်။ ဆင်းရဲငြိမ်းရင် ချမ်းသာမယ်။ အဲဒါ နိဗ္ဗာန်ပဲ။

**အရှိအတိုင်း စောင့်ကြည့်** ဒါဖြင့် ရုပ်နာမ်သဘာဝကို အမှန်အတိုင်း သိအောင် ဘာလုပ်ရမလဲ။ ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်နဲ့ စိတ်လို့ခေါ်တဲ့ နာမ်ကို ဖြစ်ဆဲဖြစ်ခိုက်မှာ ဖြစ်နေတဲ့အတိုင်း သတိနဲ့ စောင့်ရှုရမယ်။ ဆင်ခြင် စဉ်းစားတဲ့ဉာဏ်၊ ကြောင်းကျိုး စိစစ် ဝေဖန်တဲ့ဉာဏ် မပါစေရဘူး။ အရှိသဘာဝကို အရှိသဘာဝအတိုင်း သိမှ အမှန်သိ=သမ္မာဒိဋ္ဌိ ဉာဏ်ပဲ။ အဲဒီလို အရှိသဘာဝအတိုင်း သိချင်ရင် အရှိအတိုင်း သတိနဲ့ စောင့်ရှု သိနေရမယ်။ အရှိအတိုင်း မရှုဘဲ ဆင်ခြင်စဉ်းစားဉာဏ် စိစစ်ဝေဖန်တဲ့ဉာဏ်နဲ့ ကြည့်ရင် အရှိသဘာဝအတိုင်း မသိနိုင်ဘူး။ စဉ်းစားဉာဏ် ဝေဖန်ဉာဏ် အနိမ့်အမြင့်, အနုအရင့် အလိုက်ပဲ သိပုံ မြင်ပုံတွေ အမျိုးမျိုး ဖြစ်လာမယ်။ အဲဒီလိုဆိုရင် အမှန်အတိုင်း သိတာ မဟုတ်တော့ဘူး။ ဒါကြောင့် မဆင်ခြင် မစဉ်းစား မဝေဖန်ဘဲ ဖြစ်နေတဲ့စိတ်, ဖြစ်နေတဲ့ရုပ်ကို ဖြစ်နေ ရှိနေတဲ့အတိုင်း သတိနဲ့ စောင့်ရှုနေရမယ်။ အရှိကို အရှိအတိုင်း ရှုသိနေရမယ်။ ဒါမှ အရှိသဘာဝအတိုင်း အမှန်အတိုင်း သိမယ်။ အဲဒါမှ **အမှန်သိ သမ္မာဒိဋ္ဌိဉာဏ်**ပဲ။

ရုပ်နဲ့နာမ်ကို အရှိသဘာဝအတိုင်း သိတာက **ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်**။ အရိယသစ္စာလေးပါးကို အရှိသဘာဝအတိုင်း သိတာက **မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိဉာဏ်**။ စဉ်းစားဆင်ခြင်နေရင်, စိစစ်ဝေဖန်နေရင်တော့ အခု ပြောခဲ့တဲ့ သမ္မာဒိဋ္ဌိဉာဏ် မဖြစ်နိုင်ဘူး။

တစုံတရာကို အမှန်အတိုင်း သိချင်ရင် အဲဒီအရာကို သူ့အရှိအတိုင်း သေသေချာချာ စောင့်ကြည့်မှ အဲဒီ အရာဝတ္ထုရဲ့ အရှိသဘာဝကို အမှန်အတိုင်း သိတယ်။ ဥပမာ– ဒီနာရီ ဆိုကြပါစို့။ ဒီနာရီကို အမှန်အတိုင်း သိချင်ရင်

သာမာန်ကာလျှံကာ ခဏကလေး ကြည့်ရုံနဲ့ အမှန်အတိုင်း မသိနိုင်ဘူး။ ကိုယ်သိထားတဲ့ နာရီဗဟုသုတနဲ့ ကပ်ပြီး ကြည့်ရင်လဲ ကိုယ့်ဗဟုသုတအလိုက်ပဲ သိမယ်။ အမှန် မသိဘူး။ **နာရီကို** ကိုင်ကြည့်၊ ထောင်ကြည့်၊ လှည့်ပတ်ကြည့်၊ လက်တံကြည့်၊ ဒိုင်ခွက်ကြည့် စသည်ဖြင့် သူ့အရှိသဘောလေးတွေကို သေသေချာချာ ကြည့်တော့မှ **ဆီကိုပဲ**၊ **စိတ်ီးဇင်းပဲ**၊ အဟောင်းပဲ၊ အသစ်ပဲ၊ တပတ်ရစ်ပဲ စသည်ဖြင့် သူ့အရှိသဘာဝကို အမှန်အတိုင်း သိမယ်။

**ဝေဖန်ဉာဏ်က အရှိသဘာဝကို မသိ**

အဲဒီအတိုင်းပဲ ရုပ်အသီးသီး နာမ်အသီးသီးမှာ သူတို့ရဲ့ သီးသန့် ပင်ကိုရင်းသဘော **သဘာဝလက္ခဏာ** ရှိတယ်။ ရုပ်အားလုံး နာမ်အားလုံးနဲ့ ဆိုင်တဲ့ အများဆိုင်သဘော **သာမညလက္ခဏာ** ရှိတယ်။ အဲဒီ လက္ခဏာနှစ်ခုဟာ ရုပ်နာမ်တို့မှာ ရှိတဲ့ အရှိသဘာဝ အမှန်သဘာဝတွေပဲ။ အဲဒီ အရှိသဘာဝတွေကို အမှန်အတိုင်း သိချင်ရင် သတိဦးစီးတဲ့ စိတ်နဲ့ အရှိအတိုင်း စောင့်ကြည့်ရတယ်။ စောင့်ရှုရတယ်။ စိစစ်ဝေဖန် ဆင်ခြင်ဉာဏ်နဲ့ မကြည့်ရဘူး။ အဲဒီဉာဏ်တွေ သွင်းကြည့်ရင် အရှိသဘာဝအတိုင်း မသိဘူး။

ဥပမာ– ကိုယ့်အိမ်နဲ့ ကပ်နေတဲ့ အိမ်မှာ မသင်္ကာဖွယ်ရာ လူတယောက် လာနေတယ် ဆိုကြပါစို့။ သူ နေပုံ ထိုင်ပုံ ဝတ်ပုံ စားပုံ ကြည့်ပုံ ရှုပုံ ကြည့်ရတာလူကောင်းတော့ မဖြစ်နိုင်ဘူးလို့ အကဲခတ်မိတယ်။ ဒါပေတဲ့ အမှန်တော့ မပြောနိုင်ဘူး။ အဲဒါကို ကိုယ်က အမှန်အတိုင်း သိချင်တယ်။ သူများကို အထင်နဲ့ လူဆိုးလူကောင်း မဆုံးဖြတ်သင့်ဘူး။ လူဆိုးမှာ လူဆိုးရဲ့ သဘောလက္ခဏာတွေ ရှိသလို လူကောင်းမှာလဲ လူကောင်းရဲ့ သဘာဝ, လူကောင်းရဲ့ သဘောလက္ခဏာတွေ ရှိတယ်။

ဒီလူရဲ့ အနေအထိုင် အသွားအလာ စသည်တွေကို သေသေချာချာ စောင့်မကြည့်ဘဲ ကိုယ့်အိမ်ထဲမှာပဲ နေပြီး စိတ်ကူးနဲ့ ဒီလူကို ဝေဖန်ကြည့်နေရင် အမှန် မသိနိုင်ဘူး။ သူ့ကို သွားမေးရင်လဲ အမှန် ပြောမှာ မဟုတ်တဲ့အတွက်

အမှန်အတိုင်း မသိနိုင်ဘူး။ သူ့ရဲ့ အနေ, အထိုင်, အသွား, အလာ, အပြုအမူတွေ၊ သူ သွားလေ့သွားထရှိတဲ့ နေရာတွေ၊ သူ့အိမ်မှာ ဝင်ထွက်နေတဲ့သူတွေ၊ သူ ဆက်ဆံနေတဲ့ လူတွေ၊ ဒါတွေကို သေသေချာချာ စောင့်ကြည့်နေရင် တဖြေးဖြေး ဒီလူရဲ့ အကျင့်စရိုက် သဘောလက္ခဏာတွေ၊ သူ့ရဲ့ အလုပ်အကိုင်တွေကို အမှန်အတိုင်း သိလာမယ်။ အဲဒီအခါ သူ့ကို လူဆိုး၊ သို့မဟုတ် လူကောင်းလို့ အမှန်အတိုင်း ဆုံးဖြတ်နိုင်လိမ့်မယ်။

**သတိပဋ္ဌာန် ဝိပဿနာ** အဲဒီအတိုင်းပဲ ရုပ်လို့ခေါ်တဲ့ ခန္ဓာကိုယ်နဲ့ နာမ်လို့ ခေါ်တဲ့ စိတ်ရဲ့ သဘာဝကို အမှန်အတိုင်း သိချင်ရင် ခန္ဓာကိုယ်မှာ ဖြစ်နေတဲ့ သဘောတွေကို အရှိအတိုင်း သတိနဲ့ စောင့်ရှုရမယ်။ စိတ်မှာဖြစ်နေတဲ့ သဘောတွေကို အရှိအတိုင်း သတိနဲ့ စောင့်ရှုရမယ်။ ဒီနေရာမှာ စိတ်နဲ့ စေတသိက် နှစ်ခုလုံးကို ဝေါဟာရအရ စိတ်လို့ပဲ တပေါင်းတည်း သုံးနှုန်းလိုက်ပါတယ်။

ခန္ဓာကိုယ်မှာ တွေ့ရတဲ့ လှုပ်တဲ့သဘောကို "လှုပ်တယ်"လို့ပဲ အရှိအတိုင်းရှု၊ ရွေ့နေတဲ့ သဘောကို "ရွေ့တယ်"လို့ပဲ အရှိအတိုင်းရှု၊ လှုပ်တယ် ရွေ့တယ်ဆိုတာ တရားစကားလုံးနဲ့ဆိုရင် ဝါယောဓာတ်ပဲ။ လှုပ်သဘော ရွေ့သဘောကို သိနေတာဟာ ဝါယောရုပ်ကို သိနေတာပဲ။ ကြမ်းတမ်းတာတွေ့ရင် "ကြမ်းတမ်းတယ်"၊ နူးညံ့တာတွေ့ရင် "နူးညံ့တယ်" စသည်ဖြင့် ရှု။ ပထဝီဓာတ်ကို သိနေတာပဲ။ သို့သော်လဲ ပထဝီဓာတ်ဆိုတဲ့ စကားလုံးနဲ့ ကပ်ပြီး သိမှသာ သိခြင်းကိစ္စ ပြီးတာ မဟုတ်ပါဘူး။ ကြမ်းတမ်းသဘော, နူးညံ့သဘောမျှပဲလို့ သိနေရင် ပြီးတာပဲ။ထို့အတူပဲ ယိုစီးတာ, သိပ်သည်းတာ, ပူးတွဲတာ, မျက်ရည်ကျတာ, ချွေးထွက်တာတွေလဲ ရှု၊ အာပေါဓာတ်ကို သိနေတာပဲ။ ပူတာ, အေးတာ, နွေးတာတွေလဲ ရှု၊ တေဇောဓာတ်ကို သိနေတာပဲ။

မြင်တာ, ကြားတာ, နံတာ, မွှေးတာ, စားတာ, သောက်တာ, ချိုတာ, ချဉ်တာ, ထိတာ စသည်တွေကိုလဲ "မြင်တယ်" "ကြားတယ်" စသည်ဖြင့်

အရှိအတိုင်း ရှု။ ကြံစည်တာ, စဉ်းစားတာ, တွေးတာ, စိတ်ကူးတာတွေကိုလဲ "ကြံစည်တယ်" "စဉ်းစားတယ်" စသည်ဖြင့် စိတ်ထဲမှာ ဖြစ်နေတဲ့အတိုင်း ရှု။

လိုချင်တာ, စိတ်ဆိုးတာ, စိတ်ပျက်တာ, ဝမ်းသာတာ, ဝမ်းနည်းတာ, ဆင်းရဲတာ, ချမ်းသာတာတွေကိုလဲ "လိုချင်တယ်" "စိတ်ဆိုးတယ်" စသည်ဖြင့် စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့အတိုင်း ရှု။

နာတာ, ကျဉ်တာ, ကိုက်ခဲတာ, ညောင်းညာတာ,တွေကိုလဲ "နာတယ်" "ကျဉ်တယ်" စသည်ဖြင့် ခံစားနေရတဲ့အတိုင်း ရှု။

ထိုင်တာ, ထတာ, ကွေးတာ, ဆန့်တာ, မြှောက်တာ, ချတာ စတဲ့ ကိုယ်အမူအရာတွေကိုလဲ ပြုလုပ်တဲ့အတိုင်း ရှု။

လိုရင်းကတော့ ရုပ်ခန္ဓာမှာ ဖြစ်သမျှ ပြုလုပ်သမျှ သဘောတွေကိုရော စိတ်မှာ ဖြစ်သမျှ သဘောတွေကိုပါ ဖြစ်နေတဲ့အတိုင်း သတိနဲ့ မလွတ်တမ်း စောင့်ရှုဖို့ပါပဲ။

အဲဒီလို စောင့်ရှုဖန် များလာတော့ ရှုမှု သတိအား ကောင်းလာတာနဲ့အမျှ စိတ်တည်ငြိမ်မှု သမာဓိလဲ တဖြေးဖြေး အားကောင်းလာတယ်။ သမာဓိအား ကောင်းလာတာနဲ့အမျှ အသိဉာဏ်က ထက်လာတော့ လက်,ခြေ ပုံသဏ္ဌာန် မပါဘဲ လှုပ်ရှားရွေ့ရှားသဘော, ပူသဘော, အေးသဘောသက်သက်ကလေးတွေ သိလာတယ်။ ဒါဟာ အရှိသဘာဝကို သူ့အရှိအတိုင်း သိလာတာပဲ။ သဘာဝလက္ခဏာကို သိတဲ့ သဘောပေါ့။ အဲဒီလို ရုပ်သဘာဝ သက်သက်ကိုသာ သိလာတော့ အဲဒီရုပ်သဘာဝကို ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ မစွဲတော့ဘူး။ မယူဆတော့ဘူး။ ပုဂ္ဂိုလ်, သတ္တဝါ, ငါဆိုတဲ့ အယူမှား ကင်းသွားတယ်။ အဲဒီ အခိုက်အတန့်မှာ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ပြုတ်သွားတယ်။ အနတ္တသဘောကို သိတာပေါ့။

**လက္ခဏာရေး သုံးပါးကို ထိုးထွင်းသိ** အဲဒီလောက်တင် မကဘဲ ဆက်ရှုလို့ သမာဓိ ပိုအားကောင်းလာတော့ အဲဒီ အရှုခံရုပ်နဲ့ ရှုသိတဲ့ စိတ်ကလေးတွေ ဖြစ်ပေါ်လာတာ, ပျောက်သွားတာလေးတွေကို ရှင်းရှင်းကလေး တွေ့လာရတယ်။ ဉာဏ်တော်တော်ရင့်လာတော့ မြန်မြန် ဖြစ်ပြီး မြန်မြန် ပျောက်သွားတာ, ဖြုတ်ခနဲ ပေါ်လာပြီး ဖြုတ်ခနဲ ပျောက်သွားတာကလေးတွေကို တွေ့လာ သိလာရတယ်။ ဒါလဲ ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲတဲ့ သဘောကို အရှိသဘာဝအတိုင်း တွေ့သိနေရတာပဲ။ **အနိစ္စ**ကို သိတာပေါ့။ **အနိစ္စာနုပဿနာဉာဏ်**လို့ ခေါ်တယ်။

ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားတာတွေချည်း တွေ့နေ သိနေရတော့ မကောင်းတဲ့ဟာတွေပဲ၊ နှစ်သက်စရာ သာယာစရာ ဘာတခုမှ မရှိပါလား၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲလိုက်တာလို့ သဘောပေါက်လာတယ်။ **ဒုက္ခ**ကို သိတာပေါ့။ **ဒုက္ခာနုပဿနာဉာဏ်**လို့ ခေါ်တယ်။

ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာတွေကိုပဲ တွေ့နေရတော့ ဒို့များ ထင်နေကြသလို တည်မြဲနေတဲ့ အတ္တ, အသက်, ဝိညာဉ်ဆိုတာ မရှိပါလား၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါဆိုတာ မရှိပါလားလို့ သဘောကျလာတယ်။ **အနတ္တ**ကို သိတာပေါ့။ **အနတ္တာနုပဿနာဉာဏ်**လို့ ခေါ်တယ်။ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ကင်းနေတာပေါ့။

**သန္တိသုခ ငြိမ်းချမ်းသာ** ရုပ်နဲ့နာမ်ကို အခုပြောခဲ့သလို ပုဂ္ဂိုလ်, သတ္တဝါ, ငါလို့ မယူဆတော့ အဲဒီ အယူအဆရှိမှ ဖြစ်တဲ့ တဏှာလောဘ ခေါင်းဆောင်တဲ့ ကိလေသာတွေလဲ မဖြစ်ပေါ်လာတော့ဘူး။ တဏှာ မဖြစ်တော့ စွဲလမ်းတဲ့ ဥပါဒါန် မဖြစ်ဘူး။ ဥပါဒါန် မဖြစ်တော့ ရအောင်လုပ်တဲ့ ကောင်းမှု, မကောင်းမှု, ကမ္မဘဝ မဖြစ်လာတော့ဘူး။ ပြီးတော့ တဏှာ မရှိတော့ ဘဝကောင်း ဘဝမွန် ဖြစ်ရေး ရရေးကို မလိုလားတော့ဘူး။ ဘဝတဏှာ ငြိမ်းရော။ ဒါကြောင့် ဘဝသစ် တမလွန်ဘဝ မဖြစ်တော့ဘူး။

ဒီတော့ ဘဝဆင်းရဲ ငြိမ်းရော။ ဘဝတွေ ထပ်ခါတလဲလဲ ဖြစ်ပြီး လည်နေတဲ့ ဘဝသံသရာ အလည်ရပ်သွားတော့ သံသရာဆင်းရဲ, ဝဋ်ဆင်းရဲလဲ ငြိမ်းရော။ ဒီတော့မှ **ဆင်းရဲငြိမ်းတဲ့ ချမ်းသာ (သန္တိသုခ)**ကို တွေ့ရတယ်။ အဲဒါဟာ နိဗ္ဗာန်ပဲ။

ဒီတော့ အခု ရှင်းပြခဲ့တဲ့အတိုင်း ကြောင်းကျိုးနိယာမအရ တမလွန်ဘဝ ဖြစ်တယ်၊ ဘဝတွေ ထပ်ခါထပ်ခါ ဖြစ်တယ်ဆိုတာလဲ သိရပြီ။ ဘဝဖြစ်ခြင်းရဲ့ အကြောင်းကိုလဲ သိရပြီ။ ဘဝတွေ ထပ်ခါထပ်ခါ ဖြစ်နေသမျှ ဆင်းရဲတွေ ထပ်ခါထပ်ခါ ဖြစ်နေတာမို့ ချမ်းသာဆိုတာ မရှိဘူး။ ဘဝ အဖြစ်ရပ်သွားမှ ဆင်းရဲငြိမ်းကာ ချမ်းသာရမည်ဆိုတာလဲ သိရပြီ။ ဘဝသစ် မဖြစ်ဘဲ ဆင်းရဲငြိမ်းအောင် ဖြစ်သမျှရုပ် ဖြစ်သမျှနာမ်ကို သတိဦးစီးတဲ့စိတ်နဲ့ ဖြစ်နေရှိနေတဲ့အတိုင်း စောင့်ရှုတဲ့ သတိပဋ္ဌာန်တရားကို ပွားများရမည်ဆိုတာလဲ သိပြီ။

အဲဒီလို သိတဲ့အတိုင်း ရုပ်နဲ့နာမ်ကို သတိဦးစီးတဲ့ စိတ်နဲ့ စောင့်ရှုပွားများ အားထုတ်ကြခြင်းအားဖြင့် ရုပ်နာမ်တို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ အရှိသဘာဝတွေကို အရှိအတိုင်း အမှန်အတိုင်း ထိုးထွင်းသိမြင်တဲ့အတွက် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ အသိမှား အမြင်မှားမှစပြီး တဏှာခေါင်းဆောင်တဲ့ ဆင်းရဲကြောင်း ကိလေသာ တရားတွေကို အမြစ်ပြတ် ပယ်ရှားနိုင်ကြသဖြင့် ကိလေသာခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဘဝဇာတ်သိမ်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။**

**ကံနှင့် တမလွန်ဘဝ ပြီး၏။**

# တက္ကသိုလ်ဓမ္မသဘင်

နောက်တွင် ဆက်လက်ဖတ်ရှုရမည့် ကံနှင့်ပတ်သက်သည့် သိမှတ်ဖွယ်တို့ကို *တက္ကသိုလ်ဓမ္မသဘင်* အမေးအဖြေခန်းမှ ထုတ်နုတ် ဖော်ပြထားပါသည်။

## ၅။သေခါနီး စိတ်ထားတတ်ဖို့ အရေးကြီးပါသလား

မေး ဆရာတော်ဘုရား

တပည့်တော် ရှိသေစွာ လျှောက်ထားပါသည် ဘုရား။

(က) လူတယောက်သည် သေခါနီး တချက်တွင် စိတ်ထားတတ်ရန် အရေးကြီးသည်ဆိုတာ ဟုတ်ပါသလား။

( ခ) ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားၡ သောတာပတ္တိမဂ်ဖိုလ်ကို ရပြီးသော သောတာပန် အဆင့်ရှိတဲ့ လူတယောက်သည် သေဆုံးပါက အပါယ် လေးဘုံသို့ မရောက်နိုင်ဟု နာကြားခဲ့ရပါသည်။ အကယ်၍ ထိုသူသည် အကုသိုလ် ဒေါစိတ်ဖြင့် သေဆုံးခဲ့လျှင် (သို့) ဥပစ္ဆေဒကကံဖြင့် သေဆုံးခဲ့လျှင် အပါယ်ငရဲသို့ ကျရောက်နိုင်ပါသလား။

( ဂ) လူတယောက်သည် အကုသိုလ်နှင့်သာ ကျင်လည်ပြီး ကုသိုလ်လုပ်တာ နည်းပါသည်။ သို့သော် ထိုသူသည် သေခါနီးတွင် မိမိပြုလုပ်ခဲ့သော အနည်းငယ်မျှသော ကုသိုလ်ကို အာရုံပြု၍ ကုသိုလ်စိတ်ဖြင့် သေဆုံးပါက လူ့ပြည် နတ်ပြည် စသော အထက်ဘုံများသို့ ရောက်နိုင်ပါသလား။

**မစန္ဒာနွယ်၊ ဓာတုဗေဒ၊ လှိုင်နယ်မြေ**

မေး (က) လူတယောက်သည် သေခါနီး တချက်တွင် စိတ်ထားတတ်ဖို့ အရေးကြီးသည်ဆိုသည်မှာ ဟုတ်ပါသလား ဘုရား။

ဖြေ (က) သေခါနီးမှာ စိတ်ထားတတ်ဖို့ အရေးကြီးတယ်ဆိုတာ မှန်ပါတယ်။ သို့သော် တဘဝလုံး စိတ်ထားတတ်ဖို့က ပို အရေးကြီးပါတယ်။

**မေး** (ခ) ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွား၍ သောတာပတ္တိမဂ်ဖိုလ်ကို ရပြီးသော သောတာပန် အဆင့်ရှိတဲ့ လူတယောက်သည် သေဆုံးပါက အပါယ် ၄ ဘုံသို့ မရောက်နိုင်ဟု နာကြားခဲ့ရပါသည်။ အကယ်၍ ထိုသူသည် အကုသိုလ် စိတ်ဇောဖြင့် သေဆုံးခဲ့လျှင် (သို့) ဥပစ္ဆေဒကကံဖြင့် သေဆုံးခဲ့လျှင် အပါယ်ငရဲသို့ ကျရောက်နိုင်ပါသလား ဘုရား။

**ဖြေ** (ခ) သောတာပတ္တိမဂ်ဉာဏ်က အပါယ်ကို ကျစေနိုင်လောက်အောင် ကြမ်းတမ်းတဲ့ အကုသိုလ်တွေကို အမြစ်ပြတ် ပယ်သတ်ပြီးပါပြီ။ ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်ဟာ ဥပစ္ဆေဒကကံကြောင့် သေစေကာမူ အပါယ်မကျတော့ပါ။

**မေး** (ဂ) လူတယောက်သည် အကုသိုလ်နှင့်သာ ကျင်လည်ပြီး ကုသိုလ် လုပ်တာနည်းပါသည်။ သို့သော် ထိုသူသည် သေခါနီးတွင် မိမိ ပြုလုပ်ခဲ့သော အနည်းငယ်မျှသော ကုသိုလ်ကို အာရုံပြု၍ ကုသိုလ်စိတ်ဖြင့် သေဆုံးပါက လူ့ပြည် နတ်ပြည် စသော အထက်ဘုံများသို့ ရောက်နိုင်ပါသလား ဘုရား။

**ဖြေ** (ဂ) ရောက်နိုင်ပါတယ်။ အမြဲတစေ ပြုလုပ်နေတဲ့အလုပ်= **အာစိဏ္ဏကံ** နှင့် သေခါနီးမှ ပြုလုပ်တဲ့အလုပ်= **အာသန္နကံ** နှစ်ခုအနက် နောက်ဘဝ ပဋိသန္ဓေကျိုး ပေးဖို့ရာ ပဋိသန္ဓေနဲ့ နီးကပ်နေတဲ့ အာသန္နကံက ပိုပြီး အားကောင်းလို့ပါပဲ။

ဒီအချက်ကို ထင်ရှားစေတဲ့ ဖြစ်ရပ်တခု ကျမ်းဂန်မှ ထုတ်ပြလိုပါတယ်။ **သောဏဂိရိတောင်ခြေမှာ အစေလဝိဟာရကျောင်း**ဆိုတာ ရှိပါတယ်။ ကျောင်းထိုင်ဘုန်းကြီးက ဓမ္မကထိက **အရှင်သောဏထေရ်**ပါ။ သူ့ဖခင်က မုဆိုးကြီးပါ။ ကြီးတော့ ကုသိုလ်အထောက်အပံ့ရအောင် သဘောနဲ့ ရဟန်းပြုပေးထားပါတယ်။ ဒီ ဦးပဉ္စင်းကြီး မကျန်းမာလို့ သေလုမျောပါးဖြစ်တဲ့ အချိန်မှာ ကြီးမားလှတဲ့ ငရဲခွေးကြီးတွေ သူ့ကို စားတော့ ဝါးတော့မလို

သူ့နားမှာ ဝိုင်းနေကြတယ်လို့ စိတ်ထဲမယ် ထင်ပြီး ကြောက်လန့်တကြား အော်ဟစ်နေပါတယ်။ အဲဒါဟာ ငရဲ ဂတိနိမိတ် ထင်တာပါ။

သတ္တဝါများရဲ့ သေစိတ် စုတိစိတ်နဲ့ အနီးကပ်ဆုံးဖြစ်တဲ့ သေခါနီး ဇောစိတ်= မရဏာသန္နဇောဟာ ကံအာရုံကိုဖြစ်စေ၊ ကမ္မနိမိတ်အာရုံကိုဖြစ်စေ၊ ဂတိနိမိတ် အာရုံကိုဖြစ်စေ အာရုံပြုပါတယ်။

**ကံအာရုံ**ဆိုတာ ကိုယ်ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှု ကုသိုလ်ကံ အကုသိုလ်ကံ ပါပဲ။

**ကမ္မနိမိတ်အာရုံ**ဆိုတာ အဲဒီကံကို ပြုလုပ်စဉ်က အဲဒီကံကို ပြီးမြောက်စေတဲ့ ပတ်ဝန်းကျင် အခြေအနေပါပဲ။ ဒါနကုသိုလ်ကံကို ပြုရင် အလှူဝတ္ထု ပစ္စည်းတွေ၊ အလှူခံပုဂ္ဂိုလ်တွေ စသည်ဟာ ကမ္မနိမိတ်ပေါ့။ သီလ ခံယူ ဆောက်တည်ရင် သီလပေးတဲ့ ဘုန်းကြီး၊ သီလအတူတူယူတဲ့ ဥပုသ်သည် စသည်တွေဟာ ကမ္မနိမိတ်ပေါ့။ အကုသိုလ် ဘက်ကလဲ နွားသတ်တယ်ဆိုရင် အသတ်ခံရတဲ့နွား၊ သတ်တဲ့လက်နက်၊ သတ်ဖော်သတ်ဖက် လူတွေ စသည်ဟာ ကမ္မနိမိတ်ပေါ့။

**ဂတိနိမိတ်အာရုံ**ဆိုတာကတော့ သေပြီးနောက် ကိုယ် လားရ ရောက်ရ မည့် ဘဝ အခြေအနေတွေပါပဲ။ နတ်ပြည် ရောက်ရမည့် လူအတွက် နတ်ဘုံနတ်နန်း၊ နတ်သား၊ နတ်သမီး၊ နတ်သုဒ္ဓါ စသည်တွေဟာ ဂတိနိမိတ်ပေါ့။ ငရဲပြည်ရောက်ရမည့် လူအတွက် ငရဲသား၊ ငရဲခွေး၊ ငရဲထိန်း စသည်တွေဟာ ဂတိနိမိတ်ပေါ့။

အခု ဒီဦးပဋွင်းကြီး ထင်နေတာတွေဟာ ငရဲ ဂတိနိမိတ်တွေပေါ့။ ဒါကို သူ့သား ဘုန်းကြီးက သိတော့ ချက်ချင်းပဲ ကိုရင်လေးတွေကို ပန်းတွေ အရူးခိုင်းပြီး ဘုရား ရင်ပြင်တော်ပေါ်မှာရော ဘုရား ပလ္လင်တော်ပေါ်မှာပါ လှလှပပ ပန်းကော်ဇောကြီးတွေ ခင်းစေတယ်။ ပြီးမှ ဦးပဋွင်းကြီးကို ခုတင်ပါ မ,ယူလာပြီး ဘုရား ရင်ပြင်တော်ပေါ်မှာ ချထားလိုက်တယ်။ ပန်းကော်ဇောနဲ့ ဘုရားကို အာရုံအပြုခိုင်းရင်း နှုတ်ကလဲ "ဒီ ပန်းကော်ဇောနဲ့ မြတ်စွာဘုရားကို တပည့်တော် ပူဇော်ပါတယ်ဘုရား"လို့ ဆိုပြီး အပူဇော်ခိုင်းတယ်။

ဦးပဥ္စင်းကြီးရဲ့ ဂတိနိမိတ်တွေ ချက်ချင်းပဲ ပြောင်းသွားတယ်။ သူဟာ နတ်ဥယျာဉ် တခုထဲကို ရောက်နေပြီး နတ်သား နတ်သမီးတွေ နတ်ကချေသည်တွေက သူ့ကို ပတ်ပတ်လည် ဝန်းရံနေကြတယ်လို့ သူ့စိတ်ထဲမှာ ထင်လာပြီး ကြည်လင်ရွှင်ပျ ဝမ်းသာအားရ ဖြစ်နေတယ်။ မကြာမီ ကွယ်လွန်ပြီး နတ်ပြည် ရောက်သွားတယ်။ (သမ္မောဟဝိနောဒနီ–၌၊ ၄၂၀) အဲဒါဟာ အကုသိုလ် အာစိဏ္ဏကံကို ကုသိုလ် အာသန္နကံက လွှမ်းမိုးပြီး ပဋိသန္ဓေကျိုး ပေးလိုက်တာပါပဲ။

## ၆။ သေခါနီးကံက အကျိုးပေးလျှင် မသေမီ ပြုလုပ်ခဲ့တဲ့ ကံတွေ အလဟဿ ဖြစ်သွားပါသလား

**မေး** ဆရာတော်ဘုရား

တပည့်တော် ရှိသေစွာ လျှောက်ထားပါသည်။

တသက်လုံး တံငါလုပ်လာတဲ့ လူဟာ သေခါနီးမှ ကောင်းမွန်ရာကို နှလုံးသွင်းမိလျှင် သုဂတိဘုံသို့ ရောက်နိုင်ပါသလား။ တသက်လုံး ဒါနသီလကို မှန်မှန် ဖြည့်ဆည်းခဲ့တဲ့ လူဟာ သေခါနီးမှာ နှလုံးသွင်းမှားလျှင် အပါယ်လားရပါသလား။

ထိုသို့ဖြစ်လျှင် ထိုသူ ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံ ကုသိုလ်ကံများဟာ အလဟဿ ဖြစ်သွားပါသလား။

**မအေးအေးသော်၊ တတိယနှစ်၊ စီးပွားရေး**

**ဖြေ** သေခါနီး အခါမှာ ကုသိုလ်အာရုံကို နှလုံးသွင်းမိလျှင် သုဂတိသို့ ရောက်နိုင်ပြီး အကုသိုလ်အာရုံကို နှလုံးသွင်းမိလျှင် ဒုဂ္ဂတိသို့ ရောက်နိုင်ပါတယ်။ ဘာကြောင့် ဒီလို ရောက်နိုင်သလဲဆိုတာကိုတော့ ရှေ့မေးခွန်းမှာ ဖြေပြီးခဲ့ပါပြီ။

**သုဂတိရောက်သူ** သုဂတိ ရောက်နိုင်တာကို ဒမိဠတံငါသည် ဝတ္ထုနှင့် ရှေ့မေးခွန်းရဲ့ အဖြေမှာ ပြောပြခဲ့တဲ့ ဦးပဋင်းကြီး ဝတ္ထုကို ထောက်ဆပြီး သိနိုင်ပါတယ်။

**ဒမိဠကုလား တယောက်** **သီဟိုဠ်ကျွန်း မစုအင်္ဂဏရွာမှာ** ဒမိဠကုလား တယောက် နှစ်ပေါင်း ၅၀ တငါသည်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုတယ်။ ဒီကုလား အသက်ကြီးတော့ တနေ့မှာ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ဖြစ်တယ်။ အဲဒါကို သူနဲ့ အကျွမ်းဝင်တဲ့ ရဟန်းတော် တပါးက သိတဲ့အခါ အနည်းဆုံး ထောက်ရာတည်ရာ ရအောင်တော့ လုပ်ပေးဦးမှပဲဆိုပြီး အဲဒီ ကုလားအိမ်ကို သွားတယ်။ အိမ်ရောက်တော့ ကုလားမကြီးကို "သင့်ခင်ပွန်း ဘယ့်နှယ်နေတုံး"လို့ မေးတယ်။ "အဲ မသက်သာဘူး၊ သေမှာပဲ ထင်ပါရဲ့"ဆိုတော့ "ကောင်းပြီ၊ ဒီလိုဆိုရင် တို့များ ဝင်မကြည့်ရဘူးလား။" "ဝင်ကြည့်ရပါတယ်"ဆိုပြီး ကုလားမကြီးက နေရာခင်းပေးတယ်။ ကုလားကြီးအနီး ရောက်တဲ့အခါကျတော့ "ရောဂါ ဘယ့်နှယ်နေသလဲ"လို့ မေးတယ်၊ ကုလားကြီးက "ရောဂါဝေဒနာ မသက်သာဘူး"တဲ့။ "ကဲ ဒီလိုဆိုရင်တော့ ရောဂါဝေဒနာ သက်သာအောင် ဘုရားဆေးနဲ့ ကုကြစို့၊ လိုက်ဆိုစမ်းပါဦး"လို့ ပြောပြီးတော့ ရဟန်းတော်က သရဏဂုံကို ချပေးတယ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

အဲဒါ ဘာပါလိမ့်မလဲ။ (သရဏဂုံပါဘုရား။) အဓိပ္ပာယ်က–

မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည် ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို အားကိုးရာဟူ၍ ယုံကြည် ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို အားကိုးရာဟူ၍ ယုံကြည် ဆည်းကပ်ပါ၏။

ဒီလို မဟုတ်လား။

ဘုန်းကြီးက တိုင်ပေးတယ်၊ ကုလားက လိုက်ဆိုတယ်။ ဘုရား ကိုးကွယ် ပါ၏။ တရား ကိုးကွယ်ပါ၏။ သံဃာ ကိုးကွယ်ပါ၏။ ဒီလောက်တော့ အစိပ္ပာယ် သိတယ်။ အဲဒါနဲ့ ဘုန်းကြီးက သရဏဂုံ ချပေးပြီးတော့ အင်း ဒီကုလား ငါးပါးသီလကလေးပါ ဆောက်တည်ရရင်တော့ ပိုအကျိုးရှိမှာပဲလို့ တွေးမိလို့ ကဲ လိုက်ဆိုပါဦးဆိုပြီး ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိလို့ ချပေးတယ်။ အောက်က အသံထွက်မလာလို့ ငုံ့ကြည့်လိုက်တော့ ဟိုမှာ မလှုပ်တော့ဘူး၊ ကွယ်လွန်သွားပြီ။ ချက်ချင်းတော့ မဟုတ်ဘူး။ လျှာက လှုပ်မရတော့လို့ လိုက်မဆိုနိုင်ဘူးတဲ့။ ဒီတော့ ဘုန်းကြီးလဲ ငါ ဒီထက် ပိုကူညီလို့တော့ မရတော့ဘူးလို့ သဘောပေါက်ပြီး ကုလားမကြီး နှုတ်ဆက်ပြီး ပြန်ကြွသွားတယ်။ ကုလားလဲ ကွယ်လွန်သွားရော။ ဘယ်ရောက်သွားသလဲ ဆိုတော့ စတုမဟာရာဇ်နတ်ပြည် ရောက်သွားတယ်။

အဲဒါဟာ သရဏဂုံ ဆောက်တည်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသံကြားလို့ ယုံကြည် ကြည်ညိုယုံမှုနှင့်ပဲ အဲဒီလို ကောင်းရာ သုဂတိဘဝကို ရောက်ရ လားရတယ်လို့ **အင်္ဂုတ္တရအဋ္ဌကထာ** ဒုတိယအုပ် စာ ၁၀၇၊ ၁၀၈ တို့မှာ ဖော်ပြထားပါတယ်။ မဖြစ်နိုင်ဘူးလားဆိုတော့ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယုံရင် ကြည်လင်စေတဲ့ အရာကို ယုံလို့ စိတ်ကြည်လင်ပြီဆိုရင် အဲဒီ ကြည်လင်တဲ့စိတ်က ကောင်းကျိုး ချမ်းသာပေးတာ မုချပဲ။ ယုံကြည် ကြည်ညိုရုံမျှနဲ့ အဲဒီလို ကောင်းကျိုးချမ်းသာ ရပါတယ်။ ဒါကြောင့် ယုံကြည် ကြည်ညိုရုံသက်သက်ဟာလဲပဲ မြတ်စွာဘုရားရဲ့ စိတ်ချမ်းသာကြောင်း နည်းကောင်းလမ်းမှန်ပါပဲ။

**ဒုဂ္ဂတိရောက်သူ** သေခါနီးအခါမှာ အကုသိုလ်ကို အာရုံပြုမိ၍ ဒုဂ္ဂတိ ရောက်ရတဲ့ ဝတ္ထုကို **ပသေနဒီကောသလ** မင်းကြီးရဲ့ မိဖုရား **မလ္လိကာဒေဝီ**ရဲ့ ဖြစ်ရပ်ကို ထောက်ဆပြီး သိနိုင်ပါတယ်။

မလ္လိကာဒေဝီဟာ အမြော်အမြင်ပညာနဲ့ ပြည့်စုံပြီး သာသနာတော်ကို အလွန် သက်ဝင်ကြည်ညိုတဲ့ မိဖုရားကြီးပါ။ ကောသလမင်းကြီးနဲ့ စိတ်တူ

သဘောတူ အသဒိသ အလှူတော်ကြီးကို ပေးလှူခဲ့သူလဲ ဖြစ်ပါတယ်။ ဒါပေတဲ့ သူကွယ်လွန်တော့ အဝီစိငရဲမှာ ကျရတယ်။ ဘာကြောင့်လဲဆိုတော့ သူသေခါနီးမှာ ရှေးက သူပြုခဲ့မိတဲ့ မကောင်းမှု အကုသိုလ်ကို အာရုံပြုမိပြီး စိတ်ဆင်းရဲမှုကို ခံစားနေရခိုက်မှာ ကွယ်လွန်သွားလို့ပါပဲ။ သူပြုမိခဲ့တဲ့ မကောင်းမှုကတော့ တနေ့မှာ သူမရည်ရွယ်ဘဲ အမှတ်မထင် ဖြစ်ပေါ်လာတဲ့ သူ့အချစ်တော် ခွေးရဲ့ အတွေ့ကို သာယာမိမှုနဲ့ ဒီကိစ္စကို သိသွားတဲ့ ကောသလဘုရင်ကြီးကို ပရိယာယ်ဆင်ပြီး ဆိတ်မနဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲတဲ့ မကောင်းမှု အကုသိုလ် ပါပဲ။ သေခါနီးမှာ ဒီအဖြစ်အပျက်တွေကို အာရုံပြုမိပြီး စိတ်မချမ်းမသာနဲ့ သေသွားရရှာတယ်။ အဲဒီ အာသန္နကံက အဝီစိပဋိသန္ဓေကျိုးကို ပေးလိုက်တာပါပဲ။

## ပါကဒါန ပရိယာယကံ ၄ မျိုး

ဒီတော့ ဒီနေရာမှာ (ပါကဒါနပရိယာယ) အကျိုးပေးလှည့် အစဉ် အားဖြင့် ခွဲခြားရတဲ့ ကံလေးပါးကို မှတ်သားသင့်ပါတယ်။ အဲဒီ ကံလေးပါး ကတော့–

၁။ ကြီးလေးတဲ့ **ဂရုကကံ**၊ ကုသိုလ်ဘက်မှာ ရူပ အရူပ ကုသိုလ်ကံတွေ နဲ့ အကုသိုလ်ဘက်မှာ အမိသတ်ကံ၊ အဖသတ်ကံ၊ ရဟန္တာသတ်ကံ၊ ဘုရား သွေးစိမ်း တည်အောင် ပြုတဲ့ကံ၊ သံဃာကို သင်းခွဲတဲ့ကံ။ ဒီ ကံငါးပါးကို **ပဉ္စာနန္တရိယ** ကံကြီးများလို့ ခေါ်ပါတယ်။

**နိယတမိစ္ဆာဒိဋ္ဌိကံ** ကိုလဲ ဂရုကကံထဲမှာ သွင်းယူကြပါတယ်။

၂။ သေခါနီးမှာပြုတဲ့ **အာသန္နကံ**၊ သေခါနီးမှာ ပြုလုပ်တဲ့ ကံနဲ့ ရှေးက ပြုလုပ်ခဲ့တာကို သေခါနီးမှာ ပြန်ပြီး အာရုံပြု နှလုံးသွင်းမိတဲ့ ကံများပါပဲ။

၃။ အမြဲတစေပြုလုပ်တဲ့ **အာစိဏ္ဏကံ**၊ အမြဲတစေ နှစ်ရှည်လများ ပြုလုပ်တဲ့ ကံများ၊ တခါ ပြုလုပ်လိုက်ပြီးတဲ့နောက် အဲဒီကံကို

ထပ်ခါထပ်ခါ ဆင်ခြင် နှလုံးသွင်းမိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ ကုသိုလ်ကံများ၊ ပြီးတော့ တွေးမိတိုင်း ထပ်ခါထပ်ခါ စိတ်ပူပန် ဆင်းရဲနေရတဲ့ အကုသိုလ် ကံများပါပဲ။

၄။ ပြုမိရုံမျှဖြစ်တဲ့ **ကဋတ္တာကံ**၊ ရှေ့ကံသုံးပါးထဲ မပါဝင်တဲ့ အမှတ်မထင် ပြုမိတဲ့ ကံများနဲ့ ရှေးဘဝတွေမှာ ပြုခဲ့တဲ့ ကံများပါပဲ။

**အကျိုးပေးလှည့် အစဉ်** အဲဒီ ကံလေးမျိုးအနက် ဂရုကကံ ပြုမိရင်တော့ နောက်ဘဝမှာ ပဋိသန္ဓေကျိုး မုချပေးတော့တာပဲ။ ဂရုကကံ မရှိရင်တော့ အာသန္နကံက ပဋိသန္ဓေကျိုးကို ပေးတယ်။ ရှေ့ကံသုံးပါး မရှိမှသာ ကဋတ္တာကံက ပဋိသန္ဓေကျိုး ပေးရတယ်။ တကယ်တော့ ရှေ့ကံသုံးပါးလုံး မရှိတဲ့ ပုဂ္ဂိုလ်ရယ်လို့တော့ မရှိပါဘူး။

နှစ်ရှည်လများ အမြဲပြုလုပ်နေတဲ့ အာစိဏ္ဏကံဟာ သဘာဝအားဖြင့် အားကောင်းတဲ့ ကံပါပဲ။ အာသန္နကံဟာ သဘာဝအားဖြင့် အာစိဏ္ဏကံလောက် အားမကောင်းနိုင်ပါဘူး။ သို့သော်လဲ သေပြီး နောက်တဘဝမယ် ပဋိသန္ဓေကျိုး ပေးရာမှာတော့ သေခါနီးပြုလုပ်တဲ့ အာသန္နကံက ပဋိသန္ဓေနဲ့ နီးကပ်နေတဲ့အတွက် ပဋိသန္ဓေကျိုး ပေးဖို့ရာ ပိုပြီး အခွင့်သာသွားပါတယ်။

ဒါကြောင့် **ဒမိဠ** တံငါသည်ဟာ နှစ်ပေါင်း ငါးဆယ်လုံးလုံး ပြုလုပ်ခဲ့တဲ့ ပါဏာတိပါတ အကုသိုလ် **အာစိဏ္ဏကံ**ကို လွှမ်းမိုးပြီး သေခါနီးမှ ဆောက်တည် လိုက်ရတဲ့ သရဏဂုံကုသိုလ် **အာသန္နကံ**က စတုမဟာရာဇ် နတ်ပြည်မှာ ပဋိသန္ဓေကျိုးကို ပေးလိုက်လို့ နတ်ဖြစ်သွားရတာပါ။

**မလ္လိကာဒေဝီ**မှာလဲ နှစ်ပေါင်းများစွာ ရတနာသုံးပါးကို ကြည်ညို ဆည်းကပ် ခဲ့တဲ့ **အာစိဏ္ဏကံ**ကုသိုလ်တွေ အသဒိသအလှူကြီး ပေးပြီးတဲ့နောက် ဒီအလှူကြီးကို ပြန် ဆင်ခြင်နှလုံးသွင်းမိတိုင်း ဝမ်းမြောက်ရတဲ့ **အာစိဏ္ဏကံ** ကုသိုလ်တွေကို လွှမ်းမိုးပြီး သေခါနီးမှာ မလျော်တဲ့အမှုကို အာရုံပြုမိလိုက်တဲ့ အကုသိုလ် **အာသန္နကံ**က ပဋိသန္ဓေကျိုးကို ပေးလိုက်လို့ အဝီစိငရဲမှာ ကျရတာပါ။

**ဥပမာ** ဒီနေရာမှာ အာသန္နကံရဲ့ အကျိုးပေးပုံကို ကျွမ်းဂန်များမှာ ဥပမာနဲ့ ဖော်ပြကြပါတယ်။ နွားခြံကြီးတခုထဲမယ် နွားတွေ အပြည့်သွင်းထားတယ်။ နံနက်ကျတော့ နွားတွေကို စားကျက်လွှတ်ဖို့ ခြံကို ဖွင့်လိုက်တဲ့အခါ ခြံရဲ့ နောက်ပိုင်းနဲ့ အလယ်ပိုင်းမှာ ရောက်နေတဲ့ အားကောင်းတဲ့ နွားကြီးတွေက အရင် မထွက်နိုင်ဘဲ ခြံဝမှာရှိနေတဲ့ အားနည်းလှတဲ့ နွားအိုကြီးတွေကသာ အရင် ထွက်နိုင်သလို ပဋိသန္ဓေနဲ့ နီးတဲ့ သေခါနီးပြုတဲ့ အာသန္နကံကသာ ပဋိသန္ဓေကျိုးကို ပေးကြောင်း ဥပမာ ပြုကြပါတယ်။ (အံ-ဋ္ဌ ၂၊ ၁၀၇)

အခုပြောခဲ့တဲ့ စကားစဉ်အရ ဂရုကကံ မရှိရင် အာသန္နကံက ပဋိသန္ဓေကျိုး ပေးတယ်။ အာသန္နကံ မရှိမှ အာစိဏ္ဏကံ အကျိုးပေးတယ်လို့ သိရပါတယ်။ ဒီအစဉ်က အဘိဓမ္မတ္ထသင်္ဂဟ နှင့် ဝိဘာဝနိဋီကာတို့မှာ ဖော်ပြထားတဲ့ အစဉ်ပါ။ အခု ပြောပြခဲ့တဲ့ ဒမိဠ တံငါသည်ဖြစ်ရပ်နဲ့ မလ္လိကာဒေဝီ ဖြစ်ရပ်ကို ကြည့်ရင် အာစိဏ္ဏကံကို လွှမ်းမိုးပြီး အာသန္နကံက ပဋိသန္ဓေကျိုး ပေးတယ်ဆိုတာ အကြောင်း ယုတ္တိတန်ပါတယ်။

**အဋ္ဌကထာကြီးများ အလို** သို့သော်လဲ အဋ္ဌကထာကြီးများမှာ **ယဂ္ဂရုကံ၊ ယဗ္ဗဟုလံ** (အာစိဏ္ဏကံ)၊ **ယဒါသန္နံ၊ ကဋတ္တာကမ္မံ**လို့ အကျိုးပေးလှည့် အစဉ်အားဖြင့် တမျိုး စဉ်ထားတာကို တွေ့ရပါတယ်။ ဒီအစဉ်အရရော အဋ္ဌကထာ (အံ-ဋ္ဌ ၂၊ ၁၀၅)၊ ဋီကာများ (အံ-ဋီ ၂၊ ၁၀၂။ ဝိသုဒ္ဓိ-ဋီ ၂၊ ၃၇၇) မိန့်ကြားချက်အရပါ ဂရုကကံ မရှိရင် အာစိဏ္ဏကံက အကျိုးပေးကြောင်း၊ အာစိဏ္ဏကံ မရှိမှသာ အာသန္နကံက အကျိုးပေးကြောင်း တနည်း မှတ်သားရပြန်ပါတယ်။

**ဓမ္မပဒအဋ္ဌကထာ**မှာ လာတဲ့ ဓမ္မိကဥပါသကာဝတ္ထု စသည်တို့ကို ကြည့်ရင် အာစိဏ္ဏကံကုသိုလ်တွေပဲ သေခါနီး စိတ်အစဉ်မှာ အာသန္နကံအဖြစ် နလုံးသွင်း ဆင်ခြင်မိပြီး နတ်ပြည်မှာ ပဋိသန္ဓေကျိုး ပေးတာကို တွေ့ရပါတယ်။

**ဓမ္မိကဥပါသကာ**ဟာ သူ့အပေါင်းအဖော် သူတော်စင် ဥပါသကာ မြောက်မြားစွာနှင့်အတူ ရတနာသုံးပါးနှင့် စပ်သမျှ ဒါန၊ သီလ၊ ဘာဝနာ၊

ဝေယျာဝစ္စ၊ ဓမ္မသဝဏစတဲ့ ကုသိုလ်လုပ်ငန်းတွေကိုပဲ ဘဝတလျှောက်လုံး လုပ်လာခဲ့ပြီး သေခါနီးကာလမှာလဲ တရားနာရင်း ကုသိုလ်ပွားနေရာက ကောင်းကင်မှာ နတ်ရထားတွေကို မြင်လို့ တုသိတာနတ်ပြည်က နတ်ရထားကို ရည်မှန်းပြီး သားသမီးတွေကို ပန်းကုံး အပစ်ခိုင်းတယ်။ ပြီးတော့ သားသမီးတွေကို "သားတို့ သမီးတို့ အဖေရှိရာ တုသိတာ နတ်ပြည်မှာပဲ ရောက်ကြရအောင် အဖေ့လိုပဲ ကောင်းမှုကုသိုလ်တွေကို များများပြုကြပါ"လို့ မှာထားပြီး ကွယ်လွန်သွားကြောင်း **ဓမ္မပဒအဋ္ဌကထာ** (ပ၊ ၃၈)မှာ ဖော်ပြထားပါတယ်။

**ထူးခြားတဲ့ အစီအမံ** ကံတို့ရဲ့ အားရှိအားမဲ့ကို စဉ်းစားကြည့်ရင် အာစိဏ္ဏကံဟာ အမြဲတစေ နှစ်ရှည်လများ ပြုလုပ် ပွားများခဲ့တာဖြစ်လို့ အားကြီးတာ သေချာပါတယ်။ ဒါကြောင့် သေခါနီးမှာ ဒမိဠတံငါသည်နှင့် သောဏဂိရကျောင်းက ဦးပဥ္စင်းကြီးတို့လို ထူးခြားတဲ့ အကြောင်း၊ ထူးခြားတဲ့ အစီအမံ မရှိရင် အလေ့အကျင့်များခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုကိုသာ ဆင်ခြင် နှလုံးသွင်းမိဖို့ ရှိပါတယ်။ အဲဒီလိုဆိုရင် အာစိဏ္ဏကံကိုပဲ သေခါနီးမှာ ဆင်ခြင် နှလုံးသွင်းမိမှာဖြစ်လို့ အာစိဏ္ဏကံကိုပဲ အာသန္နကံလို့ နာမည်တပ်ရမှာပါပဲ။

**မေးခွန်းရဲ့ ဒုတိယပိုင်း** နောက် ဒီမေးခွန်းရဲ့ ဒုတိယပိုင်းမှာ "ဒီလိုဆိုရင် သူ ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံများဟာ အလဟဿ ဖြစ်သွားပါသလား"လို့ ထပ်ဆင့်ပြီး မေးထားတယ်။ ဒီအချက်ဟာ မေးသင့်တဲ့ အချက်ပါပဲ။

သူရည်ညွှန်းမေးတာက ဒမိဠတံငါသည် တသက်လုံး လုပ်ခဲ့တဲ့ အကုသိုလ် ကံတွေကို သေခါနီး ဆောက်တည်တဲ့ သရဏဂုံ ကုသိုလ်ကံက လွှမ်းမိုးပြီး သုဂတိ ပဋိသန္ဓေကျိုးပေးတယ် ဆိုတာကို ရည်ညွှန်းပြီး မေးတာပါပဲ။ ဒါဟာ စဉ်းစားသင့် **မေးသင့်တဲ့ အချက်**ပါ။

အဖြေကတော့ အားကြီးတဲ့ ဆန့်ကျင်ဘက် ကုသိုလ်၊ အကုသိုလ်ကသာ လွှမ်းမိုးနှိပ်စက် ဖျက်ဆီးသတ်ဖြတ်ခြင်း မပြုရင် သူပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်တွေဟာ အကြောင်း ညီညွတ်တဲ့အချိန်မှာ အကျိုးပေးရမှာပါပဲ။

## လုပ်ငန်းကိစ္စအားဖြင့် ကံ ၄ မျိုး

ဒီမှာလဲ လုပ်ငန်းကိစ္စအားဖြင့် ကွဲပြားခြားနားတဲ့ ကံလေးမျိုးကို အကျဉ်းမျှ ရှင်းပြဦးမှ ပိုပြီး ရှင်းမယ် ထင်ပါတယ်။ အဲဒီ ကံတွေကတော့ **ဇနကကံ**၊ **ဥပထမ္ဘကကံ**၊ **ဥပပီဠကကံ**၊ **ဥပဃာတကကံ**ဆိုတဲ့ ကံလေးမျိုးပါပဲ။

**ဇနကကံ** ဇနကကံဆိုတာ (က) ပဋိသန္ဓေအခါ၊ (ခ) ပဝတ္တိအခါတို့မှာ အကျိုးကို ဖြစ်ပေါ်စေတဲ့ ကံပါပဲ။ [**ပဋိသန္ဓေအခါ** ဆိုတာ တဘဝရဲ့ အစဆုံးစိတ်ကလေး ဖြစ်ဆဲဖြစ်ခိုက် အချိန်ကို ခေါ်တာပါ။ အဲဒီ အစဆုံးစိတ်ကလေးရဲ့ နောက်က ဒုတိယစိတ်မှစပြီး သေစိတ်ရဲ့ ရှေ့ကပ်ကပ်က စိတ်အထိ တဘဝတာကို **ပဝတ္တိအခါ** ခေါ်ပါတယ်။ သေစိတ် ဖြစ်နေတဲ့ အချိန်ကိုတော့ **စုတိအခါ**လို့ ခေါ်ပါတယ်။ ဒီနည်းနဲ့ တဘဝဆိုတဲ့ အချိန်တာကို **ပဋိသန္ဓေအခါ**၊ **ပဝတ္တိအခါ**၊ **စုတိအခါ**လို့ (ဗုဒ္ဓအဘိဓမ္မာအရ) သုံးပိုင်းပိုင်းထားပါတယ်။]

(က) **ပဋိသန္ဓေအခါ** အကျိုးဖြစ်ပေါ်စေတယ်ဆိုတာ ရှေ့ဘဝတွေမှာ ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှု= ဇနကကံက လူ့ဘဝ၊ နတ်ဘဝ၊ တိရစ္ဆာန်ဘဝ စသည်မှာ အစဆုံး ပဋိသန္ဓေစိတ်နဲ့ ရုပ်တွေကို ဖြစ်ပေါ်စေတာပါပဲ။

(ခ) **ပဝတ္တိအခါ**မှာ ရှေးကပြုခဲ့တဲ့ **ဇနကကံ**က အကျိုး ဖြစ်ပေါ်စေတယ် ဆိုတာကတော့ လူ့ဘဝမှာဆိုရင် ရုပ်ဆင်းအင်္ဂါ အချိုးကျပြီး လှပခြင်း၊

ရုပ်ဆင်းအင်္ဂါ အချိုးမကျ မလှမပခြင်း၊ အိမ်ကောင်းရာကောင်းမှာ နေရခြင်း မနေရခြင်း၊ အဝတ်အစား ပေါများခြင်း ရှားပါးခြင်း၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း ဆင်းရဲမွဲတေခြင်း၊ ကျန်းမာခြင်း ရောဂါများခြင်း စတဲ့ ကောင်းကျိုး မကောင်းကျိုးတွေကို ဖြစ်စေတာပါပဲ။

**ဥပထမ္ဘကကံ** ဥပထမ္ဘကကံဆိုတာ (က) ဇနကကံ အကျိုးပေးခွင့်ရအောင် (ခ) ဇနကကံက ဖြစ်ပေါ်စေတဲ့ အကျိုး ဖွံ့ဖြိုးတာရှည်အောင် ကူညီထောက်ပံ့တဲ့ကံကို ခေါ်ပါတယ်။ ကုသိုလ် ဥပထမ္ဘကကံက ကုသိုလ် ဇနကကံကို ကူညီတယ်။ အကုသိုလ် ဥပထမ္ဘကကံက အကုသိုလ် ဇနကကံကို ကူညီတယ်။

(က) စုတိစိတ်= သေစိတ်ရဲ့ရှေ့က ကပ်နေတဲ့ စိတ်ဖြစ်စဉ် (မရဏာသန္နဝီထိ)မှာ ပါဝင်တဲ့ ဇောစိတ်က ကုသိုလ်ကို အာရုံပြုမိရင် အရင်က ပြုထားခဲ့တဲ့ ကုသိုလ် ဇနကကံကို ပဋိသန္ဓေကျိုး ပေးနိုင်အောင် ကူညီ ထောက်ပံ့ပါတယ်။ အဲဒီ မရဏာသန္န ဇောစိတ်က အကုသိုလ်ကို အာရုံပြုမိရင် အရင်က ပြုထားခဲ့တဲ့ အကုသိုလ် ဇနကကံကို ပဋိသန္ဓေကျိုး ပေးနိုင်အောင် ကူညီထောက်ပံ့ပါတယ်။ ဒါဟာ ပဋိသန္ဓေအခါမှာ ကူညီ ထောက်ပံ့ပုံပဲ။ သေခါနီး စိတ်ဖြစ်စဉ်မှာ ပါဝင်တဲ့ အဲဒီ ကူညီထောက်ပံ့တဲ့ ကုသိုလ်စိတ်က ကုသိုလ်ဥပထမ္ဘကကံ၊ အကုသိုလ်စိတ်က အကုသိုလ်ဥပထမ္ဘကကံ။

(ခ) ပဝတ္တိအခါမှာ ကူညီထောက်ပံ့ပုံကတော့ ရှေးကုသိုလ် ဇနကကံကြောင့် ပဝတ္တိအခါမှာ စားဝတ်နေရေး အဆင့်အတန်းမြင့်တဲ့ အခြေအနေကို ရရှိနေတဲ့ အခါမယ် ဒါန သီလ ဘာဝနာစတဲ့ ကုသိုလ် (ဥပထမ္ဘကကံ)တွေကို အခွင့်သင့်သလို ပြုလုပ်တော့ ပိုပြီး အခြေကောင်း အနေကောင်းတွေကို ရရှိတယ်။ ပိုပြီးတော့လဲ တာရှည်တယ်။ ဒါဟာ ရှေးကုသိုလ် ဇနကကံရဲ့ အကျိုးကို ယခုပြုလုပ်တဲ့ ကုသိုလ် ဥပထမ္ဘကကံက ကူညီထောက်ပံ့တာပါပဲ။ အကုသိုလ် ဇနကကံကြောင့် အခြေအနေဆိုးတွေနဲ့ တွေ့နေရတဲ့

အခါမှာ မကောင်းမှုတွေကို ပြုလုပ်ရင် အခြေအနေ ပိုပြီး ဆိုးလဲဆိုးမယ်၊ တာလဲရှည်မယ်။ ဒါဟာ အကုသိုလ် ဇနကကံရဲ့ အကျိုးကို ပိုဆိုးအောင် အကုသိုလ်ဥပထမ္ဘကကံက ကူညီ ထောက်ပံ့လိုက်တာပဲ။

**ဥပပီဠကကံ** ဥပပီဠကကံ ဆိုတာ (က)တခြားကံကိုဖြစ်စေ၊ (ခ)တခြားကံကြောင့် ဖြစ်တဲ့ အကျိုးကိုဖြစ်စေ တားဆီးနှောက်ယှက်နှိပ်စက်တဲ့ ကံကို ခေါ်ပါတယ်။

(က) တခြားကံကို ဥပပီဠကကံက တားဆီးနှိပ်စက် နှောင့်ယှက်တယ် ဆိုတာ ယခုဘဝမှာ ရတနာသုံးပါး ကိုင်းရှိုင်းပြီး အပြစ်ကင်းတဲ့ ကုသိုလ်လုပ်ငန်းတွေ အလုပ်များတော့ ရှေးကပြုခဲ့မိတဲ့ အကုသိုလ်ကံတွေဟာ ယခုဘဝပြုတဲ့ အဲဒီ ကုသိုလ် ဥပပီဠကကံတွေရဲ့ အတားဆီး အနှောက်ယှက်ခံနေရလို့ မကောင်းကျိုးပေးခွင့် မရကြပါဘူး။ ဒါကြောင့် ကိုယ်စိတ်ဆင်းရဲမှု နည်းပါးပြီး ကိုယ်စိတ်ချမ်းသာမှုသာ များများတွေ့ရပါတယ်။ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကံကို အကုသိုလ် ဥပပီဠကကံက တားဆီးနှိပ်စက်တာကိုလဲ အခုပြောခဲ့တဲ့ သဘောကို ပြောင်းပြန်လှန်ကြည့်ရင် သိသာပါတယ်။

(ခ) တခြားကံကြောင့် ဖြစ်ပေါ်တဲ့အကျိုးကို ဥပပီဠကကံက တားဆီးနှိပ်စက် နှောက်ယှက်တယ်ဆိုတာကတော့ ဒီလိုပါ။ ကုသိုလ်ဇနကကံ တခုခုကြောင့် လူ့ဘဝစတဲ့ သုဂတိဘုံဘဝမှာ ဖြစ်ရပြီး တခြားကုသိုလ်ဇနကကံကြောင့် ပဝတ္တိအခါမှာ ပစ္စည်းပစ္စယ ပြည့်ပြည့်စုံစုံနှင့် နေရသော်လဲ ရောဂါဘယ ထူပြောခြင်း၊ သားဆိုး သမီးဆိုးကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရခြင်း၊ သူခိုးဓားပြ အနှိပ်စက်ခံရခြင်း စသည်ဖြင့် အဆင်မပြေတာတွေဘဲ များနေတာ ရှိတတ်ပါတယ်။

အဲဒါဟာ ရှေးကုသိုလ် ဇနကကံကြောင့် ဖြစ်ပေါ်တဲ့ ကောင်းကျိုးကို အကုသိုလ် ဥပပီဠကကံက တားဆီးနှိပ်စက် နှောင့်ယှက်တာပါပဲ။

မြတ်စွာဘုရား လက်ထက်တော်အခါက **ပုတိဂတ္တတိဿမထေရ်** ဆိုတာ ကုသိုလ် ဇနကကံကြောင့် လူ့ဘဝရပြီး ပဝတ္တိအခါမှာလဲ ရဟန်းဘဝရလို့ ရဟန်းတရားကို အားထုတ်ခွင့် ရပါရဲ့။ သို့သော်လဲ ရှေး ငှက်မုဆိုးဘဝက ငှက်ကလေးတွေကို ခြေချိုး၊ အတောင်ချိုး၊ သတ်ဖြတ် စသည်ဖြင့် သူပြုလုပ်ခဲ့တဲ့ အကုသိုလ် ဥပပီဠကကံက တားဆီးနှိပ်စက်လို့ တကိုယ်လုံး သီးသီးခန့် ဥသျှစ်သီးခန့်ရှိတဲ့ အနာကြီးတွေ အပ်ချစရာ မရှိလောက်အောင် ပေါက်ပြီး သွေးတစိုစို ပြည်တရွဲရွဲ အပုပ်နံ့ တထောင်းထောင်းနဲ့ အိပ်ရာထဲမှာပဲ အလူးအလဲ ခံနေရတယ်။

နောက်မှ မြတ်စွာဘုရား သိတော်မူလို့ ကြွလာပြီး ရဟန်းတွေနဲ့အတူ ဝိုင်းဝန်း ပြုစုလို့ သက်သာရာရသွားတယ်။ အဲဒီအခါမှ မြတ်စွာဘုရား တရား ဟောတော်မူလို့ တရားရပြီး ရဟန္တာ ဖြစ်ရတယ်။ ဒီလို ရဟန္တာဖြစ်သည်အထိ တရားသိသွားတာကတော့ အဲဒီ မုဆိုးဘဝမှာပဲ သံဝေဂဖြစ်ပြီး ရဟန္တာတပါးကို ရိုရိုသေသေနဲ့ ဆွမ်းလှူတယ်။ ပြီးတော့ 'ဒီကောင်းမှုကြောင့် အရှင်မြတ်သိတဲ့ တရားကို သိရပါလို၏'လို့ ဆုတောင်းခဲ့တယ်။ အဲဒီ ကုသိုလ်ကြောင့် ရဟန္တာဖြစ်ရတာပါပဲ။

**ဥပဃာတကကံ** ဥပဃာတကကံဆိုတာ (က)တခြားကံကိုဖြစ်စေ၊ (ခ)တခြားကံကြောင့်ဖြစ်တဲ့ အကျိုးကိုဖြစ်စေ သတ်ဖြတ် ဖျက်ဆီးတဲ့ ကံကို ခေါ်ပါတယ်။ ဒီကံကို **ဥပစ္ဆေဒကကံ**လို့လဲ ခေါ်ပါတယ်။

(က) အမှတ်ပြ ဥပဃာတကကံနှင့် ပတ်သက်လို့ ကုသိုလ် ဥပဃာတကကံက အကုသိုလ်ကံကို သတ်ဖြတ်တဲ့ ဝတ္ထုသာဓက ကတော့ ပြောခဲ့ပြီးတဲ့ **ဒမိဠ** တံငါသည် ဝတ္ထုကို ကြည့်ပါ။ အဲဒီ ဝတ္ထုမှာ အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်တဲ့ ပါဏာတိပါတ အကုသိုလ်ကံကို သရဏဂုံ ဆောက်တည်တဲ့ ကုသိုလ်ဥပဃာတကကံက သတ်ဖြတ် ဖျက်ဆီးပြီးတော့ စတုမဟာရာဇ်နတ်ပြည်မှာ ပဋိသန္ဓေကျိုး ပေးလိုက်တယ်။ **မလ္လိကာဒေဝီ** ဝတ္ထုကို

ကြည့်ရင် သုဂတိပဋိသန္ဓေကျိုးကို ပေးနိုင်တဲ့ ကုသိုလ်ကံတွေကို သေခါနီးမှာ နှလုံးသွင်းမှားသွားတဲ့ အကုသိုလ် ဉပဃာတကကံက သတ်ဖြတ် ဖျက်ဆီးပြီး အပါယ်ကို ကျစေတယ်။

(ခ) အမှတ်ပြ ဉပဃာတကကံနှင့် ပတ်သက်လို့ တခြားကံရဲ့ အကျိုးကို ဉပဃာတကကံက သတ်ဖြတ်ရာမှာ သုံးမျိုး ရှိပါတယ်။ (၁) တခြားကံရဲ့ အကျိုးကို သတ်ရုံမျှသာ သတ်ခြင်း၊ (၂) တခြားကံရဲ့ အကျိုးကို သတ်ပြီးတော့ တခြားဇနကကံ တခုကို ပဋိသန္ဓေကျိုး ပေးခွင့်ပြုခြင်း၊ (၃) တခြားကံရဲ့ အကျိုးကို သတ်ပြီးတော့ သတ်တဲ့ ဉပဃာတကကံကပဲ ပဋိသန္ဓေကျိုးကို ပေးခြင်းလို့ ၃ မျိုး ရှိပါတယ်။

(ခ–၁) အဲဒီ ၃ မျိုးထဲက တခြားကံရဲ့ အကျိုးကို သတ်ရုံသာသတ်တဲ့ ဉပဃာတကကံကိုတော့ **သောရေယျသူဌေးသား** အဖြစ်ကို ကြည့်ရင် နားလည်နိုင်ပါတယ်။ **သောရေယျသူဌေးသားဟာ** ပထမ **အရှင်ကစ္စည်းမထေရ်မြတ်ကို** စိတ်နဲ့ ပြစ်မှားမိလို့ ယောကျ်ားစင်စစ်က မိန်းမဖြစ်သွားရပြီး တက္ကသိုလ် သူဌေးသားနဲ့ အိမ်ထောင်ရက်သားကျ ကလေးနှစ်ယောက် မွေးဖွားပြီးမှ မိတ်ကောင်းဆွေကောင်းကြောင့် အရှင်မြတ်ကို ကန်တော့ခွင့်ရလို့ ကန်တော့ တောင်းပန်လိုက်တဲ့ ကုသိုလ်ကြောင့် ယောကျ်ားဘဝ ပြန်ရပြီး ရဟန်းပြုခွင့် ရသွားတယ်။ နောက် တရားကြိုးစား အားထုတ်တော့ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်သွားတယ်။ ဒီဖြစ်ရပ်မှာ ကန်တော့တောင်းပန်တဲ့ ကုသိုလ် ဉပဃာတကကံက ပြစ်မှားတဲ့ အကုသိုလ်ကံရဲ့ အကျိုးဖြစ်တဲ့ မိန်းမဘဝကို သတ်ဖြတ်ဖျက်ဆီး ပစ်လိုက်ပါတယ်။ ဒါကြောင့် ယောကျ်ားဘဝ ပြန်ရသွားတယ်။

(ခ–၂) ဉပဃာတကကံက တခြားကံရဲ့ အကျိုးကို သတ်ဖြတ်ဖျက်ဆီးပြီး တခြားဇနကကံတခုကို ပဋိသန္ဓေကျိုး ပေးခွင့်ပြုပုံကိုတော့ **ဗိမ္ဗိသာရမင်းကြီး**ရဲ့ ဖြစ်ရပ်ကို ကြည့်နိုင်ပါတယ်။ ရှေးကုသိုလ်ဇနကကံကြောင့် ရခဲ့တဲ့ **ဗိမ္ဗိသာရ မင်းကြီး**ရဲ့ မင်းစည်းစိမ်ချမ်းသာကို ရှေးဘဝတခုမယ် ဘုရားရင်ပြင်ပေါ်မှာ ဖိနပ်စီးခဲ့ခြင်းနှင့် သံဃာတော်များအတွက် ခင်းထားတဲ့ဖျာပေါ်ကို ခြေမဆေးဘဲ တက်ခြင်းဆိုတဲ့ အကုသိုလ် ဉပဃာတကကံက ဖျက်ဆီးလိုက်ပြီး ခြေဖဝါးကို

ဓားနဲ့ခွဲ ဆားသိပ်ခြင်းဆိုတဲ့ ဆိုးကျိုးကို ဖြစ်ပေါ်စေပါတယ်။ သို့သော်လဲ အဲဒီအကုသိုလ် ဥပဃာတကကံက ပဋိသန္ဓေကျိုးကိုတော့ မပေးဘူး၊ ဒါကြောင့် နတ်ရွာစံတော့ မင်းကြီးရဲ့ အသဒိသဒါန စတဲ့ တခြား ကုသိုလ်ကံတွေထဲက အားကောင်းတဲ့ ကုသိုလ်ကံတခုက စတုမဟာရာဇ် နတ်ပြည်မှာ ပဋိသန္ဓေကျိုး ပေးလိုက်လို့ **ဇနဝသဘနတ်သား** ဆိုတာ သွားဖြစ်ပါတယ်။

ကုသိုလ်ကံတွေက အားကောင်းပါလျက် အနိမ့်ဆုံးနတ်ပြည်မှာ ဖြစ်ရတာ ကတော့ ဒီမင်းကြီးက ဒီနတ်ဘုံမှာ အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးတော့ ဒီဘုံကို နှစ်သက်နေတဲ့ နိကန္တိတဏှာကြောင့် ဖြစ်ရကြောင်း **ဒီဃနိကာယ်၊ ဇနဝသဘသုတ် အဋ္ဌကထာ**မှာ ဖော်ပြထားပါတယ်။

(ခ–၃) ဥပဃာတကကံက တခြားကံရဲ့အကျိုးကို သတ်ပြီးတော့ ဒီသတ်တဲ့ ကံကိုယ်တိုင်ပဲ ပဋိသန္ဓေကျိုး ပေးပုံကိုတော့ **အရှင်အနုရုဒ္ဓါ**ရဲ့ နှမ **ရောဟိနီ**ရဲ့ ဖြစ်ရပ်ကို ကြည့်သင့်ပါတယ်။ သာကီဝင် မင်းသမီးဖြစ်တဲ့ **ရောဟိနီ**ဟာ ရှေးဘဝ တခုမယ် တခြား အမျိုးသမီးတဦးကို မနာလိုစိတ် ဖြစ်ရာက ခွေးလေးယားသီးမှုန့်တွေနဲ့ ဖြူးခဲ့တဲ့ အကုသိုလ်ကံကြောင့် အခု **ရောဟိနီ** မင်းသမီးဘဝမှာ အနာကြီးရောဂါ စွဲကပ်လို့ အခန်းအောင်းနေရတယ်။

ဒါကို **အရှင်အနုရုဒ္ဓါ** သိတော့ **ရောဟိနီ**ကို လက်ဝတ်လက်စား ရောင်းပြီးတော့ ဆွမ်းကျောင်း ဆောက်လှူဖို့ ညွှန်ကြားတယ်။ **ရောဟိနီ**ဟာ ညွှန်ကြားတဲ့အတိုင်း နှစ်ထပ်ဆွမ်းကျောင်း ဆောက်လုပ်လှူပြီးတော့ ဆွမ်းကျောင်း နှစ်ထပ်လုံးရော ကျောင်းပတ်ဝန်းကျင်ပါ သန့်ရှင်းရေး နေ့စဉ် လုပ်တယ်။ ဒါနဲ့ပဲ အနာကြီးရောဂါ လုံးဝ ပျောက်သွားပြီး သေတော့ တာဝတိံသာနတ်ပြည်မှာ အလွန်ချော အလွန်လှတဲ့ နတ်သမီး ဖြစ်သွားတယ်။

လှလွန်းလို့ နတ်သားလေးယောက် ဒီ နတ်သမီးကို သူ့ရထိုက် ငါရထိုက် အငြင်းပွားကြရာက သိကြားမင်းဆီသွားပြီး တရား အဆုံးအဖြတ်ခံတော့ သိကြားမင်းက ဒီ နတ်သမီးကို မရရင် သူ သေရပါတော့မယ်ဆိုလို့ သိကြားမင်း အသေမခံနိုင်တဲ့ နတ်သားလေးယောက်ဟာ နတ်သမီးထားခဲ့ပြီး စိတ်ပျက် လက်ပျက်နဲ့ တပ်ခေါက် ပြန်ခဲ့ကြရသတဲ့။

ဒီဖြစ်ရပ်မှာ **ရောဟိနီ**ရဲ့ ကျောင်းဒါနကုသိုလ်နဲ့ သန့်ရှင်းရေးကုသိုလ် ဥပဃာတကကံက ရှေးအကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ အနာကြီးရောဂါကို ပျောက်ကင်းစေရုံမက နတ်ဘဝ ပဋိသန္ဓေကျိုးကိုရော ရုပ်ချောခြင်းဆိုတဲ့ ပဝတ္တိကျိုးကိုပါ ဖြစ်ပေါ်စေ ပါတယ်။

ခုလောက် ရှင်းပြတော့ ကံတွေရဲ့ အသီးသီး လုပ်ငန်းကိစ္စ ဆောင်ရွက်ကြပုံကို အတော်အတန် သဘောပေါက်လောက်ပါပြီ။

**ပြုခဲ့တဲ့ကံများ အလဟဿမဖြစ်**

**ဗိမ္ဗိသာရမင်းကြီး**ရဲ့ ဖြစ်ရပ်ကိုကြည့်ရင် ကံတခုခုဟာ ဥပပီဠကကံကဖြစ်စေ၊ ဥပဃာနကကံကဖြစ်စေ နှိပ်စက် သတ်ဖြတ်လို့ အကျိုးပေးခွင့် မသာတဲ့အတွက် အကျိုးမပေးရသော်လဲ နှိပ်စက်သတ်ဖြတ်တဲ့ ကံရဲ့ အကျိုးအာနိသင် ကုန်ဆုံး သွားတဲ့အခါမှာ အကျိုးပေးခွင့်သာပြီး အကျိုးပေးနိုင်တယ်။ အလဟဿ ဖြစ်မသွားဘူးဆိုတာ သဘောပေါက်နိုင်ပါတယ်။

အဲဒီလို အားကြီးတဲ့ တခြားကံတခုရဲ့ အလွှမ်းမိုးခံနေရလို့ အကျိုးပေးခွင့် မရခိုက်မှာ ငုပ်လျှိုးနေရပြီး လွှမ်းမိုးမှုမှ လွတ်မြောက်သွားတဲ့အခါ အကျိုးပေးကြတဲ့ ဝတ္ထုတွေ ဖြစ်ရပ်တွေ တော်တော်တွေ့ရပါတယ်။

**မလ္လိကာ** မိဖုရားဟာ သေခါနီးမှာ အကုသိုလ်အာရုံကို အာရုံပြုမိလို့ အဝီစိငရဲ ကျသော်လဲ ၇ ရက်သာ ငရဲခံရပြီး အဲဒီ အကုသိုလ်ကံရဲ့ အစွမ်း သတ္တိကုန်သွားတော့ ၈ ရက်မြောက်နေ့မှာ ငရဲမှလွတ်ပြီး တုသိတာနတ်ပြည်မှာ သွားဖြစ်ရတယ်။ **အရှင်မောဂ္ဂလာန်** ရှေးဘဝတခုမှာ ပြုခဲ့တဲ့ မာတု ဃာတက= အမိသတ်ကံနှင့် ပိတုဃာတက= အဖသတ်ကံများဟာ ဘဝပေါင်း များစွာ ဆိုးကျိုးဆင်းရဲကျိုးကို ပေးခဲ့ပြီး သော်လဲ ကံရဲ့သတ္တိက မကုန်သေးဘဲ ကျန်နေသေးတယ်။ သို့သော်လဲ သာဝကပါရမီ ကုသိုလ်တွေက အားကောင်း နေတော့ အကျိုးပေးခွင့်မရဘဲ ငုပ်နေတယ်။ ပရိနိဗ္ဗာန် စံခါနီးမှ အခွင့်သာပြီး

အဲဒီ အကုသိုလ် ကံကြွင်းက အကျိုးပေးလိုက်လို့ အရှင်မြတ်ဟာ လူဆိုးတွေ သတ်လို့ ပရိနိဗ္ဗာန်စံသွားတယ်။

**ဘုရားသော်မှ ရှောင်လွှဲလို့မရ**

မြတ်စွာဘုရားသော်မှ ရှေးအကုသိုလ် ကံဟောင်းက မလွတ်နိုင်ဘူး။ ဘုရားရှင် ဘုရားလောင်း ဘဝတခုမှာ မိမိမြို့ကို လာပြီး ပြိုင်တဲ့ နပန်းသမားတယောက်ကို နပန်းပွဲမှာ လက်နှစ်ဖက်နဲ့ ခေါင်းပေါ်မြှောက်ပြီး မြေပေါ်ပစ်ချလိုက်လို့ ပြိုင်ဘက်နပန်းသမား ခါးကျိုးသွားတယ်။ အဲဒီ အကုသိုလ်ကံဟာ အကျိုးပေးခွင့် မသာလို့ ငုပ်နေခဲ့ပြီး ဘုရားအဖြစ်ရောက်မှ အကျိုးပေးတဲ့အတွက် ဘုရားရှင်ဟာ ခါးနာ ခါးညောင်းတဲ့ ဝေဒနာကို ရံဖန်ရံခါ ခံစားရတယ်။ ထို့အတူပဲ ဝိပါက်တော် ၁၂ ပါး ဆိုတာတွေဟာ ဘုရားလောင်းဘဝက ပြုခဲ့မိတဲ့ အကုသိုလ်ကံတွေ သံသရာခရီးတလျှောက်မှာ အကျိုးပေးခွင့်မသာလို့ ငုပ်နေရာက ဘုရားဖြစ်တော်မူမှ အကျိုးပေးကြရတာတွေပါ။

ဒါကြောင့် **ဒမိဠတံငါသည်** တသက်လုံး ပြုလုပ်ခဲ့တဲ့ ပါဏာတိပါတ အကုသိုလ်ကံတွေဟာ အလဟဿ မဖြစ်ပါဘူး။ သရဏဂုံကုသိုလ် အာသန္နကံရဲ့ အစွမ်းသတ္တိ ကုန်ဆုံးသွားတော့ သူတို့အလှည့် ရောက်ရမှာပါပဲ။ ထို့အတူပဲ သေခါနီး နှလုံးသွင်းမှားလို့ အပါယ်လားသူများလဲ သူတို့ပြုခဲ့တဲ့ ဒါန သီလ ကုသိုလ်တွေ အလဟဿ မဖြစ်ပါဘူး၊ **မလ္လိကာ**လို အပါယ်ကလွတ်တဲ့ အခါမှာ ဒါန သီလ ကုသိုလ်ကံတွေရဲ့ အကျိုးပေးလှည့် ရောက်ရမှာပါ။

သို့သော် အလွန်အားကောင်းတဲ့ ကံတခုက အားသေးတဲ့ ကံတခုကို ဘယ်တော့မှ အကျိုးမပေးရအောင် အပြီးအပိုင် သတ်ပစ်တာမျိုးလဲ ရှိတော့ ရှိတတ် ပါတယ်။ အဲဒါကတော့ **အင်္ဂုလိမာလ**ရဲ့ အပါယ်ကျစေနိုင်လောက်တဲ့ ပါဏာတိပါတ အကုသိုလ်ကံကို အားကြီးတဲ့ မဂ်ကုသိုလ်ကံက သတ်လိုက်တာမျိုးပါပဲ။

# ၇။ လူသေတဲ့အခါ တိရစ္ဆာန် တစ္ဆေသရဲ စသည် ဖြစ်နိုင်ပါသလား

**မေး** ဆရာတော်ဘုရား

တပည့်တော် ရှိသေစွာ လျှောက်ထားပါသည်။ လူသေတဲ့အခါ တိရစ္ဆာန် တစ္ဆေ သရဲ ဖြစ်နိုင်ပါသလား။

**မင်းတေဇာမွန်၊ စာရင်းအင်း ဂုဏ်ထူးတန်း**
**စီးပွားရေး တက္ကသိုလ်**

**ဖြေ** ဖြစ်နိုင်ပါတယ်။ ရှေး သာသနာပတချိန်မှာ အလွှကပ္ပပြည်မယ် ဝတ်မွတ်ခေါင်းပါး ဘေးကြီးဆိုက်တော့ ဇနီးမောင်နှံနှစ်ယောက် ရသလောက် လမ်းရိက္ခာလေး စုဆောင်းပြီး ကောသမ္ဗီပြည်ကို ပြေးလာကြတယ်။ လမ်းမှာ အစာပြတ်ပြီး သေလုမတတ် ဖြစ်ခဲ့ရတယ်။ ကောသမ္ဗီရောက်တော့ နွားကျောင်းသား တယောက်က မင်္ဂလာပွဲ ကျင်းပနေတဲ့အချိန်နဲ့ တိုးလို့ ဒီဇနီးမောင်နှံကို သနားတာနဲ့ ထမင်းကျွေးတယ်။ ထမင်းကလဲ မပျစ်မကျဲ နို့ထမင်းကို ထောပတ်ကောင်းကောင်းနဲ့ နယ်ထားတာဆိုတော့ ထမင်းမစားခဲ့ရတာ ကြာပြီဖြစ်တဲ့ ဒကာဟာ ဆာဆာနဲ့ တဝကြီး စားပစ်လိုက်တာ စားပိုးနင့်ပြီး စားတဲ့နေရာမှာပဲ ကွယ်လွန်သွားတယ်။

သေတော့ အဲဒီအိမ်က ခွေးမကလေးရဲ့ ဝမ်းထဲ ဝင်စားပြီး ခွေးကလေး သွားဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ကို ထမင်းမကျွေးမီက အဲဒီ ခွေးမလေးကို အိမ်ရှင်က နို့ထမင်းနဲ့ ထောပတ်တွေ ကျွေးတာကို ဒီလူ မြင်တော့ “ဒီ ခွေးကလေးနယ်နော် ကုသိုလ်ကောင်းလိုက်တာ၊ သူ နေ့တိုင်း ဒီလို အစားကောင်းတွေ စားနေရမှာပဲ”ဆိုပြီး ခွေးဘဝ အားကျမိလို့တဲ့။ ခွေးဘဝကို တပ်မက်တဲ့ ဘဝတဏှာပေါ့။

ဒါပေတဲ့ ခွေးကလေး ကြီးလာတော့ အိမ်ကို နေ့စဉ်ဆွမ်းခံကြွတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ခင်မင်ကြည်ညိုတာနဲ့ တောလမ်းဖြတ်ပြီး သွားကြို၊ ပြန်ပို့၊ လမ်းမှားရင် လမ်းပြပေး၊ လမ်းမှာ ဘေးအန္တရာယ်ရှိရင် ရှေ့ကနေ ဟောင်ပေးနဲ့ ကုသိုလ် ဝေယျာဝစ္စတွေ ဆောင်ရွက်တယ်။ သေတော့ တာဝတိံသာ နတ်ပြည်မှာ အသံသြဇာ အကောင်းဆုံးဖြစ်တဲ့ ဃောသကနတ်သားဆိုတာ သွားဖြစ်တယ်။ (ဓမ္မ–ဋ္ဌ ၁၊ ၁၁၀)

အခုခေတ်မှာလဲပဲ လောကမှာ လူသေလို့ တိရစ္ဆာန် ဖြစ်ကြတာတွေ ရှိပါတယ်။ စာအုပ်တွေလဲ ဖတ်ဖူးကောင်းဖတ်ဖူးပါလိမ့်မယ်။ ကိုယ့်ပတ်ဝန်းကျင် လူ့လောက ထဲမှာလဲ ယုံကြည်လောက်တဲ့ လူဝင်စားတိရစ္ဆာန်တွေ သတိထားရင် တွေ့ကောင်း တွေ့ရပါလိမ့်မယ်။

တစ္ဆေ သရဲလို့ လူတွေ ခေါ်နေကြတာဟာ ကျမ်းဂန်လာ ပြိတ္တာတွေပါပဲ။ ဒီ ပြိတ္တာတွေ ကိုယ်ထင်လာပြပြီး အစားတောင်းကြတဲ့ အကြောင်းကို ပေတဝတ္ထု ပါဠိတော်၊ အဋ္ဌကထာစသည်မှာ မြောက်မြားစွာ တွေ့ရပါတယ်။

ကုသိုလ်စိတ်ဆိုတာ ဖြူစင်တဲ့စိတ် မြင့်မြတ်တဲ့စိတ်ပါ။ လောဘ ဒေါသ မာန စတဲ့ အကုသိုလ်စိတ်တွေဟာ ညစ်မဲတဲ့စိတ် ယုတ်ညံ့နိမ့်ကျတဲ့ စိတ်တွေပါ။ မြင့်မြတ်ဖြူစင်တဲ့စိတ် အဖြစ်များသူဟာ မြင့်မြတ်တဲ့ဘဝမှာ ဖြစ်ရပြီး ယုတ်ညံ့ နိမ့်ကျတဲ့စိတ် အဖြစ်များသူဟာ တိရစ္ဆာန် ပြိတ္တာစတဲ့ ယုတ်ညံ့နိမ့်ကျတဲ့ ဘဝတွေမှာ ဖြစ်ရတာဟာ သဘာဝတရား အရပါပဲ။ ဆန်းကြယ်တဲ့ကိစ္စ မဟုတ်ပါဘူး။

**တဏ္ဍသိုလ်ဓမ္မသဘင် စာအုပ်မှ**

**ကောက်နုတ်ချက် ပြီး၏။**

# ဆင်းရဲငြိမ်းအေး ချမ်းသာရေး

နောက်တွင် ဆက်လက်ဖတ်ရှုရမည့် ကံနှင့်ပတ်သက်သည့် သိမှတ်ဖွယ်တို့ကို *ဆင်းရဲငြိမ်းအေး ချမ်းသာရေး* စာအုပ် အခန်း(၅)မှ ထုတ်နုတ် ဖော်ပြထားပါသည်။

## အခန်း (၅)

# လက်တွေ့ကျင့်စဉ်များ

**ကမ္မဝါဒ** ကဲ တရားစကြရအောင်၊ ဒီကနေ့ ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ တရားတော် သုံးမျိုးသုံးစားထဲက ဒုတိယ အမျိုးအစားဖြစ်တဲ့ ကျင့်စဉ်ကို ဘုန်းကြီးတို့ ပြောရမယ်။ ကျင့်စဉ်ကို ပြောတဲ့အခါကျတော့ ကျင့်စဉ်ရဲ့ အခြေခံဖြစ်တဲ့ ကံအကြောင်းကို နည်းနည်းပါးပါး ပြန်ပြောဦးမှ ဖြစ်မယ်။ ဒါမှ ကျင့်စဉ်ရဲ့ သဘောကို အပြည့်အဝ နားလည်မယ်။

မြတ်စွာဘုရားရဲ့ ဝါဒဟာ ဘာဝါဒလဲလို့ မေးရင် ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုဖြေမလဲ။ (သဘာဝ ဝါဒပါဘုရား။) သဘာဝဝါဒ။ မှန်တယ်နော်။

သို့သော်လဲ မြတ်စွာဘုရားလက်ထက်တော်တုန်းက အရှင်အဿဇိ ဖြေတော်မူတဲ့ အဖြေနဲ့ ကိုက်ကြည့်ရအောင်နော်။ အဲဒီအဖြေ ဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်းရင်း အဖြစ်အပျက်က စိတ်ဝင်စားစရာမို့ ဘုန်းကြီးက အခြေခံကစပြီး ပြောချင်ပါတယ်။

**ကြည်ညိုဖွယ်အရှင်မြတ်** မြတ်စွာဘုရား မိဂဒါဝုန်တောမှာ တဝါဆိုပြီးတဲ့နောက် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် အချိန်ကပေါ့။ မြတ်စွာဘုရားရဲ့ လက်ဦးတပည့်

ငါးပါးထဲမှာ တပါး အပါအဝင်ဖြစ်တဲ့ အရှင်အဿဇိက ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွတယ်။ အဲဒီလို ကြွတဲ့အခါမှာ မျက်လွှာချပြီး ခြေထောက် ရွေ့ရှာနေတဲ့ ဝါယောသဘာဝကို သတိမပြတ် ကပ်ရှုရင်းနဲ့ ကြွတယ်။

သတိမပြတ် ကပ်ရှုနေတဲ့အတွက် ရှုတဲ့စိတ်ထဲမှာ၊ လောဘ၊ ဒေါသ၊ မောဟ မဝင်ဘူး။ အရှင်အဿဇိ အနေနဲ့ကတော့ ဒီ လောဘ၊ ဒေါသ၊ မောဟ တရားတွေကို ရှေးကတည်းက မိဂဒါဝုန်တောမယ် မြတ်စွာဘုရားအထံမှာ အနတ္တလက္ခဏာသုတ် ဒေသနာတော် နာကြားပြီးကတည်းက အမြစ်ပြတ် ငြိမ်းသတ်ခဲ့ပြီးသားပါပဲ။ ဒီတော့ မရှုဘဲ နေတဲ့အခါလဲ ကိလေသာ မဝင်ဘူး။ သို့သော်လဲ အခုလို ရှုသွားတဲ့အခါကျတော့ ဖြစ်တိုင်းဖြစ်တိုင်းသော သဘာဝတရားကို သိသိနေတဲ့အတွက် စိတ်က ပိုပြီး ကြည်လင်နေတယ်။

အရှင်မြတ်ရဲ့ စိတ်က ကြည်လင်နေတော့ မျက်နှာတော်ကလဲ ကြည်လင်တယ်။ လောဘ၊ ဒေါသ၊ မောဟ စတဲ့ အပူတရား၊ အညစ်အကြေး တရားတွေ စိတ်မှာ မကပ်တော့ မျက်နှာတော်က ကြည်လင်ပြီး တည်ငြိမ်တယ်၊ ငြိမ်းချမ်းတယ်၊ ချမ်းမြေ့တယ်။ ဒီတော့ ဘုန်းကြီးတို့ပရိသတ် ကြည်လင်၊ တည်ငြိမ်၊ ငြိမ်းချမ်း၊ ချမ်းမြေ့ပြီး ကျက်သရေရှိတဲ့ မျက်နှာတခုကို စိတ်ထဲမှာ ဖန်တီး ကြည့်လိုက်ပါ။ ပုံဖော်ကြည့်လိုက်ပါ။ ဘယ်လောက် ကြည်ညိုဖွယ် ရှိသလဲလို့။

ခြေလှမ်း လှမ်းတိုင်း ခြေထောက် ရွေ့ရှားမှုဆိုတဲ့ ရွေ့သဘာဝကို သိအောင် ရှုပြီးနေတာဖြစ်လေတော့ ဒီအရှင်မြတ်ရဲ့ ခြေလှမ်းတွေဟာ ကျဲကျဲကြီး သွက်သွက်ကြီးနဲ့ ကြည့်မကောင်း ရှုမကောင်း ဖြစ်မလား။ (မဖြစ်ပါဘုရား။) ခြေလှမ်း မှန်မှန်နဲ့ ဖြည်းဖြည်း ညင်ညင်သာသာကလေး လှမ်းနေတယ်။ အင်မတန် ကြည်ညိုစရာ ကောင်းတာပေါ့။

အဲဒီလို ရှုရင်း လှမ်းနေတယ်ဆိုတော့ မျက်စိကတော့ ဟိုကြည့် ဒီကြည့် ကြည့်မလား။ (မကြည့်ပါဘုရား။) မကြည့်ဘူး။ မိမိရှေ့ သုံးတောင် လေးတောင် မျှမှာပဲ မျက်လွှာချပြီးတော့ အဲဒီအခိုက်မှာ ထင်ရှားတဲ့ အထင်ရှားဆုံး သဘာဝဖြစ်တဲ့ ခြေထောက်ရဲ့ ရွေ့ရှားမှု သဘာဝကို ရှုပြီးတော့သွားတယ်။

အင်မတန် တည်ကြည်တယ်၊ ငြိမ်သက်တယ်၊ ငြိမ်းချမ်းတယ်၊ ချမ်းမြေ့တယ်၊ ကျက်သရေရှိတယ်။

**တရားမှန်ရှာသူ ဥပတိဿ**

ဒါကို အဲဒီအခါတုန်းက ဗုဒ္ဓရှင်တော်မြတ်ဘုရားနဲ့ ပြိုင်ဆိုင်ပြီးတော့ ဘုရားကြီးတဆူလို လုပ်နေတဲ့ တိတ္ထိဂိုဏ်းဆရာကြီး သိဉ္စည်းရဲ့တပည့် ဥပတိဿပရိဗိုဇ် ဆိုတာက မြင်တယ်။ သူလဲပဲ အမှန်တရား ဆင်းရဲငြိမ်းရေးတရား ရှာနေတာပဲ။ ဒါပေမယ့် သူကတော့ နီးစပ်ရာ သိဉ္စည်း ဆရာကြီးထံ ဆည်းကပ်မိတယ်။ သိဉ္စည်း ဆရာကြီးထံမှာ တပည့်ခံပြီးတော့ သိဉ္စည်းဆရာကြီးရဲ့ နည်းနာနိဿျတွေကို လိုက်နာ ကျင့်ကြံတယ်။

အဲဒီ ဥပတိဿဟာ အရှင်အဿဇိကို မြင်တဲ့အခါကျတော့ မြင်ရင်မြင်ချင်း သူ့စိတ်ထဲမှာ ငြိမ်းအေးခြင်းအရှိန်ဓာတ် ဟပ်သွားတယ်။ ဒီတော့ ဥပတိဿရဲ့ စိတ်ထဲမှာ "ဧကန္တ ဒီပုဂ္ဂိုလ်မှာတော့ တရားထူးရှိပြီမုချပဲ။ သူ့လက် သူ့ခြေ သူ့မျက်နှာ ဣန္ဒြေဟာ အင်မတန် တည်ကြည်ငြိမ်သက်တယ်။ ကြည်လင် ငြိမ်းအေးတဲ့အသွင် ချမ်းမြေ့တဲ့အသွင်ဟာ သူ့မျက်နှာမှာ အထင်းသား ပေါ်နေတယ်။ ဒီ ပုဂ္ဂိုလ်ဟာ မုချ တရားထူးရှိတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်"လို့ စဉ်းစား ဆင်ခြင်မိတယ်။

အဲဒီလို စဉ်းစားဆင်ခြင်မိတာနဲ့ ဆွမ်းခံနေတုန်းတော့ သွားပြီး မေးဖို့မြန်းဖို့ မတော်လို့ မမေးမြန်းသေးဘဲ အလိုက်သိစွာနဲ့ အရှင်အဿဇိရဲ့ နောက်က အသာ နောက်ယောင်ခံ လိုက်သွားတယ်။

အရှင်အဿဇိလဲ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံလို့ ဆွမ်းတပါးစာရတော့ သင့်လျော်ရာနေရာ တနေရာမှာ ဆွမ်းဘုဉ်းပေးတယ်။ ဥပတိဿက နောက်က လိုက်ပြီးတော့ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးတဲ့နေရာမှာ လှဲကျင်းပြီး နေရာခင်းပေးတယ်။ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါမှာ ဥပတိဿက သူ့မှာ အသင့်ပါလာတဲ့ ရေဗူးထဲက ရေကို ကပ်လှူတယ်။ ပြီးတဲ့အခါကျတော့

ဆွမ်းကြွင်းဆွမ်းကျန် သွန်လို့ သပိတ်ဆေးလို့ အစရှိသည်ဖြင့် ဆရာ့ အပေါ်မှာ တပည့်တို့ ပြုရမည့် ဝတ္တရားကို သူကပြုတယ်။ ဝတ္တရား အလွန်ကျေပွန်တဲ့ တပည့်လောင်းပဲ။ ကြီးပွား ချမ်းသာဦးမယ့် တပည့် ဖြစ်မှာပါပဲ။

**ဂေါတမ ရှင်တော်မြတ်၏ ဝါဒ**

ပြီးတော့မှ အရှင်အဿဇိနားမှာ ကျကျနနထိုင် လက်အုပ်ချီပြီးတော့ လေးလေးစားစား ရိုရို သေသေနဲ့ "အရှင်ဘုရား မေးခွင့်ပြုပါ၊ အရှင်ဘုရားရဲ့ ဣန္ဒြေတွေဟာ အလွန် ကြည်လင်ပါတယ်၊ အသားအရေကလဲ သန့်စင် ကြည်လင်နေပါတယ်။ အရှင်ဘုရား ကြည့်ရတာ ဧကန္တ တရားထူး ရထားတဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်။ ဒါကြောင့် တပည့်တော် လိုက်လာခဲ့တာပါ။ အရှင်ဘုရားရဲ့ ဆရာက ဘယ်သူပါလဲ၊ အရှင်ဘုရားက ဘယ်ဆရာရဲ့ တရားကို နှစ်သက်ပါသလဲ၊ သိပါရစေဘုရား"လို့ လျှောက်တယ်။

ဒီတော့ အရှင်အဿဇိက "ငါ့ရှင်ပရိဗိုဇ်၊ သာကီမင်းမျိုးထဲက ရဟန်းပြုလာတဲ့ တရားထူးရရှိတဲ့ ဂေါတမ မြတ်စွာဘုရားဆိုတာ ရှိတယ်၊ ငါဟာ အဲဒီ ဂေါတမ မြတ်စွာဘုရားရဲ့ တပည့်ပဲ၊ အဲဒီ ရှင်တော်မြတ်ဘုရားရဲ့ တရားကို ငါ နှစ်သက်တယ်"လို့ ပြန်ဖြေတယ်။

"အရှင်ဘုရားရဲ့ အဲဒီ ဆရာဘုရားဟာ ဘာဝါဒ ရှိပါသလဲဘုရား။"

"မြတ်စွာဘုရားထံမှာ ငါ ရဟန်းပြုတာ မကြာသေးပါဘူး ငါ့ရှင်။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်တော့ ရှင်းမပြတတ်ဘူး၊ အကျဉ်းပဲ ပြောပြမယ်"

"တပည့်တော်က သဒ္ဒါနည်းတွေ ဘာတွေနဲ့ အကျယ်တဝင့် မလိုပါဘူး၊ လိုရင်း အဓိပ္ပာယ် သဘောလောက်ပဲ သိလိုပါတယ်။"

ဒါနဲ့ အရှင်အဿဇိက အတိုချုံ့ပြီး ဒီလို ရှင်းပြတယ်။

**ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊**
**တေသံ ဟေတုံ တထာဂတော အာဟ၊**
**တေသဉ္စ ယော နိရောဓော၊**
**ဧဝံဝါဒီ မဟာသမဏော။**

**ပါဠိကို ရွတ်တဲ့အခါ** ဘုန်းကြီးတို့ ပရိသတ်၊ ဘုန်းကြီးက တခါတရံ ပါဠိလေး ကြားစေချင်လို့ ရွတ်ရင် အဲဒီပါဠိ မရွတ်မီက ဒီပါဠိရဲ့ အဓိပ္ပာယ် ပြောပြီးသားရင်လဲဖြစ်လို့ ဘုန်းကြီးက ရွတ်တာ၊ ဒါမှမဟုတ် ဒီ ပါဠိရဲ့ အဓိပ္ပာယ်ကို ပြောမယ်လို့ရင်လဲ ဘုန်းကြီး ရွတ်တယ်။ အဲဒီတော့ ရွတ်လိုက်တဲ့ ပါဠိရဲ့ အဓိပ္ပာယ်ကို ဒို့ မသိလိုက်ရပါလားလို့ ဒီလို မမှတ်ပါနဲ့၊ အဲဒီ အဓိပ္ပာယ်ဟာ ရှင်းပြပြီးသားရင်လဲ ဖြစ်တယ်၊ ရှင်းပြမှာရင်လဲ ဖြစ်တယ်။ ဒါကြောင့် အဲဒီ ပါဠိရဲ့ အဓိပ္ပာယ်ဟာ သိရပြီးသား၊ ဒါမှမဟုတ် သိရမှာပဲလို့ အောက်မေ့ပါ။

**ကြောင်းကျိုးသဘာဝဝါဒ** အခု ရွတ်ခဲ့တဲ့ ပါဠိရဲ့ ဆိုလိုရင်း အဓိပ္ပာယ်က "ငါ့ရှင် ငါ့ဆရာရဲ့ ဝါဒက လောကကြီးဟာ အကြောင်းနှင့်အကျိုး ဆက်စပ် ဖြစ်ပျက်နေတဲ့ သဘာဝကြီးမျှပဲ ဆိုတဲ့ ကြောင်းကျိုး သဘာဝ ဝါဒပဲ"လို့ ဆိုလိုပါတယ်။ ဘာ ဝါဒတဲ့တုန်း။ (ကြောင်းကျိုး သဘာဝ ဝါဒပါ ဘုရား။) ကြောင်းကျိုးသဘာဝ ဝါဒပဲတဲ့၊ ဒီလိုဖြေတယ်။ အဲဒီ အခုပြောတဲ့ အဖြေဟာ ခုနရွတ်တဲ့ ပါဠိရဲ့ လိုရင်းအဓိပ္ပာယ်ပါပဲ။ အကြောင်းရှိရင် အကျိုး ဖြစ်ပေါ်တယ်၊ အကြောင်းမရှိရင် အကျိုး မဖြစ်ပေါ်ဘူး။ အကြောင်းအကျိုး နှစ်ခုလုံး မဖြစ်ပေါ်တော့ ဆင်းရဲခပ်သိမ်း ငြိမ်းတယ်ဆိုတဲ့ သဘောပေါ့။

ဥပတိဿဟာ တရားထူးသိဖို့ ပါရမီဉာဏ် ရင့်သန်ပြီးသား ပုဂ္ဂိုလ် ဖြစ်လေတော့ သဘာဝတရားကို ထိုးထွင်း သိမြင်သွားတယ်။ နောက် မြတ်စွာဘုရားနဲ့ တွေ့ပြီးတဲ့အခါကျတော့ တိုးတက်ပြီး သိစရာရှိတာတွေ

ထိုးထွင်းသိမြင်ပြီး ကိလေသာငြိမ်းလို့မို့ ရဟန္တာ ဖြစ်သွားတယ်။ ရှင်သာရိပုတ္တရာ ဆိုတဲ့ ဘွဲ့မည်နဲ့ မြတ်စွာဘုရားရဲ့ လက်ယာရံ အဂ္ဂသာဝကအဖြစ် သာသနာတော်မှာ ထင်ရှားလာတယ်။

ဒီတော့ ဘုန်းကြီးတို့ ပရိသတ်၊ ဂေါတမ ရှင်တော်မြတ်ဘုရား ဘာဝါဒ ရှိသလဲလို့ မေးရင် ဘယ်လို ဖြေမလဲ၊ (ကြောင်းကျိုး သဘာဝ ဝါဒပါဘုရား။) အဲ ကြောင်းကျိုးသဘာဝ ဝါဒ၊ လောကကြီးမှာ ကြောင်းကျိုး ဆက်စပ် ဖြစ်ပျက်နေတဲ့ သဘောပဲရှိတယ်။ အဲဒီ သဘောမှတပါး တခြား မရှိဘူး။ ဒီလို အယူဝါဒ ရှိတော်မူတယ်။ ဟုတ်ကဲ့လား၊ (မှန်ပါဘုရား။) ဒါက အဲဒီတုန်းက ဥပတိဿပရိဗိုဇ်ကို အရှင်အဿဇိ ဖြေတဲ့ အဖြေနော်။

**အနတ္တဝါဒ** အခုခေတ်ကျတော့ ဘုန်းကြီးတို့ ဘယ်လို ဖြေကြသလဲဆိုတော့ "ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒတော်က ဘာဝါဒလဲ"လို့ မေးရင် နည်းနည်း နှိက်နှိက်ချွတ်ချွတ်ကလေး လေ့လာထားတဲ့ ပုဂ္ဂိုလ်တွေက "အနတ္တဝါဒ"လို့ ဖြေကြတယ်။ ဘာ ဝါဒတဲ့တုန်း၊ (အနတ္တဝါဒပါ ဘုရား။) အနတ္တဝါဒတဲ့၊ ဒီလိုဖြေတယ်။

အနတ္တဆိုတာ ဘာလဲဆိုတော့ အတ္တမဟုတ်၊ အတ္တမရှိဆိုတဲ့ သဘော။ အတ္တမဟုတ်လို့လဲ ဆိုမှ အတ္တမရှိလို့လဲဆိုမှ ဒီ အနတ္တဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ် ပြည့်စုံတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒက "ရုပ်ခန္ဓာ နာမ်ခန္ဓာ ဆိုတဲ့ လောကကြီးဟာ အတ္တမဟုတ်၊ လောကကြီးမှာ အတ္တမရှိ"ဆိုတဲ့ ဝါဒပဲ။ ဒီလို ဖြေကြတယ်။

ကဲ ဒါဖြင့်ရင် အခုနက အရှင်အဿဇိရဲ့ အဖြေနဲ့ အခုခေတ် ဖြေကြတဲ့ အဖြေ တူသလား၊ မတူဘူးလား။ (တူပါတယ်ဘုရား။) စကားလုံးသာ ကွဲတာပဲနော်၊ အတူတူပဲ ဒီတော့ အခိုင်အမာ တည်မြဲနေတဲ့ အားကိုးစရာ အတ္တဆိုတာ မရှိဘူး၊ မဟုတ်ဘူးဆိုတော့ကာ ကြောင်းကျိုး ဆက်စပ်ပြီး

ဖြစ်ပျက်နေတဲ့ သဘာဝမျှသာ ရှိတယ်ဆိုတဲ့ အဓိပ္ပာယ် မသက်ရောက်ဘူးလား။ (သက်ရောက်ပါတယ်ဘုရား။) အဲဒီတော့ တူသလား၊ ထူးသလား။ (တူပါတယ်ဘုရား။) အတူတူပဲ၊ ဟုတ်ကဲ့လား။

**မပြည့်စုံတဲ့အဖြေ** သို့သော်လဲ တချို့က ဒီလို ဖြေကြသေးတယ်။ "ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒဟာ ဘာဝါဒလဲ" လို့ မေးရင် တချို့ဖြေတာကို အနောက်တိုင်းမှာလဲ ဘုန်းကြီးတို့ ကြားခဲ့ တွေ့ခဲ့ဖူးတယ်။ ဗမာပြည်မှာလဲ တချို့ပုဂ္ဂိုလ်များ ဖြေလေ့ရှိတယ်။ ဘယ်လိုလဲ ဆိုတော့ "ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒဟာ ကမ္မဝါဒပါ"တဲ့။ ဟောဒီလိုဖြေတယ်။ ဘာဝါဒတဲ့တုန်း၊ (ကမ္မဝါဒပါ ဘုရား။) ကမ္မဝါဒပါတဲ့၊ ဒီလိုဖြေတယ်။ ကမ္မဝါဒဆိုတာ အလုပ်တည်းဟူသော အကြောင်းကြောင့် အကျိုးခံစားရတယ်ဆိုတဲ့ ဝါဒပဲ။ အလုပ်လုပ်ရင် အဲဒီအလုပ်ကြောင့် ရသင့်တဲ့အကျိုး ရတယ်ဆိုတာဟာ ကမ္မဝါဒပေါ့။

ကောင်းတဲ့အလုပ်လုပ်ရင် ကောင်းကျိုးကိုရတယ်။ မကောင်းတဲ့ အလုပ်ကိုလုပ်ရင် မကောင်းကျိုးရတယ်။ ဒီဝါဒကို ကမ္မဝါဒခေါ်တယ်။ ဒါလဲပဲ အခုနကပြောတဲ့ အကြောင်းအကျိုး ဆက်စပ်မှု သဘာဝမျှသာဆိုတဲ့ အယူအဆနဲ့ ဘာထူးမလဲ၊ မထူးဘူး။ အတူတူပဲ၊ ဟုတ်ကဲ့လား။ အလုပ်က ကံ=အကြောင်း၊ အလုပ်ကြောင့်ရတာက ကံရဲ့အကျိုး ဒီလိုမဟုတ်လား။ (မှန်ပါဘုရား။)

ကိုင်း... ဘုန်းကြီးတို့ တရားနာပရိသတ်၊ အခု ဘယ်ရောက်လာတုန်း။ (တရားနာပရိသတ် မဖြေနိုင်ဘဲ ငြိမ်နေကြသည်။) မသိကြဘူးလား၊ ဒုက္ခပါလား။ ကိုယ်ရောက်နေတဲ့နေရာတောင် ကိုယ်ချက်ချင်း မပြောနိုင်ကြဘူးနော်၊ အခု ဘယ်ရောက်လာတုန်း။ (ဓမ္မာရုံထဲ ရောက်လာပါတယ်ဘုရား။) အဲ ဓမ္မာရုံကြီးထဲ ရောက်လာတယ်။ မဟုတ်ဘူးလား။ ကိုင်း ဓမ္မာရုံကြီးထဲကို အိမ်မှာ ထိုင်နေရင်းက ရောက်လာတာလား။ (လာလို့ ရောက်လာတာပါ ဘုရား။) လာလို့ ရောက်လာ တာပေါ့။ မဟုတ်ဘူးလား။ မလာဘဲနဲ့ ရောက်မလား။ (မရောက်ပါ ဘုရား။)

အဲ လာတဲ့အခါကျတော့ အမျိုးမျိုး လာရတယ်။ စက်ဘီးနဲ့လဲ လာရတယ်၊ မြင်းရထားနဲ့လဲ လာရတယ်၊ မော်တော်ကားနဲ့လဲ လာရတယ်၊ ခြေကျင်လဲလာရတယ်၊ ဟုတ်လား။ ဘယ်လိုပဲလာလာ လာမှပဲ ဓမ္မာရုံထဲ ရောက်တာ။ ဒီတော့ စက်ဘီးနဲ့ လာခြင်းအလုပ်ကို လုပ်တယ်၊ မြင်းလှည်းနဲ့ လာခြင်းအလုပ်ကို လုပ်တယ်၊ မော်တော်ကားနဲ့ လာခြင်းအလုပ်ကို လုပ်တယ်၊ ခြေကျင်လာခြင်းအလုပ်ကို လုပ်တယ်။ ဒါကြောင့် ဟောဒီမှာ ရောက်ခြင်းဆိုတဲ့ အကျိုး မရဘူးလား။ (ရပါတယ်ဘုရား။) အဲ ကမ္မဝါဒဆိုတာ အဲဒီ သဘောမျိုးပဲ။ မဟုတ်ဘူးလား။ (မှန်ပါ့ဘုရား။) အကြောင်းကြောင့် အကျိုးဖြစ်ပေါ်တယ်ဆိုတဲ့ ဝါဒပဲ၊ အဲဒါလဲပဲ အခုန ဥပတိဿကို အရှင်အဿဇိ ဖြေတဲ့ အဖြေထဲ ဝင်မသွားဘူးလား။ (ဝင်ပါတယ်ဘုရား။)

သို့သော် ကမ္မဝါဒလို့ဆိုရင် ပြည့်စုံပြီလားလို့ဆိုတော့ မပြည့်စုံသေးဘူး။ ဘာကြောင့် မပြည့်စုံသေးသလဲဆိုတာကို နည်းနည်း ရှင်းရလိမ့်မယ်။

**မပြောမဖြစ်လို့** ဘုန်းကြီးတို့ ဒီတရားအစက တရားပွဲ ပထမဆုံးစတဲ့နေ့က ဘုန်းကြီးက ပြောခဲ့တယ်။ ဘုန်းကြီးဟာ ဗုဒ္ဓရဲ့တရားတော်သက်သက်ကိုသာ ဟောပါမယ်။ တခြားဘာသာ အယူဝါဒတွေနဲ့ မနှိုင်းယှဉ်ပါဘူး၊ အဲဒီလို ဟောခဲ့တယ်။ သို့သော် ဒီနေရာမှာတော့ တခြားဘာသာ အယူဝါဒအကြောင်းကို မပြောလို့မဖြစ်တဲ့ အခြေအနေ ရှိနေပါတယ်။ ဒါကို မပြောဘူးဆိုလို့ရှိရင် ဒီနေရာမှာ အသိဉာဏ်ရှုပ်ထွေးပြီး အယူအဆ မှားသွားစရာ ရှိပါတယ်။ ဒါကြောင့် မပြောမဖြစ်လို့ ပြောရပါမယ်။ အခုလို မပြောမဖြစ်လို့ ပြောရသော်လဲပဲ ဘုန်းကြီးက အရှိကို အရှိအတိုင်း ပြောမှာပါ။ ဒီနေရာဖြင့် ဒီလို မတူဘူးလို့ မတူတာလေးတွေ သိစေချင်လို့ ဒါကို ပြောမှာပါ။ ဘယ်ဘာသာ အယူဝါဒက ကောင်းတယ်၊ ဘယ်ဘာသာအယူဝါဒက မကောင်းဘူးလို့ မနှိုင်းယှဉ်ပါဘူး။

ဒီတော့ ဘာပြောရမလဲဆိုရင် ဒီ ကမ္မဝါဒဟာ ဗုဒ္ဓဝါဒမှာတင် မဟုတ်ပါဘူး။ ဟိန္ဒူရဲ့ ဗြာဟ္မဏဝါဒမှာလဲပဲ ဒီ ကမ္မဝါဒ ရှိပါတယ်ဆိုတဲ့

အချက်ပါပဲ။ ဒီ ကမ္မဝါဒကို ဟိန္ဒူဗြာဟ္မဏတို့ဟာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကတည်းက လက်ခံ ယုံကြည်လာခဲ့ကြပါတယ်။

ဒါကြောင့် ကမ္မဝါဒအနေနဲ့ဆိုရင် ဟိန္ဒူဗြာဟ္မဏဝါဒနဲ့ ဘုန်းကြီးတို့ဝါဒဟာ အလုပ်ကြောင့် အကျိုးရတယ်ဆိုတဲ့ သဘောမှာ အတူတူပါပဲ။

**မဟာအတ္တ ပရမအတ္တ** သို့သော် ဘာမတူသလဲဆိုတော့ ဟိန္ဒူဗြာဟ္မဏဝါဒက အတ္တကို လက်ခံပါတယ်။ ပြီးတော့ ဗြာဟ္မဏတို့ရဲ့ နောက်အယူအဆ တခုက မဟာဗြဟ္မာလို့ခေါ်တဲ့၊ ပဇာပတိလို့ခေါ်တဲ့၊ ဣဿရလို့လဲခေါ်တဲ့၊ ပရမအတ္တလို့လဲခေါ်တဲ့၊ မဟာတ္မ=မဟာအတ္တလို့လဲခေါ်တဲ့ ဟိန္ဒူတို့ရဲ့ ဖန်ဆင်းရှင် မဟာဗြဟ္မာကြီးက သတ္တဝါတွေကို ဖန်ဆင်းပေးလိုက်ပါတယ်။

**ဇီဝအတ္တ** အဲဒီလို ဖန်ဆင်းပြီးတော့ သတ္တဝါအသီးသီးရဲ့ သန္တာန်မှာ အတ္တကလေး အသီးသီး ထည့်ပေးလိုက်ပါတယ်။ အဲဒီ အတ္တကလေး အသီးသီး ထည့်ပေးလိုက်မှ ဒီသတ္တဝါဟာ အသက်ရှင်ပြီးတော့ သွားလာ လှုပ်ရှားလာပါတယ်။ ဒါကြောင့် ဒီအတ္တကြောင့် အသက်ရှင်ပြီး သွားလာလှုပ်ရှားနေတာ ဖြစ်တဲ့အတွက် သတ္တဝါအသီးသီးရဲ့ သန္တာန်မှာ မဟာဗြဟ္မာကြီး ထည့်ပေးလိုက်တဲ့ အဲဒီအတ္တကို "ဇီဝအတ္တ"လို့ ခေါ်ပါတယ်။

**အတ္တကမြဲတယ်** ဒီအတ္တကလေး ဒီသတ္တဝါရဲ့ သန္တာန်မှာ ရောက်သွားမှ ဒီသတ္တဝါဟာ အသက်ရှင်ပြီး လှုပ်ရှားသွားလာနေနိုင်တယ်လို့ ယူဆကြပါတယ်။ ဒီဝိညာဉ်ကလေး၊ ဒီ အတ္တကလေး ရုပ်ခန္ဓာကိုယ်ကြီးကို စွန့်ပြီး ထွက်ခွါသွားတာနဲ့ တပြိုင်နက်တည်း အဲဒီ ရုပ်ခန္ဓာကိုယ်ကြီး ပုံကျသွားပြီးတော့ အတ္တ(အသက်၊ ဝိညာဉ်)က အဲဒီခန္ဓာကိုယ်ထဲက ထွက်သွားပြီးတော့ နောက်ဘဝတခုမှာ နောက်ရုပ်ခန္ဓာတခုထဲ သွားဝင်ပြီး တဘဝ

စခန်းသွားပြန်ပါတယ်။ သူဟာ ဘယ်တော့မှ မသေကြေ မပျက်စီးပါဘူး။ အမြဲထာဝရ တည်မြဲနေသတဲ့။

**အတ္တကခံစားတယ်** ဒီတော့ ဒီဘဝမှာ အဲဒီပုဂ္ဂိုလ် လုပ်သမျှ အလုပ်ဟာ ဟို... နောက်ဘဝ တခုမှာ အကျိုးရတယ်။ အဲဒီအကျိုးကို ဘယ်သူ ခံစားသလဲဆိုတော့ အခုန ဒီဘက်ဘဝက ဟိုဘက်ဘဝကို မပျက်စီးဘဲ ကူးသွားတဲ့ အဲဒီ အတ္တကပဲ ခံစားတယ်။ ဒါဟာ ဗြဟ္မဏဝါဒရဲ့ အယူအဆပါပဲ။

**ဝါဒနှစ်ခု မတူပုံ** ဒီတော့ အလုပ်ကြောင့် အကျိုးရတယ်ဆိုတဲ့ ဒီ ကမ္မဝါဒကို ဗြာဟ္မဏဝါဒကလဲ လက်ခံတယ်၊ ဗုဒ္ဓဝါဒကလဲ လက်ခံတယ်။ ဘာထူးခြားသလဲ။

ဗုဒ္ဓဝါဒက မပျက်စီးပဲ အမြဲတစေ တည်မြဲနေတဲ့ (Everlasting Entity) ခေါ်တဲ့ "အသက်" "ဝိညာဉ်" "အတ္တ"ကို လက်မခံပါဘူး။ မပျက်မစီးဘဲ အမြဲတည်နေတဲ့ အရာဆိုလို့ လောကမှာ ဘာမျှ မရှိဘူး။ ရုပ်ခန္ဓာကိုယ်လဲ အမြဲတည်မနေဘူး။ ဖြစ်ပြီး ပျက်သွားတာပဲ။ ဒါကြောင့် အသက် ဝိညာဉ် အတ္တ မဟုတ်ဘူး။ နာမ်လို့ခေါ်တဲ့စိတ်လဲ အမြဲတည်မနေဘူး။ ဖြစ်ပြီး ပျက်သွားတာပဲ။ ဒါကြောင့် အသက် ဝိညာဉ် အတ္တ မဟုတ်ဘူး။ ရုပ်လဲမဟုတ် နာမ်လဲမဟုတ်တဲ့ တခြား တည်မြဲနေတဲ့အရာလဲ ဘာမှ မရှိဘူး။ အမြဲတစေ ဖြစ်ပျက်ပြောင်းလဲနေတဲ့ ရုပ်နာမ် အစဉ်အဆက် သက်သက်မျှပဲ ရှိတယ်လို့ ဗုဒ္ဓဝါဒက လက်ခံယုံကြည် ယူဆပါတယ်။

ဟိန္ဒူဗြာဟ္မဏဝါဒက ကမ္မဝါဒကိုလဲ လက်ခံတယ်။ စောစောက ပြောခဲ့တဲ့အတိုင်း အမြဲတည်တဲ့ အတ္တဝါဒကိုလဲ လက်ခံတယ်။ ဒီလို ထူးပါတယ်။

တိုတိုပြောရရင် ဟိန္ဒူဝါဒက ကမ္မဝါဒကိုရော၊ အတ္တဝါဒကိုပါ လက်ခံတယ်။ ဗုဒ္ဓဝါဒက ကမ္မဝါဒကိုသာ လက်ခံတယ်။ အတ္တဝါဒကို လက်မခံဘူး။ အနတ္တဝါဒကိုသာ လက်ခံတယ်။ ဒါပါပဲ။

ဒီတော့ အဲဒါကို ရှင်းအောင် ထပ်ပြောရရင် ဗြာဟ္မဏဝါဒနဲ့ ဗုဒ္ဓဝါဒဟာ ကမ္မဝါဒကို လက်ခံတာချင်း တူပါတယ်။ သို့သော် ကွာခြားချက်က ဗြာဟ္မဏဝါဒက အတ္တဝါဒကို လက်ခံတယ်။ ဗုဒ္ဓဝါဒက အတ္တဝါဒကို လက်မခံဘူး၊ "အနတ္တဝါဒ"ကိုပဲ လက်ခံတယ်။ ဒါ ကွာခြားချက်ပဲ။

**အရှင်အဿဇိ အဖြေ** ဒီတော့ ဘုန်းကြီးတို့ အရှင်အဿဇိက ဥပတိဿ ပရိဗိုဇ်ကို ဖြေတဲ့ အဖြေမျိုးလို "ကြောင်းကျိုးဆက်စပ်မှု သဘောမျှပဲဆိုတဲ့ ဝါဒရှိတယ်"လို့ ဖြေရင် တခွန်းတည်းနဲ့ ပြီးရော၊ နောက်ထပ် ဘာမျှ ထပ်ပြီး ဖြေစရာ မလိုတော့ဘူး။ ဒီလို မဟုတ်ပါဘဲနဲ့ ဗုဒ္ဓဝါဒဟာ ကမ္မဝါဒပါလို့သာ ဖြေရင် မပြည့်စုံဘူး။ ဒီတော့ ပြည့်စုံအောင် ထည့်ပြောရလိမ့်မယ်။

"ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဝါဒဟာ ကမ္မဝါဒနဲ့ အနတ္တဝါဒပါ"လို့၊ အဲဒီလိုပြောမှပဲ ပြည့်စုံတယ်။

**ကံဆိုတာ အလုပ်** ဒီတော့ ကမ္မဝါဒကို ဘုန်းကြီးတို့ နည်းနည်း ပြောရမယ်။ ဆင်းရဲငြိမ်းသွားတဲ့ သဘောကို သိချင်ရင် ဒီကမ္မဝါဒကို နားလည်မှ သိမယ်၊ ကမ္မဝါဒကို နားမလည်ရင် မသိဘူး။ "ကမ္မ"ဆိုတာ ပါဠိစကား၊ မြန်မာက "ကံ"လို့ ပါဠိပျက်သံနဲ့ ခေါ်တယ်။ ကမ္မ=ကံ ဆိုတာ "အလုပ်"ပဲ။ အင်္ဂလိပ်ဘာသာကတော့ (Deed)လို့ ဘာသာပြန်တယ်။ (Action)လို့ ပြန်တဲ့အခါလဲ ပြန်တယ်။

**ကံသုံးပါး** အဲဒီအလုပ်ဟာ ကိုယ်နဲ့လုပ်တဲ့ အလုပ်လဲ ကမ္မ=ကံ ပဲ။ နှုတ်နဲ့ပြောတဲ့ အလုပ်လဲ ကမ္မ=ကံ ပဲ။ စိတ်နဲ့ ကြံစည်တဲ့အလုပ်လဲ ကမ္မ=ကံ ပဲ။ အဲ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်။ အဲဒီ အလုပ်သုံးမျိုးဟာ ကံသုံးပါးပဲ။

အဲဒါကိုပဲ ပါဠိစကားလုံးကလေးမှ ပါးစပ်ထဲ မသွင်းလိုက်ရရင် ဘဝင်မကျတဲ့ မြန်မာ့ပါးစပ်က "ကိုယ်အလုပ်ကို ကာယကံ"လို့ ခေါ်လိုက်တယ်။ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) "နှုတ်အလုပ်ကို ဝစီကံ။" "စိတ်အလုပ်ကို မနောကံ"လို့ ခေါ်ကြတယ်။ အဲဒါ ကံသုံးပါးပဲ။ ဒါကြောင့် "ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသည်ရှိသော်..."လို့ ကန်တော့တဲ့အခါမှာ ဆိုကြတယ်။ ဆိုလိုတာကတော့ ကိုယ်နဲ့ ပြစ်မှားမိရင် ဖြစ်စေ၊ နှုတ်နဲ့ ပြစ်မှားမိရင်ဖြစ်စေ၊ စိတ်အကြံနဲ့ ပြစ်မှားမိရင်ဖြစ်စေ ပြစ်မှားမိတဲ့ အပြစ်တွေကို ခွင့်လွှတ်ဖို့ရာ ကန်တော့ တောင်းပန်ပါတယ်။ ဒီလို မဟုတ်လား။ (မှန်ပါဘုရား။)

ဒီတော့ အဲဒီမှာ ကံဆိုတာ အလုပ်ပဲ။ အဲဒီအလုပ်ကြောင့် ဖြစ်ပေါ်တဲ့ အကျိုးက ကံရဲ့အကျိုးပဲ။ ဒီအလုပ်ကြောင့် ဖြစ်ပေါ်တဲ့အကျိုးကို ဘာလို့ ခေါ်သလဲ။ (ကံရဲ့အကျိုးလို့ ခေါ်ပါတယ်ဘုရား။)

ဒီတော့ ဆိုကြပါစို့။ လူတယောက်က ကလေးမြို့ထဲကို သွားတယ်၊ သူလိုရာကိုမေးတယ်။ ဘယ်သူ့အိမ် သွားချင်လို့ပါလို့ ပြောတော့ လမ်းပေါ်က တွေ့တဲ့လူက "အဲ သူ့အိမ် သွားချင်လို့ရှိရင်တော့ ဒီလမ်းကသွားပါ၊ ဒီနေရာကနေပြီးတော့ ရှေ့ကို နှစ်အိမ်လောက် သွားလိုက်ပါ၊ အဲ ဟိုကျတော့ လမ်းချိုး တွေ့ပါလိမ့်မယ်။ အဲဒီလမ်းချိုးကျတော့ ဘယ်ဘက်ကို ချိုးပြီးဝင်သွားရင် သုံးအိမ်လောက်အကျော်မှာ တိုက်အိမ်တလုံး တွေ့ပါလိမ့်မယ်။ အဲဒီတိုက်အိမ်ဟာ သူ့အိမ်ပါပဲ"လို့ လမ်းညွှန်လိုက်တယ်။ အဲဒီဧည့်သည်က သူညွှန်တဲ့အတိုင်း သွားတော့ မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား။)

ဒီတော့ အဲဒီလူ လမ်းညွှန်လိုက်တာ နှုတ်အလုပ် မဟုတ်ဘူးလား။ (မှန်ပါဘုရား။) အလုပ်ပဲနော်။ ကံကော မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒီ နှုတ်အလုပ် ဝစီကံဟာ အကြောင်းတရားပဲ။ အကြောင်းတရားရှိရင် လောကမှာ အကျိုးတရားဟာ ဖြစ်ပေါ်ရတာချည်းပဲ။

**တခါတရံတော့** ဒါပေတဲ့ အကြောင်းရှိသော်လဲပဲ အကျိုးမဖြစ်ပေါ်တဲ့ အခြေအနေ တခါတရံတော့ ရှိတတ်တယ်။ ဘယ်လိုလဲ ဆိုတော့ အဲဒီ ဖြစ်ပေါ်နေတဲ့ အကြောင်းနဲ့ တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်တဲ့ အားကြီးတဲ့ တခြားအကြောင်းတခုက ဒီအကြောင်းကို လွှမ်းမိုးလိုက်ပြီဆိုရင် ဒီအကြောင်းရဲ့ အကျိုးဟာ အားနည်းရင်လဲ သွားတတ်တယ်။ မဖြစ်ပေါ်ဘဲ နေရင်လဲ နေတတ်တယ်။ ဒါ ဘုန်းကြီးတို့ ပရိသတ် လက်ခံသလား။ (လက်ခံပါတယ် ဘုရား။)

များသောအားဖြင့် အကြောင်းရှိရင် အကျိုးဖြစ်ပေါ်တယ်။ တခါတရံ မှာတော့ အကြောင်းရှိသော်လဲပဲ အကြောင်းကြောင့် အကျိုး မဖြစ်ပေါ်ဘဲ ဒီအကြောင်းဟာ အားနည်းသွားရတာ၊ ငြိမ်းသွားရတာ ရှိတတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့ထက် ပိုအင်အားကောင်းတဲ့ ဆန့်ကျင်ဘက် အကြောင်းက လွှမ်းမိုးပစ်လိုက်လို့။

**ကံနယ် မကျဉ်းစေနဲ့** ဘုန်းကြီးတို့ ပရိသတ် မျက်ခြည် မပြတ်ပါစေနဲ့။ အခု ပြောနေတာက ကံ ကံရဲ့အကျိုးကို ပြောနေ တာပါ။ ဘုန်းကြီးတို့ တချို့ ဗုဒ္ဓဘာသာတွေကိုယ်တိုင် ကံလို့ပြောလိုက်ရင် စိတ်က ဘယ်ရောက်သွားသလဲဆိုတော့ အဲ... ဟို အတိတ်ဘဝတွေဆီကိုသာ ရောက်သွားတယ်။ ဟို... ရှေးရှေးဘဝတွေက ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှု တွေကိုသာ ကံလို့ယူဆကြတယ်။ အဲဒီ ကောင်းမှု မကောင်းမှုတွေကြောင့်ပဲ ဒီဘဝမှာ ကောင်းကျိုး မကောင်းကျိုးတွေ ရတယ်။ ဒီလောက်ပဲ နယ်ကျဉ်းကျဉ်း ကလေးပဲ သိကြ မြင်ကြတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ကံနဲ့ ကံရဲ့အကျိုး သဘာဝကို ရှင်းရှင်းလင်းလင်း သဘောမပေါက်ကြလို့ ပါပဲ။ အခု ဘုန်းကြီး ပြောနေတာ အဲဒါကို ပြောနေတာပါ။

ဒီတော့ ခုနက ဘုန်းကြီး ဥပမာ ပြောခဲ့တယ်နော်။ လမ်းညွှန်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တယောက်။ သူ ပြောလိုက်တာက နှုတ်အပြော နှုတ်အလုပ်ပဲ၊ ဝစီကံပဲ။

ဒါဖြစ်ရင် အဲသည်လို ပြောလိုက်ခြင်းဆိုတဲ့ အလုပ်ကြောင့် ဘာအကျိုးများ သူ့မှာ ဖြစ်ပေါ်သလဲ၊ ဒါ စဉ်းစားရမယ်။

အဲဒါ မစဉ်းစားသေးခင် ဘုန်းကြီးက ထပ်ပြီး ပြောလိုက်ရဦးမယ်။ အကြောင်းရှိရင် အကျိုးဖြစ်ရတယ်၊ အကျိုးပေါ်ရတယ်။ ဒါ လောကရဲ့ သဘာဝပဲ၊ ဒါ (Law of cause and effect) လောကရဲ့ အကြောင်းအကျိုး သဘာဝဟာ ဒီအတိုင်းပဲ။

**ရေနှင့်မီး** အကြောင်းရှိရင် အကျိုးဖြစ်ရမယ်။ သို့သော် ရံဖန်ရံခါမှာ အကြောင်းရှိသော်လဲ အကျိုးမဖြစ်ပေါ်တဲ့ အခြေအနေ တွေ့ရတတ်တယ်။ ဘယ်လိုအခါမှာလဲဆိုတော့ "ဖြစ်ပေါ်နေတဲ့ အကြောင်းနဲ့ တိုက်ရိုက်ဆန့်ကျင်ဘက် အင်အားကြီးမားတဲ့ အခြား အကြောင်းတခုက ဖိစီးလိုက်တဲ့ အခါမှာတော့ ဒီအကြောင်းဟာ အကျိုး မဖြစ်ပေါ်စေနိုင်တော့ဘူး။"

ကိုင်း... ဥပမာ ကြည့်ကြစို့။ ဟိုမှာ တောမီးလောင်နေတယ်။ တောမီးလောင်နေတာ ဟိုမှာ တဲနား နီးလာပြီ။ တောမီးလောင်ရင် မီးလောင်ခံရတဲ့ သစ်ပင်တွေ မြက်ပင်တွေ သေမကုန်ပေဘူးလား။ (သေကုန်ပါတယ်ဘုရား။) သေကုန်တယ်နော်။ ဒီတော့ အဲဒီလို မီးလောင်မှန်း သိတဲ့အခါကျတော့ တဲရှင်က တဲနား မီးလောင်သဟဲ့ ဆိုပြီးတော့ တဲနားမှာရှိတဲ့ ရေတွင်းကရေကို မြန်မြန်ခပ်ပြီးတော့ မီးတွေကို လောင်းပစ်လိုက်တယ်။ မီးငြိမ်းသွားတယ်။ ဒီတော့ နောက်သစ်ပင် မြက်ပင်ကို မီးလောင်သေးသလား။ (မလောင်ပါဘုရား။) သစ်ပင် မြက်ပင်တွေ သေသေးသလား။ (မသေပါဘုရား။) ကျွမ်းသေးသလား။ (မကျွမ်းပါဘုရား။)

အဲဒီမှာ ဘုန်းကြီးတို့ ဘာတွေ့ရသလဲဆိုတော့ မီးလောင်ခြင်းက အကြောင်း၊ သစ်ပင်မြက်ပင်တွေ သေရခြင်းက အကျိုး မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒီ မီးလောင်ခြင်းဟာ ဆက်လက်ပြီး ဖြစ်ပွားနေမယ်ဆိုရင် သစ်ပင် မြက်ပင်တွေကို လောင်ကျွမ်းခြင်းအကျိုး ဆက်လက် မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

သို့သော် အဲဒီ မီးလောင်ခြင်း တည်းဟူသောအကြောင်း ဆက်လက် မဖြစ်ပေါ်ရအောင် သူနဲ့ ဆန့်ကျင်ဘက် အကြောင်းတခုကတော့ အင်အား ကောင်းကောင်းနဲ့ သူ့ကို မဖိလိုက်နိုင်ဘူးလား။ (ဖိပါတယ်ဘုရား။) ဘာအကြောင်းလဲ။ (ရေလောင်းမှုပါဘုရား။) ဩော် ရေလောင်းမှု၊ ဒီအကြောင်းတရား ဖြစ်ပေါ်လာတော့ နောက်ထပ် မီးလောင်သေးသလား။ (မလောင်တော့ပါဘုရား၊ မီးငြိမ်းသွားပါတယ်ဘုရား။) ဒီတော့ နောက်ထပ် သစ်ပင်မြက်ပင် ကျွမ်းခြင်း သေခြင်းဆိုတဲ့အကျိုး ဖြစ်ပေါ်သေးသလား။ (မဖြစ်ပေါ်ပါဘုရား။) ဘာကြောင့်လဲဆိုတော့ ဆန့်ကျင်ဘက်အကြောင်းက ဖိစီးပစ်လိုက်လို့။ အဲဒီသဘောမျိုး ရုံဖန်ရံခါမှာ ရှိတတ်တယ်။

**အဇ္ဈတ္တနှင့် ဗဟိဒ္ဓ အကျိုး**

ကဲ ဥပမာ ပြန်ဆက်ကြစို့။ အခုပြောခဲ့တဲ့ ဥပမာမှာ လမ်းညွှန်သူက လမ်းညွှန်လိုက်တော့ ဧည့်သည်ဟာ လိုရာအိမ်ကို ရောက်သွားတယ်။ အဲဒီမှာ လမ်းညွှန်ခြင်း ဆိုတဲ့ နှုတ်အလုပ်ဟာ အကြောင်းတရားပဲ၊ ဒါ ကံပဲ။ ဒါဖြစ်ရင် အဲဒီအကြောင်း တရားကြောင့် ဘာအကျိုးများ ဖြစ်ပေါ်သလဲ။ အကျိုးနှစ်ခု ဖြစ်ပေါ်တယ်။ အဇ္ဈတ္တအကျိုးနဲ့ ဗဟိဒ္ဓအကျိုးပေါ့။

ဒါဖြစ်ရင် အဲဒီ ပြောသူကိုယ်တိုင်မှာက သူနဲ့ပတ်သက်လို့ ဘာအကျိုးများ ဖြစ်ပေါ်သေးသလဲ။ နည်းနည်း စဉ်းစားကြည့်ရအောင်။ “ငါ့နယ်နော် ဒီလူ့ကို ငါ လမ်းပြောမိလိုက်တာ မှားလိုက်လေခြင်း၊ မပြောလိုက်ရင် ကောင်းမှာ”လို့ စိတ် မချမ်းမသာနဲ့ စိတ်ဆင်းရဲမှုများ မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား။) ဒီလိုဆိုရင် နှုတ်ပြောဆိုတဲ့ အလုပ်၊ အပြစ်ကင်းတဲ့ အလုပ်ကြောင့် သူ့မှာ မကောင်းကျိုးရတာပေါ့။ ဒီအတိုင်းဆိုရင် သဘာဝကျပါ့မလား။ (မကျပါဘုရား။)

အဲဒီလို ပြောလိုက်တာဟာ အခက်အခဲ တွေ့နေတဲ့ ပုဂ္ဂိုလ်ကို သူ ကူညီလိုက်တာ မဟုတ်ဘူးလား။ (မှန်ပါဘုရား။) ဒီတော့ သူ ကူညီလိုက်တဲ့အပြော အလုပ်ဟာ အပြစ်ရှိသလား၊ အပြစ်ကင်းသလား။ (ကင်းပါတယ်ဘုရား။)

အပြစ်ကင်းတယ်ဆိုရင် ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့ အလုပ်လား။ (ကောင်းတဲ့အလုပ်ပါဘုရား။) ကောင်းတဲ့အလုပ်ကြောင့် ကောင်းကျိုးဖြစ်ပေါ်ရမလား၊ ဆိုးကျိုးဖြစ်ပေါ်ရမလား။ (ကောင်းကျိုး ဖြစ်ပေါ်ရပါမယ်ဘုရား။)

ဒါဖြစ်ရင် သူ အဲဒီလို ကူညီလိုက်ရတဲ့အတွက် သူ့စိတ်ထဲမှာ ဒီလို မစဉ်းစားမိဘူးလား။ "အဲ တော်လိုက်တာ၊ ငါ ဒီလူ ကူညီလိုက်ရတာ၊ ငါ ကူညီလိုက်တာနဲ့ သူရောက်ချင်တဲ့အိမ် ရောက်သွားပြီ၊ ဟန်ကျလိုက်တာ"လို့ ဒီလို မစဉ်းစားမိဘူးလား။ (စဉ်းစားမိပါတယ်ဘုရား။) အဲဒီလို စဉ်းစားမိတဲ့ အခါမှာ သူ စိတ်မဆင်းရဲဘူးလား။ (မဆင်းရဲပါဘုရား။) ဘယ်လို ဖြစ်နေသလဲ။ (ဝမ်းသာပါတယ်ဘုရား။) ဒီတော့ အဲဒီ ဝမ်းသာခြင်းဆိုတဲ့အကျိုး မရဘူးလား။ (ရပါတယ်ဘုရား။) အဲဒီ ဝမ်းသာခြင်းဆိုတဲ့အကျိုးဟာ ဘယ်ကံကြောင့် ရတာလဲ။ သူတပါးကို နှုတ်နဲ့ပြောပြီး လမ်းပြလိုက်တဲ့ ဝစီကံနှုတ်ပြောကြောင့် ရတာ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒါဟာ ကံကြောင့်ရတဲ့ အကျိုးပါပဲ။

ဒါပေတဲ့ အကျိုးက ဒါလောက်တင် မဟုတ်သေးဘူး။ စေတနာ ကံ အားကောင်းသလောက် နောက်ထပ် အကျိုးတွေ တိုးပြီး ဖြစ်ပေါ်တယ်။

**အကျိုးပေးချိန်** သို့သော်လဲ တခုသတိပြုရမှာက အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ ရံဖန်ရံခါမှာ အကြောင်းဖြစ်ပေါ်ပြီး အချိန် အများကြီးကြာမှ အကျိုးဖြစ်ပေါ်တယ်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

ဥပမာဆိုကြပါစို့။ ဒီကနေ့ နေ့လယ် ဆွမ်းစားတဲ့အခါမှာ မိမိနဲ့ မတည့်တဲ့အစာ သွားစားမိတယ်။ မိမိက သွေးတိုးရောဂါရှိတယ် ဆိုကြပါစို့။ သွေးတိုးရောဂါ ရှိပါလျက်နဲ့ ဝက်သားဟင်း နည်းနည်း သွားတို့မိလိုက်တယ်။ နည်းနည်းလား၊ များများလား။ (နည်းနည်းပါဘုရား။) နည်းနည်းနော်၊ နည်းနည်း တို့မိလိုက်တော့ အဲဒီဝက်သားဟင်း တို့မိခြင်းကြောင့် သွေးတိုးရောဂါဟာ ချက်ချင်းဆိုးသလား။ ချက်ချင်းမဆိုးဘူးနော်။ (မှန်ပါဘုရား။) စားပြီးလို့

နှစ်နာရီကြာမှ စပြီး ဆိုးလာတယ် ဆိုကြပါစို့။ သွေးတိုးလာပြီး ခေါင်းမူးလာတယ်။ (မှန်ပါဘုရား။) ဘာကြောင့်လဲဆိုတော့ စားတာကနည်းလို့လား၊ များလို့လား။ (နည်းလို့ပါဘုရား။)

ဝက်သားဟင်း တတုံးလောက်များ ကုန်အောင် စားလိုက်ရင်ဖြင့် စားပြီးရင်ပြီးချင်း သွေးမတိုးပေဘူးလား။ (တိုးပါတယ်ဘုရား။) ဝက်သားဟင်း မြင်တော့ မစားဘဲမနေနိုင်လို့ နည်းနည်း သွားတို့မိလိုက်တာ၊ ကိုယ်က ကြိုက်သကိုး။ ဒီတော့ ဒီမှာ ဝက်သားဟင်းစားခြင်းဆိုတဲ့ အကြောင်းတရား ဖြစ်ပေါ်လာတယ်။ မိမိသွေးထဲ သားထဲမှာ ဝက်သားဓာတ် ဝင်သွားခြင်းဆိုတဲ့ အကြောင်းတရား ဖြစ်ပေါ်တယ်။ အဲဒီ အကြောင်းတရားကြောင့် နှစ်နာရီအကြာမှာ သွေးတိုးခြင်းအကျိုး ဖြစ်ပေါ်တယ်။

ဒီလိုဆိုတော့ အဲဒီမှာ အကြောင်းကြောင့် အကျိုးဖြစ်တာဟာ အကြောင်းဖြစ်ပေါ်ပြီးရင်ပြီးချင်း လောလောလတ်လတ် အကျိုးဖြစ်တာလား။ မဟုတ်ဘူးနော်။ ဘယ်လောက်ကြာမှ စဖြစ်ပေါ်တာလဲ။ (နှစ်နာရီကြာမှပါဘုရား။) နှစ်နာရီကြာမှ ဖြစ်ပေါ်တယ်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

တခါ ခုနကပြောသလို များများကြီး စားလိုက်ရင်တော့ အဲဒီ ဝက်သားဟင်း စားခြင်းဆိုတဲ့အကြောင်း ဖြစ်ပေါ်ပြီးတဲ့နောက် ချက်ချင်းပဲ သွေးတိုးမလာနိုင်ဘူးလား။ (လာနိုင်ပါတယ်ဘုရား။) ဒီလိုဆိုတော့လဲ အဲဒီအကျိုးဟာ အကြောင်းဖြစ်ပေါ်ပြီး ချက်ချင်းဖြစ်ပေါ်တဲ့ အကျိုးလား၊ ဒါမှမဟုတ် အကြောင်းဖြစ်ပေါ်ပြီး အချိန်ကြာမှ ဖြစ်ပေါ်တဲ့ အကျိုးလား။ (အကြောင်းဖြစ်ပေါ်ပြီး ချက်ချင်းဖြစ်ပေါ်တဲ့ အကျိုးပါဘုရား။)

ဒီတော့ အဲဒီသဘာဝ ကြည့်ခြင်းအားဖြင့် အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုသော်ငြားလဲ ရံဖန်ရံခါ အကြောင်းဖြစ်ပေါ်ပြီး အချိန် အနည်းငယ်ခြားပြီး အကျိုးဖြစ်ရတယ်။ ရံဖန်ရံခါမှာ အကြောင်းဖြစ်ပေါ်ပြီး အချိန်များစွာကြာမှ အကျိုးဖြစ်ရတယ်။ ဒီလို မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ် ဘုရား။) ဒီတော့ အဲဒီ သဘာဝတွေကိုလဲ ဘုန်းကြီးတို့ မှတ်သားထားရမယ်။

ဒီတော့ ဆိုကြပါစို့။ အကြောင်းတခု ဖြစ်ပေါ်ရင် အဲဒီအကြောင်းဟာ ခုနကပြောသလို ဆန့်ကျင်ဘက်အကြောင်းကများ သူ့အပေါ် လွှမ်းမိုးမသွားဘူး ဆိုရင် ဒီအကြောင်းဟာ အကျိုးကို ဖြစ်ပေါ်စေမလား၊ မဖြစ်စေဘူးလား။ (ဖြစ်ပေါ်စေပါမယ်ဘုရား။) ဖြစ်ပေါ်စေမယ်မုချ။ တခြားဆန့်ကျင်ဘက် အကြောင်းက သူ့အပေါ်ကို လွှမ်းမိုးမသွားဘူးဆိုရင် ဒီအကြောင်းဟာ အကျိုးကို ဖြစ်ပေါ်စေမှာ မုချပဲ။ သို့သော် အချိန်ကတော့ အကြောင်းအင်အား လိုက်ပြီးတော့ ခြားနားသွားမယ်။ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အကြောင်းအားကောင်းရင် နီးကပ်တဲ့အချိန်မှာ အကျိုးဖြစ်ပေါ်မယ်၊ မဟုတ်ဘူးလား။ အကြောင်းအားသေးရင် ဘယ်အချိန်မှာ အကျိုးဖြစ်ပေါ်မလဲ။ (ဝေးတဲ့အချိန်မှာပါဘုရား။) ဝေးတဲ့ အချိန်ကျမှပဲ အကျိုးဖြစ်ပေါ်မယ်။ ဒါ သဘာဝ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) အဲဒါ သဘာဝအတိုင်းပဲ။

ဒီတော့ အကြောင်းအားကောင်းရင် ချက်ချင်း အကျိုးဖြစ်ပေါ်ပြီးတော့ အကြောင်းအားသေးရင် အချိန်ကြာမှပဲ အကျိုးဖြစ်ပေါ်မယ်ပေါ့။ (မှန်ပါဘုရား။) ဒါဟာ အကြောင်းအကျိုး သဘာဝပဲ။

ဒီတော့ ကဲ ဆိုကြစို့။ လူတယောက် အသက် ရှစ်ဆယ်ကျော်ပြီ။ ကျန်းမာရေးကလဲ ချို့တဲ့နေပြီ။ အပြင်းအထန် မကျန်းမမာဖြစ်နေပြီ။ ကြီးလာပြီ ဆိုတော့ သေဖို့လဲ နီးနေပြီ။ ဒါကြောင့် ဒီပုဂ္ဂိုလ်ဟာ သီလစင်ကြယ်အောင် ငါတော့ ဥပုသ်သီလ ဆောက်တည်မှပဲဆိုပြီး ရှစ်ပါး ဥပုသ်သီလ ဆောက်တည် စောင့်ထိန်းတယ်။

သီလ ဆောက်တည်စောင့်ထိန်းတယ် ဆိုတာဟာ တခြားမဟုတ်ပါဘူး။ ကိုယ်အပြုအမူကို အပြစ်ကင်းနေအောင်၊ နှုတ်အပြောအဆိုကို အပြစ်ကင်း နေအောင် စောင့်စည်းထိန်းသိမ်းနေတာ။ ဒါ သီလပဲ။

အဲဒီလို သီလကို စင်ကြယ်အောင် ဆောက်တည်စောင့်ထိန်းလို့ တရက်နှစ်ရက်လောက် ရှိသည်တိုင်အောင် သူ့သီလ မကျိုးဘူး၊ မပေါက်ဘူးဆိုရင် ဒီ ကောင်းတဲ့အလုပ်ကို သူ အစဉ်မပြတ် စောင့်စည်းထိန်းသိမ်းပြီး လုပ်နိုင်တယ်

ဆိုတော့ အဲဒီ သူ့သီလကို ပြန်တွေးမိတဲ့အခါမှာ သူ့စိတ်ထဲ ဘယ်နှယ် နေမလဲ။ (ဝမ်းသာပါမယ်ဘုရား။) ဝမ်းသာမယ်၊ ကြည်နူးမယ်၊ ရွှင်လန်းမယ်၊ ဟုတ်လား။ ဒီတော့ အဲဒီ သီလစင်ကြယ်အောင် ဆောက်တည်စောင့်ထိန်းနေတဲ့ နှစ်ရက်အတွင်းမှာ ဘာအကျိုးရမလဲ။ ဝမ်းမြောက်ကြည်နူးခြင်း စိတ်ချမ်းသာခြင်း အကျိုး မရပေဘူးလား။ (ရပါတယ်ဘုရား။) အကျိုးမဖြစ်ပေါ်မီ ဒီတော့ အဲဒီလိုပဲ သူ့သီလကို စင်ကြယ်အောင် ဆောက်တည် စောင့်ထိန်းနေတုန်းမှာ နံနက် ဆောက်တည်ပြီး ညနေဘက် ကွယ်လွန်သွားတယ်။ ဆောက်တည်စောင့်ထိန်းပြီး မကြာလှသေးတဲ့ အချိန်ကစပြီး သူဟာ အပြင်းအထန် ရောဂါဝေဒနာ မကျန်းမမာ ခံစားလိုက်ရပြီးတော့ ညနေကျ သူ ကွယ်လွန်သွားတယ်။ သူ သီလဆောက်တည် စောင့်ထိန်းခြင်းဟူသော ကံအကြောင်းကြောင့် သူ့မှာ အကျိုးရလိုက်ပြီလား။ (မရသေးပါဘုရား။) ဟုတ်တယ်၊ မရလိုက်ဘူး။ ဘာကြောင့်လဲဆိုတော့ သီလ ဆောက်တည်ပြီး မကြာခင်မှာပဲ သူဟာ အပြင်းအထန် မကျန်းမမာဖြစ်တော့ သီလကိုပြန်ပြီး ဆင်ခြင်နိုင်သေးသလား။ (မဆင်ခြင်နိုင်ပါဘုရား။) ရောဂါ ဝေဒနာဆီကို စိတ်က ရောက်မနေဘူးလား။ (ရောက်နေပါတယ်ဘုရား။) ဒီတော့ သီလတော့ ကျိုးသလား။ (မကျိုးပါဘုရား။) ဒါနဲ့ပဲ ညနေကျတော့ ကွယ်လွန်သွားရော။

ဒီတော့ အဲဒီသီလ ဆောက်တည်စောင့်ထိန်းခြင်းဆိုတဲ့ ကောင်းတဲ့အလုပ် တည်းဟူသော ကောင်းတဲ့အကြောင်းကြောင့် ဖြစ်ပေါ်ရမယ့် အကျိုးဟာ သူ မသေမီမှာတော့ မဖြစ်ပေါ်တော့ဘူး၊ ဟုတ်ကဲ့လား။ (မှန်ပါဘုရား။) အဲဒီသီလ ဆောက်တည်စောင့်ထိန်းခြင်းဆိုတဲ့ အကြောင်းရဲ့ ဆန့်ကျင်ဘက် တခြား အကြောင်းလဲ မပေါ်လာဘူး။

ဆန့်ကျင်ဘက် တခြားအကြောင်းဆိုတာ အကုသိုလ်အကြောင်းကို ပြောတာ။ ဘာအကြောင်းလဲဆိုတော့ သတ္တဝါရဲ့အသက် မသတ်ဘူး၊ သူတပါးဥစ္စာ မတရားမယူဘူးဆိုတာ ကောင်းတာလား၊ မကောင်းတာလား။ (ကောင်းတာပါ ဘုရား။) ကောင်းတယ်ဆိုတော့ အဲဒီ ကောင်းတာရဲ့ ဆန့်ကျင်ဘက်က ဘာလဲ။ မကောင်းတာပါဘုရား။ အေး... မကောင်းတာပေါ့။ဟုတ်ပြီ။ ဒါဖြင့် မကောင်းတာ

ဆိုတာ ဘာလဲ။ သတ္တဝါရဲ့အသက် သတ်တယ်။ သူတပါးဥစ္စာ မတရားယူတယ်။ သူများသားမယား ပြစ်မှားတယ်။ ဒီလို မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒီတော့ အဲဒီ ဒကာဟာ ကောင်းတဲ့အကြောင်းခေါ်တဲ့ သီလဆောက်တည်ခြင်း အလုပ်ကို လုပ်ပြီး သူ့သီလကို ပြန်မဆင်ခြင်နိုင်ခင်ဘဲ ကွယ်လွန်သွားရတယ်ဆိုတော့ ဒီ ကောင်းတဲ့အကြောင်းကြောင့် ဖြစ်ပေါ်ရမယ့် အကျိုးဟာ သူ မကွယ်လွန်မီမှာ ဖြစ်ပေါ်ပြီးပြီလား၊ မဖြစ်ပေါ်သေးဘူးလား။ (မဖြစ်ပေါ်သေးပါဘုရား။) မဖြစ်ပေါ်သေးဘူးနော်။

**အကျိုး မဖြစ်ရတော့ဘူးလား**

ဒီကောင်းတဲ့ အလုပ်ဆိုတဲ့ အကြောင်းတရားဟာ ဆန့်ကျင်ဘက် အကုသိုလ် အကြောင်းတရားရဲ့ အင်အားကြီးစွာ လွှမ်းမိုးမှုကို မခံရတဲ့အတွက် သူဟာ အကျိုးကို မုချ ဖြစ်ကို ဖြစ်စေရမယ်နော်၊ ဟုတ်လား။ (မှန်ပါဘုရား။) သီလ ဆောက်တည်စောင့်ထိန်းခြင်းဆိုတဲ့ အကြောင်းဟာ သူ့အကျိုးကို မုချဖြစ်ကိုဖြစ်စေရမှာ ဖြစ်သော်လည်းပဲ ဒီပုဂ္ဂိုလ်ရဲ့ ရုပ်နာမ်နှစ်ခု ပေါင်းစုထားတဲ့ ဒီဘဝရဲ့ နောက်ဆုံး အချိန်ပိုင်းအထိတော့ အကျိုးဖြစ်ပေါ်ခွင့် ရသလား။ (ဖြစ်ပေါ်ခွင့် မရပါဘုရား။) မသေမီအတွင်းမှာ ဖြစ်ပေါ်ခွင့်လဲ မရဘူး၊ ဆန့်ကျင်ဘက်အကြောင်းလဲ မပေါ်ဘူးဆိုတော့ ဒီအကြောင်းကြောင့် ဖြစ်ရမယ့် အကျိုးဟာ မဖြစ်ရတော့ဘူးလား။ (ဖြစ်ရပါမယ်ဘုရား။) ဘာကြောင့်လဲ။ (အကြောင်းရှိရင် အကျိုး ဖြစ်ပေါ်ရမှာ ဖြစ်လို့ပါဘုရား။)

**တမလွန်ဘဝအကျိုး**

အကျိုးဖြစ်ရမယ် ဆိုသော်လဲ သူက သေသွားပြီ မဟုတ်လား။ ဒီတော့ အဲဒီ အကြောင်းရဲ့ အကျိုးဟာ "သေစိတ်"ဆိုတဲ့ နောက်ဆုံးစိတ်ရဲ့ ဒီဘက် အချိန်ပိုင်း အတွင်းမှာတော့ ဖြစ်ပေါ်ဖို့ အချိန် မရလိုက်တော့ဘူး။ သို့သော်လဲ အကြောင်းအကျိုးသဘာဝအရ အကျိုးတရားကို မုချဖြစ်ပေါ်စေရမှာ ဖြစ်တဲ့အတွက် သူသေပြီးနောက် တချိန်ချိန်မှာ

ဒီ အကျိုးတရား မုချ ဖြစ်ပေါ်စေရမှာ ဖြစ်တဲ့အတွက် သူသေပြီးနောက် တချိန်ချိန်မှာ ဒီ အကျိုးတရား မဖြစ်ပေါ်နိုင်ဘူးလား။ (ဖြစ်ပေါ်နိုင်ပါတယ်ဘုရား။) ဖြစ်ပေါ်ရမယ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**အကျိုးတရားဖြစ်ပေါ်ဖို့ အခြေအနေ**

အကျိုးတရား ဖြစ်ပေါ်ရမယ်ဆိုတော့ အဲဒီ အကျိုးတရား ဖြစ်ပေါ်ဖို့ အခြေအနေဖြစ်တဲ့ ရုပ်နဲ့နာမ်က ဖြစ်ပေါ်ဖို့ မလိုဘူးလား။ (လိုပါတယ်ဘုရား။) အဲဒီလို ရုပ်နဲ့နာမ် ဖြစ်ပေါ်ဖို့ ကြောင်းကျိုးသဘာဝ အားလျော်စွာ လိုအပ်တဲ့အတွက် ရုပ်နဲ့နာမ် ဖြစ်ပေါ်ရတယ်။ ဒါဟာ သဘာဝနိယာမပဲ။ ဒါကြောင့် သေပြီးနောက် တခြားအချိန်ကျမှ ဒီသီလရဲ့ အကျိုးဟာ ဖြစ်ပေါ်ခွင့်ရတယ်။ ဆိုကြပါစို့။ ဘဝကောင်း ဘဝမွန်ရတယ်၊ အဆင်းလှတယ်၊ အမျိုးမြတ်တယ် စတဲ့ အကျိုးတွေပေါ့၊ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

အဲဒီတော့ ဒီမှာ အကြောင်းဖြစ်ပေါ်လာပြီး အချိန်ကာလ ခြားပြီးမှ အကျိုး မဖြစ်ပေါ်ပေဘူးလား။ (ဖြစ်ပေါ်ပါတယ်ဘုရား။) အဲဒီအချိန်ကလဲပဲ မသေမီအချိန် မဟုတ်ဘဲ သေပြီးနောက်အချိန် ဖြစ်တယ်။ ဒါကိုပဲ "နောက်တဘဝ"လို့ ခေါ်တယ်။ အဲဒါမျိုးကိုပဲ ဗုဒ္ဓဘာသာ တရားတော်အရ အတိတ်ဘဝကံကြောင့် နောက်တဘဝမှာ ကံရဲ့အကျိုးကို ခံစားရတယ်လို့ ဒီလို ပြောကြရတယ်။

**ဒီဘဝကံကြောင့် ဒီဘဝအကျိုးဖြစ်**

သို့သော် ဒီဒကာဟာ ခုနက ဘုန်းကြီးပြောခဲ့သလို သီလဆောက်တည် စောင့်ထိန်းပြီးနောက် နှစ်ရက်လောက်မှာတော့ ရောဂါ မပြင်းထန်တဲ့အတွက် သူ့သီလကို သူ ပြန်ပြီးတော့ ဆင်ခြင်နိုင်တယ်၊ နှလုံးသွင်းနိုင်တယ်။ "အင်း ငါ အသက်ကြီးမှ သီလတွေ လုံခြုံအောင် ဆောက်တည် စောင့်ထိန်းနိုင်တယ်"လို့

တွေးမိတော့ ဝမ်းသာတယ်။ ဝမ်းသာဖို့ အချိန် နှစ်ရက် မရဘူးလား။ (ရပါတယ်ဘုရား။)

ရတဲ့အချိန်အတွင်းမှာ ကိုယ့်သီလကိုယ် ပြန်ပြီး ဆင်ခြင်ပြီးတော့ "အင်း၊ ငါ သူများအသက်လဲ မသတ်ဘူး၊ မညှဉ်းဆဲဘူး၊ သူများဥစ္စာလဲ မတရားမယူဘဲ စောင့်ထိန်းခဲ့တယ်။ သူများသားမယားလဲ မပြစ်မှားဘဲနဲ့ စောင့်ထိန်းခဲ့တယ်။ လိမ်မပြောဘဲနဲ့လဲ စောင့်ထိန်းခဲ့တယ်။ မူးယစ်စေတတ်တဲ့ အရက်သေစာ မသောက်စားဘဲနဲ့လဲ ငါ စောင့်ထိန်းခဲ့တယ်"လို့ သူ့သီလ စောင့်ထိန်းမှုကို ပြန်ပြီးတော့ ဆင်ခြင်ပြီး သူ ဝမ်းမသာနိုင်ဘူးလား။ (ဝမ်းသာနိုင်ပါတယ် ဘုရား။)

အဲဒီမှာကျတော့ သီလဆောက်တည်ခြင်းဟူသော အကြောင်းတရား ဖြစ်ပေါ်ပြီးနောက် တရက် နှစ်ရက်အတွင်း ဒီဘက်ဘဝမှာပဲ အကျိုးတရား မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အဲဒါကလဲ ကံနဲ့ ကံရဲ့အကျိုး မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။) ဒီဘဝမှာပဲ ဖြစ်ပေါ်တဲ့အကျိုး။

ဒီတော့ ဒီနေရာမှာ ဘုန်းကြီးတို့ ဘာတွေ့ရသလဲ။

(၁) အခုလုပ်တဲ့ ကံ အကြောင်းတရားကြောင့် အခု အကျိုးရတာလဲ တွေ့ရတယ်။

(၂) ဒီဘဝမှာ အခုလုပ်တဲ့ ကံ အကြောင်းတရားကြောင့် ဒီဘဝ အတွင်းမှာပဲ နောင်တချိန်ချိန်မှာ အကျိုးရတယ်ဆိုတာလဲ သိရတယ်။

(၃) ဒီဘဝမှာ လုပ်တဲ့ကံ အကြောင်းတရားကြောင့် ဒီဘဝမှာ အကျိုးပေးဖို့ အချိန်မရလိုက်တဲ့အတွက် သေပြီးနောက် တချိန်ချိန်မှာ အကျိုးဖြစ်ပေါ်ရတာလဲ ရှိတယ်လို့ တွေ့ရတယ်။

ဒီလို မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား။)

**ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုး** ဒီတော့ ဒီဘဝမှာ ပြုလုပ်တဲ့ ကံအကြောင်း တရားကြောင့် ဒီဘဝမှာ အကျိုးရတာကို ပစ္စုပ္ပန်ကံကြောင့် ပစ္စုပ္ပန်ဘဝမှာ အကျိုးရတယ်လို့ ခေါ်တယ်။ ဟုတ်လား။ (မှန်ပါဘုရား။)

ဒီဘဝမှာပြုလုပ်တဲ့ ကံအကြောင်းတရားကြောင့် သေပြီးနောက် တချိန်ချိန်မှာမှ အကျိုးဖြစ်ပေါ်လာတာကိုတော့ ပစ္စုပ္ပန်ကံကြောင့် နောင်တမလွန် ဘဝမှာ အကျိုးရတယ်လို့ ခေါ်ကြ ပြောကြတာ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။)

အဲဒါဟာ ကံနဲ့ ကံရဲ့အကျိုးတရား သဘာဝပဲ။ ပြီးတော့ "ကံကြောင့် နောက်တဘဝ ဖြစ်ရတယ်"ဆိုတဲ့ သဘောကိုလဲ ဒီနေရာမှာ သိရပြန်တယ်။

သို့သော် အလုပ်တိုင်း အကျိုးကိုဖြစ်စေတဲ့ ကံ ခေါ်သလားလို့ဆိုတော့ ဒီလိုတော့ မဟုတ်ပါဘူး။ အကျိုးဖြစ်ပေါ်စေတဲ့ ကံအဖြစ် ရောက်တာလဲရှိတယ်။ မရောက်တာလဲရှိတယ်။ ဒါ သိထားရမယ်။

ဒီမှာ ဘုန်းကြီးတို့ ဆောင်ပုဒ်ထဲမှာ ရှိတယ်။ "**ကံဆိုသည်မှာ အလုပ်။ အလုပ်ကောင်းမှ ကံကောင်းသည်၊ ကံကောင်းမှ ကောင်းကျိုးရသည်**"တဲ့။

ဒီတော့ ဒီသဘောအရ ဆိုလို့ရှိရင် "**အလုပ်ဟာ ကံပဲ**" ဒီလို မဟုတ်လား။ အဲဒီ ကောင်းတဲ့အလုပ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်မယ့် အကျိုးတရားက ကောင်းတဲ့အကျိုးတရားပဲ။

**ကောင်းကံဆိုးကံ** ဒီတော့ ကောင်းတယ်၊ မကောင်းဘူးဆိုတာ ဘယ်လို သဘောကို ဆိုလိုတာပါလဲ။ (မည်သူ့ကိုမျှ မထိခိုက်သောအမှုသည် အပြစ်မရှိသောကြောင့် ကောင်းမှု၊ တဦးဦးကို ထိခိုက်သောအမှုသည် အပြစ်ရှိသောကြောင့် မကောင်းမှုပါဘုရား။) ဟုတ်ပြီ။ ကောင်းတယ်ဆိုတာ အပြစ်မရှိတာ၊ ဒီလို မဟုတ်လား။ (မှန်ပါဘုရား။) မကောင်းမှုဆိုတာ (အပြစ်ရှိတာပါဘုရား။)

ဒီတော့ ကောင်းတဲ့အလုပ်ဆိုတာဟာ အပြစ်မရှိတဲ့အလုပ်၊ အပြစ်မရှိတဲ့ အလုပ် လုပ်တဲ့ပုဂ္ဂိုလ်ဟာ အကျိုးရရင် ဘာရမလဲ။ ကောင်းကျိုးရမလား၊ ဆိုးကျိုးရမလား။ (ကောင်းကျိုးရပါမယ် ဘုရား။) အပြစ်မရှိတဲ့ အကျိုးပဲရမယ်။

ကဲ အခု ဒီမှာလာပြီးတော့ တရားနာကြတယ်။ ဒီလို တရားဟောတာ လာပြီး နာတာဟာ အပြစ်ရှိသလား၊ မရှိဘူးလား။ (မရှိပါဘုရား။) သေချာလား။ (သေချာပါတယ်ဘုရား။) သေချာတယ်နော်။

တကယ်လို့များ တရားက မဟုတ်တရုတ် တရားတွေဟောရင်တော့ အပြစ်ရှိမှာပေါ့၊ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

အဲ... သူများ မကောင်းကြောင်းတွေပဲ လျှောက်ပြောနေမယ်၊ နား မချမ်းသာစရာ အမနာပ အယုတ္တ အနတ္တ အကြောင်းတွေပဲ လျှောက်ပြောနေမယ်၊ အကြောင်းအကျိုး မဆက်စပ်တဲ့ သဘာဝနဲ့ မကိုက်ညီတဲ့ တရားတွေပဲ လျှောက်ပြီး ပြောပြနေမယ်ဆိုရင်တော့ အဲဒါကို အပြစ်ရှိတယ် ခေါ်မလား၊ အပြစ်မရှိဘူးလို့ ခေါ်မလား။ (အပြစ်ရှိပါတယ်ဘုရား။)

ဒါဖြင့် အခု ဘုန်းကြီးတို့ ဟောနေတာက အဲဒီလို ဟာတွေလား။ (မဟုတ်ပါဘုရား။) သူတပါး ပျက်စီးကြောင်းတွေလား။ (မဟုတ်ပါဘုရား။) မဟုတ်ဘူးနော်။ သဘာဝနဲ့ ဆန့်ကျင်တဲ့ အကြောင်းတွေလား။ (မဟုတ်ပါဘုရား။)

ဒီလိုဆိုရင် ဒီတရားမျိုးကို နားထောင်ခြင်းအားဖြင့် နားထောင်သူဟာ အပြစ်ကင်းတဲ့အလုပ် လုပ်သလား၊ အပြစ်ရှိတဲ့အလုပ် လုပ်သလား။ (အပြစ်ကင်းတဲ့ အလုပ်ကို လုပ်ပါတယ်ဘုရား။)

အပြစ်ကင်းတဲ့ နားထောင်ခြင်းဆိုတဲ့ အလုပ်ကိုလုပ်တော့ သူရမယ့် အကျိုးက အပြစ်ကင်းတဲ့ အကျိုးလား၊ အပြစ်ရှိတဲ့ အကျိုးလား။ (အပြစ်ကင်းတဲ့ အကျိုးပါဘုရား။)

အပြစ်ကင်းတဲ့ အကျိုးဆိုရင် ကောင်းကျိုး မဟုတ်ပေဘူးလား။ (မှန်ပါ ဘုရား။)

အပြစ်ရှိတဲ့ အကျိုးဆိုရင်တော့ကော။ (မကောင်းကျိုးပါ ဘုရား။)

**ကိုယ်လုပ်တဲ့အလုပ်ဟာ ကိုယ့်ဥစ္စာ**

ကဲ ဒါဖြင့် ဒီလို နားထောင်ခြင်းကြောင့် သူ့မှာ တရားနဲ့ပတ်သက်တဲ့ အသိတရားတွေ၊ ဗဟုသုတတွေ တိုးမသွားဘူးလား။ (တိုးပါ တယ်ဘုရား။) အဲဒီ တိုးတာဟာ ကောင်းကျိုးလား၊ ဆိုးကျိုးလား။ (ကောင်းကျိုးပါဘုရား။) သေချာရဲ့လား။ (သေချာပါတယ်ဘုရား။)

ဟုတ်ပြီ၊ အဲဒီ ကောင်းကျိုးရအောင် သူ့ကို ဘယ်သူက လုပ်ပေးသလဲ။ (သူ့ဟာသူ လုပ်ယူပါတယ်ဘုရား။)

ကဲ တရားနာတာဟာ ဘယ်သူနာသလဲ။ (ကိုယ် နာတာပါဘုရား။) ကိုယ် တရားနာတော့ အဲဒီ ဗဟုသုတတိုးခြင်းဆိုတဲ့ ကောင်းကျိုးကို ဘယ်သူ ရသလဲ။ (ကိုယ် ရပါတယ်ဘုရား။) ဒါဖြင့် အဲဒီ ကောင်းကျိုးကိုရအောင် ကိုယ့်ကို ဘယ်သူ လုပ်ပေးသလဲ။ (ကိုယ့်ဟာကိုယ် လုပ်ယူတာပါဘုရား။)

ဘယ်လို ကိုယ့်ဟာကိုယ် လုပ်သလဲ။ ဟောတဲ့တရားကို နားကလေး စိုက်ပြီးတော့ စိတ်က နှလုံးသွင်း အာရုံပြုပေးလိုက်တာ မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒါ ကိုယ်ကလုပ်ယူတာလား၊ သူများက လုပ်ပေးတာလား။ (ကိုယ်ကပါဘုရား။) (ဘုန်းကြီးက လုပ်ပေးပါတယ်ဘုရား။)

ဘုန်းကြီးက လုပ်ပေးတာက ဟောပြောမှုကို ဘုန်းကြီးက လုပ်ပေးတယ်၊ ဟုတ်တယ်မဟုတ်လား။ ဟောပြောမှုကို ဘယ်သူက လုပ်ပေးသလဲ။ (ဘုန်းကြီးကပါဘုရား။)

နားထောင်မှုကို ဘယ်သူက လုပ်သလဲ။ (မိမိက လုပ်ပါတယ်ဘုရား။) ဒါကြောင့်မို့ ဗဟုသုတတိုးခြင်းအလုပ်ကို ဘယ်သူက ရသလဲ။ (မိမိက ရပါတယ်ဘုရား။)

ဒါဖြင့် မိမိရဲ့ အကျိုးကို ဘယ်သူလုပ်ပေးလို့ ရတာလဲ။ မိမိဘာသာ မိမိလုပ်ယူလို့ ရတာ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

"အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ"ဆိုတဲ့ ဒေသနာတော်အတိုင်းပဲ။ ကိုယ်လိုချင်ရင် ကိုယ် လုပ်ရတယ် မဟုတ်လား။ "ကိုယ်ထူကိုယ်ထ၊ ကြိုးစားမှ သုခပွားစီးမည်"တဲ့။ ကိုယ်ရချင်ရင် ကိုယ်လုပ်ယူရတာပဲ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အဲဒီတော့ မိမိလုပ်တဲ့ နားထောင်ခြင်းဆိုတဲ့ အပြစ်ကင်းတဲ့ အလုပ် တည်းဟူသော ကံအကြောင်းတရားကြောင့် တရားအသိ ဗဟုသုတတိုးခြင်း ဆိုတဲ့ အကျိုးတရားကို ဖြစ်ပေါ်စေတော့ ဒီနေရာမှာကော ကံ ကံရဲ့အကျိုး မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။) ဟုတ်တယ်နော်။

**အလုပ်တိုင်း ကံမမြောက်**

သို့သော် ဒီမှာ ဘုန်းကြီးတို့ ဆောင်ပုဒ်ထဲမှာ ပါတယ်။ "ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်သော်လဲ ပြုလုပ်တိုင်း ကံမဖြစ်ပေ"တဲ့။ အလုပ်ဆိုသော်လဲပဲ အလုပ်တိုင်း ကံမဖြစ်ဘူး၊ ကံအရာ မမြောက်ဘူးတဲ့။ ကံအရာ မမြောက်ဘူးဆိုတာ အကျိုးကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားအဖြစ် မရောက်ဘူးလို့ ဆိုလိုတယ်။ ကံလို့ခေါ်တဲ့ အကြောင်းတရား အဖြစ်ကို မရောက်ဘူးတဲ့။

"ကိုယ်နှုတ်စိတ်ဖြင့် ပြုလုပ်သော်လဲ ပြုလုပ်တိုင်း ကံမဖြစ်ပေ။ ကံအရာ မမြောက်ပေ။ အကောင်းအဆိုး ရည်ရွယ်ချက် တခုခုဖြင့် တက်ကြွထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်မှသာ "ကံအရာမြောက်၍ ကံဟုခေါ်သည်။"

[ **ဒုတိယအကြိမ်ရိုက် ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာ စာမျက်နှာ ၁၇၈**။ ဤတရားကို ဟောစဉ်က **ပထမအကြိမ်ရိုက် စာမျက်နှာ ၁၃၉**ကို ညွှန်းခဲ့သည်။ ]

အဲဒီအလုပ်ထဲမှာ ကောင်းတဲ့ရည်ရွယ်ချက် ဆိုးတဲ့ရည်ရွယ်ချက် တခုခု ပါရမယ်။ အဲဒီလို ကောင်းတဲ့ရည်ရွယ်ချက်၊ ဆိုးတဲ့ရည်ရွယ်ချက် တခုခု ပါပြီးတော့ အဲဒီ အလုပ်ကို လုပ်ဖို့ရာ ထက်သန်တဲ့စိတ် ရှိရမယ်။ အဲဒီ အင်္ဂါနှစ်ပါးနဲ့

ပြည့်စုံတဲ့ အလုပ်မှသာလျှင် ကံအရာမြောက်တယ်။ အလုပ်ဆိုတိုင်း ကံအရာ မမြောက်ဘူး။

**ရည်ရွယ်ချက်နှင့် တက်ကြွတဲ့စိတ်**

အကြောင်းနှစ်ကြောင်း ကြည့်ပါ။ ကံအရာမြောက်တဲ့ အလုပ်ဟာ ကောင်းတဲ့ရည်ရွယ်ချက်ဖြစ်စေ၊ ဆိုးတဲ့ ရည်ရွယ်ချက်ဖြစ်စေ အဲဒီအလုပ် လုပ်တဲ့အခါမှာ ပါရတယ်။ တခါ အဲဒီအလုပ် ပြီးမြောက်အောင် တက်ကြွထက်သန်တဲ့ စိတ်လဲ ရှိရမယ်။ အဲဒီ အကြောင်းနှစ်ချက် ပြည့်စုံတဲ့ အလုပ်မှသာလျှင် ကံအရာမြောက်တယ်။

ကဲ... ဆိုကြပါစို့။ ဘုန်းကြီးတို့ အခု အိုက်တဲ့အခါမှာ ကိုယ့်ကိုယ်ကို ယပ်မခတ်ဘူးလား။ [ယပ်ခတ်နေသူအချို့ကို မြင်၍ မေးသည်။] (ခတ်ပါတယ် ဘုရား။)

ယပ်ခတ်ရအောင်များ စိတ်က ထင်ထင်ရှားရှား အားပြုနေရသလား။ (အားမပြုရပါဘုရား။)

တရားနာနေရင်းနဲ့ လက်က သူ့အလိုအလျောက် သဘောမျိုး ယပ်ခတ် မနေဘူးလား။ (ခတ်ပါတယ်ဘုရား။)

အဲဒီ ယပ်ခတ်တာမှာ တက်ကြွထက်သန်တဲ့စိတ် ပါသလား။ (မပါပါဘုရား။) မပါဘူး။ မပါတော့ သူဟာ ထူးခြားတဲ့အကျိုး တခုခုကို ဖြစ်ပေါ်စေမယ့် အလုပ် မဟုတ်ဘူး။ အခု ဒီမှာ ယပ်ခတ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်တဲ့ အကျိုးဟာဘာလဲ၊ လေအေးရခြင်း အကျိုးပဲ ရှိတယ်။ ထူးခြားတဲ့ ကောင်းကျိုး ဆိုးကျိုး မရှိဘူး။

တခါ အဲဒီ ယပ်ခတ်တဲ့ ရည်ရွယ်ချက်ထဲမှာ အပြစ်မကင်းတဲ့ မကောင်းတဲ့ ရည်ရွယ်ချက်၊ သို့မဟုတ် အပြစ်ကင်းတဲ့ ကောင်းတဲ့ရည်ရွယ်ချက် တခုခု ပါရဲ့လား။ (မပါပါဘုရား။)

သာမန် ချွေးခြောက်ရုံ အအိုက်ပြေရုံပဲ ရည်ရွယ်ထားတယ်။ ဒါလဲ တက်ကြွတဲ့စိတ် ထက်သန်တဲ့စိတ်နဲ့ လုပ်ရတာ မဟုတ်ဘူး။ မဟုတ်တော့ ထူးခြားတဲ့အကျိုးကို ဖြစ်ပေါ်စေတဲ့ ကံအရာ မမြောက်ဘူး။ (သူတပါးကို အေးစေချင်လို့ ယပ်ခတ်ပေးတာကျတော့ တမျိုး စဉ်းစားရပေလိမ့်မယ်။)

**သွားတာ ကံမဟုတ်** နောက်တခု စဉ်းစားကြည့်ကြဦးစို့။ ခရီးသွားတဲ့ အခါကျတော့ ဘယ်လိုသွားကြသလဲ။ကုန်းကြောင်း ခြေကျင်သွားတဲ့အခါမှာလေ။ ခြေလှမ်း လှမ်းသွားတာပေါ့။ မဟုတ်ဘူးလား။ ကဲ ဘယ်ခြေထောက်တလှမ်း၊ ညာခြေထောက်တလှမ်း လှမ်းမသွားဘူးလား။ (လှမ်းပါတယ်ဘုရား။) အဲဒီလို ခြေလှမ်းလှမ်းပြီး သွားနေတဲ့ အချိန်မှာ ခြေထောက်ကို လှမ်းရ ကြွရ ချရအောင် အင်မတန် တက်ကြွထက်သန်တဲ့စိတ် ပါရဲ့လား။ (မပါပါဘုရား။)

သူ့အလိုလိုဖြစ်ပေါ်တဲ့ ကြွချင်စိတ်၊ လှမ်းချင်စိတ်၊ ချချင်တဲ့စိတ်နဲ့ပဲ ကြွ လှမ်း ချတယ်။ ဒါနဲ့ပဲ လိုရာရောက်သွားတယ်။

ပြီးတော့ ခြေလှမ်းလှမ်းခြင်းဆိုတဲ့ ကိစ္စမှာ ဒီလို သွားခြင်းကြောင့် ငါ့မှာ ကောင်းမှုကုသိုလ်တွေ ဖြစ်ပါစေ၊ ကောင်းကျိုးတွေ ရပါစေ။ ဒီလို သွားခြင်းကြောင့် ငါ့မှာ မကောင်းကျိုးတွေ ရပါစေဆိုတဲ့ ရည်ရွယ်ချက် ရှိသလား။ (မရှိပါဘုရား။)

အဲဒီတော့ ကောင်းတဲ့ရည်ရွယ်ချက်၊ ဆိုးတဲ့ရည်ရွယ်ချက်လဲ မရှိဘူး။ တခါ အဲဒီခြေလှမ်း လှမ်းခြင်းဆိုတဲ့ အလုပ်ကို လုပ်တဲ့အခါမှာ တက်ကြွ ထက်သန်တဲ့စိတ်လဲ မပါဘူး။

ဒီတော့ ဒီခြေလှမ်း လှမ်းခြင်းဆိုတဲ့ အလုပ်ဟာ အလုပ်ပင်ဖြစ်သော်လဲပဲ ကံအရာ မမြောက်ဘူး။

**ကံအရာ မမြောက်ဘူးဆိုတာ ထူးခြားထင်ရှားတဲ့ အကျိုးကို ဖြစ်ပေါ် စေနိုင်တဲ့ အခြေအနေ မရှိဘူးလို့ ဆိုလိုပါတယ်။** ဒါကြောင့် အလုပ်တိုင်းဟာ ကံ မဟုတ်ဘူးလို့ ပြောခဲ့တာပါ။

**စားတာလဲ ကံမဟုတ်** ကဲ နောက်ထပ်တခု စဉ်းစားကြည့်ကြဦးစို့။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ထမင်း စားခဲ့ကြရဲ့လား။ ဘုန်းကြီးတို့ သွေးချင်းသားချင်း ခရစ်ယာန် ညီတော်နောင်တော်တွေရော ထမင်း စားခဲ့ကြရဲ့လား။ (စားခဲ့ကြပါတယ်။) စားခဲ့ကြတယ်နော်။ အဲဒီ ထမင်းစားတဲ့ အခါမှာ ထမင်းကိုကျေအောင် ညက်အောင် ဆိုပြီးတော့ အားပြုများ စားရသလား။ (မစားရပါဘုရား။)

သူ့ဟာသူ ပါးစပ်ထဲ ထမင်းလုပ် ခွံ့ပြီးတော့ သွားက ဝါးကြိတ်ချေ၊ ဒါနဲ့ပဲ ဝမ်းဗိုက်ထဲရောက်၊ ဒီလိုမဟုတ်လား။ အဲဒီ စားမှုအလုပ်ကို လုပ်ဖို့ တက်ကြွထက်သန်တဲ့စိတ် လိုသလား။ (မလိုပါဘုရား။) [ ခံတွင်းပျက်နေတဲ့ လူမမာ အားရှိအောင် ကြိုးစား စားရတာမျိုးကတော့ တခြားပဲ။]

ထမင်းစားခြင်းကြောင့် ငါ့မှာ ကုသိုလ်တွေဖြစ်ပါစေ၊ သို့မဟုတ် အကုသိုလ်တွေဖြစ်ပါစေလို့ ရည်ရွယ်ချက်ရော ပါသလား။ (မပါပါဘူး။)

မပါတော့ အဲဒီ ထမင်းစားခြင်းဆိုတဲ့ အလုပ်မှာ ကောင်းတဲ့ ရည်ရွယ်ချက် ဆိုးတဲ့ရည်ရွယ်ချက်လဲ မပါ၊ တက်ကြွထက်သန်တဲ့စိတ်လဲ မပါတော့ အဲဒီ ထမင်းစားခြင်းကို ကံလို့ ခေါ်မလား။ (မခေါ်ပါဘုရား။) အဲဒါ ကံအရာမြောက်မလား။ (မမြောက်ပါဘုရား။)

**ကံမြောက်တဲ့အလုပ်** ကဲ ကံအရာ မြောက်တဲ့အလုပ်ကို စဉ်းစားကြည့်ရအောင်။ ဘုရားရှိခိုးတယ် ဆိုကြပါစို့။ ဘုရားရှိခိုးတဲ့အခါမှာ ခရစ်ယာန် ဘာသာဝင်များကလဲ မိမိတို့ရဲ့ ထာဝရဘုရားသခင်ထံ၊ ဗုဒ္ဓဘာသာဝင်များကလဲ မိမိတို့ရဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားထံ၊ ဗြာဟ္မဏဝါဒီ

များကလဲ မိမိတို့ရဲ့ ဘုရားများဖြစ်ကြတဲ့ မဟာဗြဟ္မာ၊ သိဝ၊ ဗိဿနိုးခေါ်တဲ့ ဘုရားကြီး သုံးဆူထံ စိတ်ကိုညွတ် လက်အုပ်ချီပြီးတော့ ဘုရားတွေရဲ့ ဂုဏ်တော်တွေကို စိတ်က အာရုံပြုပြီး "ဂုဏ်ကျေးဇူး အထူး ရှိတော်မူကြတဲ့ ရှင်တော်မြတ်ဘုရားတွေပဲ"လို့ မိမိတို့ဘုရားရဲ့ ဂုဏ်တော်အားလျော်စွာ စိတ်ထဲမှာ အာရုံပြု ရှိခိုးတယ်။

ဒီတော့ အဲဒီလို ဘုရားဂုဏ်ကို အာရုံပြုရတယ်ဆိုကတည်းက စိတ်အား ပြုရသလား၊ မပြုရဘူးလား။ (ပြုရပါတယ်ဘုရား။) တက်ကြွထက်သန်တဲ့စိတ် မပါပဲနဲ့ အာရုံပြုလို့ ရမလား။ (မရပါဘုရား။) တက်ကြွထက်သန်တဲ့စိတ် ပါရတယ်။

တခါ အဲဒီအလုပ်ကို လုပ်တဲ့အခါမှာ ရည်ရွယ်ချက်က ကောင်းတဲ့ ရည်ရွယ်ချက်လား၊ ဆိုးတဲ့ရည်ရွယ်ချက်လား။ (ကောင်းတဲ့ ရည်ရွယ်ချက်ပါ ဘုရား။) ဒီတော့ ရည်ရွယ်ချက် မပါပေဘူးလား။ (ပါပါတယ်ဘုရား။)

ကောင်းတဲ့ ရည်ရွယ်ချက်လဲပါတယ်၊ တက်ကြွထက်သန်တဲ့ စိတ်လဲ ရှိတယ်။ အဲဒီနှစ်ချက်နဲ့ ပြည့်စုံတဲ့ ဘုရားရှိခိုးခြင်းဆိုတဲ့ အလုပ်ဟာ ကံအရာ မြောက်မလား။ မမြောက်ဘူးလား။ (မြောက်ပါတယ်ဘုရား။)

**ဘုရားရှိခိုးကံကြောင့် ရတဲ့အကျိုး**

ဒီတော့ မိမိတို့ ဘာသာ အယူဝါဒအလိုက် အဲဒီလို ဘုရားရှင်ရဲ့ ဂုဏ်ကို အာရုံပြုပြီးတော့ ကြည်ကြည် နူးနူး ကျေကျေနပ်နပ် စိတ်ထဲမှာ အာရုံပေါ်အောင် ရှိခိုးလိုက်ရတဲ့အတွက် ဘုရားရှိခိုးနေတုန်းမှာ ဖြစ်စေ၊ ရှိခိုးပြီးတဲ့အခါမှာဖြစ်စေ၊ ဝမ်းနည်းနေသလား။ ဝမ်းသာနေသလား။ (ဝမ်းသာနေပါတယ် ဘုရား။) စိတ်ဆင်းရဲနေသလား။ ချမ်းသာနေသလား။ (ချမ်းသာနေပါတယ် ဘုရား။)

အဲဒီ ချမ်းသာခြင်း၊ ဝမ်းသာခြင်းဆိုတဲ့ အကျိုးတရားဟာ ဘာကြောင့် ဖြစ်တာလဲ။ အဲ ဘုရားရှိခိုးခြင်းဆိုတဲ့ အလုပ်တည်းဟူသော ကံကြောင့်ဖြစ်တာ။

**ဒါလောက်တင်မဟုတ်** သို့သော် အဲဒီကံ အဲဒီအလုပ်ကို ပြုလုပ်စဉ်က တက်ကြွထက်သန်တဲ့စိတ် အားကောင်းရင် အဲဒီ အကျိုးတရားဟာ ဒီလောက်ကလေးနဲ့ မနေဘူး။ ဝမ်းသာရရုံ၊ စိတ်ကြည်နူးရရုံနဲ့ မနေဘူး။ ဒီထက်ပိုပြီး အကျိုးပေးကြီးမားတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ဓာတ်ရဲ့ အင်အားဟာ အားကောင်းရင် အားကောင်းသလောက် ကြီးမားတဲ့ အကျိုး ပေးနိုင်တယ်။

အခုပြောခဲ့တဲ့သဘောကို သိထားမှ "အလုပ်ကို ကံ"လို့ ခေါ်တယ် ဆိုသော်လဲပဲ အလုပ်တိုင်းဟာ ကံအရာ မမြောက်ဘူး။ တက်ကြွထက်သန်တဲ့ စိတ်နဲ့ အကောင်းအဆိုး ရည်ရွယ်ချက် တခုခုပါတဲ့ အလုပ်မှ ကံအရာ မြောက်တယ်ဆိုတာ သဘောကျမယ်။

"**ကံအရာ မြောက်တယ်ဆိုတာ ထူးခြားထင်ရှားတဲ့ အကျိုးကို ဖြစ်ပေါ်စေနိုင်လောက်အောင် အင်အားပြည့်တဲ့ အကြောင်းတရားအဖြစ် ရောက်တယ်**"လို့ ဆိုလိုပါတယ်။ ကျမ်းဂန်များမှာတော့ **ကမ္မပထမြောက်တယ်**လို့ သုံးနှုန်းလေ့ရှိပါတယ်။

ကဲ ဆောင်ပုဒ်ကလေး လိုက်ဆိုပါဦး။

**"ကံဆိုတာအလုပ်။"**
**"အလုပ်ကောင်းမှ ကံကောင်းသည်။ ကံကောင်းမှ ကောင်းကျိုးရသည်။"**
**"အလုပ်ဆိုးလျှင် ကံဆိုးသည်။ ကံဆိုးတော့ ဆိုးကျိုးရသည်။"**
**"ကိုယ် နှုတ် စိတ်တို့ဖြင့် ပြုလုပ်သော်လဲ၊ ပြုလုပ်တိုင်း ကံ မဖြစ်ပေ၊ ကံအရာ မမြောက်ပေ။"**
**"အကောင်းအဆိုး ရည်ရွယ်ချက်တခုခုဖြင့် တက်ကြွထက်သန်သော စိတ် ဦးဆောင်လျက်ပြုလုပ်မှသာ 'ကံအရာမြောက်၍' ကံဟုခေါ်သည်။"**

အဲဒါ ဘုန်းကြီးတို့ ဗုဒ္ဓဝါဒအရ ကံနဲ့ ကံရဲ့အကျိုး အယူအဆပဲ။ ကမ္မဝါဒပေါ့။ အဲဒီ နောက်ဆုံးအပိုဒ်ဟာ ဘုန်းကြီး ဟောဒီမှာ ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာစာအုပ်ထဲက ထုတ်ထားတာပါ။ စာမျက်နှာ ၁၃၉မှာ ပါပါတယ်။

အခု စာမျက်နှာ ၁၄၀ကို ဆက်ပြီး ဘုန်းကြီး ဖတ်ပြပါမယ်။ နားလည်ပါလိမ့်မယ်။ အာရုံစိုက်ပါ။ (ဒုတိယအကြိမ်ရိုက် စာအုပ်တွင် စာမျက်နှာ ၁၇၈၌ ကြည့်ပါ။)

"တချို့ အလုပ်များကို အကောင်းအဆိုး ရည်ရွယ်ချက် အထူးလဲ မပါ တက်ကြွထက်သန်သော စိတ်လည်း မရှိဘဲ မထင်ရှားသော စိတ်စေတနာဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကြ၏။ အလုပ်ဖြစ်မြောက်စေသော စိတ်စေတနာ အလွန်အားသေးလှသဖြင့် သူ့အလိုအလျောက် လုပ်မိသွားသည်ဟုပင် မှတ်ထင်ကြရ၏။ ယင်းအလုပ်များမှာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ လျှောက်ခြင်းစသော အလုပ်မျိုးဖြစ်၏။ ဤကဲ့သို့သော အလုပ်မျိုးသည် ထူးခြား ထင်ရှားသော ကောင်းကျိုး ဆိုးကျိုး တစုံတရာကို ဖြစ်ပေါ်စေသော ကံများ မဟုတ်ကြပေ။ ကံအရာမြောက်သော အလုပ်များ မဟုတ်ကြပေ။"

နားလည်ကြသလား။ အဲ ခုနက ရှင်းပြခဲ့တဲ့ သဘောပဲမဟုတ်လား။ (မှန်ပါဘုရား။) ရှေ့ဆက်ဖတ်ပြပါမယ်။

**"အချုပ်ဆိုရလျှင် ရည်ရွယ်ချက်နှင့်တကွ တက်ကြွထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်သော အလုပ်သည် ကံမြောက်၍ မသိသာမထင်ရှားသော သာမန်စိတ်ဖြင့် ပြုလုပ်သော အလုပ်သည် ကံမမြောက်ပေ။"**

ဒီတော့ ဘုန်းကြီး အခုနကပြောခဲ့တယ်၊ "အကောင်းအဆိုး ရည်ရွယ်ချက် တခုခု ပါရမယ်။ တက်ကြွထက်သန်တဲ့စိတ် ရှိရမယ်။ အဲဒီ အလုပ်မှသာလျှင် ကံအရာ မြောက်တယ်"လို့ ပြောခဲ့တယ်။ အဲဒါ ဘုန်းကြီးက ဗမာစကားနဲ့ နားလည်အောင်ပြောတာ။ ဟောဒီမှာ ရှေ့ကိုဆက်ပြီး နားထောင်ပါဦး။

"**ယင်း တက်ကြွ ထက်သန်သော စိတ်ကို စေတနာဟု ခေါ်သည်**"တဲ့။ တက်ကြွ ထက်သန်တဲ့စိတ်ကို ဘာလို့ ခေါ်သလဲ။ (စေတနာပါဘုရား။) အင်္ဂလိပ်လို Motive သို့မဟုတ် Volition လို့ ဘာသာပြန်ကြပါတယ်။

**"ဤ တက်ကြွသည့် စိတ်သဘောကြောင့်ပင် ကိုယ်ဖြင့် ပြုလုပ်မိ၏။ နှုတ်ဖြင့် ပြောဆိုမိ၏။ စိတ်ဖြင့် ကြံစည်တွေးတော ဆင်ခြင်မိ၏။ ယင်း တက်ကြွ ထက်သန်သော စိတ်သဘော စေတနာသည် ကိုယ် နှုတ် စိတ် အလုပ်များ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း အခြေခံပင်ဖြစ်၏။"**

**အကြောင်းစေတနာသည် ကံ** အဲဒီအလုပ်ကို လုပ်နေတုန်းမှာ ဖြစ်ပေါ်နေတဲ့ တက်ကြွတဲ့စိတ်။ အဲဒီစိတ်ကို သို့မဟုတ် အဲဒီစိတ်မှာပါဝင်တဲ့ တက်ကြွတဲ့ သဘောကို စေတနာလို့ခေါ်တယ်။ အဲဒီ စေတနာဟာ ကိုယ်နဲ့ လုပ်တဲ့အလုပ် ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းပဲ။ သူ့ကြောင့်ပဲ ကိုယ်နဲ့ လုပ်မိတယ်။

ဆိုကြပါစို့။ လူတယောက်က ကိုယ့်ကို ဆဲနေတယ်၊ ရေ့တွင်ပဲ နင်ပဲ ငါပဲနဲ့ ဆဲနေတယ်။ ပထမတော့ သည်းခံနေတယ်။ မနေက ပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားလိုပေါ့လေ၊ သူပေးတာကို မယူဘူး၊ အဲ သူက အမျိုးမျိုးဆဲတယ်၊ ကိုယ်က အသာပဲ ငြိမ်နေတယ်။ ပုထုဇဉ်ဆိုတော့ ပြုံးတော့မပြုံးနိုင်ဘူးပေါ့လေ။ ဒါပေမယ့် အဲဒီလို သူကဆဲတုန်း ကိုယ်က ဘာမှ ပြန်မပြောဘဲနဲ့ အဲဒီလို နေတဲ့အခါမှာ ကိုယ့်မှာ အပြစ်ရှိသလား၊ သူ့မှာ အပြစ်ရှိသလား။ (သူ့မှာ အပြစ်ရှိပါတယ်။)

ဘာကြောင့်လဲ။ ကိုယ်က သူ့ဒေါသကို တုံ့ပြန်သောအားဖြင့် စိတ်မဆိုးလို့။ စိတ်ဆိုးလိုက်ပြီဆိုရင်တော့ သူ့ဆီက ပေးလိုက်တာ ကိုယ်ယူရာ မကျပေဘူးလား။ (ကျပါတယ်ဘုရား။)

အဲဒီတော့ ကိုယ့်ဆီကို အဲဒီအပြစ် မယူဘဲ ထားလိုက်တော့ သူအပြစ်က ဘယ်ရောက်သွားတုန်း။ (သူ့ဆီ ပြန်ရောက်သွားပါတယ်ဘုရား။)

သို့သော် ပုထုဇဉ်ဖြစ်နေတော့ တော်ရုံတန်ရုံပဲ သည်းခံနိုင်တယ်။ လွန်လာတဲ့အခါကျတော့ သည်းမခံနိုင်ဘူး။ သည်းမခံနိုင်တဲ့ အခါကျတော့

"သည်းခံမှ၊ သည်းခံမှ"လို့ စိတ်ကတော့ ဆင်ခြင်ပါရဲ့။ ဒါပေမယ့် စိတ်ထဲမှာ "ငါ ဒီကောင် လက်သီးနဲ့ ထိုးလိုက်ရ ကောင်းမလား။ ဒါမှမဟုတ် ခဲနဲ့ ပေါက်လိုက်ရ ကောင်းမလား၊ ဒါမှမဟုတ် အနားရှိတဲ့ တုတ်နဲ့ ကောက်ချလိုက်ရမလား" ဒီလိုစိတ်တွေ ဖြစ်မလာဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

အဲဒီလို ဖြစ်နေပြီဆိုတော့ အဲဒီစိတ်ဟာ တက်ကြွတဲ့စိတ်လား။ သာမန်စိတ်လား။ (တက်ကြွ ထက်သန်တဲ့စိတ်ပါဘုရား။)

**ကာယကံ** အဲလို သည်းမခံနိုင်တဲ့အခါကျတော့ တခါတည်း လက်သီးနဲ့ ထိုးလိုက်တယ်။ ဘာအလုပ်လဲ။ လက်သီးနဲ့ထိုးတော့ ကာယကံ ကိုယ်အလုပ် မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

အဲဒီ ကိုယ်အလုပ်ဟာ ဘာကြောင့် ဖြစ်သလဲ။ အဲဒီ တက်ကြွထက်သန်တဲ့ စိတ်ခေါ်တဲ့ စေတနာကြောင့်နော်။ ဒါကြောင့် ကိုယ်နဲ့ပြုလုပ်တဲ့အလုပ် ကာယကံဖြစ်ရာမှာ စေတနာဟာ အကြောင်းရင်းတရားပဲ။

**ဝစီကံ** နောက်ပြီး နှုတ်အလုပ်ကော။ "သူ့ကိုပြန်ပြီး ဆဲလိုက်မဟဲ့"လို့ စိတ်က တက်ကြွထက်သန်တဲ့စိတ် ဖြစ်ပေါ်လာတဲ့အခါကျတော့ မဆဲလိုက်ဘူးလား။ (ဆဲမိပါတယ် ဘုရား။)

အဲဒီ ဆဲခြင်းဆိုတဲ့ မကောင်းတဲ့ နှုတ်အလုပ် ဝစီကံဟာ အဲဒီ တက်ကြွထက်သန်တဲ့စိတ် စေတနာကြောင့် ဖြစ်တာ မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။)

ဒါကြောင့် ကိုယ်အလုပ်၊ နှုတ်အလုပ်ရဲ့ အကြောင်းရင်းဟာ တက်ကြွထက်သန်တဲ့ စိတ်စေတနာ ဖြစ်တဲ့အတွက် အဲဒီ တက်ကြွထက်သန်တဲ့ စေတနာကိုပဲ 'ကံ'လို့ 'အလုပ်'လို့ နာမည်တပ်လိုက်တယ်။

ဘာကြောင့်လဲဆိုတော့ သူ့ကြောင့် ကိုယ်အလုပ်ဖြစ်တယ်။ သူ့ကြောင့် နှုတ်အပြောဖြစ်တယ်။ သူ့ကြောင့်ပဲ စိတ်အကြံအတွေးတွေ ဖြစ်တယ်။ ဒါကြောင့် တက်ကြွထက်သန်တဲ့ စေတနာကိုပဲ 'ကံ'လို့ ခေါ်လိုက်တယ်။

ဒါကြောင့် ဒီမှာ...

**"ယင်း တက်ကြွထက်သန်သော စိတ်သဘော စေတနာသည် ကိုယ် နှုတ် စိတ် အလုပ်များ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း အခြေခံဖြစ်၏။ ထို့ကြောင့် ထိုစေတနာ (တက်ကြွသော စိတ်သဘော)ကို မြတ်စွာဘုရားက 'ကံ'ဟု နာမည်တပ်တော်မူ၏။"**

ကိုင်း သဘောပေါက်ပြီလား။ အဲဒါ ကံနဲ့ ကံရဲ့ အကျိုးတရားပဲ။

ဘုန်းကြီးတို့ ဒီ အခြေပျိုးဗုဒ္ဓဘာသာ စာအုပ်ကို ဘုန်းကြီးက လူငယ်သင်လို့ နာမည်တပ်ထားတယ်။ အခုပြောခဲ့တဲ့ သဘောတွေ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတွေ သိပြီးသား ဟုတ်ကဲ့လား။ (မဟုတ်ပါဘုရား။)

အကုသိုလ်လုပ်ရင် မကောင်းတဲ့အကျိုးရတယ်၊ ကုသိုလ်လုပ်ရင် ကောင်းတဲ့အကျိုးရတယ်။ ဒီလောက်ပဲ သာမည သိထားကြပါတယ်။ ကဲ အခုတော့ 'ကံ'ဆိုတာ တိတိကျကျ ဘာကိုခေါ်တယ်လို့ သဘောပေါက်ပြီနော်။ ဟုတ်ကဲ့လား။ အဲဒီသဘောကို ဒီစာအုပ်ထဲမှာ ဘုန်းကြီးက ရေးထားတယ်။ ဒီတော့ စာအုပ်ဟာ လူငယ်သင်လား၊ လူကြီးသင်လား။ (လူကြီးသင်ပါ ဘုရား။) လူကြီးသင်ပဲ။ ဘုန်းကြီးက ဖော့ပြီး နာမည်တပ်ထားတာ။ ဘာကြောင့်လဲဆိုတော့ ကောက်ဖတ်ချင်အောင်လို့။

**ကြောင်းကျိုးနိယာမ** ဒီတော့ အခုနက ဘုန်းကြီးပြောခဲ့တဲ့ ဒကာ တယောက်ဟာ သေခါနီးဆဲဆဲ ရောဂါ ပြင်းထန်နေတဲ့အချိန်မှာ သီလ ဆောက်တည်လိုက်တယ်။ ကောင်းတဲ့အလုပ် လုပ်လိုက်တယ်။ သီလ ဆောက်တည်ပြီးလို့ မကြာခင်မှာဘဲ ရောဂါဝေဒနာက ပြင်းထန်

လာတယ်။ အဲဒီလို ပြင်းထန်လာတဲ့အတွက် မကြာခင်ပဲ ကွယ်လွန်သွားတယ်။ ဒီတော့ သီလ ဆောက်တည်စောင့်ထိန်းလိုက်ခြင်းဆိုတဲ့ ကောင်းတဲ့အလုပ် လုပ်ခြင်းကြောင့် ကောင်းတဲ့အလုပ်တည်းဟူသော အကြောင်းကြောင့် အကျိုးဖြစ်ပေါ်ဖို့ရာ မသေမီစပ်ကြားမှာတော့ အချိန်မရဘူး ဟုတ်လား။

ဒီတော့ အကြောင်းရှိရင် အကျိုးပေါ်ရမယ်ဆိုတဲ့ သဘာဝနိယာမအရ သေပြီးနောက် တချိန်ချိန်မှာ ဒီအကျိုးဟာ ဖြစ်ပေါ်ရမယ်ဆိုတဲ့ သဘာဝ မရှိဘူးလား။ (ရှိပါတယ်ဘုရား။) ဒါဟာ ကြောင်းကျိုးသဘာဝပဲ။

**ကံကြောင့်**
**တမလွန်ဘဝဖြစ်**

ဒီတော့ သေပြီးနောက် တချိန်ချိန်မှာ ဒီအကျိုးတရား ဖြစ်ပေါ်ဖို့အတွက် ရုပ်ရောနာမ်ရော ဖြစ်ရမယ်ဆိုတဲ့ သဘောကော ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား။) အဲဒီ သေပြီး နောက်ကျမှဖြစ်တဲ့ ရုပ်နာမ်ကို ဒီဘဝလို့ ခေါ်ရမလား၊ နောက်ဘဝလို့ ခေါ်ရမလား။ (နောက်ဘဝလို့ ခေါ်ရပါမယ် ဘုရား။) ဘာကြောင့်လဲ ဆိုတော့ ဒီဘဝရဲ့ နောက်ဆုံးသေစိတ် ချုပ်ပျက်ပြီး နောက်မှဖြစ်တဲ့ ရုပ်နာမ် ဖြစ်လို့ပဲ။

ဒီတော့ ဒီဘက်ဘဝမှာ ပြုလုပ်လိုက်တဲ့ အလုပ်တည်းဟူသော ကံကြောင့် ဟိုဘက်ဘဝမှာ ဘဝတခု ဖြစ်တယ်ဆိုတာကော မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား။)

ဒီတော့ သေပြီးနောက် ဟိုဘက်မှာ ဘဝတခုလို့ခေါ်တဲ့ ရုပ်အစု နာမ်အစုဟာ အကျိုးအနေနဲ့ ဖြစ်ပေါ်ရပြီဆိုတော့ အဲဒီစိတ်နဲ့ ခန္ဓာကိုယ်ခေါ်တဲ့ နာမ်နဲ့ရုပ်ကို အသစ်ဖြစ်ပေါ်စေတဲ့ အကြောင်းဟာ ကံတရား မဟုတ်ပေဘူးလား။ (ဟုတ်ပါတယ်ဘုရား။)

သို့သော် ဘဝကို လိုချင်တဲ့ ဘဝတဏှာစတဲ့ တခြား အကြောင်းတွေလဲ ရှိသေးတယ်။ ဘဝတဏှာဆိုတာ အသက်ရှင်ချင်တဲ့ စိတ်ပဲ။

**ဘဝဆိုတာ ဘာလဲ** ဒီတော့ ဘုန်းကြီးတို့ ဘာ စဉ်းစားကြည့်ရမလဲဆိုရင် "ဘဝဆိုတာ ဘာကိုခေါ်သလဲ"ဆိုတာကို စဉ်းစားကြည့်ရမယ်။ စိတ်နဲ့ ခန္ဓာကိုယ်နှစ်ခု ပေါင်းစပ်ပြီးတော့ ရှင်နေတာကို ခေါ်တာမဟုတ်လား။ (မှန်ပါဘုရား။)

သေနေတာကို ဘဝလို့ ခေါ်သလား။ (မခေါ်ပါဘုရား။)

သချိုင်းကုန်းက အလောင်းကောင်ကြီးကို လူတွေက ဘဝလို့ ခေါ်သလား။ (မခေါ်ပါဘုရား။) မခေါ်ဘူးနော်။

ဒီတော့ စိတ်နဲ့ကိုယ် နှစ်ခုပေါင်းစပ်ပြီးတော့ အဆက်မပြတ် ဖြစ်ပျက်လျက် ရှင်နေတာကိုပဲ ဘဝလို့ ခေါ်တယ်နော်။

**တမလွန်ဘဝ** ဒါဖြစ်ရင် အဲဒီ ရှင်နေတာကို လူက ကြိုက်သလား။ မကြိုက်ဘူးလား။ (ကြိုက်ပါတယ်ဘုရား။) အသက်ရှင်နေတာကို ကြိုက်တယ်ဆိုကတည်းက ဒီစိတ်နဲ့ ခန္ဓာကိုယ် နှစ်ခုပေါင်းပြီးတော့ ဖြစ်နေတဲ့ ဘဝ ဖြစ်ပေါ်မှုကို ကြိုက်နေတယ်ဆိုတဲ့သဘော မဟုတ်ဘူးလား။ (မှန်ပါတယ်ဘုရား။)

အဲဒီတော့ ဘဝတဏှာ၊ ဘဝကို တွယ်တာတပ်မက်တဲ့ တဏှာဆိုတာ အရပ်စကားနဲ့ ပြောရရင် **အသက်ရှင်ချင်တဲ့စိတ်**ပဲ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

အဲဒီ အသက်ရှင်ချင်တဲ့ စိတ်ကြောင့်၊ တနည်းဆိုရရင် စိတ်နဲ့ ခန္ဓာကိုယ်၊ နာမ်နဲ့ရုပ် ဒီနှစ်ခု ဆက်လက်ပြီး ဖြစ်ပေါ်နေစေချင်တဲ့ စိတ်ခေါ်တဲ့ အသက်ရှင်ချင်စိတ်ကြောင့်ပဲ (ပြုခဲ့တဲ့ ကံ အရှိန်ကြောင့် အကျိုးဖြစ်ပေါ်ရမယ့် အခြေအနေကလဲ ရှိနေတော့) ဒီ စိတ်နဲ့ရုပ်ဟာ အပြီးသတ် ပြတ်စဲမသွားဘဲနဲ့ နောက်တဖန် ဆက်လက်ပြီးတော့ ဖြစ်ပေါ်ရပြန်တယ်။ အဲဒီ နောက်ထပ် ဆက်လက်ပြီးဖြစ်တဲ့ စိတ်နဲ့ရုပ်ကိုပဲ သေစိတ်ချုပ်ပြီးမှဖြစ်လို့ "နောက်တဘဝ တမလွန်ဘဝ"လို့ ခေါ်ရတယ်။

**ကားတဏှာကြောင့် ကားစီးရ**

စဉ်းစားကြည့်ပါ။ ဘုန်းကြီးတို့ ကားစီးချင်တဲ့စိတ် ပြင်းထန်လာပြီဆိုလို့ရှိရင် ကားရအောင် လုပ်တယ်။ ကားစီးချင်တဲ့စိတ် သာမန်ဖြစ်တုန်းတော့ ကားရဖို့ မလုပ်သေးပါဘူး။ "ကားမစီးရလဲ ကိစ္စမရှိပါဘူး၊ လမ်းလျှောက်သွားလဲ ရတာပဲ၊ ဘတ်စ်ကားတွေ စီးလဲ ရတာပဲ"လို့ တွေးတယ်။ ဒါ သာမန် စီးချင်စိတ် ဖြစ်တုန်းအချိန်။

ကိုယ့်ကားကလေးနဲ့ကိုယ် စီးချင်ပြီး အလွယ်တကူ သွားချင်တဲ့စိတ် စီးချင်တဲ့စိတ် ပြင်းထန်လာပြီဆိုရင် ကားရအောင် မလုပ်ဘူးလား။ (လုပ်ပါတယ် ဘုရား။) ကားရအောင် တနည်းနည်းနဲ့ လုပ်တယ်။ လုပ်လို့ရှိရင်လဲ အနေးနဲ့အမြန် ရတော့တာပဲ။ ကားလိုချင်တဲ့ တဏှာနဲ့ ကားရအောင်လုပ်ချင်တဲ့ဆန္ဒ ပြင်းထန်ဖို့ပဲ လိုတယ်။

လိုချင်တဲ့ဆန္ဒ ပြင်းပြရမယ်။ ကားလိုချင်တဲ့တဏှာ ပြင်းပြရမယ်။ ဒီနှစ်ခု ပေါင်းမိပြီဆိုရင်တော့ ကားကို မရရအောင် အနည်းဆုံး ကားစုတ်ကလေးပဲ ဖြစ်ဖြစ် စီးရအောင် မလုပ်ပေဘူးလား။ (လုပ်ပါတယ်ဘုရား။)

ဒါဖြင့် အဲဒီလူ ကားရခြင်း၊ ကားစီးရခြင်း အကြောင်းက ဘာလဲ။ ပြင်းထန်တဲ့ ကားစီးချင်တဲ့ တဏှာပဲ၊ မဟုတ်ပေဘူးလား။ (မှန်ပါဘုရား။)

**တဏှာဟာ အကြောင်းရင်း**

"တဏှာ"ဆိုတာ တွယ်တာတာ၊ သာယာတာ၊ ကပ်တာ၊ ငြိတာ၊ လိုချင်တာ၊ တပ်မက်တာ၊ နှစ်သက်တာ။ အဲဒီ သဘော အားလုံးပဲ။ ငြိတွယ်တဲ့ သဘောမှန်သမျှ တဏှာချည်းပဲ။

ဒီတော့ ကားစီးချင်တဲ့တဏှာ ပြင်းထန်လာရင် ကားစီးရအောင် လုပ်တော့ ဟော ကားစီးရတယ်။ ဒီလို မဟုတ်ဘူးလား။ ဒီတော့ အချိန်စားမှာစိုးလို့ ဘုန်းကြီးက တခြား ဥပမာပြစရာတွေ အများကြီးကို မပြပါဘူး။

လိုရင်းက ဘာလဲ။ တစုံတရာ ဖြစ်ပေါ်တယ်ဆိုတာ ဖြစ်ပေါ်စေချင်တဲ့ စိတ်ဆိုတဲ့ တဏှာကြောင့် ဖြစ်ပေါ်တာပဲ။ တစုံတရာကို ဖြစ်ပေါ်စေလိုတဲ့ တဏှာ ပြင်းထန်လာတဲ့အခါ ဒီ တစုံတရာ ဖြစ်ပေါ်လာရတာပဲ။

**ကံက ပဲ့ကိုင်ပေးတယ်** အဲဒီအတိုင်းပဲ ဒီစိတ်နဲ့ခန္ဓာကိုယ် ဘဝတခု အနေနဲ့ ဆက်လက် ဖြစ်နေတာကို ရပ်စဲမသွားစေချင်ဘူး။ ဒီစိတ်နဲ့ ခန္ဓာကိုယ် ပေါင်းစပ်ပြီးတော့ အဆက်မပြတ် ဆက်လက် ဖြစ်သွားစေချင်တာဟာ အဲဒီ ဘဝတဏှာပဲ။ တည့်တည့်ပြောရရင် အမြဲတမ်း အသက်ရှင်နေချင်တဲ့ တဏှာပဲ။ အဲဒီ တဏှာကြောင့်ပဲ ဒီစိတ်နဲ့ ဒီခန္ဓာကိုယ်၊ ဒီရုပ်နဲ့ ဒီနာမ်ဟာ ဆက်ပြီးတော့ ဖြစ်ရတယ်။

အဲဒီလို ဖြစ်တဲ့အခါမှာ မိမိလုပ်ခဲ့တဲ့ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့ အလုပ်ဆိုတဲ့ 'ကံ'က ပဲ့ကိုင်ပေးတယ်။ ကောင်းတဲ့အလုပ်က ပဲ့ကိုင်ပေးတဲ့အခါ ကျတော့ ကောင်းတဲ့ဘဝ ကောင်းတဲ့ အခြေအနေတွေ ရတယ်။ မကောင်းတဲ့ အလုပ်က ပဲ့ကိုင်ပေးလိုက်တဲ့အခါကျတော့ မကောင်းတဲ့ဘဝ မကောင်းတဲ့ အခြေအနေတွေရတယ်။ အဲဒါကိုပဲ ကောင်းတဲ့ဘဝ ရတယ်၊ မကောင်းတဲ့ဘဝ ရတယ်၊ ကောင်းကျိုးရတယ်၊ မကောင်းကျိုးရတယ်လို့ ဆိုရတယ်။

ဒါ ထောက်ခြင်းအားဖြင့် မိမိ ပြုလုပ်လိုက်တဲ့ ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်ဆိုတဲ့ အကြောင်းတရားရယ်၊ အသက်ရှင်ချင်စိတ်ဆိုတဲ့ ဘဝတဏှာရယ် ဒီနှစ်ခု ပေါင်းမိပြီဆိုရင်တော့ ဒီရုပ် ဒီနာမ်၊ ဒီခန္ဓာကိုယ်နဲ့ ဒီစိတ်ဟာ ဒီဘဝတွင် အဖြစ်ရပ်ပြီး ပြတ်စဲ မသွားပေဘူး၊ နောက်ဆက်ပြီး ဖြစ်ဦးမှာ သေချာနေတယ်။ အဲဒါကိုပဲ "ကံနဲ့ ဘဝတဏှာက နောက်တဘဝ ဖြစ်အောင် ပြုလုပ်တယ်။ သူတို့ဟာ ဘဝဖြစ်ပေါ်ရေး အကြောင်းတရား တွေပဲ"လို့ ပြောကြရတယ်။

အဲဒါဟာ ဘုန်းကြီးတို့ ဗုဒ္ဓဝါဒအရ ကံနဲ့ဘဝ ဖြစ်ပေါ်မှု ဆက်စပ်ပုံပဲ။ အသက်ရှင်ချင်မှုဆိုတဲ့ ဘဝတဏှာနဲ့ ဘဝဖြစ်ပေါ်မှု ဆက်စပ်ပုံပဲ။

**ငိုတာနဲ့စတဲ့ ဘဝဆင်းရဲ** ဒီတော့ နောက်တဖန် ခန္ဓာကိုယ်နဲ့ စိတ်အသစ် ရုပ်အသစ် နာမ်အသစ် ဖြစ်ပြီဆိုတဲ့ အခါကျတော့ ဆင်းရဲသလား၊ ချမ်းသာသလား။ ဘုန်းကြီးသိလောက်ကို ပြောပါမယ်။ တဘဝအဖြစ်နဲ့ မိခင်ဝမ်းထဲက ကလေးကလေး ဖွားမြင်လာလို့ အပြင်ရောက်တော့ ဆရာဝန်က သို့မဟုတ် သားဖွားဆရာမက ဘာလုပ်သလဲ၊ ကလေး ခြေထောက်နှစ်ချောင်းကို ကိုင်မြှောက်ပြီးတော့ လက်ဝါးနဲ့ တင်ပါးကို မပုတ်လိုက်ဘူးလား။ (ပုတ်ပါတယ် ဘုရား။)

အဲဒီအချိန်မှာ ကလေးက ဝမ်းသာလို့ မရယ်ဘူးလား။ (ရယ်ပါတယ် ဘုရား။)

ဟင်... ဘယ်လို။ (ငိုပါတယ်ဘုရား။)

ဟုတ်ကဲ့လား ဘယ့်နှယ်တုန်း။ ဝမ်းသာလို့ မရယ်ပေဘူးလား။ (မရယ်ပါ ဘုရား။)

ဘာလုပ်သလဲ။ (ငိုပါတယ်ဘုရား။)

ဒါဖြင့် ဘဝဆိုတာ စကတည်းက ငိုတာနဲ့စသလား၊ ရယ်တာနဲ့ စသလား။ (ငိုတာနဲ့ စပါတယ်ဘုရား။)

ငိုတာနဲ့ စတာထောက်တော့ ဧကန္တ ဒီဘဝဟာ ချမ်းသာလို့ပဲ။ (ဆင်းရဲလို့ပါဘုရား။)

သေချာရဲ့လား။ (သေချာပါတယ်ဘုရား။)

သေချာတာပေါ့၊ ငိုတယ်ဆိုတာ ဆင်းရဲလို့ပေါ့။ နောက် တခြားဟာ မပြောပါနဲ့၊ အမိဝမ်းထဲမှာ လေစိမ်းမထိရတဲ့ ဒီလောက် အသားနုနုကလေး အပြင်ထွက်လို့ လေအေးနဲ့ ထိတဲ့အခါကျတော့ မနာကျင်ပေဘူးလား။ (နာကျင်ပါတယ် ဘုရား။) အဲဒီကတည်းက ဆင်းရဲနဲ့ မစဘူးလား။ ဒါက အများသိနိုင်တဲ့ ဆင်းရဲအစကို ပြောတာပါ။

မြတ်စွာဘုရားကတော့ အမိဝမ်းတွင်းမှာ ပဋိသန္ဓေ နေစဉ်ကတည်းက ဆင်းရဲတဲ့ ဇာတိဒုက္ခကိုလဲ သိမြင်တော်မူတယ်။

**စိတ်ဆင်းရဲက ပို** အဲဒီတော့ ကိုယ့်ကိုယ်ကို ပြန်ကြည့်လို့ရှိရင် စိတ်ဆင်းရဲတာရော ကိုယ်ဆင်းရဲတာရော ဒီဘဝတလျှောက် ကိုယ်ရောက်နေတဲ့ အသက် အပိုင်းအခြားအထိ ပြန်ကြည့်လိုက်ရင် ဆင်းရဲတာ များသလား၊ ချမ်းသာတာ များသလား။ ကိုယ့်ဘာသာ ကိုယ်အသိဆုံးပဲ။ အထူးသဖြင့် စိတ်ဆင်းရဲမှုကို ကြည့်ရမယ်။

လူဟာ ကိုယ်ဆင်းရဲတာနဲ့ စိတ်ဆင်းရဲတာ ဘယ် ဆင်းရဲဒဏ်ကို အတော်အတန် ခံနိုင်ရည်ရှိသလဲ။ (ကိုယ်ဆင်းရဲတာကို ခံနိုင်ပါတယ်ဘုရား။)

ကိုယ်ဆင်းရဲတာကို နည်းနည်း ခံနိုင်တယ်။ စိတ်ဆင်းရဲဒဏ်ကျတော့ ခံနိုင်သေးရဲ့လား။ (မခံနိုင်ပါဘုရား။)

တချို့မှာ စိတ်ကျွမ်းပြန်ပြီးတော့ ကိုယ့်ကိုယ်ကို သတ်သေကြတယ် မဟုတ်ဘူးလား။ အဲဒါ ကိုယ့်ကိုယ်ကို သတ်သေတာ ကိုယ်ဆင်းရဲလို့လား၊ စိတ်ဆင်းရဲလို့လား။ (စိတ်ဆင်းရဲလို့ပါ ဘုရား။)

အဲဒါ ကြည့်ခြင်းအားဖြင့် စိတ်ဆင်းရဲမှု ဒဏ်ချက်ဟာ အင်မတန် ကြီးမားတယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား။)

**ဆင်းရဲတဲ့ လူချမ်းသာတွေ** ဒါဖြင့် ဘဝ အဆင်ပြေနေလို့ ရွှေဘုံ ငွေဘုံပေါ်မှာ စံနေရတဲ့ လူတွေ၊ လူချမ်းသာဆိုတဲ့ သူဌေးကြီး သူကြွယ်ကြီးတွေ ကိုယ်ဆင်းရဲတော့ မရှိဘူးထားကြပါစို့၊ ရောဂါဝေဒနာကလဲ မရှိဘူးဆိုကြပါစို့။ သက်သက်သာသာ နေရလို့ ခန္ဓာကိုယ် အင်မတန် ချမ်းသာနေပြီ။ အဲဒီလူတွေမှာ ချမ်းသာချည်းပဲ ရှိသလား၊ ဆင်းရဲမရှိဘူးလား။ (ရှိပါတယ်ဘုရား။)

ဘာဆင်းရဲလဲ။ (စိတ်ဆင်းရဲပါဘုရား။)

အဲ ပစ္စည်းချမ်းသာလေ စိတ်ဆင်းရဲပိုလေ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

ရတဲ့ပစ္စည်း သူများလုသွားမှာ၊ ခိုးမှာ၊ တိုက်မှာ၊ နှိုက်မှာ ကြောက်ရတာက တမျိုး၊ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒီကြောက်တဲ့စိတ်ဟာ ဆင်းရဲစိတ်လား၊ ချမ်းသာစိတ်လား။ (ဆင်းရဲစိတ်ပါ ဘုရား။)

တခါ စိတ်ထားမတတ်ရင် သူများက ကိုယ့်ထက် ပစ္စည်းသာလာမှာ စိုးရိမ်တဲ့စိတ်ကော မရှိဘူးလား။ (ရှိပါတယ်ဘုရား။) သူတပါးက ကိုယ့်ထက် သာလာမှာ စိုးတဲ့စိတ်၊ ကိုယ့်ထက်သာတာကို မကြည့်ရက် မရှုရက်တဲ့ မနာလိုစိတ် ကြွလာ။ အဲဒါကော ဆင်းရဲလား၊ ချမ်းသာလား။ (ဆင်းရဲပါဘုရား။)

**အတောမသတ်တဲ့ လောဘ**

ပြီးတော့ သူဟာ အဲဒီလောက် ချမ်းသာရုံနဲ့ ကျေနပ်သလား။ (မကျေနပ်ပါဘုရား။) သိန်း ၁ ထောင်၊ ၁ သောင်း ချမ်းသာပါစေ သူ မကျေနပ်သေးဘူး၊ ဟုတ်လား။ မကျေနပ်သေးတဲ့အခါကျတော့ ရှာတိုးတိုးရအောင် သူ မကြံပေဘူးလား။ (ကြံပါတယ်ဘုရား။)

ကြံစည်ရတဲ့ အခါမှာကော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ်ဘုရား။)

ကြံစည်တဲ့အတိုင်း မဖြစ်တဲ့အခါမှာရော မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ်ဘုရား။)

ဒါဖြင့်ရင် ဒီ လူချမ်းသာကြီး ချမ်းသာတယ်ပေါ့။ (မချမ်းသာပါဘုရား။)

ဟင် ဆင်းရဲတယ်။ ဒီလိုဆိုတော့ ဆင်းရဲတယ်ဆိုတာ ကိုယ်ကို ပဓာနအားဖြင့် ပြောရမှာလား၊ စိတ်ကို ပဓာနအားဖြင့် ပြောရမှာလား။ (စိတ်ကို ပဓာနထားရပါမယ် ဘုရား။)

ဒီတော့ စိတ်များ တကယ်လို့ ချမ်းသာတယ်ဆိုရင်တော့ ကိုယ်ဆင်းရဲချင် ဆင်းရဲပါစေ မလိုလားအပ်ဘူးလား။ (လိုလားအပ်ပါတယ် ဘုရား။)

လိုလားအပ်တဲ့ အခြေအနေပဲ၊ ဟုတ်လား၊ တကယ်သာ စိတ်ချမ်းသာ နေပြီဆိုရင် ကိုယ်ဆင်းရဲတာကို ထည့်တွက်ပါ့မလား။ (မတွက်ပါဘုရား။)

**ချမ်းသာတဲ့ မောင်ငမွဲ**

ဘုန်းကြီး မန္တလေးမှာနေစဉ်က တွေ့ဖူးတယ်။ မန္တလေးနေဟာ ဒီအချိန်မှာ သိပ်ပူတယ်။ အဲဒီ ကဆုန်လ အချိန်ကြီးမှာ ဆိုက်ကားနင်းစားတဲ့ ပုဂ္ဂိုလ်။ တနေ့စာ ပင်ပင်ပန်းပန်း ဆိုက်ကားနင်းပါမှ သူ့မိသားစုအတွက် တနေ့ ထမင်းစားရရုံ ရှိတာပဲ။ အဲ သူ့ခမျာ ဝတ်ထားတာက ပုဆိုးကလဲ အစုတ်အပြဲနဲ့၊ အင်္ကျီကလဲ အဖာအထေးနဲ့။ ဒါပေမယ့် အဲဒီ ဆိုက်ကားဆရာဟာလေ နေပူကြီးထဲမှာ ဆိုက်ကားနင်းသွားတာ လေကလေး တချွန်ချွန်နဲ့၊ တွေ့ဖူးလား။

ဘယ်လောက်ကျအောင် သူ့စိတ်ထဲမှာ ပျော်နေသလဲဆိုရင် လမ်းဆုံ လမ်းခွရောက်လို့ အကွေ့များရောက်ရင် ကွေ့လိုက်တာများ ဆိုက်ကားဘီးတဘက် မြေကြီးမထိဘူး။ အဲဒီလောက်ကျအောင် သူ ပျော်နေတာ။ နေကြီးက အပေါ်က ကျဲကျဲတောက် ပူနေသနော်။ သူနင်းရတာက ခရီးသည် တယောက်ကိုတင်ပြီး နင်းလာတာ။ အဲဒါကြီးကိုပဲ လေချွန်သေးတယ်။ တဘက်က ဘီးထောင်အောင်လဲ နင်းသေးတယ်ဆိုတော့ သူ့စိတ် ဘာဖြစ်နေတာလဲ။ (သိပ်ပျော်နေပါတယ်ဘုရား။)

ဒါဖြင့် သူ့ကိုယ် မဆင်းရဲဘူးလား။ (ဆင်းရဲပါတယ်ဘုရား။) ဒါပေမယ့် စိတ်တော့ မဆင်းရဲဘူး၊ ချမ်းသာနေတယ်။

ဒီတော့ အဲဒါကို ထောက်ခြင်းအားဖြင့် စိတ်ချမ်းသာမယ်ဆိုရင် ကိုယ်ဆင်းရဲကို ထည့်တွက်ကြမလား၊ မတွက်ကြဘူးလား။ (မတွက်ပါဘုရား။) မတွက်တာများတယ်။

**အမေရိကန်တွေ သိပ်ဆင်းရဲတယ်**

ဘုန်းကြီး အမေရိကကို ၁၉၇၉ ခုနှစ်မှာ ရောက်တုန်းက ဆန်ဖရန်စစ္စကို ရောက်တဲ့အခါကျတော့ ဒေးဗစ်ဆိုတဲ့ အမေရိကန် ဒကာက ဘုန်းကြီးတို့ကို ဟိုဟိုဒီဒီ လိုက်ပြီးပြတယ်။ သွားစရာ ကြည့်စရာ ရှုစရာ နေရာတွေ လိုက်ပို့တယ်။ ဒီ ဒေးဗစ်က ခရစ်ယာန် ဘာသာဝင်ပါပဲ။ သို့သော်လဲပဲ ရင်းနှီးခင်မင်လို့မို့ လိုက်ပို့တာ။ သူနဲ့ကတော့ အင်မတန် ရင်းနှီးတယ်။ ကားပေါ်မှာ ဘုန်းကြီးက ပြောတယ်။

"ဒေးဗစ်၊ အမေရိကန်မှာ လူဖြစ်ရတဲ့လူတွေ သိပ်ကံကောင်းတာပဲ"လို့။

"ဘာဖြစ်လို့လဲ"လို့ သူကမေးတယ်။

"အစစအရာရာ အကုန် ပြည့်စုံတာပဲ၊ ဘာမှ လိုလေသေးမရှိဘူး။ အစားရော အသောက်ရော အနေအထိုင်ရော လူ အသုံးအဆောင်ဆိုရင်လဲ အထက်တန်းကျကျ ဘာမဆို ခလုတ်နှိပ်လိုက်ရုံနဲ့ အကုန်ဖြစ်တာ၊ ဒီဘဝမျိုးမှာ ဆိုရင်တော့ ဒို့များလဲ လိုချင်ပါရဲ့။ ဒို့ဆီနဲ့ သိပ်ကွာတာပဲ"လို့ ပြောတော့ ဒေးဗစ်က ဘယ့်နှယ်ပြောသလဲဆိုတော့ –

"ခင်ဗျားထင်တာပါ၊ တကယ်တော့ အမေရိကန်တွေဟာ အမြဲတမ်း စိုးရိမ်ရမှု၊ တောင့်တမှု၊ ကြောင့်ကြမှု၊ ပူဆွေးရမှုတွေနဲ့ နပန်းလုံးနေရတဲ့ စိတ်မချမ်းသာတဲ့လူတွေ"လို့ သူကပြောတယ်။ စိတ်မချမ်းသာတဲ့ လူတွေတဲ့။

"နယူးယောက်မှာ ဆိုလို့ရှိရင် တကယ့် စီးပွားရေးမြို့ ဆိုတော့ ဟိုလူ့လည်ပင်း ငါ ဘယ်ကစပြီးတော့ နင်းရမလဲဆိုတာ စဉ်းစားနေကြတာ"တဲ့။ စီးပွားပြိုင်ရင်း တဦးလည်ပင်း တဦးညှစ်တာကို သူက ပြောနေတာကိုး။

တခါ သူ့ကို ကိုယ်က စီးပွား အမီလိုက်ဖို့ စဉ်းစားရတယ်။ ဒါကြောင့်လဲ စိတ်ဆင်းရဲရတယ်။ မမီပြန်တော့လဲ စိုးရိမ်ရတယ်၊ စိတ်ဆင်းရဲရတယ်။

**တိုးတက်လေ ဆင်းရဲလေ** တခါ ကိုယ်က အမေရိကန် လူမှုရေးအရ ရသင့်ရထိုက်တဲ့ ရှိသင့်ရှိထိုက်တဲ့ လူမှုအသုံးအဆောင်တွေ ကိုယ့်အိမ်မှာ မရှိဘူး ဆိုရင်လဲပဲ စိတ်ဆင်းရဲရတယ်၊ တခါ ရှိအောင် ဆိုတော့ ငွေက လိုလာပြန်တယ်။ ပိုက်ဆံကို တိုးရှာရပြန်တယ်။ တိုးရှာရလေ စိတ်က ဆင်းရဲလေ။ တိုးရှာတဲ့အတွက် ပြည့်စုံရင် နည်းနည်းတော်သေးရဲ့၊ မပြည့်စုံဘူးဆိုပြန်တော့ တခါ စိတ်ဆင်းရဲရပြန်တယ်။ ဒါကြောင့်မို့ –

"ချမ်းသာလေ ဆင်းရဲလေပဲ"လို့ ဘုန်းကြီးက မှတ်ချက်ချတာ။ မဟုတ်ဘူးလား။ (မှန်ပါဘုရား။)

ချမ်းသာလေ ဆင်းရဲလေ ဆိုရမလား တိုးတက်လေ ဆင်းရဲလေ ဆိုရမလား။ "တိုးတက်လေ ဆင်းရဲလေ။" ဒါက ပိုမှန်တယ်နော်။

**စိတ်ဓာတ်ကို လေ့ကျင့်ပြီး ပြုပြင်မပေးလို့ စိတ်ဓာတ် မရင့်ကျက်ရင် ရုပ်ပစ္စည်းဘက်က တိုးတက်လေ ဆင်းရဲလေပဲ။**

သူတို့ဆီမှာ ဆင်းရဲပုံကို ဘုန်းကြီးက ဘုန်းကြီးရေးတဲ့ "နိုင်ငံခြားမှ ပေးစာများ"စာအုပ်ထဲမှာ ဖော်ပြဖူးတယ်။ အရှေ့နိုင်ငံတွေနဲ့ အနောက်နိုင်ငံတွေ အနက် အရှေ့နိုင်ငံတွေက ချမ်းသာပုံကို ဘုန်းကြီး ဖော်ပြထားဖူးတယ်။ အနောက်နိုင်ငံက လူဆင်းရဲဆိုတာနဲ့ အရှေ့နိုင်ငံက လူဆင်းရဲဆိုတာမှာ အရှေ့နိုင်ငံ လူဆင်းရဲက ပိုပြီးချမ်းသာပုံကို ဘုန်းကြီး အဲဒီမှာ ရေးထားပါတယ်။ အခုတော့ မပြောတော့ပါဘူး။ ဘုန်းကြီး အဲဒီရေးတဲ့ ရည်ရွယ်ချက်ကတော့ "ကိုယ်ချမ်းသာတာထက် စိတ်ချမ်းသာတာက ပိုအရေးကြီးတယ်"ဆိုတာ သိစေလိုတဲ့ ရည်ရွယ်ချက်ပါပဲ။

**လောကမှာ ရုပ်ပစ္စည်းတွေ ဘယ်လောက်ပဲ တိုးတက်နေနေ စိတ်ဓာတ် ပြုပြင်ရေး၊ လေ့ကျင့်ရေးဘက်က မတိုးတက်ဘူးဆိုရင်တော့ အဲဒီ နိုင်ငံသူ နိုင်ငံသား အဲဒီလူဟာ ဆင်းရဲမှာ သေချာတယ်။ ထားကြစို့။ ဒီတော့ ခုနက ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း ခန္ဓာကိုယ် ဆင်းရဲပင်ဆင်းရဲငြား သော်လဲပဲ စိတ်ချမ်းသာမှု ရနိုင်တယ်ဆိုရင် အဲဒါဟာ လိုလားအပ်တဲ့ အခြေအနေပဲ။**

**ချမ်းသာကြောင်း နည်းလမ်း**

အဲဒီ "စိတ်ချမ်းသာမှု ရနိုင်တဲ့ နည်းလမ်းတွေ ရှိသလား"ဆိုတော့ လောကကြီး အကျယ်ကြီးဆိုတော့ အဲဒီလောက အကျယ်ကြီးမှာ ဘာသာအယူဝါဒကလဲ မြောက်မြားစွာရှိတော့ မိမိတို့ဘာသာ အယူဝါဒအလျောက် စိတ်ဆင်းရဲ သက်သာစေတဲ့ ငြိမ်းစေတဲ့ နည်းလမ်းတွေ ရှိတယ်။ ချမ်းသာစေတဲ့ နည်းလမ်းတွေ ရှိတယ်။ အဲဒီ နည်းလမ်းတွေအနက်က ဗုဒ္ဓဝါဒထဲက ထင်ရှားတဲ့ နည်းလမ်းကို ဘုန်းကြီးက ဒီနေ့ ထုတ်ပြရမယ်။

ဒီတော့ အခုတော့ အချိန်အတော်ကြာသွားပြီဖြစ်လို့ အဖျော်ရည် တိုက်မည့်သူများလဲ အဖျော်ရည်တိုက်ရအောင်။ နားချင်သူများလဲ နားရအောင် ခဏ ဆယ်မိနစ်လောက် နားကြစို့။ [ မိနစ် ၂၀ နားကြသည်။ ]

**ဆင်းရဲငြိမ်းအေး ချမ်းသာရေး စာအုပ်မှ**

**ကောက်နုတ်ချက် ပြီး၏။**

# အနောက်တိုင်းမှ ဘာဝပြဿနာ

ကာံနှင့်တမလွန်ဘဝ သဘောတရား ကို ဗုဒ္ဓဝါဒ ရှုထောင့်မှ ဖတ်ရှုပြီးလျှင် အနောက်တိုင်း အမြင်ကိုလည်း ဆက်လက် ဖတ်ရှုနိုင်ရန် *အနောက်တိုင်းမှဘာဝပြဿနာ* စာအုပ်ကိုပါ ပူးတွဲ ပုံနှိပ် ထုတ်ဝေခြင်း ဖြစ်ပါသည်။

# ဘာသာပြန်သူ၏စကားဦး

**လူနှင့်ဘာသာတရား** လူသား၏ ဘဝတလျှောက်တွင် ချမ်းသာနှင့် ဆင်းရဲသည် ဒွန်တွဲကာ လိုက်ပါလျက် ရှိ၏။ သို့ရာတွင် ယေဘုယျအားဖြင့်မူ ဆင်းရဲ၏ ဖိစီးနှိပ်စက်မှုကသာ အဆပေါင်းများစွာ ပိုမိုလျက် ရှိ၏။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ဘဝကို ဆင်းရဲတုံး အဖြစ်ဖြင့်သာ ရှုမြင်ခဲ့ပေသည်။

လူသည် ဆင်းရဲနှင့် တွေ့ကြုံလာလျှင် ထိုဆင်းရဲမှ လွတ်မြောက်ရေးအတွက် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း အားထုတ်၏။ ဤသည်မှာ ကမ္ဘာပေါ်တွင် လူ စတင် ဖြစ်ပေါ်လာသည့် အချိန်မှ စ၍ ယနေ့အထိ ပြောင်းလဲမှု မရှိသော လူသား၏ သဘာဝ ဖြစ်၏။ သို့ရာတွင် လူသားသည် သူ၏ကိုယ်စွမ်း ဉာဏ်စွမ်းဖြင့် ထိုဆင်းရဲမှ မလွတ်မြောက်နိုင်သော အခါများကိုလည်း ကြိမ်ဖန်များစွာ ကြုံခဲ့ရ၏။ ထိုကဲ့သို့သော အခါမျိုးတွင် သူသည် သူ့ထက် စွမ်းရည်သတ္တိ သာလွန်သော တစုံတရာကို အားကိုးရာအဖြစ် ရှာဖွေ၏။ သူ၏ ခုခံတွန်းလှန်နိုင်သော စွမ်းအားကို အနိုင်ယူကာ ထိုဆင်းရဲကို ဖန်တီး ဖြစ်ပေါ်စေသော သဘာဝအင်အားများကို ကြောက်ရွံ့လာသဖြင့် ထိုသဘာဝအင်အားများကို မျက်နှာလိုအားရ ပြုလုပ်လိုသော ဆန္ဒများလည်း သူ့တွင် ကိန်းဝပ်လာ၏။ ထို သဘာဝ ဘေးရန်နှင့် အတန်တန်သော ဆင်းရဲတို့ကို တွန်းလှန်ဖယ်ရှားပေးနိုင်သည်ဟု ယူဆသော အရာတို့ကို အားကိုးအားထားလိုစိတ်များလည်း တဖွားဖွား ဖြစ်ပေါ်လာတော့၏။

သို့ဖြင့် လူသား၏ စိတ်အစဉ်တွင် နတ် အမျိုးမျိုးနှင့် တန်ခိုးရှင် အစားစားတို့သည် အသွင် အမျိုးမျိုးဖြင့် ခိုဝင် တည်ရှိလာကြတော့သည်။

တဖန် ထိုမှ တဆင့်တက်ကာ အကောင်းနှင့် အဆိုးကို ခွဲခြမ်းစိတ်ဖြာလာ၏။ အမှန်နှင့် အမှားကို ဝေဖန် စိစစ်လာ၏။

တဖန် တဆင့်တက်ပြန်ကာ ဘဝ၏ အနှစ်၊ ဘဝ၏ အဓိပ္ပာယ်၊ ဘဝ၏ ရည်ရွယ်ချက်တို့ကို ဆန်းစစ်လာ၏။

ထိုသို့ ဘဝ၏ သဘောကို စောကြော စိစစ်ရင်းပင် ဘဝဟူသည်မှာ နှစ်သက်သာယာဖွယ်ရာ ချမ်းသာသုခ နည်းပါး၍ မနှစ်မြို့ မခံသာဖွယ်ရာ ဆင်းရဲဒုက္ခတို့သာ များလျက်ရှိသည်ကို သိရှိလာတော့၏။ ထိုအခါ ထိုဘဝ ဆင်းရဲကို ပြုလုပ်ပေးသော လက်သည် အကြောင်းတရားကိုလည်း ရှာ၏။ ဘဝဆင်းရဲမှ ကင်းဝေးရာ ထာဝရ ချမ်းသာကိုလည်း ရှာ၏။ ထိုထာဝရ ချမ်းသာ ရရှိရေး နည်းလမ်းကိုလည်း ရှာလေတော့၏။

သို့ဖြင့် ကမ္ဘာပေါ်တွင် အမျိုးမျိုးသော ဘာသာတရားတို့သည် ငွါးငွါးစွင့်စွင့် ပေါ်ပေါက်လာတော့၏။ ထို ဘာသာတရားတို့ အမျိုးမျိုး အထွေထွေ ကွဲပြားကြသလောက် ယင်းတို့၏ ဟောပြော သင်ကြားချက်များမှာလည်း တခုနှင့် တခု မတူကွဲပြား ခြားနားလျက်ရှိ၏။

ဘာသာဝင် အသီးသီးတို့၏ ခံယူချက်များမှာ လူသား၏ မျက်မြင် နားကြား စသော ***သာမာန်အာရုံသိစိတ် ငါးမျိုး***[၁] ဖြင့် လက်လှမ်းမှီနိုင်,

၁။ အာရုံသိစိတ် ငါးမျိုးဆိုသည်မှာ (Five Senses)ကို ဆိုလိုပါသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူသော အာရုံငါးပါးကို သိသောစိတ်နှင့် ထိုစိတ်အရင်းခံ၍ သိနားလည်သော စိတ်အားလုံးပင် ဖြစ်ပါသည်။ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ ထိတွေ့ခြင်းအားဖြင့် သိနားလည်တတ်သော စိတ်အားလုံးကိုခြုံ၍ အာရုံသိစိတ် ငါးမျိုးဟု သုံးစွဲခြင်းဖြစ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာ အရဆိုသော် **ပဉ္စဒွါရိကဝိထိစိတ်**များနှင့် **တဒနုဝတ္တကမနောဒွါရိကဝိထိစိတ်**များပင် ဖြစ်သည်။

သိနိုင်သော အချက်များ ရှိသလို ထိုသာမာန် အာရုံသိစိတ် ငါးမျိုးဖြင့် လက်လှမ်းမမှီနိုင် မသိနိုင်သောအချက်များလည်း တင်းကျမ်းပြည့် ရှိနေ၏။

လူ့အသိုက်အဝန်းအတွင်း၌ လိုက်နာဖွယ် ပြုကျင့်ဖွယ် လုပ်ဆောင်ဖွယ်တို့နှင့် ပတ်သက်၍ ဘာသာတရားတို့၏ ညွှန်ကြားချက်များသည် သာမာန် အာရုံသိစိတ် ငါးမျိုးဖြင့် သိနားလည်နိုင်သော အချက်များလိုလိုချည်း ဖြစ်၏။

သို့ရာတွင် ဂျေဟိုဗအရှင်၊ ထာဝရသခင်၊ ခိုဒါအရှင်နှင့် မဟာဗြဟ္မာ စသော တန်ခိုးရှင်များသည်လည်းကောင်း၊ ဝိညာဉ်၊ အတ္တ၊ တမလွန်ဘဝ၊ ကံ စသော သဘောများသည်လည်းကောင်း၊ နိဗ္ဗာန်၊ ကောင်းကင်ဘုံနန်းနှင့် ငရဲခန်းများသည်လည်းကောင်း မျက်မြင် နားကြား အာရုံသိစိတ် ငါးမျိုးဖြင့် လက်ဆုပ်လက်ကိုင် သိနိုင်ရန် မဖြစ်စကောင်းသော အရာများ ဖြစ်ကြ၏။ သို့တစေ ထိုထိုဘာသာဝင် အသီးသီးတို့သည် အဆိုပါ အရာများကို မိမိတို့ ဘာသာတရားက သင်ကြားထားသည့်အတိုင်း ယုံကြည်စိတ်ဖြင့် လက်ခံလာကြ၏။

**ဘာသာတရားနှင့် သိပ္ပံပညာ**

လူသား၏ ကြောင်းကျိုး ဆင်ခြင်တုံပညာသည် အချိန်နှင့် အမျှ တိုးတက်လာခဲ့၏။ သိပ္ပံပညာသည်လည်း လူသား၏ ကြောင်းကျိုးဆင်ခြင်တုံ ပညာကို အမှီလိုက်၍ တရိန်ရိန် တိုးတက်လာခဲ့၏။ သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ လူသည် အရာရာကို သိပ္ပံ ပညာနှင့် စံထိုးလာ၏။ တိုင်းတာလာ၏။ ဓာတ်ခွဲခန်းတွင် စမ်းသပ်လာ၏။

ထိုအခါ သိပ္ပံနည်းဖြင့် လက်တွေ့စမ်းသပ်၍ မရသော အရာများကို တကယ်ရှိ အနေဖြင့် ယုံကြည်လက်ခံရန် နောက်တွန့်လာတော့၏။

သိပ္ပံနည်းဖြင့် စမ်းသပ်၍ မရသော အရာများမှာလည်း သာမာန် အာရုံသိစိတ် ငါးမျိုး၏ နယ်နိမိတ်ပြင်ပမှ အရာများသာ ဖြစ်ရာ ယင်းတို့ကို

ဆင်းရဲနှင့် အကြောက်တရားမှ ပုန်းခိုလိုသော စိတ်များက ဖန်တီး ထုတ်လုပ်လိုက်သော စိတ္တဇအရာများ အဖြစ်သာ မြင်လာတော့၏။

စင်စစ် သိပ္ပံနည်းဖြင့် စမ်းသပ်၍ ရစကောင်းသော အရာများမှာလည်း မျက်မြင် နားကြား အာရုံသိစိတ် ငါးပါး၏ နယ်နိမိတ် အတွင်းရှိ အရာများသာ ဖြစ်ရာ လူ့စိတ်သည်လည်း မျက်မြင် နားကြား လက်ဆုပ်လက်ကိုင် ပြ၍ရသော အရာများကိုသာ 'တကယ်ရှိ' အနေဖြင့် ယုံကြည်လက်ခံလိုသော ဒိဋ္ဌဓမ္မဝါဒ သဘောဘက်သို့ ပို၍ ယိုင်ညွတ်လာခဲ့၏။ အာရုံသိစိတ် ငါးမျိုးဖြင့် သိနိုင်စကောင်းသော အရာများကိုသာ ယုံကြည်လက်ခံရေးကို အလေးပေးလာတော့၏။

**သိစရာနယ်ကျဉ်းလျှင် အမြင်ကျဉ်း၏**

သို့ဖြင့် လူသား၏ အသိဉာဏ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့စရာဟူသော အာရုံငါးပါး၏ နယ်နိမိတ်ကို ကျော်လွန်၍ ကျက်စားဖို့ရာ အခွင့်အရေး နည်းပါးလာတော့၏။ ယင်းသို့ အသိဉာဏ် ကျက်စားစရာ နယ်ကျဉ်းလာသည်နှင့်အမျှ အသိဉာဏ် ဗဟုသုတလည်း နယ်ကျဉ်းလာတော့၏။ အသိအမြင် ကျဉ်းမြောင်းလာသည်နှင့်အမျှ နွားခြေရာခွက်၌ ရှိသော ရေအနည်းငယ်မျှကို သမုဒ္ဒရာ ထင်မှတ်သော ဖားသူငယ်ပမာ မိမိ သိသမျှကလေးကိုသာ အမှန်ဟု စွဲယူနေပြီးလျှင် ဤကျဉ်းမြောင်းသည့် အသိဉာဏ်ကလေး၌သာ စခန်းသပ်၍ ရပ်တန့်နေတော့၏။ သို့ဖြင့် ပဉ္စာရုံ နယ်နိမိတ်ကို ဖောက်ထွင်းကျော်နင်း၍ ကျယ်ပြန့်စွာ လေ့လာ ထားသော အသိအမြင် အယူအဆတို့ကို တွေ့ရသောအခါ ဉာဏ်မမီတော့ရကား 'အလကားဟာတွေပါ' 'စိတ်ကူးယဉ်နေတာတွေပါ' စသည်ဖြင့် ပယ်ရှားမိကာ တယူသန်သမားဘ၀သို့ ကျရောက်ရရှာတော့၏။

**တကယ်ရှိသောစိတ်** စင်စစ်မူ ပဋ္ဌာရုံ နယ်နိမိတ်၏ ပြင်ပ၌ အာရုံ သိစိတ် ငါးပါးတို့ လက်လှမ်းမမီ၍ မသိနိုင်သော တကယ်ရှိ အဟုတ်ရှိ အရာများမှာ မြောက်မြားလှစွာ၏။ အနီးကပ်ဆုံး ဥပမာ တခုပြရလျှင် သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ရှိနေသော'စိတ်'ကို ကြည့်ရ ပေမည်။ စိတ်ကို နာမ် ဟုပဲခေါ်ခေါ်၊ ရုပ်မှ ထုတ်လုပ်ထားသောအရာ ဟုပဲဆိုဆို၊ တိုးတက်နေသော ရုပ်၏ အမြင့်ဆုံးအဆင့်၊ ရုပ်၏ အနုဆုံးအပိုင်း ဟုပဲဆိုဆို၊ မည်သို့ပင်ဆိုဆို၊ မည်သို့ပင် နာမည်တပ်တပ်၊ ရုပ်နှင့် လုံးဝ ခြားနားသောသဘော ရှိသည့် 'သိတတ်သော သဘာဝ' သို့မဟုတ် 'စိတ်' ဆိုသည့်အရာ အမှန်တကယ် ရှိကြောင်းကိုကား ရုပ်ဝါဒီက ဖြစ်စေ၊ နာမ်ဝါဒီက ဖြစ်စေ၊ ဘာ ဝါဒီမှ မဟုတ်သူက ဖြစ်စေ ငြင်းပယ်နိုင်စွမ်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် သတ္တဝါမှန်သမျှ၊ လူမှန်သမျှသည် ဤစိတ်ဦးဆောင်မှု ကြောင့်ပင် သွားလာ၊ လှုပ်ရှား၊ သိမြင်၊ ခံစားနေကြရသည်ကို မသိချင်သော်လည်း မသိဘဲ နေ၍ မရသောကြောင့်ပင်။

သို့သော် 'စိတ်'ကို မျက်စိဖြင့် မမြင်နိုင်၊ နားဖြင့် မကြားနိုင်၊ နှာခေါင်းဖြင့် မနံနိုင် မမွှေးနိုင်၊ လျှာဖြင့် အရသာသိ မသိနိုင်၊ ကိုယ်ဖြင့် မထိမတွေ့နိုင်ပေ။ သို့ဖြစ်ရာ 'စိတ်'သည် အာရုံသိစိတ် ငါးပါး၏ နယ်နိမိတ် ပြင်ပ၌ 'ရှိနေသော အရာ' ဖြစ်၏။ ထို့ကြောင့် မြင် ကြား နံ စား ထိတွေ့ ဟူသော အာရုံသိစိတ် ငါးပါးပေါ်၌ အခြေခံထားသော သိပ္ပံပညာသည် သူ၏ နယ်နိမိတ်ပြင်ပ၌ ရှိနေသော 'စိတ်'ကို နားလည်သဘောပေါက်ရန် ဉာဏ်လှမ်းမမီသော်လည်း 'စိတ်'သည်ကား ပဋ္ဌာရုံ နယ်နိမိတ်ပြင်ပ၌ အမှန်တကယ် ရှိနေသော 'အရှိသဘာဝ'သာ ဖြစ်ပေသည်။

ထို့အတူပင် အာရုံသိစိတ် ငါးပါးတို့၏ နယ်နိမိတ်ပြင်ပ၌ မျက်မြင် နားကြား ဒိဋ္ဌဓမ္မဝါဒသမားတို့ လက်လှမ်းမမီရာ နယ်ပယ်တွင် တကယ် ရှိနေသော အရှိသဘာဝများကား များလှစွာ၏။ ထို အမှန်တကယ်ရှိသော အရာတို့တွင် ဘာသာတရားများက သင်ကြားထားသော ကံ၊ တမလွန်ဘဝ၊ နိဗ္ဗာန်စသော သဘာဝတရားများလည်း ပါဝင်ကြ၏။

**ထူးခြားသော စာအုပ်** ထို ပဋ္ဌာရုံနယ်လွန် သဘာဝများ အမှန်ပင် ရှိကြောင်းကို **Many Mansions** ဟူသော စာအုပ်၌ ဒေါက်တာ ***ဂျီနာစာမီနရာ***[၁] ဆိုသူ စိတ်ပညာပါရဂူ အမျိုးသမီး တယောက်က ကြောင်းကျိုး ဆီလျော်ညီညွတ်စွာ ယုတ္တိသဘာဝကျကျ တင်ပြထားပေသည်။ အထူးအားဖြင့် လူတို့၏ အတိတ်ဘဝ အကြောင်းရပ်များကို ထူးခြားသော သဘာဝလွန် မြင်သိစိတ်ဖြင့် ကြည့်မြင်ဟောပြထားသော ကေစီ ဆိုသူ အမြင်ပေါက်သော အမေရိကန်တယောက်၏ ဘဝဟောစာတမ်းများကို အခြေခံ၍ တမလွန်ဘဝနှင့် ကံတရားတို့၏ စစ်မှန်ပုံကို ကြောင်းကျိုး ဆင်ခြင်တုံ ပညာနှင့် စိတ်ပညာ နည်းစနစ်တို့ကို အသုံးပြု၍ စိတ်ဝင်စားဖွယ်ရာ စိစစ်ဝေဖန်ကာ တင်ပြထားပေသည်။

ကံနှင့် တမလွန် သဘောတရားကို ဉာဏ် တဆုံးနှိုက်၍ ဒေါက်တာ စာမီနရာ၏ ဝေဖန် တင်ပြချက်မှာ လေးနက်၍ အကွက်စေ့လှ၏။ ကံအမျိုးလည်း စုံလှ၏။ **သူမြင်သော ရှုထောင့်မှ သူ သဘောပေါက်သည့် အတိုင်း သူ့နည်း သူ့ဟန်ဖြင့်** တင်ပြထားပုံမှာ စိတ်ဝင်စားစရာ ကောင်းသလောက် ဖတ်၍လည်း အရသာရှိလှ၏။

**အကျဉ်းအကျပ် အခက်အခဲ** အတိတ်ဘဝ အကြောင်းများကို အမှတ်မထင် ပြောမိသော မစ္စတာကေစီသည် လူတို့၏ အတိတ်ဘဝကို သိမြင်နိုင်သော စွမ်းရည်ထူးကို သူ မည်ကဲ့သို့ ရလာသည်ကို သူကိုယ်တိုင်ပင် မသိပေ။ ခရစ်ယာန်ဘာသာဝင် တယောက်ဖြစ်သော သူ၏အယူအဆအရမူ အတိတ်ဘဝ အနာဂတ်ဘဝ ဆိုသည်မှာ မရှိပေ။ ထို့ကြောင့် အတိတ်ဘဝ အကြောင်းများကို သူ့နှုတ်မှ အမှတ်မထင် ပြောဆိုမိသောအခါ လက်ဦးတွင် သူကိုးကွယ်သော ဘာသာတရား နှင့် ဆန့်ကျင်နေပြီလားဟု များစွာပင် စိတ်အနှောင့်အယှက် ဖြစ်လိုက်ရသေး၏။

---

၁။ **Gina Cerminara**

ကေစီ၏ ဟောစာတမ်းများကို နှိုက်ချွတ်ဝေဖန်၍ အတိတ်ဘဝရှိကြောင်းကို တင်ပြသော ဒေါက်တာစာမီနရာ ကိုယ်တိုင်လည်း ဤအချက်၌ အခက်တွေ့ရ၏။ စာပေဗဟုသုတ ကြွယ်ဝ၍ အတွေးအခေါ် အယူအဆ ကျွမ်းကျင်လှသော ဒေါက်တာသည် အကိုး သာဓက ယုတ္တိသဘာဝ အမျိုးမျိုးပြ၍ ခက်ခက်ခဲခဲပင် ဤ အကျဉ်းအကျပ်ထဲမှ ရုန်းထွက်ခဲ့ရ၏။

**ယခုမှ ထုတ်ဝေရ** ဤ စာရေးသူသည် ဒေါက်တာ စာမီနရာ၏ မွေးရာပါ **အတ္တ=ဝိညာဉ် အယူအဆမှတပါး** သူ၏ တွေးခေါ် ယူဆပုံနှင့် အကြောင်းယုတ္တိ သဘာဝ ဆင်ခြင်ထောက်ဆ၍ ကောက်ချက်ချပုံကို လည်းကောင်း၊ သူ၏ စာအရေးအသားကို လည်းကောင်း နှစ်ခြိုက်လှ အရသာတွေ့လှသဖြင့် ဤ **Many Mansions** စာအုပ်ကို ဖတ်ပြီးကတည်းကပင် ဘာသာပြန်လိုစိတ်များ ဖြစ်ပေါ်ခဲ့၏။ ဤစာအုပ်ကို ၁၉၆၂ ခုနှစ်တွင် စာရေးသူ သီရိလင်္ကာ နိုင်ငံ၊ ကိုလံဘိုမြို့၌ နေစဉ်က **Lake House** စာအုပ်ဆိုင်မှ ရခဲ့ခြင်း ဖြစ်၏။ ရလျှင်ရချင်း ဖတ်ဖြစ်သော်လည်း ၁၉၇၁ ခုနှစ် ကျမှပင် စတင် ဘာသာပြန်ဖြစ်တော့၏။ ထိုစဉ်က အခန်း(၄)အထိ ဘာသာပြန်ပြီးချိန်တွင် အားလပ်ချိန် မရနိုင်လောက်အောင် မမျှော်လင့်ဘဲ အလုပ်များလာပြန်သဖြင့် တပိုင်းတစနှင့် ရပ်တန့်ထားခဲ့ရရာ ယခုမှပင် အချိန်မရအရယူ၍ ဆက်လက် ဘာသာပြန်ကာ စာတအုပ်အဖြစ် ထုတ်ဝေနိုင်ပါတော့သည်။

**ကျော်ကြားသောစာအုပ်** မူရင်း စာအုပ် **Many Mansions** ကို ၁၉၅၀ ခုနှစ်မှ စတင်ထုတ်ဝေရာ ၁၉၆၂ ခုနှစ်အထိ ၁၂ နှစ်အတွင်း ၁၃ ကြိမ်မျှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ လူကြိုက်များ၍ ကျော်ကြားလှသော ဤ စာအုပ်ကြောင့်ပင် ကမ္ဘာကျော် ဘရိုက်ဒီမာဖီ (**Bridey Murphy**) အရေးတော်ပုံသည် အမေရိကန်ပြည်၌ ၁၉၅၆ ခုနှစ်ဆီက

ပေါ်ပေါက်ခဲ့ရ၏။ အမေရိကန်ပြည်၊ ကော်လိုရာဒိုပြည်နယ် (**Colorado**)၊ ပွေဗလို(**Pueblo**)မြို့မှ ကြွယ်ဝသော လုငယ်ကုန်သည်တဦးလည်းဖြစ်၊ စိတ်ညှို့ပညာကို ဝါသနာအလျောက် လေ့လာလိုက်စားသူလည်း ဖြစ်သော မော်ရေးဗန်စတိန်း (**Morey Bernstein**) ဆိုသူသည် ဤ စာအုပ်၌ တမလွန်ဘဝ အမှန်ရှိကြောင်း ရေးသားတင်ပြထားသည်ကို ဖတ်ရသောအခါ ခရစ်ယာန်ဘာသာဝင်တဦး ဖြစ်သည့်အလျောက် မဟုတ်မမှန် လုပ်ကြံ လိမ်လည်ထားသည်ဟု ထင်မှတ်၍ မခံမရပ်နိုင်ဖြစ်ကာ အလိမ်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ဗာဂျီနီယာဘိ(ချ်)သို့ ထွက်လာခဲ့၏။ ထိုအချိန်တွင် အက်ဂါကေစီ ကွယ်လွန်သည်မှာ (၁၁)နှစ်ခန့် ရှိသွားပေပြီ။ သူ၏သား ဟူး(ဂ်)လင်းကေစီက ဗန်းစတိန်းအား ကေစီ မှတ်တမ်းများနှင့် ဟောစာတမ်း များကို ထုတ်ပြသဖြင့် ဗန်းစတိန်းသည် စာရွက်စာတန်းများကို သေချာစေ့ငု ကြည့်ရှုစစ်ဆေး၍ ဟောစာတမ်းများနှင့် သက်ဆိုင်သူများကိုလည်း လူကိုယ်တိုင် တွေ့ဆုံမေးမြန်းပြီးနောက် လုပ်ကြံ လိမ်လည်ခြင်း မဟုတ်ကြောင်း အတိအကျ သိရှိရသဖြင့် ကျေနပ်စွာ ပွေဗလိုသို့ ပြန်သွား၏။

**ဘရိုက်ဒီမာဖီ အရေးတော်ပုံ**

ပွေဗလိုသို့ ပြန်ရောက်သောအခါ သူကိုယ်တိုင် စမ်းသပ်ကြည့်လိုသဖြင့် အမျိုးသမီးတဦးကို စိတ်ညှို့၍ အိပ်မွေ့ချပြီးလျှင် သူ၏ အတိတ်ဘဝ ကို ပြောပြရန် ညွှန်ကြားချက် ပေးလိုက်၏။ ထိုအမျိုးသမီးက သူသည် ၁၉ ရာစု အတွင်းက အိုင်ယာလန်ပြည်၌ လူဖြစ်ခဲ့ကြောင်း၊ သူ့အမည်မှာ ဘရိုက်ဒီမာဖီ (**Bridey Murphy**) ဖြစ်ကြောင်းမှ စ၍ သူ၏အတိတ် ဘဝကို ခရေစေ့တွင်းကျ အသေးစိတ် ပြောပြတော့၏။ ထိုအမျိုးသမီး ပြောပြသမျှကို အတိအကျ မှတ်ထားပြီးလျှင် အချိန်ယူ၍ အိုင်ယာလန်အထိ သွားရောက် စုံစမ်းလေ့လာသောအခါ အသေးအဖွဲမှ အစ အားလုံး မှန်ကန်နေသည်ကို တွေ့ရသဖြင့် **The Search for Bridey Murphy** စာအုပ်ကို ရေးသား ထုတ်ဝေလိုက်သည်။

ထိုစာအုပ် ထွက်လာသောအခါ အမေရိကန်ပြည် ဘာသာရေးလောက တခုလုံး အုံကြွလာကာ ကျေနပ်သူများက ဩဘာပေးကြသလို မကျေနပ်သူများက ပြစ်တင် ရှုတ်ချကြတော့၏။ အချို့ကမူ လုပ်ကြံ၍ အကွက်ဆင်ကာ ဘရိုက်ဒီမာဖီ၏ အတိတ်ဘဝ ဇာတ်ကြောင်းအမှန်ကို ငွေကုန်ကြေးကျခံ၍ပင် ချေဖျက်ရန် ကြိုးစားခဲ့ကြ၏။ သို့သော် အမှန်တရားသည် ချေဖျက်၍ ရစကောင်းသောအရာ မဟုတ်ပေ။ မကျေနပ်သူတို့ အုံကြွလေ စာအုပ်က တွင်ကျယ်လေ ဖြစ်ရာ စာအုပ် စတင်ထွက်ပြီး ၅ လအတွင်း၌ ၁၀ ကြိမ်မျှ ပြန်လည် ရိုက်နှိပ်ရ၍ အုပ်ရေ ၂၀၅,၅၀၀ ထုတ်ဝေပေးရလေသည်။ အမေရိကန်ပြည်ရှိ သတင်းစာ ၅၁ စောင်က စာအုပ်ပါ အကြောင်းအရာကို အခန်းဆက်အဖြစ် နေ့စဉ် ထည့်သွင်း ဖော်ပြပေးကြသည်။ ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီက စာမူကို ဝယ်ယူ၍ သတင်းမှတ်တမ်း ရုပ်ရှင် ရိုက်ကူးလိုက်၏။ ဟော်လန်၊ ပြင်သစ်၊ အီတလီ၊ ဒိန်းမတ်၊ ဆွီဒင်၊ စပိန်၊ ဖင်လန်နိုင်ငံများအတွက် ဘာသာပြန်များ ထုတ်ဝေပေးရ၏။ ချီကာဂိုမြို့၌ လူတယောက်က **ကရို့(ချ်) အင် ဗရင်နတို စာအုပ်ဆိုင်ကြီး**[၁] အတွင်းသို့ ဝင်သွားပြီးလျှင် ဆိုင်တွင်းရှိသမျှ **The Search for Bridey Murphy** စာအုပ်ပေါင်း ၁၆၆ အုပ်ကို သိမ်းကျုံးဝယ်ယူသွားပြန်ရာ ပို၍ အုတ်အော် သောင်းတင်း ဖြစ်သွားပြန်သည်။

ဤဘရိုက်ဒီမာဖီ အရေးတော်ပုံကား ယခု **'အနောက်တိုင်းမှ ဘဝပြဿနာများ'** အမည်ဖြင့် ဘာသာပြန်လိုက်သော **Many Mansions** စာအုပ်မှ မြစ်ဖျားခံသွားခြင်း ဖြစ်သည်။

**မြည်းကြည့်ပါ** ဤမျှဆိုလျှင် မူရင်းစာအုပ်နှင့် စာရေးသူ၏ အဆင့်အတန်းကို ခန့်မှန်း ကြည့်နိုင်ပါပြီ။ သို့သော် ပို၍ ခန့်မှန်းနိုင်ရန် ဤစာအုပ်မှ အောက်ပါ ကောက်နုတ်ချက်တို့ကို စာမြည်းအဖြစ် ဖတ်ကြည့်စေလိုပါသည်။

---

၁။ **Kroch's and Brenato's Bookstore**

"**ပထမအချက်** အနေဖြင့် တော်လှန်သော အခြေခံသဘော ဖြစ်သည့် တမလွန်အယူအဆကို အသားပေးသော အသေးစိတ် သက်သေခံ အထောက် အထား အမြောက်အမြားကို ကျွန်ုပ်တို့သည် ဤအထောက်အထားများကို လုံးဝ ပြီးစီးပြည့်စုံသော အထောက်အထားများအဖြစ် လက်မခံနိုင်ဦးတော့ အနည်းဆုံး ယင်းအထောက်အထားများက ညွှန်ပြပေးသော စဉ်းစားဆင်ခြင် ကွက်ကိုမူ အာရုံစိုက်၍ လေ့လာထိုက်လှပေသည်။

"ဤအရာ၌ မသေချာ မရေရာသော အခြေခံအချက်များကို နှိုက်ချွတ်စူးစမ်း ရှာဖွေခြင်းဖြင့် အသစ်ဖြစ်သော တွေ့ရှိချက်များ ရရှိခဲ့ကြောင်းကို သတိပြုသင့်၏။

"**ဒုတိယအချက်** အနေဖြင့် ကျွန်ုပ်တို့သည် စိတ်ပညာ၊ ဆေးပညာ၊ သဘာဝတ္ထပညာတို့၏ သဘောသဘာဝနှင့် ပတ်သက်သော အချက်အလက် ပေါင်း မြောက်မြားစွာကိုလည်း ရရှိကြ၏။ ယင်းအချက်အလက်များကို စိစစ်ရွေးချယ်၍ ခွဲခြမ်း စိတ်ဖြာကြည့်ပါမူ လူ့သဘာဝနှင့် လူ့ကံကြမ္မာ၏ အသွင်ပြောင်းနေသော ပန်းချီကား တချပ်ကို တွေ့ရပေလိမ့်မည်။

"ဤ (၂၂)နှစ် အတွင်း၌ လူတို့၏ အတိတ်ဘဝများ၌ တွေ့ကြုံ ခံစားခဲ့ရသော ကိုယ်,စိတ်ဆင်းရဲရပုံ အဖုံဖုံကို ကေစီသည် သူ၏ ထက်မြက်သော သဘာဝလွန် အမြင်စွမ်းရည်ဖြင့် တပ်အပ်ထင်ထင် တွေ့မြင်ခဲ့ရ၏။ သို့သော် လည်း အတိတ်ဘဝ အားလုံးပင် ဆင်းရဲခြင်းအတိ ပြည့်နှက်နေသည်ကား မဟုတ်ပါချေ။ သူတို့၏ များစွာသော အတိတ်ဘဝဖြစ်စဉ်များမှာ သူတို့၏ မျက်မှောက်ဘဝ ဖြစ်စဉ်များထက် ဘာမျှ ပို၍ ထူးခြား ဆန်းကြယ်လှသည် မဟုတ်ပေ။

"သို့ရာတွင် သူတို့၏ အတိတ်ဘဝ ခရီးသည် ကြမ်းတမ်း ခက်ခဲ ဆင်းရဲလှသည်ပင် ဖြစ်စေ၊ ချောမောသက်သာ သာယာပြေပြစ်သည်ပင် ဖြစ်စေ ယခု သူတို့ရရှိထားသော မျက်မှောက်ဘဝ အခြေအနေများသည် လွန်ခဲ့သော နှစ်ပေါင်း ထောင်,သောင်းမကသော အချိန်ကတည်းက အစပြုကာ ဖြစ်ပျက်

ခဲ့သော အတိတ်ဘဝ အဆက်ဆက်နှင့် ဆက်စပ်နှီးနွှယ်လျက် ရှိကြောင်းကို ဘဝဟောစာတမ်းများက ဖော်ပြထားလေသည်။ သူတို့၏ ရောဂါ ဝေဒနာများနှင့် စိတ်နှလုံး မချမ်းမသာ ပူဆာဆင်းရဲမှုတို့သည် စကြာဝဠာနှင့် ပတ်သက်စပ်ဆိုင်နေကြောင်းကို ဟောစာတမ်းများက တခုပြီးတခု ပြသလျက် ရှိ၏။ ဤ အသိအမြင်က သူတို့၏ ဘဝကို ပြုပြင် ပြောင်းလဲစေသော အကျိုးသက်ရောက်မှုကို ဖြစ်စေခဲ့၏။

"အကယ်၍သာ ဤဘဝဟောစာတမ်းများ၏ စစ်မှန် ခိုင်မာမှုကို လက်ခံပါလျှင် ယင်းတို့၏ အဓိပ္ပာယ်သက်ရောက်ပုံကိုလည်း လက်ခံစဉ်းစားရပေမည်။ ဤဘဝဟောစာတမ်းများ၏ အရေးပါမှုသည် ယင်းတို့က ကမ္ဘာ့လူထု ရှေ့သို့ အယူအဆသစ်တခုကို ချပြသည်ဆိုသော အချက်၌ တည်ရှိသည် မဟုတ်ပေ။ စင်စစ် ဤတမလွန် အယူအဆမှာ ကမ္ဘာ့တိုက်ကြီး အသီးသီး၌ အနှံ့အပြား တကွဲတခြားစီ နေထိုင်ကြသော လူမျိုးပေါင်းများစွာတို့၏ အကြား၌ တွေ့ရသော ရှေးဟောင်း အယူအဆတခုသာဖြစ်၏။

"ဤ ဟောစာတမ်းများ၏ အရေးပါမှုသည် အချက် (၂)ချက်၌ တည်၏။ **ပထမအချက်**မှာ ကျွန်ုပ်တို့ အနောက်တိုင်း၌ တိကျသော၊ သေချာစွာ အဓိပ္ပာယ်ဖော်ပြထားသော၊ ကြောင်းကျိုး ရှေ့နောက် ဆီလျော်ညီညွတ်သော၊ စိတ်ပညာသဘောအရ ယုံကြည်ထိုက်သော အဖြစ်အပျက်များကို များစွာသော ပုဂ္ဂိုလ်တို့၏ အတိတ်ဘဝများအဖြစ် ပထမဆုံး တွေ့ရှိရခြင်း ဖြစ်၏။ **ဒုတိယအချက်**မှာ ဤအဖြစ်အပျက်များကို ကမ္ဘာသား ကမ္ဘာသူ မည်သူမဆို လာရောက် ကြည့်ရှု လေ့လာနိုင်စေရန် လူတို့ သိမီသမျှသော ကမ္ဘာ့သမိုင်းတွင် ပထမဆုံးအကြိမ် မှတ်တမ်းများအဖြစ်ဖြင့် သေသပ်ကျနစွာ သိမ်းဆည်းထားခြင်းပင် ဖြစ်၏။

"ကေစီ၏ ဤ ဘဝဟောစာတမ်းများက အရှေ့တိုင်း သဘာဝတ္တပညာကို ခရစ်ယာန် အယူအဆနှင့် ပေါင်းကူးပေးလိုက်လေသည်။ ရှေးပဝေသဏီကတည်းကပင် အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ သီးခြား ပင်ကိုယ်

လက္ခဏာများ ဖြစ်လာခဲ့ကြသော အဇ္ဈတ္တဝါဒနှင့် ဗဟိဒ္ဓဝါဒတို့ကို ပေါင်းကူး ပေးဖို့ရာ များစွာ လိုအပ်ခဲ့ပေရာ ကေစီ၏ ဘဝဟောစာတမ်းများက ထို လိုအပ်ချက်ကို ဖြည့်စွက်ပေးလိုက်နိုင်၏။

"ထို့ထက် ပို၍ အားရစရာကောင်းသည်မှာ ကေစီ၏ ဟောစာတမ်း များသည် သိပ္ပံပညာနှင့် ဘာသာတရားကို ပေါင်းစပ်ပေးရာ၌ အောင်မြင်မှု ရလိုက်ခြင်းပင် ဖြစ်၏။ ရုပ်လောကကို ချုပ်ကိုင် ထိန်းသိမ်းထားသော (သိပ္ပံပညာ)၏ နိယာမများ တိကျမှုရှိသလောက် ကြောင်းကျိုးဆက်သွယ်မှု နိယာမ (ပဋိစ္စသမုပ္ပါဒ်)သည်လည်း နာမ်လောကကို ချုပ်ကိုင် ထိန်းသိမ်းရာတွင် တိကျမှုရှိကြောင်း ဟောစာတမ်းများက ပြသလျက် ရှိ၏။

"လူတို့ ခံစားရသော ဆင်းရဲဒုက္ခတို့မှာ ရုပ်တရား၏ ဖောက်ပြန် ချွတ်ယွင်းမှု သက်သက်ကြောင့်သာ မဟုတ်ဘဲ ကိုယ်ကျင့်တရားနှင့် တွေးခေါ်စဉ်းစားမှုတို့ မှားယွင်းခြင်းကြောင့်လည်း ဖြစ်ပေသည်။ လူသား၏ မွေးဖွားမှုနှင့် စွမ်းရည်တို့ မညီမမျှ ဖြစ်ရခြင်းမှာ ဖန်ဆင်းရှင်က စိတ်ကူးပေါက်ရာ ပြုလုပ်လိုက်ခြင်းကြောင့် မဟုတ်ပေ၊ မျိုးရိုးဗီဇကြောင့်ဟု ခံယူထားသော မျက်ကန်း စက်ယန္တရားဝါဒကြောင့်လည်း မဟုတ်ပေ။ စင်စစ် ထိုသို့ဖြစ်ရခြင်းမှာ အတိတ်ဘဝက အပြုအမူများ၏ ကောင်းမှု၊ မကောင်းမှုများကြောင့်သာ ဖြစ်ပေသည်။

"ဆင်းရဲဒုက္ခ အားလုံး၌ ပညာပေးသဘော ရည်ရွယ်ချက် ပါရှိ၏။ ကိုယ်,လက်အင်္ဂါ ချို့တဲ့,ချွတ်ယွင်းမှုများနှင့် ရောဂါဘယ ထူပြောမှုများသည် (အတိတ်ဘဝက) ကိုယ်ကျင့်တရားလျှင် အမွန်အစ ရှိ၏။ လူသား၏ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဟူသမျှသည် အသိပညာနှင့် အထွတ်အထိပ်သို့ ရောက်ရေးအတွက် သံသရာတည်းဟူသော ကျောင်းခန်းမှ သင်ခန်းစာများသာ ဖြစ်ပေသည်။

"ကေစီမှတ်တမ်းများသည် လူသား၏ ကိုယ်ခန္ဓာဆင်းရဲမှုများနှင့် ပတ်သက်၍ စိတ်တက်ကြွဖွယ်ရာ တွေးခေါ်စဉ်းစားနည်း လမ်းကြောင်း အမြောက်အမြားကို ညွှန်ပြပေးနေ၏။ ကေစီဟောစာတမ်းများသည် အလွန်တရာ ကြီးမား၍ သိမ်မွေ့ နုနယ်လှသော ပန်းဖောက်ယက်ထည် တထည်၏ သေးငယ်လှသော အစ,ကလေး တစ,လောက်ကိုသာ ကျွန်ုပ်တို့၏ သာမာန် အာရုံသိစိတ်ငါးခုဖြင့် သိနိုင်ကြောင်း ညွှန်ပြလျက်ရှိ၏။

"ယင်း အဝတ်စ,၏ ကျွန်ုပ်တို့ မြင်ရသော ချောမွေ့လှသည့် မျက်နှာပြင်အောက်၌မူ မရေမတွက်နိုင်အောင် များပြားလှသည့် ချည် ချောင်းများနှင့် မမြင်နိုင်သော ရှုပ်ထွေးငြိတွယ်နေမှုပေါင်း မြောက်မြားစွာ ရှိနေ၏။ ထို့ပြင် ပန်းဖောက်ယက်ထည်ကြီးသည် တဘက်စွန်းသို့ ရှည်လျားစွာ ကျယ်ပြန့်သွား၍ အခြားတဘက်စွန်းသို့လည်း ထို့အတူပင် ရှည်လျား,ကျယ်ပြန့် သွား၏။ 'မွေးဖွားခြင်း'ဟု ကျွန်ုပ်တို့ ခေါ်နေကြသည့် အမှတ်မှားနေသော အနား၌ အစပြုသည်ဟု ဆိုနိုင်ရန် မည်သည့် ချည်မျှင်စ,ကိုမျှ မတွေ့ရချေ။ ထို့အတူပင် 'သေခြင်း'ဟု ကျွန်ုပ်တို့ ခေါ်နေကြသည့် ထပ်တူထပ်မျှပင် အမှတ်မှားနေကြသော အနား၌ အဆုံးသတ်သည်ဟု ဆိုရန်လည်း မည်သည့် ချည်မျှင်စ,ကိုမျှ မတွေ့ရပေ။"

စာရှုသူသည် ဤမျှဖြင့် **'အနောက်တိုင်းမှ ဘဝပြဿနာ'** စာအုပ်ကို အကဲခတ်မိလောက်ပါပြီ။

**အောက်ခြေမှ မှတ်ချက်များ** ဤစာအုပ်၏ မူရင်း အင်္ဂလိပ် စာအုပ်ကို ရေးသားသော ဒေါက်တာ **စာမီနရာ**သည် အနောက်တိုင်း စာပေနှင့် သမိုင်းတွင် ထင်ရှား၍ လူသိများသော ပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များကို ရံဖန်ရံခါ နာမည်မျှသာ ဖော်ပြ၍ ဤစာအုပ်၌ ကိုးကားဖော်ပြထား၏။ ဥပမာ 'ပျူရီတန်ခေတ်' 'ဒန္တေ၏ ငရဲကြီး ငရဲလေးများ' 'ဒမော်ကလိယ ဓား' စသည်တို့ ဖြစ်သည်။ အနောက်တိုင်းစာပေကို

လေ့လာကျွမ်းဝင်ခြင်း မရှိသော မြန်မာစာဖတ် ပရိသတ်အဖို့ ထိုစကားများ၏ အဓိပ္ပာယ်ကို နားလည်ရန် မလွယ်ကူပေ။ သို့ဖြစ်၍ ထိုကဲ့သို့သော စာဖတ်ပရိသတ်များအတွက် အခက်အခဲ မရှိစေရန် ဤ မြန်မာပြန်စာအုပ်၌ အောက်ခြေမှတ်ချက်များဖြင့် ယင်းစကားတို့၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြထားပါသည်။

**သတိပြုရန်** နိဂုံးချုပ်အနေဖြင့် ရေးသားလိုသည်မှာ ဤ စာအုပ်၌ ဒေါက်တာ **ဂိနာစာမိနရာ** ယူဆသော ကံတရားသည် ဗုဒ္ဓဝါဒ ကံတရားနှင့် နီးစပ်သော်လည်း သူ၏ တမလွန်ဘဝ အယူအဆမှာမူ ဝိညာဉ်(**Soul**)အစွဲ အတ္တအစွဲ တင်းလင်းရှိနေသော နယ်ပယ်အတွင်းမှ တွေးခေါ်ယူဆခြင်းဖြစ်၍ ဗုဒ္ဓဝါဒလာ တမလွန်ဘဝနှင့် ခြားနားနေသေးကြောင်း အထူး သတိပြုရမည် ဖြစ်ပါသည်။

အကယ်၍သာ ဒေါက်တာ **စာမိနရာ**သည် ဗုဒ္ဓဝါဒီတဦး ဖြစ်ခဲ့လျှင် ကေစီမှတ်တမ်းများကို ဗုဒ္ဓဘာသာရှုထောင့်မှ ရှုမြင်,သုံးသပ် နိုင်ခဲ့မည်ဖြစ်ရာ အတ္တ=ဝိညာဉ်မပါသော ရုပ်,နာမ်သက်သက် ဖြစ်ပျက် အစဉ်မျှသာဖြစ်သည့် တမလွန်ဘဝကို မှန်ကန်စွာ တွေးခေါ်ယူဆ တင်ပြနိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

**အရှင်ဇနကာဘိဝံသ**
**ချမ်းမြေ့ရိပ်သာဆရာတော်**
**ရန်ကုန်။**

သာသနာနှစ် ၂၅၂၈ ခုနှစ်
မြန်မာနှစ် ၁၃၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
ခရစ်နှစ် ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ အင်္ဂါနေ့

## အခန်း(၁)

# စိတ်တန်ခိုးများ ဖြစ်နိုင်ပုံ

လူတို့သည် မွေးဖွားကြသည်။ လူတို့သည် ဆင်းရဲဒုက္ခ ရောက်ကြသည်။ လူတို့သည် သေကြသည်။ တချိန်က ပညာရှိတဦးသည် ဤစကား(၇)လုံးဖြင့် လူ့သမိုင်းကို အကျဉ်းချုံး၍ ဖော်ပြခဲ့၏။ သူ၏ ဖော်ပြချက်မှာ **အနာတိုး(လ်)ဖရန့်**[၁] ပြောပြသော ပုံပြင်နှင့် ဆီလျော်ညီညွတ်၏။

**သိဒ္ဓတ္ထ** လူသား၏ ဆင်းရဲဒုက္ခနှင့် ပတ်သက်သည့် ပို၍ ရေးကျပြီးလျှင် ပို၍ အဓိပ္ပာယ်ရှိသော တခြား အကြောင်းအရာတခု ရှိပါသည်။ ယင်းမှာ နောင်သောအခါ ဗုဒ္ဓမြတ်စွာဘုရားအဖြစ်ဖြင့် ထင်ရှားလာသော သိဒ္ဓတ္ထမင်းသားကလေး၏ အကြောင်းပင် ဖြစ်၏။သိဒ္ဓတ္ထ၏ဖခင်မှာ ပစ္စည်းဥစ္စာကြွယ်ဝသော ဟိန္ဒူဘုရင်တပါး ဖြစ်၏။ သူသည် လောက၏ ဆင်းရဲဒုက္ခတို့ကို သူ့သား မသိရအောင် အကာအကွယ် အမျိုးမျိုး ပြုလုပ်ထား၏။ ထို့ကြောင့်

---

၁။ Anatole France

မင်းသားသည် နန်းမြို့ရိုး၏ အပြင်ဘက်သို့ တခါမျှ ခြေမချရဘဲ သာယာ ချမ်းမြေ့သော နန်းတွင်းလောက၌သာ ကြီးပြင်းလာရ၏။ မင်းသားအား ချောမော လှပသော မင်းသမီးကလေး တယောက်နှင့်လည်း လက်ဆက်ပေးထား၏။

မင်းသားသည် သူ၏ မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းသာ နေရပါ သော်လည်း ပြင်ပလောက အကြောင်းကို သိလိုစိတ် ပြင်းပြနေ၏။ ထို့ကြောင့် နန်းတော်အစောင့်များကို ရှောင်ရှား၍ ကြီးကျယ် စည်ကားလှသော မြို့ထဲသို့ ပထမဆုံးအကြိမ်အဖြစ် ခရီးလှည့်လေ၏။ ဤသည်မှာ သူ၏ သားဦးကလေး မမွေးဖွားမီ အချိန်တွင် ဖြစ်သည်။

**လွတ်မြောက်ရေးလမ်း** သူ၏ ကံကြမ္မာကို ဖန်တီးပေးသော ဤခရီး၌ လမ်းပေါ်တွင် သူ မြင်တွေ့ရသော သူအို၊ သူနာ၊ သူသေဟူသော မြင်ကွင်း(၃)ခုသည် သူ၏စိတ်အစဉ်တွင် စွဲထင်လျက် ရှိနေ၏။ ထို့ကြောင့် ထိတ်လန့် တုန်လှုပ်နေသော မင်းသားသည် ဤမျှ ကြောက်မက်ဖွယ် ကောင်းသော ဆင်းရဲဒုက္ခ၏ အဓိပ္ပာယ်ကို သူ၏ မင်းချင်းအား မေးလေ၏။

ဤ ဆင်းရဲဒုက္ခ (၃)ခုမှာ လူသားအားလုံး ခံစားကြရသော ဆင်းရဲဒုက္ခများ ဖြစ်ကြောင်း ရှင်းပြသည်ကို ကြားရသောအခါ မင်းသားသည် သူ၏ သာယာပျော်ရွှင်သော ဘဝသို့ ပြန်မလှည့်ချင်လောက်အောင်ပင် စိတ်ထဲတွင် နက်ရှိုင်းစွာ ထိခိုက်သွား၏။ ထို့ကြောင့် သူသည် လောကီစည်းစိမ် အားလုံးကို စွန့်၍ တောထွက်ခဲ့ပြီးလျှင် လူသားတို့ကို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေနိုင်မည့် နည်းမှန် လမ်းမှန်ကို သိရှိနိုင်ရန် အသိပညာရှာရေး အတွက် ကြိုးစားအားထုတ်တော့သည်။

**ပန်းတိုင်** နှစ်ပေါင်းများစွာ ကြာပြီးနောက် အဆုံး၌ သူသည် သူရှာဖွေနေသော အသိထူး ဉာဏ်ထူးကို ရသဖြင့် ဘုရားစင်စစ်ဖြစ်တော်မူသောအခါ လူတို့အား လွတ်မြောက်ရေးတရား ဟောကြားတော်မူလေသည်။

**ဆင်းရဲငြိမ်းရေး မသိကြသေး** ကျွန်ုပ်တို့အားလုံးသည် လွန်စွာမှ သိနိုင်,ရနိုင်ရန် ခက်ခဲသည့် အရာကို ရှာဖွေရေးအတွက် ဗုဒ္ဓမြတ်စွာကဲ့သို့ အချစ်၊ အာဏာ၊ စည်းစိမ် ဥစ္စာ၊ သာယာပျော်ရွှင်မှုနှင့် မိသားစု၏ နွေးထွေးသော သံယောဇဉ်တို့ကို စွန့်လွှတ်နိုင်စွမ်း မရှိကြပါချေ။ သို့သော်လည်း ကျွန်ုပ်တို့အားလုံးသည် ဖော်ပြပါ ဆင်းရဲဒုက္ခနှင့် တထပ်တည်း တူညီသော ပြဿနာများနှင့် နောက်ဆုံးတွင် ဆက်စပ် ပတ်သက်လာရမည်သာ ဖြစ်လေသည်။ လူများသည် အဘယ်ကြောင့် ဆင်းရဲဒုက္ခ ရောက်ကြရသနည်း။ ထို ဆင်းရဲဒုက္ခမှ လွတ်အောင် လူသားတို့ ဘာလုပ်နိုင်ကြသနည်း။

ကျွန်ုပ်တို့၏ စိတ်ကူးယဉ် ဝတ္ထုရေးဆရာများသည် ဗုဒ္ဓမြတ်စွာကို ထိတ်လန့် တုန်လှုပ်စေသော အိုခြင်းနှင့် နာခြင်းဟူသော ဒုက္ခ(၂)ခုကို ငြိမ်းအေးစေနိုင်မည့် ခေတ်ကာလ ရောက်လာမည်ကို စိတ်ကူးယဉ်ခဲ့ကြပေပြီ။ သို့သော်လည်း လူသားက သူ၏ နောက်ဆုံးရန်သူ အဖြစ်ဖြင့် စဉ်းစားသတ်မှတ်ထားသော သေခြင်းဒုက္ခကို ငြိမ်းအေးစေနိုင်သည့် ဖြစ်နိုင်ဖွယ်သဘောကိုမူ မသိ,မမြင်ကြသေးပေ။ ခေတ်မီ ရူပဗေဒပညာကို အကျွမ်းကျင်ဆုံး အသုံးချသော်မှလည်း ဖြစ်နိုင်သည့် သဘောကို မသိ,မမြင်ကြသေးပေ။

**ဆင်းရဲအထွေထွေ** ဤ အတောအတွင်း၌ တည်ငြိမ်သော ကမ္ဘာ့အဖွဲ့အစည်းကြီးတခုက လူသားတို့အား လုံခြုံခြင်း၊ ကျန်းမာခြင်း၊ ငြိမ်းချမ်းခြင်း၊ အလှအပနှင့် နပ်ပျိုခြင်းတို့ကို မပေးအပ်နိုင်မီ

ကျွန်ုပ်တို့သည် များပြားလှစွာသော မလုံခြုံမှုများ၊ ဘေးရန် အန္တရာယ်များ၊ ပျော်ရွှင်မှုနှင့် စိတ်ငြိမ်းချမ်းမှုတို့ကို ခြိမ်းခြောက်နေသော အရာများနှင့် ရင်ဆိုင်နေကြရ၏။ မီးဘေး၊ ရေဘေး၊ ကပ်ရောဂါဘေး၊ မြေငလျင်ဘေး၊ အနာရောဂါဘေး၊ ကြီးမားသော ဆင်းရဲဒုက္ခဘေး၊ စစ်ဘေး၊ လူသား မျိုးဆက်ပြုတ်ရေးကို ခြိမ်းခြောက်နေခြင်းဘေး စသည်တို့သည် ပြင်ပမှ ခြိမ်းခြောက်မှုများ ဖြစ်ကြ၏။ လူသား၏ အဇ္ဈတ္တသန္တာန် နာမ်ဓာတ် အတွင်း၌လည်း ပျောညံ့မှုများနှင့် လိုနေမှုများက များလှစွာ၏။ ယင်းတို့မှာ တကိုယ်ကောင်း ဆန်ခြင်း၊ ဖျင်းအခြင်း၊ မလိုမုန်းထားခြင်း၊ ရန်ငြိုးသိုခြင်း၊ အလိုလောဘကြီးခြင်းတို့ ဖြစ်ကြ၏။ ယင်း စိတ်ဓာတ်စရိုက်များသည် လူသားနှင့် သူ့အသိုင်းအဝန်း၏ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေသော အခြေခံတရားများ ဖြစ်ကြ၏။

ကျွန်ုပ်တို့သည် အလွန်သာယာသော တေးဂီတကို နားဆင်ရသောကြောင့် ဖြစ်စေ၊ နေထွက်လာ၍ နေသာသည်ကို တွေ့ရသောကြောင့် ဖြစ်စေ အလွန် ပျော်ရွှင်တက်ကြွနေသောအခါ၌ လောကကြီးမှာ ပျော်စရာ ရွှင်စရာတွေ ရှိပါပေသည်ဟု ခံစားမိကြ၏။ သို့သော်လည်း ဘဝ၏ ပင်ပန်းဆင်းရဲမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြင်းပြစွာ စိတ်မချမ်းမသာ ရမှုများဘက်သို့ ပြန်လှည့်မိသောအခါ၌မူ အောက်ပါအတိုင်း အဆုံးစွန်သော မေးခွန်းများကို မေးရုံမှတပါး မည်သို့မျှ မတတ်နိုင်ကြချေ။

ရုပ်ကိုယ်ကြီး ဆက်လက် အသက်ရှင်နေခြင်းထက် ပို၍ ဘဝ၏ ရည်ရွယ်ချက်၊ ဘဝ၏ အဓိပ္ပာယ်ဆိုတာ ဘာများ ရှိသေးသလဲ။ ငါ ဘယ်သူလဲ။ ငါ ဘာကြောင့် သည်ကို ရောက်နေရသလဲ။ ငါ ဘယ်ကို သွားမှာလဲ။ ငါ ဘာကြောင့် ဆင်းရဲဒုက္ခ ရောက်ရသလဲ။ ငါနှင့် တခြားလူများ အချင်းချင်း ဘယ်လို ဆက်စပ်နေသလဲ။ အချင်းချင်း အင်အားပြိုင်နေကြသော ကျွန်ုပ်တို့ ဝန်းကျင်ရှိ သဘာဝအားများနှင့်ရော ကျွန်ုပ်တို့ လက်လှမ်း မမီသော သဘာဝအားများနှင့်ပါ ကျွန်ုပ်တို့ ဘယ်လို ဆက်စပ်နေသလဲ။

**မဖြေရှင်းနိုင်ကြ** ဤ မေးခွန်းများမှာ လူသား၏ အခြေခံအကျဆုံးနှင့် ရှေးအကျဆုံးသော မေးခွန်းများ ဖြစ်ကြ၏။ ဤမေးခွန်းများကို မဖြေဘဲ ဆင်းရဲဒုက္ခ လျော့နည်းစေရေးအတွက် အသုံးပြုသော မည်သည့် နည်းလမ်းမဆို ရုပ်သဘောရှိသည် ဖြစ်စေ၊ နာမ်သဘောရှိသည် ဖြစ်စေ နောက်ဆုံးတွင် အဓိပ္ပာယ် ကင်းမဲ့ရသည်သာ ဖြစ်ပေသည်။ ဒုက္ခ၏ ဖြစ်နိုင်သော သဘောကို ရှင်းလင်း မပြီးသမျှ ဘာကိုမျှ မရှင်းလင်းနိုင်ပေ။ သတ္တဝါတို့၏ အသေးငယ်ဆုံး ဒုက္ခအတွက် ဖြေရှင်းချက် မပေးနိုင်သေးသမျှ မည်သည့် အရာအတွက်မျှ ဖြေရှင်းချက် မပေးနိုင်ပေ။ ဘဝနှင့် ပတ်သက်သော ကျွန်ုပ်တို့၏ အတွေးအခေါ်များကား ပြီးပြည့်စုံမှု မရှိကြပေ။

**ယုံကြည်ခဲ့ကြပုံ အမျိုးမျိုး** အစောဆုံး အချိန်က စ၍ ရှေးအကျဆုံး သမိုင်းမတင်မီက လူများပင် ဤ အဆုံးစွန်သော မေးခွန်းများကို မေးခဲ့ကြ၏။ သူတို့သည် ကြီးမား ကျယ်ပြန့်သော မိုးကောင်းကင်ကြီးကို ကြည့်၍ လူသား၏ လှုပ်ရှားရုန်းကန်မှုနှင့် ပူပန်သောက တို့သည် သေးသိမ်၍ အသုံးမကျသောအရာများ မဟုတ်ကြကြောင်း ခံစား သိရှိလာကြ၏။ သူတို့သည် လူသားနှင့် ကြယ်တာရာများ၏ ကြီးမားသော စကြဝဠာသဘောအရ ဆက်သွယ်မှုကို ထောက်ရှု၍ အဓိပ္ပာယ်ကို ကောက်ယူကြ၏။

လူသားအပါအဝင် သတ္တဝါအားလုံး၌ ဝိညာဉ်များ ရှိကြကြောင်း သူတို့က ပြောခဲ့ကြ၏။ လူသား၏ ဤဝိညာဉ်သည် ကမ္ဘာမြေပြင်ပေါ်၌ ခဏမျှသာ အသက်ရှင် တည်ရှိလျက် ဆင်းရဲဒုက္ခကို ခံစားရပြီးနောက် သေသည့်အခါ ပို၍ ပျော်စရာကောင်းသော ငြိမ်းအေးရာ နေရာသို့ သွားကြ လိမ့်မည်ဟု ယူဆခဲ့ကြ၏။

သူတို့သည် သူတို့၏ အဖွဲ့တွင်္ဂသန္တာန်၌ အမှန်နှင့် အမှား၏ သဘာဝကို သတိပြုမိကြ၏။ ထို့ကြောင့် စကြဝဠာသဘာဝအရ ပို၍ ကြီးမားသော အမှန်နှင့်အမှား သဘောတရားများ ရှိရမည်ဟုလည်းကောင်း၊ အလွန်ဝေးလံ

လှသော တခြားလောကတခု၌ (အများအတွက်) ပြစ်ဒဏ်ပေး၍ (အမှန်အတွက်) ဆုပေးရာဖြစ်သော နေရာကြီး တနေရာရှိသည်ဟု လည်ကောင်း ခံယူကြ၏။

ဤကဲ့သို့သော ယုံကြည်မှုများနှင့် ရှင်းလင်းဟောပြောမှုများမှာ အထောင်မကအောင် များပြားစွာ ရှိခဲ့ကြ၏။ ယခုခေတ်တွင် ကမ္ဘာအနှံ့အပြား၌ လူတို့သည် ဤကဲ့သို့သော ရှင်းလင်းဟောပြမှုများကို အမှန်ဟု ယူဆ၍ သူတို့၏ ဆင်းရဲဒုက္ခများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကာ နေလာခဲ့ကြ၏။ မိုဟာမက်၏ အဆိုအမိန့်အရ တစုံတရာကို ယုံကြည်သူများ ရှိကြသကဲ့သို့ ဗုဒ္ဓ၊ ဂုရုနာနတ်၊ မိုးဇက်၊ ယေရှုနှင့် ကရစ်ရှနားတို့၏ အဆိုအမိန့်အရ အခြား တစုံတရာကို ယုံကြည်သူများလည်း ရှိကြ၏။

အသက်ရှင်တည်နေဖို့ လိုအပ်ချက်မှတပါး ဘဝအတွက် တခြား အဖြေရှာစရာ ဘာမျှမလိုဟု ယုံကြည်ယူဆသူများလည်း ရှိကြ၏။ လက်ရှိ အချိန်ပိုင်းအတွင်း ချမ်းသာပျော်ရွှင်မှုကို ခံစားဖို့ရာသာ ပိုမိုနှစ်ခြိုက်ကြ၍ ဘဝအကြောင်းကို စဉ်းပင်မစဉ်းစားသော လူများလည်း ရှိကြ၏။

**ယုံကြည်မှုနှင့် လက်တွေ့** အနောက်တိုင်း၌ကား တစုံတယောက်သော ပုဂ္ဂိုလ်၊ တစုံတရာသော ကျမ်းဂန်၏ အဆိုအမိန့်အရ အစဉ်အဆက် လက်ခံယုံကြည်လာခဲ့ကြသော အရာများကို မယုံကြည်သူများသည် ယဉ်ကျေးမှု ပြန်လည်ဆန်းသစ်လာသောခေတ်မှစ၍ တစတစ ပိုမိုများပြားလာခဲ့၏။ သိပ္ပံခေတ်ခွဲခန်း၌ စမ်းသပ်၍ သက်သေသာဓက အခိုင်အလုံ မပြနိုင်သော အရာများကို မယုံကြည်ကြသူတို့၏ အရေအတွက်မှာ များစွာ တိုးလာ၏။

**တိုလမီ**[၁] က ကမ္ဘာမြေကြီးကို နေက လှည့်ပတ်နေသည်ဟု ကြေညာခဲ့၏။ ခရစ်ယာန်ဘာသာကလည်း ယင်းအယူအဆကို လက်ခံ၍

၁။ တိုလမီ(Ptolemy)သည် အေဒီ ၁၅၀ တွင် ပေါ်ပေါက်ခဲ့သော ဂရိတ်လူမျိုး နက္ခတ်ပညာရှင် ဖြစ်သည်။

သင်ကြားခဲ့၏။ သို့သော် **ကော့ပါးနီကတ်**[၁] တီထွင် အသုံးပြုခဲ့သော ကိရိယာ တန်ဆာပလာများကမူ နေကို ကမ္ဘာကြီးက လှည့်နေသည်ဟု ပြခဲ့၏။ **အရစ္စတိုတယ်**[၂] က အလေးချိန်မတူသော အရာဝတ္ထုနှစ်ခုကို အောက်သို့ ချလိုက်လျှင် ပို၍လေးသော အရာဝတ္ထုက မြေကြီးသို့ ရှေးဦးစွာ ကျလိမ့်မည်ဟု အဆိုပြုခဲ့၏။ ဤအဆိုကို ခရစ်ယာန်ဘာသာက ခြွင်းချက်မဲ့ လက်ခံခဲ့၏။ သို့ရာတွင် **ဂယ်လီလီယို**[၃] က ပီဆာမျှော်စင်ထိပ်ပေါ်မှနေ၍ အရာဝတ္ထုများကို လက်တွေ့ ချကြည့်ခြင်းအားဖြင့် အရစ္စတိုတယ်၏အဆို မှားကြောင်း သက်သေပြခဲ့၏။ အလေးချိန် မတူသော်လည်း ထုထယ်တူသော အရာဝတ္ထု နှစ်ခုကို အောက်သို့ ချလိုက်လျှင် နှစ်ခုလုံး တပြိုင်နက်တည်း မြေသို့ ကျရောက်ကြောင်းကို ဂယ်လီလီယိုက ပြသ,နိုင်ခဲ့၏။

ဘာသာတရားများက ကမ္ဘာမြေကြီးသည် အပြားဖြစ်ကြောင်း သင်ကြားပေးကြ၏။ သို့သော် **ကိုလံဘတ်**[၄]၊ **မဂျဲလင်း**[၅] စသော ၁၅ ရာစုနှစ် နယ်သစ်စူးစမ်းရှာဖွေသူများက အနောက်စူးစူးသို့ချည်း သင်္ဘောရွက်လွှင့်သွားခြင်းဖြင့် အရှေ့သို့ ရောက်ကြောင်းကို လက်တွေ့ ပြသ,ကာ ကမ္ဘာမြေကြီး လုံးကြောင်း သက်သေထူခဲ့ကြ၏။

---

၁။ ကော့ပါးနီကတ်(Copernicus)သည် အေဒီ ၁၅ ရာစုအကုန် ၁၆ ရာစု အစလောက်တွင် ပေါ်ပေါက်ခဲ့သော ပရပ်ရှားအမျိုးသား နက္ခတ်ပညာရှင် ဖြစ်သည်။

၂။ အရစ္စတိုတယ်(Aristotle)သည် ဘီစီ ၅ ရာစု ကုန်ခါနီးတွင် ပေါ်ပေါက်ခဲ့သော ဂရိတ်တွေးခေါ်ရေး ပညာရှင် ဖြစ်သည်။

၃။ ဂယ်လီလီယို(Galileo)သည် အေဒီ ၁၆ ရာစုတွင် ပေါ်ပေါက်ခဲ့သော အီတလီ ပြည်သား ရူပဗေဒနှင့် နက္ခတ္တဗေဒ ပညာရှင်ဖြစ်သည်။

၄။ ကိုလံဘတ်(Columbus)သည် အီတလီပြည် ဂျီနိုအာမြို့သား ၁၅ ရာစုနှစ် နယ်သစ် စူးစမ်းရှာဖွေရေးသမား ဖြစ်သည်။ သူသည် စပိန်ဘုရင်နှင့် မိဖုရားတို့၏ အကူအညီ အထောက်အပံ့ဖြင့် စပိန်နိုင်ငံမှ အနောက်စူးစူးသို့ သင်္ဘောသုံးစင်းဖြင့် ရွက်လွှင့်သွားရာ ၁၄၉၂ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် အမေရိကတိုက်၌ အပါအဝင် ဖြစ်သော ဗဟားမားကျွန်းကို စတင်တွေ့ရှိ၍ အမေရိကတိုက်ကို စတင် တွေ့ရှိသူဟု ထင်ရှားသည်။

အထက်၌ ဖော်ပြခဲ့သော ဖြစ်ရပ်များမှာ ရာပေါင်းများစွာသော လက်တွေ့လုပ်ဆောင်ပြချက်များထဲမှ အနည်းငယ်မျှသာ ဖြစ်၏။ ဤ လက်တွေ့လုပ်ဆောင်ချက်များကို မျက်ဝါးဝါးထင်ထင် သိမြင်ရသောအခါ လူသား၏စိတ်တွင် ရှေးအစဉ်အလာအရ ယုံကြည်လက်ခံလာခဲ့ကြသော အဆိုအမိန့်များ မှားနိုင်ကြောင်းကို တဖြည်းဖြည်း သဘောပေါက်လာကြ၏။ သို့ဖြင့် ခေတ်လူတို့၏ သန္တာန်၌ သိပ္ပံပညာစိတ်ဓာတ်များ ပေါက်ဖွားလာခဲ့ကြ၏။ ယင်း သိပ္ပံစိတ်ဓာတ်များနှင့်အတူ 'မယုံကြည်စိတ်'များလည်း အမြစ်တွယ်စ, ပြုလာတော့၏။ တခုပြီးတခု စမ်းသပ်တွေ့ရှိခဲ့သော အရာများကြောင့် လူသား၏ သေသပ်လှသော ယုံကြည်မှု ရုပ်ပုံကားချပ်ကြီးသည် ကပြောင်းကပြန် ဖြစ်လာလေတော့၏။

**သိပ္ပံခေတ်အမြင်များ** ဘာသာတရားများက နတ်ရှိကြောင်း ညွှန်ပြ၏။ သို့သော်လည်း မည်သူမျှ နတ်ကို တပ်တပ်အပ်အပ် မမြင်ဖူးကြချေ။ ဝိညာဉ် သို့မဟုတ် အတ္တ ဆိုသည့်အရာ ရှိကြောင်းကိုလည်း မည်သူမျှ စုံစမ်းစစ်ဆေး၍ မတွေ့ကြရပေ။ မသေသည့်သဘော ဆိုသည်ကို လည်း အသက်ပျောက်သွားသူ မည်သူတဦးတယောက်ကမျှ ပြန်လာ၍ မပြောနိုင်ကြချေ။ ကောင်းကင်ဘုံနန်း ဆိုသည်တို့ကိုလည်း နက္ခတ်ပညာရှင်တို့၏ အင်အားကောင်းလှသော နက္ခတ်ကြည့် မှန်ပြောင်းဝတွင် အစ,အနပင် မမြင်ရချေ။ ထာဝရဘုရားသခင် ဆိုသည်မှာလည်း ဖခင်အစား လိုအပ်နေသော လူသား၏ စိတ်မှ ပေါ်ထွက်လာသော အရာမျှသာ ဖြစ်၏။

---

၅။ မဂျဲလင်း(Magellan)သည် ပေါ်တူကီနိုင်ငံသား ၁၆ ရာစုနှစ် နယ်သစ် စူးစမ်းရှာဖွေရေးသမား ဖြစ်သည်။ ကိုလံဘတ်လိုပင် စပိန်ဘုရင်၏ အထောက်အပံ့ သင်္ဘောငါးစင်းဖြင့် အနောက်စူးစူးသို့ ရွက်လွှင့်သွားရာ တောင်အမေရိကတိုက် တောင်စွန်းကို ပတ်၍ ရွက်လွှင့်နိုင်ခဲ့ပြီးနောက် အရှေ့ဘက်သို့ ရောက်လာခဲ့၏။ ဖိလစ်ပိုင်ကျွန်းသို့ ရောက်သောအခါ လူရိုင်းတို့နှင့် တိုက်ခိုက်ရာတွင် သေဆုံးခဲ့ရသည်။ သူ၏ သင်္ဘောတစင်းသာ စပိန်နိုင်ငံသို့ ပြန်ရောက်နိုင်ခဲ့သည်။ ကမ္ဘာကို သင်္ဘောဖြင့် ပထမဆုံးပတ်သူဟု အသိအမှတ်ပြုကြသည်။

စကြဝဠာကြီးသည် ကြီးမားသော စက်ယန္တရားကြီးမျှသာ ဖြစ်၍ လူသားမှာ ထိုစက်ယန္တရားကြီးအတွင်းမှ ပရမာဏုမြူများ၏ မတော်တဆ အစီအစဉ်တကျ ပေါင်းစပ်မိခြင်းနှင့် အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်မှု နိယာမအရ ပေါ်ပေါက်လာသော စက်ယန္တရားငယ် တခုမျှသာတည်း။ ဒုက္ခဆိုသည်မှာ အသက်ရှင်နေနိုင်ရေးအတွက် လှုပ်ရှားရုန်းကန်ရာတွင် လူသားတို့ မလွှဲမသွေ ရင်ဆိုင်ရမည့်အရာသာ ဖြစ်၏။ ထို့ထက်ပို၍ မည်သည့်အဓိပ္ပာယ်ကိုမျှ မဆောင်ပေ။ အခြေခံ ပင်မဓာတ်သဘာဝများ ကြေမွပျက်စီးသွားခြင်းကိုပင် 'သေသည်'ဟု ခေါ်ရ၍ သေပြီးနောက်တွင် မည်သည့်အရာမျှ မကျန်ရစ်ခဲ့ချေ။

ဤသည်တို့ကား ရှေးအစဉ်အလာ အဆိုအမိန့်များပေါ်တွင် သိပ္ပံခေတ် လူသား၏ တဖြည်းဖြည်း ပြောင်းလဲလာသော အမြင်များအနက် အမြွက်မျှသာ ဖြစ်၏။

**ဆန်းကြယ်သော စိတ်တန်ခိုး**

သိပ္ပံပညာသည် မှန်ဘီလူး၊ မှန်ပြောင်း၊ ဓာတ်မှန်၊ ရေဒါ ကိရိယာ စသည်တို့ဖြင့် ကျွန်ုပ်တို့ နား, မျက်စိ တို့ကို အဆပေါင်းများစွာ တိုးချဲ့ပေးလိုက်၏။ သိပ္ပံနည်းကျ ကြောင်းကျိုးဆင်ခြင်တုံပညာ၊ သင်္ချာပညာနှင့် လက်တွေ့ စမ်းသပ်မှုတို့က ကျွန်ုပ်တို့၏ လေ့လာသင်ကြားမှု၊ တွေးခေါ်မှု၊ စူးစမ်းရှာဖွေမှု တို့ကို စနစ်ကျအောင် ပြုပြင်ပေးလိုက်၏။ သို့ရာတွင် အခြေခံအားဖြင့်မူ သိပ္ပံပညာနှင့် ဆင်ခြင်တုံပညာ တို့၏ သက်သေခံချက်များမှာ အာရုံသိစိတ်ငါးပါးတို့၏ သက်သေခံချက်များပင် ဖြစ်ပေသည်။ ထို အာရုံသိစိတ် ငါးပါးဟူသော အခြေခံအုတ်မြစ်ပေါ်တွင် (တနည်း ဆိုသော်) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသော အခြေခံအုတ်မြစ်ပေါ်တွင် သိပ္ပံပညာ အဆောက်အအုံကို ဆောက်လုပ်ကြရ၏။

လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းကမူ ကျွန်ုပ်တို့ တီထွင်လိုက်သော သိပ္ပံကိရိယာများသည်ပင် ကျွန်ုပ်တို့၏ကမ္ဘာကြီးပေါ်တွင် အမှန်စင်စစ် ရှိနေသည့် အရာအားလုံးကို ကျွန်ုပ်တို့အား တွေ့မြင် သိရှိစေရန် မစွမ်းနိုင်ခဲ့သေးပေ။

ရေဒီယိုလှိုင်းများ၊ ရေဒီယိုအက်တစ်ဓာတ်များနှင့် အနုမြူစွမ်းအင်တို့ကို ရှာဖွေတွေ့ရှိသော ယနေ့ခေတ်ကျမှပင် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့ မမြင်နိုင်သော လှိုင်းများ၊ စွမ်းအင်များ ရှိနေကြကြောင်းနှင့် အသေးတကာ့ အသေးဆုံး ရုပ်မှုန့်ကလေး၌ပင် ကျွန်ုပ်တို့ စိတ်ကူး၍ မရနိုင်လောက်အောင် ကြီးမားသည့် အင်အားများ ရှိနေကြကြောင်းကို သိရှိကြရပေသည်။

ကျွန်ုပ်တို့ နား၊ မျက်စိများ၏ ကြားနိုင်စွမ်းသတ္တိ၊ မြင်နိုင်စွမ်း သတ္တိကို သိပ္ပံကိရိယာများက ထပ်မံတိုးချဲ့၍ အင်အားဖြည့်ပေးလိုက် သဖြင့် ကျွန်ုပ်တို့သည် သာမာန်အားဖြင့် မကြားနိုင်၊ မမြင်နိုင်သော အရာများကို ကြားနိုင်,မြင်နိုင်သည်ကိုထောက်လျှင် သိပ္ပံနည်းမှတပါး အခြားသော နည်းလမ်း တစုံတရာဖြင့် ကျွန်ုပ်တို့၏ ကြားနိုင်,မြင်နိုင်စွမ်းသတ္တိကို ထပ်မံ အားဖြည့်ပေး လျှင်လည်း အလားတူပင် ကြားနိုင်,မြင်နိုင်ကြပေလိမ့်မည်။

လူတယောက်တွင် မွေးကတည်းကပင် ကျွန်ုပ်တို့ထက် ပိုမို အင်အား ကောင်းသော ကြားနိုင်,မြင်နိုင်စွမ်းသတ္တိများ ပါလာခဲ့သည် ဆိုကြပါစို့။ ထိုသူသည် ကျွန်ုပ်တို့ မကြားနိုင် မမြင်နိုင်သော အရာများကို ရေဒီယိုကို နားထောင်ရသကဲ့သို့ ကြားနိုင်မည် မဟုတ်ပါလော။ အဝေးမှ အဆင်းများ ကိုလည်း ရုပ်မြင်သံကြားကို ကြည့်နေရသကဲ့သို့ မြင်နိုင်မည် မဟုတ်ပါလော။

**သိပ္ပံပညာရှင်၏ သဘာဝလွန် မြင်သိစိတ်**

နှစ်ဆယ်ရာစု သိပ္ပံကိရိယာများသည် ကျွန်ုပ်တို့ ပတ်လည်တွင် ယုံကြည်နိုင်စရာမရှိသော၊ မမြင်ရသော သို့သော်လည်း ကြီးမားကျယ်ပြန့်လှသော ဒြပ်နှင့် စွမ်းအင်လောကကြီး တည်ရှိနေသည်ကို ထုတ်ဖော် ပြသ, လိုက်ရာ အထက်တွင် ဖော်ပြခဲ့သည့် အချက်များ ဖြစ်နိုင်ဖွယ် ရှိကြောင်းကို ကျွန်ုပ်တို့ မစဉ်းစားဘဲ နေ၍ မဖြစ်တော့ပေ။

လူ့သမိုင်းကို ပြန်ကြည့်လျှင် အချို့သောအရာများကို ကြားနိုင် မြင်နိုင်စွမ်းရှိသော ဆန်းကြယ်သည့် သဘာဝလွန် အာရုံသိစိတ်များ အမှန်တကယ် ရှိကြောင်းကို ကျွန်ုပ်တို့ တွေ့နိုင်ပေသည်။ ၁၈ ရာစုနှစ် သချာနှင့် သိပ္ပံပညာရှင် **ဆွီဒင်းဘော့**[၁] တွင် ထိုသဘာဝလွန် အာရုံသိစိတ်များ ရှိကြောင်းကို သူ၏ အတ္ထုပ္ပတ္တိ ရေးသားသူများက ဖော်ပြခဲ့ကြ၏။ သူ၏ သဘာဝလွန် အာရုံသိစိတ်နှင့် ပတ်သက်သော ဖြစ်ရပ်တခုမှာမူ သဘာဝတ္တပညာရှင်ကြီး **အင်မဲညူယယ်ကန့်**[၂] အပါအဝင်ဖြစ်သော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများကပင် သက်သေခံကြသဖြင့် ကမ္ဘာကျော်အောင် ထင်ရှားခဲ့လေသည်။

**ဆွီဒင်းဘော့** တညနေခင်း ၆ နာရီအချိန်တွင် ဆွီဒင်းဘော့သည် ဆွီဒင်ပြည် **ဂို့သင်းဘတ်မြို့**[၃]တွင် သူ့မိတ်ဆွေများနှင့်အတူ ညစာစားနေ၏။ ထိုအခိုက် သူသည် ရုတ်တရက် စိတ်လှုပ်ရှားလာကာ **စတော့ဟုမ်းမြို့**တွင် ကြောက်စရာကောင်းသော မီးကြီးလောင်နေကြောင်း အထိတ်တလန့်ပြောလိုက်သည်။ **စတော့ဟုမ်း**[၄] မှာ ဆွီဒင်းဘော့၏ ဇာတိမြို့ ဖြစ်၍ **ဂို့သင်းဘတ်**နှင့် မိုင်ပေါင်း ၃၀၀ မျှ ဝေး၏။ ခဏကြာသော် မီးမှာ သူ့အိမ်နှင့် မလှမ်းမကမ်းရှိ အိမ်ကို လောင်နေပြီဖြစ်၍ သူ့အိမ်ကိုလည်း ကူးတော့မလိုလို ဖြစ်နေကြောင်း ပြောပြန်သည်။ ၈ နာရီအချိန်တွင်မူ သူသည် သက်မကြီးချလိုက်ကာ သူ့အိမ်နှင့် ၂ အိမ်ကျော်ရှိ အိမ်တအိမ်မှာပင် မီးငြိမ်းသွားပြီဖြစ်ကြောင်း အခိုင်အမာ ပြောပြလေသည်။

---

၁။ ဆွီဒင်းဘော့(E. Swedenborg) သည် ဆွီဒင်နိုင်ငံသား တွေးခေါ်ရေးပညာရှင်နှင့် ဘာသာရေးသမား တဦးလည်းဖြစ်သည်။

၂။ အင်မဲညူယယ်ကန့်(Immanuel Kant)သည် ၁၈ ရာစုနှစ် ဂျာမန် တွေးခေါ်ရေး ပညာရှင် ဖြစ်သည်။

၃။ Gothenburg

၄။ Stockholm

နောက် ၂ ရက်ကြာသောအခါ ဆီဒင်းဘော့၏ စိတ်အာရုံတွင် မီးလောင်မှု ထင်မြင်လာသော ၆ နာရီ အချိန်မှာပင် မီးစတင် လောင်ကျွမ်းကြောင်းမှစ၍ ဆီဒင်းဘော့ ပြောပြချက်အားလုံး မှန်ကန်နေသည်ကို အံ့သြဖွယ်ရာ ကြားသိကြရလေသည်။

ဆီဒင်းဘော့၏ အဖြစ်အပျက်သည် သမိုင်းနှင့် အတ္ထုပ္ပတ္တိများတွင် တွေ့ရသော အလားတူ အဖြစ်အပျက် ရာပေါင်းများစွာအနက်မှ တခုမျှသာ ဖြစ်သည်။ **မတ်တွိန်း**[၁]၊ **အေဗရာဟင်လင်ကွန်း**[၂]၊ **စန်ဆား(န်)**[၃] တို့သည်လည်း မိမိတို့၏ စိတ်အာရုံတွင် ရုတ်တရက် ထင်ပေါ်လာသော အဝေးမှ အဖြစ်အပျက်များကို နေ့၊ ရက်၊ နာရီ၊ မိနစ်နှင့်တကွ တိတိကျကျ အသေးစိတ် ပြောပြနိုင်ကြ၏။

ဆီဒင်းဘော့၏ သဘာဝလွန် မြင်နိုင်စွမ်းရည်မှာ နောက်ပိုင်းတွင် ပို၍ အားကောင်းလာသော ကြာရှည်တည်တန့်သည့် စွမ်းရည်အဖြစ်သို့ ရောက်လာလေသည်။ အချို့ အဖြစ်အပျက်များတွင် သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်မှာ အကျဉ်းအကျပ် အခက်အခဲနှင့် တွေ့ကြုံမှသာ ပေါ်ပေါက်လာသည်ကို တွေ့ရ၏။

---

၁။ မတ်တွိန်း(Mark Twain) သည် ၁၉ ရာစုနှစ် ကုန်ခါနီးတွင် ပေါ်ထွန်းသော အမေရိကန် ဟာသစာရေးဆရာကြီး ဖြစ်သည်။

၂။ အေဗရာဟင်လင်ကွန်း(Abaraham Lincoln) သည် ၁၈၆၀–၅ ခုနှစ်များ၌ အမေရိကန် ပြည်ထောင်စုကို အုပ်ချုပ်သော ၁၆ ဆက်မြောက် သမ္မတဖြစ်သည်။ အမေရိကန်ပြည် ၌ ကျွန်စနစ်ကို ဖျက်သိမ်းနိုင်ခဲ့သူ ဖြစ်သည်။

၃။ စန်ဆား(န်)(Saint-Saen) သည် ၁၉ ရာစုတွင် ထင်ရှားသော ပြင်သစ် ဂီတစာဆို တဦး ဖြစ်သည်။ သူ၏ စမ်(မ်)ဆန် နှင့် ဒီလိုင်းလား (Samson and Delilah) အော်ပရာမှာ အလွန် ကျော်ကြားသည်

**ဓာတ်ခွဲစမ်းသပ်ခြင်း** ကျွန်ုပ်တို့ အနောက်တိုင်းသားများသည် ဤကဲ့သို့သော အဖြစ်ဆန်းများကို ကြားသိရသော အခါ သံသယ စိတ်နှင့် စောင်းငဲ့၍ ကြည့်ရှုမျှသာ ကြည့်ခဲ့ကြ၏။ ဤအဖြစ်ဆန်းများ မှန်ကန်ကြောင်း သက်သေအထောက်အထား မည်မျှပင် ခိုင်လုံနေသည် ဖြစ်စေ၊ မည်သည့် ဂုဏ်သရေရှိ ပညာရှင်ကြီးများက သက်သေခံနေကြသည် ဖြစ်စေ၊ မည်မျှပင် အထပ်ထပ်အခါခါ ဖြစ်ပျက်နေသည် ဖြစ်စေ မျက်ခုံးကိုပင့်၍ ပုခုံးကို တွန့်လိုက်ကာ 'တိုက်ဆိုင်မှုပါ' 'စိတ်ဝင်စားစရာ ကောင်းသားပဲ' ဟူသော စကားများဖြင့်သာ ဂရုမစိုက်သလို အမှတ်မထင် နေလိုက်ကြ၏။

သို့သော် ယင်းအဖြစ်မှန်တို့ကို ပေါ့ပေါ့တန်တန် သဘောထား၍ မရတော့သော အချိန်ကား ကျရောက်လာခဲ့ပေပြီ။ ရှင်းပြ၍ မရနိုင်သော အဖြစ်အပျက်များထဲမှ အဖိုးတန် တွေ့ရှိချက်များ ရနိုင်သည်ကို ယုံကြည်ကာ နား,မျက်စိကို အမြဲတစေ ဖွင့်ထားကြသော သုတေသီများနှင့် ဤခေတ် ဤအခါတွင် မုချ လိုအပ်သည့် အရာများနှင့် သိပ္ပံနည်းကျ အယူအဆများ၏ အရေးပါပုံကို သိရှိထားကြသော အမြင်ကျယ်သူများအတွက်မှာ လူသား၏ မီးခဲပြာဖုံးဖြစ်နေသော ဆန်းကြယ်သည့် စွမ်းရည်နှင့်ပတ်သက်သည့် ဤ အကြောင်းရပ်များသည် စိတ်ဝင်စားစရာကောင်းသလောက် အဓိပ္ပာယ်လည်း ရှိလှ၏။

အချို့သော အမြော်အမြင်ကြီးသည့် သိပ္ပံပညာရှင်ကြီးများသည် ပဉ္စာရုံသိစိတ်ဖြင့် လက်လှမ်းမမီသော၊ တနည်းဆိုသော် လူသား၏ သာမာန် အာရုံသိစိတ်ဖြင့် မသိနိုင်သော အရာများကို စနစ်တကျ ဓာတ်ခွဲ စမ်းသပ် သင့်သည်ဟု ယူဆကြကာ စမ်းသပ်မှုအချို့ကို ပြုလုပ်ခဲ့ကြ၏။ အမေရိကန် ပြည်ထောင်စု **ဂျူတက္ကသိုလ်မှ** သိပ္ပံပညာရှင် **ဒေါက်တာရျောဘီရိုင်း**[၁]သည် သူ၏ လုပ်ဖော်ကိုင်ဘက်များနှင့်အတူ လူတို့၏ **တယ်လီပသီ**[၂]နှင့် **ဒိဗ္ဗစက္ခု**[၃]

---

၁။ Dr. J.B. Rhine of Duke University

၂။ Telepathy

၃။ Clairvoyance

စွမ်းရည်တို့ကို (ဝါ) စိတ်ချင်းဆက်သွယ်နားလည်မှုနှင့် သဘာဝလွန် မြင်နိုင်စွမ်းရည်တို့ကို ၁၉၃၀ ခုနှစ်မှစ၍ ကျယ်ပြန့်စွာ လေ့လာလိုက်စားခဲ့၏။

ဤသို့ လေ့လာရာတွင် သူသည် စေ့စေ့စပ်စပ် ကွပ်ကဲ၍ အထပ်ထပ် လက်တွေ့စမ်းသပ်မှုနှင့် တင်းကျပ်၍ တိကျသော သိပ္ပံနည်းစနစ်တို့ကို အသုံးပြုခဲ့လေသည်။ သို့နှင့် သူသည် လူများစွာတို့တွင် သာမာန်အာရုံသိစိတ် တို့ထက် ထက်မြက်သော တန်ခိုးများ ရှိကြကြောင်းကို **ဓာတ်ခွဲစမ်းသပ်ခြင်း**[၁] ဖြင့် လက်တွေ့ ပြသနိုင်ခဲ့လေသည်။

ဒေါက်တာရိုင်း၏ စမ်းသပ်တွေ့ရှိချက်များကို သရုပ်ဖော်အရ အကဲဖြတ်ကြည့်သောအခါ အဆိုပါတန်ခိုးသတ္တိများကို **'မတော်တဆ တိုက်ဆိုင်မှုများ'**ဟု ဆို၍ မဖြစ်တော့သည်ကို တွေ့ရှိလာရတော့၏။ ပြင်သစ်မှ **ဝါးကော်လီယေး**[၂]၊ ရုရှားမှ **ကိုတစ်**[၃] နှင့် ဂျာမဏီမှ **တစ်ရှနား**[၄] စသော သိပ္ပံပညာရှင်များသည်လည်း အလားတူ ဓာတ်ခွဲစမ်းသပ်မှုများကို ပြုလုပ်ခဲ့ကြ၏။ ထိုသူတို့သည် အချင်းချင်း ဆက်သွယ်မှု လုံးဝမရှိဘဲ စမ်းသပ်ခဲ့ကြလင့်ကစား သူတို့အသီးသီး ရရှိကြသော အဖြေအားလုံးမှာ ရိုင်း၏အဖြေနှင့် တထပ်တည်းပင် ဖြစ်ကြသည်။

သို့နှင့် သိပ္ပံနည်းကျ သက်သေသာဓကများကို ပို၍ စမ်းသပ် တွေ့ရှိလာသည်နှင့်အမျှ တယ်လီပသီနှင့် သဘာဝလွန် မြင်နိုင်စွမ်းရည်တို့အပေါ် အနောက်တိုင်းသားတို့ ထားရှိသော သံသယများသည်လည်း တစတစ လွင့်ပါးပျောက်ကွယ်သွားကြကာ ထိုတန်ခိုးစွမ်းရည်များ လူသားတွင် စင်စစ်ကေန် အမှန်ပင်ရှိသည်ဟု ယုံကြည်လက်ခံလာကြတော့၏။

---

၁။ ဒေါက်တာရိုင်း၏ စမ်းသပ်တွေ့ရှိချက်များကို အသေးစိတ် သိလိုမူ ၁၉၄၇ ခုနှစ်တွင် ထုတ်ဝေသော ဒေါက်တာရိုင်း ရေးသည့် The Reach of the Mind တွင် ဖတ်ရှုနိုင်ပါသည်။

၂။ Warcollier

၃။ Kotik

၄။ Tichner

ဖော်ပြပါ အချက်များအရ သဘာဝ ယုတ္တိရှုထောင့်၊ သမိုင်း ရှုထောင့်၊ သိပ္ပံပညာရှုထောင့်မှနေ၍ လေ့လာသုံးသပ်ကြည့်လျှင် လူသား၏ အကြား၊ အမြင်စွမ်းရည်ကို ပို၍ အားကောင်းလာအောင် တိုးချဲ့ပေးနိုင်ကြောင်းမှာ ယုံကြည်ဖွယ်ရာ အကြောင်းတန်နေပေသည်။

ယင်းသို့ တိုးချဲ့ပေးနိုင်သည်ဟု ယုံကြည်ခြင်းမှာ သဘာဝယုတ္တိအရ ကြောင်းကျိုး ဆီလျော်ပေသည်။

သက်သေခံ အခိုင်အမာရှိသော ဖြစ်ရပ်ပေါင်း မြောက်မြားစွာတို့ တကယ် ဖြစ်ပျက်ခဲ့ကြသည်မှာ သမိုင်းအရ မှန်ကန်မှု ဖြစ်ပေသည်။

လူသား၌ ပကတိ အာရုံသိစိတ် ငါးပါးထက် တန်ခိုးထက်သော အသိစိတ်များရှိသည်ဆိုသော အခြေခံသဘောကို ဓာတ်ခွဲ စမ်းသပ်မှုက ဖော်ထုတ်ပေးလိုက်ခြင်းမှာ သိပ္ပံပညာအရ မှန်ကန်မှု ဖြစ်ပေသည်။

**မျှော်လင့်စရာ အလားအလာ** သို့ရာတွင် သဘာဝလွန် မြင်သိစိတ်ကို ဖြစ်နိုင်စရာရှိသော အာရုံသိပုံ,သိနည်း တခုအနေဖြင့်သာ ဓာတ်ခွဲခန်းက အတည်ပြုပေးခဲ့၏။ လက်တွေ့ အသုံးချ၍ ရ,မရကိုမူ စမ်းသပ် မကြည့်ခဲ့သေးပေ။ အကယ်၍သာ မျက်စိကို ဖြစ်စေ၊ နားကို ဖြစ်စေ မမှီ,မတွယ်ရဘဲ မြင်စိတ် ကြားစိတ် ဖြစ်နိုင်ပါမူ၊ တနည်းဆိုရသော် အခြား တနေရာရာတွင် ဖြစ်ပျက်နေသည်တို့ကို ရုပ်မြင်သံကြား ကြည့်ရသကဲ့သို့ မြင်နိုင်,ကြားနိုင်ပါမူ လူသားသည် သူနှင့် သူနေထိုင်ရာ ကမ္ဘာလောကကြီး အကြောင်းကို သိရှိရေးအတွက် အရေးပါလှသော ကိရိယာအသစ်တခုကို ပိုင်ဆိုင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

လူသည် ရာစုနှစ်ပေါင်း မြောက်မြားစွာ ကျော်ဖြတ်လာခဲ့ရသဖြင့် ကြီးမားသော အောင်မြင်မှုကြီးများကို ရရှိခဲ့၏။ သူ၏ ခွန်အားနှင့် ကျွမ်းကျင်မှုတို့က အာကာသနှင့် ရုပ်ဝတ္ထုတို့ကို သူ့အလိုကျ ဖန်တီးခြယ်လှယ်နိုင်သည့်

စွမ်းရည်ကို သူ့အား ပေးအပ်ခဲ့၏။ သူ့တွင် ခွန်အားနှင့် အသစ်တီထွင် ဖန်တီးနိုင်သည့် စွမ်းရည်များ ရှိသော်လည်း သူ၏ လောကခံကို ခံနိုင်သည့် စွမ်းရည်မှာမူ နုနယ်လျက်ပင် ရှိသေး၏။ သူ၏ ဗဟိဒ္ဓအောင်မြင်မှုများမှာ အားအင်ချိနဲ့၍ တွေဝေလျက်ပင် ရှိသေး၏။ သူသည် ယဉ်ကျေးမှု၊ ပျိုးထောင်မှုနှင့် အနုပညာ အောင်မြင်မှုများကို ရရှိခဲ့သော်လည်း မွေးသည်မှ သေသည် အထိ သူ့နောက်သို့ တကောက်ကောက်လိုက်နေသော ဒုက္ခတရား၏ အဓိပ္ပာယ်နှင့် ပတ်သက်၍မူ သူ့မှာ ယောင်ဝါးဝါးသာလျှင် ရှိသေး၏။

လူသည် မကြာလှသေးသော အချိန်ကစ၍ အနုမြူ၏ အတွင်းသဘောကို ထိုးထွင်းသိမြင်လာနိုင်ခဲ့၏။ များမကြာမီပင် အသစ်တွေ့ရှိသော **အပိုအာရုံသိစိတ်များ (ဝါ) သဘာဝလွန် သိစိတ်များ**[၁]၊ **သိစိတ်**[၂] နှင့် **မသိစိတ်**[၃] တို့၏ ဆန်းပြားသော ဆက်သွယ်မှုများဖြင့် သူ၏ အဇ္ဈတ္တသန္တာန်ကို ထိုးထွင်းသိမြင်နိုင်မည့် အချိန်မှာ မဝေးတော့ပြီဟု ဆိုနိုင်တန်ရာပေသည်။ နောက်ဆုံးတွင် ရာစုနှစ်ပေါင်းများစွာ ကြာသောအခါ လူသည် ဘဝ၏ အခြေခံပြဿနာကြီးများအတွက် သိပ္ပံနည်းကျ၍ ကျေနပ်လောက်သော အဖြေများကို တွေ့ရှိကောင်း တွေ့ရှိနိုင်ပါလိမ့်မည်။

၁။ Extra-sensory perception

၂။ Conscious mind

၃။ Unconscious mind

# အခန်း (၂)

# အမြင်ပေါက်သော ကေစီ

**သဘာဝလွန် မြင်နိုင်စွမ်းရည်** ဒိဗ္ဗစက္ခုစွမ်းရည် သို့မဟုတ် သဘာဝလွန် မြင်နိုင်စွမ်းရည်၏ ဖြစ်နိုင်သည့် သဘောကို တွေးတော ဆင်ခြင်ကြည့်ရသည်မှာ စိတ်တက်ကြွဖွယ်ရာ ကောင်းလှပေသည်။ ထိုစွမ်းရည်မျိုးရှိသူ တဦးဦးသည် သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်ကို အများအကျိုးအတွက် လက်တွေ့ အသုံးချလျက် ရှိကြောင်းနှင့် ပညာရှင်တို့၏ သုတေသနအတွက် အသုံးချလျက် ရှိကြောင်းကို ကြားသိရသောအခါမှာမူ ထို့ထက် ပို၍ပင် စိတ်တက်ကြွဖွယ်ရာ ကောင်းပေသေးသည်။

ထိုပုဂ္ဂိုလ်မျိုးသည် တခါက အမေရိကန်ပြည်ထောင်စု၌ ပေါ်ပေါက်ခဲ့ဖူး၏။ သူ့အမည်ကား **အက်ဂါကေစီ**[၁] တည်း။

မစ္စတာကေစီမှာ **'ဗာဂျီနီယာဘိ(ချ်)မှ အံ့ဖွယ်လူသား**[၂]**'** ဟူ၍ပင် နာမည် အတပ်ခံလိုက်ရသေး၏။ စင်စစ်မူ ကေစီတွင် လူနာတို့ကို ရောဂါ

---

၁။ Edgar Cayce

၂။ The Miracle Man of Virginia Beach

ပျောက်ကင်းစေနိုင်သော တန်ခိုး မရှိပေ။ သူ၏ အံ့ဖွယ်ရာကောင်းသော သဘာဝလွန် မြင်နိုင်စွမ်းရည်ဖြင့် လူနာကို ကြည့်ပြီးလျှင် ရောဂါဖြစ်ပျက်ပုံနှင့် ကုသနည်းတို့ကို လူနာအား ပြောပြရုံသာ ပြောပြနိုင်ခြင်းဖြစ်၏။

တခါတရံတွင် မိုင်ပေါင်းများစွာဝေးသော ဒေသ၌ ရှိသည့် လူနာကိုပင် ဤနည်းဖြင့် ညွှန်ကြားပေးနိုင်ခဲ့၏။ ကေစီ ညွှန်ကြားသည့်အတိုင်း လိုက်နာကုသကြသော လူနာများမှာ ရောဂါ မပျောက်သူဟူ၍ မရှိသလောက်ပင် ဖြစ်၏။ သို့သော် သူ၏ အံ့ဩစရာ အမြင်သတ္တိမှာ သူ့ကိုယ်သူ အိပ်မွေ့ချသော အခါမှသာ ပေါ်ပေါက်လာလေ့ရှိ၏။

**စိတ်နောက်သည့် မိန်းကလေး**

ကေစီ၏ အမြင်စွမ်းရည်နှင့် ပတ်သက်၍ စိတ်ဝင်စားစရာ ဖြစ်ရပ်တခုကို ဖော်ပြလိုပေသည်။ အမေရိကန်ပြည်၊ **အယ်လ်ဘားမားပြည်နယ်**[၁]၊ **ဆယ်လ်မာမြို့**[၂] မှ မိန်းကလေးတယောက်သည် စိတ်ဖောက်ပြန်နေရာ မည်သည့် ဆရာနှင့်မျှ ကုသ၍ မရသည့်အဆုံးတွင် စိတ္တဇဆေးရုံသို့ ပို့ထားလိုက်ရ၏။ ကေစီ၏ သတင်းကို ကြားသိထားကြသော ထိုမိန်းကလေး၏ အစ်ကိုများသည် မိန်းကလေးကို ကုသပေးရန် ကေစီအား တောင်းပန်၏။

ကေစီသည် သူ၏ ခုံတန်းလျားပေါ်တွင် ပက်လက်လှန်လိုက်ပြီးလျှင် အသက်ပြင်းပြင်း နှစ်ခါ၊သုံးခါ ရှူလိုက်ကာ သူ့ကိုယ်ကို အိပ်မွေ့ချလိုက်၏။ ထို့နောက် သူ့အဖော်တယောက်က ကေစီအား မိန်းကလေး၏ ရောဂါဖြစ်ပုံကို ပြောပြရန် အမိန့်ပေးလိုက်၏။ မိနစ်အနည်းငယ် ကြာသောအခါ အိပ်မွေ့ချ ထားခံရသော ကေစီသည် မိန်းကလေး၏ ရောဂါအကြောင်းကို စတင် ပြောတော့၏။ သူပြောပုံမှာ လူနာကိုယ်ကို ဓာတ်မှန်ကပ်၍ ကြည့်ပြီး ပြောပြ နေသည်ထက်ပင် တိကျ သေချာလှသေး၏။

---

၁။ Alabama ၂။ Selma

"မိန်းကလေးရဲ့အံဆုံးဟာ ပိညပ်နေတယ်။ ဒါကြောင့် အဲဒီသွားဟာ ဦးနှောက်ကလာတဲ့ အာရုံကြောတခုကို ဖိမိနေတယ်။ သွားနှုတ်ပစ်လိုက်ရင် အာရုံကြော လွတ်သွားပြီး မိန်းကလေး နဂိုစိတ် ပြန်ဖြစ်သွားပါလိမ့်မယ်"

ရောဂါဖြစ်ပုံကို ပြောပြပြီးနောက် ကေစီ၏အဖော်က ကေစီကို နှိုးလိုက်သည့်အခါ ကေစီ ထ,ထိုင်လေသည်။

လူနာမိန်းကလေး၏ အစ်ကိုသည် သူ့နှမထံသို့ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးကို ပင့်ခေါ်သွား၏။ ဆရာဝန်သည် ကေစီ ပြောသည့်နေရာတွင် သွားကို စစ်ဆေးကြည့်သောအခါ ပိညပ်နေသော သွားကို တွေ့ရ၍ နှုတ်ပစ်လိုက်၏။ ထိုအချိန်မှစ၍ မိန်းကလေးမှာ လူကောင်းပကတိ ပြန်ဖြစ်သွားတော့၏။

**တက်သည့်ကလေး အဆိပ်ကျွေး**

**ကင်းတပ်ကီပြည်နယ်**[၁] မှ ဆရာဝန်တဦး၏ သားလေးတယောက် ဖြစ်ရပ်မှာလည်း အံ့သြဖွယ် ရာပင်ဖြစ်၏။ ထိုဆရာဝန်၏ဇနီးသည် လမစေ့ဘဲ ကလေးမီးဖွားသဖြင့် သူ၏ကလေးသည် မွေးကတည်းကစ၍ ချူချာလှ၏။ ကလေး လေးလသား ရှိသောအခါ တနေ့တွင် အပြင်းအထန် တက်နေရာ သူ၏ဖခင် ဆရာဝန် အပါအဝင် ဆရာဝန်သုံးဦး ပူးပေါင်း ကုသသော်လည်း အတက်မရပ်ဘဲ ရှိနေ၏။ ဆရာဝန်သုံးဦးလုံးပင် ကလေးသည် နေကုန်အောင်ပင် ခံမှခံပါမည်လားဟု သံသယရှိနေကြ၏။ ဆရာဝန်ကတော်သည် နောက်ဆုံး ကြိုးစားသည့် အနေဖြင့် ကေစီထံသွား၍ အကူအညီ တောင်းလေသည်။

ကေစီက သူ့ထုံးစံအတိုင်း သူ့ကိုယ်ကို အိပ်မွေ့ချလိုက်ပြီးလျှင် ကလေးအား **ဗယ်လာဒွန်နာ**[၂] အဆိပ်ကျွေးရမည် ဖြစ်ကြောင်း၊ ခဏကြာ၍ လိုအပ်လျှင် အဆိပ်ဖြေဆေးပေးရမည် ဖြစ်ကြောင်း ညွှန်ကြားလိုက်၏။

---

၁။ Kentucky ၂။ Belladonna

ဆရာဝန်ကတော်သည် ဆရာဝန်များက အတင်းတားနေသည့် ကြားကပင် သူကိုယ်တိုင် ကလေးကို အဆိပ်ကျွေးလိုက်၏။ ချက်ချင်းလိုပင် ကလေးမှာ အတက်ကျသွား၏။ ခဏနေ၍ အဆိပ်ဖြေဆေး ကျွေးလိုက်သောအခါ ကလေးသည် ခြေ,လက်များ ဆန့်တန်းလိုက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။ သို့ဖြင့် ထိုကလေး အသက်ဘေးမှ ကင်းဝေးခဲ့ရ၏။

ကေစီ၏ ကုသနည်းမှာ စိတ်ပညာရှင်တို့၏ ကုသနည်းကဲ့သို့ **ယုံကြည်မှုဖြင့် ကုသနည်း**[၁] မဟုတ်ပေ။ တခါတရံ ရှည်လျားလှသော ကုထုံးကို ညွှန်ကြားတတ်၏။ သူ၏ ကုထုံးမှာ အမျိုးအစားလည်း စုံလှ၏။ ဆေးဝါး ဓာတ်စာပေးခြင်း၊ လျှပ်စစ်ဖြင့် ကုသခြင်း၊ စိတ်ကို စေစား၍ ကုသခြင်း စသည်တို့ထဲမှ တမျိုးတည်းကိုဖြစ်စေ၊ ၂ မျိုး, ၃ မျိုးကိုဖြစ်စေ လိုအပ်သလို ညွှန်ကြားလေ့ရှိ၏။

**မှတ်တမ်းအပြည့်အစုံ** ကေစီသည် လူနာပေါင်း သုံးသောင်းကျော်ကို ကုသခဲ့၏။ အချို့နှုတ်လွယ်သူတို့က ဤစကားမှာ ယုံလွယ်သူတို့က ချဲ့ကား၍ ပြောကြသောစကားဟု ဆိုကောင်း ဆိုကြပေမည်။ စင်စစ် ထိုသို့ မဟုတ်ပေ။ ကေစီ နောက်ဆုံး နေသွားသော **ဗာဂျီနီယာ ဘိ(ချ်)**[၂] မြို့တွင် ထိုလူနာသုံးသောင်းကျော်တို့၏ ရောဂါမှတ်တမ်းများကို ဖိုင်တွဲများဖြင့် စနစ်တကျ သိမ်းဆည်းထားလျက် ရှိပေသည်။

အိပ်မွေ့ချထားစဉ် ကေစီပြောသော စကားများကို လက်ရေးတိုနှင့် လိုက်၍ ရေးမှတ်ထားရာ ထိုလက်ရေးတိုစာမူများနှင့် ယင်းတို့၏ ဘာသာပြန်များကိုလည်း စနစ်တကျ ဖိုင်တွဲ၍ ထား၏။ ကမ္ဘာအရပ်ရပ်ရှိ လူနာများထံမှ စုံစမ်းစာ၊ မေတ္တာရပ်စာ၊ ကျေးဇူးတင်စာများကိုလည်း ကေစီ၏ ဖိုင်ထဲတွင်

---

၁။ Faith Cure ၂။ Virginia Beach

တွေ့နိုင်၏။ ကေစီ၏ မှတ်တမ်းများကို မည်သူမဆို အလိုရှိသလို ကြည့်ရှု စစ်ဆေးနိုင်ပေသည်။

အချုပ်ကိုဆိုရသော် ထိုမှတ်တမ်းများနှင့် ပေးစာများသည် လူသားတွင် သဘာဝလွန် မြင်နိုင်စွမ်းရည် ရှိကြောင်း သက်သေ အထောက်အထားများပင် ဖြစ်ပေသည်။

**အက်ဂါကေစီ၏ ဖြစ်စဉ်**

ကေစီကို ကင်းတပ်ကီပြည်နယ်၊ **ဟော့ကင်းစဗီးမြို့**[၁] အနီးတွင် ၁၈၇၇ ခုနှစ်၌ ဖွားမြင်ခဲ့၏။ သူ၏မိဘများမှာ လယ်သမားများဖြစ်၍ ပညာမတတ်ကြပေ။ သူသည် ကျောင်းတွင် ၉ တန်းအထိ ပညာသင်ကြားခဲ့ရ၏။ တရားဟောဆရာ လုပ်ရန် ဆန္ဒပြင်းပြခဲ့သော်လည်း အခြေအနေအရ ပညာ ဆက်လက် မသင်နိုင်သဖြင့် သူ့ဆန္ဒ မပြည့်ဝခဲ့ပေ။

သူသည် လယ်ထဲ၌ မပျော်ပိုက်သဖြင့် မြို့သို့ တက်ကာ စာအုပ်ဆိုင် တဆိုင်တွင် စာရေးအလုပ်ကို လုပ်၏။ ထို့နောက် အလုပ် ပြောင်းလိုက်ပြန်ကာ အာမခံကုမ္ပဏီတခုတွင် အရောင်းစာရေး လုပ်ပြန်၏။

**ဘဝပြဿနာ၏ အစ**

ကေစီ အသက် ၂၁ နှစ် ရှိသောအခါ သူ၏ ဘဝလမ်းကြောင်းကို ပြောင်းသွားစေသော ထူးဆန်းသည့်ဖြစ်ရပ်ကို ကြုံတွေ့ရလေသည်။ ထိုဖြစ်ရပ်မှာ **လည်မျိုရောင်ရောဂါ**[၂] စွဲကပ်ခြင်းဖြင့် အစပြုခဲ့၏။ ထိုရောဂါကြောင့် ကေစီမှာ အသံပျောက်သွားကာ စကားပြော၍ မရတော့ပေ။ ဆရာဝန်အမျိုးမျိုးနှင့် ကုသသော်လည်း ရောဂါမှာ ထူးမခြားနားသာ ဖြစ်နေသဖြင့် နောက်ဆုံးတွင် အလုပ်မှ ထွက်လိုက်ရ၏။

---

၁။ Hopkinsville ၂။ Laryngitis

အလုပ်မရှိသော ကေစီသည် အိမ်သို့ပြန်ကာ မိဘများနှင့် အတူနေရ၏။ ကုစ၍မရသော သူ့ရောဂါကို စဉ်းစားမိလေ စိတ်ပျက် အားငယ်လေဖြစ်ကာ တနှစ်တာအချိန်ကို ကုန်လွန်စေခဲ့ရ၏။ နောက်ဆုံးတွင် အသံကို အသုံးမပြုရသည့် ဓာတ်ပုံလုပ်ငန်းတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင် လိုက်၏။

တနေ့သော် **ဟော့ကင်းစဗီးသို့** နယ်လှည့်ဇာတ်အဖွဲ့တဖွဲ့ ရောက်လာ၏။ ထိုဇာတ်အဖွဲ့ ခေါင်းဆောင်မှာ **မစ္စတာဟတ်**[၁] ဆိုသူဖြစ်၏။ ဟတ်သည် အိပ်မွေ့ချ၍ ဆေးကုခြင်းအတတ်ကိုလည်း တတ်၏။ ကေစီ၏ အကြောင်းကို ဟတ်အား ပြောပြသောအခါ ဟတ်သည် ကေစီကို အိပ်မွေ့ချ၍ ကုသ၏။

ကေစီသည် အိပ်မွေ့ချထားရိုက်တွင်သာ ဟတ်၏ညွှန်ကြားချက်အတိုင်း လိုက်နာကာ ပကတိအသံဖြင့် စကားပြောသော်လည်း နိုးလာသောအခါတွင်မူ သူ့အသံမှာ ပျောက်မြဲ ပျောက်သွားပြန်သည်။ ထို့ကြောင့် ကေစီကို နောက်တကြိမ် အိပ်မွေ့ချလိုက်ပြန်ကာ အိပ်မွေ့ပြယ်ပြီးနောက် မည်သို့ပြုမူရမည်ကို ညွှန်ကြားသောနည်းဖြင့် ကုသပြန်၏။

ဤနည်းမှာ ဆေးလိပ် အလွန်အကျွံသောက်သူ၊ အရက် အလွန်အကျွံသောက်သူတို့ကိုပင် ပျောက်ကင်းစေသောနည်း ဖြစ်၏။ သို့ရာတွင် ကေစီ၏ ရောဂါကိုမူ ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ဟတ်သည် အခြားမြို့များတွင် ပွဲရက်ချိန်းများ ရှိနေ၍ ကေစီကို ဆက်လက် မကုသနိုင်ဘဲ ခရီးဆက်ခဲ့ရ၏။

**အိပ်မွေ့ချ၍ ကုသခြင်း** **ဟော့ကင်းစဗီးတွင်** အိပ်မွေ့ချကုသနည်း နှင့် **အရိုးဆုပ်နယ်ကုသနည်း**[၂] တို့ကို ဝါသနာအရ လေ့လာလိုက်စားနေသော **မစ္စတာလိန်း**[၃] ဆိုသူ လူငယ်တယောက် ရှိ၏။ **လိန်း**မှာ အိပ်မွေ့ချအတတ်တွင် ဗီဇပါသူလည်း ဖြစ်၏။ ကေစီကို **ဟတ်**ကုသနေစဉ်

---

၁။ Hart ၂။ Osteopathy ၃။ Leyne

**လီန်း**သည် စိတ်ဝင်စားစွာဖြင့် အနီးကပ်၍ လေ့လာ အကဲခတ်ခဲ့၏။ **ဟတ်** ခရီးထွက်သွားသောအခါ ကေစီ၏ သဘော တူညီချက်အရ ကေစီကို **လီန်း**က ဆက်လက် ကုသရ၏။

**ဟတ်**၏ ကုသနည်းဖြင့် အကျိုးသက်ရောက်မှု မရှိသည်ကို တွေ့ခဲ့ရသော **လီန်း**မှာ အကြံတမျိုး ပေါ်လာ၏။ ထိုအကြံမှာ ကေစီကို အိပ်မွေ့ချထားစဉ် သူ့ရောဂါ၏ သဘာဝကို သူ့ကိုယ်တိုင် ပြန်၍ ဖော်ပြဖို့ ညွှန်ကြားချက်ပေးရန် ဖြစ်၏။ ထို့ကြောင့် **လီန်း**သည် ကေစီကို အိပ်မွေ့ချ လိုက်ပြီးလျှင် သူ့အကြံအတိုင်း ညွှန်ကြားချက် ပေးလိုက်၏။ မိနစ် အနည်းငယ်မျှ ကြာသောအခါ ကေစီသည် **လီန်း**၏ညွှန်ကြားချက်အရ သူ့ရောဂါ၏ သဘာဝကို ပကတိအသံဖြင့် ပြောလာ၏။

"ဟတ်ကဲ့၊ ကျွန်ုပ်တို့ ဒီခန္ဓာကိုယ်ကို မြင်နေရပါတယ်။ ဒီခန္ဓာကိုယ်မှာ အာရုံကြောတွေ တင်းနေတဲ့အတွက် အသံထွက်ကြောတွေရဲ့ အတွင်းပိုင်း ကြွက်သားတွေဟာ မလှုပ်ရှားနိုင်ဘဲ သေနေပါတယ်။ ဒါကြောင့် ဒီခန္ဓာကိုယ်ဟာ ပကတိအခြေအနေမှာဆိုရင် စကားမပြောနိုင်ပါဘူး။ ဒါဟာ စိတ်ခံစား အခြေအနေကြောင့် ရုပ်တရားကို ထိခိုက်နေတာပါပဲ။ ပကတိအသိစိတ် မရှိတုန်းအခိုက်မှာ ထိခိုက်ခံရတဲ့ အစိတ်အပိုင်းကို သွေးလှည့်ပတ်မှုရောက်အောင် လုပ်ပေးလိုက်ရင် ပျောက်သွားနိုင်ပါတယ်။"

(ကေစီသည် သူ့ကို အိပ်မွေ့ချထားခိုက်တွင် ပြောသော စကားများ၌ 'ကျွန်ုပ်' အစား 'ကျွန်ုပ်တို့' ဟူသော ဗဟုဝုစ်စကားကို သုံးလေ့ရှိ၏။)

**ထူးခြားသောကုသမှု** **လီန်း**က "ထိခိုက်ခံရတဲ့ အစိတ်အပိုင်းကို သွေး လှည့်ပတ်မှု ရောက်အောင် တွန်းပို့ပြီး အခြေအနေ ကောင်းသွားအောင် လုပ်ပေးပါ"ဟု ချက်ချင်း ညွှန်ကြားလိုက်၏။ ကေစီ၏ ရင်အထက်ပိုင်းနှင့် လည်ချောင်းပိုင်းသည် တဖြည်းဖြည်းချင်း ပန်းရောင်သို့

ပြောင်းလဲသွား၏။ ထို့နောက် နှင်းဆီရောင်၊ ထို့နောက် အနီရင့် ရောင်သို့ ဖြည်းဖြည်းချင်း ပြောင်းလဲသွား၏။ မိနစ် ၂၀ မျှ ကြာသောအခါ အိပ်မွေ့ ကျနေဆဲဖြစ်သော ကေစီသည် လည်ချောင်းရှင်းလိုက်ကာ "အခု အခြေအနေ ကောင်းသွားပါပြီ။ သွေးလှည့်မှု မူလအတိုင်း ပြန်ဖြစ်ဖို့နဲ့ ခန္ဓာကိုယ် နိုးလာဖို့ ညွှန်ကြားချက် ပေးပါ"ဟု ပြောလိုက်၏။ လိန်းသည် ကေစီ ပြောသည့်အတိုင်း ညွှန်ကြားချက် ပေးလိုက်၏။

မကြာမီပင် ကေစီ နိုးလာပြီးလျှင် တနစ်ကျော်အတွင်း ပထမဆုံး အကြိမ်အဖြစ် သူ၏ မူလသံမှန်ဖြင့် စကား စ,ပြောတော့၏။ ထို့နောက် လအနည်းငယ်ကြာအောင်ပင် ကေစီ၏အသံမှာ ရံဖန်ရံခါ ပျောက်ပျောက် သွား၏။ အသံပျောက်တိုင်းပင် **လိန်း**က အထက်ပါနည်းအတိုင်း ညွှန်ကြားချက် ပေးရ၏။ နောက်ဆုံးတွင် ကေစီ၏ ရောဂါမှာ လုံး၀ ပျောက်ကင်းသွားတော့၏။

**လိန်း၏ဝမ်းဗိုက်နာ** ကေစီ အနေနှင့်မူ ဤကိစ္စသည် ဤတွင်ပဲ အပြီးသတ်ခဲ့ပေလိမ့်မည်။ သို့ရာတွင် အိပ်မွေ့ချ ပညာ၏ သမိုင်းကို လေ့လာ ကျွမ်းကျင်ထားသော **လိန်း**အနေနှင့်မူ ထို့ထက်ပို၍ အကျိုးများစရာများကို စဉ်းစားမိလာ၏။ အိပ်မွေ့ချထားသည့်အချိန်တွင် မိမိ၏ ခန္ဓာကိုယ် အခြေအနေကိုပင် ပြောပြနိုင်သော ကေစီသည် သူတပါး၏ ခန္ဓာကိုယ် အခြေအနေကိုလည်း ပြောပြနိုင်ကောင်း ပြောပြနိုင်ပေမည်။

သို့ စဉ်းစားမိသည်နှင့် **လိန်း**သည် အချိန်အတော်ကြာကပင် သူခံစားလာခဲ့ရသော ဝမ်းဗိုက်နာရောဂါကို ကေစီ၏နည်းဖြင့် ကုသ စမ်းရန် ကေစီအား ပြောပြ၏။ ကေစီကလည်း စမ်းကြည့်ရန် သဘောတူလိုက်၏။

သို့နှင့် ရှေးနည်းအတိုင်း အိပ်မွေ့ချ၍ ကုသကြသောအခါ ထင်သည့်အတိုင်းပင် အောင်မြင်သည်ကို တွေ့ရ၏။ အိပ်မွေ့ချထားစဉ်အတွင်း ကေစီ ပြောပြသော **လိန်း**၏ရောဂါလက္ခဏာများမှာ ကာယကံရှင် **လိန်း** ကိုယ်တိုင် သိရှိထားသည့်အတိုင်း တထပ်တည်း ဖြစ်နေ၏။ ကေစီ

ညွှန်ကြားသည့် ကုထုံးသည်လည်းကောင်း၊ ဆေးဝါးဓာတ်စာနှင့် ကိုယ်, လက်လေ့ကျင့်ခန်းများသည် လည်းကောင်း **လိန်း**၏ရောဂါအတွက် ယခင်က ဆရာဝန်များ ညွှန်ကြားချက်များနှင့် တသဝေမတိမ်း တူနေ၏။

ဤအောင်မြင်မှုအတွက် လိန်း ဝမ်းသာလိုက်သည်မှာ ဖော်မပြနိုင် အောင်ပင် ဖြစ်၏။ ထို့ကြောင့် ကေစီ ညွှန်ကြားသည့်အတိုင်း ကုသကြည့်ရာ ရက်သတ္တ ၃ ပတ်ကြာသောအခါ **လိန်း**၏ရောဂါ သိသိသာသာကြီး သက်သာလာ၏။

**သူတပါးကို ကုသရေး** လိန်းသည် ဤမျှဖြင့် မကျေနပ်သေးပေ။ အခြားသော လူမမာများကိုလည်း ကေစီ ကုသကြည့် စေချင်သည်။ ကေစီအနေနှင့်မူ ကုသ စမ်းသင့် မစမ်းသင့် စိတ်ဒွိဟ ဖြစ်နေ၏။ ကေစီသည် (၁၀)နှစ်သား အရွယ်ကတည်းကပင် သမ္မာကျမ်းစာကို အစမှ အဆုံးအထိ တနှစ် တခေါက်ပေါက်အောင် ဖတ်လာခဲ့သူ ဖြစ်၏။ ထိုစဉ်က သူသည် ယေရှုခရစ်၏ သာဝကကြီးတဦးကဲ့သို့ပင် သူတပါးကို ကူညီနိုင်သူ၊ နာမကျန်းသူများကို ကုသပေးနိုင်သူ ဖြစ်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့၏။ အတော် ကြီးပြင်းလာသောအခါ တရားဟောဆရာ ဖြစ်လိုသည့်ဆန္ဒ ပြင်းပြလာပြန်၏။ သို့ရာတွင် ထိုဆန္ဒမှာ အခြေအနေအရ မပြည့်ဝခဲ့ပေ။

ယခုမူ သူ ငယ်စဉ်က ပြင်းပြခဲ့သည့် ဆန္ဒအတိုင်း သူတပါးကို ကူညီနိုင်၊ ကုသနိုင်မည့် အခွင့်အရေးကို မမျှော်လင့်ဘဲ ထူးထူးဆန်းဆန်း ရရှိလာပေပြီ။ သို့သော် အကယ်၍များ သူ အပြောမှား၍ တပါးသူတွင် ရောဂါပိုဆိုးကာ ထိခိုက်နစ်နာသွားလျှင် မခက်ပါလော။ သည်အချက်ကို ကေစီ စိုးရိမ်နေ၏။ နောက်ဆုံးတွင် ရေးဆန်လှသော ဤနည်းဖြင့် အကုသခံလိုသည့် လူမမာများကို ကုသပေးရန် သဘောတူလိုက်လေသည်။ သို့သော် ဤသို့ ကုသခြင်းကို အစမ်းသဘောထားရန်နှင့် အခ,ငွေကြေး မယူရန် စည်းကမ်း သတ်မှတ်ထားလိုက်၏။

အိပ်မွေ့ချထားသည့် အချိန်တွင် လူနာများအတွက် ကေစီ ပြောပြချက်တို့ကို **လိန်း**က လက်ရေးတိုဖြင့် လိုက်ရေး၍ မှတ်တမ်းတင်ထား၏။ ယင်း မှတ်တမ်းများကို ပိုမို သင့်လျော်သော အခြား စကားလုံး မရှိသဖြင့် "ဟောစာတမ်းများ"ဟုသာ နာမည်ပေးထားရ၏။

**အံ့သြစရာ** ကေစီသည် သူ၏ ဓာတ်ပုံလုပ်ငန်းမှ အားလပ်ခွင့် ရသည့် အချိန်များတွင် လူနာများကို စေတနာ့ဝန်ထမ်း ကုသပေး၏။ အံ့သြစရာကောင်းလှသော အချက်တချက်မှာ ကေစီ ပြောပြသော ရောဂါ၏ သဘောလက္ခဏာများ ဖြစ်၏။

ပကတိအားဖြင့် ကေစီသည် ဆေးပညာကို လုံးဝ နားမလည်ပေ။ ဆေးစာအုပ်များကိုလည်း မည်သည့်အခါမျှ မဖတ်ခဲ့ဖူးပေ။ သို့တစေ အိပ်မွေ့ချထားစဉ်အတွင်း ကေစီ သုံးစွဲ ပြောဆိုသော ဝေါဟာရများမှာ အထက်တန်းကျသော ဆေးပညာသုံး ဝေါဟာရတွေချည်း ဖြစ်နေ၏။ သူ ညွှန်ကြားသည့်အတိုင်း လိုက်နာ ကုသသူများမှာ ရောဂါ ပျောက်ကင်းသွားကြသူ ချည်းသာဖြစ်ရာ **လိန်း**နှင့် ကေစီတို့ အဖို့မှာ အံ့အားသင့်စရာ၊ ဝမ်းမြောက်စရာ တွေချည်း ဖြစ်နေ၏။

**လိန်း**၏ ဗိုက်နာရောဂါ သက်သာသွားစဉ်ကမူ ကေစီ၏ စိတ်မှာ သံသယတင်းလင်းနှင့် မရှင်းမလင်းပင် ရှိသေး၏။ လိန်းသည် သူ၏ စိတ်စွဲလမ်းမှုကြောင့် သူ့ရောဂါ သက်သာသည်ဟု ထင်မှတ်ခြင်းမျှသာ ဖြစ်တန်ရာသည်။ မိမိ၏အသံ ပြန်ထွက်လာခြင်းမှာမူ စိတ်စွဲလမ်းမှုကြောင့် မဟုတ်သည်မှာ သေချာသည်။ သို့သော် ဤအချက်မှာလည်း မတော်တဆ ကံကောင်းထောက်မ၍သာ ဖြစ်ပေမည်။ သမားတော်များက ကုမရတော့ဟု ဆုံးဖြတ်ထားသော ရောဂါများကိုပင် ကေစီ၏ ကုထုံးအညွှန်းများအရ ကုသ၍ ပျောက်ကင်းဖန် များလာသောအခါ ကေစီ၏ စိတ်တွင် ခိုဝင်တွယ်ကပ် နေကြသော ထိုသံသယများသည် တစတစ ပျောက်ကွယ်ကုန်ကြတော့သည်။

သို့နှင့် ကေစီ၏ သတင်းမှာ တယောက်စကား တယောက်နားဖြင့် ပြန့်ပွား၍ သွားတော့၏။

**မကြာခဏ တက်တတ်သည့် ကလေး** တနေ့သော် ဟော့ကင်စဗီးတွင် ယခင်က အမှုထမ်းသွားဖူးသော ကျောင်းအုပ်ဆရာကြီး တယောက်သည် ကေစီကိုပင့်ရန် လူ တယောက်ကို လွှတ်လိုက်၏။ ကျောင်းအုပ်ကြီး၏ ၅ နှစ်သမီးလေးသည် ၂ နှစ်သမီး အရွယ်တွင် တုပ်ကွေးရောဂါ ဖြစ်ခဲ့ဖူး၏။ ထိုအချိန်မှ စ၍ ကလေးမှာ စိတ်မှုမမှန်ဘဲ ဖြစ်လာ၏။

ကလေး၏ မိဘသည် နာမည်ကြီး အထူးကုဆရာဝန် တယောက်ပြီး တယောက်ကို ပင့်၍ ကုသသော်လည်း ကလေး၏ ရောဂါမှာ ထူးခြားမှု မရှိခဲ့ပေ။ ကာလကြာသော် ကလေးတွင် မကြာခဏ တက်သည့်ရောဂါပါ စွဲကပ်လာ၏။ နောက်ဆုံးကုသသော အထူးကုဆရာဝန်က ကလေး၏ ရောဂါမှာ ဦးနှောက်ကို ထိခိုက်သော ရှားပါးသည့် ရောဂါမျိုး ဖြစ်၍ အသက်အန္တရာယ် ဖြစ်မည်ကိုပင် စိုးရိမ်ရကြောင်း ပြောသွားလေသည်။

မိဘများမှာ ကလေးအတွက် သောကမီး တောက်လောင်ကာ ကြံရာမရ ဖြစ်နေစဉ် မိတ်ဆွေတယောက်ထံမှ ကေစီ၏ သတင်းကို ကြားရသဖြင့် ချက်ချင်းပင် ကေစီကို ပင့်ခေါ်ကြခြင်း ဖြစ်၏။

ကေစီသည် ကလေး၏ ဖြစ်ပုံကို ကြားရသောအခါ ကရုဏာ သက်လှသဖြင့် ပထမဆုံးအကြိမ်အဖြစ် မြို့ပြင်သို့ လိုက်၍ ကုသရန် သဘောတူလိုက်၏။ သူသည် ဓာတ်ပုံတိုက်တွင် အလုပ်သင်မျှသာ ဖြစ်ရာ ခရီးသွားစရာ မီးရထားခ,ပင် သူ့မှာ မရှိပေ။ ထို့ကြောင့် လူနာရှင် ပေးသော ခရီးစရိတ်ကို လက်ခံလိုက်ရ၏။ ဤသည်မှာ သူ၏ အကူအညီအတွက် သူ ပထမဆုံး လက်ခံလိုက်ရသော အခကြေးငွေဖြစ်၏။

**ကိုယ့်ကိုယ်ကို မယုံမရဲ** သူသည် ကလေး၏ ခံစားနေရပုံကို မြင်လိုက်ရသောအခါ ဖြစ်မှဖြစ်ပါ့မလားဟု သူ့ကိုယ်သူ မယုံမရဲပင် ဖြစ်လာ၏။ ဆေးပညာ၏ အကြောင်းကို ဘာတခုမျှ နားမလည်သော လယ်သမားသားက နိုင်ငံကျော် အထူးကုဆရာဝန်များ လက်လျှော့ထားရသော လူနာကို ကုသဖို့ ကြိုးစားသည်မှာ ရယ်စရာလိုပင် ဖြစ်နေ၏။ မိမိကိုယ်ကို ယုံကြည်မှု အားသေးနေသေးသော ကေစီသည် အိပ်မွေ့ချရန် ဆိုဖာတလုံးပေါ်တွင် လှဲအိပ်လိုက်သောအခါ ကတုန်ကယင် ဖြစ်နေသေး၏။ သူ့ကိုယ်သူ အိပ်မွေ့ချလိုက်သော အခါတွင်မူ အပြည့်အဝ ယုံကြည်မှု ရှိလာကာ ကလေး၏ ရောဂါအခြေအနေကို အေးဆေးတည်ငြိမ်သော အသံဖြင့် သွက်လက်စွာ ပြောပြလေတော့၏။

"မိန်းကလေးဟာ တုပ်ကွေး မဖြစ်ခင်ကလေးမှာ ယာဉ်တခုခုပေါ်က လိမ့်ကျခဲ့တယ်။ လိမ့်ကျလို့ ထိခိုက်တဲ့နေရာမှာ တုပ်ကွေးပိုးတွေ ဝင်လာပြီး ရောဂါဖြစ်လာတာပဲ။ အဲဒီ တုပ်ကွေးပိုးကြောင့် ကြာလာတော့ တက်တဲ့ရောဂါပါ ဝင်လာပါတယ်။ အရိုးဆုပ်နယ်ပြီး ကုသတဲ့နည်းနဲ့ ပြုပြင်ပေးလိုက်ရင် အတက် ပျောက်သွားပြီး စိတ်လဲ မှုမှန်လာပါလိမ့်မယ်"

ကေစီနှင့်အတူ **လိန်း**လည်း လိုက်ပါလာရာ ကေစီ ပြောသမျှကို **လိန်း**က လက်ရေးတိုဖြင့် လိုက်၍ ရေးမှတ်ထား၏။

ကလေး၏မိခင်က လိမ့်ကျဖူးသည်မှာ မှန်ကြောင်း၊ သို့သော်လည်း ထင်ထင်ရှားရှား ဒဏ်ရာအနာတရ မဖြစ်ဟု ထင်သဖြင့် ကလေး၏ ယခုရောဂါနှင့် လိမ့်ကျမှု ဆက်စပ်နိုင်နွယ်နိုင်သည်ဟု မစဉ်းစားမိခဲ့ကြောင်း ပြောပြ၏။

ကေစီ၏ ဟောစာတမ်းအတိုင်း ကလေးကို ကုသကြသောအခါ ရက်သတ္တသုံးပတ်အတွင်းမှာပင် အတက်ရောဂါ ပျောက်ကင်းသွားကာ စိတ်မှုမှန်စ ပြုလာသည့် အရိပ်အရောင်များကိုလည်း တွေ့ကြရ၏။ စိတ် မှုမှန်စ

ပြုလာသည်နှင့် တပြိုင်နက် ကလေးသည် သုံးနှစ်လုံးလုံး သူ သတိမရခဲ့သည့် သူ့အနှစ်သက်ဆုံး အရုပ်ကလေး၏ အမည်ကို ခေါ်လိုက်၏။ ထို့နောက် သူ၏ မိဘများကို နာမည် ထုတ်ဖော်၍ ခေါ်လေသည်။ ဤသို့ ခေါ်ခြင်းမှာ မိဘနာမည်ကို သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ခေါ်ခြင်းဖြစ်၏။ သုံးလကြာပြီး နောက် ကလေး လုံးဝ ကျန်းမာသွားပြီဖြစ်ကြောင်း သတင်းကောင်းကို ကလေး၏ မိဘများထံမှ ကေစီ ကြားရလေသည်။

**ခရီးဝေး ဟောစာတမ်း** အထက်ပါ ဖြစ်ရပ်မျိုးကို တွေ့ရဖန် များလာသော အခါ ရှင်းပြ၍ မရသော သူ၏ ထူးဆန်းသော စွမ်းရည်ကို လူနာများအတွက် အသုံးပြုခြင်းမှာ မမှားကြောင်း ကေစီ ယုံကြည် စိတ်ချလာလေသည်။ ဤအချိန်တွင် သတင်းစာများကလည်း ကေစီ၏ အကြောင်းကို တခမ်းတနား ဖော်ပြလာကြလေပြီ။ ရပ်ဝေးမှ ပင့်ခေါ်သော ကြေးနန်းများကိုလည်း နေ့စဉ်မပြတ် လက်ခံ ရရှိနေ၏။ တယ်လီဖုန်းဖြင့် ပင့်ခေါ်သူများလည်း မနည်းပေ။

ထိုအခါ ရပ်ဝေးတွင် ရှိနေသည့် လူနာအတွက် မိမိအိမ်မှနေ၍ ဟောပေးလျှင်လည်း ဖြစ်နိုင်စရာ ရှိသည်ဟု ကေစီ စဉ်းစားမိသဖြင့် စမ်းသပ် ကြည့်ရာ အောင်မြင်သည်ကို တွေ့ရလေသည်။ ကေစီ အိပ်မွေ့ကျနေချိန်တွင် အဝေး၌ ရှိနေသော လူနာ၏အမည်၊ လမ်းအမည်၊ မြို့အမည်၊ ပြည်နယ် သို့မဟုတ် တိုင်းပြည်၏ အမည်များကို မှန်ကန်စွာ ထည့်သွင်း၍ ညွှန်ကြားချက် ပေးလျှင် အနီးရှိ လူနာကို ဟောသော ဟောစာတမ်းကဲ့သို့ပင် မှန်ကန်တိကျ၍ အကျိုးရကြလေသည်။

ကေစီသည် လူနာရှိရာ ဌာန၏ ပတ်ဝန်းကျင် မြေ ရေ အနေအထား နှင့် ရာသီဥတုများကိုပင် မကြာခဏ ထည့်သွင်း၍ ပြောပြတတ်၏။ "ဒီနေရာမှာ

ဒီမနက် လေ တော်တော်ထန်တယ်" "ဆွစ်ဇာလန်၊ **ဝင်တာဟာ**[၁]ပဲ၊ တယ်သာယာသကိုး၊ စမ်းချောင်း ကလေးကလည်း ကြည်နူးစရာပဲ" "သူ့ညဝတ်အင်္ကျီကြီးက သိပ်မဆိုးလှဘူး" "ဟုတ်ပြီ၊ ကျွန်ုပ်တို့ သူ့မိခင် ဘုရားရှိခိုးနေတာတွေ့ရတယ်" စသည်ဖြင့် သူ၏ ဤဟောပြောချက်များမှာ အမြဲတမ်း မှန်ကန်လေသည်။ ဤအချက်များက သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည် စစ်မှန်ကြောင်းကို ပို၍ ခိုင်လုံအောင် သက်သေထူပေးသကဲ့သို့ ရှိနေ၏။

**ဟောရန် ပြင်ဆင်မှု** အနီးရှိ လူနာကို ဟောသည်ဖြစ်စေ၊ အဝေးရှိလူနာကို ဟောသည်ဖြစ်စေ ဟောဖို့ရာ ပြင်ဆင်မှု မှာ အတူတူသာ ဖြစ်၏။ ဟောခါနီးတွင် ကေစီသည် ဘိနပ်ချွတ်ခြင်း၊ ကော်လာနှင့် လည်စည်း လျှော့ခြင်းတို့ကို ပြုလုပ်ရ၏။ ထို့နောက် ခုတန်းလျားပေါ်တွင် ဖြစ်စေ၊ ခုတင်ပေါ်တွင် ဖြစ်စေ ပက်လက်လှန် အိပ်လိုက်ပြီးလျှင် စိတ်ရောကိုယ်ပါ လျှော့ချထားလိုက်ရ၏။ တောင်အရပ်ကို ဦးခေါင်းပြု၍ အိပ်ရသော အနေအထားကို ကေစီ ပို၍ နှစ်သက်၏။ တန်းလျားပေါ်၌ သက်သက်သာသာ ပက်လက်လှန်နေနိုင်ရန် ခေါင်းအုံးတလုံးမှတပါး အခြား မည်သည့်အရာမျှ မလိုအပ်ပေ။ နေ့အခါ၌ဖြစ်စေ၊ ညအခါ၌ဖြစ်စေ မည်သည့်အချိန်မဆို ဟောနိုင်၏။ အလင်းရောင်နှင့် အမှောင်တို့သည် သူ၏ ဟောပြောမှုကို မည်သို့မျှ မတားဆီး မထိခိုက်နိုင်ကြပေ။

ခုတန်းလျားပေါ် သို့မဟုတ် ခုတင်ပေါ်တွင် ပက်လက်လှန်ပြီး ခဏအကြာ၌ ကေစီသည် သူ့ကိုယ်သူ အိပ်မွေ့ချလိုက်၏။ လိန်းက ဖြစ်စေ၊ ကေစီ၏ဇနီးက ဖြစ်စေ၊ သူ၏သား **ဟူး(ဂ်)လင်း**[၂] က ဖြစ်စေ၊ သို့မဟုတ် ယုံကြည်၍ တာဝန်ပေးထားသော အခြားသူ တဦးဦးက ဖြစ်စေ အိပ်မွေ့ချထားသော ကေစီကို ညွှန်ကြားချက် ပေးရ၏။ ပေးနေကျ ညွှန်ကြားချက် ပုံစံမှန်မှာ ဤသို့ ဖြစ်၏။

---

၁။ Winterthur ၂။ Hugh Lynn Cayce

"........ ပြည်၊ ........ ပြည်နယ်၊ ........ မြို့၊ ........ လမ်း၌ နေသော မောင်/မသည် ယခု သင့်ရှေ့၌ ရောက်ရှိနေပြီ။ သူ၏ ခန္ဓာကိုယ်ကို သေချာစွာ ကြည့်ပါ။ စေ့စေ့စပ်စပ် စစ်ဆေးပါ။ စစ်ဆေးပြီးနောက် ယခု လောလောဆယ်တွင် သူ၏ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော အခြေအနေကို လည်းကောင်း၊ ထိုအခြေအနေ၏ အကြောင်းရင်းကို လည်းကောင်း၊ သက်သာ ပျောက်ကင်းစေရန် ညွှန်ကြားချက်ကို လည်းကောင်း ကျွန်ုပ်အား ပြောပြပါ။ ကျွန်ုပ်မေးသော မေးခွန်းများကိုလည်း ဖြေကြားပါ။"

မိနစ် အနည်းငယ်ကြာသောအခါ ကေစီ စကား စ၍ ပြောမြဲ ဖြစ်၏။ ကေစီ ပြောသမျှကို **လိန်းက**ဖြစ်စေ၊ နောက်ပိုင်းတွင် **မစ္စဂလက်ဒီဒေဗီ**[၁] က ဖြစ်စေ လက်ရေးတိုဖြင့် လိုက်၍ မှတ်ရ၏။ ဟောစာတမ်း ပြီးသောအခါ လက်ရေးတိုဖြင့် ရေးထားသော ဟောစာတမ်းကို လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ကာ ဘာသာပြန်ရ၏။ ဘာသာပြန်ပြီးသော ဟောစာတမ်း တစ္ဆက်ကို လူနာအား ဖြစ်စေ၊ လူနာ၏ မိဘများအား ဖြစ်စေ၊ လူနာကို စောင့်ရှောက်သူ တဦးဦးအား ဖြစ်စေ၊ လူနာကို ကုသနေသော ဆရာဝန်အား ဖြစ်စေ ပေးလိုက်၏။ မင်ခံစက္ကူ ခံ၍ ရိုက်ထားသော အဝါရောင် မိတ္တူစာရွက်ကိုမူ ကေစီ၏ ဖိုင်တွဲတွင် ထည့်၍ သိမ်းထားရ၏။

**စီးပွားရေးသမားများ နှင့် ကေစီ** သတင်းစာများက တခမ်းတနား ဖော်ပြကြသောကြောင့် လည်းကောင်း၊ တယောက်စကား တယောက်နားဖြင့် သတင်းပြန့်သွားသောကြောင့် လည်းကောင်း စီးပွားရေးလောကသို့ ကေစီ၏သတင်း ရောက်သွားသောအခါ လာဘ်မြင်လှသော စီးပွားရေးစားဖားကြီးများသည် ကေစီထံသို့ စုပြုံရောက်လာကြတော့၏။

---

၁။ Miss Gladys Davis

ရက်သတ္တ နှစ်ပတ်တိတိ နေ့စဉ် ဝါဂွမ်းဈေးကို ဟောပေးက တနေ့လျှင် ဒေါ်လာ ၁၀၀ ပေးမည်ဖြစ်ကြောင်း ဝါဂွမ်းကုန်သည် တယောက်က ကေစီအား စကား ကမ်းလှမ်း၏။ ထိုအချိန်တွင် ကေစီမှာ ငွေလိုနေချိန် ဖြစ်သော်လည်း ထိုကမ်းလှမ်းချက်ကို ငြင်းပယ် လွှတ်လိုက်၏။

သိုက်တူးလိုသူများကလည်း စကား ကမ်းလှမ်း၏။ မြင်းလောင်းသမား များကလည်း ကမ်းလှမ်း၏။ ဤကဲ့သို့သော ကမ်းလှမ်းချက် အတော်များများကို စမ်းသပ်သည့်အနေဖြင့် ကေစီ လက်ခံ၍ ဟောကြည့်၏။ အောင်မြင်သော အကြိမ်များ ရှိသလို မအောင်မြင်သော အကြိမ်များလည်း ရှိ၏။

တခုထူးခြားသည်မှာ ဤကဲ့သို့သော စီးပွားရေးကိစ္စများကို ဟောသည့် အခါတိုင်း အိပ်မွေ့ကျနေရာမှ နိုးလာသောအခါ ကေစီမှာ အားအင်ကုန်ခန်း နေသလို ခံစားနေရတတ်၏။ မိမိကိုယ်ကိုလည်း မကျေမနပ် ဖြစ်နေတတ်၏။ ထို့ကြောင့် သူ၏ ဤထူးဆန်းသော စွမ်းရည်သည် မကျန်းမာသူများအတွက်သာ အကျိုးသက်ရောက်မှု ရှိ၍ ယင်းရည်ရွယ်ချက်ဖြင့်သာ အသုံးချသင့်သည်ဟု ကေစီ ဆုံးဖြတ်ချက် ချလိုက်၏။ သူကိုယ်တိုင် အပါအဝင် မည်သူ တဦးတယောက်၏ စီးပွားရေးအတွက်မျှ အသုံးမချသင့်ဟု ကေစီ စွဲမြဲစွာ ယုံကြည် လာလေသည်။

၁၉၂၂ ခုနှစ်တွင် **ဒင်ဗာပို့စ်**[၁] သတင်းစာ အယ်ဒီတာက ကေစီကို **ဒင်ဗာ**သို့ လာရန် ဖိတ်လိုက်၏။ ထိုအယ်ဒီတာသည် ကေစီ၏ ဟောပြောချက် များကို သုံး,လေးကြိမ်မျှ မျက်မြင်ကိုယ်တွေ့ စောင့်ကြည့်ပြီးနောက် ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်ကို ယုံကြည်သွား၏။

သူက သူပြုလုပ်လိုသော အစီအစဉ်တခုကို ကေစီအား ပြောပြ၏။ ထိုအစီအစဉ်မှာ ကေစီက အရှေ့တိုင်းသားများပေါင်းသည့် ခေါင်းပေါင်းကြီး တခုကို ပေါင်း၍ အရှေ့တိုင်းနာမည်တခုခုကို မှည့်ပြီးလျှင် အတွင်းလူကို

၁။ Denver Post

ရေးရေးမျှသာ မြင်ရသော ကန့်လန့်ကာ ခပ်ပါးပါးတခု၏ အတွင်းမှနေ၍ မေးလာသူများကို ဟောရန်ဖြစ်၏။

သူ့အစီအစဉ်ကို သဘောတူလျှင် ကေစီအား တနေ့ ဒေါ်လာတထောင် ပေးမည်ဟု စကားကမ်း၏။ ကေစီသည် ထိုအယ်ဒီတာ၏ ကမ်းလှမ်းချက်ကို ရှင်းရှင်းပြတ်ပြတ် ပြောကာ ငြင်းပယ်လွှတ်လိုက်၏။

**ကြော်ငြာခြင်းကို မနှစ်သက်**

**ဘရန်းဆွစ် ရေဒီယိုနှင့်ရုပ်မြင်သံကြား ကော်ပိုရေးရှင်း**[၁] ၏ ဥက္ကဋ္ဌဖြစ်သော မစ္စတာ **ဒေးဗစ်ကာန်း**[၂] မှာ ကေစီ၏ ရာသက်ပန် မိတ်ဆွေရင်း ဖြစ်၏။ သူမိတ်ဆွေများနှင့် စကားစပ်မိတိုင်း ကေစီ၏အကြောင်းကို ထည့်၍ပြောကာ ကေစီကို လူသိများအောင် အကြီးအကျယ် ကြိုးပမ်းနေသူလည်း ဖြစ်၏။ သို့ရာတွင် ကေစီ ပို၍ကျော်ကြားအောင် အကြီးအကျယ် သူ ကြော်ငြာပေးလိုကြောင်း ကေစီအား ပြောပြသောအခါ ကေစီသည် သူ၏အကြံကို တုံးတိတိပင် ငြင်းပယ်ပစ်လိုက်၏။

ကေစီသည် ကြော်ငြာခြင်းကို မနှစ်သက်ပေ။ **အယ်လ်ဘားမား** ပြည်နယ် သတင်းစာတစောင်တွင် သူ၏ ဟောပြောပွဲ တခုအကြောင်းကို တကြိမ်သာ ကြော်ငြာခွင့် ပြုခဲ့ဖူးပေသည်။ ထို တကြိမ်မှတပါး မည်သည့်အခါမျှ မည်သည့်အတွက်မျှ ကြော်ငြာရန် ခွင့်မပြုခဲ့ဘူးပေ။ သူသည် သာမာန်မျှ သိကျွမ်းသူများနှင့် စကားပြောသောအခါတွင်လည်း သူ၏စွမ်းရည်အကြောင်းကို မမေး,မစမ်းလျှင် မည်သည့်အခါမျှ ထုတ်ဖော် မပြောခဲ့ပေ။ ထို့ကြောင့်ပင် သူနေသောမြို့မှ လူများစုမှာ ကေစီကို တနင်္ဂနွေကျောင်းတကျောင်းတွင် စာပြနေသူတယောက် အနေထက် ပို၍ မသိကြချေ။

---

၁။ Brunswick Radio and Television Corporation

၁။ David Kahn

ကေစီ၏ ခံယူချက်မှာ သူသည် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်တယောက် မဟုတ်၊ နာမကျန်းသူများကို ပျောက်ကင်း ချမ်းသာအောင် ကူညီရေးအတွက် ပေါ်ပေါက်လာရသည့် ကိရိယာတခုသာ ဖြစ်သည်။ သူ့ကို လူအများ အာရုံစိုက်အောင် မည်သည့်အခါမျှ မကြိုးစားသင့်။ သူ့အကူအညီကို လိုအပ်သူများသည် လူ့သတင်းကို လူချင်းဆောင်ခြင်းဖြင့် ကြားသိကာ လာကြလိမ့်မည်၊ ကြီးမားသော စာလုံးမဲကြီးများဖြင့် ဟိုးလေးတကျော်ဖြစ်အောင် ကြော်ငြာနေစရာ မလိုပေ။

**အလုပ်မှ ထွက်လိုက်ရသည်**

ကေစီသည် စောစောပိုင်း နှစ်များတွင် လူနာများထံမှ အခကြေးငွေ မယူဘဲ ဓာတ်ပုံတိုက်မှရသော ဝင်ငွေဖြင့်ပင် သူ၏မိသားစုကို ထောက်ပံ့လာခဲ့သည်။ သို့ရာတွင် ကြာလေကြာလေ သူ့ထံသို့ လာရောက်ကုသသူ၊ မေးမြန်းသူများ များလာလေဖြစ်ရာ သူ၏ဓာတ်ပုံအလုပ်ကို လုပ်နိုင်လောက်အောင် အချိန် မရတော့သဖြင့် ဓာတ်ပုံတိုက်မှ အလုပ်ထွက်လိုက်ရကာ သူ၏မိသားစု စားဝတ်နေရေးအတွက် သင့်လျော်သော အခကြေးငွေကို လူနာများထံမှ လက်ခံရသည့် အခြေသို့ ရောက်သွားတော့သည်။ သို့ လက်ခံသည့်တိုင်အောင် ဆင်းရဲနွမ်းပါးသော လူနာများကိုမူ အခကြေးငွေ လုံးဝမယူဘဲ မေတ္တာသက်သက် ဖြင့် ကုသပေးလေသည်။

အခြေခံအားဖြင့် စီးပွားရေးသဘော မဆန်သော သူ၏ စိတ်ထားမှာ သူ့ဘဝတလျှောက်လုံး ဤစိတ်ထားအတိုင်း တသမတ်တည်း တည်တံ့သွား လေသည်။ ၁၉၂၇ ခုနှစ်၌ သူ ပြောင်းရွှေ့ နေထိုင်သွားသော **ဗာဂျီနီယာဘိ(ချ်)** တွင် စနစ်တကျ သိမ်းဆည်းထားသည့် သူ၏ မှတ်တမ်းများက ဤအချက်ကို အခိုင်အမာ ထောက်ခံထားလေသည်။

**အမှန်နှင့် အမှား** နောက်ပိုင်းနှစ်များတွင် ကေစီမှာ သူလုပ်နေသော အလုပ်နှင့်ပတ်သက်၍ သံသယတွေ ဝိုင်းဝိုင်းလည် နေပြန်၏။ တခါတရံတွင် အိပ်မွေ့ချထားစဉ် လူနာ၏ အခြေအနေကို မေးသော်လည်း ဘာမျှမပြောဘဲ ငြိမ်နေတတ်၏။ သူ၏ ယိုယွင်းလာသော ကျန်းမာရေးနှင့် စိတ်ဓာတ်တို့က သူ၏စွမ်းရည်ကို ထိခိုက်လာဟန် တူပေသည်။ သူသည် ပင်ကိုယ်အားဖြင့် စိတ်ထား နူးညံ့သိမ်မွေ့သူဖြစ်သော်လည်း တခါတရံ ရုတ်တရက် ဟုန်းကနဲ ဒေါသထွက်လာတတ်၏။ သူ့မှာ ငွေရေးကြေးရေးနှင့် ပတ်သက်၍လည်း ပူပင်သောက ရှိဟန် တူပေသည်။ ဤကဲ့သို့သော စိတ်လှုပ်ရှားစရာ အခြေအနေများမှာ သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည် အတွက် အတားအဆီးများ ဖြစ်နိုင်ပေသည်။

တခါတရံ တချို့ လူနာရှင်များသည် သူတို့ လူနာများ၏ အခြေအနေကို ကေစီ မှန်မှန်ကန်ကန် မဖော်ပြဟုဆိုကာ စိတ်ဆိုး မာန်ဆိုးနှင့် လာ၍ ပြောတတ်၏။ အချို့ကလည်း ကေစီ၏ ညွှန်ကြားချက်အတိုင်း ကုသသော်လည်း ရောဂါမပျောက်ကြောင်း ပြောဆို ပြစ်တင်လာကြ၏။

ဤအခါမျိုးတွင် ကေစီသည် စိတ်မချမ်းမသာဖြစ်ကာ နှိမ့်ချသော စိတ်ထားဖြင့် ရှည်လျားသော တောင်းပန်စာများကို ထိုလူနာရှင်များထံ ရေးတတ်လေသည်။ သူ့စာထဲတွင် သူ့ဟောစာတမ်းများ မည်သည့်အခါမျှ မမှားဟု သူမပြောနိုင်ကြောင်း၊ တခါတရံ သူ လုံးဝနားမလည်နိုင်သော အခြေအနေများက ဟောပြောချက်ကို လာ၍ ထိခိုက်ဟန် တူကြောင်း၊ တခါတရံ အခြေအနေကို ရှင်းရှင်းလင်းလင်း မသိမမြင်ရကြောင်းများကို ဖော်ပြတတ်၏။ စာအဆုံးတွင် သူ့ညွှန်ကြားချက်အတိုင်း မပျောက်ကင်းပါက ဟောခ,ကို ပြန်ယူစေလိုကြောင်း နိဂုံးသတ်လိုက်ကာ ကျသင့်သော ငွေထုတ်ချက်လက်မှတ် တခုပါ စာအိတ်တွင်ထည့်၍ ပေးလိုက်တတ်၏။

တခါတရံ အဆိုပါ လူနာများသည်ပင် ၂ လ၊ ၃ လ အကြာတွင် ကေစီထံသို့ လာကြပြန်ကာ မူလက သူတို့ မယုံကြည်ခဲ့သော ကေစီ၏

ညွှန်ကြားချက်များသည် ယခု ဆရာဝန်များ၏ ညွှန်ကြားကုသပုံများနှင့် ကိုက်ညီနေကြောင်း ပြောတတ်ကြသည်။ တချို့ လူနာများမှာလည်း ကေစီ ညွှန်ကြားထားသော ဆေးဝါး၊ ဓာတ်စာနှင့် စိတ်ဓာတ် ထိန်းသိမ်းပြုပြင်မှုများနှင့် ပတ်သက်၍ ဟောစာတမ်းတွင် ပါသည့်အတိုင်း မလိုက်နာကြသဖြင့် ရောဂါ မပျောက်ဘဲ ရှိသည်ကို တွေ့ရ၏။

**ပျောက်ကင်းသူ များလာ**

သူ၏ ဟောစာတမ်းများသည် မမှားနိုင်သော ဟောစာ တမ်းများ မဟုတ်သည်ကို ကေစီသိ၏။ သို့ရာတွင် အချိန်ကြာလာ၍ ကုသရသည့်အကြိမ် ပိုများလာသည်နှင့် အမျှ သူ၏စွမ်းရည်သဘောကို ပို၍ နားလည်လာသောအခါ၌မူ သူ၏ဟောစာတမ်း များမှာ ပို၍ ရှင်းလင်းပြတ်သားလာကာ ပို၍ မှန်ကန်လာ၏။ အမှား ရှိသလောက် ရှိသော်လည်း မှန်ကန် ပျောက်ကင်းမှုပေါင်းများစွာနှင့်စာလျှင် ထိုအမှား အနည်းငယ် မှာ မပြောပလောက်ပေ။

ကေစီ၏ ဟောစာတမ်းများကြောင့် ကနေဒါပြည်မှ ခရစ်ယာန်ဘုန်းကြီး တပါးမှာ **ဝက်ရူးပြန်ရောဂါ**[၁] ပျောက်ကင်းသွား၏။ **အိုဟိုင်ယိုပြည်နယ်**[၂]၊ **ဒေတန်မြို့**မှ[၃] ဘွဲ့ရပြီးကျောင်းသားတယောက်မှာ **အဆစ်ရောင်ရောဂါ**[၄] ပျောက်သွား၏။ နယူးယောက်မှ သွားဘက်ဆိုင်ရာ ဆရာဝန်တယောက်၏ ၂ နှစ်ကြာခဲ့ပြီဖြစ်သော ခေါင်းကိုက်ရောဂါသည် ရက်သတ္တ ၂ ပတ်အတွင်း၌ ပျောက်ကင်းသွား၏။

မျှော်လင့်စရာ မရှိတော့ပြီဟု ဆရာဝန်များ လက်လွှတ်ထားသော **ကင်းတပ်ကီပြည်နယ်**မှ အဆိုတော် အမျိုးသမီးငယ် တယောက်၏ **လေမြင်းရောဂါ**[၅] မှာလည်း တနှစ်အတွင်းမှာပင် အံ့သြဖွယ်ရာ ပျောက်ကင်း

---

၁။ Epilepsy
၂။ Ohio
၃။ Dayton
၄။ Arthritis
၅။ Scleroderma

သွား၏။ **ဖီလာဒယ်လဖီးယားပြည်နယ်**[၁]မှ လူငယ်တယောက်မှာလည်း မျက်ဆံမာ၍ **မျက်စိသူငယ်အိမ် တိမ်သလ္လာဖုံးသော** ရောဂါကြောင့်[၂] မမြင်ရဘဲ ရှိနေရာ ဆရာဝန်တယောက်က ကေစီ၏ ဟောစာတမ်းအတိုင်း လိုက်နာ ကုသပေးသဖြင့် မျက်စိအလင်းကို ပြန်လည်ရရှိလာ၏။

ကိုယ့်ကိုယ်ကို မယုံမရဲဖြစ်နေသော ကေစီသည် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း သူ၏ဟောစာတမ်းများကြောင့် ရောဂါ ပျောက်ကင်းသူ များပြားလာသောအခါ သူ၏စွမ်းရည်မှာ ယုံကြည် အားထားလောက်သည်ဟု အခိုင်အမာ ယူဆလာတော့၏။ သူ့စွမ်းရည်ကို နတ်ဆိုး,နတ်ယုတ်၏ ကိရိယာအဖြစ်ထက် ဘုရားသခင်က ပေးသော စွမ်းရည်အဖြစ် မြင်လာတော့၏။

**မယုံကြည်၍ လေ့လာသူများ**

ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်ကို မယုံကြည်ကြသော ပုဂ္ဂိုလ်အချို့သည် ကေစီထံလာ၍ ကေစီ၏ စွမ်းရည်ကို အကဲခတ်ကြ၊ စမ်းသပ်ကြ၏။ ထိုပုဂ္ဂိုလ်များ ထဲတွင် ဟားဗတ်တက္ကသိုလ်မှ စိတ္တဗေဒပညာရှင် **ဟူးဂိုး မန်းစတားဘတ်**[၃] သည်လည်း တယောက်အပါအဝင် ဖြစ်၏။ မန်းစတားဘတ်သည် နတ်ဝင် အယောင်ဆောင်များ သုံးလေ့ရှိသော အမှောင်ခန်း၊ ဘီဒို စသော ကိရိယာများကို ကေစီလည်း အသုံးပြုလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် လာခဲ့၏။ သို့ရာတွင် နေ့ခင်းကြောင်တောင် အလင်းရောင် ထင်းထင်းကြီးရနေသော နေရာတွင် ပက်လက်လှန်ကာ အိပ်မွေ့ကျနေရာမှ အိပ်မွေ့ညွှန်ကြားချက်များကို ဖြေကြား ပြောဆိုနေသည့် ကေစီကို တွေ့ရသောအခါ မန်းစတားဘတ်မှာ အတော်ကြီး အံ့အားသင့်သွား၏။

---

၁။ Philadelphia

၂။ Glaucoma

၃။ Hugo Munsterberg

မန်းစတားဘတ်သည် ကေစီဟောနေချိန်တွင် အနီးကပ်၍ လေ့လာ၏။ အကဲခတ်၏။ ကေစီ၏ ယခင် ဟောစာတမ်း မှတ်တမ်းများကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှု၏။ ကေစီ၏ ဟောစာတမ်းကြောင့် ရောဂါပျောက်ကင်းသွားသူများကို တွေ့ဆုံ မေးမြန်း၏။ နောက်ဆုံးတွင် ကေစီ လိမ်နေသည်ထင်၍ အလိမ်ဖော်ရန် မျှော်လင့်ချက်ဖြင့် လာကြသော အခြားသူများနည်းတူ မန်းစတားဘတ်သည်လည်း ကေစီ၏စွမ်းရည်ကို အစစ်အမှန်ဖြစ်ကြောင်း ယုံကြည် လက်ခံသွားရ၏။ လက်တွေ့လေ့လာ၍ သိရှိရသောအချက်များနှင့် ကေစီ၏ ဟန်ဆောင်ခြင်းကင်းသော ရိုးသားမှုက မန်းစတားဘတ်၏ သံသယများကို လုံးဝ ကင်းစင်လွင့်ပျောက်စေကြ၏။

**လူမှုရေး အကျိုးပြုလုပ်ငန်း** အခြားတဖက်မှလည်း အမြင်ကျယ်၍ စိတ်ကောင်း စေတနာကောင်း ရှိကြသူများက လူ့အကျိုးပြု လုပ်ငန်းနှင့် သိပ္ပံပညာသဘောအရ အရေးပါပုံတို့ကို သိရှိကာ ကေစီ၏ ထူးဆန်းသောအလုပ်ကို စိတ်ဓာတ်ရော ငွေကြေးပါ အကူအညီ ပေးကြ၏။ ထိုပုဂ္ဂိုလ်များက 'ကေစီဆေးရုံ' တခု တည်ထောင်၍ ထိုဆေးရုံတွင် ဝေဒနာရှင်များကို ကေစီ၏ ဟောစာတမ်းများအတိုင်း ဆရာဝန်များက ကုသပေးရလျှင် အများအတွက် ပို၍ အကျိုးသက်ရောက်စေနိုင်မည်ဟု ကြံစည် စိတ်ကူးခဲ့ကြ၏။

ထိုအကြံအစည်ကို ငွေကြေးကြွယ်ဝသော **မော်တန် ဘလူမင်သော်**[၁] ဆိုသူက အကောင်အထည် ဖော်လိုက်၏။ မော်တန်သည် ကေစီ၏ စွမ်းရည်ကြောင့် ရောဂါပျောက်ကင်းရသူတယောက် ဖြစ်၏။ သူသည် ၁၉၂၉ ခုနှစ်၌ **ဗာဂျီနီယာဘိ(ချ်)**တွင် **'ကေစီဆေးရုံ'**ကို ဖွင့်လှစ်လိုက်၏။ ၂ နှစ်မျှ

---

၁။ Morton Blumenthal

ကြာသောအခါ **မော်တန်**မှာ စတော့ဈေးကွက်တွင် အရှုံးပေါ်နေ၍ ငွေကြေး အကျပ်အတည်း တွေ့လာသဖြင့် ဆေးရုံကို ပိတ်ပစ်လိုက်ရ၏။

**သံသရာခရီး** ၁၉၄၂ ခုတွင် ကေစီ၏ အတ္ထုပ္ပတ္တိကို **တောမတ်ဆူဂရူး**[၁] ဆိုသူက ရေးသား ထုတ်ဝေလိုက်၏။ တဖန် ၁၉၄၃ ခုနှစ် စက်တင်ဘာလထုတ် **ကော်ရိုနက်**[၂] မဂ္ဂဇင်းတွင် **'ဗာဂျီနီယာဘိ(ချ်)မှ အံ့ဖွယ်လူသား'**ဟူသော ခေါင်းစဉ်ဖြင့် ကေစီအကြောင်း ဆောင်းပါးတစောင် ပါလာ၏။ ဤအတ္ထုပ္ပတ္တိစာအုပ်နှင့် ဆောင်းပါးကြောင့် ကေစီမှာ တိုင်းကျော် ပြည်ကျော် ဖြစ်သွားကာ အမေရိကန်ပြည် အနှံ့အပြားရှိ ဝေဒနာရှင်များထံမှ စာအမြောက်အမြား သူ့ထံသို့ ရောက်ရှိလာတော့၏။

ကေစီသည် မည်သည့်ဝေဒနာရှင်ကိုမျှ ငြင်းပယ် မလွှတ်ရက်သဖြင့် အားလုံးကိုပင် လက်ခံထားရ၏။ ထို့ကြောင့် ဝေဒနာရှင်များမှာ တနှစ်ခွဲ ကြိုတင်၍ပင် စာရင်းသွင်းထားကြရ၏။ ကေစီသည် တနေ့တနေ့တွင် ဝေဒနာရှင် (၂)ဦးကိုသာ ဟောပေးရမည် ဖြစ်သော်လည်း အခြေအနေအရ (၈)ဦးအထိပင် ဟောပေးနေတော့၏။

အိပ်ပျော်နေစဉ်အတွင်း အလုပ်လုပ်ခြင်းသည် သက်သာသည်ဟု ထင်စရာဖြစ်သော်လည်း စင်စစ်မှာ အာရုံကြောစွမ်းအား အလွန်ကုန်သောအလုပ် ဖြစ်၏။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ မပြတ်တမ်း အာရုံကြောများကို အသုံးပြု ရသည့် အလုပ်ကို လုပ်နေရသည့် ကေစီမှာ တဖြည်းဖြည်း ကျန်းမာရေး ပျက်လာပြီးလျှင် **၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် အသက် (၆၇)နှစ်၌** ကွယ်လွန်သွားလေသည်။

---

၁။ There is a River by Thomas Sugrue

၂။ Coronet

မိမိ သူတပါး နှစ်ဦးသားတို့၏ ကိုယ်ခန္ဓာ အတွင်းအပြင် အခြေအနေတို့ကို လည်းကောင်း၊ ရောဂါဝေဒနာတို့ကို လည်းကောင်း၊ ထိုရောဂါဝေဒနာတို့ကို ပျောက်ကင်းစေနိုင်သော ဆေးဝါးဓာတ်စာနှင့် ကုထုံးတို့ကိုလည်းကောင်း တိတိကျကျ ပြက်ပြက်ထင်ထင် မြင်နိုင်စွမ်းသော နတ်မျက်စိပိုင်ရှင် အမြင်ပေါက်သော အက်ဂါကေစီသည် သေခြင်းတရားကိုမူ ကြိုတင်၍ မမြင်စွမ်းနိုင်ပါတကား။

**မှတ်ကျောက်အတင်ခံသည့် စွမ်းရည်**

အမြင်ပေါက်သော အများအကျိုးဆောင် အက်ဂါကေစီ၏ ဘဝဇာတ်လမ်းကား တခန်းရပ်ခဲ့ပေပြီ။ သို့သော် မည်သို့မည်ပုံ သူ ပိုင်ဆိုင်ရရှိလာသည်ဟု သူ ကိုယ်တိုင်သော်မှ ရှင်းမပြနိုင်သော သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်မှာမူ သူနှင့်အတူ မြေကြီးအတွင်းသို့ သက်ဆင်းပါသွားခြင်း မရှိဘဲ လူ့လောကအား နည်းတမျိုးဖြင့် အကျိုးပြုဆဲပင် ဖြစ်ပေသည်။ ယင်းမှာ လူသားတွင် သဘာဝလွန် မြင်နိုင်စွမ်းရည် အစစ်အမှန်ရှိသည်ဆိုသော အချက်အတွက် သက်သေခံ အမြောက်အမြားတွင် ကေစီ၏ စွမ်းရည်က နောက်ထပ် သက်သေ ဖြည့်စွက်၍ ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်ကား မယုံကြည်သူတို့၏ တိကျသေချာသော စမ်းသပ်စစ်ဆေးမှု အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရသဖြင့် မှတ်ကျောက်အတင်ခံသည့် စွမ်းရည်သာတည်း။ သူ၏စွမ်းရည်မှာ သူတပါးတို့ မမြင်နိုင်သည်ကို မြင်ရုံမျှသာ မဟုတ်ဘဲ မြင်သည့်အလျောက် အကျိုးလည်း ပြုနိုင်သည်။ အကျိုးပြုနိုင်သည့်အလျောက် ပြုလည်း ပြုခဲ့ပေသည်။

# အခန်း(၃)

# ဘဝပဟေဠိ၏ အဖြေ

**တမလွန်ဘဝ** ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်မှာ လူ့လောက အကျိုးပြုလုပ်ငန်းကို လုပ်ဆောင်လာခဲ့သည့် နှစ်ပေါင်း ၂၀ ပတ်လုံး ထောင်ပေါင်းများစွာသော ဖြစ်ရပ်တို့၌ ယုံကြည် အားထားရသည့် စွမ်းရည်ဖြစ်ကြောင်း ထင်ရှားခဲ့လေပြီ။ သူ၏ ထူးဆန်းသော လုပ်ငန်း၌ နောက်တဆင့် တိုးတက်လာပုံကို ဖတ်ရှုရသောအခါ အဆိုပါအချက်ကို စာရှုသူ ပြန်လည်သတိပြုဖို့ လိုအပ်ပါလိမ့်မည်။

လက်ဦးတွင် ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်သည် ပကတိ မျက်စိဖြင့် မမြင်ရသော ခန္ဓာကိုယ် အတွင်းဘက် အစိတ်အပိုင်းများဆီသို့ ဦးတည်လျက် ရှိနေ၏။ ဤစွမ်းရည်ကို ပြင်ပဖြစ်သော စကြဝဠာဆီသို့ လည်းကောင်း၊ လူသားနှင့် စကြဝဠာ နီးနွယ်ဆက်စပ်မှုဆီသို့ လည်းကောင်း၊ လူသား၏ ကံကြမ္မာပြဿနာဆီသို့ လည်းကောင်း ဦးတည်နိုင်ပေလိမ့်မည် ဆိုသည့်အချက်ကို နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် မည်သူ တဦး တယောက်မျှ မစဉ်းစားမိခဲ့ကြပေ။

အိုဟိုင်ယိုပြည်နယ်၊ ဒေတန်မြို့မှ ပစ္စည်းချမ်းသာသော ပုံနှိပ်တိုက်ပိုင်ရှင် **အာသာလင်းမား**[၁] ဆိုသူသည် သူ၏ မိတ်ဆွေတယောက်ထံမှ ကေစီ၏ သတင်းကို ကြားသိရသောအခါ ကေစီ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်ရန် ထိုအချိန်က ကေစီနေထိုင်သော **အယ်လ်ဗားမား**ပြည်နယ်၊ **ဆယ်လ်မာ**မြို့သို့ အထူးခရီးထွက်ဖို့ ဆုံးဖြတ်ချက် ချလိုက်၏။ လင်းမားတွင် ကျန်းမာရေးအတွက် ကေစီနှင့် ဆက်သွယ်ရန် ပြဿနာမပေါ်ပေ။ သို့ရာတွင် ရက်ပေါင်းများစွာ လေ့လာအကဲခတ်ပြီးသော အခါမှာမူ ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်မှာ အစစ်အမှန်ဖြစ်ကြောင်း လင်းမား စိတ်ချယုံကြည်သွားလေသည်။

**တဆင့်တိုး၍ တမျိုးစမ်းကြည့်**

လင်းမားသည် ဗဟုသုတကြွယ်ဝ၍ ဉာဏ်ထက်မြက်သူဖြစ်၏။ ထို့ကြောင့် ပကတိမျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်သော အစစ်အမှန်သဘောများကို သိမြင်နိုင်သည့် စိတ်သည် လူ့နာ၏ အသည်း၊ နှလုံး၊ ကျောက်ကပ် စသည်တို့၏ လုပ်ငန်းထက် ပိုမို ကျယ်ပြန့်သည့် အဓိပ္ပာယ်ကို ဆောင်သော ပြဿနာများကို ဖြေရှင်းရန် အလင်းရောင် ပေးနိုင်ကောင်း ပေးနိုင်တန်ရာသည်ဟု လင်းမား စဉ်းစားမိလာ၏။

မည်သည့် ခေတ်ရေးစနစ်သည် အမှန်တရားနှင့် အနီးစပ်ဆုံးဖြစ်သနည်း။ ကမ္ဘာပေါ်တွင် လူသား၏ တည်ရှိနေခြင်း၌ ရည်ရွယ်ချက်တခုခု ရှိသည်ဆိုလျှင် ထိုရည်ရွယ်ချက်ကား အဘယ်နည်း။ 'မသေသည့်သဘော' ဟူသော အယူအဆ၌ အမှန်တရား တစုံတရာ ရှိသလော။ အကယ်၍ ရှိခဲ့လျှင် လူသည် အသက်ပျောက်သွားပြီးနောက် မည်သို့ ဖြစ်ပျက်သွားသနည်း။ ဤမေးခွန်းကိုများ ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်က အဖြေပေးနိုင်ပါမည်လော။ ကေစီမသိပါချေ။

---

၁။ Arthur Lammers

ဤမျှ နက်နဲသော သဘောတရားများနှင့် ပတ်သက်သည့် မေးခွန်းများကို ကေစီ တခါမျှ မစဉ်းစားခဲ့ဘူးပေ။ ဘုရားရှိခိုးကျောင်းတွင် သူ သင်ယူခဲ့ရသော ဘာသာတရားကိုလည်း တစုံတရာ မေးမြန်းခြင်း မရှိဘဲ ကေစီ လက်ခံခဲ့ခြင်းသာ ဖြစ်၏။ ထိုဘာသာတရား၏ မှန်ကန်မှုကို သဘာဝတ္တပညာနှင့်သော်လည်ကောင်း၊ သိပ္ပံပညာနှင့်သော်လည်းကောင်း၊ အခြား ဘာသာတရားတခုခုနှင့်သော်လည်းကောင်း နှိုင်းယှဉ်၍ ဝေဖန်သုံးသပ်မှု ဆိုသည်မှာ လည်း ကေစီ၏ ဆင်ခြင်တုံဉာဏ်အတွက် အစိမ်းသက်သက်သာ ဖြစ်ပေသည်။

သူသည် ဝေဒနာခံစားနေသူများကို ကူညီလိုသော ကောင်းမြတ်သည့် စိတ်ဆန္ဒကြောင့်သာလျှင် ဤမျှ သဘာဝမကျသော အိပ်ခြင်းဖြင့် အိပ်ကာ သူ၏ အလုပ်ကို ဆက်လက်၍ လုပ်ဆောင်နေခဲ့ခြင်း ဖြစ်လေသည်။ သူ၏စွမ်းရည်၌ ရောဂါကုသခြင်းမှတပါး အခြားသော ဖြစ်နိုင်ဖွယ် အချက်တို့ကို လက်မွန်မဆွ သိမြင်သူမှာကား လင်းမားသာ ဖြစ်၏။ တခါတရံ အချို့မေးခွန်း များကို ကေစီ၏ ဟောစာတမ်းများက အဖြေမပေးနိုင်သော်လည်း လင်းမား၏ မေးခွန်းများကိုမူ အဖြေမပေးနိုင်စရာ အကြောင်းရှိလိမ့်မည် မဟုတ်ဟု ယူဆရပေသည်။

လင်းမားသည် သူ၏ အလုပ်ကိစ္စများကြောင့် ဆယ်လ်မာ၌ ဆက်လက်နေရန် မဖြစ်တော့သဖြင့် ဒေတန်၌ သူ၏ဧည့်သည်အဖြစ် သီတင်း တပတ်,နှစ်ပတ်မျှ လာရောက်နေထိုင်ရန် ကေစီကို ဖိတ်ခေါ်လေသည်။ ကေစီသည် သူ အမှုတော်ထမ်းရန် ဘုရားသခင်က လမ်းသစ် ဖွင့်ပေးသည်ဟု မှတ်ယူကာ လင်းမား၏ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်၏။

**ထူးဆန်းသော စကားငါးလုံး** လင်းမားတွင် ဗေဒင်ပညာနှင့် ပတ်သက်၍ စူးစမ်းလိုစိတ်များ ပေါ်ခဲ့သည်မှာ မကြာလှသေးပေ။ အကယ်၍ ဗေဒင်ပညာသည် အမှန်အကန်ဖြစ်ပါမူ ယင်းပညာသည် လူကို စကြဝဠာ၏ အခြားအရာများနှင့် ဆက်စပ်ပေးသော စနစ်ကောင်းတခု

ဖြစ်ပေလိမ့်မည်ဟု လင်းမား စဉ်းစားမိ၏။ ထို့ကြောင့် ၁၉၂၃ ခု အောက်တိုဘာလ တညနေခင်းတွင် ဒေတန်မြို့ရှိ ဖိလစ်ဟော်တယ်၌ အိပ်မွေ့ကျနေသော ကေစီကို ညွှန်ကြားချက် ပေးသောအခါ လင်းမား၏ ခန္ဓာကိုယ်အတွင်းပိုင်းကို ကြည့်ရှုရန် မညွှန်ကြားဘဲ လင်းမား မွေးဖွားချိန်က ဂြိုဟ်နေ့ဂြိုဟ်သွားကို ကြည့်ရှုရန် ညွှန်ကြားလိုက်၏။

အိပ်မွေ့ကျနေသော ကေစီသည် တိုတောင်း၍ ကြေးနန်းစာ ဆန်သော ဝါကျသွားဖြင့် ဂြိုဟ်နေ့ဂြိုဟ်သွားတို့ကို ဖြေကြားလေသည်။ ဆုံးခါနီးတွင်မူ စိတ်မပါ၍ ပြတ်တောင်း ပြတ်တောင်း လေသံမျိုးဖြင့် "သူ...တ...ခါ...တုန်း...က... ဘုန်း...ကြီး...တပါး...ဖြစ်...ခဲ့...ဖူး...တယ်..." ဟူသော ထူးဆန်းသည့် စကားလုံးများကို ကေစီ၏ နှုတ်ဖျားမှ မမျှော်လင့်ဘဲ ကြားရလေတော့သည်။

ကေစီ၏နှုတ်မှ ထွက်လာသော ဝါကျတွင် စကား(၅)လုံးသာ ပါ၏။ သို့သော် ထိုစကားကလေး (၅)လုံးက စာစုံအောင် ဖတ်ဖူးထား၍ လူသား၏ ကံကြမ္မာနှင့်ပတ်သက်သော ထင်ရှားသည့် အယူအဆများကို လေ့လာကျေပွန်ပြီး ဖြစ်သော လင်းမား၏ ဦးနှောက်ကို ယောက်ယက်ခတ်အောင် မွှေနှောက် ပစ်လိုက်လေသည်။ ကေစီ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်က ရှေးဟောင်း တမလွန်ဘဝ အယူအဆကို ဖြစ်ရပ်မှန်တခုအနေဖြင့် သိမြင်သည်ဟု ဤစကားလုံးများက ဆိုလိုလေသလော။

**မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါသနည်း**

ကေစီ၏ ဟောပြောချက်သည် လင်းမား၏ သိချင်စိတ်ကို ကျေနပ်နှစ်သိမ့်မှု ပေးနိုင်ဖို့ဝေးစွ ပို၍ပင် နှိုးဆွပေးလိုက်သလို ဖြစ်နေ၏။

ကေစီ အိပ်မွေ့ပြယ်၍ ထလာသောအခါ လင်းမားသည် သူ၏ လက်ရေးတိုစာရေးနှင့် အတွင်းရေးမှူး **လင်ဒန်ရှရွိုင်းယား**[၁] တို့နှင့်အတူ ကေစီ၏

---

၁။ Linden Shroyer

ဟောပြောချက် မည်သို့သော အဓိပ္ပာယ်ဆောင် သည်ကို စိတ်အားထက်သန်စွာ ဆွေးနွေးလျက် ရှိနေ၏။

တမလွန်ဘဝ တကယ်အစစ်အမှန် ရှိကြောင်း လုံလောက်သော သက်သေသာဓက ပြနိုင်လျှင် ကေစီ၏ ဟောပြောချက်များသည် သဘာဝတ္တပညာ၊ စိတ်ပညာနှင့် ဘာသာတရားတို့အပေါ် လူတို့ထားရှိသော လက်ရှိ အယူအဆများကို ပြုပြင်ပြောင်းလဲပစ်နိုင်ပေလိမ့်မည်ဟု လင်းမားက ဆို၏။

အကယ်၍ ကေစီသည် တမလွန်နှင့် ပတ်သက်၍ နောက်ထပ် ဟောမည်ဆိုလျှင် တမလွန်နိယာမ၏ သရုပ်သကန်များကို တိတိကျကျ တွေ့ရှိကောင်း တွေ့ရှိနိုင်ပေလိမ့်မည်ဟု လင်းမား ယူဆ၏။ ဥပမာ တမလွန်နိယာမသည် ဗေဒင်ပညာနှင့် မည်သို့ ဆက်စပ်သနည်း၊ တမလွန်နိယာမနှင့် ဗေဒင်ပညာတို့ ပူးပေါင်း၍ လူ့ဘဝ၊ လူ့အရည်အသွေးနှင့် လူ့ကံကြမ္မာတို့ကို မည်သို့ ရှင်းပြသနည်းဆိုသော ပြဿနာများကို ဖြေရှင်းနိုင်ကောင်း ဖြေရှင်းနိုင်ပေလိမ့်မည်။

ထို့ကြောင့် လင်းမားသည် တမလွန်နှင့် ပတ်သက်၍ နောက်ထပ် ဟောရန် ကေစီအား အလောသုံးဆယ် တောင်းပန်တော့သည်။ ကေစီသည် စိတ်မပါ့တပါနှင့်ပင် လင်းမား၏ တောင်းပန်ချက်ကို လက်ခံ သဘောတူလိုက်၏။ ကေစီ အိပ်မွေ့ကျနေစဉ် လင်းမား၏ မေးခွန်းများကို ဖြေဆိုရာတွင် လင်းမား၏ အတိတ်ဘဝအတွေ့အကြုံများနှင့် ပတ်သက်၍လည်းကောင်း၊ လင်းမား စုံစမ်းစစ်ဆေးရန် အစပျိုးထားသော ပြဿနာနှင့် ပတ်သက်၍လည်းကောင်း ကေစီ၏ အဖြေများမှာ ပို၍ တိကျလာ၏။ ပို၍ အသေးစိတ်လာ၏။

ကေစီ၏ ဟောစာတမ်းအရဆိုလျှင် ဗေဒင်ပညာ၌ အတော်အတန် မှန်ကန်မှု ပါရှိ၏။ စကြဝဠာသဘာဝသည် တဘဝမှ တဘဝသို့ ကူးပြောင်းရေး အတွက် သံသရာစက်ဝန်းကို စီမံ ဖန်တီးထား၏။ လူသည် လူ့ဘဝနှင့် အခြားဘဝများတွင် တလှည့်စီ ဖြစ်နေရ၏။ ယခု လူတို့ လေ့လာ

ဟောပြောနေသော ဗေဒင်ပညာသည် အမှန်သဘောကို ခန့်မှန်းရုံမျှသာ ဖြစ်၏။ တိတိကျကျ အပြည့်အစုံကား မမှန်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းပညာသည် တမလွန်ဘဝကို ထည့်သွင်း မစဉ်းစားသောကြောင့်လည်းကောင်း၊ ယင်းပညာ၏ အရိုန်အဝါသည် လူ၏ အတိတ်ဘဝ အတွေ့အကြုံများနှင့် ခန္ဓာကိုယ်တွင်းရှိ **ဂလင်းတို့**[၁] တည်နေပုံ စနစ်များမှတဆင့် လူကို မည်သို့မည်ပုံ အကျိုးသက်ရောက်စေသည်ဆိုသော အချက်ကို အပြည့်အစုံ နားမလည်သောကြောင့်လည်းကောင်း ဖြစ်ပေမည်။

လင်းမားသည် ဗေဒင်ပညာနှင့် တမလွန်ဘဝ အယူအဆ ၂ မျိုးလုံးကို သေချာစွာ လေ့လာသိရှိထားသူ ဖြစ်၏။ သို့ရာတွင် ယခု ကေစီ ဟောသကဲ့သို့ ယင်း ၂ မျိုးတို့ အချင်းချင်း ဆက်သွယ်မှု ရှိကြောင်းကိုမူ မစဉ်းစားခဲ့မိပေ။

**ဘဝဟောစာတမ်း အတွက်မူ** ဖော်ပြပါ တွေ့ရှိချက်များမှာ ကေစီ အလွန်တရာ ထူးဆန်းနေဟန် ရှိ၏။ လင်းမား ကမူ ရှေ့သို့ တဆင့်တက်ရန်သာ စိတ်ကူးနေ၏။ သူတို့သည် ဗေဒင်ပညာ သဘော သက်ရောက်သော မေးခွန်းများကို မေးခြင်းထက် အခြား ပိုမို လျော်ကန်သော မေးခွန်းများကို မေးရလျှင် အတိတ်ဘဝ အကြောင်းများကို ပို၍ သိနိုင်ပေလိမ့်မည်ဟု စဉ်းစားမိလာကြ၏။ ထို့ကြောင့် အောက်ပါကဲ့သို့သော အိပ်မွေ့ညွှန်ကြားချက်များကို ကေစီအား ပေးကြ၏။

"............နိုင်ငံ၊ ............ပြည်နယ်၊ ............ခရိုင်၊ ............မြို့၊ ............ရပ်ကွက်၊ ............လမ်း၊ အမှတ် ............၌ ............ခုနှစ် ............လ ............နေ့တွင် ဖွားမြင်သော မောင်/မ............ သည် သင်၏ရှေ့၌ ရောက်ရှိနေပါပြီ။ သင်သည် ဤပုဂ္ဂိုလ်နှင့် စကြဝဠာ၏ ဆက်စပ်မှုကို လည်းကောင်း၊ ဤသူ၏ ပုဂ္ဂိုလ် အရည်အသွေး

---

၁။ Gland

အဖြစ်ဖြင့် ထင်ရှားသော အခြေအနေ၊ တိမ်မြုပ်နေသော အခြေအနေ တို့ကို ဖော်ပြလျက် သူ ယခုဘဝ၌ ရရှိထားသော သဘာဝ အင်အားများကိုလည်း ပြောပြပါ။ သူ၏ အတိတ်ဘဝများကိုလည်း အချိန်၊ နေရာ၊ နာမည်နာမနှင့်တကွ ပြောပြပါ၊ သူ၏ဘဝအသီးသီး၌ သူ၏တိုးတက်မှုကို တည်ဆောက်ပေးသော၊ နှောင့်နှေးစေသော အချက်များကိုလည်း ပြောပြပါ။"

ဤအခါမှ နောက်တွင်ကား အတိတ်ဘဝနှင့် စပ်လျဉ်းသော ဟောပြောချက်များမှာ ပို၍ တိကျပြတ်သားလာကာ **'ဘဝဟောစာတမ်း'**ဟူသော ဝေါဟာရသည်လည်း အလိုလို ထင်ရှားလာတော့၏။ ကိုယ်ခန္ဓာကျန်းမာရေးနှင့် ပတ်သက်သော ဟောစာတမ်းများကိုမူ ခြားနားစေရန် "**ကာယဟောစာတမ်း**'ဟု ခေါ်ဝေါ်လာကြတော့၏။ ဟောစာတမ်း ၂ မျိုးစလုံးအတွက် လုပ်ငန်းစဉ်မှာ အတူတူသာ ဖြစ်၏။ ညွှန်ကြားချက်သာလျှင် ကွဲပြားခြားနားပေသည်။

ဘဝဟောစာတမ်းများကို ဆက်ခါဆက်ခါ ဟောရသည့်အခါတိုင်း ကေစီသည် ဆောက်တည်ရာ မရလောက်အောင် ခေါင်းမူးလာတတ်၏။ ထို့ကြောင့် သူ့ကိုယ်ကို ပြန်၍ ကာယဟောစာတမ်း ဟောကြည့်ရာ ဘဝဟောစာတမ်းအတွက် အနေအထား ပြောင်းဖို့ လိုလာကြောင်း သိရ၏။ ကာယဟောစာတမ်း ဟောစဉ်ကမူ ဦးခေါင်း တောင်၊ ခြေထောက် မြောက် အနေအထားမှာ ကေစီအတွက် ပို၍ အဆင်ပြေခဲ့၏။ ယခု ဘဝဟောစာတမ်း အတွက်မူ ဦးခေါင်း မြောက်၊ ခြေထောက် တောင် အနေအထားသို့ ပြောင်းပေးရန် လိုအပ်လာ၏။ အဘယ်ကြောင့် ဤသို့ ပြောင်းဖို့ လိုအပ်လာသည်ကိုမူ ကေစီလည်း ရှင်းလင်းမပြတတ်ပေ။

**ကေစီ၏ အတိတ်ဘဝများ**

လင်းမား၏ အကြံပေးချက်အရ ကေစီသည် သူ၏ ဘဝဟောစာတမ်းကို ဟောကြည့်၏။ ကေစီ၏ဘဝ ဟောစာတမ်းအရဆိုသော် ကေစီသည် ရာစုနှစ်ပေါင်း

များစွာ ကြာခဲ့ပြီဖြစ်သော တချိန်တုန်းက အီဂျစ်ပြည်တွင် ကြီးမားသော တန်ခိုးကို ရရှိသည့် ဘုန်းကြီးတပါး ဖြစ်ခဲ့၏။ သို့သော် သူ၏ ခေါင်းမာမှုနှင့် ကာမဂုဏ်အာရုံလိုက်စားမှုကြောင့် သူ၏တန်ခိုးများ ပျက်ပြယ်ခဲ့ရ၏။

ထို့နောက် တဘဝမှာမူ ပါရှား၌ ဆေးဆရာ ဖြစ်ခဲ့၏။ သူသည် သဲကန္တာရတိုက်ပွဲတခု၌ ဒဏ်ရာ အပြင်းအထန်ရကာ သဲပြင်ပေါ်တွင် သေလုမျောပါး ကျန်ရစ်ခဲ့၏။ တယောက်တည်း အစာလည်း မစားရ၊ ရေလည်း မသောက်ရ၊ ခိုစရာ အရိပ်ကလေးမျှပင် မရှိဘဲ ၃ နေ့နှင့် ၃ ညဥ့်လုံးလုံး သဲပြင်ပေါ်တွင် ကြီးမားလှသော ကာယိကဒုက္ခကို ခံစားနေရသဖြင့် သူ၏စိတ်ကို ခန္ဓာကိုယ်မှ ခွါထုတ်ရန် အပြင်းအထန် ကြိုးစားခဲ့ရာ ထမြောက်အောင်မြင်ခဲ့၏။ ယင်းအချက်သည် ယခုဘဝ၌ သူ၏စိတ်ကို သူ၏ခန္ဓာကိုယ် နယ်နိမိတ်ပြင်ပသို့ ထုတ်လွှတ်နိုင်စေသည့် သူ့စွမ်းရည်၏ အခြေခံ တစိတ်တဒေသ ဖြစ်လာ၏။

ယခုဘဝ၌ သူ၏ ကောင်းကျိုး ဆိုးပြစ်အားလုံးမှာ ယခင်ဘဝများမှ သူ၏ကုသိုလ်,အကုသိုလ်များကြောင့် ဖြစ်သည်ဟု ဆို၏။ သူသည် ယခုဘဝ၌ ကိုယ်ကျိုးမဖက်ဘဲ လူ့လောကကို အလုပ်အကျွေးပြုရန် အခွင့်အရေးကို ရခဲ့၏။ သို့ဖြင့် သူ၏ ယခင်ဘဝများမှ မာနထောင်လွှားမှု၊ ကာမဂုဏ်အာရုံ လိုက်စားမှုများနှင့် ရုပ်ဝါဒ ယုံကြည်ခဲ့မှုများကို ပြန်လည် ကြွေးဆပ်ခွင့် ရရှိခဲ့၏။

လင်းမားသည် နောက်ထပ်တွေ့ရှိရသော ဘဝဟောစာတမ်းကို ဟောနိုင်သည့် စွမ်းရည်သစ်၏ အရေးပါပုံကို သိရှိသဖြင့် ဤစွမ်းရည်နှင့် ပတ်သက်၍ ထပ်မံ သုတေသနပြုရန် စိတ်စောနေ၏။ ထို့ကြောင့် ကေစီ၏ မိသားစုကို **ဒေတန်**သို့ ခေါ်စေလိုကြောင်းနှင့် **ဒေတန်**၌ နေထိုင်ကြသည့် အတောအတွင်း သူတို့မိသားစု၏ စားဝတ်နေရေးကို မိမိ တာဝန်ယူမည် ဖြစ်ကြောင်း ကေစီအား ပြောပြ၏။

ကေစီ၏ သဘောတူညီချက်အရ လင်းမားက စီစဉ်လိုက်ရာ မစ္စက်ကေစီ၊ သူ၏ သားနှစ်ယောက်နှင့် အတွင်းရေးမှူး မစ္စဂလက်ဒီဒေဗီတို့ လေးယောက်သည် ဒေတန်သို့ ရောက်လာကြတော့၏။ **ဒေတန်**သို့ ရောက်၍ ကေစီ၏ စွမ်းရည်သစ်အကြောင်းကို ကေစီမိသားစု ကြားသိရသောအခါ တအံ့တသြဖြစ်ကာ ယုံကြည်ဖို့ရန်ပင် ခပ်ခက်ခက် ဖြစ်နေကြ၏။ ထို့ကြောင့်ပင် သူတို့၏ သိချင်စိတ်နှင့် စိတ်ဝင်စားမှုများမှာ တက်ကြွ ပြင်းထန်လာ၏။

**မိသားစု၏ အတိတ်** သို့နှင့် ကေစီ၏ မိသားစု လေးယောက်ကို ဘဝဟောစာတမ်း ဟောကြည့်ကြ၏။ ဟောစာတမ်းတိုင်းသည် သူတို့၏ စိတ်နေ,စိတ်ထားနှင့် အရည်အသွေးတို့ကို ပွင့်ပွင့်လင်းလင်း ကွင်းကွင်းကွက်ကွက် ဖော်ပြထားရုံမျှမက ထို စိတ်နေစိတ်ထားနှင့် အရည်အသွေးတို့သည် သူတို့၏ အတိတ်ဘဝ၌ အကြောင်းခံလျက် ရှိကြောင်းကိုပါ ဟောစာတမ်းက ညွှန်ပြထား၏။

ကေစီသည် သူ၏ သားတယောက်ကို "မင်းဟာ လေးဘဝလုံးလုံး သိပ္ပံသုတေသီပညာရှင် ဖြစ်ခဲ့ပြီး ဒီဘဝမှာ ကိုယ့်အကျိုးကိုသာ ကြည့်တတ်တဲ့ ရုပ်ဝါဒီတယောက် ဖြစ်လာခဲ့တယ်"ဟု ဟောခဲ့၏။ အခြားသားတယောက်ကိုမူ "မင်းမှာ အင်မတန် ဆိုးသွမ်းတဲ့ စိတ်ဓာတ် ရှိတယ်၊ အဲဒီ စိတ်ဓာတ်ကြောင့် အီဂျစ်နဲ့ အင်္ဂလန်မှာ မင်း စိတ်ဆင်းရဲခဲ့ရဖူးတယ်၊ ဒါကြောင့် ခုဘဝမှာ မင်းစိတ်ကို ထိန်းသိမ်းနိုင်အောင် ကြိုးစားပါ"ဟု ဟောခဲ့၏။

**ကေစီ၏ အခက်** ကေစီ၏ ဘဝဟောစာတမ်းများမှာ အံ့သြလောက်အောင် မှန်ကန်လှ၏။ အဟောခံရသူ၏ စိတ်နေစိတ်ထားကို ထောက်ပြချက်များသည်လည်း ရိုးရိုးရှင်းရှင်းနှင့် ဖြောင့်စင်းမှန်ကန်သော ဟောဆိုချက်များသာ ဖြစ်၏။ ကေစီနှင့် ရင်းနှီးကျွမ်းဝင်သူတို့အတွက်သာ မဟုတ်ဘဲ **လင်ဒန်ရှရှိုင်းယားနှင့် လင်းမား**၏ အခြား မိတ်ဆွေများကဲ့သို့သော

သူစိမ်းတရံဆံများအတွက်လည်း ကေစီ၏ ဘဝဟောစာတမ်းများမှာ မှန်ကန်လှပေသည်။ ဤအချက်ကြောင့် လင်းမားမှာ ပို၍ စိတ်အားထက်သန်လာသော်လည်း ကေစီမှာမူ စိတ်မချမ်းသာမှုများကိုသာ တိုး၍တိုး၍ ခံစားလာရ၏။ အကြောင်းမှာ သူ၏ ဘဝဟောစာတမ်းများ မည်သည့်အဓိပ္ပာယ်ဆောင်နေသည်ကို ကေစီ မသိဘဲနေ၍ မရတော့ပြီ ဖြစ်သောကြောင့်ပင်။

ကိုယ့်ကိုယ်ကို သံသယဖြစ်မှုများနှင့် စစ်ဆေးဝေဖန်မှုများက ကေစီကို ပြန်၍ ဖမ်းစားကြပြန်လေပြီ။ သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်သည် ဝေဒနာရှင်များ၏ ရောဂါအခြေအနေကို ဖော်ထုတ်ပြခြင်း၊ ဆေးညွှန်းပေးခြင်းများဖြင့် ထာဝရဘုရားသခင်အား အလုပ်အကျွေးပြုရာတွင် ယုံကြည်အားထားခဲ့ရသည်မှာ မှန်၏။ သို့ဖြစ်စေကာမူ ယခု သူ၏ ဘဝဟောစာတမ်းများတွင် ဘုရားသခင်၏ အလိုနှင့် မညီညွတ်သော၊ ပေးအပ်ထားသည့် မွန်မြတ်သည့် တာဝန်ကို မမှန်မကန် အသုံးပြုသောသဘော သက်ရောက်သကဲ့သို့ ရှိနေပြန်ရာ နောက်ထပ် ဘာဖြစ်လာဦးမည်ဟု သေချာစွာ မတွေးတတ်နိုင်အောင် ရှိနေတော့၏။

**အသိအမြင် ကျဉ်းလျှင်**
**အစွဲအလမ်း ကြီးသည်**

ကေစီ၏ စိတ်တွင် အနှောင့်အယှက်ဖြစ်နေမှုကို နားလည်ရန်မှာ မခက်ပါချေ။ သူသည် သမားရိုးကျ ခရစ်ယာန်အသိုင်းအဝိုင်းတွင် ကြီးပြင်းခဲ့ရသူ ဖြစ်၏။ သူ ကြီးပြင်းလာခဲ့ရသော အသိုင်းအဝိုင်းမှာ ခရစ်ယာန်ဘာသာမှတပါး အခြားသော ကမ္ဘာ့ဘာသာကြီးများ အကြောင်းကို သိနားလည်ခွင့် မရရှိသော အသိုင်းအဝိုင်းသာ ဖြစ်၏။

သို့ဖြစ်ရာ ကေစီသည် သူ၏ ဘာသာတရားနှင့် အခြား ဘာသာတရားတို့၏ တူညီသော နက်နဲသည့်အချက်များကို သိရှိခွင့် မရခဲ့ပေ။ အခြားဘာသာတရားတို့တွင် ပါဝင်သော ကိုယ်ကျင့်တရားများ၊ စိတ်ဓာတ်မြှင့်တင်ရေး၊ စိတ်ဓာတ်ငြိမ်းချမ်းရေးဆိုင်ရာ တရားများ၏ အနှစ်သာရကိုလည်း သိရှိခွင့်

မရခဲ့ပေ။ အထူးသဖြင့် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့တွင် ပါဝင်သည့် လိုရင်းပဓာနတရားများအနက် တခုဖြစ်သော တမလွန်ဘဝအကြောင်းကိုမူ ကေစီ ကြားပင်မကြားခဲ့ဖူးပေ။

ထို့ကြောင့်ပင် ဝိညာဉ် ကူးပြောင်းခြင်းနှင့် တမလွန်ဘဝတို့မှာ တခြားစီဖြစ်ကြောင်းကို ကေစီ ရှင်းရှင်းလင်းလင်း သဘောမပေါက်ခဲ့ပေ။ သူသည် ယခင်ဘဝမှ မိမိတို့ဖခင် ဝင်စားသည့် နွားဖြစ်ကောင်း ဖြစ်မည်ဟု ယူဆ၍ နွားများကို မသတ်သော ဟိန္ဒူများအကြောင်းကို တနေရာရာ၌ ဖတ်ခဲ့ဖူးသလိုလို၊ နွားချေးပိုးကောင်များ၌ ကွယ်လွန်သွားသော မိမိတို့ ဘိုးဘွားများ၏ ဝိညာဉ်များ ရှိကောင်း ရှိနေမည်ဟု ယူဆ၍ နွားချေးပိုးကောင်များကို မသတ်ကြသူများ အကြောင်း ကြားဖူးသလိုလို ဖြစ်နေဟန်တူပေသည်။

**တမလွန်ကို ယုံကြည်သူ ပညာရှင်များ**

သို့သော်လည်း မကြာမီပင် ကေစီ၏ ဟောစာတမ်းများက ကေစီ မရှင်းသော အချက်ကို ဖြေရှင်းပေးလိုက်လေသည်။ သူ၏ ဟောစာတမ်းများအရ တမလွန်ဆိုသည်မှာ တဘဝမှ တဘဝသို့ ဝိညာဉ်ကူးပြောင်းသွားခြင်း မဟုတ်ကြောင်း ကေစီ သဘောပေါက်လာ၏။ ဤတမလွန်ဘဝ အယူအဆမှာ လူ့အနွယ်တို့၏ အစွဲအလမ်းကြီးမှု မဟုတ်ပေ။ ဘာသာရေးရှုထောင့်နှင့် တွေးခေါ်ရေးပညာ ရှုထောင့်တို့မှ ကြည့်လျှင် အလွန်ပင် အရေးထား၍ လေးစားထိုက်သော အယူအဆ ဖြစ်ပေသည်။ အိန္ဒိယနှင့် ဗုဒ္ဓဘာသာနိုင်ငံများ၌ရှိသည့် သန်းပေါင်းများစွာသော လူတို့သည် ဉာဏ် အမြော်အမြင်ကြီးစွာဖြင့် ဤတမလွန် အယူအဆကို လက်ခံ ယုံကြည်ကြပြီးလျှင် ယင်းအယူအဆဖြင့် လူတို့၏ ကိုယ်ကျင့်တရားကို ပံ့ကိုင်ပေးကြ၏။

ကေစီ၏ ဟောစာတမ်းများအရ တမလွန်ဘဝဆိုသည်မှာ တဆင့်ပြီး တဆင့် ပြောင်းလဲတိုးတက်မှုပင် ဖြစ်သည်ဟု လင်းမားက ရှင်းပြ၏။ လူသား၏ စိတ်ဓာတ်သည် တဘဝပြီးတဘဝ ပြောင်းလဲ တိုးတက်လာခဲ့ရာ နောက်ဆုံးတွင် အမြင့်ဆုံး အပြည့်စုံဆုံးသော အဆင့်သို့ ရောက်ရ၏။

ဤတမလွန်ဘဝ အယူအဆကို လက်ခံ ယုံကြည်ကြသူများတွင် ကမ္ဘာကျော် သဘာဝတ္တပညာရှင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ ကဗျာဆရာကြီးများနှင့် စာရေးဆရာကြီးများလည်း ပါဝင်ကြ၏။ ဂရိတ်သဘာဝတ္တပညာရှင်ကြီး **ပလေတို**[၁]၊ ဂရိတ်သဘာဝတ္တပညာနှင့် သင်္ချာဗေဒပညာရှင်ကြီး **ပိုင်သဂိုရပ်**[၂]၊ အီဂျစ်အမျိုးသား သဘာဝတ္တပညာရှင်ကြီး **ပလိုတီနပ်**[၃]၊ အီတလီအမျိုးသား သဘာဝတ္တပညာရှင်ကြီး **ဂျော်ဒါနိုဘရူနို**[၄]၊ ဂျာမန်စာရေးဆရာ ကဗျာဆရာနှင့် သိပ္ပံပညာရှင်ကြီး **ဂါထေး**[၅]၊ ဂျာမန် သဘာဝတ္တပညာရှင်ကြီး **ရှိုပင်ဟောင်ဝါ**[၆]၊ အမေရိကန် စာရေးဆရာကြီး **အီမာဆင်**[၇]၊ အမေရိကန် ကဗျာဆရာကြီး **ဝေါ့ဝှစ်မင်း**[၈]၊ ထင်ရှားကျော်ကြား၍ လူသိများလှသော ဤပညာရှင်ကြီးများသည် တမလွန်ဘဝကို ယုံကြည်ကြကြောင်း လင်းမားက ကိုးကား ပြောဆိုလေသည်။

**ကေစီ၏ သံသယနှင့် လင်းမား၏ ရှင်းလင်းချက်**

ကေစီသည် လင်းမား၏ ရှင်းပြချက်များကို ကျေနပ် နှစ်ခြိုက်သွားလေပြီ။ သို့သော် ခရစ်ယာန်ဘာသာက တမလွန် အယူအဆ အပေါ် မည်သို့ သဘောထားသနည်း။ ဤအချက်ကို ကေစီ သိချင်နေ၏။ အကယ်၍ သူသည် တမလွန်အယူအဆကို လက်ခံလိုက်လျှင် ခရစ်တော်နှင့် သူ၏ တရားတော်များကို ငြင်းပယ်ရာ ရောက်မသွားပေဘူးလား။

---

၁။ Plato (427-384 B.C.)
၂။ Pythagoras (600 B.C.)
၃။ Plotinus (205-262 A.D.)
၄။ Giordano Bruno (1548-1599 A.D.)
၅။ J.W.V. Goethe (1749-1832 A.D.)
၆။ Schopenhauer (1788-1832 A.D.)
၇။ R.W. Emerson (1803-1882 A.D.)
၈။ Walt Whitman (1819-1892 A.D.)

ခရစ်တော်၏ တရားများကို ငြင်းပယ်ရာမရောက်ကြောင်း လင်းမားက ရှင်းပြ၏။ "ထာဝရဘုရားသခင်ကို စိတ်ထဲ၊နှလုံးထဲမှ လှိုက်လှဲစွာ ဖြစ်ပေါ်လာသော ချစ်ခြင်းဖြင့် ချစ်ရမည်၊ ကိုယ်နှင့် စပ်သွယ်သူများကို ကိုယ်နှင့်အမျှ ချစ်ရမည်"ဟူသော အရေးအကြီးဆုံး၊ အနှစ်သာရ အကျဆုံးဖြစ်သည့် ပညတ်တော်များသည် တမလွန်ဟု နာမည်တပ်ထားသော ဘဝ၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်ရေးနှင့် မည်သည့်နည်းနှင့်မျှ မဆန့်ကျင်ပေ။ အဆိုပါ ပညတ်တော်များသည် ကမ္ဘာ့ဘာသာကြီးများ ဖြစ်ကြသော ဗုဒ္ဓဘာသာမှ မေတ္တာဗြဟ္မစိုရ် တရား၊ ဟိန္ဒူဘာသာမှ အဟိံသာတရားတို့နှင့်လည်း လိုက်လျောညီညွတ်လျက် ရှိ၏။ ယင်းဘာသာကြီးနစ်ရပ်၌ မေတ္တာတရားနှင့် တမလွန် အယူအဆတို့တွင် သဘောကွဲလွဲမှု မရှိချေ။

ဤမျှလောက် ရှင်းပြရုံမျှဖြင့် လင်းမားသည် ကေစီကို ယုံကြည်လက်ခံလာစေရန် မတတ်နိုင်သေးပေ။ အကြောင်းကား ကေစီသည် (၁၀)နှစ်သားကတည်းက သမ္မာကျမ်းစာကို တနှစ်တခေါက် ရှေ့ပလွင် နောက်ပလွင် ပေါက်အောင် ဖွဲဖွဲလမ်းလမ်း ဖတ်လာခဲ့သူ ဖြစ်သောကြောင့်တည်း။ သူသည် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ သမ္မာကျမ်းစာ တအုပ်လုံးကို နှစ်ပေါင်းများစွာ ဖတ်လာခဲ့ရာ မည်သည့် နေရာတွင်မျှ 'တမလွန်ဘဝ'ဟူသော စကားလုံးကို မတွေ့ခဲ့ရပေ။ သမ္မာကျမ်းစာက သို့မဟုတ် ယေရှုခရစ်တော်က တမလွန်ဘဝ အကြောင်းကို အဘယ်ကြောင့် မဖော်ပြ၊ မပြောဆိုခဲ့သနည်း။ ဤကား ကေစီ၏ အမေး။

လင်းမား၏အဖြေကား– ခရစ်တော်သည် အချို့ တရားတော်များကို လူအများအား မဟောကြားခဲ့ဘဲ သူ၏ လက်ရင်းတပည့်ကြီးများကိုသာ တိုးတိုးတိတ်တိတ် ဟောကြားခဲ့၏။ တမလွန်ဘဝသည် ထိုကဲ့သို့သော တရားမျိုးတွင် ပါဝင်ကောင်း ပါဝင်နေပေလိမ့်မည်။ ခရစ်တော်သည် တမလွန် အကြောင်းကို ဟောကြားစေခဲ့ကာမူ ရာစု နှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပြီဖြစ်၍ သူ၏ တရားတော်များသည် ပြောင်းလဲမှု မရှိဘဲ မူလဟောရင်းအတိုင်း

အစဉ်တစိုက် တည်ရှိနေနိုင်မည် မဟုတ်ပေ။ တရားတော်များကို အမျိုးမျိုး အဖုံဖုံ အဓိပ္ပာယ် ကောက်ယူကြခြင်းကြောင့် ဖြစ်စေ၊ ဘာသာစကား အမျိုးမျိုးသို့ ပြန်ဆိုရာတွင် ချွတ်ယွင်းခြင်းကြောင့် ဖြစ်စေ မူရင်းတရားတော်များ ပြောင်းလဲ သွားခဲ့တန်ရာ၏။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ အချို့ မူရင်းတရားတော်များမှာ တိမ်မြုပ် ပျောက်ကွယ်ခဲ့တန်ရာ၏။

သို့ရာတွင် တမလွန်ဘဝနှင့် ပတ်သက်၍ အနည်းဆုံး ခရစ်တော်၏ မူရင်းစကားတရပ်တော့ ကျန်ရှိခဲ့ပုံ ရပေသည်။ ယင်း စကားရပ်၌ ဗတ္တိဇံဆရာ ယောဟန်သည် ပရောဖက်ဧလိယ ဝင်စားသူဖြစ်ကြောင်း ခရစ်တော်က သူ၏ တပည့်ကြီးများအား ပြောခဲ့၏။ ခရစ်တော်သည် 'ဝင်စားသူ'ဟူသော စကားလုံးကို မသုံးနှုန်းခဲ့သော်လည်း ထိုအဓိပ္ပာယ်ကိုကား ညွှန်ပြလျက်ရှိ၏။

"ငါဆိုသည်ကား၊ ဧလိယ ရောက်လေပြီ။ လူများသည် သူ့ကို မသိသဖြင့် သူ့အား ပြုချင်သမျှကို ပြုကြပြီ။ .....ထိုအခါ ဗတ္တိဇံဆရာ ယောဟန်ကို အမှတ်ပြု၍ မိန့်တော်မူကြောင်း တပည့်တော်တို့သည် နားလည်ကြ၏။"

**(သမ္မာကျမ်းစာ၊ ရှင်မဿဲ ခရစ်ဝင် ၁၇း၁၂–၁၃)**[၁]

တဖန် ခရစ်တော်အား သူ၏ တပည့်များက မျက်မမြင် တယောက် အကြောင်းကို မေးသောအခါ၌လည်း ဤအဓိပ္ပာယ်ကိုပင် ဆိုလိုကြောင်း သိသာ၏။

၁။ Matthew 17: 12-13. ဤစာပိုဒ်ကို အချို့က လင်းမား ယူဆသကဲ့သို့ မယူဆဘဲ ဗတ္တိဇံယောဟန်ကို ဧလိယနှင့် နှိုင်းယှဉ်ခြင်း ဖြစ်သည်ဟု ယူဆကြ၏။

"တပည့်တော်တို့က၊ အရှင်ဘုရား၊ ဤ သူသည် အဘယ်သူ၏ အပြစ်ကြောင့် မျက်စိကန်းလျက် မွေးဖွားရသနည်း။ ကိုယ့်အပြစ်ကြောင့်လော။ မိဘအပြစ်ကြောင့်လောဟု မေးလျှောက်ကြ၏။"

**(ရှင်ယောဟန် ခရစ်ဝင်၊ ၉း ၂-၃)**[၁]

တမလွန်ဘဝ အယူအဆကို အရိပ်အမြွက်ပြသော အခြား စကားရပ်များလည်း ရှိသေး၏။

"သူတပါးကို ဖမ်းဆီးယူသွားသောသူသည် ကိုယ်တိုင် ဖမ်းဆီးယူသွားခြင်းကို ခံရလိမ့်မည်။ ဓားဖြင့် သတ်သောသူသည်လည်း ကိုယ်တိုင် ဓားဖြင့် သေရမည်။ ဤအရာ၌ သန့်ရှင်းသူတို့ သည်းခံနိုင်စရာအကြောင်း ယုံကြည်စရာ အကြောင်းရှိ၏။"

(ဗျာဒိတ်ကျမ်း၊ ၁၃း ၁၀)[၂]

ဤစကားရပ်က တဘဝမှ ကံတရား၏ အခြားဘဝ၌ အကျိုးသက်ရောက်ပုံကို အရိပ်အမြွက် ဖော်ပြလျက်ရှိ၏။ ဤကား လင်းမား၏အဖြေ။

ခရစ်တော် ဟောကြားခဲ့သော တရားတော်များ၏ ဤအပိုင်းများနှင့် ပတ်သက်၍ သမားရိုးကျ ခရစ်ယာန်များ၏ အမြင်သည် တဖြည်းဖြည်း ကြည်လင်ပြတ်သားလာပြီ ဖြစ်၏။ ယင်းတို့က ထို တရားများသည် တမလွန်အယူအဆကို ရည်ညွှန်းဟန် မရှိဟု ယူဆကြ၏။

---

၁။ St. John 9: 2-3

၂။ ဤစကားရပ်တွင် အဓိပ္ပာယ် ယူဆပုံ အနည်းငယ် ကွဲလွဲကြပါသည်။ သို့ဖြစ်၍ သိသာစေရန် အင်္ဂလိပ်မူရင်းကို ဖော်ပြပါဦးမည်။ "He that leadeth into captivity shall go into captivity: he that killeth with the sword must be killed with the sword. Here is the patience and the faith of the saints"

(Revelation 13: 10)

**ခရစ်ယာန်ဘုန်းကြီးများနှင့် တမလွန်ဘဝ**

သို့သော် သမားရိုးကျ ခရစ်ယာန်ဘာသာက ဆိုတိုင်း အမှန်ဟူ၍ကား ကျွန်ုပ်တို့ မယူဆနိုင်ပေ။ စာစောပိုင်း ခရစ်ယာန် ဘုန်းတော်ကြီးများ သမိုင်းကို ကြည့်လျှင် **အိုရီဂျင်**[၁]၊ **စိန့်ဂျပ်စတင်မားတား**[၂]၊ **စိန့်ဂျေရုမ်း**[၃] နှင့် **ကလီးမင့်အလက်ဇန္ဒရီနပ်**[၄] စသော ဘုန်းတော်ကြီး အများအပြားသည် တမလွန်အယူအဆကို သူတို့ ယုံကြည်လက်ခံကြကြောင်း ရှင်းလင်းပြတ်သားစွာ ရေးသားခဲ့ကြ၍ တပည့်များအား သင်ကြားပေးခဲ့ကြသည်ကို တွေ့ရပေမည်။ ခရစ်တော် ပေါ်ထွန်းချိန်နှင့် အလွန်နီးကပ်သည့် အချိန်တွင် ပေါ်ပေါက်ခဲ့သော ထိုဘုန်းတော်ကြီးများသည် လက်ရင်းတပည့်ကြီး (၁၂)ဦးအား ခရစ်တော် လျှို့ဝှက်စွာ ဟောကြားခဲ့သော တရားတော်တို့ လေ့လာသိရှိပြီးလျှင် ယင်းတရားများ အရှည်တည်တံ့အောင် ရွက်ဆောင်ခဲ့သည်ဆိုလျှင် ဖြစ်နိုင်စရာ ရှိပေသည်။

ကက်သလစ်ဂိုဏ်းအုပ် **ကာဒီနယ်မာစီယာ**[၅] ကလည်း တမလွန် အယူအဆသည် ကက်သလစ်ဂိုဏ်း၏ လိုရင်းတရားများနှင့် မဆန့်ကျင်ကြောင်း ဖော်ပြခဲ့၏။ **ဒိန်းအင်ဂို**[၆] ကလည်း တမလွန်အယူအဆသည် ခေတ်သစ် **အက်ပီစကိုပယ်ဂိုဏ်း**[၇] ၏ တရားများနှင့် ဆန့်ကျင်သည်ကို မတွေ့ရကြောင်း အဆိုရှိ၏။ သို့ဖြစ်ရာ ရိုမင်ကက်သလစ်တို့က ဖြစ်စေ၊ ပရိုတက်စတင့်တို့က ဖြစ်စေ တမလွန်ဘဝ အယူအဆကို ဘာသာတရားအရရော သိပ္ပံပညာအရပါ ဖြစ်နိုင်သော အယူအဆတခု အနေဖြင့် အသိအမှတ် မပြုနိုင်စရာအကြောင်း မရှိပေ။

---

၁။ Origen (185-253 A.D.)

၂။ St. Justin Martyr (100-165 A.D.)

၃။ St. Jerome (340-420 A.D.)

၄။ Clement Alexandrinus (159-215 A.D.)

၅။ Cardinal Mercier (1851-1926 A.D.)

၆။ Dean Ingo of St. Paul's (1911-1934 A.D.)

၇။ Episcopalianism

ခရစ်ယာန်ဘာသာ၌ တမလွန်ဘဝ အယူအဆနှင့် ဆန့်ကျင်ပုံရသော အချို့သော တရားများ ရှိသည်မှာ မှန်၏။ ပုံစံပြရလျှင် 'ရှင်ပြန်ထမြောက်ခြင်း' နှင့် 'နောက်ဆုံးတရား ဆုံးဖြတ်မည့်နေ့' အယူအဆများသည် တမလွန်ဝါဒနှင့် တိုက်ရိုက် ဆန့်ကျင်သည်ဟု သမားရိုးအကျဆုံးဖြစ်သည့် ခရစ်ယာန်ဘာသာဝင်များက အသိအမှတ် ပြုထားကြ၏။ သို့သော်လည်း ယင်းစကားလုံးများကို တိုက်ရိုက် အဓိပ္ပာယ်ကောက်ယူရန်ထက် အမှတ်လက္ခဏာ သဘောအားဖြင့် အဓိပ္ပာယ်ကောက်ယူရန် ရည်ရွယ်သည်ဟု ဆိုလျှင် ဖြစ်နိုင်ဖွယ် ရှိပေသည်။ သင်ခန်းစာပေး ပုံပြင်များနှင့် 'ငရဲမီး'ကဲ့သို့သော ဥပစာ တင်စားသည့် စကားများကို တင်းကျပ်၍ အတိအကျ အဓိပ္ပာယ်ယူရသည့် တရားသေသဘော အဖြစ်သို့ ပုံသွင်းထားသည်ဟု ယူဆလျှင်လည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။

**သိပ္ပံနည်းကျ တမလွန်ဘဝ**

လင်းမား၏ အထက်ပါ ရှင်းလင်းချက်များသည် ကေစီ၏ စဉ်းစားဆင်ခြင်စိတ်ကို နှိုးဆွပေးလိုက်နိုင်လေသည်။ ထို့ကြောင့်ပင် မိမိ၏ ထူးဆန်းသော စွမ်းရည်ကို မိမိ ကလေးဘဝကတည်းက ယုံကြည်ကိုးကွယ်လာသော ဘာသာတရားနှင့် ဆန့်ကျင့်ကာ အသုံးပြုမိနေလေသလားဟူသော ယုံမှားသံသယများသည် ကေစီကို ကြာရှည်စွာ မဖမ်းစားနိုင်ကြတော့ပေ။

သို့တစေ သိပ္ပံပညာအရ တမလွန်ဘဝ ရှိနိုင်သည် ဆိုခြင်းကိုမူ ကေစီ လက်မခံနိုင်သေးပေ။ ဥပမာ ကမ္ဘာ့လူဦးရေသည် အဘယ်ကြောင့် အဆမတန် တိုးတက်နေပါသနည်း။ ကမ္ဘာပေါ်တွင် ယခု ရှိနေကြသော သတ္တဝါများသည် ရှေးကလည်း ရှိနေခဲ့ကြသည်ဟူသော အယူအဆကို လူဦးရေ တနေ့တခြား တိုးတက်များပြားလာခြင်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ညှိနှိုင်း၍ ရနိုင်ပါမည်လား။ နောက်ထပ် တိုးတက်လာသော လူဦးရေသည် မည်သည့် နေရာမှ ပေါ်လာပါသနည်း။

ဤပြဿနာများကို ဖြေရှင်းနိုင်ရန် ကေစီမိသားတစုလုံး တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြ၏။ ဆွေးနွေးရာတွင် သဘောချင်း ညှိနှိုင်းမရသော အချက်များကို ကေစီ၏ ဟောစာတမ်းများနှင့် တိုက်ဆိုင်ကြည့်ကြ၏။ ဟောစာတမ်းများတွင် အကြောင်းယုတ္တိ မတန်ဟု ထင်ရသော အကြောင်းရပ်များကို တွေ့ရသည့်အခါ စာကြည့်တိုက်များမှ ယင်းအကြောင်းရပ်နှင့် သက်ဆိုင်သော စာအုပ်များကို ရှာဖွေ မွှေနှောက် ဖတ်ရှုကာ တိုက်ဆိုင်ညှိနှိုင်းကြ၏။

**အရေအတွက် တိုးခြင်းမဟုတ်**

နောက်ဆုံးတွင် ပြဿနာ၏အဖြေကို သိပ်မခက်လှဘဲ တွေ့ရှိကြတော့၏။ ရှေးကထက် လူဦးရေ အမှန်တကယ် တိုးတက်လာသည်ဟု အတိအကျ ပြောရန် မဖြစ်နိုင်ကြောင်း တဦးက တင်ပြ၏။ အကြောင်းသော်ကား များစွာသော ဟောစာတမ်းတို့သည် အတ္တလန္တိတ်နှင့် အီဂျစ်နိုင်ငံတို့၌ ပျောက်ကွယ်သွားခဲ့ကြပြီ ဖြစ်သော ရှေးဟောင်း ယဉ်ကျေးမှုများကို ရည်ညွှန်းထားသောကြောင့်ပင်။

မက္ကဆီကို၊ အီဂျစ်၊ ကမ္ဘောဒီးယားနှင့် အခြား အရှေ့တိုင်း နိုင်ငံများ၌ တူးဖော်တွေ့ရှိရသော ရှေးဟောင်း အဆောက်အအုံနှင့် အသုံးအဆောင် အကြွင်းအကျန်များကို ထောက်ရှုခြင်းအားဖြင့် ရှေးအခါက ကြီးကျယ်သော ယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် နေရာဒေသများကို ယခုအခါ၌ ကုန်းခေါင်ခေါင်ဒေသများ၊ သို့မဟုတ် တောကြီး,တောင်ကြီးများ အဖြစ်နှင့်သာ တွေ့မြင်နိုင်တော့ကြောင်းမှာ ကမ္ဘာ့နိယာမတရားအရဖြစ်ကြောင်း ထင်ရှားလှ၏။

ထိုအတူပင် လူ့သမိုင်း၏ တပိုင်းတကဏ္ဍတွင် အဆမတန် များပြားခဲ့သော လူဦးရေသည်လည်း တချိန်ချိန်တွင် စကြဝဠာတခုလုံး အနေဖြင့် အရေအတွက် ပြောင်းလဲမှုမရှိဘဲ လျော့နည်းကျဆင်း သွားတတ်ခြင်းမှာလည်း ဓမ္မတာတရားအရသာ ဖြစ်ပေသည်။ သန်းပေါင်းများစွာသော သတ္တဝါတို့သည် ကမ္ဘာမြေကြီးပေါ်၌ သူတို့ တည်ရှိနေနိုင်လောက်အောင် အခြေအနေ

မကောင်းသောအခါများ၌ လူတို့ မမြင်ရသော ကမ္ဘာလောကများသည် သူတို့အတွက် တည်းခိုစခန်းများ ဖြစ်နိုင်ကြပေသည်။

ဤရှင်းချက်သည် ကျိုးကြောင်းဆီလျော်သည့် လက္ခဏာ ရှိပေသည်။ ထို့ကြောင့် ခေါင်းမာသော ကေစီသည်ပင် ဤအချက်ကို မငြင်းပယ်ခဲ့ပေ။ သို့ရာတွင် အတ္တလန္တိတ်တိုက်ဆိုသည်က အပိတ်အပင် အတားအဆီးတခု ဖြစ်နေပြန်၏။ ဤကဲ့သို့သော နေရာသည် ရှေးက တကယ်ပင် ရှိခဲ့သည်ဟု ကျွန်ုပ်တို့ မည်သည့်နည်းဖြင့် သိရှိကြသနည်း။ အတ္တလန္တိတ်တိုက်ကြီးဆိုသည်မှာ ဒဏ္ဍာရီတခုသာ ဖြစ်သည် မဟုတ်ပါလော။ ဤမေးခွန်းကို ကေစီ၏ ဟောစာတမ်းများက ရှည်လျားစွာ အသေးစိတ် ဖြေကြားထားပေသည်။

**အထောက်အထား တွေ့ပြီ**

အတ္တလန္တိတ်တိုက် အကြောင်းကို အမှတ်မထင် ပထမဆုံး ရည်ညွှန်းရေးသားခဲ့သူမှာ သဘာဝတ္ထ ပညာရှင်ကြီး **ပလေတို**ဖြစ်လေသည်။ အတ္တလန္တိတ်တိုက်သည် အတ္တလန္တိတ် သမုဒ္ဒရာအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားသည်ဟု ဆိုသည်။ ဤကိစ္စကို ယနေ့ခေတ် လူများစုက အလေးအနက်ထား၍ စဉ်းစားခြင်း မရှိကြလင့်ကစား ဘူမိဗေဒပညာရှင်များကမူ ကာလအတော်ကြာမျှ သိပ္ပံနည်းကျ စဉ်းစားစိစစ်မှုများ ပြုလုပ်ခဲ့ကြ၏။ ထိုပညာရှင်များအကြား၌လည်း အတ္တလန္တိတ်နှင့် ပတ်သက်၍ သဘောထား မညီမညွတ် ဖြစ်နေကြ၏။ တချို့က အတ္တလန္တိတ်တိုက် တကယ်ပင် တည်ရှိခဲ့ဖူးကြောင်း အခိုင်အမာ ပြောဆိုကြသော်လည်း တချို့ကမူ လုံးဝ ငြင်းဆိုကြ၏။

မည်သို့ပင်ဖြစ်စေ ဤကိစ္စနှင့်ပတ်သက်၍ ပညာရှင်များ ရေးသားထုတ်ဝေခဲ့သော စာအုပ်ပေါင်း မြောက်မြားစွာက သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘူမိဗေဒပညာဆိုင်ရာ အထောက်အကူပြုနိုင်မည့် သက်သေသာဓကများကို တင်ပြထားကြ၏။ ယင်းသို့သော စာအုပ်တအုပ်ကို ကေစီ ရှာဖွေ တွေ့ရှိခဲ့၏။

စာအုပ်၏ အမည်မှာ '**အလွန် ရှေးကျသော အတ္တလန္တိတ်ကမ္ဘာ**'[၁] ဖြစ်လေသည်။ ဤစာအုပ်၌ပါသော လိုရင်းဖြစ်သည့် သက်သေ အထောက်အထားများနှင့် ကေစီ၏ ဟောစာတမ်းပါ အချက်အလက်များ ကိုက်ညီနေသည်ကို တွေ့ရသောအခါ ကေစီအဖို့ မအံ့ဩဘဲ မနေနိုင်တော့ပေ။

သို့လျှင် ဟောစာတမ်းတွင်ပါဝင်သော လိုရင်း အမာခံ အချက်အလက်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ စုံစမ်းစိစစ်ခြင်း၊ သက်ဆိုင်ရာ အကြောင်းရပ်များနှင့် ပတ်သက်သော စာအုပ်စာတန်းများကို ရှာဖွေဖတ်ရှု လေ့လာခြင်းများကြောင့် ကေစီသည် ဘယ်အခါကမျှ သူ့မှာ မရှိခဲ့ဘူးသော သမိုင်းအမြင်နှင့် ယဉ်ကျေးမှုအမြင်တို့ကို ရရှိလာ၏။ ထို့ကြောင့်ပင် အိပ်မွေ့ကျနေစဉ်အတွင်း ပြောဆိုခဲ့သော အရာများနှင့် ပတ်သက်၍ စိုးရိမ်မှုများ တဖြည်းဖြည်း လျော့နည်းလာကာ သူ၏ ဟောစာတမ်းများတွင် ပါဝင်သော အကြောင်းရပ်များ မှန်ကန်မှုကို သေချာစေရန် စိတ်အားထက်သန်စွာ အသေးစိတ် ဝေဖန်စိစစ်လာ၏။

**သမိုင်းဖြစ်ရပ်နှင့် ကိုက်ညီပုံ**

ကေစီသည် သူ့ဟောစာတမ်းများတွင် ကျေနပ်စရာ အချက်တချက်ကို တွေ့ရ၏။ ယင်းမှာ သူ၏ ဟောစာတမ်းများ တခုနှင့်တခု ဆန့်ကျင်ကွဲလွဲမှု မရှိဘဲ တသမတ်တည်း ညီညွတ်လျက်ရှိခြင်းပင် ဖြစ်၏။ ဟောစာတမ်းတခုနှင့်တခု အချိန်ကာလ မည်မျှပင် ကွာခြားနေသည်ဖြစ်စေ ညီညွတ်မြဲ ညီညွတ်လျက်ပင် ရှိ၏။ ဥပမာ လူတယောက်ကို ပထမအကြိမ် ဟောပြီးနောက် လပေါင်းများစွာကြာမှ ထိုလူကို ဒုတိယအကြိမ် ထပ်မံဟောလျှင် ပထမ ဟောစာတမ်းပါ အချက်အလက်များနှင့် ဒုတိယဟောစာတမ်းပါ အချက်အလက်တို့သည် တိတိကျကျ ကိုက်ညီလျက် ရှိကြ၏။

---

၁။ Atlantis, the Antediluvian World by Ignatius Donnelly

များစွာသော ဟောစာတမ်းတို့တွင် အတ္တလန္တိတ်ခေတ်၊ ရှေးဟောင်း အီဂျစ်ခေတ်ကဲ့သို့သော သမိုင်း၏ ရှေးကျသော ခေတ်များအကြောင်း သိကောင်းစရာ နောက်ခံ အချက်အလက်များ ပါရှိတတ်၏။ ဟောစာတမ်းအသီးသီးတွင် ပါဝင်သော ယင်းအချက်အလက်များသည်လည်း တခုနှင့်တခု ဆန့်ကျင်ကွဲလွဲမှု မရှိသည်ကို တွေ့ရ၏။

ကေစီ၏ ဟောစာတမ်းများသည် အချင်းချင်း ကိုက်ညီရုံမျှသာ မဟုတ်ဘဲ မှတ်တမ်းတင် သမိုင်းဖြစ်ရပ်မှန်များနှင့်လည်း ယင်းဖြစ်ရပ်များ မည်မျှပင် မှုန်ဝါးနေသည် ဖြစ်စေ ကိုက်ညီသည်သာလျှင် များပေသည်။ ဥပမာ သူ၏ စောစောပိုင်း ဟောစာတမ်း တခု၌ လူတယောက်သည် အတိတ်ဘ၀ တဘဝတွင် 'ခုံနှစ်သူ' ဖြစ်ခဲ့ဖူးကြောင်း ပါရှိ၏။ ခုံနှစ်သူ ဆိုသည်မှာ ဘာကိုဆိုလိုမှန်း ကေစီ မသိပေ။ သို့ရာတွင် စွယ်စုံကျမ်းတကျမ်းကို လှန်လှောရှာဖွေသောအခါ ရှေးဟောင်းခေတ် အမေရိကန်တို့သည် စုန်းဟု ထင်ရသူများကို ခုံများတွင် ကြိုးဖြင့် ကပ်ချည်ကာ အေးစိမ့်သော ရေကန်ငယ်ထဲသို့ နှစ်မြှုပ်သည့် ထုံးစံရှိကြောင်း တွေ့ရ၏။

**ပြဇာတ်ရေးဆရာကြီး မိုးလျဲ**

ဟောစာတမ်းများ၏ သမိုင်းဝင် ဖြစ်စဉ်များနှင့် ကိုက်ညီ မှန်ကန်ကြောင်း ပို၍ ထင်ရှားစေသော ပုံစံတခုမှာ **ဂျိန်းပေါ်ကလင်**[၁] အကြောင်း ဟောထားချက်ပင်။ ပေါ်ကလင်၏မိခင်မှာ သူငယ်ငယ်လေးကတည်းကပင် ကွယ်လွန်သွားကြောင်း၊ ပေါ်ကလင်မှာ အမည်ရင်းဖြစ်၍ သူ၏ ကလောင်အမည်မှာ **မိုးလျဲ**[၂] ဖြစ်ကြောင်း ဟောစာတမ်းက ဆို၏။

**မိုးလျဲ**မှာ ကမ္ဘာကျော် ပြင်သစ်ပြဇာတ်ရေးဆရာကြီး ဖြစ်၏။ တကမ္ဘာလုံးက သူ့ကို မိုးလျဲဟူသော အမည်ဖြင့်သာ သိနေကြ၏။ ပေါ်ကလင်

၁။ Jean Poquelin
၂။ Moltere

ဟူသော အမည်ရင်းကို သိသူ အလွန်ရှားလှ၏။ ကေစီ အနေနှင့်မူ မိုးလျဲကိုရော ပေါ်ကလင်ကိုပါ မသိခဲ့ဖူးပေ။ မိုးလျဲအကြောင်း ရေးထားသော စာအုပ်များကို ရှာဖွေဖတ်ရှုသောအခါ မိုးလျဲ၏ အမည်ရင်းမှာ ဂျိန်းပေါ်ကလင် ဖြစ်ကြောင်း၊ သူ၏ မိခင်မှာလည်း သူ ငယ်စဉ်ကတည်းကပင် ကွယ်လွန်သွားကြောင်း တွေ့ရပေရာ ဟောစာတမ်း၏ မှန်ကန်မှုမှာ ပို၍ပင် အံ့သြဖွယ်ရာ ဖြစ်နေပြန်ပေသည်။

တခြား ပုံစံတခုမှာ အမေရိကန် လူရွယ်တယောက်ကို ဟောသော ဟောစာတမ်းပင် ဖြစ်၏။ ထိုလူရွယ်သည် ယခင်ဘဝက ပြင်သစ်နိုင်ငံတွင် နေထိုင်ခဲ့၏။ သူသည် **ရောဘတ်ဖူလ်တန်**၏[၁] မိတ်ဆွေ ဖြစ်ခဲ့သည်ဟု ဟောစာတမ်းက ဆို၏။ ကေစီသည် ရောဘတ်ဖူလ်တန်အကြောင်းကို သိ၏။ သို့သော် ဖူလ်တန် အမေရိကပြည်၏ ပြည်ပတွင် နေထိုင်ခဲ့ဖူးကြောင်းကိုမူ မသိချေ။ ဖူလ်တန်အကြောင်း ရေးသားထားသော စာအုပ်များကို ကြည့်ရှုသောအခါ ဖူလ်တန်သည် ပြင်သစ်၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြောင်းနှင့် သူ၏ လုပ်ငန်းကို အကျိုးပြုသော လူပေါင်းများစွာနှင့်လည်း တွေ့ရကြောင်းကို သိရှိရ၏။

**အတိတ်ဘဝက မှတ်တမ်းများ**

ဟောစာတမ်းများသည် အဟောခံရသူ၏ အတိတ်ဘဝများမှ နာမည်များကို အတိအကျ ဖော်ပြလေ့ရှိ၏။ အံ့သြစရာကောင်းသည်မှာ အတိတ်ဘဝက ထိုသူနှင့် ပတ်သက်သော မှတ်တမ်းများကို ယခုဘဝတွင် တွေ့နိုင်သေးသည့် နေရာများပါ ညွှန်ပြထားခြင်းကို ကြိမ်ဖန်များစွာ တွေ့ရခြင်းပင် ဖြစ်၏။ မှတ်တမ်းများကို တွေ့နိုင်သည့် စာအုပ်တအုပ်ကို ဖြစ်စေ၊ ရှေးဟောင်းမှတ်တမ်းရုံး တခုခုကို ဖြစ်စေ၊ သင်္ချိုင်းမှတ်တိုင် တခုခုကို ဖြစ်စေ ဟောစာတမ်းက ညွှန်ပြထားတတ်၏။

---

၁။ Robert Fulton

**မယုံချင်လဲ မနေရ** ဤအချက်နှင့် ပတ်သက်၍ အသင့်လျော်ဆုံး ဟောစာတမ်းတခုကို ထုတ်ပြလိုပါသည်။

ကေစီသည် အမေရိကန် အမျိုးသားတယောက်အား ယခင်က သူ၏နာမည်မှာ **ဗားနက်ဆီး**[၁] ဖြစ်ကြောင်း၊ သူသည် အမေရိကန် ပြည်တွင်းစစ် အတွင်းက တောင်ပိုင်းစစ်သားတယောက် ဖြစ်ခဲ့ကြောင်းနှင့် ဗာဂျီနီယာပြည်နယ် **ဟင်နရီကိုခရိုင်**[၂] တွင် နေထိုင်ခဲ့ကြောင်း ဟောလိုက်၏။ ယခင်ဘဝက သူ့အကြောင်း မှတ်တမ်းများကို ရှာဖွေကြည့်လျှင် ယခုပင် တွေ့နိုင်ကြောင်းလည်း ထပ်မံ ဟောလိုက်၏။

ကေစီ၏ ဟောစာတမ်း မှန် မမှန်ကို လက်တွေ့ စူးစမ်းလိုသော ထိုအမျိုးသားသည် ချက်ချင်းပင် ဟင်နရီကိုခရိုင်သို့ ခရီးထွက်တော့၏။ ဟင်နရီကိုသို့ ရောက်သောအခါ မှတ်တမ်းများကို မတွေ့ရပေ။ သို့ရာတွင် ရုံးမှ စာရေးက ရှေးဟောင်း မှတ်တမ်းပေါင်း မြောက်မြားစွာကို မကြာမီကပင် ဗာဂျီနီယာပြည်နယ် သမိုင်းစာကြည့်တိုက်၏ ရှေးဟောင်းမှတ်တမ်းဌာနသို့ ပြောင်းရွှေ့ထားကြောင်း သတင်းကောင်းပါးလိုက်၏။

နောက်ဆုံးတွင် ထိုစာကြည့်တိုက်၏ ရှေးဟောင်းမှတ်တမ်း ဌာနတွင် ဗားနက်ဆီးအကြောင်း မှတ်တမ်းများကို တကယ်ပင် ရှာဖွေ တွေ့ရှိလေရာ ထိုအမျိုးသားမှာ အံ့သြမဆုံး ရှိနေတော့၏။ မှတ်တမ်း၌ အမေရိကန် ပြည်တွင်းစစ် အတွင်းက ၁၈၆၂ ခုနှစ်တွင် **ဗိုလ်ချုပ်လီ**[၃] ၏ စစ်တပ်၌ အသက် (၂၁)နှစ်ရှိသော ဗားနက်ဆီးသည် အလံကိုင်တပ်သားအဖြစ် အမှုထမ်းခဲ့ကြောင်း မှတ်တမ်းတင်ထား၏။

---

၁။ Barnet A. Seay

၂။ Henrico County, Virginia

၃။ Lee

**တိုက်ဆိုင်မှု မဟုတ်** ဟောစာတမ်းတွင် ပါဝင်သော အတိတ်ဘဝ၏ အခြေခံအချက်များကို သမိုင်းဝင် ဖြစ်ရပ်များက ထူးထူးခြားခြား အတည်ပြု ထောက်ခံထားချက်များအပြင် ပစ္စုပ္ပန်ဘဝ၏ အကြောင်းခြင်းရာများကို အတည်ပြု ထောက်ခံထားချက်များမှာလည်း မရေတွက်သာအောင် များပြားလှ၏။

ကေစီမိသားစု၏ စိတ်ဓာတ်ကိုသာ မဟုတ်ဘဲ သူစိမ်းတရံဆံများ၏ စိတ်ဓာတ်ကိုပါ ဟောစာတမ်းများက မှန်ကန်စွာ ပြဆိုထားကြောင်းကို ဖော်ပြခဲ့ပေပြီ။ ကေစီသည် သူနှင့်အတူနေသော သူ့မိသားစု၏ စိတ်နေ စိတ်ထားကို အိပ်မွေ့မချဘဲလည်း သိရှိနေသောသူ ဖြစ်ခြင်းကြောင့် အိပ်မွေ့ကျ နေဆဲတွင် ဤကဲ့သို့ မှန်ကန်စွာ ဟောနိုင်ခြင်း ဖြစ်သည်ဟု စောဒက ဝင်မည်ဆိုက ဝင်စရာ ဖြစ်ပေသည်။

သို့သော် အဟောခံရသူကို ကေစီ သိခြင်း၊ မသိခြင်းမှာ အကြောင်း မဟုတ်သည်ကို မကြာမီကပင် ကေစီ သိရှိလာရ၏။ အဟောခံရသူသည် ကေစီနှင့် လုံး၀,မသိကျွမ်းသူပင် ဖြစ်စေ၊ ထိုသူသည် ကမ္ဘာမြေကြီးပေါ်တွင် မည်သည့်နေရာမှာပင် ရှိနေသည် ဖြစ်စေ၊ သူ၏နာမည်၊ မွေးရပ်၊ မွေးနေ့တို့ကိုသာ သိရလျှင် သူ၏ အခြေအနေနှင့် စိတ်ဓာတ်စရိုက်တို့ကို မှန်ကန်စွာ ဖော်ပြနိုင်၏။ ထိုသူ မည်သည့်ဘက်တွင် စွမ်းရည်ထက်၍ မည်သည့်ဘက်တွင် စွမ်းရည်ညံ့ကြောင်းကိုလည်း ဖော်ပြနိုင်၏။ ထို စွမ်းရည် ထက်မှု၊ ညံ့မှုတို့မှာ မည်သည့်အတိတ်ဘဝက မည်သည့်အကြောင်းကြောင့် ဖြစ်ကြောင်းကိုပါ ဖော်ပြနိုင်၏။

ရပ်ဝေးတွင်နေသော ပုဂ္ဂိုလ်တယောက်ယောက်၏ စိတ်ဓာတ် စရိုက်ကို ဟောရာတွင် တကြိမ်တခါမျှသာ မှန်သည်ဆိုလျှင် တိုက်ဆိုင်မှုဟု ဆိုနိုင်ပေသည်။ သို့ရာတွင် လူ၏စွမ်းရည်နှင့် အခြေအနေတို့၏ အမျိုးအစား အဆမတန် များပြားသည်ကို ထောက်ရှုလျှင် တကြိမ်တခါမျှ မှန်နိုင်ဖို့ပင် လွန်စွာ ခဲယဉ်းလှပေရာ တိုက်ဆိုင်မှုဟု ယူဆလျှင် ထူးဆန်းနေမည်သာ ဖြစ်ပေသည်။

ကေစီ၏ ဟောစာတမ်းများမှာကား အကြိမ်တိုင်းလိုလို မှန်ကန်လျက်ရှိသဖြင့် ယင်းမှန်ကန်မှုများကို အကြိမ်ကြိမ် တိုက်ဆိုင်မှုဟု ဆိုရမည်မှာ ခက်လှ၏။

**ကလေးများ၏ အနာဂတ်အဟော**

ကေစီသည် ဘ၀ဟောစာတမ်းများကို ဟော၍ တနှစ်ကျော်မျှ ကြာသောအခါ မွေးဖွားခါစ ကလေးများ၏ ပဋိသန္ဓေပါ စိတ်သဘောနှင့် အသက်မွေး ဝမ်းကျောင်း ဝါသနာတို့ကိုပါ တိကျမှန်ကန်စွာ ဟောနိုင်သည်ကို တွေ့ရပြန်၏။ **နော်ဖောက်မြို့**[၁] မှ မွေးဖွားစ ကလေးတယောက်၏ အနာဂတ်ကို ကလေး၏မိဘများက ဖွားသည့်နေ့မှာပင် ကေစီကို အဟောခိုင်း၏။

ဟောစာတမ်းတွင် ဤကလေးမှာ အလျှော့မပေးတတ်သော သဘော၊ မိမိဆန္ဒကိုသာ ရှေ့တန်းတင်တတ်သော သဘော၊ ခေါင်းမာသော သဘောများ ရှိ၍ ထိန်းသိမ်းအုပ်ချုပ်ရန် ခက်ခဲမည့် ကလေးဖြစ်ကြောင်း ဖော်ပြထား၏။ ကလေး ကြီးပြင်းလာသောအခါ အဆိုပါ ပင်ကိုသဘောများကို ထိုကလေးတွင် မမှားနိုင်အောင်ပင် အထင်အရှား တွေ့ရပေသည်။

ထို့ထက် ပို၍ စိတ်ဝင်စားစရာကောင်းသော ဟောစာတမ်းမှာ မွေးဖွားပြီးနောက် ရက်သတ္တသုံးပတ်အကြာတွင် ဟောစာတမ်းယူသော ကလေးတယောက်၏ ဟောစာတမ်းပင် ဖြစ်သည်။ ဟောစာတမ်းက ထိုကလေးသည် ထင်ရှားကျော်ကြားသည့် ဆရာဝန်တယောက် ဖြစ်လိမ့်မည်ဟုဆို၏။

ထိုကလေးသည် အသက်ရှစ်နှစ် မတိုင်မီပင် ဆေးပညာဘက်၌ ထူးထူးခြားခြား စိတ်ဝင်စားနေသည်ကို တွေ့ရ၏။ ကလေး အသက်ရှစ်နှစ် ရှိသောအခါ တိရစ္ဆာန် အသေကောင်ကလေးများကို ခွဲစိတ်ကြည့်နေတတ်၏။ အကြောင်းကို လူကြီးများက မေးသည့်အခါ တိရစ္ဆာန်ကလေးများကို မည်သို့

---

၁။ Norfolk

မည်သို့မည်ပုံ ပြုလုပ်ထားကြောင်း သိလို၍ ခွဲစိတ်ကြည့်သည်ဟု အဖြေပေးလေသည်။

ထိုကလေးသည် အသက် ၁၃ နှစ် မပြည့်မီပင်လျှင် ဆေးပညာစွယ်စုံကျမ်းကြီးများကို လောဘတကြီး ဖတ်နေလေပြီ။ သူ့မိဘများအားလည်း သူသည် ဆရာဝန်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရည်ရွယ်ကြောင်း ဖွင့်ထုတ်ပြောပြလိုက်၏။ သူ၏ ဖခင်မှာ ကုန်သည်ဖြစ်၍ မိခင်မှာ ပြဇာတ်မင်းသမီး ဖြစ်လေရာ မိမိတို့သား ဆရာဝန်လုပ်လိုသည်ဆိုခြင်းကို မနှစ်မြို့နိုင်ဘဲ ရှိကြ၏။ ထို့ကြောင့် ကလေး၏ ဆရာဝန်လုပ်လိုသည့်ဆန္ဒ ပျောက်ပျက်သွားစေရန် အမျိုးမျိုး ကြိုးပမ်းကြ၏။ သို့သော်လည်း နောက်ဆုံးတွင် ကလေး၏ ခိုင်မာသော ဆုံးဖြတ်ပြဋ္ဌာန်းချက်က အတားအဆီး ဟူသမျှကို ကျော်လွှားနိုင်လေရာ ကလေးသည် ဆေးတက္ကသိုလ်တွင် ဆေးပညာ အကြို့သင်တန်းများကိုပင် တက်ရောက်သင်ကြားခွင့် ရသွားတော့၏။

ဤဖြစ်ရပ်ကို ထောက်ရှုလျှင် ကလေး၏ အတိတ်ဘဝမှ တိုးတက်မှုများကို အခြေခံ၍ ယခုဘဝ အလားအလာများကို မွေးဖွားစကပင် သိမြင်နိုင်သော စစ်မှန်သည့် သဘာဝလွန် မြင်နိုင်စွမ်းရည်တမျိုး ရှိကြောင်းကို လက်ခံရမည့်သဘော သက်ရောက်ပေသည်။

**လူကြီးများ၏ အနာဂတ်အဟော**

အထက်ပါ ဖြစ်ရပ်များနှင့် အခြား အလားတူ ဖြစ်ရပ်များက ကေစီ၏ ဟောစာတမ်းများတွင် စိတ်ပညာဆိုင်ရာ စမ်းသပ်မှုများ၌ကဲ့သို့ အနာဂတ်ကို ကြိုတင် ဟောပြောနိုင်သည့် အဖိုးတန် အနှစ်သာရ ရှိကြောင်းကို ညွှန်ပြလျက်ရှိလေသည်။ ကလေးများကို ဟောရာ၌သာမဟုတ်၊ လူကြီးများကို ဟောရာ၌လည်း ဟောစာတမ်း၏ အဆိုပါ အနှစ်သာရကို တွေ့ရ၏။

နယူးယောက်မြို့တော်မှ ကြေးနန်းရုံး စာရေးမတယောက်ကို ဘဝဟော စာတမ်း ဟောရာတွင် ထိုစာရေးမသည် ကြေးနန်းစာရေးမအလုပ်ဖြင့် အချိန်ဖြုန်း နေကြောင်း၊ သူသည် စီးပွားရေး ပန်းချီပညာကို လေ့လာသင်ကြား၍ ပန်းချီ အလုပ်ဖြင့် အသက်မွေးလျှင် ကြီးပွားနိုင်ကြောင်း၊ သူသည် အတိတ်ဘဝပေါင်း များစွာ၌ ယင်းအလုပ်ဖြင့် အောင်မြင်မှု ရခဲ့ရာ ယခုဘဝ၌လည်း အောင်မြင်သော ပန်းချီဆရာမတယောက် ဖြစ်နိုင်ကြောင်း ဟောလိုက်၏။

ထိုစာရေးမသည် စီးပွားရေး ပန်းချီလုပ်ငန်းကို ဖြစ်စေ၊ အခြား မည်သည့် ပန်းချီလုပ်ငန်းကိုပင်ဖြစ်စေ လုပ်ကိုင်ရန် မည်သည့်အခါမျှ စိတ်ကူးမပေါက်ခဲ့ပေ။ သို့ဖြစ်စေကာမူ ထိုစာရေးမသည် အရာတခုကို စမ်းသပ်ကြည့်က မမှားနိုင်ဟူသော ဝံ့စားသည့် စိတ်ဓာတ်ဖြင့် စာရေးမအလုပ်မှ ထွက်လိုက်ပြီးလျှင် ပန်းချီကျောင်းတွင် တက်ရောက်သင်ကြားလိုက်လေသည်။ သင်တန်းတက်ရင်းပင် သူ့တွင် စစ်မှန်သော ပန်းချီပညာဗီဇ ပါသည်ကို တွေ့ရသဖြင့် သူ့ကိုယ်သူပင် အံ့အားသင့်နေမိလေသည်။ ထိုအမျိုးသမီးသည် မကြာမီပင် အောင်မြင်သော ပန်းချီဆရာမတယောက် ဖြစ်လာလေသည်။

**အကျိုးသက်ရောက်မှုများ** ကေစီသည် ပြည်သူလူထု၏ ဘဝ၌ သူ၏ ဟောဆိုချက်များ မည်မျှလောက် အကျိုး သက်ရောက်မှု ရှိသည်ကို နှစ်အတော်ကြာမျှ အကဲခတ် လေ့လာမိသောအခါ သူ၏ ဟောဆိုချက်များ မှန်ကန်ကြောင်းကို လည်းကောင်း၊ ကောင်းကျိုးများကို ပြီးမြောက်စေသဖြင့် ကောင်းမြတ်ကြောင်းကို လည်းကောင်း တဖြည်းဖြည်း ယုံကြည် ဆုံးဖြတ်လာတော့၏။

အချို့သော ဟောစာတမ်းများ မှန်ကန်ကြောင်းကို သက်သေ အထောက်အထား မပြနိုင်စေကာမူ သက်သေ အထောက်အထား ခိုင်ခိုင်မာမာဖြင့် မှန်ကန်ကြောင်း ပြသနိုင်သော ဟောစာတမ်းများကို ထောက်ဆ၍ အထောက် အထား မပြနိုင်သေးသော အဆိုပါ ဟောစာတမ်း အချို့၌ ယုံကြည်မှု ခိုင်မြဲလျက် ရှိ၏။

သူ၏ ဟောစာတမ်းများသည် လူပေါင်းများစွာကို သူတို့၏ ဝါသနာစရိုက်နှင့် သင့်လျော်သော အလုပ်များသို့ ညွှန်ပြ ပို့ဆောင်ပေးနိုင်ခဲ့ပေပြီ။ မောင်နှံစုံ အမြောက်အမြားကိုလည်း အိမ်ထောင်ရေးတွင် အချင်းချင်း နားလည်မှုရအောင် လမ်းညွှန်ပေးနိုင်ခဲ့ပေပြီ။ အချို့ လူများကိုလည်း ပတ်ဝန်းကျင်နှင့် ပို၍ အဆင်ပြေသော လူမှုရေး ပြုပြင်မှုများနှင့် စိတ်ဓာတ် ပြုပြင်မှုများ ပြုလုပ်နိုင်စေရန် မိမိကိုယ်ကို အမှန်အတိုင်း ပြန်လည် သိနားလည်အောင် ဆောင်ရွက်ပေးခဲ့လေပြီ။

**မသိစိတ်၏ အလုပ်** အစကနဦးတွင် ကေစီသည် ဤအကြောင်းရပ်များကို မိမိဟောနေခြင်းမှာ တမလွန်ကို ယုံကြည်သော လင်းမားက မိမိ၏ စိတ်ထဲတွင် ယင်းတမလွန် သဘောပါသော ညွှန်ကြားချက်များကို သွတ်သွင်းပေးသောကြောင့်ပေလောဟု သံသယ ဖြစ်ခဲ့၏။ သို့ရာတွင် သူ၏ သံသယများမှာ ဖြစ်ရပ်အမှန်များနှင့် တခြားစီ ဖြစ်နေဟန် လက္ခဏာရှိပေသည်။ ပထမဆုံး သူ၏ ဇာတာအတွက် ဟောစာတမ်းကို လင်းမား မေးစဉ်က သူမွေးဖွားသည့် အချိန်က ဂြိုဟ်အနေအထားကိုသာ မေးခြင်းဖြစ်သည်။ ထိုစဉ်က အိပ်မွေ့ညွှန်ကြားချက်ပေးရာတွင် တမလွန်ဟူသော စကားလုံး လုံးဝမပါရှိပေ။ ကေစီ၏ မသိစိတ်ကသာ၊ သို့မဟုတ် နိယာမလွန် စိတ်ကသာ အတိတ်ဘဝအကြောင်းများကို အလိုအလျောက် သိကာ ဟောပြသွားခြင်း ဖြစ်ပေသည်။

ထို့ပြင် ရပ်ဝေးရှိ သူစိမ်းတရံဆံများကို ဟောသော မှန်ကန်ကြောင်း အထောက်အထား ခိုင်လုံသည့် အချက်အလက် အားလုံးလောက်ပင် ကေစီရော လင်းမားပါ လုံးဝ မသိနိုင်သော အချက်အလက်များသာ ဖြစ်သည်။ အကယ်၍ ကေစီ၏ မသိစိတ်က လင်းမား၏ ညွှန်ကြားချက်အပေါ်၌သာ လုံးဝ အမှီပြု၍ သိရှိကာ ဤမျှ အသေးစိတ် ဟောပြသည် ဆိုပါမူ ဟောပြောချက်များသည် လင်းမားမသိသော ဖြစ်ရပ်များနှင့် မကြာခဏ ကွဲလွဲလျက် ရှိလေရာ၏။

ထိုသို့ဖြစ်လျှင် မှန်ကန်မှု မရှိနိုင်ပေ။ စင်စစ် ယင်းဟောပြောချက်များ မှန်ကန်ကြောင်းကား အထောက်အထား အခိုင်အလုံ ရှိနေ၏။

ဟောစာတမ်းများအနက် သမ္မာကျမ်းစာမှ စကားတမျိုးမျိုး ဖြစ်စေ၊ ခရစ်တော်၏ ဩဝါဒတခုခုဖြစ်စေ မပါဝင်သော ဟောစာတမ်းမှာ ခပ်ရှားရှားပင် ဖြစ်၏။ "သင်စိုက်ပျိုးသလို သင်ရိတ်သိမ်း ရလိမ့်မည်" "သင့်ကို သူတပါးက ပြုမူစေချင်သလို သင်က သူတပါးကို ပြုမူပါ"ဟူသော စကားများမှာ ဟောစာတမ်းများတွင် မကြာခဏ အကိုးကားခံရသော စကားများဖြစ်၏။ ယင်းစကားများကို ရံဖန်ရံခါ တိုက်ရိုက် ကိုးကား၍ ရံဖန်ရံခါ ယင်းတို့၏ အဓိပ္ပာယ်သဘောများကို ဆောင်ယူ ရှင်းပြတတ်၏။ အတိတ်ဘဝမှ ဒုစရိုက်ကံများကြောင့် ယခုဘဝတွင် ခံစားရသော ရောဂါဝေဒနာများ အကြောင်းကို ဝေဖန်ပြောဆိုရာတွင် ဤကဲ့သို့သော သမ္မာကျမ်းစာလာ စကားတို့ကို ကိုးကား ပြောဆိုသည်ကို ဟောစာတမ်းများ၌ တွေ့ရ၏။

တမလွန်ဘဝနှင့် ထာဝရဘုရားသခင်ကို မယုံကြည်သူတို့အဖို့မှာ ယင်းသို့ ခရစ်ယာန်ဘာသာအမြင်နှင့် တမလွန်အယူအဆတို့ လိုက်လျောညီညွတ်နေခြင်းသည် မည်သို့မျှ အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်သော်လည်း ကေစီ၏ အဖို့မှာမူ ချီတုံချတုံနှင့် လှုပ်ရှားယိမ်းယိုင်နေသော သူ၏ သံသယစိတ်ကို ချိန်ညီစေရန် အလေးတင်းပေးလိုက်သည့် အရေးအကြီးဆုံးအချက် ဖြစ်နေပေသည်။

**သမိုင်းလမ်းကြောင်း** ဟောစာတမ်းများ၏ မှန်ကန်မှုကို စိတ်ချယုံကြည်နိုင်ကြပြီးနောက် ဟောစာတမ်းပါ အချက်အလက်များ၏ သဘောသကန်များနှင့် ပတ်သက်၍ သိချင်လာပြန်၏။ ဥပမာဆိုသော် အမေးလာသူများသည် သူတို့အား ဟောလိုက်သော ဘဝဟောစာတမ်းများတွင် သမိုင်း၏ ခေတ်တခေတ်သည် အကြိမ်ပေါင်း မည်မျှ ပါဝင်ကြောင်းကို မေးကြ၏။

များစွာသော လူတို့၏ ဟောစာတမ်းများ၌ တူညီသော သမိုင်းနောက်ခံများ ရှိကြ၏။ စင်စစ်ဆိုသော် လူတို့၏ အတိတ်ဘဝ လမ်းကြောင်း အကြမ်းဖျင်းသည် တခုတည်းသော အစီအစဉ်အတွင်း၌ ကျရောက်ဟန် လက္ခဏာရှိ၏။ အစဉ်တခုမှာ အတ္တလန္တိတ်၊ ရှေးဟောင်းအီဂျစ်၊ ရောမ၊ ဘာသာရေးစစ်ပွဲခေတ်နှင့် ကိုလိုနီ ခေတ်ဦးပိုင်းတို့ ဖြစ်၍ အခြားအစဉ်တခုမှာ အတ္တလန္တိတ်၊ ရှေးဟောင်းအီဂျစ်၊ ပြင်သစ်တွင် (၁၄)ဆက်မြောက် လူဝီဘုရင်၊ (၁၅)ဆက်မြောက် လူဝီဘုရင်၊ (၁၆)ဆက်မြောက် လူဝီဘုရင်များခေတ်နှင့် အမေရိကန် ပြည်တွင်းစစ်ခေတ်တို့ ဖြစ်ကြ၏။

တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ပီရူး၊ နော်စလန်၊ အာဖရိက၊ အမေရိကအလယ်ပိုင်း၊ စစ်စလီ၊ စပိန်၊ ဂျပန်နှင့် အခြား နိုင်ငံများသည်လည်း အထက်ပါ အစဉ်တွင် ရံဖန်ရံခါ ပါဝင်လာတတ်၏။ များစွာသော ဟောစာတမ်းတို့သည် တခုတည်းသော သမိုင်းလမ်းကြောင်းအတိုင်း လိုက်တတ်ကြလေသည်။

တဖန် ယနေ့ခေတ် ကမ္ဘာပေါ်တွင် ရှိနေသော သတ္တဝါများအနက် အများစုသည် လွန်ခဲ့သော သမိုင်းခေတ်ကလည်း ကမ္ဘာပေါ်တွင် အတူတကွ တည်ရှိနေခဲ့ကြသည်ဟု ကေစီ ယူဆ၏။ မိသားစုသံယောဇဉ်၊ သူငယ်ချင်း မိတ်ဆွေ သံယောဇဉ်၊ အချင်းချင်း အပြန်အလှန် အကျိုးပြုသော သံယောဇဉ်ကြီးများဖြင့် ယခုခေတ်တွင် ချည်နှောင်ထားကြသူတို့သည် ယခင်သမိုင်းခေတ်များတွင်လည်း အလားတူ သံယောဇဉ်ကြီးများဖြင့် နှောင်ဖွဲ့ရစ်ပတ်ခဲ့ကြပေလိမ့်မည်။ ကေစီထံ အမေးလာသူတို့အနက် အများစုမှာ ဤနည်းမျိုးဖြင့် အချင်းချင်း ဆက်စပ်မှု ရှိနေကြသည်သာဖြစ်၏။

**မသိစိတ်** ကေစီ၏ ဟောစာတမ်းတွင် ပါဝင်သော အချက်အလက်များကို မည်သည့်နေရာက ရရှိသနည်းဆိုသော မေးခွန်းကို မေးကြ၏။ အဖြေမှာ ကေစီ အိပ်မွေ့ကျနေစဉ်အတွင်း ကေစီ၏စိတ် ထိတွေ့နိုင်သော နေရာ ၂ ခုမှ ရရှိသည်ဟူ၍ ဖြစ်၏။

နေရာတခုမှာ အဟောခံသော ပုဂ္ဂိုလ်အသီးသီး၏ မသိစိတ်ပင်ဖြစ်၏။ ဟောစာတမ်းများက ရှင်းပြသည်မှာ သတ္တဝါအသီးသီး၏ မျက်မှောက်ဘဝ အတွေ့အကြုံများကိုရော အတိတ်ဘဝ အတွေ့အကြုံများကိုပါ မသိစိတ်များက မှတ်သား ထိန်းသိမ်းထားကြ၏။ မမွေးဖွားမီ အတိတ်ဘဝများမှ အတွေ့အကြုံများသည် ယခုခေတ် စိတ်ကုပညာရှင်တို့ ဉာဏ်ဖြင့် တွေ့ထိ,သိရှိနိုင်သည်ထက် ပို၍ နက်ရှိုင်းသော မသိစိတ်အလွှာများတွင် ခိုဝင်တည်ရှိနေကြ၏။ မသိစိတ်သည် အခြားသော မသိစိတ်များနှင့် သိစိတ်ထက် ပိုမိုလွယ်ကူစွာ ထိတွေ့ဆက်သွယ်နိုင်၏။ အိပ်မွေ့ကျနေစဉ်အတွင်း၌ ကေစီ၏စိတ်သည် အခြားသော စိတ်များ၏ မသိစိတ်အလွှာများနှင့် ချက်ချင်းပင် ထိတွေ့ဆက်သွယ်မိလေ့ရှိ၏။

ဤရှင်းပြချက်ကို လက်ခံရန်မှာ မခက်ခဲလှချေ။ အဘယ်ကြောင့် ဆိုသော် ဤရှင်းပြချက်သည် မသိစိတ်၏ တည်ရှိနေခြင်း သဘောသကန်များကို **စိတ်ခွဲပညာ**[၁] က တွေ့ရှိချက်များနှင့် အနည်းဆုံး တစိတ်တဒေသပင် ဖြစ်စေ တိုက်ဆိုင်နေသောကြောင့်တည်း။

**အာကာသမှတ်တမ်း** ဟောစာတမ်းပါ အချက်အလက်များကို ရရှိရာ အခြားနေရာ တခုမှာ '**အာကာရှမှတ်တမ်းများ**'[၂] ဖြစ်သည်ဟု ဟောစာတမ်းက ဆို၏။ အာကာရှဟူသော စကားလုံးမှာ သင်္သကြိုက် (သက္ကတ) ဘာသာစကား ဖြစ်၏။ ပါဠိဘာသာ **အာကာသ**[၃] ပင် ဖြစ်၏။

ယင်းစကားလုံးဖြင့် စကြဝဠာ လဟာပြင် လေထုအတွင်း၌ ရှိသော အခြေခံ ပင်မဓာတ်သဘောကို ရည်ညွှန်းကြောင်း ဟောစာတမ်းက ရှင်းပြ၏။ ယင်းဓာတ်သဘောမှာ လျှပ်စစ်ဓာတ်နှင့် နာမ်ဓာတ်များ ပေါင်းစပ်ဖွဲ့စည်းတည်နေခြင်း ဖြစ်သည်ဟုဆို၏။

---

၁။ Psychoanalysis

၂။ Akashic Records (Akasha, noun)

၃။ Akasa

စကြဝဠာကြီး ထင်ထင်ရှားရှား စတင် ဖြစ်ထွန်းပေါ်ပေါက်သည့် အချိန်ကစ၍ အသံ၊ အလင်း၊ လှုပ်ရှားမှုနှင့် စဉ်းစားဆင်ခြင် တွေးတောမှု ဟူသမျှ ယင်း အာကာသဓာတ်တွင် စွဲထင်ကျန်ရစ်နေခဲ့ကြ၏။ ဤ အာကာသမှတ်တမ်းများ တည်ရှိနေခြင်းကို အမြင်ပေါက်သူများ၊ အနာဂတ်ကို ဟောနိုင်သော သူတော်သူမြတ်များ၏ စွမ်းရည်ဖြင့် သိရှိနိုင်၏။

ယင်း အာကာသမှတ်တမ်းများသည် မည်မျှပင် ဝေးနေသည်ဖြစ်စေ၊ သာမာန်လူတို့ အသိဉာဏ်ဖြင့် မည်မျှလောက်ပင် အလှမ်းကွာနေသည် ဖြစ်စေ အဆိုပါ ပုဂ္ဂိုလ်ထူးများသည်ကား ယင်းတို့ကို သိမြင်နိုင်သည်သာ ဖြစ်၏။ စင်စစ် ဤအာကာသကို စကြဝဠာ လောကဓာတ်ကြီး၏ ကြီးမားလှသော ကင်မရာကြီးဟု ဆိုက မမှားနိုင်ပေ။

ဤ အာကာသမှတ်တမ်းများကို ဖတ်နိုင်သည့် စွမ်းရည်မှာ ကျွန်ုပ်တို့ အသီးသီး၏ ပင်ကိုသန္တေပါ စွမ်းရည်ပင် ဖြစ်၏။ သို့ရာတွင် ဤစွမ်းရည်၏ သတ္တိထက်ခြင်း၊ ညံ့ခြင်းသည် ကျွန်ုပ်တို့၏ ပသာဒသတ္တိ ထက်မှု၊ ညံ့မှုပေါ်၌ တည်နေ၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ် ဖွဲ့စည်းမှု၌ အာရုံတို့ကို အလွယ်တကူ ခံယူသိရှိတတ်သော သတ္တိ ထက်မြက်လျှင် အဆိုပါ စွမ်းရည် ထင်ရှား၍ ထိုသတ္တိ နုံ့နေလျှင် ငုပ်နေတတ်၏။ ဤစွမ်းရည်သည် သိစိတ်ကို သင့်လျော်သော အတိုင်းအတာအထိ ပြုပြင် ချိန်ညှိပေးခြင်းနှင့်လည်း သက်ဆိုင်၏။ ရေဒီယိုဥ္စ အသံလှိုင်းကို ဖမ်းမိနိုင်ရန် လိုင်းညှိပေးခြင်းနှင့် များစွာတူလှ၏။

**ပကတိသိစိတ် မရှိမှ သိစွမ်းနိုင်**

ကေစီသည် အိပ်မွေ့မချဘဲ သာမာန် နိုးနေသော အခြေအနေ၌ အဆိုပါ စွမ်းရည် ပေါ်ပေါက်လာနိုင်သော အတိုင်းအတာအထိ သူ၏ စိတ်ကို ပြုပြင် ချိန်ညှိပေးနိုင်စွမ်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့သော အခြေအနေ၌ သူ၏ သိစိတ်ကို လွှမ်းမိုးကျော်နင်းခြင်းငှာ မစွမ်းနိုင်သောကြောင့် ဖြစ်၏။

အိပ်မွေ့ကျနေစဉ်အတွင်း ကေစီ၏နှုတ်မှ ထွက်လာသော အကြောင်းအရာများအနက် ဤ အာကာသမှတ်တမ်း ရှင်းလင်းချက်များမှာ ကေစီအဖို့ လွန်စွာ ထူးခြားဆန်းကြယ်နေဟန် ရှိ၏။ မယုံကြည်သူများက ဤအကြောင်းနှင့် ပတ်သက်သော မေးခွန်းကို ထပ်ခါထပ်ခါ မေးသော်လည်း သူ၏ ရှင်းပြချက်များမှာ တသမတ်တည်း တူညီလျက်သာ ရှိနေ၏။ တခါတရံတွင် စကားလုံးများပင် တထပ်တည်း ကျနေ၏။ တခါတရံတွင်ကား ပို၍ အသေးစိတ်ကာ ရှင်းပြ၏။

ဟောစာတမ်းများက ဤအာကာသခေတ်၏ အမှန်တကယ်တည်ရှိမှုနှင့် ပတ်သက်သော သင်ကြားချက်များသည် ရာစုနှစ်ပေါင်းများစွာ လွန်ခဲ့ပြီဖြစ်သော ရှေးပဝေသဏီခေတ်ကတည်းကပင် ရှိခဲ့သည်ဟု ဆို၏။

လောက၌ မည်သည့်အရာမျှ ဒြပ် အစိုင်အခဲအနေဖြင့် မရှိ၊ စိတ်၏ လှည့်စားမှုမျှသာ ဖြစ်သည်ဟူသော အယူအဆ၊ ဒြပ်နှင့် အားတို့ကို အပြန်အလှန် ပြောင်းလဲရနိုင်သည်ဟူသော အယူအဆ၊ လူ တဦးနှင့်တဦး စိတ်ချင်း ဆက်သွယ်ပေါင်းဆုံခြင်းဖြင့် တဦး၏ အလိုကို တဦးက သိနိုင်သည် ဟူသော အယူအဆ၊ ဟိန္ဒူတို့၏ ဤ အယူအဆ သုံးမျိုး မှန်ကန်ကြောင်းကို မကြာမီကလေးကမှ အနောက်တိုင်း သိပ္ပံပညာက အတည်ပြုခဲ့၏။ သို့ဖြစ်လျှင် ဟိန္ဒူအယူအဆများအနက် တခုဖြစ်သော ဤအာကာသခေတ် အယူအဆကိုလည်း အစွဲအလမ်းကင်းသူ မည်သူမဆို အနည်းဆုံး ဖြစ်နိုင်ဖွယ်ရှိသည့် အချက်တရပ်အနေဖြင့် အသိအမှတ် ပြုရမည်သာ ဖြစ်ပေသည်။

ကေစီသည် ဟောစာတမ်းပါ အကြောင်းရပ်များကို ရရှိရာဖြစ်သော မသိစိတ်နှင့် အာကာသမှတ်တမ်းတို့၏ မှန်ကန်မှုကို ရုတ်ချည်း မဆုံးဖြတ်သေးဘဲ အချိန် အတော်ကြာအောင် လေ့လာ ဆန်းစစ်နေသေး၏။ သို့ဖြစ်စေကာ နောက်ဆုံးတွင် ထိုအချက် ၂ ရပ် စလုံးကိုပင် ယုံကြည် လက်ခံလိုက်၏။ ယင်းသို့ လက်ခံလိုက်ခြင်းမှာလည်း ခိုင်လုံသော အထောက်အထား ရသောကြောင့် မဟုတ်ဘဲ ဟောစာတမ်းများက ယင်းသို့ ဟောထားသော

ကြောင့်သာ ဖြစ်ပေသည်။ သက်သေအထောက်အထား ပြ၍ ရသော အခြားဟောစာတမ်းများကို ထောက်၍လည်း ဤသို့ ယူဆခြင်းဖြစ်၏။

တနည်းဆိုရသော် ယနေ့ခေတ်တွင် သိပ္ပံနည်းကျ တွေးခေါ်တတ်သော စိတ်များက အဆိုပါ အာကာသခေတ် စင်စစ်ကေန် အမှန်ပင် ရှိကြောင်းကို သက်သေပြနိုင်ကောင်း ပြနိုင်ပေလိမ့်မည်။ စင်စစ် ဤအာကာသခေတ်မှာ ရေဒီယိုလှိုင်း၊ ရေဒီယံခေတ်၊ အနုမြူစွမ်းအင် သို့မဟုတ် အာရုံကြော အဖွဲ့အစည်း၏ မှတ်ဉာဏ် သိုလှောင်ရာ အစိတ်အပိုင်းများထက် ပို၍ မထူးဆန်းချေ။

**စဉ်းစားဖွယ် အချက်အလက်များ**

ကေစီ၏ ဘဝဟောစာတမ်းပါ အချက်အလက်များမှာ ယင်းတို့ကို မည်သည့်နေရာမှ ရသည်ဖြစ်စေ ဖြစ်ရပ်မှန်များ အဖြစ်ကား တည်ရှိနေခဲ့သည်သာ ဖြစ်၏။ ကေစီသည် ဘဝဟောစာတမ်းများကို ၁၉၂၃ ခုနှစ်တွင် အမှတ်မထင် စတင် ဟောမိခဲ့၏။ ထိုအချိန်မှ စ၍ သူ ကွယ်လွန်သော ၁၉၄၅ ခုနှစ်အထိ နှစ်ပေါင်း ၂၂ နှစ်အတွင်း၌ ဘဝဟောစာတမ်းပေါင်း ၂၅၀၀ မျှ ဟောခဲ့၏။

ထိုဘဝဟောစာတမ်းများကိုလည်း ကာယဟောစာတမ်းများလိုပင် သေသေသပ်သပ် သိမ်းဆည်းထားခဲ့၏။ အဓိပ္ပာယ် ရှင်းလင်းချက်များလည်း ရေးသားထားခဲ့၏။ ပေးစာများနှင့် အခြားသော အထောက်အထား စာရွက်စာတမ်းများသည်လည်း ထိုဘဝဟောစာတမ်းများ၏ မှန်ကန်မှုကို သက်သေခံသည့် အနေဖြင့် ကျန်ရှိနေခဲ့၏။ စုံစမ်းစစ်ဆေးလိုသူ မည်သူမဆို ဟောစာတမ်း မေးဖူးကြသူ အမြောက်အမြားကို ယခုတိုင် တွေ့ဆုံမေးမြန်းနိုင်ကြပေသေး၏။

အကယ်၍ ကျွန်ုပ်တို့သည် ကေစီ၏ ထူးဆန်းသော မှတ်တမ်းများနှင့် စာရွက်စာတမ်းများ၏ စစ်မှန်မှုကိုလည်းကောင်း၊ ယင်းတို့က ဖော်ပြသော

လူသား၏ ကံကြမ္မာနှင့်ပတ်သက်သည့် ရှင်းလင်းချက်များကိုလည်းကောင်း ယုံကြည်နိုင်ကြပြီဆိုလျှင် ထူးခြားဆန်းကြယ်သည့် အချက်အလက်ပေါင်း အမြောက်အမြားကို ကျွန်ုပ်တို့ ရရှိ ပိုင်ဆိုင်နေကြပြီဟု ဆိုရပေမည်။

**ပထမအချက်** အနေဖြင့် တော်လှန်သော အခြေခံသဘော ဖြစ်သည့် တမလွန်အယူအဆကို အသားပေးသော အသေးစိတ် သက်သေခံ အထောက်အထား အမြောက်အမြားကို ကျွန်ုပ်တို့ ရရှိကြ၏။ ကျွန်ုပ်တို့သည် ဤအထောက်အထားများကို လုံးဝပြီးပြည့်စုံသော အထောက်အထားများအဖြစ် လက်မခံနိုင်ဦးတော့ အနည်းဆုံး ယင်း အထောက်အထားများက ညွှန်ပြပေးသော စဉ်းစား ဆင်ခြင်ကွက်ကိုမူ အာရုံစိုက်၍ လေ့လာထိုက်လှပေသည်။

ဤအရာ၌ မသေချာ မရေရာသော အခြေခံ အချက်များကို နှိုက်ချွတ် စူးစမ်းရှာဖွေခြင်းဖြင့် အသစ်ဖြစ်သော တွေ့ရှိချက်များ ရရှိခဲ့ကြောင်းကို သတိပြုသင့်၏။

**ဒုတိယအချက်** အနေဖြင့် ကျွန်ုပ်တို့သည် စိတ်ပညာ၊ ဆေးပညာ၊ သဘာဝတ္တပညာတို့၏ သဘောသဘာဝနှင့် ပတ်သက်သော အချက်အလက် ပေါင်း မြောက်မြားစွာကိုလည်း ရရှိကြ၏။ ယင်းအချက်အလက်များကို စိစစ်ရွေးချယ်၍ ခွဲခြမ်း စိတ်ဖြာကြည့်ပါမူ လူ့သဘာဝနှင့် လူ့ကံကြမ္မာ၏ အသွင်ပြောင်းနေသော ပန်းချီကားတချပ်ကို တွေ့ရပေလိမ့်မည်။

ဤ ၂၂ နှစ်အတွင်း၌ လူတို့၏ အတိတ်ဘဝများတွင် တွေ့ကြုံခဲ့ရသော ကိုယ်,စိတ်ဆင်းရဲရပုံ အဖုံဖုံကို ကေစီသည် သူ၏ ထက်မြက်သော သဘာဝလွန် အမြင်စွမ်းရည်ဖြင့် တပ်အပ်ထင်ထင် တွေ့မြင်ခဲ့ရ၏။ သို့သော်လည်း အတိတ်ဘဝအားလုံးပင် ဆင်းရဲခြင်းအတိ ပြည့်နှက်နေသည်ကား မဟုတ်ပါချေ။ သူတို့၏များစွာသော အတိတ်ဘဝဖြစ်စဉ်များမှာ သူတို့၏မျက်မှောက်ဘဝ ဖြစ်စဉ်များထက် ဘာမျှပို၍ ထူးခြားဆန်းကြယ်လှသည် မဟုတ်ပေ။

သို့ရာတွင် သူတို့၏အတိတ်ဘဝခရီးသည် ကြမ်းတမ်းခက်ခဲဆင်းရဲလှသည်ပင် ဖြစ်စေ၊ ချောမောသက်သာ သာယာပြေပြစ်သည်ပင် ဖြစ်စေ ယခု သူတို့ ရရှိထားသော မျက်မှောက်ဘဝအခြေအနေများသည် လွန်ခဲ့သော နှစ်ပေါင်းထောင်သောင်းမကသော အချိန်ကတည်းက အစပြုကာ ဖြစ်ပျက်ခဲ့သော အတိတ်ဘဝ အဆက်ဆက်နှင့် ဆက်စပ် နီးနွှယ်လျက် ရှိကြောင်းကို ဘဝဟောစာတမ်းများက ဖော်ပြထားလေသည်။ သူတို့၏ ရောဂါဝေဒနာများနှင့် စိတ်နှလုံး မချမ်းမသာ ပူဆာဆင်းရဲမှုတို့သည် စကြဝဠာနှင့် ပတ်သက်စပ်ဆိုင်နေကြောင်းကို ဟောစာတမ်းများက တခုပြီးတခု ပြသလျက်ရှိ၏။ ဤအသိအမြင်က သူတို့၏ ဘဝကို ပြုပြင်ပြောင်းလဲစေသော အကျိုးသက်ရောက်မှုဖြစ်စေခဲ့၏။

**ဟောစာတမ်းများ၏ အရေးပါမှု**

အကယ်၍သော ဤ ဘဝဟောစာတမ်းများ၏ စစ်မှန် ခိုင်မာမှုကို လက်ခံပါလျှင် ယင်းတို့၏ အဓိပ္ပာယ်သက်ရောက်ပုံကိုလည်း လက်ခံစဉ်းစားရပေမည်။ ဤ ဘဝဟောစာတမ်းများ၏ အရေးပါမှုသည် ယင်းတို့က ကမ္ဘာ့လူထုရှေ့သို့ အယူအဆသစ်တခုကို ချပြသည်ဆိုသော အချက်၌တည်ရှိသည် မဟုတ်ပေ။ စင်စစ် ဤ တမလွန်အယူအဆမှာ ကမ္ဘာ့တိုက်ကြီးအသီးသီး၌ အနှံ့အပြား တကွဲတခြားစီ နေထိုင်ကြသော လူမျိုးပေါင်းများစွာတို့၏ အကြား၌ တွေ့ရသော ရှေးဟောင်း အယူအဆတခုသာ ဖြစ်၏။

ဤဟောစာတမ်းများ၏ အရေးပါမှုသည် အချက် ၂ ချက်၌ တည်ရှိ၏။ **ပထမအချက်**မှာ ကျွန်ုပ်တို့ အနောက်တိုင်း၌ တိကျသော၊ သေချာစွာ အဓိပ္ပာယ်ဖော်ပြထားသော၊ ကြောင်းကျိုး ရှေ့နောက် ဆီလျော် ညီညွတ်သော၊ စိတ်ပညာသဘောအရ ယုံကြည်ထိုက်သော အဖြစ်အပျက်များကို များစွာသော ပုဂ္ဂိုလ်တို့၏ အတိတ်ဘဝများအဖြစ် ပထမဆုံး တွေ့ရှိရခြင်း ဖြစ်၏။ **ဒုတိယအချက်**မှာ ဤအဖြစ်အပျက်များကို ကမ္ဘာသား ကမ္ဘာသူ မည်သူမဆို

လာရောက်ကြည့်ရှုလေ့လာနိုင်စေရန် လူတို့သိမီသမျှသော ကမ္ဘာ့သမိုင်းတွင် ပထမဆုံးအကြိမ် မှတ်တမ်းများအဖြစ် သေသပ်ကျနစွာ သိမ်းဆည်းထားခြင်း ဖြစ်၏။

ကေစီ၏ ဤဘဝဟောစာတမ်းများက အရှေ့တိုင်း သဘာဝတ္တပညာကို ခရစ်ယာန် အယူအဆနှင့် ပေါင်းကူးပေးလိုက်လေသည်။ ရှေးပဝေသဏီ ကတည်းကပင် အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ သီးခြား ပင်ကိုယ် လက္ခဏာများ ဖြစ်လာခဲ့ကြသော အဇ္ဈတ္တဝါဒနှင့် ဗဟိဒ္ဓဝါဒတို့ကို ပေါင်းကူးပေးဖို့ရာ များစွာ လိုအပ်ခဲ့ပေရာ ကေစီ၏ ဘဝဟောစာတမ်းများက ထို လိုအပ်ချက်ကို ဖြည့်စွက်ပေးလိုက်နိုင်၏။

ထိုထက်ပို၍ အားရစရာကောင်းသည်မှာ ကေစီ၏ ဟောစာတမ်းများသည် သိပ္ပံနှင့် ဘာသာတရားကို ပေါင်းစပ်ပေးရာ၌ အောင်မြင်မှု ရလိုက်ခြင်းပင် ဖြစ်၏။ ရုပ်လောကကို ချုပ်ကိုင်ထိန်းသိမ်းထားသော (သိပ္ပံပညာ၏) နိယာမများ တိကျမှု ရှိသလောက် ကြောင်းကျိုးဆက်သွယ်မှု နိယာမများ(ပဋိစ္စသမုပ္ပါဒ်)သည်လည်း နာမ်လောကကို ချုပ်ကိုင်ထိန်းသိမ်းရာတွင် တိကျမှုရှိကြောင်း ဟောစာတမ်းများက ပြသလျက် ရှိ၏။ သို့ပြခြင်းအားဖြင့် သိပ္ပံပညာနှင့် ဘာသာတရားကို ဟောစာတမ်းများက ပေါင်းစပ်ပေးလိုက်နိုင်၏။

လူတို့ ခံစားရသော ဆင်းရဲဒုက္ခတို့မှာ ရုပ်တရား၏ ဖောက်ပြန် ချွတ်ယွင်းမှု သက်သက်ကြောင့်သာ မဟုတ်ဘဲ ကိုယ်ကျင့်တရားနှင့် တွေးခေါ် စဉ်းစားမှုတို့ မှားယွင်းခြင်းကြောင့်လည်း ဖြစ်ပေသည်။ လူသား၏ မွေးဖွားမှုနှင့် စွမ်းရည်တို့ မညီမမျှ ဖြစ်ရခြင်းမှာ ဖန်ဆင်းရှင်က စိတ်ကူးပေါက်ရာ ပြုလုပ်လိုက်ခြင်းကြောင့်လည်း မဟုတ်ပေ၊ မျိုးရိုးဗီဇကြောင့်ဟု ခံယူထားသော မျက်ကန်းစက်ယန္တရား ဝါဒကြောင့်လည်း မဟုတ်ပေ။ စင်စစ် ထိုသို့ ဖြစ်ခြင်းမှာ အတိတ်ဘဝက အပြုအမူများ၏ ကောင်းမှု၊ မကောင်းမှုများကြောင့်သာ ဖြစ်ပေသည်။

ဆင်းရဲဒုက္ခ အားလုံး၌ ပညာပေးသဘော ရည်ရွယ်ချက် ပါရှိ၏။ ကိုယ်လက်အင်္ဂါ ချို့တဲ့ချွတ်ယွင်းမှုများနှင့် ရောဂါဘယ ထူပြောမှုများသည် (အတိတ်ဘဝက) ကိုယ်ကျင့်တရားလျှင် အမွန်အစရှိ၏။ လူသား၏ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဟူသမျှသည် အသိပညာနှင့် အထွတ်အထိပ်သို့ ရောက်ရေးအတွက် သံသရာတည်းဟူသော ကျောင်းခန်းမှ သင်ခန်းစာများသာ ဖြစ်ပေသည်။

## အခန်း (၄)

# ခန္ဓာကိုယ်နှင့်ဆိုင်သော ကံအချို့

**ဒုက္ခ အထွေထွေ** ခြေမသန်သူ၊ နားပင်းသူ၊ ကိုယ်အင်္ဂါပုံပန်း ချို့တဲ့ ချွတ်ယွင်းသူ၊ မျက်စိမမြင်သူ၊ ကုသ၍ မရနိုင်သော ရောဂါကို ခံစားနေရသူ ဤသူအားလုံးသည် လူသားတို့ ခံစားနေရသော ဆင်းရဲဒုက္ခများ၏ အထင်ရှားဆုံးသော ပုံစံများ ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် အခြားသူများ ဤသို့သော ဆင်းရဲဒုက္ခမျိုး ခံစားနေရသည်ကို တွေ့မြင်ရသော အခါ ကြင်နာဆပ္ပား သနားကရုဏာသက်ကြ၏။ ကျွန်ုပ်တို့ကိုယ်တိုင် ထိုဆင်းရဲဒုက္ခမျိုးကို တွေ့ကြုံခံစားရ၍ ထိုဆင်းရဲဒုက္ခတို့၏ စိတ်မချမ်းမြေ့ဖွယ်ရာ မခံသာသောအဖြစ်ကို သိရှိရသောအခါမှာမူ "ငါ့ကိုမှ ဒီဟာက ဘာလို့ လာဖြစ်ရသလဲ" စသည်ဖြင့် လူသားအပေါ်၌ ထာဝရဘုရားသခင်၏ ပြုမူမှုကို ပြင်းထန်စွာ မေးခွန်းထုတ်လာကြ၏။

ယောဘသည်(သမ္မာကျမ်းစာ အဆိုအရ) တရားအစောင့်ဆုံးနှင့် သည်းအခံနိုင်ဆုံးသောပုဂ္ဂိုလ် ဖြစ်၏။ သူသည် သူ၏ အိုးအိမ်နှင့်တကွ သူ၏ စည်းစိမ်ဟူသမျှ ဘာမျှမကျန်အောင် ပျက်စီးဆုံးရှုံးရရုံမျှမက သူ၏ သားသမီးအားလုံးပါ သေဆုံးကုန်ကြ၍ ဒုက္ခမီး ဝိုင်းဝိုင်းလည်နေသော်လည်း

တခွန်းတပါဒမျှ ညည်းညူမှု မပြုပေ။ သို့ရာတွင် သူ၏ တကိုယ်လုံး၌ အပ်ချစရာမျှ မကျန်ရအောင် အနာစိမ်းများ ပေါက်လာသောအခါ၌ကား ယောဘသည် ပထမဆုံးအကြိမ်အဖြစ် ထာဝရဘုရားသခင်ကို ကျိန်ဆဲ၍ သူ မည်သည့်အရာ၌ မှားယွင်းမိသည်ကို ရှင်းပြရန် ထာဝရဘုရားသခင်အား တောင်းဆိုရင်း နာကျည်းစွာ အော်ဟစ်ငိုယိုလေတော့၏။

ဆင်းရဲဒုက္ခများသည် မှားယွင်းစွာ ပြုလုပ်မှု တခုခုကြောင့် ဖြစ်ရမည် ဟူသော ယုံကြည်ချက်ကို ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော ဘာသာရေး အယူသည်းမှုတခုအဖြစ်ဖြင့် ခေတ်လူတို့၏ အသိဉာဏ်က ပယ်လှန်ပစ်လိုက်လေပြီ။ ယနေ့ခေတ် လက်တဆုပ်စာမျှသော လူတို့သည် ဆင်းရဲဒုက္ခကို **'အပြစ်'**[၁] ဟူသော စကားလုံး၌ ထည့်သွင်း စဉ်းစားလိုကြ၏။ ကေစီ ဟောစာတမ်းများအရမူ အပြစ်၏ အကြောင်းရင်းအစကို မသိမမြင်ရစေကာမူ အပြစ်နှင့် ဆင်းရဲဒုက္ခတို့၌ တိကျသော ကြောင်းကျိုးဆက်သွယ်မှုကား ရှိသည်သာလျှင် ဖြစ်၏။

**ကံဆိုတာ** ကေစီ ဟောစာတမ်းများ၏ အခြေခံဖြစ်သော ယင်းအယူအဆကို သဘောပေါက်စေရန် **'ကရ်မ'**[၂] သို့မဟုတ် 'ကမ္မ' ဟူသောစကားလုံး၏ အဓိပ္ပာယ်ကို သိနားလည်ဖို့ မုချ လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤစကားလုံးသည် အပြစ်နှင့် ဆင်းရဲဒုက္ခတို့၏ ကြောင်းကျိုးဆက်သွယ်မှုကို ဖော်ပြသော တလုံးတည်းသော စကား ဖြစ်သောကြောင့်ပင်။ 'ကရ်မ'သည် 'ပြုလုပ်မှု'ဟု အဓိပ္ပာယ်ရသည့် သသ်ကြိုက်ဘာသာ စကားလုံးဖြစ်၏။ သို့ရာတွင် တွေးခေါ်မြော်မြင်ရေး သဘောတရား၌မူ ယင်းစကားလုံးသည် လူသား၏ ပြုမူကျင့်ကြံမှု အားလုံးကို

---

၁။ Sin

၂။ Karma သည် ပါဠိဘာသာ၌ ကမ္မ(Kamma)ဟု ရှိ၏။

ချုပ်ကိုင်သော 'ကြောင်းကျိုးနိယာမ' သို့မဟုတ် 'ပြုလုပ်ခြင်းနှင့် တုံ့ပြန်ခြင်း နိယာမ'ဟု အစိပ္ပာယ်ရပေသည်။

အိန္ဒိယပြည်ရှိ ဗြာဟ္မဏဝါဒဆိုင်ရာ တွေးခေါ်ရေး သဘောတရားများ၌ ကျွမ်းကျင်သော **အီမာဆင်**[၁]ကမူ ဤ ကရ်မ၊ သို့မဟုတ် **ကမ္မဝါဒကို 'လျော်ကြေးနိယာမ' 'ပြန်လည်ပေးဆပ်ခြင်းနိယာမ'** အဖြစ်ဖြင့် ရည်ညွှန်း ဖော်ပြထား၏။ ခရစ်တော်ကမူ ဤဝါဒကို **"လူသည် သူ စိုက်ပျိုးသည့် မည်သည့်အရာကိုမဆို သူ ရိတ်သိမ်းရလိမ့်မည်"** ဟူသော စကားဖြင့် တိကျတိုတောင်းစွာ မှတ်ချက်ထားခဲ့၏။ **"ပြုလုပ်မှုတိုင်း၌ တူညီ၍ ဆန့်ကျင်ဘက်ကျသော တုံ့ပြန်မှု ရှိ၏"**ဟူသော **နျူတန်**[၂]၏ ရွေ့ရှားမှု နိယာမသည် ရူပဗေဒနိယာမ၌ လက်တွေ့ အသုံးကျသလောက် လူ့ကျင့်ဝတ် နိယာမ၌လည်း လက်တွေ့ အသုံးကျလှ၏။

**ဘူးမရင်းခေါ် ပစ်တုတ်ကံ**

ကေစီ ဟောစာတမ်းများ၏ ဆွဲဆောင်မှု အင်အားကောင်းခြင်းမှာ ယင်းဟောစာတမ်းများက လူသား၏ ဆင်းရဲဒုက္ခများနှင့် ပစ္စုပ္ပန်ဘဝတည်းဟူသော ကျဉ်းမြောင်းသော နယ်သတ်မှတ်မှုကို အတိတ်ဘဝမှ ပြုမူကျင့်ကြံမှုများအထိ ခြေရာခံပြထားသဖြင့် ကံဝါဒ၌ ပိုမို၍ စိတ်အားထက်သန်စွာ အာရုံ စိုက်စေသောကြောင့်သာ ဖြစ်၏။

ကေစီ မှတ်တမ်းပါ ဖြစ်ရပ်များကို စေ့စေ့စပ်စပ် စစ်ဆေးကြည့်လျှင် ကံအမျိုးအစား များပြားစွာ ရှိကြောင်းကို တွေ့ရ၏။ ထိုကံတို့အနက် တမျိုးကို **'ဘူမရင်းကံ'**[၃]ဟု ခေါ်ဆိုက သင့်မြတ်ရာပေသည်။ အဘယ်ကြောင့်ဆိုသော် အဘိုရီဂျင်း (ခေါ်) ဩစတြေးလျ တိုင်းရင်းသားလူမျိုးများ အသုံးပြုသော ဘူမရင်းခေါ်သော ပစ်တုတ်တမျိုးသည် အဝေးသို့ ပစ်လွှတ်လိုက်သောအခါ

---

၁။ Ralph Waldo Emerson

၂။ Sir Isaac Newton

၃။ Boomerang Karma

ပစ်သူထံ ပြန်လာသကဲ့သို့ အခြားသူ တဦးတယောက်ကို ရည်ရွယ်၍ ပြုလုပ်လိုက်သော ထိခိုက်နစ်နာစေမှု တခုသည် ထိုပြုသူကိုပင် ပြန်လည် ထိခိုက်နစ်နာစေသောကြောင့် ဖြစ်၏။

**မျက်မမြင် ပါမောက္ခ** ကေစီ၏ မှတ်တမ်းထဲ၌ ဤ ကံမျိုး ခြောက်မြားစွာကို တွေ့ရ၏။ ယင်းတို့အနက်မှ တခုကို ဖော်ပြလိုပါသည်။

မျက်စိ လုံးဝကွယ်နေသော ပါမောက္ခတယောက်သည် ရေဒီယိုမှ ကေစီ၏ **'စိတ်၏ အံ့သြဖွယ်များ'**[၁] အခန်းကို နားထောင်ရသောအခါ သူ့ကို ကာယဟောစာတမ်း ဟောပေးရန် ကေစီထံ တောင်းပန်စာ ပို့လိုက်၏။ ထို့နောက် ကေစီ၏ ညွှန်ကြားချက်များကို လိုက်နာခြင်းဖြင့် သူ၏ ကျန်းမာရေးရော မျက်စိပါ သိသိသာသာကြီး တိုးတက် ကောင်းမွန်လာ၏။ ကေစီ၏ ညွှန်ကြားချက်တွင် အရိုးဆုပ်နယ်၍ ပြုပြင်ကုသခြင်း၊ လျှပ်စစ်ဖြင့် ကုသခြင်း၊ ဓာတ်စာပြောင်းလဲ စားသောက်ခြင်းများ ပါဝင်၏။

မျက်စိ အထူးကုဆရာဝန်ကြီးများက မျှော်လင့်ချက် မရှိတော့ဟု ယူဆထားသော ပါမောက္ခကြီး၏ မျက်စိမှာ ၃ လအတွင်း၌ပင် တဆယ် ရာနှုန်းမျှ ပြန်၍ မြင်လာရ၏။ ပါမောက္ခကြီး၏ဘဝ ဟောစာတမ်းများကမူ သူ၏ အတိတ်ဘဝ ၄ ဘဝကို အကြမ်းဖျင်းမျှ ဖော်ပြထား၏။ ယင်းတို့မှာ အမေရိကတွင် ပြည်တွင်းစစ်ခေတ်၌ တဘဝ၊ ပြင်သစ်တွင် ဘာသာရေး စစ်ပွဲများ အတောအတွင်း၌ တဘဝ၊ ခရစ်မပေါ်မီ နှစ်ပေါင်းတထောင်လောက်က ပါရှား၌ တဘဝနှင့် အတ္တလန္တိတ်တိုက်ကြီး ရေအောက်သို့ မြုပ်မသွားမီ ထိုတိုက်ကြီး၌ တဘဝတို့ ဖြစ်ကြ၏။

---

၁။ Miracles of the Mind

**မျက်စိကွယ်ရခြင်း၏ အကြောင်းကံ** ပါရှားတွင် လူဖြစ်စဉ်က သူသည် လူရိုင်းမျိုးတမျိုး၌ ဖြစ်ရ၏။ ထိုလူရိုင်းများတွင် ရန်သူများကို ရဲရဲနီသော သံပူဖြင့် မျက်စိကန်းအောင် ထိုးဖောက်ရသော ထုံးစံရှိ၏။ ထိုစဉ်က သူသည် ယင်းသို့ ပြုလုပ်ပေးရသော ရာထူးကို ထမ်းရွက်ခဲ့ရသည်ဟု ဟောစာတမ်းက ဆို၏။

ဤနေရာတွင် လူတယောက်သည် သူရောက်ရှိနေသော လူ့အသိုင်းအဝိုင်း၏ ထုံးတမ်းစဉ်လာအရ ပြုလုပ်ရသော တာဝန်ဝတ္တရားအတွက် သူ့မှာ လူ့ကျင့်ဝတ်အနေဖြင့် အပြစ်ရှိနိုင်ပါသလားဟူသော မေးခွန်းတခုသည် မလွဲသာ မရှောင်သာ ပေါ်ပေါက်လာ၏။ ဤမေးခွန်းမှာ အမှန်တကယ် မေးသင့်မေးထိုက်သော မေးခွန်းပင်ဖြစ်၏။ ဤမေးခွန်းကို အခန်း ၂၃ ၌ အတော်များများ ဆွေးနွေးပါမည်။

**ခြေသိမ်ရခြင်း အကြောင်းကံ** မှတ်သားလောက်သော ဒုတိယပုံစံမှာ မိန်းကလေးတယောက်၏ ဖြစ်ရပ်ပင်တည်း။ ထိုမိန်းကလေးသည် လက်များကို ပြုပြင်ကုသပေးသူအဖြစ် အသက်မွေးသူ ဖြစ်၏။ သူသည် ကလေးဘဝ တနှစ်သမီးကတည်းကပင် ခြေထောက်များ မလှုပ်ရှားနိုင်ဘဲ ခြေထောက်သေရောဂါ ရရှိလာခဲ့၏။ သူ၏ခြေထောက် နှစ်ဖက်စလုံးမှာ မကြီးထွားဘဲ အဆမတန် သေးသိမ်နေသဖြင့် ပခုံးသိုင်းနှင့် ချိုင်းထောက်ကို အသုံးပြုမှသာ သွားလာနိုင်၏။

ယင်းသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းဖြစ်သော (အကုသိုလ်)ကံကို ထိုမိန်းကလေး အတ္တလန္တိတ်တိုက်၌ လူဖြစ်စဉ်က ပြုလုပ်ခဲ့၏။ "ထိုစဉ်က သူသည် လူအများကို ကိုယ်လက်အင်္ဂါ မသန်စွမ်းဘဲ သူများနောက်က လိုက်ရုံမှတပါး အခြား မည်သည့်အရာကိုမျှ မလုပ်နိုင်အောင် ပြုလုပ်ထားခဲ့၏။ ဤသတ္တဝါသည် အတိတ်က သူတပါးအပေါ် သူပြုခဲ့သော မကောင်းမှုကို ယခု သူတွေ့ကြုံခံစားနေရသည်ကို ကျွန်ုပ်တို့ တွေ့ရ၏"ဟု ဟောစာတမ်းက

ဆို၏။ (ဤ'သတ္တဝါ' ဟူသော စကားလုံးဖြင့် သံသရာထဲ၌ ပြည့်စုံရေး လမ်းပေါ်တွင် အတွေ့အကြုံများ ရရှိရေးအတွက် တဘဝပြီးတဘဝ ဖြစ်နေရသော သက်ရှိများကို ဟောစာတမ်းက ရည်ညွှန်း၏။)

**နှာချေရောဂါရှင်** ဘူးမရင်းကံ၏ စိတ်ဝင်စားစရာကောင်းသော တတိယ ပုံစံမှာ ကလေးဘဝကတည်းက နှာချေသည့် ရောဂါ လက္ခဏာများ ဖြစ်ပေါ်လာခဲ့သော အမျိုးသမီးတဦး၏ ဖြစ်ရပ်ပင်။ ထို အမျိုးသမီးသည် အစားတခုခုကို စားလျှင် အထူးအားဖြင့် ပေါင်မုန့်နှင့် ကောက်ပဲသီးနှံတို့ကို စားလျှင် **မြက်သီးနှာစေးဖျား**[၁] ဖျားသောသူကဲ့သို့ နှာချေတော့၏။ ဖိနပ်သားရေနှင့် မျက်မှန်ကော်ကိုင်းကဲ့သို့ ပစ္စည်းများကို တွေ့လျှင် သူ၏ ဘယ်ဘက်ဘေးရှိ အာရုံကြောတို့သည် မခံနိုင်အောင် ယောင်ယမ်းနာကျင်လာတော့၏။ သူသည် ဆရာဝန်ပေါင်း မြောက်မြားစွာနှင့် သူ၏ရောဂါကို ဆွေးနွေးဖူးလှလေပြီ။ သို့သော်လည်း သက်သာရာကို မရချေ။ သူ အသက် ၂၅ နှစ်အရွယ်တွင် အိပ်မွေ့ချ၍ ကုသသောအခါ၌သာလျှင် သက်သာရာ ရခဲ့ဖူး၏။

**နှာချေခြင်း၏ အကြောင်းကံ** ဤအမျိုးသမီးသည် ကေစီ ဟောစာတမ်းကို ယူခြင်းမှာ ရောဂါပျောက်ရေးအတွက် သက်သက်သာလျှင် ဖြစ်၏။ သို့ရာတွင် ဟောစာတမ်းက ရောဂါ၏ အကြောင်းရင်း ကံကိုပါ ဤသို့ ထည့်သွင်း ဟောပြထား၏။ "ဤသတ္တဝါသည် အတိတ် တဘဝဆီက ဓာတုဗေဒပညာရှင် ဖြစ်ခဲ့၍ အခြားသူများအပေါ်၌ ယားယံ စေတတ်သည့် အရာများကို အသုံးပြုခဲ့ဖူးကြောင်း ကျွန်ုပ်တို့ တွေ့ရ၏။

---

၁။ Hay Fever

ထို့ကြောင့် သူသည် ယခုဘဝ၌ ဤရောဂါကို ခံစားရခြင်းဖြစ်၏။ ဤသတ္တဝါသည် အခြားသူများ အသက်ရှူသွင်းသည့်လေကို အဆိပ်ဖြစ်စေတတ်သည့် အရာအချို့ကို အသုံးပြုခဲ့ဖူး၏။

"ထို့ကြောင့် ယခုဘဝ၌ အချို့သော သတ္တုများ၊ ပလပ်စတစ်များ၊ သားရေများနှင့် အနံ့များကို တွေ့ရသောအခါ သူ အသက်ရှူသောလေသည် ချက်ချင်း အဆိပ်ဖြစ်သွား၏။ အကယ်၍ သားရေများကို ဝက်သစ်ချနှင့်စိမ်လျှင် သူ့ကို မည်သို့မျှ မထိခိုက်ပေ။ အကယ်၍ တခါက သူတပါးကို အပိတ်အပင် အတားအဆီး ပြုဖို့ရာ ဤသတ္တဝါ အသုံးပြုခဲ့သောအရာနှင့် သားရေကို စိမ်လျှင် သူ့အတွက်လည်း အပိတ်အပင် အတားအဆီး ဖြစ်လိမ့်မည်။"

**ကိုယ်တွင်းအစိတ်အပိုင်းများ ဆိုင်ရာကံ**

ဒုတိယ အမျိုးအစား ဖြစ်သောကံကို **ကိုယ်တွင်းအစိတ်အပိုင်းများ ဆိုင်ရာကံ**[၁] ဟု ခေါ်နိုင်ရာပေသည်။ တခုသောဘဝတွင် ထိုအစိတ်အပိုင်းများကို မှားယွင်းစွာ အသုံးပြုခဲ့၍ နောက်တဘဝ၌ ထိုအစိတ်အပိုင်းများ၌ပင် ဖြစ်ပေါ်သော ထိုအပြုအမူအား လျော်သည့်အကျိုးကို ရရှိခံစားရ၏။

ဤကံအမျိုးအစား၏ ပုံစံကောင်းတခုမှာ မွေးကတည်းက အစာမကြေရောဂါ ခံစားနေရသော အသက် ၃၅ နှစ်ရွယ် လူတယောက်၏ ဖြစ်ရပ်ပေတည်း။ သူသည် အမြဲတန်း အစားအစာကို ရွေးချယ်၍ စားရ၏။ သို့ရာတွင် ယင်းသို့ သတိကြီးစွာထား၍ စားသောက်နေသည့် ကြားကပင် အစာကြေဖို့ရာ နာရီပေါင်းများစွာ စောင့်ရ၏။ ဤ အစာမကြေမှုကြောင့် သူသည် မကြာခဏပင် အဆင်မပြေမှုများနှင့် လူမှုရေးဆိုင်ရာ စိတ်မချမ်းမြေ့မှုများ တွေ့ကြုံခံစားရ၏။

---

၁။ Organismic Karma

**အစာမကြေခြင်း၏ အကြောင်းကံ** သူ ယင်းသို့ အစာမကြေ ဖြစ်ရခြင်း၏ အကြောင်းရင်း (ကံ)ကို ပြင်သစ်ပြည် ၁၃ ဆက်မြောက် လူဝီ ဘုရင်၏ နန်းတွင်း၌ သူ ပြုလုပ်ခဲ့သည်ဟု ကေစီ ဟောစာတမ်းက ဖော်ပြ၏။ ထိုစဉ်က သူသည် ဘုရင်ကို စောင့်ရှောက် ကာကွယ်ပေးရသူ ဖြစ်ခဲ့၏။ သူသည် သူ၏ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သော်လည်း သူ့မှာ ပျော့ညံ့ချက်တခု ရှိ၏။ ယင်းပျော့ညံ့ချက်မှာ အလွန်အမင်း အစားအသောက် မက်မောခြင်းပင် ဖြစ်၏။ ထို့နောက် တဘဝတွင်လည်း ပါရှားပြည်၌ ဘုရင့်သမားတော်ကြီး ဖြစ်ကာ အစားအသောက် ကို လွန်စွာ မက်မောတွယ်တာခဲ့၏။

ဤသို့လျှင် သူသည် ၂ ဘဝတိုင်တိုင် မနောကံ လွန်ကျူးပြစ်ကို ကျူးလွန်ခဲ့၏။ မညီမျှသည်ကို ညီမျှအောင် ပြုလုပ်ပေးရန် လိုအပ်သည့်အလျောက် ဤ လက်ရှိဘဝ၌ သူ့ကို ကိုယ်အင်္ဂါဆိုင်ရာ အားနည်းအောင် ပြုလုပ်ပေးခြင်းဖြင့် အလွန်အကျူး မဖြစ်စေရန် အတင်းထိန်းချုပ် ပေးရသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။

**အမှတ်လက္ခဏာကံ** ကေစီ ဟောစာတမ်းများ၌ အတွေ့များသော တတိယကံ အမျိုးအစားကို **'အမှတ်လက္ခဏာကံ'**[၁] ဟု နာမည်တပ်လျှင် သင့်လျော်တန်ရာ၏။ ဤကံသည် ခန္ဓာကိုယ်နှင့်ဆိုင်သော ကံများအနက် အံ့အားသင့်စရာ အကောင်းဆုံးနှင့် စိတ်ဝင်စားစရာ အကောင်းဆုံး သော ကံအမျိုးအစား ဖြစ်၏။ စောစောပိုင်း ဘဝဟောစာတမ်းတခုတွင် သွေးအားနည်းရောဂါရှင် တယောက်အား ဟောထားသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရ၏။ ထိုလူရွယ်၏ ဖခင်မှာ ဆေးပညာရှင်တယောက် ဖြစ်ရာ သူ့သား၏ ရောဂါပျောက်ရေးအတွက် သူ တတ်ကျွမ်းသမျှ နည်းမျိုးစုံအောင် ကုသ၏။ သို့သော်လည်း အရာ မရောက်ပေ။

---

၁။ Symbolic Karma

ကုသမှုကို သို့ကလောက် ခေါင်းမာစွာ တွန်းလှန်ပစ်နေသော ရောဂါက အမြစ်တွယ်အောင် စွဲနေသော ကံဟူသောအကြောင်းကို သေချာစွာ ညွှန်ပြလျက် ရှိ၏။ အမှန်ပင် ယင်းရောဂါကို ထိုလူရွယ်၏ လွန်ခဲ့သော ၅ ဘဝမြောက် ပီရူးပြည်တွင်လူဖြစ်ခဲ့သည့် ဘဝအထိ ဟောစာတမ်းက ခြေရာခံပြထား၏။ "ထိုစဉ်က ဤသတ္တဝါသည် တိုင်းပြည်၏ အုပ်ချုပ်ရေး အာဏာကို ရက်ရက်စက်စက် အဓမ္မ သိမ်းပိုက်ခဲ့ရာ သွေးထွက်သံယို အကြီးအကျယ် ဖြစ်စေခဲ့၏။ ထို့ကြောင့် ဤဘဝ၌ **သွေးအားနည်းရောဂါ**[၁] ဖြစ်ရခြင်း ဖြစ်၏"ဟု ဟောစာတမ်းက ဆို၏။

ဤစကား၏ အဓိပ္ပာယ်သည် ကိုယ်ခန္ဓာဆိုင်ရာကံ၏ အခြား ပုံစံများနှင့် ယှဉ်ကြည့်သောအခါ ပို၍ ထင်ရှားလာ၏။ ထိုလူရွယ်၏ အပြစ်သည် လွန်လွန်ကျွံကျွံဖြစ်သော စိတ်တခုခု၏ စေ့ဆော်မှုဖြင့် ခန္ဓာကိုယ်ကို လွဲမှားစွာ အသုံးချမှုကြောင့် ဖြစ်သောအပြစ် မဟုတ်ပေ။ ထို့ကြောင့် ကိုယ်တွင်း အစိတ်အပိုင်းဆိုင်ရာကံကြောင့် ဖြစ်သောအပြစ် မဟုတ်ကြောင်း ထင်ရှား၏။ ပစ်တုတ်ကံ(ဘူမရင်းကံ)ကြောင့် ဖြစ်သော အပြစ်ဟုလည်း တိတိကျကျ မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အကယ်၍သာ ဤကံမျိုး ဖြစ်ခဲ့သော် ထိုလူရွယ်သည် ရက်စက်သော စစ်နိုင်သူ၏ သတ်ဖြတ်မှုကို စစ်ပွဲတွင် ခံခဲ့ရပေလိမ့်မည်။ ဥပမာ ဟစ်တလာ၏ စစ်သားများ သတ်ဖြတ်မှုကြောင့် သေရသော ပိုလန်လူငယ် ဖြစ်ကောင်းဖြစ်ခဲ့ပေလိမ့်မည်။

သို့ရာတွင် ထိုသို့ ဖြစ်ရမည့်အစား ထိုသို့ မဖြစ်ဘဲ သူ၏ခန္ဓာကိုယ်သည် (သွေးချောင်းစီးသော) လူသတ်ကွင်းပြင် ဖြစ်လာသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။ သူ၏ခန္ဓာကိုယ်သည် သူ၏ပြစ်မှုကို ပြေပျောက်စေရန် ယဇ်ပူဇော် ပသရာ ယဇ်ပလ္လင် ဖြစ်လာခဲ့၏။ တသက်တာပတ်လုံး ဤကိုယ်ခန္ဓာ ချွတ်ယွင်းမှုသည် စစ်ပွဲတပွဲ၌ သွေးချောင်းစီးလျက် သေဆုံးရခြင်းထက် ပို၍

---

၁။ Anemia

ပညာပေးသဘောပါသော တရားမျှတစေမှုပင် ဖြစ်၏။ ပို၍ အချိန်ကြာမြင့်သော ပညာပေးမှုလည်း ဖြစ်၏။ ဤသတ္တဝါသည် အောင်နိုင်သူ တယောက်အနေဖြင့် သူ မလောက်လေး,မလောက်စား မှတ်ယူထားခဲ့သော လူများ၏သွေးကို မြေသို့ ကျစေခဲ့၏။ ထို့ကြောင့် ယခုဘဝ၌ သူသည် သွေးအားနည်းကာ အင်အား ချည့်နဲ့သူ ဖြစ်နေရ၏။ သို့နှင့် သူ၏ခန္ဓာ တစိတ်တပိုင်းသည် ထို (မကောင်းမှု)ကံ၏ အကျိုးပေးရာ ဖြစ်ခဲ့ရလေပြီ။

**ဆိုက်ကိုဆိုမက်တစ်** **ကိုယ်စိတ်နှစ်ပါးနှင့် ပတ်သက်သော ဆေးပညာ**[၁] ကို ဆေးဘက်ဆိုင်ရာတို့က ရှာဖွေတွေ့ရှိမှုကို ကျွန်ုပ်တို့ ထည့်သွင်း မစဉ်းစားလျှင် အဆိုပါ အယူအဆသည် ထင်ရာမြင်ရာ ယူဆမှုသဘော သက်ရောက်ကောင်း သက်ရောက်နေလိမ့်မည်။ အလွန် မကြာလှသေးသောအချိန်က ရောဂါဘယအားလုံးသည် ရုပ်ကိုယ်ကြောင့်သာ ဖြစ်ပွားကြသည်ဟု ယုံကြည်ခဲ့ကြ၏။ သို့သော် အနည်းဆုံး အချို့သော ရုပ်ကိုယ်ဆိုင်ရာ အခြေအနေများသည် စိတ်အနှောင့်အယှက် ဖြစ်မှု၊ စိတ်မချမ်းမသာ ဖြစ်မှုများကြောင့် ဖြစ်ကြောင်းကို **စိတ်ကုပညာ**[၂] က ပြသခဲ့၏။

စိတ်ကုပညာ၏ ဤတွေ့ရှိမှုမှ ကိုယ်စိတ်နှစ်ပါးနှင့် ပတ်သက်သော ဆေးပညာအဖြစ်ဖြင့် လူသိများသော ဆေးပညာဂိုဏ်းခွဲသည် ပေါ်ပေါက်လာ၏။ ဤအချက်မှာ ဆေးပညာနယ်ပယ်တွင် သစ်လွင်၍ အပြည့်အဝ ချီးကျူးဖွယ်ရာ ဖြစ်သော တိုးတက်မှုပင် ဖြစ်၏။

စိတ်ခံစားမှုဆိုင်ရာ အကြောင်းတမျိုးမျိုးကြောင့် ဖြစ်သော တင်းမာမှု မအီမသာဖြစ်မှုများကို စကားအားဖြင့် ဖြစ်စေ၊ အပြုအမူဖြင့် ဖြစ်စေ

---

၁။ Psychosomatic Medicine

၂။ Psychiatry

မဖော်ပြနိုင်သောအခါ ထိုတင်းမာမှု မအီမသာဖြစ်မှုများသည် **"ကိုယ်တွင်းအစိတ်အပိုင်း ဘာသာစကားတမျိုး"**[၁] ၏ ဖော်ပြချက်အရ ကိုယ်ခန္ဓာအတွင်း၌ အမှတ်လက္ခဏာအဖြစ်ဖြင့် ပေါ်ပေါက်လာကြ၏။

**'ကိုယ်,စိတ်နှစ်ပါးနှင့် ပတ်သက်သော ဆေးပညာ'** ဟူသော စာအုပ်ကို ရေးသားသည့် **ဝေး(စ်)**[၂] နှင့် **အင်္ဂလိ(ရှ်)**[၃] တို့က အောက်ပါအတိုင်း ဆိုကြ၏။ "ဥပမာဆိုသော် အကယ်၍ လူနာတယောက်သည် ကျေနပ်ဖွယ်ရာ မျိုမချနိုင်လျှင် ကိုယ်တွင်းအစိတ်အပိုင်းအနေဖြင့် အကြောင်းလည်း ရှာမရခဲ့လျှင် ထိုလူနာ၏ ဘဝအခြေအနေတွင် သူ မျိုမချနိုင်သော တစုံတရာ ရှိနေသည်ဟု အဓိပ္ပာယ် ကောက်ယူနိုင်ပေသည်။ **အော်ဂလီဆန်ခြင်း**[၄]ကို ကိုယ်ရောဂါ တစုံတရာ မရှိခဲ့လျှင် ပတ်ဝန်းကျင်နှင့် အဆင်မပြေမှု၊ ပတ်ဝန်းကျင်ကို စိတ်တိုင်းမကျမှုဟု အဓိပ္ပာယ် ကောက်နိုင်ပေသည်။ ခံတွင်းပျက်၍ အာဟာရဓာတ်များစွာ ချို့တဲ့လာသော လူနာတယောက်သည် ကိုယ်ခန္ဓာ မွတ်သိပ်ခြင်းကဲ့သို့ပင် စိတ်ခံစားမှု မွတ်သိပ်ခြင်းကြောင့် ဖြစ်တတ်ကြောင်း မကြာခဏ တွေ့ရှိရ၏။

"ပတ်ဝန်းကျင် အခြေအနေ မကောင်းသဖြင့် စိတ်ထဲတွင် စိုးရိမ်သောကများ ဖြစ်ပေါ်လာသောအခါ အထင်ရှားဆုံး အလုပ်လုပ်လျက်ရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းသည်ပင် စိတ်ဝေဒနာကို ဖော်ပြ ပြောဆိုနေသော အစိတ်အပိုင်း ဖြစ်နိုင်၏။ သို့ရာတွင် ကျန်းမာရေး ပျက်ဖို့ရာ အလားအလာ ရှိနေခြင်း၊ မိဘမျိုးရိုး လိုက်ခြင်းနှင့် အခြားအကြောင်းများကလည်း အစိတ်အပိုင်း ရွေးချယ်မှုကို အဆုံးအဖြတ် ပေးနိုင်၏။"

ကိုယ်,စိတ်နှစ်ပါးနှင့် ပတ်သက်သောဆေးပညာမှ ကိုယ်တွင်းအစိတ်အပိုင်း ဘာသာစကားနှင့် ဤနေရာ၌ ကျွန်ုပ်တို့ နာမည်ပေးထားသော အမှတ်လက္ခဏာကံ၌ မကောင်းမှု ပြုသော သတ္တဝါသည် သူပြုသော မကောင်းမှု

---

၁။ Organ Language
၂။ Weiss
၃။ English
၄။ Nausea

နှင့် ပတ်သက်၍ အပြစ်ရှိကြောင်းကို သူ့စိတ်ထဲတွင် အလွန် နက်ရှိုင်းစွာ ခံစားနေသကဲ့သို့ ဖြစ်ပေါ်နေ၏။ ထိုခံစားမှုသည် သူ၏ ခန္ဓာကိုယ်တွင်း၌ပင် မကောင်းကျိုး သက်ရောက်သွားသည်အထိ ဖြစ်၏။ ထိုခံစားမှု၏ အကျိုး သက်ရောက်ရာ ခန္ဓာကိုယ် အစိတ်အပိုင်းကို ရွေးချယ်မှုမှာ အမှတ်လက္ခဏာနှင့် ဆိုင်သော သင့်လျော်လျောက်ပတ်မှု တခုခုပေါ်၌ တည်ပေသည်။

**အမှတ်လက္ခဏာကံ၏ ပုံစံများ**

ကေစီမှတ်တမ်းများ၌ပါဝင်သော အမှတ်လက္ခဏာ ကံ၏ အကျိုးပေးပုံများအနက်မှ ပုံစံ အနည်းငယ် ကို ဤနေရာ၌ ထုတ်ပြလိုပါသည်။ နားပင်းနေသူ တယောက်ကို ဟောစာတမ်းက "သင်သည် အကူအညီတောင်းသူများ၏ စကားကို နောက်တဖန် မကြားဟန်မပြုပါနှင့်"ဟု ဆုံးမထား၏။ (ဤနားပင်း နေသော သတ္တဝါသည် ပြင်သစ်တော်လှန်ရေးအတွင်းက မှူးမတ်တဦး ဖြစ်ခဲ့ဖူး၏။) ကျောရိုးတီဘီရောဂါရှင် တယောက်ကို "ဤသတ္တဝါသည် သူတပါးအား ဖျက်လိုဖျက်ဆီးပြုခဲ့သဖြင့် ယခုအခါ ထိုမကောင်းမှု၏ အကျိုးကို သူခံစားနေရခြင်း ဖြစ်သည်"ဟု ဖော်ပြထား၏။ ကြွက်သားများ သေးသိမ် ရှုံ့ဝင်နေသော ဝေဒနာရှင်တယောက်ကိုလည်း "ဤရောဂါမှာ အခြားဘဝ များတွင် သင်ပြုခဲ့သော မကောင်းမှု၏ အကျိုးဆက် ဖြစ်သည်"ဟု ဟောပြ၏။

ကေစီမှတ်တမ်း၌ အမှတ်လက္ခဏာကံနှင့် ပတ်သက်သော အရေး အပါဆုံး အဖြစ်အပျက်တခုမှာ အသက် ၂ နှစ်အရွယ်ကတည်းက အိပ်ရာထဲတွင် ဆီးသွားရောဂါ စွဲကပ်လာခဲ့သော အသက် ၁၁ နှစ်ရှိ ကလေးငယ်တယောက်၏ အကြောင်းပင် ဖြစ်၏။ ဤအဖြစ်အပျက်သည် အတော်အတန် ရှည်လျားစွာ ဆွေးနွေးသင့်သော အဖြစ်အပျက်တခု ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကလေး၏ အဆိုပါ ရောဂါကို ကုသ၍ ပျောက်ကင်းပုံမှာ အတော်ကလေး ဆန်းကြယ်သောသဘော ရှိသောကြောင့်ပင်။

**သမားကျော်များ လက်လွှတ်ရ** အဆိုပါ ကလေးသည် ကလေးတယောက်အနေဖြင့် အလွန်ငြိမ်သက် အေးဆေးသော ကလေး ဖြစ်၏။ သူသည် သူ့အောက် ဒုတိယကလေးတယောက် မွေးဖွားလာသည်အထိ မိဘကို ဒုက္ခ လုံးဝမပေးပေ။ သို့သော် ဒုတိယကလေး မွေးဖွား လာသည့်အချိန်မှ အစပြု၍ အဆိုပါ ပထမကလေးမှာ ညအခါ အိပ်ရာထဲ၌ ဆီးသွားစပြုလာ၏။ နောက်တွင် ဤအကျင့်သည် ညစဉ် ဖြစ်ပွားသောအကျင့် ဖြစ်လာ၏။

ကလေးများသည် သူတို့နောက်မှ အခြားကလေးတယောက် မွေးဖွားလာသောအခါ မိမိတို့ ရရှိထားသော ကလေးအခွင့်အရေးများ ဆုံးရှုံးရမည်ကို စိုးရိမ်တတ်ခြင်းနှင့် မိဘ၏ ဂရုစိုက်မှုနှင့် အလိုလိုက်မှုကို ပြန်လည် ရရှိရန် နို့စို့ကလေးများ၏ အလေ့အကျင့်များကို ပြန်လည် ပြုမူတတ်ကြ၏။ ဤအချက်ကို အဆိုပါ ကလေး၏ မိဘနှစ်ပါးလုံးပင် သိကြပြီး ဖြစ်၏။ ဒုတိယကလေးဖြစ်သော သူ၏ ညီမလေးကြောင့် သူ့အပေါ်တွင် မိဘများ၏ အချစ် လျော့ပါးမသွားကြောင်းကို ထိုကလေး သိနားလည်ရန် မိဘများက အမျိုးမျိုး ကြိုးစားကြ၏။ သို့သော်လည်း အိပ်ရာတွင်း ဆီးသွားမှုကား ရပ်တန့်မသွားပေ။

နောက်ဆုံးတွင် ကလေး အသက် ၃ နှစ် ရှိသောအခါ **စိတ်ကုပညာရှင်**[၁] တယောက်အား ပြ၍ ကုသရန် မိဘများက ဆုံးဖြတ်လိုက်ကြလေသည်။ တနှစ်ကျော်ကျော် စိတ်ကုပညာဖြင့် ကုသသော်လည်း ထူးခြားမှုကို မတွေ့ရသောအခါ ဆက်လက်၍ မကုသကြတော့ပေ။ ထို့နောက် ၅ နှစ်တိုင်တိုင်ပင် အဆိုပါ ကလေးသည် ဆက်လက်၍ အိပ်ရာကို စိုမြဲပင်စိုစေ၏။

မိဘများသည် ထင်ရှားသော အထူးကုဆရာဝန်များနှင့် နည်းအမျိုးမျိုး ဖြင့် ကုသကြသော်လည်း အရာမရောက်ပေ။ နောက်တဖန် စိတ်ကုပညာရှင်နှင့်

---

၁။ Psychiatrist

၂ နှစ်တိုင်တိုင် ကုသကြပြန်၏။ ဤတကြိမ် ကုသမှုသည် ကလေး၏ အထွေထွေ အရည်အသွေး တိုးတက်မှုကို အထောက်အပံ့ပြုသော်လည်း လိုရင်းအခြေအနေ မှာမူ ထူးမခြားနားပင် ဖြစ်၏။ ထို့ကြောင့် ကလေး ၁၀ နှစ်သားအရွယ်တွင် စိတ်ကုပညာဖြင့် ကုသမှုကို စွန့်လွှတ်လိုက်ကြတော့၏။

**သူတပါးကို ရေထဲနှစ်လို့** ကလေး ၁၁ နှစ်အရွယ်သို့ ရောက်သောအခါ သူ၏ မိဘများသည် ကေစီ၏ အကြောင်းကို ကြားသိကြသဖြင့် ကလေး၏ ထူးဆန်းသော ဖြစ်ပျက်ပုံနှင့် ပတ်သက်၍ ကေစီထံမှ ဟောစာတမ်းယူရန် ဆုံးဖြတ်လိုက်ကြ၏။ ကလေး၏ ဘဝဟောစာတမ်းအရဆိုသော် ထိုကလေးသည် **ပျူရီတန်ခေတ်**[၁] စောစောပိုင်းက စုန်းပြုစားမှုများကို စစ်ဆေးသည့်အချိန်တွင် ခရစ်ယာန် ဘုန်းတော်ကြီးတပါး ဖြစ်ခဲ့ဖူး၏။ သူသည် စုန်းဟု အထင်ခံရသူများကို ခုံတခုပေါ်တွင် ကြိုးဖြင့်တုပ်၍ ရေကန်ထဲ၌ နှစ်လျက် အပြစ်ပေးရာတွင် တက်ကြွစွာ ပါဝင်ခဲ့သူ ဖြစ်၏။

ဤအကြောင်းရင်းကံကို ရှင်းပြပြီးနောက် ဟောစာတမ်းက ကလေး၏ ရောဂါ ကုသပျောက်ကင်းရန် တိကျသေချာသော မျှော်လင့်ချက်ကို ပေးလိုက်၏။ ညအခါ ကလေး အိပ်ရာမဝင်မီ ကလေးအား ညွှန်ကြားချက်ပေးရန် မိဘများအား ပြောပြ၏။ ညွှန်ကြားချက်၏ အဓိပ္ပာယ်မှာ ရုပ်သဘောထက် နာမ်သဘော ပို၍ ဆန်သင့်သည်ဟူသော အဓိပ္ပာယ် ဖြစ်၏။

---

၁။ ပျူရီတန်ခေတ် (Puritan Days) ဆိုသည်မှာ အင်္ဂလန်ပြည်၌ ၁၆ ရာစုနှစ်ကို ဆိုလိုသည်။ ထိုအချိန်တွင် အင်္ဂလန်ပြည်၌ ပရိုတက်စတင့် ခရစ်ယာန်ဂိုဏ်းကို သန့်ရှင်းစေလို ပြုပြင်လိုကြသော၊ အခမ်းအနားနှင့် ပကာသနများကို ဖယ်ရှား၍ သမ္မာကျမ်းစာ အဆိုအတိုင်း တိတိကျကျ လိုက်နာလိုကြသည့် ဘာသာရေးစည်းကမ်း တင်းကျပ်လွန်းသူများ ပေါ်ပေါက်ခဲ့သည်။ ယင်းတို့ကို ပျူရီတန်များဟု ခေါ်ကြသည်။

**စိတ်ကိုကုခြင်း** ကလေး၏ မိခင်သည် ကေစီထံမှ ညွှန်ကြားချက်ကို ရလျှင်ရချင်း ညအခါ ကလေး၏ အိပ်ရာဘေးတွင် ထိုင်ကာ ကလေး အိပ်ချင်စိတ် ပေါ်၍ ငိုက်မြည်းလာသည်အထိ စောင့်နေ၏။ ထို့နောက် အိပ်ပျော်နေသော ကလေးကို ဤသို့ ပြောပြ၏။ "သားသား၊ မင်းဟာ စိတ်ကောင်း သဘောကောင်းရှိပြီး သနားကြင်နာတတ်တဲ့ သားလေးပဲ။ မင်းဟာ လူတိုင်းကို ပျော်ရွှင်အောင် လုပ်မှာပဲ။ မင်းဟာ သနားကြင်နာတတ်ပြီး စိတ်သဘောကောင်းတဲ့ သားလေးပဲ။" ဤအဓိပ္ပာယ်ပါသော စကားမျိုးကို အိပ်ပျော်နေသော ကလေးအား တကြိမ်လျှင် ၅ မိနစ် ၁၀ မိနစ်မျှ ပြောပြ၏။

ထိုည၌ ၉ နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ကလေးသည် အိပ်ရာထဲ၌ ဆီးမသွားတော့ပေ။ ကလေး၏ မိခင်သည် လပေါင်းများစွာပင် ညစဉ်ညတိုင်း ကလေးကို အထက်ပါအတိုင်း ညွှန်ကြားပြောပြ၏။ ဤအတောအတွင်း ကလေးသည် တကြိမ်တခါမျှ အိပ်ရာထဲ၌ ဆီးမသွားတော့ပေ။ ထို့နောက် တဖြည်းဖြည်း အချိန်ကြာလာသောအခါ တပတ်လျှင် တကြိမ်မျှ ညွှန်ကြားပြောပြပေးရုံမျှနှင့်ပင် ဆီးမသွားတော့ကြောင်းကို တွေ့ရ၏။ နောက်ဆုံးမှာ ညွှန်ကြားပြောပြပေးရန်ပင် လုံးဝ မလိုအပ်တော့ပေ။ ကလေး၏ ရောဂါမှာ ရှင်းရှင်းကြီး ပျောက်ကင်းသွားပေပြီ။ ဤဖြစ်ရပ်နှင့် အလားတူ ဖြစ်ရပ်ပေါင်း မြောက်မြားစွာကို ကေစီမှတ်တမ်း၌ တွေ့ရ၏။

**စိတ်ဝင်စားဖွယ် အချက်နှစ်ချက်** ပထမည၌ ညွှန်ကြားချက်ကို စတင်စမ်းသပ်သည့် အချိန်တွင် ၉ နှစ်ကြာမျှ စွဲမြဲလာခဲ့သော ကလေး၏ အကျင့် ရပ်တန့်သွားခြင်းသည်ပင် ဤဖြစ်ရပ်၌ ထူးခြားလှသည့် စိတ်ဝင်စားဖွယ်ရာ အချက်များအနက် တချက်ဖြစ်၏။ သို့ရာတွင် ကလေး၏ မိခင်သည် စနစ်တကျ လေ့ကျင့်သင်ကြားထားသော ဉာဏ်ရည် ဉာဏ်သွေးရှိသူ၊ ဖြောင့်မတ်သူသာ မဟုတ်ခဲ့လျှင် အဆိုပါ ဖြစ်ရပ်ကို ချဲ့ကားချက်တခုအနေဖြင့် စဉ်းစားကောင်း စဉ်းစားရမလောက်ပင် ဖြစ်၏။

ယခုကား ထိုသို့ မဟုတ်ပေ။ ကလေး၏ မိခင်မှာ ရေ့နေတယောက် ဖြစ်၍ ခရိုင်ဝတ်လုံအသင်းဝင် တယောက်လည်း ဖြစ်၏။ ထို့ပြင် ယုံလွယ်သူ၊ အစွဲအလမ်းကြီးသူ၊ မရိုးဖြောင့်သူလည်း မဟုတ်ပေ။

ဤဖြစ်ရပ်၌ ဒုတိယထူးခြားချက်မှာ ဤမျှ ထိရောက်စွာ အကျိုးသက်ရောက်စေသော ညွှန်ကြားပြောပြချက်၌ အိပ်ရာထဲတွင် ဆီးမသွားရန် လုံးဝ ဖော်ပြမထားခြင်းပင် ဖြစ်၏။ ညွှန်ကြားချက်က ကလေး၏ ခန္ဓာအသိ ရုပ်အသိကို ညွှန်ကြားခြင်း မဟုတ်ပေ။ နာမ်အသိကိုသာ ညွှန်ကြားခြင်း ဖြစ်၏။ ဆိုလိုသည်မှာ ညွှန်ကြားချက်ကို သူ၏ **ဆေလင်း**[၁] ဘဝမှ သူ ယူဆောင်လာသော အမှတ်လက္ခဏာသဘောဖြင့် ဖော်ဆောင်ထားသည့် အပြစ်ကိုသာ ညွှန်ကြားခြင်း ဖြစ်၏။

ယင်းသို့ ညွှန်ကြားရာ၌လည်း သူ၏ ခန္ဓာကိုယ်အတွင်းရှိ သင့်လျော်သော ကျောက်ကပ်လုပ်ငန်းမှတဆင့် ညွှန်ကြားခြင်း ဖြစ်၏။ သူသည် တချိန်က အခြားသူတို့ကို ရေထဲ၌ နှစ်ခဲ့၏။ သို့မဟုတ် ထိုသူတို့ကို ရေထဲနှစ်ခြင်း၌ သူ့မှာ တာဝန်ရှိ၏။ ယခု သူသည် ထိုကံ၏အကျိုးကို ခံယူရန် လိုအပ်ကြောင်းကို မထင်မရှား တွေ့ထိခံစားနေရ၏။

ယခုဘဝ၌ ကလေးသည် မည်သူ တဦးတယောက်ကိုမျှ ထိခိုက်နာကျင်စေမှုကို မပြုလုပ်စေကာမူ သူ့စိတ်၏ တစုံတခုသော အလွှာက သူ၏ ကြင်နာတတ်သော သဘောနှင့် လူမှုရေးရာ၌ ဝင်ဆံ့သည့်သဘောကို သံသယဖြစ်လျက်ပင် ရှိသေး၏။ အဘယ်ကြောင့်ဆိုသော် သူသည် တချိန်က အခြားသူများအပေါ်တွင် သူ ပြုလုပ်ခဲ့သော ရက်စက်ကြမ်းကြုတ်သည့် ပြစ်ဒဏ်ကို သတိရနေသောကြောင့်ပင် ဖြစ်၏။ ညွှန်ကြားချက်က စိတ်၏ အဆိုပါ အလွှာသို့ ရောက်ရှိကာ "သူ၏ လူမှုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် သနားကြင်နာတတ်ခြင်းကြောင့် သူ၏ အပြစ်များ ပြေပျောက်ကြပြီ၊ သို့မဟုတ်

---

၁။ Salem

ပြေပြောက်နိုင်သည်”ဟု သူ့ကို ကျေနပ်နှစ်သိမ့်စေလိုက်၏။ ထို့ကြောင့် သူသည် ထိုကံ၏ အမှတ်လက္ခဏာသဘောဖြင့် အပြစ်ခံရဖို့ မလိုအပ်တော့ချေ။

**ပြောင်းလဲသွားပြီ** ထိုအချိန်မှစ၍ ကလေးသည် အဆင်ပြေသူ ဖြစ်လာခဲ့၏။ သူသည် လူအများ၏ ခင်မင်မှုကို ခံရရုံမျှမက ကျောင်းသားကောင်းတယောက်လည်း ဖြစ်လာ၏။ သူ၏ ကိုယ့်ကိုယ်ကိုသာ ကြည့်တတ်သော သဘောကို ပြုပြင်ပေးလိုက်ရာ **လူသား ဓာတ်ခွဲခန်းတခု**[၁] က ထိုကလေးသည် လုံးဝ ကျေနပ်ဖွယ်ရာ ပြုပြင်ထားသည့် အပြင်လောကကို ကြည့်တတ်သူတယောက် ဖြစ်ကြောင်း ဖော်ပြထား၏။ ဤသို့ အရည်အချင်း ပြောင်းလဲမှုအတွက် တစိတ်တဒေသအားဖြင့် စိတ်ကုပညာကို ချီးကျူးထိုက်၍ တစိတ်တဒေသအားဖြင့် ကေစီ ဟောစာတမ်းကို ချီးကျူးထိုက်သည်ဟု ကလေး၏ မိခင်က ယူဆ၏။

ယခု အသက် ၁၆ နှစ် ရှိလာသောအခါ ကလေး၏ ထူးခြားသောအရည်အချင်းတခုမှာ အခြားသူများကို အလွန် သည်းခံနိုင်ခြင်းပင် ဖြစ်ကြောင်း ကလေး၏ မိဘများက ပြောပြကြ၏။ သူသည် အခြားသူများ၏ အကျင့်စာရိတ္တ ချွတ်ယွင်းချက် တခုခုအတွက် စိတ်နှင့် ပတ်သက်သော အဖြေကို ရှာတတ်၍ အချို့သော ပြုပြင်မှုများကိုလည်း ပြုလုပ်ပေးနိုင်လေသည်။

ယခုဘဝတွင် အမှတ်လက္ခဏာ သဘောပါသော မိမိကိုယ်ကို အပြစ်မှ သန့်စင်စေမှု အနေဖြင့် သူခံစားရသော ရုပ်ဓာတ်ဆိုင်ရာ စွမ်းရည်ချို့တဲ့မှုကို ဖြစ်စေသည့် ယခင်ဘဝက သည်းမခံနိုင်မှုသည် ယခုအခါ လွန်စွာ သည်းခံနိုင်ခြင်း သဘောသို့ ပြောင်းလဲသွားဟန် တူလေသည်။ ကိုယ်ခန္ဓာဆိုင်ရာကံက ဆိုးကျိုးမပေးနိုင်အောင်ပင် (ရုပ်နှင့် နာမ်) ချိန်ညှိပေးမှုကို ပြန်လည် တည်ဆောက်နိုင်ခဲ့လေပြီ။

---

၁။ Johnson O'Connor Human Engineering Laboratory

**ကောက်ချက်** ကံနှင့် ပတ်သက်သည့် ဤဖြစ်ရပ်တို့ကို ကျွန်ုပ်တို့ စိစစ်ကြည့်သောအခါ ယင်းဖြစ်ရပ်များနှင့် ပတ်သက်၍ ကောက်ချက် တစုံတခု ချနိုင်သည်ကို တွေ့ရ၏။ ကံတရားကို **'ပြုလုပ်ခြင်းနှင့် တုန့်ပြန်ခြင်း'**[၁] ဟု အဓိပ္ပာယ် ဖွင့်ကြသည်ကို မကြာခဏ တွေ့ရ၏။ ဤအချက် မှန်ကန်ကြောင်းကို ကေစီ မှတ်တမ်းများက လက်တွေ့ ရုပ်လုံးဖော်ပြလိုက်၏။ သို့သော်လည်း အားလုံးသော ကံတို့၏ အကျိုးပေးပုံမှာ တိကျမှု မရှိလှချေ။ ဥပမာ ဆိုရသော် လူရိုင်းဘဝက ရန်သူများကို သံပူဖြင့် မျက်လုံးထိုးဖောက်သော ပါမောက္ခမှာ ယခုဘဝ၌ လူရိုင်းမျိုးတွင် မမွေးဖွားပေ။ သူသည် ရန်သူလူရိုင်း တဦးဦး၏ သံပူဖြင့် ထိုးဖောက်ခြင်းကိုလည်း မခံရပေ။ ထိုသို့ ဖြစ်မည့်အစား သူသည် ယခုခေတ် နှစ်ဆယ်ရာစု လူ့အသိုင်းအဝန်း၌ မျက်စိမမြင်ဘဲ မွေးဖွားလာ၏။ ထို့ကြောင့် သူ၏ ယခုဘဝဖြစ်စဉ်များသည် လူရိုင်းဘဝက ဖြစ်စဉ်များနှင့် ချွတ်စွတ်တူ မဟုတ်ချေ။

ဤဖြစ်ရပ်နှင့် အခြားသော နှိုင်းယှဉ်ကြည့်စရာ ဖြစ်ရပ်များက "ကံသည် စိတ္တနိယာမတခု ဖြစ်သည့်အလျောက် ကနဦးတွင် စိတ်လောက၌ ပြုမူဖြစ်ပေါ်၍ ရုပ်အခြေအနေများမှာမူ စိတ်၏ ရည်ရွယ်ချက်(လိုအင်)ကို ဖြည့်ပေးရုံသာ ဖြစ်ပေသည်။ ထို့ကြောင့် ကံက ရည်ရွယ်ပစ်ချလိုက်သော ရုပ်အစိတ်အပိုင်းပေါ်၌ တုံ့ပြန် အကျိုးပေးမှုသည် တိကျမှု မရှိဘဲ နီးကပ်ရုံမျှသာ ရှိ၏။ စိတ်ဓာတ် အစိတ်အပိုင်းပေါ်၌ အကျိုးသက်ရောက်မှုမှာမူ တိကျသည်ဟု ဆိုရမလောက်ပင် ဖြစ်၏"ဟု ကောက်ချက်ချနိုင်ရန် ကျွန်ုပ်တို့အား လမ်းညွှန်ထား၏။

အတိတ်ကံ၏ အကျိုးကို ခံစားရသူနှင့် ပတ်သက်၍ တရားနည်းလမ်း ကျသည်ဟု ယူဆနိုင်ရာသော အခြား ကောက်ချက်တခုကိုလည်း ချနိုင်၏။ ကေစီမှတ်တမ်း၌ ပါဝင်သော မည်သည့်ဖြစ်ရပ်တွင်မျှ တစုံတယောက်၏

---

၁။ Action-reaction

ယခုဘဝ မကောင်းကျိုး ခံစားရမှုသည် ယခင်ဘဝများက ထိုသူ၏ မကောင်းပြုမှုကို ခံခဲ့ရသူ တဦးဦးက ပြုလုပ်ခြင်းဖြစ်ကြောင်း မတွေ့ရပေ။

မျက်စိ မမြင်ဘဲ မွေးဖွားလာသော အဆိုပါ ပါမောက္ခ၏ မိဘများသည် ထိုပါမောက္ခ လူရိုင်းမျိုး၌ ဖြစ်ခဲ့စဉ်က သူ၏ မျက်စိ ထိုးဖောက်မှုကို ခံခဲ့ရသူများ ဖြစ်ကြောင်း ညွှန်ပြသည့် အရိပ်အရောင် တစုံတရာ မတွေ့ရပေ။

**အကြောသေရောဂါရှင်**[၁] မိန်းကလေးသည် သူမ အတ္တလန္တိတ် တိုက်ကြီးတွင် လူဖြစ်ခဲ့စဉ်က သူမ၏ နှိပ်စက်မှုကို ခံခဲ့ရသူ တဦးဦးထံမှ ထိုရောဂါ ကူးစက်ခဲ့ခြင်း မဟုတ်ကြောင်း ဆုံးဖြတ်နိုင်သည်။

အစာမကြေရောဂါဖြင့် အကုသိုလ်ကံ၏ အကျိုးပေးမှုကို ခံရသော ပုဂ္ဂိုလ်သည်လည်း သူ ယခင်ဘဝက လွဲမှားစွာ အသုံးပြုခဲ့သော အစာအိမ်နှင့် မတူသည့် အစာအိမ်တွင် အကျိုးပေးမှုကို ခံရ၏။

ခြုံ၍ဆိုရသော် ကံ၏အကျိုးတုံ့ပြန်မှုသည် ကံကို အပြုခံခဲ့ရသော ပုဂ္ဂိုလ်၊ သို့မဟုတ် ကိုယ်အင်္ဂါအစိတ်အပိုင်းမှ လာသည် မဟုတ်ပေ။ ထိုကံကို ရည်ရွယ်၍ ပြုလိုက်ရာ ကံပြုကွက်မှ လာခြင်း ဖြစ်ပေသည်။ ဤကောက်ချက်ကို သရုပ်ပြပုံများဖြင့် ပြရလျှင် ပို၍ ရှင်းလင်းပေလိမ့်မည်။

**ကံပြုကွက်သုံးမျိုး** နာမ်တရားသည် ရုပ်လောက၌ သူ၏ မီရာ(ဝတ္ထု) ရုပ်ကို မှီတွယ်ဖြစ်ပေါ်သောအခါ တခုတည်းသော ဗဟိုရှိသည့် ပတ်ဝန်းကျင် ၃ ခုအတွင်း ကျရောက်ရ၏။ ထိုပတ်ဝန်းကျင်များသည် သူ့ကို ဝန်းရံနေရုံမျှသာ မဟုတ်ဘဲ သူ၏ ကံများပြုလုပ်ရန် ကံပြုကွက်များလည်း ဖြစ်ကြ၏။ ထိုကံပြုကွက်များကို ခွဲခြမ်းစိတ်ဖြာ ကြည့်ရာ၌ နည်းအမျိုးမျိုးဖြင့် ကြည့်နိုင်၏။ သို့ရာတွင် နာမ်တရား၏ ပဌာန ကံပြုကွက်

---


၁။ Polio

ကြီးများမှာမူ ၃ ကွက်သာ ရှိဟန်တူ၏။ **ပထမကံ ပြကွက်**မှာ သူ၏(မိုရာ) ရုပ်ကိုယ်ကြီး ဖြစ်၏။ [ကိုယ်အင်္ဂါ အစိတ်အပိုင်းများ၊ စွမ်းရည်သတ္တိများနှင့် ထို့ထက် ပို၍သိမ်မွေ့သော အချက်အလက်များ အပါအဝင် ဖြစ်သည်။] **ဒုတိယကံပြကွက်**မှာ သူ၏ သဘာဝ ပတ်ဝန်းကျင် ဖြစ်၏။ [ဗဟိဒ္ဓရုပ်လောက ပတ်ဝန်းကျင် အားလုံးကို ဆိုလိုသည်။] **တတိယကံပြကွက်**မှာ သူ၏ လူ့အသိုင်းအဝန်း ဖြစ်၏။ [သူနှင့် ဆက်ဆံရသော လူအားလုံးကို ဆိုလိုသည်။]


တဘက်ပါ သရုပ်ပြပုံ(၁) ကို ကြည့်ပါ။

တဘက်ပါ သရုပ်ပြပုံ(၁)၌ တခုတည်းသော ဗဟိုရှိသည့် ကံပြကွက် ၃ ကွက်ကို ပြထား၏။ တနည်းဆိုသော် ဗဟိုတူ ကံပြကွက် ၃ ကွက်ကို ပြထား၏။ သ–ဖြင့် သတ္တဝါကို ပြ၏။ သ–သည် သ–၌ ရုပ်ခန္ဓာအသစ်ကို မှီ၍ ဘဝ တဖန်ဖြစ်ပြန်၏။ သတ္တဝါ သသ–ကို ကံပြကွက်ကြီး ၃ ကွက်က ဝန်းရံထား၏။ က–သည် သူ၏ ရုပ်ခန္ဓာ၊ ခ–သည် သဘာဝ ပတ်ဝန်းကျင် လောက၊ ဂ–သည် ပတ်ဝန်းကျင် လူ့အသိုင်းအဝန်း အသီးသီး ဖြစ်ကြ၏။ သသ–မှ ကခဂ–ပေါ်သို့ အသီးသီး ထိုးကျလာသော မြားများသည် ဤကံပြကွက်များ၌ အကျိုးသက်ရောက်သော စေတနာဖြင့် ပြုလုပ်သည့် ကံများကို ဖော်ပြ၏။

တဘက်ပါ သရုပ်ပြပုံ(၂)၌ ဤ ကံပြကွက်များမှ ဖြစ်ပေါ်လာ၍ ထိုသတ္တဝါ မူလပြုခဲ့သော ကံများ၏ အကျိုးအဖြစ်ဖြင့် သသ–သတ္တဝါကို တုံ့ပြန်ပေးသော အကျိုးတရား(ကမ္မဖလ)များကို ဖော်ဆောင်ထား၏။ သို့ဖြင့် အကယ်၍ သသ–သည် အစား အလွန်အကျွံ စားခြင်းဖြင့် သူ၏ ခန္ဓာကိုယ် က–ကို လွဲမှားစွာ အသုံးပြုလျှင် ခန္ဓာကိုယ်နှင့်ဆက်စပ်သော အကျိုးတရားသည် ယခုဘဝ၌ ဖြစ်စေ၊ နောက်ဘဝ တခုခု၌ ဖြစ်စေ အဆိုပါ ကံပြကွက် က–




သရုပ်ပြပုံ (၁)




သရုပ်ပြပုံ (၂)

မှ ဖြစ်ပေါ်လာပေလိမ့်မည်။ သူသည် ထိုအကျိုးကို တခြား ခန္ဓာကိုယ်ဖြင့် ခံရကောင်း ခံရမည်ဟူသော အချက်မှာ အရေးမကြီးပေ။ ကံပြုကွက်မှာကား အတူတူပင် ဖြစ်၏။ (ရုပ်နှင့်နာမ်) ချိန်ညှိပေးမှု နေရာလွဲနေခြင်းကိုလည်း တနေရာမဟုတ် တနေရာ၌ တည့်မတ်ပေးနိုင်၏။

အကယ်၍ သသ–သည် သစ်တောများ ခ–ကို အကြောင်းမဲ့ အရမ်းဖျက်ဆီးလျှင် သို့မဟုတ် ဓာတ်သတ္တုများ ခ–ကို အပြုသဘောဖြင့် အသုံးပြုလျှင် နောင်ခါတွင် သစ်တောနှင့် ပတ်သက်သည့် မကောင်းကျိုး ဖြစ်စေ၊ ဓာတ်သတ္တုနှင့် ပတ်သက်သည့် ကောင်းကျိုးကို ဖြစ်စေ အလားတူ ကံပြုကွက်မှ ပေါ်ပေါက်လာပေလိမ့်မည်။ ဤအကျိုးပေးမှုမျိုးကို ကေစီ မှတ်တမ်းများ၌ များစွာ တွေ့ရ၏။


တချိန်တည်းမှာပင် သသ–သည် သူ၏ အသိုင်းအဝန်းရှိ လူများ ဂ–ကို ရက်စက်စွာ ပြုမူလျှင်၊ သို့မဟုတ် ကိုယ်ချင်းမစာဘဲ ပြုမူလျှင် ယင်းရက်စက်မှု၊ သို့မဟုတ် ကိုယ်ချင်းမစာမှုသည် ထိုကံပြုကွက်မှပင် သူ့ထံသို့ ပြန်လာပေလိမ့်မည်။ သို့သော် မူလက ထိုကံ အပြုခံခဲ့ရသော ပုဂ္ဂိုလ်ထံမှကား ဟုတ်ချင်မှ ဟုတ်ပေမည်။ အကျိုးပေးမှုသည်လည်း ထိုကံပြုသောဘဝ၌ မပေးဘဲ နောက်ဘဝ တခုခု ရောက်မှသာ ပေးကောင်းပေးပေမည်။

သရုပ်ပြပုံ(၃)၌ ယခင် သူပြုခဲ့သော သူ၏ အတိတ်ဘဝက **မိုက်ကယ်ဂွယန်**[၁] အဖြစ်ဖြင့် ပြုခဲ့သော ကံများက ယခု သူ၏ အပေါင်းအသင်း များက **အိုလက်အိုလဆင်**[၂] ဟု သိကြသော သသ–အပေါ်သို့ သက်ရောက်သော အကျိုးတရား(ကမ္မဖလ) အင်အားများကို ဖော်ဆောင်ထား၏။ အိုလက်အိုလဆင် သည် သူပြုခဲ့သော အတိတ်ဘဝကံများ၏အကျိုးများကို ခံစားနေရသည့် အချိန်မှာပင် နောက်ဘဝတွင် အကျိုးခံစားရပြန်ဦးမည့် ကံအသစ်များကို ပြုလျက်နေပြန်၏။

---

၁။ Michel Guion

၂။ Olaf Olsen




1700 - 1774
Michael Guian
မိုက်ကယ်ဂူယန်

1862 - 1925
Olaf Olsen
အိုလက် အိုလ်ဆင်

သရုပ်ပြပုံ (၃)

**ပန်းဖောက် ယက်ထည်ကြီး** ကေစီမှတ်တမ်းများသည် လူသား၏ ကိုယ်ခန္ဓာဆင်းရဲမှုများနှင့် ပတ်သက်၍ စိတ်တက်ကြွဖွယ်ရာ တွေးခေါ်စဉ်းစားနည်းလမ်းကြောင်း အမြောက်အမြားကို ညွှန်ပြပေးနေ၏။ ယင်း ကေစီ ဟောစာတမ်းများသည် အလွန်တရာကြီးမား၍ သိမ်မွေ့နူနယ်လှသော ပန်းဖောက်ယက်ထည် တထည်၏ သေးငယ်လှသော အစ,ကလေး တစ,လောက်ကိုသာ ကျွန်ုပ်တို့ သာမာန်အာရုံသိစိတ်ငါးခုဖြင့် သိနိုင်ကြောင်း ညွှန်ပြလျက် ရှိ၏။

ယင်းအဝတ်စ,၏ ကျွန်ုပ်တို့ မြင်ရသော ချောမွေ့လှသည့် မျက်နှာပြင်အောက်၌မူ မရေမတွက်နိုင်အောင် များပြားလှသည့် ချည်ချောင်းများနှင့် မမြင်နိုင်သော ရှုပ်ထွေးငြိတွယ်နေမှုပေါင်း မြောက်မြားစွာ ရှိနေ၏။ ထို့ပြင် ပန်းဖောက်ယက်ထည်ကြီး တဖက်စွန်းသို့ ရှည်လျားစွာ ကျယ်ပြန့်သွား၍ အခြားတဖက်စွန်းသို့လည်း ထို့အတူပင် ရှည်လျား ကျယ်ပြန့်သွား၏။ 'မွေးဖွားခြင်း'ဟု ကျွန်ုပ်တို့ ခေါ်နေကြသည့် အမှတ်မှားနေသော အနား၌ အစ,ပြုသည်ဟု ဆိုနိုင်ရန် မည်သည့် ချည်မျှင်စ,ကိုမျှ မတွေ့ရချေ။ ထို့အတူပင် 'သေခြင်း'ဟု ကျွန်ုပ်တို့ ခေါ်နေကြသည့် ထပ်တူထပ်မျှပင် အမှတ်မှားနေကြသော အနား၌ အဆုံးသတ်သည်ဟု ဆိုရန်လည်း မည်သည့် ချည်မျှင်စ,ကိုမျှ မတွေ့ရပေ။

## အခန်း (၅)

# သရော်လှောင်ပြောင်ကဲ

**မာနထောင်လွှားပြစ်** ခရစ်ယာန် ဘာသာရေး အယူအဆအရ ပဓာန အပြစ်ကြီး ၇ မျိုးအနက် တမျိုးမှာ မာန ထောင်လွှားမှုပင် ဖြစ်သည်။ အခြားသော အယူအဆများစွာကဲ့သို့ပင် ဤ အယူအဆသည်လည်း ပညာရှင်များ စိတ်ဝင်စားဖွယ်ပင် ဖြစ်၏။ သို့သော်လည်း လူသား၏ ရောဂါဝေဒနာတို့ကို ကုစားပေးသည့် လက်တွေ့ကျသော ဆေးပညာ ပြဿနာများနှင့်မူ အလှမ်းကွာနေပုံ ရပေသည်။

သို့တစေ အကယ်၍သာ ကေစီမှတ်တမ်းများ၏ သက်သေခံချက်ကို ကျွန်ုပ်တို့ လက်ခံပါလျှင် မာနတည်းဟူသော မကောင်းမှုသည် ကမ္မနိယာမအရ အလွန်ထင်ရှားစွာ ထိတွေ့နိုင်သော ကိုယ်ဆင်းရဲအဖြစ်ဖြင့် အကျိုးပေး နိုင်ကြောင်းကို တွေ့ရပေမည်။ အထူးသဖြင့် ယင်းမာနကို သရော် ပြောင်လှောင်သည့် အနေနှင့် ဖော်ပြလျှင် ထိုသို့ အကျိုးပေးနိုင်သည်ကို တွေ့ရပေမည်။ ရက်စက်ကြမ်းကြုတ်သော ရယ်မောမှုများနှင့် အထင်သေး အမြင်သေး စကားလုံးများသည် ကိုယ်,လက် ထိပါးကျူးလွန်မှုနှင့် အကျိုးပေး ညီမျှဟန်ရှိ၍ အရယ်အလှောင်ခံရသူ ခံစားရသော ကိုယ်ဆင်းရဲမှုနှင့်

ထပ်တူထပ်မျှဖြစ်သော ဆင်းရဲကျိုးကို ပေးတတ်သော ပစ်တုတ်ကံ (ဘူးမရင်းကံ)ကို ဖြစ်ပေါ်စေသည်။

ကေစီမှတ်တမ်း၌ ကိုယ်အင်္ဂါ မသန်စွမ်းမှုနှင့် ပတ်သက်သော ဖြစ်ရပ် ၇ ခုကို တွေ့ရ၏။ ယင်းဖြစ်ရပ်တို့၏ အကြောင်းရင်းမှာ အထက်ဖော်ပြပါ ကံမျိုးပင် ဖြစ်၏။ ယင်းတို့အနက် ၆ ခု၏ အကြောင်းရင်းကံကို ရောမပြည်တွင် ခရစ်ယာန်တို့ကို နှိပ်စက်ညှဉ်းပန်းရေးခေတ်၌ ဖြစ်ပေါ်ကြောင်း ခြေရာခံ ပြထား၏။ ဤနေရာ၌ သမိုင်းတခေတ်မှ သတ္တဝါတစုသည် အခြားသမိုင်း တခေတ်၌ ကမ္ဘာမြေပေါ်တွင် တပြိုင်နက်တည်း မည်ကဲ့သို့ ပြန်လည် ပေါ်ပေါက်လာကြသည်ကို ကျွန်ုပ်တို့တွေ့ရ၏။

**အကြောသေ ရောဂါ** ဖော်ပြပါ ဖြစ်ရပ် ၇ ခုအနက် ၃ ခုမှာ အကြောသေ ရောဂါများ ဖြစ်ကြ၏။ ပထမဆုံး ဖြစ်ရပ်မှာ အသက် ၄၅ နှစ်ရှိ ကလေး ၃ ယောက်မိခင် အမျိုးသမီးတယောက်၏ အကြော သေရောဂါ ဖြစ်၏။ ထိုအမျိုးသမီးသည် အသက် ၃၆ နှစ်ကတည်းက အကြောသေရောဂါ စွဲကပ်သဖြင့် လမ်းမလျှောက်နိုင်ခဲ့ပေ။ ထိုအချိန်မှစ၍ သူ့ဘဝမှာ ဘီးတပ်ကုလားထိုင် အတွင်းမှာသာရှိ၍ အိမ်အပြင်၌ ဟိုဟိုသည်သည် သွားလာရေးအတွက်လည်း သူတပါးကိုသာ လုံးဝ မှီခိုနေရ၏။ သူ ဤသို့ ဖြစ်ရခြင်းမှာ ရှေးခေတ် ရောမပြည်တွင် သူ ပြုလုပ်ခဲ့သော အပြုအမူကြောင့် ဖြစ်ကြောင်း မှတ်တမ်းက ဖော်ပြ၏။

**ပြောင်းလှောင်မှု၏ ဆိုးကျိုးများ** ထိုခေတ်က ထိုအမျိုးသမီးသည် နန်းတွင်းသူတဦး ဖြစ်၍ ခရစ်ယာန်တို့ကို ညှဉ်းပန်းရာတွင် နီရိုးဘုရင်နှင့် နီးကပ်စွာ ဆက်သွယ်ခဲ့၏။ "ဤသတ္တဝါသည် တိရစ္ဆာန်စာ ကျွေးသည့် ကွင်းကြီးထဲ၌ တိရစ္ဆာန်များ၏ ကိုက်ခဲမှုကြောင့်

ခြေ,လက် ကျိုးပဲ့ရသူများကို ပြောင်လှောင် ရယ်မောခဲ့သည်”ဟု မှတ်တမ်းက ဆို၏။

ဒုတိယဖြစ်ရပ်မှာ အသက် ၃၄ နှစ်ရှိ အမျိုးသမီးတဦး၏ ဖြစ်ရပ်ပင်။ ထိုအမျိုးသမီးသည် (၆)လသမီးကတည်းက အကြောသေ(ချိနဲ့)ရောဂါ စွဲကပ်သဖြင့် ခါးကုန်းလျက် ထော့နဲ့ထော့နဲ့ဖြင့် လမ်းလျှောက်ရ၏။ သူမ၏ဖခင် လယ်သမားကြီးသည် သူမ၏သနားစရာ အခြေအနေကို လုံး၀ ဂရုမစိုက်ရုံမျှမက သူမ ပင်ပန်းဆင်းရဲစွာ ကြက်မွေးမြူ၍ ရှာဖွေထားသော ပိုက်ဆံများကိုပင် သူ၏ ကိုယ်ကျိုးအတွက် အကြင်နာကင်းမဲ့စွာ သုံးစွဲပစ်လိုက်သေး၏။

သူမသည် အချစ်ရေး၌လည်း ကံဆိုးရှာသူ ဖြစ်သည်။ သူမ၏ ပထမချစ်သူမှာ ပထမကမ္ဘာစစ်တွင် သေဆုံးခဲ့၍ ဒုတိယချစ်သူမှာလည်း သူမနှင့် စေ့စပ်ပြီးကာမှ သူ မကျန်းမာစဉ်က သူ့ကို ပြုစုရန် ငှားရမ်းခဲ့သော သင်တန်းဆင်း သူနာပြုဆရာမတယောက်နှင့် လက်ထပ်သွား၏။

သူမ၏ ကိုယ်စိတ်ဆင်းရဲမှုများကား ဤမျှနှင့် မရပ်သေးဘဲ သူမ၏ အထီးကျန် လယ်သူမဘ၀နှင့် အမြဲတစေ ရန်ဖြစ်နေကြသော မိဘများအပြင် ကွန်ကရစ်လှေကားပေါ်မှ လိမ့်ကျရသည့် ဒုက္ခတို့က ထပ်ပိုးလို့ လာသေး၏။ ထိုသို့ လှေကားပေါ်မှ လိမ့်ကျသဖြင့် သူမမှာ ကျောရိုး၌ ဒဏ်ရာပြင်းထန်စွာ ရရှိကာ အိပ်ရာမှ မထနိုင်ဘဲ လဲနေခဲ့၏။ ဤမျှဖြင့် သူမ၏ ဒုက္ခကားချုပ်သည် စာရှုသူ၏ စိတ်ထဲတွင် ပေါ်နိုင်လောက်ပေပြီ။

**ရောမခေတ်၌ ပြုခဲ့သည့် ကံ**

ဤနေရာ၌လည်း ရောမ၌ ၂ ဘ၀တိုင်တိုင် လူဖြစ်ခဲ့စဉ်က သူ ပြုလုပ်ခဲ့သော ကံအကြောင်းတရားကို တွေ့ရပြန်၏။ “ဤသတ္တ၀ါသည် ထိုစဉ်က **ပါလေတီယု**[၁] မိသားစုတွင်

၁။ Palatiu

လူဖြစ်ခဲ့၍ လူနှင့်လူ၊ လူနှင့်တိရစ္ဆာန် လုံးထွေးသတ်ပုတ်ကြသည်ကို ကုလားထိုင်တွင် အမြိုင့်သား ထိုင်၍ ကြည့်ရှုကာ မျက်စိအရသာခံခဲ့၏။ ယခုဘဝ၌ သူ၏ ကိုယ်ခန္ဓာ ဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေရခြင်းသည် ထိုစဉ်က သတ်ပုတ်ခဲ့ကြသူတို့၏ အားနည်းချက်ကို ကြည့်၍ ပြောင်လှောင် ရယ်မောခဲ့မှုကြောင့် ဖြစ်သည်"ဟု ဟောစာတမ်းက ဆို၏။

**ရုပ်ရှင်ထုတ်လုပ်သူ** တတိယဖြစ်ရပ်မှာ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူ တယောက်၏ ဖြစ်ရပ်ပင်တည်း။ သူသည် အသက် ၁၇ နှစ်သားတွင် အကြောသေ(ချိန်)ရောဂါ ဖြစ်ခဲ့၏။ ယခုတိုင်လည်း တက်တက်ကြွကြွရှိသော ကစားခုန်စားမှုတို့၌ မြင်းစီး၍ ပါဝင်နိုင်စေကာမူ အတန်ငယ် ထော့နဲ့ထော့နဲ့ သွားရမှုကား ရှိနေသေး၏။ ဤ အကျိုးဝိပါက်၏ အကြောင်းရင်း အကုသိုလ်ကံကိုလည်း ခရစ်ယာန်ခေတ် စောစောပိုင်းက ရောမမြို့တွင် ပြုခဲ့ကြောင်း တွေ့ရပြန်၏။

ဤသတ္တဝါသည် ထိုစဉ်က စစ်သားတယောက်ဖြစ်၍ ကြောက်တတ်သူ၊ ပြန်လှန်ခုခံဟန် မပြုဘဲ အရှုံးပေးသူတို့ကို ပြောင်လှောင်ခဲ့၏။ ယခု ဤသတ္တဝါ ဤအတွေ့အကြုံကို ခံစားရခြင်းမှာ ထိုစဉ်က သူ၏ တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းကြောင့် မဟုတ်ပေ။ သူတပါးကို ပြောင်လှောင်ခြင်းကြောင့်သာ ဖြစ်သည်။ ဤဘဝ၌ ခန္ဓာကိုယ် ချွတ်ယွင်းပျက်စီးရခြင်းမှာ သူ၏ အတွင်းစိတ်ကို နှိုးဆွပေးရေးနှင့် နာမ်ဓာတ်ဆိုင်ရာ အင်အားတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အတွေ့အကြုံပင် ဖြစ်၏"ဟု ဟောစာတမ်းက ဆို၏။

**တင်ပါးဆစ် တီဘီ** သရော်ပြောင်လှောင်ကံကြောင့် ဖြစ်ပေါ်သော ရောဂါဝေဒနာတွင် အကြောသေရောဂါအပြင် အခြား ရောဂါများလည်း ရှိသေး၏။ ထိုရောဂါများအနက် တခုမှာ တင်ပါးဆစ် တီဘီရောဂါကြောင့် ခြေခွင်နေသော မိန်းကလေးတယောက်၏ ရောဂါပင်

ဖြစ်၏။ ဤရောဂါ၏ အကြောင်းရင်းကံကို လွန်ခဲ့သော ၂ ဘဝမြောက်က ရောမမြို့တွင် လူဖြစ်စဉ်က ပြုလုပ်ခဲ့၏။

"ဤသတ္တဝါသည် ထိုစဉ်က နီရိုးဘုရင်၏ နန်းတော်တွင် မှူးမတ်တဦး ဖြစ်၍ တိရစ္ဆာန်စာ ကျွေးသည့် ကွင်းကြီးထဲ၌ ခရစ်ယာန်တို့ အနှိပ်စက် အညှဉ်းပန်းခံနေရသည်ကို ကြည့်ကာ ပျော်ရွှင်မှုကို ရယူခဲ့၏။ အထူးအားဖြင့် သူသည် ခြင်္သေ့လက်သည်းဖြင့် ကုတ်လိုက်၍ နံဘေးမှ အသားများ အလွှားအလွှား ကွာကျသွားသော မိန်းကလေးကို ကြည့်ကာ ရယ်မောခဲ့သည်" ဟု ဟောစာတမ်းတွင် ဖော်ပြထား၏။

**ကိုယ်အလေးချိန်များသူ** အခြားတခုမှာ ၁၈ နှစ်ရွယ်ရှိ မိန်းကလေး တယောက်၏ ဖြစ်ရပ်ပင်တည်း။ သူမသည် အကယ်၍သာ ကိုယ်အလေးချိန် များလွန်းမနေလျှင် နှစ်သက်စွဲမက်ဖွယ်ရာ မိန်းကလေးတဦး ဖြစ်နိုင်၏။ ဆရာဝန်များက သူမ၏ရောဂါကို ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ချိန်ညီညီ ဖွံ့ဖြိုးတိုးတက်စေသော **ဦးနှောက်အောက်ဘက် အကျိတ်များ**[၁] လုပ်ငန်း ဆောင်ရွက်မှု လွန်ကဲနေခြင်းဖြစ်ကြောင်း ပြောကြ၏။

ကေစီ၏ ကာယဟောစာတမ်းများကမူ အကျိတ်များ ဖြစ်ပေါ်ခြင်းဟု ဆို၏။

သို့ရာတွင် ဟောစာတမ်း၏ အခြားတနေရာ၌မူ ယင်း အကျိတ်များ ကိုယ်တိုင်သည်ပင်လျှင် ကံက ပေးသောအမွေကို ထုတ်ဖော်ရေးအတွက် ဗဟိုချက်မများ ဖြစ်ကြကြောင်း ဖော်ပြထား၏။ သို့ဖြစ်ရာ ဤမိန်းကလေး၏ ထိုအကျိတ်များ ဖြစ်ပေါ်ကြီးထွားနေသည့် အခြေအနေနှင့် ယင်းအခြေအနေကြောင့် ဖြစ်ပေါ်သော ကိုယ်အလေးချိန် များလွန်းနေခြင်းသည် ကံအကြောင်း

---

၁။ Pituitary glands

ခံလျက် ရှိသည်ဟု ကျွန်ုပ်တို့ မှတ်ယူပေသည်။ ဤယူဆချက်ကို ဘ၀ ဟောစာတမ်းများက ထောက်ခံလျက်ရှိ၏။

သူမသည် လွန်ခဲ့သည့် ၂ဘ၀အလွန်က ပြေးခုန်ပစ် အားကစား သမားတဦး ဖြစ်ခဲ့၏။ ရပ်ရည်ရော အားကစားစွမ်းရည်ပါ သူများထက် သာလွန်သူလည်း ဖြစ်၏။ သို့ရာတွင် ခန္ဓာကိုယ် လေးလံမှုကြောင့် သူမလောက် သွက်လက်ဖျတ်လတ်မှု မရှိသူများကို သူမသည် မကြာခဏ ပြောင်လှောင် ရယ်မောတတ်၏။

**မရှုတ်ချနှင့်** ဤကံစုတွင်ပါဝင်သော တတိယဖြစ်ရပ်မှာ အသက် ၂၁ နှစ် ရှိ ဇရင်ဂျီဘာသာဝင် လူရွယ်တဦး၏ ဖြစ်ရပ်ပင်တည်း။ ဤလူရွယ်ကို သူ၏ မိဘများက ဘုန်းကြီး ဖြစ်စေချင်ကြ၏။ သို့ရာတွင် လူရွယ်မှာမူ ဘုန်းကြီးလုပ်ရန် စိတ်မပါသဖြင့် မိဘများ၏ ဆန္ဒကို မလိုက်လျောခဲ့ပေ။

သူ၏ အဓိကပြဿနာမှာ လိင်တူဆက်ဆံလိုသည့် ဆန္ဒ ပြင်းပြမှုပင် ဖြစ်၏။ ဟောစာတမ်းက သူသည် ယခင်ဘ၀က ပြင်သစ် နန်းတွင်းသား တယောက် ဖြစ်၍ သရော်ပြောင်လှောင်ခြင်းနှင့် အတင်းအဖျင်း ပြောဆိုခြင်း၌ ဝါသနာကြီးသူ ဖြစ်ကြောင်း၊ နန်းတွင်းမှ လိင်တူဆက်ဆံရေး သတင်းများကို သူ၏ ရပ်ပြောင်ပညာဖြင့် ဖော်ထုတ်ရခြင်း၌ ထူးထူးကဲကဲ အရသာတွေ့ရှိလေ့ ရှိကြောင်း ဟောစာတမ်းက ဆို၏။ "ကဲ့ရဲ့ရှုတ်ချ မခံရအောင် သူတပါးကို ကဲ့ရဲ့ ရှုတ်ချမှု မပြုလေနှင့်။ သင်ပေးသော အတိုင်းအတာဖြင့်ပင် သင့်ကို ပြန်ပေး လိမ့်မည်။ သူတပါးကို သင်ရှုတ်ချသော အရာသည် သင့်မှာ ဖြစ်ပေါ်လာ လိမ့်မည်"ဟု ဟောစာတမ်းက နိဂုံးချုပ်ထား၏။

**သူတပါးဒုက္ခကို ဝမ်းသာသူ** စတုတ္ထဖြစ်ရပ်မှာ ကားတိုက်မိရာတွင် ကျောရိုးအာရုံကြောမ ပြတ်သွားသော ၁၆ နှစ်ရွယ် ကလေးတယောက်၏ ဖြစ်ရပ်ပင်တည်း။ အထူးကုဆရာဝန်များသည် ကလေး၏ အသက်ရှင်ရေးကို သံသယဖြစ်လာကြ၏။ သို့တစေ ကလေးကား အသက်ရှင်လာ၏။ သူ၏ ပဋ္ဌမကျောရိုးဆစ် အောက်မှစ၍ အာရုံကြောများ သေသွားကာ လှုပ်ရှား၍ မရတော့ပေ။ ထိုအချိန်မှစ၍ ကလေးမှာ ဘီးတပ်ကုလားထိုင်နှင့်သာ သွားလာနေထိုင်ရတော့၏။

ထိုသို့ ဖြစ်ပြီးနောက် ခုနစ်နှစ်ခွဲ ကြာသောအခါ ကလေး၏ မိခင်သည် ကေစီထံမှ ဟောစာတမ်းကို ရယူလေ၏။ ဟောစာတမ်းက ကလေး၏ အတိတ်ဘဝကို ဖော်ပြ၏။ တဘဝမှာ အမေရိကန် တော်လှန်ရေးခေတ်ဖြစ်၍ ထိုစဉ်က သူသည် ခိုင်မာသော ဆုံးဖြတ်ချက်နှင့် ရဲစွမ်းသတ္တိရှိသော စစ်ဗိုလ်ကလေးတယောက် ဖြစ်ခဲ့၏။ သူသည် ထိုဘဝ အတွေ့အကြုံမှ သေသပ်ခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ အဆိုးထဲမှ အကောင်းကို ထုတ်ယူတတ်ခြင်းနှင့် လက်တွင်းရှိ အခွင့်အရေးကို အသုံးချတတ်ခြင်းဟူသော အရည်အသွေးတို့ကို ရရှိလာခဲ့၏။

**အရေးကြီးသော ဘဝ** ယခု ဖော်ပြခဲ့ပြီးသော ဘဝမတိုင်မီ ယခင် တဘဝသည်ကား သူ၏ရောဂါဝေဒနာနှင့် ပတ်သက်၍ အလွန် အရေးကြီးသော ဘဝ ဖြစ်၏။ သူသည် ခရစ်ယာန်ခေတ် စောစောပိုင်းက ရောမစစ်သားတယောက် ဖြစ်ခဲ့၍ ခရစ်ယာန် အခြေခံမူများကို လိုက်နာကြသူတို့၏ ဆင်းရဲဒုက္ခကို ကြည့်၍ ဝမ်းသာနေတတ်၏။ သူသည် တိရစ္ဆာန်စာကျွေး ကွင်းကြီးထဲ၌ လူများနှင့် သတ်ပုတ်ပြီးနောက် ထိုလူများ တိရစ္ဆာန်နှင့် သတ်ပုတ်နေသည်ကို ကြည့်၍လည်း အရသာခံတတ်၏။

"ဤသတ္တဝါသည် ကြီးစွာသော ဆင်းရဲဒုက္ခကို ကြည့်၍ ဝမ်းသာနေတတ်သူ ဖြစ်၏။ ထို့ကြောင့် ယခုဘဝတွင် သူ၏ ခန္ဓာကိုယ်၌ ဆင်းရဲဒုက္ခကို သူခံစားနေရကာ ထိုဆင်းရဲဒုက္ခကိုပင် ပြန်၍ ရွှင်လန်း ဝမ်းသာနေရပြန်၏။ သို့သော် ရည်ရွယ်ချက်ကား မတူပေ။ ထိုစဉ်က သူ ပြောင်လှောင်ခဲ့သော ရည်ရွယ်ချက်သည် ယင်းအချက်ကို ပြန်၍ ထေမိစေရန် သူ၏သန္တာန်၌ ပြန်လည် ပေါ်ပေါက်ရပေမည်"ဟု ဟောစာတမ်းက ထုတ်ဖော်၏။

အထက်တွင် ဖော်ပြခဲ့သော အကြောသေရောဂါများ၊ တင်ပါးဆစ်တီဘီရောဂါ၊ ကိုယ်အလေးချိန်လွန်သည့် ရောဂါ၊ လိင်တူသံဝါသရောဂါ၊ ကျောရိုးနှင့် ကြွက်သားသေရောဂါတို့အနက် မည်သည့်ရောဂါမျှ ရောဂါရှင်မွေးကတည်းက ပါလာခြင်း မဟုတ်ပေ။ ဤအချက်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်၏။ ဖြစ်ရပ်တိုင်းမှာပင် ရောဂါဝေဒနာများသည်၊ သို့မဟုတ် ဆင်းရဲဒုက္ခများသည် မွေးဖွားပြီးနောက် အသက် ၆ နှစ်မှ ၃၅ နှစ်အတွင်း ဖြစ်ပေါ်လာကြခြင်း ဖြစ်၏။

**ကံခြားနား၍**
**အခြေအနေ ခြားနား**

ဝေဒနာတခုမှာ မော်တော်ကားတိုက်မှုကြောင့်ဖြစ်ရ၏။ သို့ရာတွင် သိသာ မြင်သာသော ထိုအကြောင်း၏ နောက်ကွယ်တွင် ပို၍ နက်ရှိုင်းသော အခြားအကြောင်း ရှိဟန်တူပေသည်။ အချို့သော မတော်တဆထိခိုက်မှုများ၌ တယောက်သေ၍ အခြားတယောက် အသက်ရှင်ခြင်း၊ တယောက်မှာ ခြစ်မိရုံမျှပင် မခြစ်မိဘဲ အခြားတယောက်မှာမူ ရုပ်ပျက်,ဆင်းပျက် ဖြစ်အောင်ပင် ထိခိုက်မိခြင်းမျိုးများ ရှိတတ်၏။

ဤကဲ့သို့သော ထူးဆန်းသည့် ကံကြမ္မာ၏ ဖန်တီးမှုမျိုးကို မတော်တဆ ဖြစ်ရခြင်းဟု လူသားတို့ ယူဆတတ်ကြ၏။ သို့ရာတွင် ကံတရားသည် အမှန်တကယ်ပင် အချိုးတကျ အကျိုးပေးတော့မည် ဖြစ်လျှင်

မတော်တဆ ထိခိုက်မှုမျိုး၌ ရုတ်ချည်း ဖြစ်ပေါ်လာသော ရှုပ်ရှုပ်ထွေးထွေး အကြားကပင် အတွင်းစိတ်၏ မသိမမြင်နိုင်သော စွမ်းအားများသည် အလုပ်, လုပ်လျက် ရှိကြကြောင်း အထက်တွင် ကိုးကားဖော်ပြခဲ့သော ဖြစ်ရပ်များက ညွှန်ပြနေဟန် ရှိပေသည်။

ရုတ်တရက် ကြည့်လျှင် ပြစ်ဒဏ်ပေးမှုများ (ဆိုးကျိုးပေးမှုများ)သည် ပြောင်လှောင် ရယ်မောမှုမျိုးကဲ့သို့သော သေးဖွဲသည့် ကိစ္စမျိုးနှင့် အချိုးမညီမျှဟု အထင်ရောက်ဖွယ်ရာ ရှိစေကာမူ ပို၍ နက်ရှိုင်းစွာ စဉ်းစားကြည့်သောအခါ တရားမျှတမှုသည် ပို၍ ပေါ်လွင်ထင်ရှားလာ၏။ သူတပါး၏ ဆင်းရဲဒုက္ခကို ရယ်သောသူသည် အခြေအနေ နှစ်ရပ်ကို ကဲ့ရဲ့ရှုတ်ချနေခြင်းပင် ဖြစ်၏။ ယင်းသို့ ကဲ့ရဲ့ရှုတ်ချနေခြင်းမှာလည်း ထိုအခြေအနေ နှစ်ရပ်အတွက် အဓွန့်တွ လိုအပ်ချက်ကို ထိုသူ သဘောမပေါက်သောကြောင့်သာ ဖြစ်၏။

**ပထမအချက်**အနေဖြင့် သူသည် အသိအလိမ္မာမဲ့သည့် အနိမ့်ကျ ဆုံးသော အသွင်ဖြင့်ပင် အဆင့်ဆင့် ပြောင်းလဲတိုးတက်ရန် ဖြစ်သည့် လူ့အခွင့်အရေးကို အထင်သေးနေခြင်း ဖြစ်၏။ **ဒုတိယအချက်**အနေဖြင့် သတ္တဝါတိုင်း၌ ရရှိသော တန်ဖိုးနှင့် ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်နေခြင်းလည်း ဖြစ်၏။

ထိုသတ္တဝါ ကျရောက်နေသော အခြေအနေသည် မည်မျှ နိမ့်ကျ နေသည်၊ ရယ်ဖွယ်ရာ ဖြစ်နေသည်ဆိုခြင်းမှာ အကြောင်းမဟုတ်ချေ။ ပို၍ ဆိုးသည်မှာ သူသည် အရယ်ခံရသူတို့၏ လူရည်လူသွေးထက် သူ၏ လူရည်လူသွေးက သာလွန်မြင့်မြတ်ကြောင်း သူ့ကိုယ်ကို ပင့်မြှောက်ကာ အခိုင်အမာ ပြုနေခြင်းပင် ဖြစ်၏။ သရော်ပြောင်လှောင်ခြင်း ဆိုသည်မှာလည်း အယုတ်ညံ့ဆုံးသော အဓိပ္ပာယ်ဖြင့် မိမိကိုယ်ကို မိမိ ပင့်မြှောက်ကာ အခိုင်အမာ ပြုနေခြင်းသာတည်း။

ဤစဉ်းစားဆင်ခြင်မှုများက ကျွန်ုပ်တို့ ပညာရှိတို့၏ ရေးကျမ်းစာတခုမှ အဆိုအမိန့်အချို့ကို သတိရစေပေသည်။ သရော်ပြောင်လှောင်သူ၏ နေရာ၌ မထိုင်သော သူသည် အမှန်ပင် ကောင်းချီး မင်္ဂလာနှင့် ထိုက်တန်ကြောင်းကို လည်းကောင်း၊ ဓမ္မကဗျာဆရာသည် "ငါသည် ငါ၏လျှာကြောင့် အပြစ် မဖြစ်စေရန် ငါ၏နှုတ်ခမ်းများကို ပါးချုပ်တပ်၍ ထားမည်"ဟု ဆုံးဖြတ်သော အခါ သူ၏ ပင်ကိုယ်ထွက်ဉာဏ်သည် စင်စစ်ဧကန် အမှန်သို့ ရောက်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့ သိမြင်စ ပြုကြပေပြီ။

"သင်က ဆုံးဖြတ်သောတရားနှင့် သင့်ကို ဆုံးဖြတ်လိမ့်မည် ဖြစ်သောကြောင့် သင့်ကို တရားအဆုံးအဖြတ် မခံရစေရန် သူတပါးကို တရား မဆုံးဖြတ်ပါနှင့်"ဟူသော ဗျာဒိတ်ကျမ်းလာ ပညတ်တော်ကဲ့သို့သော စကားသည်လည်း ရုတ်တရက် ထင်ရှားလာပေသည်။ ဝမ်းနည်းကြေကွဲဖွယ်ရာ ကံကြွေး ပေးဆပ်ရသော ပြောင်လှောင်မှု ဖြစ်ရပ်များကို တွေ့ရသဖြင့် "သင် ဖျင်းအ,သူဟု ဆိုသောသူသည် ငရဲသို့ ကျလိမ့်မည်"ဟူသော ခရစ်တော်၏ အခြား စကားတရပ်သည်လည်း ရုတ်ချည်းပင် ပို၍ နက်နဲသော စိတ္တဗေဒ အဓိပ္ပာယ်ကို ဖော်ဆောင်သွားပေသည်။

## အခန်း(၆)

# ဝေဖန် စိစစ်ခြင်း

**ဒုက္ခမြင်ကွင်းကျယ်** ကေစီမှတ်တမ်းများကို အကုန်အစင် စေ့စပ်သေချာစွာ လေ့လာခြင်းဖြင့် ဆရာဝန်များ၊ စိတ်ကုပညာရှင်များနှင့် လူမှုရေးလုပ်သားတို့၏ လုပ်ငန်းခွင်မှတ်တမ်းအားလုံးကို စုပေါင်းထားသော ဖြစ်ရပ်များထက်ပင် ပိုမို ကျယ်ပြန့်၍ အမျိုးအစားလည်း ပိုမို များပြားသော လူသား၏ ဆင်းရဲဒုက္ခ မြင်ကွင်းကျယ်ကြီးကို ကျွန်ုပ်တို့ တွေ့ရပေသည်။ ဤသို့ဆိုခြင်းမှာ ချဲ့ကားလွန်းသည့်သဘော သက်ရောက်ကောင်း သက်ရောက်ပေလိမ့်မည်။ သို့သော် ချဲ့ကားခြင်းကား မဟုတ်ပေ။ ဤနေရာ၌ လူသား၏ ဆင်းရဲဒုက္ခသည် ကုစားနည်း ကုစားဟန်များနှင့် ဆက်စပ်ပတ်သက်ရုံမျှသာ မဟုတ်ဘဲ အတိတ်ကာလ ရာစုနှစ်ပေါင်းများစွာပတ်လုံး ပြုလုပ်ခဲ့၍ မေ့ပျောက်နေခဲ့သည့် မကောင်းမှုများ၊ အမှားများ၊ မိုက်မဲမှုများ၊ ဆင်းရဲဒုက္ခများနှင့်လည်း နီးနွယ်နေ၏။

ကေစီမှတ်တမ်းများ၌ ကံတရား၏ အဆိုးသဘောများက ပို၍ သိသာထင်ရှား၏။ အကြောင်းမူ ကေစီထံသို့ အကူအညီရရေးအတွက် လာရောက်ကြသူတို့မှာ ပဓာနအားဖြင့် မကျန်းမာသူ၊ ဆင်းရဲ ဒုက္ခ

ရောက်သူများသာ ဖြစ်သောကြောင့်ပင်။ ကျန်းမာနေသူသည် ဆရာဝန်ထံ သွားရန် အကြောင်းမရှိပေ။ အဆင်ပြေနေသူသည် ဘဝ၏အဆုံးစွန် ရည်ရွယ်ချက်ကို စောကြော မေးမြန်းဖို့ရာ အရေးကြီးသည်ဟု မယူဆပေ။

ထို့ကြောင့် ကေစီဟောစာတမ်းများအနက် အများစုကို ဆေးပညာရှင်များကဖြစ်စေ၊ စိတ်ပညာရှင်များကဖြစ်စေ၊ ဘာသာရေးသမား များကဖြစ်စေ ဖြေရှင်းမပေးနိုင်သော အလွန်တိကျ၍ တခါတရံတွင် အလွန် ကြောက်စရာကောင်းသော ပုဂ္ဂလိကပြဿနာများနှင့် ရင်ဆိုင်နေရသည့် လူများအတွက်သာ ဟောထားခြင်းဖြစ်၏။

ကေစီဟောစာတမ်းများကို လေ့လာခြင်းသည် ဟောစာတမ်းပါ ဖြစ်ရပ် များတွင် လူ့ကျင့်ဝတ်နှင့် စိတ်ဓာတ်ဆိုင်ရာတို့၌ ဒုက္ခ၏ အရေးပါ အရာရောက်မှုကို ရှင်းလင်းစွာ ဖော်ပြမထားပါက လွန်စွာမှ စိတ်ပျက် အားလျော့ဖွယ် ဖြစ်ကောင်းဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ဟောစာတမ်း များ၌ရှိသော စာပိုဒ်တပိုဒ်သည် ဒန္တီ[၁]၏ ငရဲကြီး ငရဲလေးများ အကြောင်းကို ဖတ်ရှုသော အခါ၌ ရရှိသော ကြီးကျယ် ခမ်းနားမှုမျိုးကို ပေးနိုင်သောကြောင့် ဖြစ်ပေသည်။

ကေစီဟောစာတမ်းများသည် လူ့ကျင့်ဝတ်နှင့် စကြဝဠာ ကမ္ဘာလောက ဆိုင်ရာ အညွှန်းများဖြင့် ဒုက္ခကို အမြဲမပြတ် တန်ဘိုးဖြတ်ပေးလျက် ရှိ၏။ ဤအချက်က ယင်းဟောစာတမ်းများကို လေ့လာရာ၌ စိတ်သက်သာမှုကို ရစေ၏။ စိတ်သက်သာမှု ရစေရုံမျှမက ထိုဟောစာတမ်းများသည် စိတ်ကို စွဲငြိစေ၏။ စိတ်အား တက်စေ၏။ တက်ကြွစေ၏။ ခိုင်မြဲစွာ ယုံကြည် စိတ်ချစေ၏။

---

၁။ ဒန္တီ (Alighiery Dante)သည် ၁၃ ရာစုနှစ် ကုန်ခါနီး၌ ပေါ်ထွန်းခဲ့သော အီတလီ အမျိုးသား ကမ္ဘာကျော် ကဗျာစာဆိုကြီး ဖြစ်သည်။ သူသည် သူ၏(Divine Comedy)အမည်ရှိ လက်ရာကြီး၌ ငရဲကြီး၊ ငရဲကလေးနှင့် ကောင်းကင်ဘုံများသို့ ရောက်ခဲ့၍ သူ၏ ထင်ရှားသော မိတ်ဆွေများနှင့် ရန်သူများ ငရဲခံနေရသည်ကို တွေ့ခဲ့ရလေဟန် တခမ်းတနား ရေးဖွဲ့ထားလေသည်။

**ကောင်းကံနှင့် ကောင်းကျိုး** သို့ရာတွင် ကေစီမှတ်တမ်းတွင် ပါဝင်သော ကံ၏ အကျိုးပြဖြစ်ရပ်များသည် အားလုံး စိတ်မချမ်းမြေ့စရာနှင့် ဖြစ်မြဲသဘောကို ကျော်လွန်သည့် ဖြစ်ရပ်များချည်း မဟုတ်ချေ။ နောက်တွင် အသက်မွေးဝမ်းကျောင်း လမ်းညွှန်ချက်နှင့် ပတ်သက်သော ဖြစ်ရပ်များကို ဆွေးနွေးသည့်အခါ လူသား၏ အရည်အသွေး၊ ထူးခြားသည့် စွမ်းရည်၊ ထူးချွန်သည့်ဉာဏ်နှင့် အခြားသော ထူးခြားချက်များသည် အတိတ်ကာလ တလျှောက်လုံး အဖန်ဖန် ဖြစ်ခဲ့ရသည့် ဘဝများတွင် ပြုလုပ်ခဲ့သော ကံများ၏ ဆုလာဘ်များ ဖြစ်ပုံကို ကျွန်ုပ်တို့ တွေ့ကြရပေမည်။

အဆင်ပြေသော ပတ်ဝန်းကျင်နှင့် ကျန်းမာသော ခန္ဓာကိုယ်တို့သည်လည်း ကုသိုလ်ကံ၏ အကျိုးတရားများ ဖြစ်ကြ၏။ သို့တစေဟောစာတမ်းများက ယင်းတို့၏ အခြေခံ အကြောင်းရင်းသည် ကံတရားဖြစ်ကြောင်း ဖော်ပြသည့်အကြိမ်မှာ မများလှပေ။ အကြောင်းမူ ဟောပြောရန်ရရှိသော အချက်အလက်များ ရရာဖြစ်သည့် အခြေခံသဘာဝများက သတင်းထောက်ကောင်းတယောက်ကဲ့သို့ပင် သတင်းကောင်းကို တန်ဖိုးရှိသော သတင်းဟု အသိအမှတ်မပြုဘဲ သတင်းဆိုးကိုသာ တန်ဖိုးရှိသောသတင်းဟု အသိအမှတ်ပြုသောကြောင့် ဖြစ်နိုင်ဖွယ် ရှိပေသည်။

ကေစီထံမှ ဟောစာတမ်းတောင်းသော လူများသည် ကံကောင်းခြင်းအတွက် ရှင်းလင်းချက် ရယူရန် မလိုဟု လူသား၏ သဘာဝအရ ခံစားသိရှိကြ၏။ လူသားသည် ဤအချက်မှာ မိမိ၏ မွေးရာပါ အခွင့်အရေးဖြစ်သည်ဟု ပဋိသန္ဓေပါ အသိအရပင် ခံစားသိရှိထား၏။ လူသည် ကံဆိုးမိုးမှောင်ကျသော အခါ၌သာ သူ ဘာကြောင့် ယင်းသို့ ဖြစ်ရသည်ကို မေးမြန်းလေ့ရှိ၏။

**ရုပ်ချောစေသော ကံ**

ရုပ်ရည် ချောမောလှပခြင်းသည်လည်း ကောင်းသော ကံ၏ အကျိုးတရားပင် ဖြစ်၏။ ယခုဘဝ၌ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်းသည် အတိတ်ဘဝများက ခန္ဓာကိုယ်ကို ဂရုစိုက်ပြုပြင်မှုနှင့် ကိုးကွယ်ဆည်းကပ်မှုဆိုင်ရာ အဆောက်အအုံတို့ကို ဂရုစိုက်ပြုပြင်မှုကြောင့် ဖြစ်သည်ဟု ယူဆနိုင်သည့် စကားလုံးများဖြင့် ဟောစာတမ်းများက ရံဖန်ရံခါ ညွှန်ပြကြ၏။ လှပတင့်တယ်ခြင်းသည် အခြားသော ကံများကြောင့်လည်း ဖြစ်နိုင်ကြောင်း ဟောစာတမ်းက စိတ်ဝင်စားဖွယ်ရာ ဖော်ပြထားသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။

ယင်းဖြစ်ရပ်မှာ နယူးယောက်မြို့မှ စံပြမယ်တယောက်၏ ဖြစ်ရပ်ပင်တည်း။ ထိုစံပြမယ်သည် သူ၏ ထူးခြားစွာ လှပသောလက်ကြောင့် လက်သည်းညှပ် လုပ်ငန်းရှင်များ၊ လက်သည်းဆိုး လုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များက သူတို့၏ ကြော်ငြာများတွင် သူမ၏လက်ပုံကို ထည့်သွင်းကြော်ငြာကြသဖြင့် အခကြေးငွေ အမြောက်အမြား ရရှိ၏။ သူမ ချောမောလှပခြင်း၏ အကြောင်းရင်းကံကို သူမ၏ လက်ရှိဘဝ မတိုင်မီ ဘဝက အင်္ဂလိပ်သီလရှင်ကျောင်း တကျောင်း၌ ပြုလုပ်ခဲ့သည်ကို တွေ့ရ၏။ ထိုစဉ်က သူမသည် လက်ဖြင့် လုပ်ကိုင်ရသော မနှစ်မြို့ဖွယ်ရာ အလုပ်များကို ကိုယ်ကျိုးမငဲ့ဘဲ စိတ်စေတနာ ထက်သန်စွာဖြင့် ပြုလုပ်ခဲ့၏။ ထို့ကြောင့်ပင် သူမ၏ ခန္ဓာကိုယ်နှင့် လက်တို့မှာ ထူးထူးခြားခြား လှပနေခြင်းဖြစ်သည်။

ဤဖြစ်ရပ်သည် အလှအပ တောင့်တသူများအတွက် အားရှိစေသော ပုံစံပင် ဖြစ်၏။ ဤဖြစ်ရပ်က အားလုံးသော ကံများသည် စည်းမျဉ်းတင်းကျပ်၍ ဖိညှပ်သောသဘော ရှိကြသည် မဟုတ်ကြောင်း ကျွန်ုပ်တို့ကို သတိရစေသည်။

ကံတရား၏ ကောင်းကျိုးသဘောပါသော ဖြစ်ရပ်များထက် ပြစ်ဒဏ်သဘောပါသော ဖြစ်ရပ်များက ကျွန်ုပ်တို့၏ စိတ်ထဲတွင် ပို၍ စွဲနေတတ်၏။ ကျွန်ုပ်တို့ခေတ်တွင် အများအားဖြင့် ရှုပ်ထွေး၍ စာရိတ္တ ပျက်စီးစေသော အယူအဆ ရှိသူများအတွက် စိတ်ထဲတွင် စွဲထင်နေရုံမျှသာ မဟုတ်ဘဲ ယင်းသို့ ဖြစ်ရန် အမှန်လည်း လိုအပ်နေ၏။

အသိဉာဏ်ရှိသော လူသား၌ ဘဝအတွက် အသိဉာဏ်ပါသော စာရိတ္တ အခြေခံ ရှိရပေမည်။ ဝေဖန်စိစစ်၍ စနစ်တကျ လေ့ကျင့်သင်ကြားထားသော သိပ္ပံနည်းကျ သဘာဝကိုသာ လက်ခံတတ်သည့် လူတို့၏စိတ်များက သမားရိုးကျ တရားသေသဘောများကို လက်မခံတော့ပေ။ သို့ဖြင့် ရှေးအစဉ်အလာ အယူအဆများနှင့် အကောင်းဆုံးဟု မှတ်ယူခဲ့ကြသော အရာများသည် ကျိုးပျက်သွားကြလေပြီ။ သို့ရာတွင် ယင်းတို့နေရာ၌ အစားထိုးရန် သိပ္ပံနည်းကျ လက်ခံနိုင်လောက်သော အယူအဆသစ်များလည်း မရှိကြသေးပေ။

**လူသားတို့အကျိုး သယ်ပိုးသူများ**

လူသားတို့ လွတ်မြောက်ရေးအတွက် ယေရှုခရစ်က အသက်ပေးသွားသည် ဆိုခြင်းမှာ သမိုင်းတွင် ပြိုင်ဘက်ကင်းသော တုလွတ် အဖြစ်အပျက် မဟုတ်ပေ။ စင်ပြိုင် ဘာသာတရားများကို လေ့လာကြည့်လျှင် အခြားလူမျိုးများ ထဲ၌လည်း အာဇာနည်ပီသစွာ အသေခံသွားကြသော ကယ်တင်ရှင်များ ရှိကြကြောင်း တွေ့နိုင်ပေသည်။

ကျွန်ုပ်တို့ အနောက်တိုင်း ယဉ်ကျေးမှု၌လည်း များစွာသော နာမ်ဝါဒသမားတို့သည် လူသားတို့ ကောင်းစားရေးအတွက် စိတ်စေတနာ ထက်သန်စွာဖြင့် မိမိတို့အသက်ကို စတေးခဲ့ကြ၏။ **မက်ဇီနီ**[၁]၊ **ဘိုလီဗား**[၂]၊ **လင်ကွန်း**[၃]၊ **စိန့်ဖရန်စစ်**[၄]၊ **တောက်စိန့် အယ်လ်အိုဗာချား**[၅]၊ **ဆင်မဲလ်ဝိစ်**[၆] နှင့် **စိန့်တယ်ရက်ဆာ**[၇] တို့အပြင် အခြားအမည် တရာကျော်တို့ကို လူသားတို့ ဆင်းရဲမှ လွတ်မြောက်ရေး အတွက် မိမိတို့ အသက်ကို စတေးသွားကြသူများ

၁။ Mazzini
၂။ Bolivar
၃။ Lincoln
၄။ St. Francis
၅။ Tous Saint L' Overture
၆။ Semmelweiss
၇။ St. Teresa

အဖြစ် ကိုးကားဖော်ပြနိုင်၏။ သို့ရာတွင် ထိုသူတို့အနက် မည်သူ တဦး တယောက်မျှ သူတို့၏ ကြိုးစားအားထုတ်မှုက ကျွန်ုပ်တို့ကို ကြိုးစားရခြင်းမှ လွတ်မြောက်စေနိုင်သည်ဟုဖြစ်စေ၊ သူတို့ အသက်စတေးခြင်းက ကျွန်ုပ်တို့ ပြုလုပ်ထားသည့် အပြစ်များမှ လွတ်မြောက်စေနိုင်သည်ဟုဖြစ်စေ မထင်မြင် မယူဆကြပေ။

**အကျင့်စာရိတ္တ အရေးကြီး**

ကံနှင့် တမလွန် နိယာမများကို လေ့လာသောအခါ လူသား၏ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေး၌ အကျင့်စာရိတ္တ၏ ပဓာနကျ၍ အရေးကြီးပုံသည် အံ့သြဖွယ်ရာ ထင်ရှားလာ၏။ ကေစီမှတ်တမ်းများအရ ကမ္မနိယာမ၏ စည်းမျဉ်း သဘောများကို ဤနေရာ၌ ကျွန်ုပ်တို့ ဖော်ပြနေခြင်းသည် တမလွန် အယူအဆ၏ စစ်မှန်သော သဘောကို လက်ခံမည့် လူများအတွက် စိတ်ပျက်ဖွယ်ရာ မဖြစ်စေသင့်ပေ။ စိတ်ပျက်ဖွယ်ရာ မဖြစ်စေသင့်ရုံမျှမက ဤသို့ ဖော်ပြခြင်းသည် မျှော်လင့်ချက်နှင့် အကောင်းကြည့်ဝါဒဘက်သို့ လည်းကောင်း၊ လူသား၏ အလုံးစုံသော အမှုကိစ္စတို့၌ တည်ရှိနေသော တရားမျှတမှုနှင့် ပတ်သက်၍ အသိဉာဏ်ယှဉ်သည့် ယုံကြည်မှုပေါ်၌ အခြေတည်သော ဆန်းသစ်သည့် ဘာသာရေး ယုံကြည်မှုသို့ လည်းကောင်း လမ်းညွှန်စေသင့်၏။

ကမ္မနိယာမအရ ရက်စက်ကြမ်းကြုတ်ခြင်းသည် မျက်စိကွယ်ခြင်း၊ သွေးအားနည်းခြင်း၊ ပန်းနာရင်ကျပ် ဖြစ်ခြင်း၊ ကိုယ်,လက်အင်္ဂါ သေခြင်းတို့တွင် တမျိုးမျိုးသော အကျိုးကို ပေး၏။ ကာမကြူးခြင်းကြောင့် ဝက်ရူးပြန်ရောဂါ စွဲကပ်ရ၏။ မိမိအကျိုးအတွက် သူတပါး၏အကျိုးကို ဖျက်ဆီးခြင်းသည် ကိုယ်လက်အင်္ဂါသေခြင်း အကျိုးကို ပေး၏။ ကမ္မနိယာမ၏ သိသာလွယ်သော၊ သိပ္ပံနည်းကျသော၊ ဘက်မလိုက်သော၊ သင့်လျော်သော လုပ်ငန်းဆောင်ရွက်မှု ပုံစံများ ဖြစ်သည့် ဤကဲ့သို့သောဖြစ်ရပ်မှန်များ၌ အခြားမည်သည့် အဓိပ္ပာယ်မျှ

မရှိဟု ယူဆဦးတော့ ထိုဖြစ်ရပ်မှန်တို့သည် အနည်းဆုံး လူတို့ကို ကောင်းသောအမူအကျင့်များ ပြုလုပ်ကျင့်ကြံအောင် လှုံ့ဆော်ပေးနိုင်ပေသည်။

**မမြင်ရသော ဒုက္ခသည်များ**

ထို့ပြင် ကျွန်ုပ်တို့ ဖတ်ရှုခဲ့ရပြီ ဖြစ်သော ဖြစ်ရပ်မျိုးများက ကမ္ဘာမြေပြင်ပေါ်တွင် ပြည့်သိပ်လျက် ရှိသော မကျန်းမာသူ သန်းပေါင်းများစွာ၏ သနားဖွယ်ရာ အခြေအနေအတွက် ရှင်းလင်းချက်ကို တင်ပြပေး၏။ ကျွန်ုပ်တို့သည် သာမာန်အနေအားဖြင့်မူ ခြေကျိုးသူ၊ မျက်စိမမြင်သူ၊ ရူးသွပ်သူ၊ ဝက်ရူးပြန်သူ၊ အိပ်ရာထဲတွင် လဲနေသူ၊ အရေပြားရောဂါရှိသူ၊ စစ်ပွဲများ၌ မတော်တဆ ထိခိုက်မှုများကြောင့် ခြေပြတ်လက်ပြတ် ဖြစ်ရသူတို့ကို မတွေ့ မမြင်ရချေ။ ထိုသူများသည် သူတို့ကို ထားရာ ဂေဟာများ၌ အများနှင့် မရောနှောဘဲ သီးခြားကင်းလွတ်၍ နေကြရသဖြင့် သာမာန်အားဖြင့် ကျွန်ုပ်တို့ မတွေ့မမြင်ရခြင်း ဖြစ်၏။ ထို ကိုယ်လက်အင်္ဂါ ချို့တဲ့သူများကို လမ်းများပေါ်၌ ရံဖန်ရံခါသာလျှင် ကျွန်ုပ်တို့ တွေ့မြင်ကြရ၏။ သူတို့၏ အရေအတွက် ပမာဏကိုမူ ရံဖန်ရံခါ မဂ္ဂဇင်းများ၌ သူတို့အကြောင်း ရေးသားထားသည့် ဆောင်းပါးများကို ဖတ်ရှုရသည့်အခါ တဆင့်ခံအနေအားဖြင့်သာ သိကြရ၏။

သူတို့၏ အရေအတွက်က များပြားလှ၍ သူတို့၏ ဒုက္ခက ဝမ်းနည်းဖွယ်ရာ ကောင်းလှ၏။ အများနည်းတူ ပုံမှန်အခြေအနေကို မရရှိသောအခါ လူသား၏ ဆင်းရဲဒုက္ခသည် မည်မျှလောက် ဝမ်းနည်းဖွယ်ရာကောင်းကြောင်းကို သိရှိရန် ထိုသူတို့ တည်ရှိနေမှုကို ကျွန်ုပ်တို့ အမြဲတစေ သတိရှိနေဖို့ လိုအပ်ပေသည်။ ဤကဲ့သို့သော ဝမ်းနည်းဖွယ်ရာ အခြေအနေများအတွက် ခရစ်ယာန်တို့၏ ပေးနေကျ ဖြေရှင်းချက်ကို 'ဘုရားသခင်၏ အလိုတော်'ဟူသော စကားက ညွှန်ပြလျက် ရှိ၏။

သို့သော် အပြစ်မဲ့သူများအပေါ်၌ ဆင်းရဲဒုက္ခကို ကျရောက်စေသော 'အလိုတော်နှင့်' သတ္တဝါအားလုံးအား ကြင်နာသနား မေတ္တာထားသော ထာဝရ

ဘုရားသခင်ကို ရှေ့နောက်ညီညွတ်အောင် ဆက်စပ်ပေးနိုင်ရန် ခဲယဉ်းလှသည်။ ထို့ကြောင့် 'ဘုရားသခင်၏ အလိုတော်ကို' 'လူတို့ ဉာဏ်မမီသောအရာ'ဟု သိမှတ်ထားကြသည်။ သို့သော်လည်း 'လူတို့ဉာဏ်မမီသောအရာ'ဟူသော စကားက ရှေ့နောက် မညီညွတ်ခြင်းကိုတော့ မပပျောက်စေနိုင်ပေ။

တမလွန်ဘဝ အယူအဆ၏ အခြေခံသဘောတရားကမူ ဤအခက်အခဲကို ဖြေရှင်းထားပေသည်။ ယင်းသို့ ဖြေရှင်းရာ၌ ဤသို့ ထောက်ပြထားသည်– 'ဘုရားရှင်၏ အလိုတော်သည်' စကြဝဠာအတွင်း၌ အမှန်တကယ်ရှိသည် ဆိုဦးတော့ ယင်းအလိုတော်သည် စိတ်ကူးပေါက်ရာ ဖြစ်ပေါ်လာသောအရာ၊ သို့မဟုတ် လူတို့ဉာဏ်မမီသော ရည်ရွယ်ချက်ကိစ္စ မဟုတ်ပေ။ စင်စစ်မူ ယင်းအလိုတော်ကို နာမ်စေတနာနိယာမဟုဆိုသော် ပို၍သင့်လျော်ဖွယ် ရှိပေသည်။ ယင်း နိယာမအရ ရောဂါဘယ ဖြစ်ထိုက်သူ သာလျှင် ရောဂါဘယ ဖြစ်ရ၏။ မည်သည့်ပုဂ္ဂိုလ်ကိုမျှ သူ၏ အတိတ်ဘဝများက သူပြုခဲ့သောအမှုထက် ပို၍ ကောင်းကောင်း ခံစားရန်သော်လည်းကောင်း၊ ပို၍ ဆိုးဆိုးဝါးဝါး ခံစားရန်သော် လည်ကောင်း ကြက်ခြေခတ် ပြမထားချေ။

**မယုံကြည်နိုင်စရာ အခြားအရာတွေ**

အနောက်တိုင်း နွယ်ဝင်တို့အတွက် တမလွန်အယူအဆကို ကြားလျှင်ကြားချင်း လက်ခံဖို့ရာမှာ မလွယ်ကူပေ။ ယင်း အယူအဆသည် စောင့်ကြည့် သိရှိထားသော အတွေ့အကြုံ၊ သို့မဟုတ် စောင့်ကြည့် သိနိုင်လောက်သော အတွေ့အကြုံ၏ နယ်ပယ်ပြင်ပမှ အရာဖြစ်နေသဖြင့် ယုံကြည်နိုင်စရာ မရှိသကဲ့သို့ ဖြစ်နေ၏။

သို့သော် ကျွန်ုပ်တို့ ဒုတိယအကြိမ် ထပ်မံ မစဉ်းစားမိကြသော ယုံနိုင်စရာမရှိသည့် အရာများမှာ လူ့လောကတွင် များပြားလှချေ၏။ ဥတလုံးမှ ဖားလောင်းကောင်လေး ပေါက်လာ၏။ ယင်း ဖားလောင်းကောင်သည် ပထမတွင် ငါးဖြစ်လာ၍ နောက် ဖား ဖြစ်လာ၏။ ပေါက်ဖတ်သည် သူ့ကိုယ်သူ ပိုးမျှင်ခြုံထည်နှင့် လွှမ်းခြုံပြီးနောက် အလွန်လှပသော လိပ်ပြာတကောင်အဖြစ်ဖြင့်

ခြုံထည်တွင်းမှ ထွက်ပေါ်လာ၏။ ဤသည်တို့မှာ တဘာဝတည်း၌ပင် မူလ ရုပ်သဘောကို မပျောက်ပျက်စေဘဲ ရုပ်သွင်သဏ္ဍာန်တမျိုးသို့ ပြောင်းလဲနိုင်သည့် နည်း၏ အံ့ဩဖွယ်ရာ နမူနာများ ဖြစ်ကြ၏။ သို့သော် ယင်းတို့ကိုကား ကျွန်ုပ်တို့ ထည့်သွင်း စဉ်းစားကြည့်လျှင် ယင်းတို့သည် လူ၏ နာမ်ဝိညာဏ်က မူလသဘောမပျက်ဘဲ ရုပ်သွင် တမျိုးကို ယူခြင်းထက် ပို၍ ဆန်းကြယ်ကောင်းမှ ဆန်းကြယ်ပေမည်။

**ဗော်လတဲယား၏ အဆို**

သတ္တဝါတဦး မွေးဖွားပုံ အဆင့်ဆင့်သည် အံ့ဖွယ်သရဲ တခုပင် ဖြစ်၏။ သတ္တဝါမွေးဖွားပုံမှာ ဤသို့ဖြစ်သည် ဟု မှန်ဘီလူးများက ကျွန်ုပ်တို့ကို မပြလျှင် ထိုမွေးဖွားပုံ အဆင့်ဆင့်ကို ကျွန်ုပ်တို့ ယုံကြည်ကြမည် မဟုတ်ပေ။ အလွန် သေးမွှားလှသော ထို ဆဲလ်ကလေး ၂ ခုသည် အတူတကွ ပေါင်းစပ် ကြပြီးနောက် သင်္ချာဗေဒ နိယာမအရ ဆဲလ်တို့ ပေါင်းစပ်မှု အဆင့်ဆင့် ပွားများလာ၏။ နောက်ဆုံးတွင် မျက်စိ၊ နှုတ်ခမ်း၊ လက်၊ ခြေနှင့် ယင်းတို့ကို လမ်းညွှန်ရန် ဦးနှောက်များပါသော လူဆိုသည့် သတ္တဝါကို မွေးထုတ်လိုက်၏။ အကယ်၍သာ ဤအချက်ကို သေချာစွာ စဉ်းစားကြည့်လျှင် မယုံကြည်သူ ကုဋေပေါင်းများစွာတို့သည် ထိတ်လန့်သွားဖွယ်ရာ ရှိပေသည်။

ထို့ကြောင့် ဘဝပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ခြင်းသည် တဘဝ ဖြစ်ခြင်းထက် ပို၍ ထိတ်လန့်တကြား ဖြစ်စရာ မရှိပေ။ ပို၍ အဆန်းတကြယ် ဖြစ်မှုလည်း မဟုတ်ပေ။ ဗော်လတဲယား၏ စကားနှင့် ပြောရသော် **"နှစ်ကြိမ် မွေးဖွားခြင်းသည် တကြိမ် မွေးဖွားခြင်းထက် ပို၍ အံ့အားသင့်စရာ မဟုတ်ပေ။"**

ကေစီ၏ ဘဝဟောစာတမ်းများသည် လူ့စိတ်သဘာဝနှင့် လူ့ကျင့်ဝတ် ဆိုင်ရာ၌ အကြောင်းယုတ္တိ ရှိလှသဖြင့် ကျွန်ုပ်တို့၏ မယုံကြည်မှုများကို လျော့ပါးသွားစေ၏။ ဤမျှ ထူးဆန်းစွာ စတင် ဖြစ်ပေါ်လာပြီးနောက်

ထို့အတူပင် ထူးဆန်းစွာ ဟောထားသော ဤ ကေစီမှတ်တမ်းများကို အသိကျယ်ပြန့်မှု တခုမှ အခြားသော အသိကျယ်ပြန့်မှု တခုသို့ ကျွန်ုပ်တို့ကို မြှင့်တင်ပေးသော ယာဉ်တခုအဖြစ် အသိအမှတ် ပြုနိုင်တန်ရာပေသည်။ ထို ဟောစာတမ်းများသည် ယင်းတို့၏ ထူးဆန်းမှုကြောင့်ပင် လေကဲ့သို့သော အရာများ ရှိသည်ဟု လည်းကောင်း၊ ကျွန်ုပ်တို့ နေထိုင်သော ပစ္စုပ္ပန် ကမ္ဘာလောက,ကလေးထက် ပိုမိုကြီးမားကျယ်ပြန့်သော ဘ၀ဘောင်ကြီး ရှိသည်ဟု လည်းကောင်း၊ ဘ၀၌ ကျွန်ုပ်တို့ ရော်ရမ်းမှန်းဆခဲ့သည်ထက် ပိုမို ကြီးမားကျယ်ပြန့်သော အဓိပ္ပါယ်ရှိသည်ဟု လည်းကောင်း ကျွန်ုပ်တို့ကို သင်ပြပေးနိုင်တန်ရာပေသည်။

## အခန်း(၇)

# ဆိုင်းငံ့နေသော ကံ

**ဆိုင်းငံ့ကံ** ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပြီးဖြစ်သော ကိုယ်ခန္ဓာဆိုင်ရာကံနှင့် ပတ်သက်သည့် ဖြစ်ရပ်များ၌ သိသာသော ထူးဆန်းသည့် အချက်တခုမှာ ကံ၏အကျိုးတရားသည် တခါတရံ တဘဝဖြစ်စေ၊ နှစ်ဘဝ သုံးဘဝဖြစ်စေ ခြားပြီးမှ ဖြစ်ပေါ်သည်ဟူသော အချက်ပင် ဖြစ်သည်။ ဤ ကံ၏အကျိုးပေး ဆိုင်းငံ့မှု ဘာကြောင့် လိုအပ်သနည်း။ နံရံကို ပစ်လိုက်သော ဘောလုံး ပြန်၍ ခုန်ထွက်လာသော လျင်မြန်ခြင်းမျိုးဖြင့် ကံ၏အကျိုးပေးမှုသည် ဘာကြောင့် ချက်ချင်း မစ,သင့်သနည်း။

**အကျိုးပေးရန် အချိန်ဆိုင်းရ** ဤမေးခွန်းအတွက် အဖြေပေါင်း မြောက်မြားစွာ ရှိဟန် တူ၏။ အဖြေတခုမှာ သတ္တဝါသည် သူပြုလုပ်ခဲ့သော ကံအတွက် အကျိုးပေးရန် သင့်လျော်သော ကာလနှင့် ဒေသကို စောင့်ရမည်ဟူသော အဖြေပင် ဖြစ်၏။ ဤကဲ့သို့ သင့်လျော်သော အခွင့်အခါ မပေါ်မီ ရာစုနှစ်ပေါင်းများစွာ ကြာကောင်း ကြာပေမည်။ ထိုကြားကာလ ရာစုနှစ်များသည် တခြားသော အကျင့်စာရိတ္တဆိုင်ရာ ပြဿနာ များကို ဖြေရှင်းရေးအတွက် အသုံးပြုရန် ဖြစ်၏။ ဤအမျိုးအစားဖြစ်သည့်

အကျိုးပေး ဆိုင်းငံ့နေသော ကံ၏ ပြယုဂ်ကောင်းတခုကို ပျောက်ကွယ်သွားသော အတ္တလန္တိတ်တိုက်ကြီး၌ တခါက နေထိုင်သွားကြသည့် သတ္တဝါများနှင့် ပတ်သက်သော ကေစီဟောစာတမ်းများ၌ တွေ့ရ၏။

**ပျောက်ကွယ်သွားသော အတ္တလန္တိတ်တိုက်ကြီး** သမိုင်း၊ ဘူမိဗေဒနှင့် ယဉ်ကျေးမှုဆိုင်ရာ သက်သေ အထောက်ထားများပေါ်၌ အခြေခံ၍ အတော် အသင့် ကောင်းမွန်သော ရာဇဝင်စုံစမ်းမှု တခုကို ပြုလုပ်ပြီးစေကာမူ ကြီးမား၍ ရှေးကျသော ဤအတ္တလန္တိတ်တိုက်ကြီး သမုဒ္ဒရာရေပြင်အောက်၌ တည်ရှိနေမှုကို သိပ္ပံပညာရှင်များက မည်သည့်အခါမျှ အတည်လည်း မပြုခဲ့ကြ၊ ငြင်းလည်း မငြင်းဆိုခဲ့ကြချေ။

**အထောက်အထား** ဤအချက်နှင့် ပတ်သက်၍ ပဓာနကျသည့် သမိုင်းဆိုင်ရာ တဆင့်ခံ အရင်းအမြစ်မှာ ဒဿနိက ဆရာကြီး ပလေတို ပင် ဖြစ်၏။ သူ၏ **ကြိတီယနှင့် တိမူး ဆွေးနွေးခန်း**[၁] တွင် အတ္တလန္တိတ်တိုက်ကို အလေးအနက် ရည်ညွှန်း ဖော်ပြထားခဲ့၏။ မကြာခဏ အထောက်အထား ပြုခဲ့ကြသည့် ဘူမိဗေဒဆိုင်ရာ သက်သေခံချက် တခုမှာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်၍ ချထားသော ကြေးနန်းကြိုးများ ပြတ်ကျပြီးလျှင် ရေအောက် ပေတသောင်းအနက်၌ နစ်မြုပ်နေစဉ်အခါက ပြုလုပ်ခဲ့သော ရာဇဝင် တွေ့ရှိမှုပင် ဖြစ်၏။ ကြေးနန်းကြိုးများကို ရေမျက်နှာပြင် ပေါ်သို့ ဆွဲတင်လိုက်သောအခါ ကြေးနန်းကြိုးများနှင့်အတူ ချော်မြုပ် အစ,အန များ ပါလာသည်ကို တွေ့ကြရ၏။ ထိုချော်မြုပ်များကို မှန်ဘီလူးဖြင့် ကြည့်ရှု စစ်ဆေးသောအခါ ရေမျက်နှာပြင် အထက်ရှိ ကုန်းမြေများပေါ်တွင် မာခဲခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရ၏။

---

၁။ Critias and Timaeus Dialogue

ယဉ်ကျေးမှုဆိုင်ရာ သက်သေ အထောက်အထားများအနက် အရေး အပါဆုံးအချက်မှာ ရေလွှမ်းမိုးခြင်းအကြောင်း၏ တကမ္ဘာလုံးနှင့် သက်ဆိုင်နေမှုပင် ဖြစ်၏။ (ဤအကြောင်းကို သမ္မာကျမ်းစာ၌သာ တွေ့ရခြင်း မဟုတ်ဘဲ သမိုင်းမတင်မီခေတ်က လူမျိုး အားလုံးလောက်နီးပါး၏ သမိုင်းပုံပြင်များနှင့် ဘာသာရေးကျမ်းများ၌လည်း တွေ့ရှိရ၏။)

နောက်တချက်မှာ အီဂျစ်နှင့် အမေရိကန်အလယ်ပိုင်းတို့ ကူးလူး ဆက်သွယ်မှု ရှိကြပြီဟု မသိရသေးမီကာလတွင် ယင်းဒေသနှစ်ခုတို့၏ ဘာသာ စကားနှင့် ဗိသုကာပညာများ တထပ်တည်းနီးပါး တူညီနေခြင်းပင်ဖြစ်၏။

အားလုံးကို ခြုံ၍ စဉ်းစားလျှင် သက်သေခံ အထောက်အထား အားလုံးသည် အပြီးသတ် ဆုံးဖြတ်ချက် ချနိုင်လောက်အောင် မပြည့်စုံစေကာမူ ယုံကြည်စေနိုင်လောက်သော သဘောကား ရှိနေပေသည်။

**ကေစီဟောစာတမ်း အဆို** မည်သို့ဆိုစေ အကယ်၍သာ ကေစီမှတ်တမ်းများ ကို လက်ခံခဲ့လျှင် အတ္တလန္တိတ်တိုက် တည်ရှိနေခြင်းမှာ အလွန်သေချာလှ၏။ ကေစီမှတ်တမ်း များအရဆိုသော် **မဟာပိရမစ်ကြီး**[၁] အတွင်းရှိ မဖွင့်ရသေးသော အခန်းများက ဤ အတ္တလန္တိတ်တိုက်ကြီး၏ သမိုင်းနှင့် ယဉ်ကျေးမှုမှတ်တမ်း အပြည့်အစုံ ကို တနေ့နေ့တွင် ဖော်ပြကောင်း ဖော်ပြပေလိမ့်မည်။ ဤမှတ်တမ်းများကို ဘီစီ ၉၅၀၀ လောက်တွင် နောက်ဆုံး တတိယအကြိမ် ရေလွှမ်းမိုးသည့် ဘေးကြီး ဆိုက်ရောက်ချိန်က အီဂျစ်သို့ ထွက်ပြေးလာသော အတ္တလန္တိတ် တိုက်သားများ ယူဆောင်လာကြကြောင်း ဟောစာတမ်းများက ဆို၏။

---

၁။ မဟာပိရမစ် (Great Pyramid)သည် အီဂျစ်ပြည် ကိုင်ရိုမြို့၏ အနောက်ဘက်ရှိ ဂီဇာမြို့၌ ရှိ၏။ အီဂျစ်ပြည်တွင် အကြီးဆုံး ပိရမစ်ဖြစ်၍ ဘီစီ ၂၉၀၀ ၌ ဘုရင် ခူဖူးက ဆောက်လုပ်ခဲ့၏။ ပိရမစ်ကြီး၏ အောက်ခြေသည် ၃ ဧက ကျယ်၍ အမြင့် ၄၈၁ ပေ ရှိ၏။ နှစ်တန်ခွဲ (ပိဿာချိန် ၁၅၀၀)လေးသော ကျောက်တုံးကြီး ပေါင်း ၂,၃၀၀,၀၀၀ ဖြင့် တည်ဆောက်ထား၏။

ကေစီသည် **ဖလော်ရီဒါနယ်**[၁] ၊ **မာယာမီ**[၂]ကမ်းခြေနှင့် မလှမ်းမကမ်းရှိ **ဘီမီနီ**[၃] ကျွန်းကို မြုပ်သွားသော အတ္တလန္တိတ်တိုက်ကြီး၏ တောင်ထိပ်တခုအဖြစ် ရည်ညွှန်း ဖော်ပြထား၏။ ပင်လယ်ပြင်အောက် ဤနေရာ၌ အတ္တလန္တိတ် တိုက်သားတို့၏ အလွန်ကောင်းမွန်သော ဘုရားကျောင်း နမူနာတခုရှိ၍ ယင်းဘုရားကျောင်း၏ အမိုးခုံးကို နေ၏စွမ်းအင်ကို ဖမ်းယူရန် အထူးပုံစံထုတ်၍ ပြုလုပ်ထားသော ကျောက်သလင်းများဖြင့် ဆောက်လုပ်ထားကြောင်း ကေစီဟောစာတမ်း၌ ဖော်ပြထား၏။

ဟောစာတမ်းများအရဆိုသော် အတ္တလန္တိတ်တိုက်သားများသည် ကျွန်ုပ်တို့ ယခု ရရှိပြီးသော သိပ္ပံပညာစွမ်းရည်ထက် များစွာ ပိုမိုမြင့်မားသော သိပ္ပံစွမ်းရည်ကို ရရှိခဲ့ကြ၏။ လျှပ်စစ်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ လေကြောင်းသွားလာမှု၊ နေနှင့် အနုမြူတို့၏စွမ်းအားကို အသုံးချမှုတို့မှာ အတ္တလန္တိတ် တိုက်သားတို့ အကြားတွင် မြင့်မားစွာ တိုးတက်ခဲ့၏။ သူတို့တွင် ယခု ကျွန်ုပ်တို့၌ရှိသော အပူပေးရေး၊ လျှပ်စစ်မီးပေးရေးနှင့် သယ်ယူပို့ဆောင်ရေး အတတ်ပညာများထက် ပိုမို ကျွမ်းကျင်ပြည့်စုံသော အတတ်ပညာများ ရှိခဲ့ကြ၏။

**ယဉ်ကျေးမှု တိုးတက်၍ စိတ်ဓာတ် ပျက်စီး**

အဆိုပါ အချက်များကို အလေးအနက် သဘောထားသည်ဖြစ်စေ၊ မထားသည် ဖြစ်စေ ယင်းအချက် အားလုံးသည် လွန်စွာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှ၏။ အကယ်၍ အလေးအနက် သဘောထားလျှင် ဤနေရာ၌ သတိပြုစရာ အရေးပါလှသော အချက်တခုမှာ ဤသို့ ဖြစ်၏။ အတ္တလန္တိတ်တိုက်သားတို့သည် သူတို့ လေ့လာသိရှိထားသော အလွန် ကြီးမားသည့် အင်အားများကို မှားယွင်းစွာ အသုံးပြုကြခြင်းဖြင့် မကောင်းမှုများကို ကျူးလွန်မိလာကြကြောင်း ဘဝဟောစာတမ်းများက အထပ်ထပ် ဖော်ပြကြ၏။ သူတို့သည် လျှပ်စစ်အားနှင့် စိတ်တန်ခိုးများနှင့်

---

၁။ Florida ၂။ Miami ၃။ Bimini

စပ်လျဉ်း၍ အကြီးမားဆုံးသော အကျင့်ပျက်မှုကြီးများကို ကျူးလွန်ခဲ့ကြ၏။ အထူးသဖြင့် အတင်းအဓမ္မ အလုပ်လုပ်ခိုင်းရေးအတွက် ဖြစ်စေ၊ ကာမဆန္ဒ အာသာဖြေဖျောက်ရေးအတွက် ဖြစ်စေ အခြားသူများအပေါ်၌ စိတ်ညှို့ပညာ တမျိုးကို အသုံးပြုခဲ့ကြ၏။

အကယ်၍သာ ဤအချက်ကို ကြောင်းရင်းမှန်အနေဖြင့် လက်ခံနိုင်လျှင် ဤရှေးဟောင်းတိုက်သားတို့၏ အကျင့်စာရိတ္တ ပျက်ပြားမှုများကို လျှပ်စစ်ပညာ၊ သဘာဝလွန် သဘောတရားများနှင့်ဆိုင်သောပညာ၊ စိတ္တဗေဒပညာတို့ မထွန်းကားသေးသော ခေတ်များ၌ ကောင်းမွန်ပြည့်စုံစွာ ပြန်လည် ပြုပြင် ပေးနိုင်ဦးမည် မဟုတ်ကြောင်းကို သဘောပေါက်နိုင်ပေသည်။

လူတဦးတယောက် အစားကြူးခြင်းကို ပယ်ဖျောက်မှု အောင်မြင်သည် မအောင်မြင်သည်ကို နောက်ဆုံး စမ်းသပ်ခြင်းမှာ ထိုသူ့ကို သူကြိုက်တတ်သော အစားအသောက်များဖြင့် ဝန်းရံထားပြီးလျှင် မျှတရုံသာ စား,မစား ကြည့်နေခြင်းပင် ဖြစ်သည်။

လူတဦးတယောက်ကို ဖွံ့မက်စရာကောင်းသည့် မိန်းမလှများ အကြားတွင် ထားသောအခါ ထိုလူသည် သွေးဆောင်ဖျားယောင်းမှုကို **စိန့်အန်ထော်နီ**[၁] ၏ ခေါင်းမာလှသော ဖွဲ့မျိုးဖြင့် မတွန်းလှန်နိုင်လျှင် ထိုသူ့ကို သူ၏ ကာမဆန္ဒကို အောင်နိုင်သူဟု မဆိုနိုင်ချေ။

အလားတူပင် အဆင့်မြင့်လှသည့် အတ္တလန္တိတ်ခေတ် သိပ္ပံပညာကြောင့် ရရှိထားသော ကြီးမားသည့် တန်ခိုးအာဏာကို အလွဲသုံးစား ပြုသူများသည် နောင်အခါတွင် အလားတူ တန်ခိုးအာဏာများကို ရရှိပြန်သည့်အခါ အပြု သဘောဖြင့် မှန်ကန်စွာ အသုံးမပြုနိုင်လျှင် ထိုသူတို့ကို တကိုယ်ကောင်းဆန်ခြင်း နှင့် အာဏာမက်မောခြင်းကို ပြောင်းလဲပစ်နိုင်သူများဟု မဆိုနိုင်ချေ။

---

၁။ စိန့်အန်ထော်နီ (St. Anthony)သည် အီဂျစ်ပြည်ဖွား ခရစ်ယာန် ဘုန်းတော်ကြီးတပါး ဖြစ်၍ အေဒီ ၃၅၆ တွင် ခရစ်ယာန်ရဟန်းအဖွဲ့ကို စတင် တည်ထောင်သူဟု အဆိုရှိ၏။

**ဘာကြောင့် စက်မှု တိုးတက်သလဲ** သမိုင်း၏ တပတ်လည်လာသော တိုးတက်မှုက နှစ်ဆယ်ရာစုနှစ်ကို အဆိုပါ ခေတ်မျိုးအဖြစ် ဖန်တီးပေးလိုက်၏။ ထို့ကြောင့် အတ္တလန္တိတ်ခေတ်မှ လူသား အမြောက်အမြားပင် ဤခေတ်၌ လူဖြစ်လာကြကြောင်းကို ကေစီ မှတ်တမ်းများအရ ကျွန်ုပ်တို့ သိရှိရ၏။ သို့ဖြစ်ရာ လက်ရှိခေတ်၏ အံ့ဩဖွယ်ရာ စက်မှုပညာကို အသွင်နှစ်မျိုးဖြင့် နားလည်နိုင်ပေသည်။

**ပထမ**အနေဖြင့် အတ္တလန္တိတ်ခေတ် အောင်မြင်မှုများကို သတိရမှတ်မိသူများ၏ ရဲရင့်၍ ထူးကဲစွာ ထိုးထွင်းသိမြင်တတ်သည့် ဉာဏ်စွမ်းကြောင့် ရရှိသည့် အကျိုးများအဖြစ် နားလည်နိုင်၏။ **ဒုတိယ**အနေဖြင့် အဆိုပါ သတ္တဝါများသည် တကိုယ်ကောင်းဆန်မှုနှင့် ယဉ်ကျေးအောင် ပြုပြင်ထားသည့် ရိုင်းစိုင်းရက်စက်မှုဆီသို့ သွေးဆောင်ဖျားယောင်းခြင်းကို တောင့်ခံနိုင်မည့် အရည်အချင်းကို ကြားကာလ ရာစုနှစ်များအတွင်း ရရှိသည် မရရှိသည်ကို ဆုံးဖြတ်ရေးအတွက် စမ်းသပ်ကွင်းအဖြစ်ဖြင့် နားလည်နိုင်၏။

သို့ဖြစ်လျှင် သင့်လျော်သော ယဉ်ကျေးမှုခေတ်ကို စောင့်ဖို့ လိုအပ်ချက်သည် ကံ၏ အကျိုးပေးဆိုင်းငံ့ရန် ဆုံးဖြတ်ခြင်း၌ ပဓာန အကြောင်းအချက်ဖြစ်ဟန်တူပေသည်။ ယင်းသို့ ကံအကျိုးပေး ဆိုင်းငံ့ခြင်းမှာ သမိုင်း၏ တပတ်လည်လာသော တိုးတက်မှုနှင့်လည်းကောင်း၊ သတ္တဝါ တစုစီ တစုစီ၏ ဤကမ္ဘာပေါ်၌ လူဖြစ်ရမည့် ခေတ်၊ မဖြစ်ရမည့် ခေတ်တို့ တလှည့်စီ မှန်မှန် ပြောင်းလဲနေမှုနှင့်လည်းကောင်း ဆက်စပ်နေဟန် တူပေသည်။

**ကြို့တင် ဆုံးဖြတ်ပေးမှု မဟုတ်** မြောက်မြားလှစွာသော လူများနှင့် လူမျိုးစုများသည် ဤကဲ့သို့ စကြဝဠာ သဘာဝအရ လူပြန်ဖြစ်ခြင်း၏ စနစ်ကျမှုသို့ လိုက်နိုင်ကြသည် ဆိုခြင်းမှာ ယုတ္တိတန်သည့် လက္ခဏာရှိပေသည်။

သို့ရာတွင် သတ္တဝါ အစုကြီးအတွင်းရှိ သတ္တဝါ အစုကလေးများ၏ ပြန်လည်ဖြစ်ပေါ်ခြင်းနှင့် သတ္တဝါ အစုကလေးများအတွင်းရှိ သတ္တဝါ တဦးစီ၏ ပြန်လည် ဖြစ်ပေါ်ခြင်းသည်ပင် စက်ယန္တရားဆန်ဆန် မှန်မှန် ဖြစ်ပေါ်နေသော ကြို့တင် ဆုံးဖြတ်သတ်မှတ်ပေးမှု ကိစ္စသက်သက် မဟုတ်တန်ရာ။ ယင်းအချက်ကို ကေစီမှတ်တမ်းပါ စာပိုဒ်အမျိုးမျိုးက ညွှန်ပြလျက် ရှိ၏။ သတ္တဝါများနှင့် သတ္တဝါ အစုများသည် ဆုံလည်တံခါး၏ အလိုအလျောက် စနစ်ကျန မှန်ကန်ခြင်းမျိုးဖြင့် လူ့ဘဝသို့ ပြန်လည် ရောက်ရှိလာကြသည် မဟုတ်ပေ။ ဤအရာ၌ အခြားအရာများ၌ကဲ့သို့ပင် အလိုဆန္ဒ လွတ်လပ်မှု ရှိသဖြင့် သတ္တဝါ တဦးစီသည် သို့မဟုတ် သတ္တဝါ အစုတစုသည် မိမိအလိုရှိလျှင် တချိန်ချိန်၌ ပြန်လည်ဖြစ်ပေါ်ဖို့ရာ ရွေးချယ်နိုင်ပေသည်။

သို့ဆိုသော် ဤအချက်က နောက်ထပ်ရှုပ်ထွေးမှုတခုကို ဖြစ်စေပြန်၏။ ယင်းရှုပ်ထွေးမှုမှာ ဤသို့တည်း။ အကယ်၍သာ အခြားသော သတ္တဝါတဦးဦး၊ သို့မဟုတ် သတ္တဝါတစုစုနှင့် ပတ်သက်၍ မိမိမှာ အရည်အချင်းအချို့ ဖွံ့ဖြိုးတိုးတက်စေဖို့ လိုအပ်လျှင် ထိုသတ္တဝါသည် အခြားသတ္တဝါများ လူအဖြစ် ရယူရန် ရွေးချယ်ထားသော အချိန်နှင့် ကိုက်ညီအောင် သူ၏ လူ့အဖြစ် ရယူရေးကို နှောင့်နှေးဆိုင်းငံ့ထားရန် လိုအပ်ပေလိမ့်မည်။

ဤကဲ့သို့ ဆိုင်းငံ့ထားခြင်းသည် အချိန်ကာလ လွန်စွာ ကြာမြင့်နေပါမူ သူသည် အခြားဘက်က ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် လုပ်ဆောင်ရေးအတွက် ထိုအချိန်အတွင်းမှာပင် လူ့အဖြစ်ကို ပြန်လည် ရယူရန် သင့်လျော်ကြောင်း တွေ့ရကောင်း တွေ့ရပေလိမ့်မည်။ ဤသို့အားဖြင့် အကျိုးပေးရန် ဆိုင်းငံ့နေသော ကံအဖြစ် ကျွန်ုပ်တို့ သိမှတ်ထားခဲ့သော ဆန်းကြယ်သည့် အခြေခံ သဘာဝကို ဖြစ်ပေါ်စေလေသည်။

စင်စစ်မူ ဤ ခြိုင်၍ ဆင်ခြင်ကြံဆချက်များကို သိပ္ပံနည်းကျ တိကျသေချာစွာ ပြုလုပ်နိုင်သည်ကား မဟုတ်ပေ။ ဤအရာသည် ဤသို့ ဖြစ်သည်ဟူသော ကေစီဟောစာတမ်းများ၌ ပြန့်ကြဲ၍ အထပ်ထပ် တွေ့ရသော အရိပ်ပြ စကားများပေါ်တွင် အခြေခံကာ တင်ပြခြင်းမျှသာ ဖြစ်ပေသည်။

**အဓ္ဈတ္တအကြောင်း** အထက်၌ ဖော်ပြခဲ့သော အကြောင်းအချက်များသည် ကံတရား၏ အကျိုးပေး ဆိုင်းငံ့နေမှုကို ဆုံးဖြတ်သတ်မှတ်ပေးသော ဗဟိဒ္ဓအကြောင်း သက်သက်ကိုသာ ညွှန်ပြ၏။ သို့သော် ယင်းသို့ ဆုံးဖြတ်သတ်မှတ်ပေးသော အဓ္ဈတ္တအကြောင်းများလည်း ရှိဟန်တူပေသည်။ ပို၍ အရေးမကြီးစေကာမူ တန်းတူလောက် အရေးကြီးသော အချက်တချက်မှာ ကံတရားကို ရင်ဆိုင်တွေ့ဖို့ရာ အင်အား လိုအပ်သည်ဟူသော စိတ်ဓာတ်ရေးဆိုင်ရာ အချက်ပင် ဖြစ်သည်။ တိုက်ခိုက်ရေးအတွက် အဆင်သင့်ဖြစ်စေသော လိုအပ်သည့် အရည်အချင်းများ ရရှိရန် ထိုသတ္တဝါအား အခွင့်အရေးပေးရပေမည်။ သို့မဟုတ်က ကံတရား၏ တာဝန်သည် ကြီးပွားတိုးတက်ရေးထက် ဖျက်ဆီးရေး၌ ပို၍ အကျိုးသက်ရောက်လောက်အောင်ပင် လွှမ်းမိုးလာပေလိမ့်မည်။

ဆင်းရဲဒုက္ခ ခံစားရသူ လူများစွာတို့သည် သူတို့ ဆင်းရဲဒုက္ခ ခံစားရခြင်း၏ အကြောင်းရင်း အခြေခံကို အတိတ်ဘဝပေါင်းများစွာ အလွန်၌ တွေ့ရကြောင်း သူတို့၏ ကေစိဟောစာတမ်းများမှ လေ့လာ သိရှိကြသဖြင့် ကံအကျိုးပေး ဆိုင်းငံ့မှုနှင့် ပတ်သက်၍ သိလိုစိတ် ရှိခဲ့ကြ၏။

နောက်ပိုင်း ဟောစာတမ်းများတွင် ဤအချက်ကို မေးမြန်းစုံစမ်းကြသော လူအားလုံးပင် အခန်း(၅)တွင် ဖော်ပြခဲ့သော ခြေမသန်သည့် မိန်းကလေးအား ပေးသောအဖြေနှင့် ထပ်တူနီးပါး အဖြေကိုသာ ရရှိခဲ့ကြ၏။ အဆိုပါ မိန်းကလေးက "ဤသတ္တဝါသည် ရောမခေတ်က ကံကို ကောင်းအောင် ပြုလုပ်ဖို့ရာ အဘယ်ကြောင့် ယခုဘဝအထိ စောင့်နေရပါသနည်း"ဟု မေး၏။ အဖြေမှာ "သူသည် ယခင်က ယင်းသို့ ပြုလုပ်ရန် မစွမ်းဆောင်နိုင်သေးသောကြောင့်" ဟူ၍ ဖြစ်၏။ ဤ မစွမ်းဆောင်နိုင်မှုမှာ ဗဟိဒ္ဓကန့်သတ်ချက်ထက် အဓ္ဈတ္တစွမ်းရည်၏ ကိစ္စဖြစ်ကြောင်း ရှေ့နောက် အစပ်စကားများက ထင်ရှားစေ၏။

ဤဖြစ်ရပ်နှင့် အခြားဖြစ်ရပ်များ၌ ကြားကာလ ဘဝများကို စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ထိုဘဝတို့သည် ခိုင်မာသောအရည်အချင်းကို ရရှိရေးအတွက် လိုအပ်သော အတွေ့အကြုံများဖြစ်ကြောင်း တွေ့ရ၏။

**သူ့ကိုကြည့်ပါ** ပုံစံအဖြစ် ပြရလျှင် ကားချင်းတိုက်မိရာတွင် ဒဏ်ရာရခဲ့သော ၁၆ နှစ်အရွယ် ကလေး၏ ဖြစ်ရပ်ကို ကျွန်ုပ်တို့ ပြန်လည် ဖော်ညွှန်းရမည် ဖြစ်၏။ ဤဖြစ်ရပ်၌ ကံတည်းဟူသော မျိုးစေ့ကို ရှေးဟောင်း ရောမတိုင်းပြည်၌ စိုက်ပျိုးခဲ့ကြောင်း သတိပြုမိကြပေလိမ့်မည်။ သို့ရာတွင် အမေရိကန်တော်လှန်ရေးခေတ်၌ အတွေ့အကြုံတခုကြောင့် သူသည် သတ္တိရှိခြင်း၊ ပျော်ပျော်နေတတ်ခြင်း၊ တွေ့သမျှကြုံသမျှကို အကောင်းဘက်က ကြည့်နိုင်စွမ်း ရှိခြင်း ဟူသော အရည်အချင်းအချို့ကို ဖွံ့ဖြိုးတိုးတက်စေသည့် အခွင့်အရေးကို ရရှိခဲ့၏။ ဤသည်တို့မှာ ယခုဘဝတွင် ထိုက်၏ အကျိုးဖြစ်သည့် ဆင်းရဲဒုက္ခကို ခံရရေးအတွက် လိုအပ်သော အရည်အချင်းများ ဖြစ်ကြ၏။

**ဘဏ်ကြွေးဆပ် ဥပမာ** မှတ်သားလောက်သော ဥပမာတခုကို ငွေချေးယူခြင်းနှင့် ပတ်သက်သည့် လူအများ သိနေသော လုပ်ငန်းတခု၌ တွေ့ရ၏။ ဘဏ်တခုမှ ဒေါ်လာ ငါးထောင် ချေးသော လူတယောက်သည် ထိုချေးငွေကို နောက်တနေ့တွင် ဖြစ်စေ၊ နောက်တပတ်တွင် ဖြစ်စေ၊ နောက်တလတွင် ဖြစ်စေ ပြန်လည် မပေးဆပ်နိုင်ပေ။ နောက်တနှစ် သော်မှ ပေးဆပ်ကောင်းမှ ပေးဆပ်နိုင်ပေမည်။ ထို့ကြောင့် ငွေချေးယူသူသည် ပြည့်စုံလုံလောက်သောငွေကြေး ရနိုင်မည့် အရင်းအမြစ်များကို စုဆောင်းနိုင် စေရန် သူ့ကို အချိန်ပေးရ၏။ ထိုသူ၌ ကြွေးဆပ်ဖို့ရာ ဘာမျှမရှိကြောင်း သိသာထင်ရှားနေသည့် နောက်ရက်သတ္တပတ်၌ ကြွေးတောင်းလျှင် သင့်လျော်မည် မဟုတ်ပေ။

လူ့ကျင့်ဝတ်လောက၌ တင်ရှိနေသော ကံကြွေးကို ပေးဆပ်ရာ၌လည်း အလားတူပင် ပြုမူရ၏။

**စိုးရိမ်နှောင့်လို့ ကြောင့်ကြမအေး** တနေ့နေ့တွင် တမလွန်ဘဝ အယူအဆ၏ အခြေခံမှု များကို အများလက်ခံလာ၍ ကမ္ဘာ့ဝါဒကို အရှေ့တိုင်း သားများ သဘောပေါက်သကဲ့သို့ အနောက်တိုင်းသား

များလည်း အနည်းဆုံး အကြမ်းဖျင်းဖြစ်စေ သဘောပေါက်လာလျှင် အကျိုးပေး ဆိုင်းငံ့နေသောကံသည် လူပေါင်းများစွာတို့အတွက် စိုးရိမ်မှု၏ အခြေခံ အရင်းအမြစ် ဖြစ်လာကောင်း ဖြစ်လာပေမည်။ အတိတ်က ရက်စက် ကြမ်းကြုတ်မှု တခုခုသည် ဤဘဝ၌ဖြစ်စေ၊ နောက်လာမည့် ဘဝတခုခု၌ဖြစ်စေ မျက်စိကွယ်သည့် အသွင်ဖြင့် အနာဂတ်ကြွေးဆပ်မှုကို တောင်းဆိုနိုင်သည် ဟူသော စဉ်းစားဆင်ခြင်မှုသည် စိတ်မချမ်းမြေ့စရာ တခု ဖြစ်ပေသည်။

စွဲလမ်းလွယ်သော စိတ်ကူးယဉ်မှု၌ ကျွန်ုပ်တို့ မသိနိုင်သော ကံကြွေးသည် **ဒမော်ကလိ၏ဓား**[၁] ကဲ့သို့ ခေါင်းပေါ်တွင် တွဲလဲဆွဲလျက် ပေါ်လာကောင်း ပေါ်လာပေမည်။ သို့မဟုတ် လမ်းကွေ့အလွန်တွင် အသားစား တိရစ္ဆာန်တကောင် ဝပ်လျက် စောင့်နေသကဲ့သို့ စောင့်နေကောင်း စောင့်နေ ပေမည်။ တမလွန် မရှိဟု ယူဆသောခေတ်၌ နတ်ဆိုးနှင့် ငရဲမီးတို့သည် စိတ်ကူးနှင့် ကြောက်နေရသည့်အရာများ ဖြစ်သကဲ့သို့ ထို့အတူပင် တမလွန်ဝါဒ ခေတ်၌လည်း အကျိုးပေး ဆိုင်းငံ့နေသောကံသည် စိတ်ကူးနှင့် ကြောက်နေရ သည့်အရာ ဖြစ်ကောင်း ဖြစ်နေပေမည်။

**ခရစ်ယာန်သိပ္ပံအသင်းဝင်များ**[၂] က အပြစ်၊ အနာရောဂါ၊ သေခြင်း၊ အမှားနှင့် ရုပ်တရားတို့ကို ငြင်းပယ်ကြသကဲ့သို့ **အတွေးအမြင်သစ်ဂိုဏ်း**[၃] ခေါင်းဆောင်များသည်လည်း အထက်ဖော်ပြပါ အကြောက်ဘက်သို့ ညွှတ်နေ သော စိတ်ကို တားဆီးရန် အကျိုးပေး ဆိုင်းငံ့နေသော ကံကို ငြင်းပယ်သည် အထိ ဖြစ်လာနိုင်ပေသည်။ ဤကဲ့သို့သော ငြင်းပယ်မှုများ၌ ကြီးမားသော လမ်းညွှန်စွမ်းအား ရှိသဖြင့် နာမ်ဓာတ်ဆိုင်ရာ ခွန်အားဘက်၌ ခိုင်မာသော အကျိုးတရားများကိုပင် ပြီးမြောက်စေနိုင်မည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

---

၁။ ဒမော်ကလိ (Damocles)သည် ဘီစီ ၄ ရာစုနှစ်၌ ဆိုက်ရာကျု(စ်)(Syracuse)နိုင်ငံကို အုပ်စိုးသော ဂရိတ်ဘုရင် ဒိုင်အိုနီးရှပ်(Dionysious)၏ နန်းတွင်းအမှုထမ်းတဦး ဖြစ်သည်။ သူသည် ဘုရင်၏ စည်းစိမ်ချမ်းသာကို မြှောက်ပင့်ချီးကျူးလွန်းသောကြောင့် ဘုရင်က မင်းစည်းစိမ်၏ အချိန်မရွေး ပျက်စီးတတ်သောသဘောကို ဒမော်ကလိ သိမြင်စေရန် သူ့ကို အလွန်ကောင်းမွန် မြိုင်ဆိုင်လှသော ညစာစားပွဲ၌ ထိုင်စေ၍ သူ၏ ခေါင်းပေါ်တွင် ဓားတချောင်းကို ဆံချည်တမျှင်တည်းဖြင့် ချည်၍ ဆွဲချိတ်ထားစေ၏။

၂။ Christian Scientists ၃။ New Thought School

သို့ရာတွင် ရုပ်တရား၊ အပြစ်နှင့် ကံတို့ကို နှုတ်သက်သက်ဖြင့် ငြင်းဆိုနေခြင်းသည် ယင်းတို့ကို အမှန်တကယ် လုံး၀ ဖျက်ဆီးပစ်ခြင်း မဟုတ်ပေ။ ဘ၀တလျှောက်လုံးတွင် ကျွန်ုပ်တို့၏ အလုပ်မှာ ရုပ်တည်းဟူသော အစစ်အမှန်တရားမှ ပုန်းကွယ်နေရန် မဟုတ်ပေ။ ထို အစစ်အမှန်တရားကို ထိန်းချုပ်ရန်၊ အမိန့်ပေးရန်နှင့် နာမ်တရား၏ မြင့်မားသော အလွှာမှ ယင်းရုပ်တရားကို ဖန်တီးယူရန် ဖြစ်ပေသည်။ ရုပ်ဟူသည်မှာ စိတ်ဝိညာဏ်ဟု ခေါ်လိုက ခေါ်နိုင်သော စွမ်းအင်ကို စုခဲထားခြင်းသာ ဖြစ်၏။ တနည်းဆိုသော် ရုပ်ဆိုသည်မှာ တုန်ခါမှု အရှိန်အားသေးသော စိတ်ဝိညာဏ်မျှသာတည်း။

**ကျလာသောတာဝန်ကို ရှောင်လွှဲလို့ မရ**

အပြစ်နှင့် ကံတို့ကို ငြင်းပယ်ခြင်းနှင့် ပတ်သက်၍လည်း အလားတူပင်ဖြစ်၏။ တမလွန် အယူရှိသူများ အလိုအရဆိုသော် ယခု လက်ငင်းအကျိုးပေးသော (ဒိဋ္ဌဓမ္မဝေဒနီယ)ကံကို ဖြစ်စေ၊ အကျိုးပေး ဆိုင်းငံ့နေသော (ဥပပဇ္ဇဝေဒနီယနှင့် အပရာပရိယဝေဒနီယ)ကံကို ဖြစ်စေ ငြင်းပယ်ခြင်းသည် ပေးစရာကြွေးရှိသည်ကို ငြင်းပယ်ခြင်းနှင့်လည်းကောင်း၊ သင်ယူစရာ သင်ခန်းစာရှိသည်ကို ငြင်းပယ်ခြင်းနှင့်လည်းကောင်း တူညီ၍ သဘော အစစ်အမှန်အားဖြင့် မရိုးဖြောင့်သော စိတ်ထားပင် ဖြစ်၏။

လူတဦးတယောက်သည် မိမိအတွက် ကျရောက်လာသော တာဝန်များ ရုပ်သဘောရှိသည် ဖြစ်စေ၊ နာမ်သဘောရှိသည် ဖြစ်စေ ထိုတာဝန်နှင့် ပတ်သက်၍ လိမ်ညာလှည့်ဖြားတတ်သည် ဆိုလျှင် ထိုသူသည် လေးစားမှုနှင့် မထိုက်တန်ချေ။ ထို လိမ်ညာလှည့်ဖြားရန် ကြိုးစားမှု၌ စိတ်ဓာတ်ကပြောင်းကပြန် ဖောက်ပြန်မှုများ ပါဝင်ပေသည်။ ထို့ကြောင့် ကံတရားကို ငြင်းပယ်ခြင်းသည် ထမ်းဆောင်ရမည့် တာဝန်ကို ပရိယာယ်ဖြင့် ရှောင်လွှဲဖို့ရာ ကြိုးစား အားထုတ်သောသဘော သက်ရောက်သည်ဆိုသော အချက်ကို ထိုငြင်းပယ်မှုက ပြောင်းလဲမပစ်နိုင်ပေ။

သို့သော် ဤသို့ဆိုခြင်းမှာ အိပ်မွေ့ညွှန်ကြားချက်ကို အသုံးမပြုသင့်ဟု ဆိုခြင်း မဟုတ်ပေ။ ထိုသို့ မဆိုသင့်ရုံမျှမက စိတ်စွဲကြီးမှုများနှင့် အပြစ်သည် စက်ယန္တရားသဘော ရှိသည်ဟူသော ယူဆချက်များကို ဖြေရှင်းရာ၌ ဖြစ်စေ၊ စိတ်သဘောထား အမှန်ကို ရှင်းလင်းဖော်ထုတ်ရာ၌ ဖြစ်စေ ယင်း အိပ်မွေ့ညွှန်ကြားချက်များမှာ လွန်စွာ အထောက်အပံ့ ရပေသည်။

**စိတ်ကို ပြုပြင်နိုင်** ဤအချက်နှင့် ပတ်သက်၍ မှတ်သားလောက်သော အဖြစ်အပျက်တခုကို ကျွန်ုပ်တို့ တွေ့ခဲ့ရပေပြီ။ ထိုဖြစ်ရပ်မှာ အခြားမဟုတ်၊ အိပ်ရာထဲတွင် ဆီးသွားသော ကလေးကို ကုသပျောက်ကင်းစေသည့် ဖြစ်ရပ်ပင် ဖြစ်၏။ ယင်းကိစ္စ၌ အပြစ်ကိုသိနေသော မသိစိတ်ဆီသို့ အိပ်မွေ့ညွှန်ကြားချက်ကို ပို့ပေးခဲ့၏။ အမှတ်လက္ခဏာ သဘောပါသော ပြစ်ဒဏ်ပေးမှုကို သူ့အား ခံရစေသောအရာမှာ မိမိကိုယ်ကို အသုံးမကျသူဟု ခံယူထားသော သူ၏ ခံစားချက်ပင် ဖြစ်သည်။ ဤ အပြစ်ရှိသော ခံစားချက်ကို ချေဖျက်ပစ်ခြင်းအားဖြင့် လည်းကောင်း၊ ယင်းသို့ ချေဖျက်လိုက်ခြင်းကြောင့် သူ၏ လူသားအပေါင်းအဖော်များအား ကူညီ တတ်သည့် သဘောကို ဖော်ပြရန် သူ့ကို လွတ်လပ်ခွင့် ပေးလိုက်ခြင်းအားဖြင့် လည်းကောင်း သူ၏ ရုပ်ကိုယ်အခြေအနေကိုရော ပုဂ္ဂိုလ်အရည်အသွေးကိုပါ ပြောင်းလဲပစ်လိုက်နိုင်ပေသည်။ နှာချေရောဂါ ဖြစ်ရပ်၌လည်း အိပ်မွေ့ချခြင်းနှင့် နက်နဲသော အိပ်မွေ့ညွှန်ကြားချက်ကို ပြုလုပ်ရန် ကေစီဟောစာတမ်းက ထောက်ခံခဲ့ပေသည်။

သို့ရာတွင် ဖြစ်ရပ် ၂ ခုအနက် မည်သည့်ဖြစ်ရပ်တွင်မျှ ကုသရန် ညွှန်ကြားချက်သည် ငြင်းပယ်ခြင်းသဘော မရှိချေ။ ငြင်းပယ်ခြင်းသဘော မရှိရုံမျှမက လူနာ၏ ကောင်းဂုဏ်ကို အခိုင်အမာ ပြုပေးခြင်းနှင့် စိတ်ဓာတ် ညီညွတ်သည့်သဘောကို သိသော အသိစိတ်များ ပေါင်းစပ်ပါဝင်ဖို့ပင် ညွှန်ကြားထားပေသေးသည်။

အကယ်၍ စိတ်ကုဆရာများသည် ကံအကြောင်းတရားကိုဖြစ်စေ၊ အကျိုးပေးမည် တကဲကဲဖြစ်နေသော ကံကိုသိနေသည့် အသိစိတ်၏ ဖိနှိပ်ညှဥ်းပန်းမှုကိုဖြစ်စေ၊ ကုသလိုလျှင် အတိတ်က တာဝန်ရှိခဲ့ခြင်းကို ရိုးသားစွာ ဝန်ခံခြင်း၊ ထိုတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လိုသည့် ဆန္ဒကို ရိုးသားစွာ ဖော်ပြခြင်း၊ နောက်ဆုံးတွင် ကံတရား စတင် အကျိုးပေးနိုင်စေရန် မရှိမဖြစ်သော အင်အားကို အခိုင်အမာပြုပြင်ပေးခြင်းများကို ပြုလုပ်ပေးသင့်သည့် သဘော ရှိပေသည်။

အကယ်၍ တမလွန်ဘဝဝါဒကို လက်ခံရမည်ဆိုလျှင် လူသားမျိုးဇာတ်သည် နာမ်သဘောအားဖြင့် မရင့်ကျက်သေးသောကြောင့် လူသားတို့သည် အနာဂတ်ဘဝများတွင် မနှစ်မြို့ဖွယ်သော ကံတို့၏ အကျိုးပေးမှုကို မျှော်လင့်ရမည် ဆိုသည့်အချက်ကို ရင်ဆိုင်ဖို့ရာ လိုအပ်ပေသည်။ သို့ရာတွင် ဤအချက်သည် ကြောက်ရွံ့မှုနှင့် စိုးရိမ်မှု၏ အခြေခံအကြောင်းရင်း မဖြစ်သင့်ပေ။

ဤသို့ဆိုခြင်း၌ အကြောင်း ၂ချက် ရှိ၏။ **ပထမအကြောင်းမှာ "ယခု နေ့၌ရှိသော မကောင်း,မသင့်သော အရာသည် ယခု နေ့အဖို့ လောက်ပေ၏"**[၁] ဟူသော ရှင်မဿဲ ခရစ်ဝင် (၆:၃၄)၌ လာသောစကားသည် နေ့စဥ်,နေ့တိုင်း စိုးရိမ်ကြောင့်ကြ မရှိဘဲ အေးချမ်းစွာနေခြင်းကိုသာ ဆိုလိုသည် မဟုတ်ပေ။ ဘဝ၏ ဆင်းရဲဒုက္ခများသည် မည်မျှပင် ကြီးမားနေစေကာမူ ထိုဒုက္ခအသီးသီးသည် ပုဂ္ဂိုလ်အသီးသီး၏ ခွန်အားနှင့် လိုက်လျောညီထွေ ရှိရုံမျှသာ ဖြစ်ပေသည်ဟု ယုံကြည် စိတ်ချကာ တဘဝလုံး တည်ငြိမ်အေးဆေးစွာ နေထိုင်ခြင်းကိုလည်း ဆိုလိုပေသည်။ ကျွန်ုပ်တို့ မခံနိုင်အောင် ကြီးမားသည့် ကံတရားနှင့် ကျွန်ုပ်တို့ မည်သည့်အခါမျှ ဆက်စပ် ပတ်သက်ခြင်း မရှိပေ။

---

၁။ Sufficient unto the day is the evil thereof.
(St. Mathew 6: 34)

**ဒုတိယအကြောင်းမှာ** ကျွန်ုပ်တို့သည် ကံတရားကို ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ အနာဂတ်၏ စိတ်မချရသော သဘောမှာကား ကျွန်ုပ်တို့နှင့် အမြဲတစေ အတူ ရှိနေ၏။ အကယ်၍သာ အနာဂတ်ကာလတွင် ကျွန်ုပ်တို့ပေါ်သို့ ကျရောက်ကောင်း ကျရောက်မည့် ဘေးဆိုး, ကပ်ဆိုးကြီးများသည် အကြောင်းမဲ့ မတော်တဆဖြစ်ခြင်း မဟုတ်ဘဲ ကံကြောင့်သာ ဖြစ်ပါမူ ယင်းကံတရားသည်လည်း တရားမျှတမှုကို အစဉ်အမြဲ အာမခံနိုင်လောက်အောင် အစီအစဉ်တကျ ပြုလုပ်ထားသည့် သဘာဝနိယာမ တခု၏ ဆောင်ရွက်ချက်ကို ကိုယ်စားပြုပါမူ ကျွန်ုပ်တို့၏ ကြောက်ရွံ့ စိုးရိမ်မှုများသည် ကြီးမားပြင်းထန်လာရမည့်အစား လျော့ပါး၍ပင် သွားပေလိမ့်မည်။

**ကြွေးဆပ်ခြင်း** လူသည် အနာဂတ်ဆင်းရဲဒုက္ခများကို ကြောက်ရွံ့တတ်ခြင်းမှာ နားလည်နိုင်သော သဘော ဖြစ်၏။ သို့သော် တရားမျှတစွာဖြင့် သူ့ဆီသို့ ရောက်ရှိလာမည့် ဆင်းရဲဒုက္ခများကို ကြောက်ရွံ့တတ်ခြင်းမှာမူ မသင့်လျော်ပေ။ အဘယ်ကြောင့်ဆိုသော် အသိ ကျယ်ပြန့်ရေးနှင့် ပညာပေး သဘောအနေဖြင့် ရောက်ရှိလာကြခြင်း ဖြစ်သောကြောင့်ပင်။ ကြွေးတင်နေသော ရိုးသား ဖြောင့်မတ်သောသူ တယောက်သည် ထိုကြွေးကို ပြန်လည် ပေးဆပ်ရေးကိုသာ စိတ်စောနေ၏။ သူသည် လဆန်းရက်တွင် ကြွေးစာရင်း ရောက်လာသောအခါ ပေးဆပ်နိုင်သည့် အခြေအနေ ရှိနေစေရန် နေ့စဉ် ငွေရေးကြေးရေး ကိစ္စများကို တာဝန်သိသိ ဂရုစိုက်လျက်ရှိ၏။ သူသည် လွှဲဖယ်မရအောင် အကြွေးစာရင်း ရရှိလာမည့်နေ့ကို တလလုံး ကြောက်ရွံ့စွာ စောင့်မျှော်မနေရပေ။ ထိုသို့ ကြောက်ရွံ့နေမည့်အစား သူသည် သူ၏ကြွေးဆပ်ရန် တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်သည်အထိ သူ၏ ကိုယ်အင်အား ဉာဏ်အင်အားများကို အသုံးပြု၏။

ကျွန်ုပ်တို့ မသိသော အတိတ်ဘဝများ၌ ချေးယူကောင်း ချေးယူခဲ့မည့် စာရိတ္တဆိုင်ရာ ကြွေးမြီများ၏ တိကျသော သဘာဝကို ကျွန်ုပ်တို့၏

နယ်ကျဉ်းစွာ သတ်မှတ်ထားသော အသိစိတ်ဖြင့် ကျွန်ုပ်တို့ မသိနိုင်ကြချေ။ ကျွန်ုပ်တို့မှာ ရိုးသားဖြောင့်မတ်ခြင်းနှင့် ရိုးဖြောင့်သော လူတို့၏ အမှတ်အသားဖြစ်သော လိုက်လျော သဘောတူခြင်း ရှိသင့်၏။ ဤအချက်က ပြန်လည်ပေးဆပ်လိုသော ဆန္ဒသက်သက်ဖြင့် အတိတ်ကံကြွေးများကို ပေးဆပ်ရန် ကျွန်ုပ်တို့ ကြိုးစားစေနိုင်ပေသည်။

**နာမ်ဓာတ်အရည်အသွေး လိုနေခြင်း**

သို့ရာတွင် "ကြွေး" ဟူသော စကားလုံးသည်ပင် ဤ နေရာ၌ လိုအပ်သည့် အဓိပ္ပာယ်ကို ဆောင်ကောင်းမှ ဆောင်ပေမည်။ ထို့ထက်ပို၍ သင့်လျော်သော စကားလုံးမှာ "လိုနေခြင်း" သို့မဟုတ် "ချို့တဲ့ခြင်း" ဟူသော စကားလုံး ဖြစ်ကောင်း ဖြစ်ပေမည်။ ခန္ဓာကိုယ်တွင် ဗိုက်တာမင် ဖြစ်စေ၊ အခြား ဓာတ်တမျိုးမျိုး ဖြစ်စေ လိုနေလျှင် ယင်း လိုနေသော ဓာတ်ကို ဖြည့်ပေးခြင်းဖြင့် ကုသရ၏။ ယင်း လိုနေသောဓာတ် ပြန်လည် မပြည့်မချင်း ရောဂါ မပျောက်ပေ။ ဤနည်းတူပင် အရေးပါ၍ အခြေခံအကျဆုံးသော သဘောအရဆိုသော် နာမ်ဓာတ်ဆိုင်ရာ အရည်အသွေး မပြည့်စုံခြင်း လိုနေခြင်းကြောင့် (အကုသိုလ်)ကံကို ပြုလုပ်မိကြသည်။ ထို့ကြောင့် ယင်းကံ ဖြစ်ပေါ်မှုများကို တည့်မတ် ပြုပြင်ပေးရန်မှာ ထိုကံကို စတင် ဖြစ်ပေါ်စေသော လိုနေသည့် နာမ်ဓာတ်ဆိုင်ရာ အရည်အသွေးကို ဖြည့်တင်းပေးရန်ပင် ဖြစ်ပေသည်။

သို့သော် ကံကို "ကြွေး"ဟုပင် ခေါ်ခေါ်၊ နာမ်ဓာတ်ဆိုင်ရာ အရည်အသွေး "လိုနေမှု" သို့မဟုတ် "ချို့တဲ့မှု"ဟုပင် ခေါ်ခေါ် မည်သို့ပင် ခေါ်သည်ဖြစ်စေ ယင်းကံ၏အကျိုးကို ခံစားရာ၌ ငြင်းဆန် တွန်းလှန်သည့်စိတ် မထားဘဲ လိုက်လျော သဘောတူသည့်စိတ်သာ ထားရပေမည်။

ကံတရား၏တည်ရှိနေခြင်းကို ငြင်းပယ်ခြင်းသည် လိုက်လျော သဘောတူခြင်းထက် ဆန့်ကျင်ပုန်ကန်သောသဘော ပို၍ သက်ရောက်၏။

အဘယ်ကြောင့်ဆိုသော် ဤသို့ ငြင်းပယ်ခြင်းသည် သံသရာတလျှောက်လုံး အတွက် အသိပညာ ရရေးထက် လက်ရှိဘဝ သာယာရေးကို လိုလားသည့် သဘောကို ဖော်ပြနေသောကြောင့်ပင်။

ကေစီဟောစာတမ်းများက ကံတရားနှင့် ပတ်သက်၍ ယောနိသော မနသိကာရစိတ်ထား မွေးမြူရန် အကြိမ်ကြိမ် အဖန်ဖန် အကြံပေးထား၏။ အောက်ပါ စာပိုဒ်သည် အထူး ညွှန်ပြအပ်သော အကြံပေးချက် ဖြစ်ပေသည်။

> အကယ်၍ (မိမိ၏) ဘဝအတွေ့အကြုံကို မိမိ၏ ကာမဂုဏ် လိုက်စားရေး၊ ကြီးကျယ်ခမ်းနားရေးနှင့် မိမိကိုယ်ကို မြှင့်မြှောက်ရေး အတွက် အသုံးပြုလျှင် ထိုသတ္တဝါသည် သူ၏ ပျက်စီးရာ ပျက်စီး ကြောင်းကို ပြုလုပ်ခြင်းပင် ဖြစ်သည်။ သူ တွေ့ကြုံရမည့် ကံကို သူ့ဘာသာ ဖန်တီးခြင်းပင် ဖြစ်သည်။ အမှားတိုင်း၊ စမ်းသပ်မှု တိုင်းနှင့် သွေးဆောင်မှုတိုင်းကို တွေ့ကြုံရာတွင် ယင်းတို့တွင် ယင်းတို့သည် နာမ်သဘောရှိသည် ဖြစ်စေ၊ ရုပ်သဘောရှိသည် ဖြစ်စေ ယင်းတို့ကို ချဉ်းကပ်ရာ၌ မိမိအလို မဟုတ်၊ ဘုရားသခင်၏ အလိုတော် ဖြစ်သည် ဟူသော စိတ်ထားဖြင့် ချဉ်းကပ်သင့်ပေသည်။

ဘုရားသခင်၏ အလိုတော် ဟူသော စကားကို စကြဝဠာ၏ သဘာဝနိယာမမှ တဆင့် ဖော်ပြသော အလိုတော်အဖြစ်ဖြင့် ဖြစ်စေ၊ ဆုတောင်းရာတွင် ကျွန်ုပ်တို့ ခေါ်ဝေါ်သော ဖခင်တည်းဟူသော ဝိညာဉ်တော်၏ အလိုတော်အဖြစ်ဖြင့် ဖြစ်စေ အဓိပ္ပာယ် ကောက်ယူနိုင်၏။ ဤစကားကို မည်သို့ပင် အဓိပ္ပာယ် ကောက်ယူသည် ဖြစ်စေ ကျွန်ုပ်တို့ထံသို့ ရောက်လာသော မည်သည့်ကံကိုမဆို လိုက်လျော သဘောတူခြင်းနှင့် ယုံမှတ်ကိုးစားခြင်းသဘော ရှိသင့်ပေသည်။

## အခန်း(၈)

# ကံတရားနှင့် ကျန်းမာရေး ပြဿနာ

**ကမ္မဝါဒနှင့် အိန္ဒိယပြည်** ကမ္မဝါဒကို ဘာမျှမလုပ်ဘဲ ခေါင်းငုံ့ခံရေးဝါဒ၊ လူပျင်းဝါဒ၊ လူ့ဘဝကို ကံကြမ္မာက ပုံသေချပေးလိုက်သည်ဟု ယူဆသော ဝါဒအဖြစ် အချို့က မှတ်ယူနေကြသည်။ ဤသို့ မှတ်ယူနေကြခြင်းမှာ လူအားလုံးနီးပါး ကမ္မဝါဒကို လက်ခံယုံကြည်ရာ ဖြစ်သည့် အိန္ဒိယပြည်၌ လူများသည် များသောအားဖြင့် ကံနှင့် ပတ်သက်လာလျှင် ဘာမျှမလုပ်ဘဲ လည်စင်းခံကြသည့်သဘော၊ ပျင်းရိနေတတ်ကြသည့်သဘော၊ ကံစီမံသည်ကိုတွန်းလှန်ပြုပြင်လို့ မရဟု ယူဆနေတတ်ကြသည့်သဘော ရှိနေပုံရသောကြောင့် ဖြစ်ပေသည်။

အိန္ဒိယပြည်၏ လူမှုရေး အခြေအနေများသည် ဝမ်းနည်းဖွယ် ဖြစ်သည်မှာ မှန်ပေသည်။ ကံတရားကို လက်ခံရာတွင် ဟိန္ဒူတို့၏ ခေါင်းငုံ့လည်စင်းခံတတ်သည့်သဘောကို တစိတ်တဒေသအားဖြင့် အပြစ်တင်ရန် ရှိသည်မှာလည်း မှန်ပေသည်။

သို့သော်လည်း အိန္ဒိယသူတော်စင်တို့ တရားတော်များသည် အချိန်နှင့် အမျှ တဖြည်းဖြည်း အယူသည်းသောသဘောသို့ သက်ရောက်သွားသည်မှာ တရားတော်တို့၏ ပင်ကိုယ်သဘောများ အရင်းအမြစ်ကစ၍ ပြောင်းလဲသွားသည် အထိပင် ဖြစ်သည်ကို သတိပြုရပေမည်။ အယူသည်းသော သဘောသို့ သက်ရောက်သွားသော ထိုတရားတော်တို့ကို ပညာမဲ့သူ လူအများတို့ လက်ခံယုံကြည်၍ လိုက်နာကျင့်သုံးကြသောအခါ၌ ထိုတရားတော်တို့၏ စိတ်ဓာတ်ဆိုင်ရာ အကျိုးသက်ရောက်မှုတို့ကို တမလွန်ဘဝ ယုံကြည်ရကျိုး၏ အကောင်းဆုံးပုံစံများအဖြစ် အသိအမှတ် မပြုနိုင်တော့ပေ။

ထို့ပြင် အင်အား ဆုတ်ယုတ်ကုန်ခန်းစေသော အိန္ဒိယရာသီဥတု ကလည်း အိန္ဒိယသားတို့၏ စိတ်ဓာတ်ရေးရာတွင် အရေးကြီးသောအချက် တခုအဖြစ် ပါဝင်နေပေသည်။ အိန္ဒိယသားတို့ မည်သည့်ဘာသာတရားကို လက်ခံယုံကြည်သည်ဖြစ်စေ သူတို့၏ ရာသီဥတုက သူတို့၏ စိတ်နေစိတ်ထား နှင့် အတွေးအမြင်တို့ကို ပြုပြင်ပြောင်းလဲစေမည်မှာ မုချဖြစ်ပေသည်။

စင်စစ်ဆိုသော် ကံကို ယုံကြည်မှုနှင့် ကံကို ဂရုမပြု လျစ်လျူရှုမှုတို့ အကြားတွင် စိတ်သဘောအရ လိုအပ်သော ဆက်စပ်မှု မရှိပေ။ ယင်းသို့ ဆက်စပ်မှု မရှိခြင်းသည် စစ်မှန်သောခရစ်ယာန်နှင့် ခရစ်ယာန်အတုအယောင်တို့ အကြားတွင် စိတ်သဘောအရ လိုအပ်သော ဆက်စပ်မှု မရှိခြင်းထက် မပိုပေ။ ခရစ်ယာန်ဘာသာ၏ သမိုင်းတလျှောက်တွင် ရှေးကရော ယခုပါ မြောက်မြား လှစွာသော ခရစ်ယာန် အတုအယောင်တို့ ပေါ်ပေါက်လာခဲ့ကြသည်။ ယင်း အတုအယောင်တို့အား ခရစ်တော်၏ တရားတို့ကို လိုက်နာရန် အမိန့်ပေး၍ မရပေ။

**ကမ္မဝါဒအပေါ် သဘောထားပုံ** တစုံတယောက်သောသူသည် ကမ္မဝါဒကို လက်ခံလျှင် ထိုသူသည် စကြဝဠာ၏ မည်သည့် သဘာဝ နိယာမ အပေါ်၌မဆို သဘောထားသကဲ့သို့ပင် ကမ္မဝါဒ အပေါ်၌လည်း လိုက်လျော သဘောတူသော သဘောနှင့် ယုံမှတ်ကိုးစားသော သဘောထားရှိရပေမည်။ သို့ရာတွင် သူသည် မည်မျှလောက် လိုက်လျော သဘောတူရမည်ကိုလည်းကောင်း၊ သူ့အပေါ်သို့ ကျလာသည့် ဖိညှပ်မှုကို မည်မျှလောက် လက်ခံရမည်ကို လည်းကောင်း သိလိုစိတ် ဖြစ်ရုံမှတပါး မည်သို့မျှ မတတ်နိုင်ပေ။ ဤပြဿနာသည် ကိုယ်ခန္ဓာ ဆိုင်ရာကံကြောင့် ဖြစ်သော ဆင်းရဲနှင့် ပတ်သက်သည့် အခြေအနေတွင် အထူးသဖြင့် သိသာ၏။

ဤအရာ၌လည်း အခြားနေရာများမှာလိုပင် ကေစီဟောစာတမ်းများသည် စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူ့ကျင့်ဝတ်နှင့် လက်တွေ့သဘောအရ တမလွန်ဝါဒ၏ အဓိပ္ပာယ်သက်ရောက်မှုနှင့် ပတ်သက်၍ တွေးဆချက် မေးခွန်းများကို တိကျထိမိသော အဖြေများ ပေးထားသော ကြောင့်ပင် ဖြစ်ပေသည်။ ထိုမေးခွန်းနှင့် အဖြေများကို ကြည့်ကြပါစို့။ ကံကြောင့်ဖြစ်သော ကာယိကဒုက္ခကို ခံစားနေရသော လူများအတွက် မည်ကဲ့သို့သော ကုထုံးများကို ညွှန်ကြားပါသနည်း။ ယင်းတို့၏ ရောဂါ ပျောက်ကင်းရေးအတွက် မည်ကဲ့သို့သော မျှော်လင့်ချက်များ ပေးထားပါသနည်း။

**ခေါင်းငုံ့ခံရေးဝါဒ မဟုတ်** ကေစီမှတ်တမ်းများ၌ရှိသော ဟောစာတမ်းတိုင်းက ကံကို ယုံကြည်လျှင် ဘာမျှမလုပ်ဘဲ ခေါင်းငုံ့ခံရမည် ဆိုသော အမြင်ကို ပြောင်းပြန်လှန်ပစ်လိုက်၏။ ဟောစာတမ်းများ အားလုံး၌ မပြောင်းလဲဘဲ တညီတညွတ်တည်း ပါဝင်သော အချက်မှာ "ဒါဟာ သင့်ကံပဲ။ အခု ဒီကံနဲ့ ပတ်သက်လို့ သင် လုပ်နိုင်တာက ဟောဒီမှာ" ဟူ၍ ဖြစ်ပေသည်။

မှုရင်းမှတ်တမ်းများ၌ ပါဝင်သော စိတ်ဝင်စားဖွယ် အကောင်းဆုံး အချက်များအနက် တချက်မှာ ကုထုံးညွှန်ကြားချက်များတွင် ကံအကြောင်း ဖော်ပြချက်များ တသမတ်တည်း ပါဝင်နေခြင်းပင် ဖြစ်သည်။ ကိုယ်ခန္ဓာဆိုင်ရာ ကံနှင့်ပတ်သက်သည့် ဖြစ်ရပ်ပေါင်းများစွာတို့၌ ဟောစာတမ်းများသည် ရောဂါပျောက်ကင်းရေးအတွက် တိကျသော မျှော်လင့်ချက်ကို ပေးထား၏။ ပေးဆပ်ရမည့် ကံကြွေး ပို၍ များပြားအားကောင်းသော ဖြစ်ရပ်များ၌မူ ဟောစာတမ်းများက အပြည့်အ၀ ပျောက်ကင်းဖို့ မမျှော်လင့်နိုင်ကြောင်း၊ သို့သော်လည်း ကြိုးစားလျှင် တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ပွင့်လင်းစွာ ဖော်ပြထား၏။ ထို့နောက်မှ ကုထုံးကို ဆက်လက် ဖော်ပြထား၏။

**စိတ်ထားပြောင်းမှ ရောဂါပျောက်မည်**

စိတ်ဝင်စားဖွယ် ကောင်းသောဖြစ်ရပ်တခုမှာ လျှပ်စစ် အင်ဂျင်နီယာ တယောက်၏ ဖြစ်ရပ်ပင် ဖြစ်၏။ သူ၏ရောဂါကို ဆရာဝန်များက မျှော်လင့်ချက် ကင်းသော **လေမြင်းရောဂါ**[၁] ဖြစ်ကြောင်း ပြောကြ၏။ သူသည် ၃ နှစ်ပတ်လုံး အလုပ်မလုပ်နိုင်ပေ။ မျက်စိ မမြင်ရသဖြင့် စာရေး စာဖတ်မှုလည်း မပြုနိုင်ပေ။ လမ်းလျှောက်ဖို့ ကြိုးစားသောအခါ၌လည်း မကြာခဏ လဲကျတတ်၏။ ဆေးရုံပေါင်းများစွာက တရုံပြီး တရုံ သူ့ကို အခမဲ့လူနာအဖြစ် လက်ခံကုပေးကြရ၏။ ဤအတောအတွင်း၌ သူ၏ဇနီးသည် သူမနှင့် သူမ၏ ၅ နှစ်ရွယ် သားကလေး၏ စားဝတ်နေရေးအတွက် စတိုးဆိုင်ကြီး တဆိုင်တွင် စာရေးမ အလုပ်ကို လုပ်နေရ၏။

သူသည် ဘ၀ဟောစာတမ်းကို မမေးသော်လည်း သူ၏ ကာယ ဟောစာတမ်း၌ သူ၏ရောဂါမှာ ကံ အကြောင်းခံကြောင်း၊ သို့သော်လည်း မျှော်လင့်ချက် မပျက်စေလိုကြောင်း ဟောစာတမ်းကဆို၏။

---

၁။ Scherosin

"ဟုတ်ကဲ့၊ ကျွန်ုပ်တို့ ဒီမှာ ဒီခန္ဓာကိုယ် ရှိနေပါတယ်၊" ဟောစာတမ်းက ထုံးစံအတိုင်း ထူးခြားသော စကားဝါကျ ရိုးရိုးကလေးဖြင့် အစချီထား၏။ "ကျွန်ုပ်တို့ တွေ့ရတဲ့အတိုင်းဆိုရင် ဒီခန္ဓာကိုယ်ရဲ့ အခြေအနေဟာ အလွန်အရေးကြီးနေပါတယ်။ သို့သော်လဲ မျှော်လင့်ချက်တော့ မပျက်ပါစေနဲ့၊ ဘာကြောင့်လဲဆိုတော့ သင်ကသာ လက်ခံမယ်ဆိုရင် အကူအညီဟာ အနီးမှာတင် ရှိလို့ပါပဲ"

ထို့နောက် ထူးထူးခြားခြား လှပ၍ အားအပြည့်ပါသော စကားလုံးများဖြင့် ဟောထားသော ဟောစာတမ်း ၃ မျက်နှာခန့်ကို တွေ့ရ၏။ ဟောစာတမ်းတွင် ပထမဆုံး ဆေးပညာသုံး စကားလုံးများဖြင့် ရောဂါ၏ အခြေအနေကို ဖော်ပြထား၏။ ထို့နောက် ခန္ဓာကိုယ်တွင်းရှိ ရောဂါပျောက်ကင်းစေနိုင်သော အင်အားများကို ဖော်ပြ၏။ ထို့နောက်မှ ဤပုဂ္ဂိုလ်၏ ဤ အခြေအနေသည် ကံကြောင့်ဖြစ်ရခြင်း ဖြစ်ကြောင်း၊ သူ၏ စိတ်နေစိတ်ထားကို ပြုပြင်၍ သူ၏ စိတ်သန္တာန်မှ မလိုမုန်းထားမှုများနှင့် ရန်ငြိုးသိုမှုများကို ဖယ်ရှားပစ်ရမည် ဖြစ်ကြောင်း ဆုံးမထား၏။ အဆုံး၌ စေ့စပ်သေချာသော ကုထုံးအညွှန်းဖြင့် ဟောစာတမ်းကို နိဂုံးချုပ်ထား၏။

တနှစ်ခန့်ကြာသောအခါ ထိုသူသည် နောက်ထပ် ဟောစာတမ်းတခု ဟောပေးရန် စာရေးပြန်၏။ သူ၏စာ၌ သူသည် ဘာသာတရားကို ယုံကြည်အားကိုးလျက် ကုထုံးညွှန်းအတိုင်း လိုက်နာကုသ၍ ရောဂါသက်သာလာသည်ကို ချက်ချင်း သတိပြုမိကြောင်း ဖော်ပြထား၏။ သူ၏ရောဂါသည် ၄ လခန့်မျှ ဆက်လက်၍ တိုးတက် သက်သာလာပြီးနောက် မူလအတိုင်း အခြေအနေ ပြန်ဆိုးလာပြီးလျှင် ခန္ဓာကိုယ်အင်အား ဆုတ်ယုတ်လာကြောင်းလည်း ဖော်ပြထား၏။

**စိတ်ကို ကုဖို့ ပိုအရေးကြီး**

သူသည် ကုထုံးအညွှန်း၏ ရုပ်ပိုင်းဆိုင်ရာ ကုထုံးကိုသာ လိုက်နာကုသ၍ နာမ်ပိုင်းဆိုင်ရာ ကုထုံးကို ဂရုစိုက်ပုံ မပေါ်ပေ။ ထို့ကြောင့် ဤဒုတိယအကြိမ် ဟောစာတမ်းက သူ့ကို ဖိဖိစီးစီး လိုက်နာရန် တိကျသော စကားလုံးများဖြင့် ပြစ်တင် ညွှန်ကြားထားခြင်း ဖြစ်၏။

"ဟုတ်ကဲ့၊ ကျွန်ုပ်တို့ ဒီမှာ ဒီခန္ဓာကိုယ် ရှိနေပါတယ်။ ဒီခန္ဓာကိုယ်ဟာ ရေးကလဲ ကျွန်ုပ်တို့ထံ ရောက်ခဲ့ဖူးပါပြီ။ ကျွန်ုပ်တို့ တွေ့ရတဲ့အတိုင်းဆိုရင် ဒီခန္ဓာကိုယ်မှာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု ရှိခဲ့ပါတယ်။ သို့သော်လဲ များစွာမှ လိုအပ်နေပါသေးတယ်။ ညွှန်ပြခဲ့ပြီးဖြစ်တဲ့ အတိုင်းပဲ ဒါဟာ ကံကြောင့်ဖြစ်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသတ္တဝါဟာ အရာဝတ္ထုများ၊ အခြေအနေများနှင့် ဘဝတူ လူသားများအပေါ်မှာထားတဲ့ သူ့စိတ်နေစိတ်ထားကို ပြုပြင်ပြောင်းလဲ ပေးရပါမယ်။ ရုပ်ကိုယ်ဆိုင်ရာ ပြုပြင်မှုအတွက် ရုပ်ဝတ္ထုတွေကို အသုံးပြုနေသမျှ သက်သာမှုတော့ ရခဲ့တာပါပဲ။

"သို့သော်လဲ ဒီသတ္တဝါဟာ နာမ်ဓာတ်ဆိုင်ရာ အရာဝတ္ထုတွေကို ငြင်းပယ်သည်အထိ ဖြစ်လောက်အောင် ကိုယ့်ကိုယ်ကို ကျေနပ်နေခြင်း၊ ကိုယ့်ကိုယ်ကိုသာ အရေးထားခြင်းများ ဖြစ်လာပြီး သူရဲ့ စိတ်နေစိတ်ထား မပြောင်းလဲတဲ့အခါမှာ မလိုမုန်းထားခြင်း၊ ရန်ငြိုးထားခြင်း၊ တရား မမျှတခြင်းနှင့် မနာလိုခြင်းများ ရှိနေသမျှ ကာလပတ်လုံး သည်းခံခြင်း၊ ကာလရှည်ကြာ အဆင်းရဲခံခြင်း၊ ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ သိမ်မွေ့ခြင်း တရားများနှင့် ဆန့်ကျင်ဘက်တရား တစုံတရာ သူ့သန္တာန်မှာ ရှိနေသမျှ ကာလပတ်လုံး သူ့ခန္ဓာကိုယ်ရဲ့ ယိုယွင်းနေတဲ့ အခြေအနေ ပျောက်ကင်းဖို့ မဖြစ်နိုင်ပါဘူး။

"ဒီသတ္တဝါ ဘာအတွက် ရောဂါ ပျောက်လိုပါသလဲ၊ သူ့ခန္ဓာကိုယ်ရဲ့ ဆာလောင်တောင့်တမှု အာသာကို ဖြေဖျောက်ရအောင်လို့လား၊ သူ့ရဲ့ တကိုယ်ကောင်းဆန်မှု ကြီးထွားလာအောင်လို့လား။ အဲဒါတွေအတွက်သာဆိုရင်တော့ သူဟာ ဒီအတိုင်းနေတာက ကောင်းပါတယ်။

"သူဟာ သူ့စိတ်ထားနှင့် ရည်ရွယ်ချက်ကို ပြုပြင်ပြောင်းလဲရင်၊ ဒီလို ပြောင်းလဲမှုကို နှုတ်နှင့်ရော ကိုယ်နှင့်ပါ ဖော်ပြရင်၊ ညွှန်ကြားထားတဲ့ ရုပ်ပိုင်းဆိုင်ရာ အရာများကို အသုံးပြုရင် အခြေအနေ ပိုပြီး ကောင်းလာတာကို သူ တွေ့ရလိမ့်မယ်။

"သို့သော်လဲ ပထမဆုံး စိတ်ထား နှလုံးထား၊ အကြံအစည်၊ ရည်ရွယ်ချက်များကို ပြုပြင်ပြောင်းလဲပစ်ရမယ်။ သင့် ရည်ရွယ်ချက်နှင့် ဝိညာဉ်ကို မြင့်မြတ်သော ဝိညာဉ်တော်နှင့် မထုံမွမ်းရင် သင် စုဆောင်းရသမျှသော စဉ်းစားဆင်ခြင်မှု မပါတဲ့ စက်ဆန်ဆန် ပြုလုပ်မှုမှန်သမျှဟာ လုံးဝ ပျောက်ကင်းမှုကို ဖြစ်စေနိုင်မယ် မဟုတ်ဘူး။ သင် လက်ခံမည်လား၊ ငြင်းပယ်မည်လား၊ ဒါကတော့ သင့် အပေါ်မှာ တည်တယ်။ သင် မပြုပြင်ရင် တို့ကတော့ ဒါ အပြီးပဲ၊ အပြီးသတ် ဟောစာတမ်းပဲ။"

အထက်ပါ ဟောစာတမ်း၌ သတိပြုရမည့်အချက်မှာ ထိုသူသည် သူ၏ စိတ်နေစိတ်ထားနှင့် ဘဝရည်ရွယ်ချက်များကို ပြုပြင်ပြောင်းလဲလျှင် ရောဂါပျောက်ကင်းရေးအတွက် မျှော်လင့်ချက် ရှိသည်ဆိုသော အချက်ပင်။ ဟောစာတမ်းက ပွင့်ပွင့်လင်းလင်း စူးစူးစမ်းစမ်း မေးထားသည်မှာ "သင်သည် ဘာအတွက် ရောဂါပျောက်လိုပါသလဲ၊ သင်၏ခန္ဓာကိုယ် ဆာလောင်တောင့်တမှု အာသာကို ဖြေဖျောက်ရအောင်လို့လား၊ သင်၏ တကိုယ်ကောင်းဆန်မှု ကြီးထွားလာအောင်လို့လား၊ အဲဒါတွေအတွက်သာဆိုရင်တော့ သင် ဒီအတိုင်းနေတာက ကောင်းပါတယ်"ဟု ဖြစ်၏။

ပွင့်လင်းလှသော ဤဟောစာတမ်းသည် ပုဂ္ဂိုလ်တဦးတယောက်၏ အခိုက်အတန့်မျှ အကျိုးဖြစ်ထွန်းမှုသက်သက်အတွက်ထက် ပို၍မြင်သော သမားတော်ကြီးတဦး၏ စိတ်ဆိုး စိတ်ယုတ် ပယ်ရှားရေး စာရိတ္တအမြင်ကို ကိုယ်စားပြုထားပေသည်။

**ကိုယ်ကျင့်တရားကောင်းလျှင် ရောဂါပျောက်သည်**

ရောဂါ ဝေဒနာ စွဲကပ်နေသော ပုဂ္ဂိုလ်သည် မည်မျှလောက် အကျင့်စာရိတ္တ ပျက်စီး၍ မည်မျှလောက် ယုတ်မာသော အပြစ် ရှိစေကာမူ ကေစီသည် သူ၏ ဟောစာတမ်းပေါင်း ၂၅,၀၀၀ ကျော် အနက် မည်သည့် ဟောစာတမ်းတွင်မျှ ရောဂါပျောက်ကင်းစေရန် ညွှန်ကြားချက် မပေးဘဲ ငြင်းပယ်ခဲ့ဖူးသည်ဟူ၍ မရှိချေ။ သို့တစေ သူသည် အလွန်သနား ကြင်နာတတ်သူ ဖြစ်စေကာမူ ရောဂါဝေဒနာသည် အကျင့်စာရိတ္တ အနေဖြင့် ပြုပြင်ပေးသောသဘော ရှိကြောင်း၊ ရောဂါ၏ အမြစ်အရင်းဖြစ်သော အကျင့်စာရိတ္တ ချွတ်ယွင်းမှုကို ပြုပြင်သင့်ကြောင်းကို ယခုကိစ္စမှာလိုပင် အကြိမ်ပေါင်း မြောက်မြားစွာ မလွှဲမရှောင်သာ ထောက်ပြခဲ့ရပေသည်။ ရောဂါဝေဒနာ ခံစားရသူများသည် သူတို့ စွမ်းနိုင်သမျှသော နည်းမျိုးစုံဖြင့် အကျင့်စာရိတ္တကို ပြုပြင်ရန် အစွမ်းကုန် ကြိုးစားသင့်ပေသည်။ တချိန်တည်းမှာပင် ဘဝသည် သူ၏ အဇ္ဈတ္တအားနည်းချက်ကို ပြုပြင်ရန် တင်ပြနေခြင်း ဖြစ်သည် ဟူသော အရိပ်အမြွက် သဘောကိုလည်း နားလည်သင့်ပေသည်။

ခေတ်ပေါ်သိပ္ပံပညာဖြင့် ပြုလုပ်ထားသော အံ့သြလောက်သည့် ဆေးဝါးများသည် အခိုက်အတန့် သက်သာမှုကို ရစေကောင်း ရစေပေမည်။ သို့သော်လည်း ကံတရား၏ အကျင့်စာရိတ္တဆိုင်ရာ လမ်းကြောင်းပေါ်၌ကား (ယင်းဆေးဝါးများသည်) အာနိသင် ကင်းမဲ့ရမည်သာ ဖြစ်ပေသည်။

အဆုံးစွန်ပြောရလျှင် (ဤသတ္တဝါ၏ရောဂါကို) ကုသမှုသည် သူ၏ အဇ္ဈတ္တသန္တာန်မှလာသော နာမ်တရားသာ ဖြစ်ရပေမည်။ သို့မဟုတ်လျှင် ကြာရှည် ပျောက်ကင်းစေနိုင်မည် မဟုတ်ပေ။

အောက်ပါ မျက်စိကွယ်သော ဖြစ်ရပ်သည်လည်း ရှေ့နောက် ညီညွတ်သော ဤအတွေးအမြင်ကို ထောက်ခံသည့် ရာပေါင်း များစွာသော ဖြစ်ရပ်များထဲမှ အခြားပုံစံတခု ဖြစ်ပေသည်။

"ဟုတ်ကဲ့၊ ဒီမှာ အခြေအနေတွေကတော့ များသောအားဖြင့် ကံနှင့် သက်ဆိုင်နေပါတယ်။ အခြားသူများနှင့် ဆက်ဆံရာမှာ အကောင်းဆုံး စိတ်နေစိတ်ထားများကို ပိုပြီး ထားခြင်းဖြင့် ဤသတ္တဝါ၏ ဘဝအတွေ့အကြုံမှာ ခြားနားချက်တွေများစွာ ဖြစ်ပေါ်လာပါလိမ့်မယ်။

"လက်ဦးမှာ (သူ့ရဲ့)အသိအမြင်များစွာ မပြောင်းလဲသေးသော်လဲ စိတ်နေစိတ်ထား ပြုပြင်ပေးနိုင်သည်နှင့်အမျှ ရုပ်ခန္ဓာဆိုင်ရာ တိုးတက်မှုတွေ ဖြစ်လာမှာကို တွေ့ရပါတယ်။

"ကျောရိုးအဖွဲ့အစည်း အခြေအနေများ၊ ပါးစပ်နှင့်သွားဖုံး အခြေအနေများဟာ မျက်စိ အခြေအနေနှင့် များစွာ ဆက်စပ်နေပါတယ်။

"ကျွန်ုပ်တို့ တွေ့ရသမျှဆိုရင် စိတ်ဓာတ်၏ အကျိုးကျေးဇူး များကို ဖော်ထုတ်ပေးဖို့နှင့် နေ့စဉ်ဘဝမှာ ခရစ်တော် စိတ်ဓာတ်များ သွင်းပေးဖို့ ပထမဆုံး ကြိုးစားသင့်ပါတယ်။ အဲဒီနောက်တော့ ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ သည်းခံခြင်း၊ ကာလရှည်ကြာ အဆင်းရဲခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းများကို လေ့ကျင့် ပွားများရပါမယ်။

"ပြီးတော့ အရိုးဆုပ်နယ် ကုသမှု ပြုပေးပါ။ အထူးအားဖြင့် စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမ ကျောရိုးဆစ်များနှင့် တတိယ၊ ပထမ၊ ဒုတိယ၊ စတုတ္ထ လည်ကုပ်ရိုးဆစ်များကို ဆုပ်နယ်ကုသပါ။ ညွှန်ကြားထားသည့်အတိုင်း အစဉ်အတိုင်း ဆုပ်နယ်ရပါမယ်၊

ပြီးတော့ သွားဆီကို သွားတဲ့ အာရုံကြောများကို ပြုပြင်ပေးပါ။ နားရဲ့ နောက်ဘက်နဲ့ ဆက်စပ်နေတဲ့ အာရုံကြောများကို အထူး အာရုံစိုက်ပြီး ပြုပြင်ပေးပါ။"

အထက်ပါဖြစ်ရပ် ၂ ခုလုံးကို ကြည့်လျှင် ရုပ်ခန္ဓာဆိုင်ရာ ကံတရား၏ အခြေအနေများကို ပြုပြင်ပြောင်းလဲရေး၌ စိတ်ဓာတ်နှင့် အကျင့်စရိုက် ပြုပြင်ပြောင်းလဲရေးသည် မုချ လိုအပ်သောအရာ ဖြစ်ကြောင်း ဟောစာတမ်းက အလေးပေး ဖော်ပြထားသည်ကို ကျွန်ုပ်တို့ တွေ့ရပေလိမ့်မည်။ ကံတရား၏ ရည်ရွယ်ချက်မှာ စာရိတ္တပညာပေးရေး ရည်ရွယ်ချက်ဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရသောအခါ ကံတရားဆိုင်ရာ ကုသမှုသည် မည်မျှ သဘာဝကျ၍ ရှောင်လွှဲမရသော နည်းလမ်းဖြစ်ကြောင်း သိမြင်လာပေလိမ့်မည်။

**အပြစ်ဆိုတာ** စင်စစ်မူ ကံက ပြုပြင်ပေးသော 'အပြစ်သည်' သမိုင်းမတင်မီ ခေတ် အယူသည်းသော လူသားတို့၏ နတ်ဘုရားများကို ပြစ်မှားသော အပြစ်မျိုး မဟုတ်ပေ။ ခရစ်ယာန် ဘာသာရေး တယူသန်သမားတို့ ယူဆသော အပြစ်မျိုးလည်း မဟုတ်ပေ။ ဝိတိုရိယခေတ် လူများနှင့် ပျူရီတန်များ ယူဆသော အပြစ်မျိုးလည်း မဟုတ်ပေ။ အဟုတ်သော်ကား စိတ်ဓာတ်ရေးဆိုင်ရာ 'အပြစ်'သာလျှင် ဖြစ်ပေသည်။ တလောကလုံးအနေဖြင့် အဓိပ္ပာယ် ဖော်ဆောင်နိုင်သော စကြဝဠာ၏ သဘာဝနိယာမနှင့် ဆီလျော်သော 'အပြစ်'သာလျှင် ဖြစ်ပေသည်။

ဤဖော်ပြပါအတိုင်း အဓိပ္ပာယ် ကောက်ယူအပ်သော အပြစ်သည် တကိုယ်ကောင်းဆန်ခြင်းနှင့် မိမိကိုယ်ကို လူအများနှင့် မတူ တမူထူးခြား သာလွန်သူဟု ထင်မြင်ခြင်း၌ အခြေခံအားဖြင့် တည်ရှိပေသည်။ ကိုယ့်ကိုယ်ကို အထင်ကြီးပုံမှာ အမျိုးအစားများစွာ ရှိပေသည်။ ယင်းအပြစ်သည် သူတပါး၏ ခန္ဓာကိုယ်နှင့် အလိုဆန္ဒကို ဆန့်ကျင်၍ မခန့်မညား ပြုခြင်းလည်း

ဖြစ်နိုင်ပေသည်။ မိမိကိုယ်ကို မချုပ်ထိန်းခြင်းနှင့် ဂရုမစိုက်ခြင်းတို့ကြောင့် မိမိ၏ ခန္ဓာကိုယ်ကို ဆန့်ကျင်၍ အကြမ်းပတမ်း ပြုမူခြင်းလည်း ဖြစ်နိုင်ပေသည်။ မာနတရားနှင့် မိမိကိုယ်ကို သူတပါးနှင့် မတူမတန်သူဟု အထင်ကြီးခြင်းလည်း ဖြစ်နိုင်ပေသည်။ ဤအမှား အမျိုးမျိုးတို့သည် ပမာနအမှား တခုကြောင့်သော်လည်းကောင်း၊ အရင်းခံကျသော အသိအမြင်မှားမှု အထင်အမြင်မှားမှု တခုကြောင့်သော်လည်းကောင်း၊ မေ့လျော့ပေါ့တန်မှု တခုကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

အကြောင်းသော်ကား **လူဆိုသည်မှာ စိတ်ပင်ဖြစ်သည်။ ရုပ်ခန္ဓာကိုယ် မဟုတ်ပေ။ လူသည် ရုပ်ခန္ဓာကိုယ်ကို 'လူ'ဟု ထင်မှတ်သောအခါ စိတ်သည် လူဖြစ်ကြောင်း မေ့လျော့သွားရာမှ အပြစ် ဖြစ်ပေါ်လာပေသည်။** သူသည် ဤအမြင်မှောက်မှားမှုကို တိုက်ဖျက်ရပေမည်။ ယင်းကို တိုက်ဖျက်အောင်မြင်ရန် အသေချာဆုံးနည်းမှာ စိတ်ကို လူနှင့် ထပ်တူမှတ်ယူခြင်း တည်းဟူသော အပြုလုပ်ငန်းစဉ်ဖြင့်သာ ဖြစ်နိုင်ပေသည်။ ယင်းကို ငြင်းပယ်ခြင်း ဟူသော အဖျက်လုပ်ငန်းစဉ်ဖြင့် မဖြစ်နိုင်ပေ။

ပုဂ္ဂိုလ်တစုံတယောက်သည် မိမိကိုယ်ကို စိတ်နှင့် ထပ်တူ မှတ်ယူနိုင်သောအခါ သူသည် ကေစီဟောစာတမ်းက ခရစ်တော်စိတ်ဓာတ်ဟု ဖော်ပြသော လွတ်မြောက်စိတ်ကို ရရှိပေပြီ။ အထက် ဖော်ပြပါ ဖြစ်ရပ် ၂ ခု၌လည်းကောင်း၊ ကေစီမှတ်တမ်းပါ အခြားသော ဖြစ်ရပ် အားလုံးလိုလို၌လည်းကောင်း ကုသပျောက်ကင်းရေးအတွက် ပမာနထောက်ခံချက်မှာ ဝေဒနာရှင်သည် ခရစ်တော်စိတ်ဓာတ်ဆိုသော စိတ်ကို တစုံတရာသော အတိုင်းအတာအထိ ရရှိရမည် ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပေလိမ့်မည်။

**လွတ်မြောက်စိတ်** သို့သော်လည်း ခရစ်တော်စိတ်ဓာတ်ဆိုသည်မှာ ခရစ်ယာန်တို့နှင့်သာ သက်ဆိုင်သော ဂုဏ်အရည်အသွေးကို ဆိုလိုခြင်း မဟုတ်ပေ။ ခရစ်ဆိုသည်မှာ ယေရှုဆိုသော

လူသား၏ နာမည် မဟုတ်ပေ။ ခရစ်ဆိုသော စကားလုံး၏ အနက်ရင်းမှာ **'အဘိသိက် သွန်းထားသော သူ'**ဟု ဆိုလိုပေသည်။ ယင်းစကားလုံး၏ တိမ်မြုပ်နေ သော စိတ်သဘာဝဆိုင်ရာ အဓိပ္ပာယ်မှာ **'လွတ်မြောက်သော စိတ်'** ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။ **ကရစ်ရှနား**နှင့် **ဗုဒ္ဓ**တို့သည် ထိုလွတ်မြောက်သောစိတ်ကို ပိုင်ဆိုင်ကြသူများဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပေသည်။

ကမ္ဘာအရပ်ရပ်ရှိ လူတို့သည် ဤလွတ်မြောက်သောစိတ်ကို ရရှိရေး အတွက် မပြတ်မသား ဝိုးတဝါးဖြင့် ကြိုးစားနေကြပေသည်။ သူတို့၏ဆရာသည် မည်သူမည်ဝါဖြစ်သည် ဆိုခြင်းမှာ အရေးမကြီးပေ။ ဤစိတ်ဓာတ်ကို မည်သည့်စကားလုံးဖြင့် နာမည်တပ်၍ ခေါ်ဝေါ်သည် ဆိုခြင်းမှာလည်း အရေးမကြီးပေ။ ဤလွတ်မြောက်သောစိတ်ကို ရရှိရန်သာ အရေးကြီးပေသည်။

**ပတ်ဝန်းကျင်နှင့် အသုံးအနှုန်း**

ကေစီဟောစာတမ်း၌ အသုံးပြုသော စကားလုံးများသည် ခရစ်ယာန်ဘာသာသုံး စကားလုံးများ ဖြစ်ပေသည်။ ယင်းသို့ ဖြစ်ခြင်းမှာ ကေစီကိုယ်တိုင်က ခရစ်ယာန် အသိုင်းအဝန်း၌ ကြီးပြင်း၍ သူ၏စိတ်သည် ခရစ်ယာန် အယူအဆ အတွေးအမြင် တို့၌သာ နစ်မြုပ်နေသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့်ပင် အိပ်မွေ့ကျနေစဉ် အတွင်း သူ၏စိတ်က ဖော်ပြသော အရာတိုင်းသည် ဤခရစ်ယာန်ပိတ်ကားကို ဖြတ်သန်းလျက် စိမ့်ဝင်လာခြင်း ဖြစ်ပေသည်။

ကေစီသည် ဗုဒ္ဓဘာသာနိုင်ငံတခု၌ မွေးဖွားခဲ့လျှင် သူ၏ အသိပညာ သည် သူမွေးဖွားရာ ဗုဒ္ဓဘာသာ အသိုင်းအဝန်း၏ ယဉ်ကျေးမှုနှင့် လိုက်လျော ညီထွေ ရှိခဲ့ပေလိမ့်မည်။ ထင်ရှားသော ဗုဒ္ဓဘာသာသုံး စကားလုံးများကိုလည်း သုံးနှုန်းခဲ့ပေလိမ့်မည်။ သို့သော်လည်း သူပြောဆိုသော စကား၏ ဤ ခရစ်ယာန်ဟန်သည် သူပြောဆိုသော အရာကို အသုံးချနိုင်ရေး နယ်ပယ်ကို မကန့်သတ်နိုင်ပေ။

**အခြားပုံစံ တခု** ဤနေရာ၌ ပုံစံအဖြစ်ဖြင့် ကျောရိုးတီဘီရောဂါ စွဲကပ်သည့် လူနာတဦးအား ပေးသော ညွှန်ကြားချက်ကို ဖော်ပြပါဦးမည်။

"မှတ်ထားပါ။ ဤ အခြေအနေ၏ အကြောင်းရင်းသည် သင့်ကိုယ်ကို သင် တွေ့ခြင်းပင်ဖြစ်သည်။ ယင်းကား တခြားမဟုတ်၊ ကံတရား ဖြစ်၏။ ဤအချက်ကို ကြောင်းကျိုးနိယာမကို ပြည့်စုံစေခြင်းဖြင့် ယင်းနိယာမကို ဆောင်ယူပြီးလျှင် ကျေးဇူးတော်သဘာဝကို တည်ရှိစေသော ဘုရားသခင်၏အထံ၌ အကောင်းဆုံး တွေ့နိုင်ပေသည်။ သို့ဖြင့် ဤသတ္တဝါသည် နိယာမ၊ အမှန်တရားနှင့် အလင်းရောင်ဖြစ်သော ဘုရားသခင်၏ လက်ရုံးကို မှီခိုအားထားဖို့ရာ လိုအပ်ပေသည်။"

ဤနေရာ၌ ကျေးဇူးတော်သဘာဝဟူသော စကားဖြင့် ယေရှုခရစ်ကို ယုံကြည်သော သူတို့အတွက် ခရစ်တော်၏ ဂုဏ်အရည်အသွေးကိုသာ ရည်ညွှန်းခြင်း မဟုတ်ပေ။ ဤကျေးဇူးတော်ကို ခရစ်ယာန်များ ရရှိသလို ဗုဒ္ဓဘာသာဝင် တယောက်လည်း ရရှိနိုင်၏။ ဟိန္ဒူဘာသာဝင်နှင့် အစ္စလာမ် ဘာသာဝင်များလည်း ရရှိနိုင်၏။

နိယာမ၊ အမှန်တရားနှင့် အလင်းရောင်ဟူသော စကားလုံးတို့သည် ခရစ်ယာန်ဘာသာဝင်များက ယေရှုကို ရည်ညွှန်းသုံးနှုန်းနေကျ စကားများ ဖြစ်ကြ၏။ သို့ရာတွင် ဤစကားလုံးများကို အခြားသော ဘာသာကြီးများကို တည်ထောင်သော ပုဂ္ဂိုလ်မြတ်ကြီးများနှင့် ယင်းတို့၏ တရားတော်တို့ကိုလည်း ရည်ညွှန်းသုံးနှုန်းနိုင်ပေသည်။

အလင်းရောင်သည် အမှန်တရား၏ လက္ခဏာ၊ ဘုရားသခင်၏ လက္ခဏာ၊ သူ၏ အသန့်ရှင်းဆုံး ထင်ရှားသိသာစေသော သဘောလက္ခဏာ အဖြစ်ဖြင့် တလောကလုံးနှင့်ဆိုင်သော အမှတ်လက္ခဏာ ဖြစ်ပေသည်။

ထို့အတူပင် လေမြင်းရောဂါစွဲကပ်သော ဝေဒနာရှင်၏ ဟောစာတမ်း၌ အသုံးပြုသော "သင်၏ဝိညာဉ်ကို မြင့်မြတ်သော ဝိညာဉ်တော်နှင့် ထုံမွမ်းသည့် တိုင်အောင်" ဟူသော စကားစုသည်လည်း ခရစ်ယာန်ဘာသာသုံး စကားလုံးပင် ဖြစ်၏။ သို့တစေ ယင်းစကားစု၏ နောက်ကွယ်၌ရှိသော အယူအဆကို ကမ္ဘာ့ဘာသာတရားကြီး အားလုံး၌ အမျိုးမျိုးသော အခြားစကားစုတို့ဖြင့် သုံးနှုန်း ဖော်ပြနိုင်ပေသည်။ ထို့ကြောင့် ကေစီဟောစာတမ်းများက ခရစ်တော် စိတ်ဓာတ်အကြောင်း ပြောဆိုသောအခါ ခရစ်ယာန်ဘာသာတရားဖြင့် ကြီးပြင်းလာရသော လူများ နားအလည်နိုင်ဆုံးဖြစ်သော စကားလုံးကို ရွေးချယ် သုံးနှုန်းခြင်းမျှသာ ဖြစ်ပေသည်။ သို့ရာတွင် ဤစကားလုံးမှာ အခြားသော အမည်များစွာဖြင့် ခေါ်ဝေါ်သုံးနှုန်းနိုင်သော **စိတ်သဘာဝ အခြေအနေတရပ်**ကို ရည်ညွှန်းခြင်းမျှသာ ဖြစ်ပေသည်။

လွတ်မြောက်သောစိတ်ကို ရရှိခြင်းသည် ကံတရား၏ အကျိုးပေးခြင်းကို ချေဖျက်ပစ်လိုက်သော ကျေးဇူးတော်သဘာဝပင် ဖြစ်၏။ ဘာသာရေး စိတ်ဓာတ်သည် ကံတရား၏ အခြေခံ အမြစ်အရင်းဖြစ်သော ချွတ်ချော်မှုကို ဖျက်ဆီးသော အနက်အဓိပ္ပာယ်ဖြင့် ကျေးဇူးတော်သဘာဝကို ပြည့်စုံစေ၏။ "ယေရှုက ငါသည် သဘာဝတရားကို ဖျက်ဆီးရန် လာသည်မဟုတ်၊ ဘာသာရေးစိတ်ဖြင့် ယင်းသဘာဝတရားကို မည်ကဲ့သို့ ပြည့်စုံစေရမည်ဟု သင်တို့ကို သွန်သင်ရန် လာခြင်းဖြစ်၏"ဟု မိန့်ခဲ့ကောင်း မိန့်ခဲ့ပေမည်။

သို့သော်လည်း ဤလွတ်မြောက်သောစိတ်ကို အပြည့်အစုံ ရရှိရန်မှာ လွယ်ကူသည် မဟုတ်ပေ။ ဟောစာတမ်းက ဆိုသည်မှာ–

"မှတ်ထားပါ။ ဘုရားသခင်ရဲ့ စွမ်းအင်စိတ်ကို ရရှိဖို့ ဖြတ်လမ်း မရှိဘူး။ အဲဒီစိတ်ဟာ သင့်စိတ်ရဲ့ အစိတ်အပိုင်းတခုသာ ဖြစ်ပါတယ်။ သို့သော် ရလိုတဲ့ ဆန္ဒသက်သက်နဲ့ အဲဒီစိတ်ကို မရနိုင်ဘူး။ နာမ်တရားရဲ့ လုပ်ငန်းအဆင့်ဆင့်ကိုမကျော်ငြင်ထားပြီး

နာမ်ဓာတ်ဆိုင်ရာ အမှန်တရားကို အသုံးမပြုဘဲ အဲဒီစိတ်ကို ရချင်လို့ မျှော်လင့်တဲ့ အလိုဆန္ဒဟာ မကြာခဏ ဖြစ်ပေါ်တတ်တယ်။ ဒီအချက်ဟာ ပန်းတိုင်ကို ရောက်ဖို့ တခုတည်းသော နည်းလမ်းပဲ။ အမြင်ပေါက်တဲ့ ပုဂ္ဂိုလ်တွေ၊ ဂဏန်းတွေကို အဓိပ္ပာယ်ဖော်တဲ့ ပုဂ္ဂိုလ်တွေနဲ့ နက္ခတ်တွေကို ဖတ်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်လိုပဲ ပြောပြော ပရမတ္ထသဘာဝကို လေ့လာရာမှာတော့ ဖြတ်လမ်း မရှိဘူး။ သူတို့ဟာ တိုက်တွန်းလှုံ့ဆော်မှုတွေကို တွေ့ကောင်း တွေ့ပါလိမ့်မယ်။ ဒါပေတဲ့ အဲဒါတွေက အလိုဆန္ဒကို မစိုးမိုးနိုင် ပါဘူး။ မိမိအဇ္ဈတ္တသန္တာန်မှာ ဘဝကို လေ့လာရပါတယ်။ သင်ဟာ ဘဝကို ဖြောင့်ချက်ပေးဖို့ မဟုတ်ဘူး။ လေ့လာဖို့ပဲ။"

**စိတ်ကို ပြောင်းစေသော အလုပ်များ** တရား အားထုတ်ခြင်း၊ ဆုတောင်းခြင်း၊ တရားကျမ်းစာ လေ့လာခြင်း၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းနှင့် လူသားတို့၏ အကျိုးကို ဆောင်ရွက်ခြင်းများသည် စိတ်ဓာတ်ပြောင်းလဲစေရန် ဟောစာတမ်းများက မကြာခဏ ထောက်ခံပေးထားသော နည်းလမ်းများ ဖြစ်ကြ၏။ သို့သော် စစ်မှန်သော တိုးတက်မှုကို ရုပ်ဆန်ဆန် ပြုလုပ်ခြင်းအားဖြင့် မရနိုင်ပေ။ စိတ်နှလုံး အပြည့်အစုံ မန္တးညွှဲ မသိမ်မွေ့လျှင် ပေါ(လ်)၏ စကားဖြင့် ဆိုရသော် ဤအကျင့်များသည် အသံသာသော ကြေးခေါင်းလောင်းကဲ့သို့သာ ဖြစ်ပေလိမ့်မည်။ မှန်ကန်သော မေတ္တာစိတ်ထား မရှိလျှင် ထိုလုပ်ငန်းများသည် အနှစ်သာရအားဖြင့် တန်ဖိုး မရှိချေ။ စည်းကမ်းအနေဖြင့် ယင်းတို့သည် တန်ဖိုး ရှိပေလိမ့်မည်။ စိတ်ကို အရိပ်အမြွက်ပြသော အင်အားများအနေဖြင့် ယင်းတို့သည် အကျိုးသက်ရောက်မှု ရှိပေလိမ့်မည်။ အသိပညာပေး အတွေ့အကြုံများအနေဖြင့် ယင်းတို့သည် သတ္တဝါကို သင့်လျော်သောလမ်းပေါ်၌ စတင်လျှောက်စေနိုင်ပါလိမ့်မည်။ သို့သော် ယင်းတို့သည် သူငယ်တန်း အဆင့်ရှိသော လူပေါင်းများစွာကို ကောလိပ်သို့ ချက်ချင်း ပို့မပေးနိုင်ချေ။

အားလုံးသော လူများသည် မှန်ကန်သော လွတ်မြောက်စိတ်၏ အနှစ်သာရ ဖြစ်သော သတ္တဝါအားလုံးအပေါ်၌ ထားအပ်သော ထိုမေတ္တာတရားကို တဘဝတည်း၌ ရနိုင်လောက်အောင် နာမ်တရားအနေဖြင့် ပြည့်စုံစွာ မတိုးတက်ကြသေးချေ။ ထို့ကြောင့် ကံတရား၏ ကြွေးမြီမှ လွတ်မြောက်မှုကိုလည်း မရနိုင်ကြသေးချေ။

အဆစ်ရောင်ရောဂါရှင် လူငယ်တယောက်၏ ဖြစ်ရပ်၌ အချက်အလက်ရရာဖြစ်သော မသိစိတ်သည် ယင်းလူငယ်အတွက် ဤအချက် မဖြစ်နိုင်ပုံကို သိရှိဟန်တူပေသည်။ ထို့ကြောင့် သက်ရှိသဘာဝ၏ အဖြစ်နိုင်ဆုံးသော သဘောကို သိနားလည်သဖြင့် ဝေဒနာရှင်ကို မားယွင်းသော မျှော်လင့်ချက်ပေး၍ လမ်းမှားသို့ပို့ရန် အလိုမရှိသော ဆရာဝန်၏ ရိုးသားဖြောင့်မတ်ခြင်းမျိုးဖြင့် ကေစီက "ဤဝေဒနာရှင်သည် သက်သာရာ ရကောင်း ရနိုင်ပါလိမ့်မည်။ သို့သော်လည်း လုံးဝ ပျောက်ကင်းနိုင်မည် မဟုတ်ပေ"ဟု ရှင်းပြလေသည်။

သို့တစေ သူသည် ထိုရောဂါဝေဒနာရှင်ကို လက်မလွှတ်လိုက်ပေ။ ဤဖြစ်ရပ်နှင့် အခြား အလားတူဖြစ်ရပ်တို့၌ ကေစီသည် ကုသပျောက်ကင်းမှု ဖြစ်နိုင်ဖွယ်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဝေဒနာရှင်အား သူ၏ ဒုက္ခကို အောင်နိုင်ရေးအတွက် တက်တက်ကြွကြွ ကြိုးစားရန် လမ်းညွှန်နိုင်လောက်အောင် ရုပ်သဘောရှိသော ကုထုံးများကို ဆက်လက် ညွှန်ကြားပေသည်။

စိတ်ရှည်ခြင်း၊ မဖြစ်မနေစိတ် ရှိခြင်း၊ ခံနိုင်ရည် ရှိခြင်းနှင့် နှိမ့်ချသော စိတ်ထား သို့မဟုတ် စိတ်ကောင်း စိတ်မြတ်၏ မည်သည့် အရည်အသွေးကမဆို ကံတရား၏ကြွေးဖြစ်သော စာရိတ္တပြည့်စုံရေးအတွက် အနည်းဆုံး သွယ်ဝိုက်သော နည်းဖြင့်ပင် ဖြစ်စေ အထောက်အကူ ပြုသည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ကေစီဟောစာတမ်းများသည် ကံတရား၏ အခြေအနေနှင့် ပတ်သက်၍ မည်သို့မျှ မပြုလုပ်ဘဲ လည်စင်း ခေါင်းငုံ့ခံသော စိတ်ထားကို မဖြစ်ပွားစေရုံမျှမက အရေးပါ၍ အင်အားကောင်းသော လုပ်ဆောင်ရေး စိတ်ထားကို တိုးပွားစေသည်သာ ဖြစ်ပေသည်။

ကုသမှု၏ အရေးကြီးသော အခြားအချက်တချက်မှာ ဤသို့ ဖြစ်၏။ ဟောစာတမ်းများသည် ဝေဒနာရှင်တို့၏ ရောဂါဝေဒနာ အတိုးအဆုတ် အခြေအနေအလိုက် သူတို့ကို အကြံဉာဏ်ပေးရန် လိုအပ်ကြောင်း အမြဲတစေ သိရှိပေသည်။ ဟောစာတမ်းများသည် ဤကဲ့သို့သော စိတ်ဓာတ်ဆိုင်ရာ ကုသနည်းများကို သဘောမပေါက်သော ဝေဒနာရှင်များအားဖြစ်စေ၊ ဤနည်းလမ်းများနှင့် မသင့်လျော်သော ဝေဒနာရှင်များအားဖြစ်စေ စိတ်ပိုင်းဆိုင်ရာ ကုသနည်းများကို မညွှန်ကြားပေ။

သိပ္ပံပညာရှင် **အလက္ကဇီကာရယ်(လ်)**[၁] သည် **Man the Unknown** စာအုပ်နှင့် **The Voyage To Lourdes** စာအုပ် ၂ အုပ်ကို ရေးသားခဲ့၏။ ထိုစာအုပ်များ၌ အလက္ကဇီ၏ ဖော်ပြချက်အရဆိုသော် **လော်ဒီဘုရားရှိခိုးကျောင်း**[၂] အတွင်းရှိ ဘုရားခန်း၌ ဘာသာတရားကို လေးလေးနက်နက် ယုံကြည်သော လူများစွာတို့၏ ကင်ဆာရောဂါများနှင့် ကုသမရနိုင်တော့ဟု ယူဆထားသော အခြားရောဂါများသည် ချက်ချင်း ပျောက်ကင်းသွားကြ၏။ ဤကဲ့သို့သော ကုသပျောက်ကင်းမှုများ ဖြစ်ပွားခဲ့ကြောင်း မှတ်ယူလျှင် ထိုကဲ့သို့သော လေးနက်သည့် ယုံကြည်မှု၊ ထိုကဲ့သို့သော အတွေးအမြင်နှင့် ရောဂါ ပျောက်ကင်းစေရေးအတွက် တိုးလျှိုးတောင်းပန်ရန် ထိုကဲ့သို့ အဆင်သင့်မရှိသော ပုဂ္ဂိုလ်များအတွက် အလားတူ ကုသပျောက်ကင်းမှုကို မမျှော်လင့်နိုင်သည်မှာ သေချာပေသည်။

---

၁။ Alexis Carrel

၂။ ပြင်သစ်ပြည်တောင်ပိုင်း၊ လော်ဒီမြို့အနီးရှိ ဂူတခု၌ ၁၈၅၈ ခုနှစ်က ဗနာဒက်တီဆူဗီတို ဆိုသူ ကိုယ်ထင်ပြသည်ဟု သတင်းဖြစ်ခဲ့သည်။ ထို့ကြောင့် ယခုအခါ လော်ဒီမြို့၌ရှိသော ဘုရားရှိခိုးကျောင်းတွင် ဆုတောင်းလျှင် ရောဂါဝေဒနာ ပျောက်ကင်းသည်ဟု အချို့ ယုံကြည်ကြသည်။

**လူတို့၏စရိုက်ကို လိုက်၍** ကေစီ၏ ကာယဟောစာတမ်း များစွာကို နှိုင်းယှဉ်လေ့လာသောအခါ အချက်အလက် ရရာဖြစ်သော မသိစိတ်သည် ဟောစာတမ်း လာရောက်တောင်းခံသော ပုဂ္ဂိုလ်အသီးသီး၏ ယုံကြည်မှု အကန့်အသတ်ရှိပုံကို သွယ်ဝိုက်သောအားဖြင့် ဝန်ခံထားကြောင်း တွေ့ရပေသည်။

ပုံစံပြရသော် များစွာသော ဖြစ်ရပ်များ၌ အချို့သော ဝေဒနာရှင်များ၏ ရောဂါများသည် စိတ်ဓာတ်ရေးရာ ကုသမှု ညွှန်ကြားချက် သက်သက်ဖြင့် ပျောက်ကင်းနိုင်ကြောင်း ဟောစာတမ်းများက ယုံကြည်ဟန် တူပေသည်။ ဤသည်မှာ ညွှန်ကြားချက်၏ အံ့သြလောက်သော စွမ်းပကားနှင့် မသိစိတ်၏ လိုက်နာမှု ဖြစ်ပေသည်။ ရောဂါဝေဒနာတူသော အခြားဖြစ်ရပ်များ၌မူ ဝေဒနာရှင်ကို ဤနည်းဖြင့် ပျောက်ကင်းစေနိုင်ဟန် မတူပေ။ အဘယ်ကြောင့် ဆိုသော် ဝေဒနာရှင်၏ အသိဉာဏ်နည်းမှုကြောင့်သော်လည်းကောင်း၊ မယုံကြည်မှုကြောင့်သော်လည်ကောင်း ဖြစ်ဟန်လက္ခဏာ ရှိပေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအတွက် တိကျသော ရုပ်ပိုင်းဆိုင်ရာ ကုသမှုများကို ထောက်ခံပေးခြင်း သည်သာလျှင် ပို၍အဆင်ပြေကြောင်း ဟောစာတမ်းများက ဖော်ပြကြလေသည်။

**မလိုအပ်သည်၌ အားထုတ်မှု** ဤနေရာ၌ ဟိန္ဒူယောဂီကြီးတဦး၏ စိတ်အားထက်သန် လှသော တပည့်ယောဂီငယ်တဦး အကြောင်းကို မှတ်သား သင့်ပေသည်။ ထိုတပည့် ယောဂီလေးသည် တန်ခိုး ဣဒ္ဓိပါဒ်များ ရစေနိုင်သည့် အခြေခံကျင့်စဉ်များကို ဆရာ့အထံမှ သင်ယူပြီးနောက် ဆိတ်ငြိမ်ရာ တနေရာသို့ သွား၍ အားထုတ်လေသည်။ ၁၀ နှစ်ကြာမျှ အားထုတ်ပြီး၍ ဆရာ့အထံသို့ ပြန်လာသောအခါ ဆရာယောဂီကြီးက "၁၀ နှစ်ပတ်လုံး သင် ဘာတွေလုပ်နေခဲ့သနည်း"ဟု မေးလေ၏။ တပည့်က "ရေပေါ်၌ လမ်းလျှောက်နိုင်ရန် ကျွန်ုပ်၏စိတ်ကို မည်သို့ ထိန်းချုပ်ရမည်ကို လေ့လာနေခဲ့ပါသည်"ဟု ဖြေကြားသည်ကို ကြားလိုက်ရသောအခါ ဆရာကြီးက

"တပည့်နှယ်၊ မင့် အချိန်တွေ ပြုန်းသွားတာ ဆရာ့ နမြောလိုက်လေကွယ်၊ ငွေစကလေး ၂ ပဲ ပေးရုံနှင့် ကူးတို့သမားက မင်းကို ဟိုဘက်ကမ်း ရောက်အောင် အသာကလေးနှင့် ပို့ပေးနိုင်တယ် ဆိုတာများ မင်း မသိလေရော့သလား"ဟု စိတ်ပျက် ဝမ်းနည်းစွာ ပြောလိုက်လေသည်။

**ပိုင်းခြား ဝေဖန်ဉာဏ်** စိတ်တန်ခိုး စွမ်းအားများကို ရရှိရေးအတွက် နှစ်ပေါင်းများစွာ လေ့လာအားထုတ်နေသော လူမျိုးတမျိုးက ပြောပြသော အဆိုပါ ပုံပြင်၌ ရောဂါကုသရေးတွင် ရုပ်ပိုင်းဆိုင်ရာ ကုထုံးကုနည်း အားလုံးကို လက်မခံသောလူများ ချင့်ချင့်ချိန်ချိန် စဉ်းစား ဆင်ခြင်သင့်သော အများနားလည်နိုင်သည့် သဘော ပါဝင်ပေသည်။

ပို၍ သေချာအောင် ပြောရလျှင် စိတ်ပိုင်းဆိုင်ရာ ကုသမှု သက်သက်မျှဖြင့် ရောဂါပျောက်ကင်းစေရန် ကြိုးစားအားထုတ်မှုမှာ ချီးမွမ်းဖွယ် ဖြစ်သည်သာမက ခွန်အားကိုလည်း ဖြစ်ပေါ်စေပေသည်။ **ခရစ်ယာန်သိပ္ပံဂိုဏ်း**[၁]၊ **ဘာသာရေးသိပ္ပံဂိုဏ်း**[၂]၊ **ညီညွတ်ရေးဂိုဏ်း**[၃] နှင့် အခြားသော အလားတူ အစစ်အမှန်သဘာဝ လေ့လာရေး အဖွဲ့အစည်းများမှာ "စိတ်သည် များစွာသော ရောဂါဝေဒနာတို့၏ အခြေခံ အကြောင်းရင်းဖြစ်သည့်နည်းတူ ရောဂါဝေဒနာတို့ ပျောက်ကင်းရေးအတွက် အခြေခံအကြောင်းရင်းလည်း ဖြစ်သည်"ဟု လူအများ နားလည်သဘောပေါက်စေရေး၌ လွန်စွာမှ အထောက်အကူ ဖြစ်လှပေသည်။

သို့ရာတွင် အခြေအနေတရပ်သည် နာမ်တရား၌ အခြေခံသည့် အချိန်အခါ ရှိသကဲ့သို့ မည်သည့်အပေါ်၌ အခြေခံသည်ဖြစ်စေ စိတ်ကို ကုသခြင်းထက် ရုပ်ကို ကုသခြင်းသည်သာလျှင် အကျိုးပြီးစီးနိုင်သော

---

၁။ Christian Science

၂။ Religious Science

၃။ Unity

အချိန်အခါများလည်း ရှိပေသည်။ ဤအချက်ကို ကိုယ်စိတ် ၂ပါးကု ဆေးပညာက အသိအမှတ်ပြုသကဲ့သို့ သဘာဝတ္ထ လေ့လာရေးပညာကလည်း အသိအမှတ်ပြုရန် အရေးကြီးပေသည်။

ကေစီကုသနည်း အတွေးအမြင်၏ အဓိပ္ပာယ်ရှိသော အခြားအချက်မှာ ဤသို့ ဖြစ်၏။ ဟောစာတမ်းများက ကုထုံးတခုသည် အခြားကုထုံးတခုထက် ပို၍ ဘာသာရေးဆန်သည်ဟု မယူမှတ်ပေ။ ကုထုံးအားလုံး၌ ရောဂါပျောက်ကင်းစေနိုင်သော အခြေခံအင်အား ရှိကြသည်ချည်းဖြစ်ကြကြောင်း မှတ်ယူလေသည်။

မခံသာအောင် ကျောအောင့်ဝေဒနာကို ခံစားနေရသော အမျိုးသမီးကြီး တယောက်သည် ရုပ်ခန္ဓာဆိုင်ရာ ပြုပြင်မှုကို လုပ်သင့်သလား၊ သို့မဟုတ် ညီညွှတ်ရေးဂိုဏ်း၏ (စိတ်ဓာတ်ဆိုင်ရာ) ကုသမှုကို အားကိုးသင့်သလားဟု ကေစီအား စုံစမ်းမေးမြန်း၏။ ဟောစာတမ်းက သူ၏ အမေးကို အောက်ပါ အတိုင်း ဖြေလိုက်၏။

"ဤရောဂါသည် စိတ်ပိုင်းဆိုင်ရာ ကုသမှုဖြင့် လုံးဝလောက်နီးပါး ပျောက်ကင်းနိုင်၏။ သို့သော် အခြေအနေကို အရှိအတိုင်း ရင်ဆိုင်ရပါမည်။ ပို၍ နာလာလျှင် ရုပ်ခန္ဓာ လိုအင်နှင့် ကိုက်ညီသော ကုသမှု၊ သို့မဟုတ် ပြုပြင်မှုကို ပြုလုပ်ပါ။ အမှန်တကယ် ခြားနားမှုကား မရှိပါ။ အဘယ်ကြောင့်ဆိုသော် ကုသမှု နှစ်မျိုးလုံး၏ ကောင်းခြင်းဂုဏ်သည် တခုတည်းသော အခြေခံ အမြစ်အရင်းမှ လာသောကြောင့် ဖြစ်သည်။ ကုသမှု နှစ်မျိုးလုံး တို့သည် အချို့ ယုံကြည်ယူမှတ်သကဲ့သို့ အချင်းချင်း မဆန့်ကျင်ပါ။

"ဘုရားသခင်သည် လူအားလုံးကို အတူတူ ကုသခဲ့သလား။ တချို့ကို စက်ယန္တရားဆန်ဆန် ကုသခဲ့သလား။ အခြားသူများကို တဆင့်စကား ကမ်းလှမ်းဖို့ ပြောကြားခဲ့သလား။ အခြားသူများ

အတွက် ကိုယ်တိုင်ပြောစကားကို အသုံးပြုခဲ့သလား။ သင်၏ ဘုရားသခင်သည် တဦးတည်းသာ ဖြစ်သည် ဟူသော ဤအခြေခံမှုကို မှတ်ထားပါ။

"စိတ်လောက ရုပ်လောက ဝိညာဉ်လောကတိုင်း၌ ထိုတဦးတည်းနှင့် ထပ်တူဖြစ်အောင် ညှိပေးရ၏။ တခုစီ တခုစီ၌ ယင်း၏ ဂုဏ်အရည်အသွေးနှင့် ကန့်သတ်ချက် အသီးသီး ရှိကြ၏။ တဦးတည်းသော သူ၌သာလျှင် ပြည့်စုံသော တထပ်တည်း တူညီမှု ရှိပေသည်။"

**အဆစ်ရောင်ရောဂါ** **ပစ်စဗတ်မြို့** မှ ၁၀ နှစ်လုံးလုံး အဆစ်ရောင်ရောဂါ စွဲကပ်နေခဲ့သော သတင်းစာဆရာ တယောက်သည် ရုပ်ကို ကုသရေးထက် စိတ်ကို ကုသရေးဖက်သို့ တိမ်းညွတ်နေခဲ့၏။ ထိုသူ့ကို သွေးလှည့်ပတ်မှု သွက်လက်လာစေရန် **ရေကုထုံး**[၁]နှင့် **ခရမ်းလွန်ရောင်ခြည်ကုထုံး**[၂] တို့ကို စမ်းသပ်ကြည့်ရန် ညွှန်ကြားလိုက်၏။

"အားလုံးသော ပျောက်ကင်းမှုများကို သင်၏ ကိုယ်တွင်း သန္တာန်၌ပင် ပြီးမြောက်စေနိုင်၏။ ပျောက်ကင်းမှုအားလုံးသည် တန်ခိုးရှင်အထံမှ လာခြင်းဖြစ်၏။ သင်၏ရောဂါကို ဘယ်သူ ကုသသလဲ၊ စကြဝဠာတခုလုံး၏ အရင်းအမြစ်က ကုသသည်။

"အားလုံးသော ကုထုံးများ ရရာ အရင်းအမြစ်အမျိုးမျိုးသည် တခုတည်းသော အရင်းအမြစ်မှလာခြင်း ဖြစ်၏။ ကုထုံးကို အသုံးပြုခြင်းသည် ခန္ဓာကိုယ်ရှိ ပရမာဏုမြူကလေးများကို နှိုးဆွပေးရန်သာ ဖြစ်၏။ ဆဲ(လ်)တိုင်းသည် ခန္ဓာကိုယ်တွင်းရှိ စကြဝဠာကလေးတခု ဖြစ်၏။

---

၁။ Hydrotherapy Treatments  ၂။ Ultraviolet Ray Treatments

"ခန္ဓာကိုယ်၌ အကျိုးသက်ရောက်သော အရှိန်အဝါသည် ဆေးဝါးမှ လာသည်ဖြစ်စေ၊ ရုပ်ကုထုံးကို အသုံးပြုမှုမှ လာသည် ဖြစ်စေ၊ ရေကုထုံးမှ လာသည်ဖြစ်စေ၊ အခြား မည်သည့်အရာမှပင် လာလာ၊ ထိုအရှိန်အဝါတို့သည် အသက်ဓာတ်တည်းဟူသော တခုတည်းသော အရင်းအမြစ်မှ လာခြင်း ဖြစ်ပေသည်။"

**တဖက်စွန်း မရောက်ဖို့** ကေစီ၏ ရောဂါပျောက်ကင်းရေးအတွက် အတွေးအခေါ် ပညာနှင့် ပတ်သက်၍ အခြားအချက်တခုကိုလည်း ဤနေရာ၌ ဖော်ပြရဦးမည်။ အကျိုးကို ဖြစ်ပေါ်စေသော အားလုံးသော အကြောင်းရင်းများသည် အဆုံးစွန်ပြည့်စုံသော အနက်အဓိပ္ပာယ်အနေဖြင့် စိတ်တွင်း၌ ရှိကြ၏။ သို့သော်လည်း ကျွန်ုပ်တို့ အသက်ရှင် တည်နေကြသော လောကမှာ ရုပ်သဘာဝတွင် ဤမျှ နစ်မြုပ်နေသော လောက၊ များစွာသော သတ္တဝါတို့နှင့် ဤမျှ ဆက်စပ်ပတ်သက်နေသော လောက၊ ကျွန်ုပ်တို့ ပြုမူ ဆောင်ရွက်နိုင်ကြ၍ အမျိုးမျိုးသော အကြောင်းတရားတို့၏ အကျိုးသက်ရောက်မှုကို ခံကြရသော လုပ်ငန်းဆောင်တာ အမျိုးမျိုးနှင့် ဆက်စပ်ပတ်သက်နေသော လောကကြီး ဖြစ်ပေသည်။

ဥပမာ ပြရသော် ကျွန်ုပ်တို့သည် စားသောက်ဆိုင်တဆိုင်သို့ သွား၍ မှိုတက်ပျက်စီးနေသော **ချောကလက်ကရီး(မ်)ပိုင်**[၁] မုန့်တခုကို စားမိကြသည် ဆိုပါစို့။ စားပြီးနောက် အစာအဆိပ်ဖြစ်မှုကို ခံစားကြရ၏။ အချို့သော ခွဲခြမ်းစိတ်ဖြာ ပညာရှင်များနှင့် သဘာဝတ္တလေ့လာရေး ပညာရှင်များက ဤသို့ ဖြစ်ခြင်းမှာ စိတ်၏ အဇ္ဈတ္တ အခြေအနေကြောင့် ဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ ဤအချက်သည် အချို့သော ဘဝ၏ အခြေအနေများကို စိတ်ပညာသဘောအရ ငြင်းပယ်ခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ယင်း

---

၁။ Chocolate Cream Pie

ကြောင်းကျိုး ဆင်ခြင်တုံပညာအရ သင့်လျော်လျောက်ပတ်သော အဆုံးသတ် ကောက်ချက်အထိ စဉ်းစားကြည့်လျှင် အဆိုပါ မုန့်ကို စားမိကြသော အခြားလူ ၂၅၀ တို့သည်လည်း အလားတူ စိတ်ပညာသဘောအရ ငြင်းပယ်ခြင်းကို တွေ့ကြုံရပြီးလျှင် သူတို့၏ မသိစိတ်က သူတို့ကို ထိုစားသောက်ဆိုင်သို့ပင် ခေါ်ဆောင်သွားပေလိမ့်မည်။ ထိုစားသောက်ဆိုင်က သူတို့ကို ကျေနပ်ခွင့်လွှတ် ပါရန် အမျိုးမျိုး တောင်းပန်လိမ့်မည်ဟု ကျွန်ုပ်တို့ အခိုင်အမာ ဆိုရမည် မဟုတ်ပါလား။

အကယ်၍သာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘဝ၌ အသေးစိတ် အဖြစ်အပျက်ကလေးများအထိ ကျွန်ုပ်တို့၌ ဖြစ်သမျှကို စိတ်အကြောင်းခံသည်ဟု အတင်းအကျပ် ယူဆကြပါမူ ကျွန်ုပ်တို့သည် ဖော်ပြပါကဲ့သို့သော ကောက်ချက်ကို မလွှဲမရှောင်သာ ချရပေလိမ့်မည်။ သေချာစွာ ဆိုရပါမူ ဤရှင်းပြချက်သည် မည်မျှပင် အတွေးခေါ်သည့် လက္ခဏာရှိစေကာမူ အမှန် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ ကေစီ ဟောစာတမ်းများ၏ သက်သေခံချက်အရ ဤလောကကြီး၌ မမြင်ရသော အားများနှင့် ဆွဲဆောင်မှုလမ်းကြောင်းများမှ များစွာသော အကြောင်းတရားတို့ ဖြစ်ပွားပေါ်ပေါက်လာတတ်သည် ဖြစ်ရာ ယင်းသို့သော ကမ္ဘာလောကကြီး၌ ဤကဲ့သို့သော ဖြစ်နိုင်သည့်သဘောကို ငြင်းပယ်သင့်သည်ဟု ကျွန်ုပ်တို့ မထင်မှတ်နိုင်ပေ။

**ပြီးတော့ဒီလိုလဲ ဖြစ်နိုင်သည်**

ပို၍ အစစ်အမှန်လည်းကျ အလုံးစုံကိုလည်း ခြုံငုံမိသော အမြင်မှာ ဤသို့ ဖြစ်၏။ ကျွန်ုပ်တို့၏ လက်ရှိ တိုးတက်ဖြစ်ပေါ်မှုအဆင့်နှင့် ရုပ်တရားနှင့် ဆက်စပ်နီးနွယ်မှု အဆင့်၌ ဓာတ်သဘာဝအား၊ ဇီဝကမ္မအား၊ စက်မှုအား၊ လူမှုဆက်ဆံရေးအား၊ လူမျိုးစုအားနှင့် စီးပွားရေးအားများ၏ အကျိုး သက်ရောက်မှုကို မလွှဲသာ မရှောင်သာ ကျွန်ုပ်တို့ မရသေးသမျှ ယင်းတို့၏ အကျိုးသက်ရောက်မှုကို ခံကြရမည်သာ ဖြစ်သည်။

ထို့ကြောင့် ကေစီသည် ရုပ်သက်သက် အခြေအနေအတွက် ရုပ်သက်သက် ကုထုံးကို လည်းကောင်း၊ အဆိပ်အတွက် အဆိပ်ဖြေဆေးကို လည်းကောင်း၊ သွေးစုခဲသော ရောဂါအတွက် အပူပေးခြင်းကို လည်းကောင်း၊ ရာသီဥတု အပြောင်းအလဲ လိုအပ်သူအား နေရာဒေသ ပြောင်းရွှေ့နေထိုင်ရန်ကို လည်းကောင်း မကြာခဏ ညွှန်ကြားခဲ့ပေသည်။

**အဓ္ဈတ္တအကြောင်း ရှာဖို့မလို** လမ်းဘေးလူသွားစင်္ကြံပေါ်၌ လဲကျ၍ လက်မောင်း ကျိုးသွားခြင်းသည် ထိုသူ၏ အထိအခိုက် များတတ်သော သဘောကြောင့် ဖြစ်ကောင်း ဖြစ်ပေမည်။ (ဤအချက်ကို စိတ်ကုပညာရှင်များနှင့် ကိုယ်,စိတ် ၂ ပါး ရောဂါအထူးကုပညာရှင်များက သက်သေထူခဲ့ကြပေပြီ။) သို့ရာတွင် ကွဲနေသော စင်္ကြံလမ်းခင်းကျောက်ပြားကို နင်းမိသောကြောင့်လည်း ဖြစ်နိုင်ပေသည်။ စင်္ကြံလမ်းပေါ်သို့ ထိုးထွက်နေသော စက်ဘီးကို တိုက်မိသောကြောင့်လည်း ဖြစ်နိုင်ပေသည်။ ဤဖြစ်ရပ်မျိုး၌ နက်နဲသော အဓ္ဈတ္တအကြောင်း ရှာရန် မလိုအပ်ပေ။ စိတ်ကို စေစားခြင်း၊ ဓိဋ္ဌာန်ခြင်း၊ ဆုတောင်းခြင်း၊ ယုံကြည်မှု စသော စိတ်ကုနည်းများသည် ကျွန်ုပ်တို့ အနည်းငယ်မျှသာ သိသေးသော ကိုယ်,စိတ် နှစ်ပါးနှင့် ပတ်သက်သည့် ရောဂါအနေဖြင့် အရိုးကို လျင်မြန်စွာ ဆက်စေကောင်း ဆက်စေနိုင်ပေမည်။ သို့သော် မတော်တဆ ထိခိုက်မှုများသည် မကြာခဏ ဖြစ်တတ်သော သဘောရှိကြောင်း ကေစီက သူ၏ဟောစာတမ်း များတွင် မကြာခဏ ဖော်ပြခဲ့သည်ကို ကျွန်ုပ်တို့ သတိရမိပေသည်။ ထို့ကြောင့် ဖြစ်ပျက်မှု တခုခုအတွက် မငြင်းသာသော အကြောင်းတခုခုကို မရှာမီ ကျွန်ုပ်တို့ ရပ်တန့် စဉ်းစားရပေမည်။

**ရုပ်ကုထုံးများ** ကေစီဟောစာတမ်းပါ ရုပ်ပိုင်းဆိုင်ရာ ကုထုံးများသည် အကြောင်းရင်းကို မစဉ်းစားနှင့်ဦးတော့ လွန်စွာမှ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။ ကံအကြောင်းခံသော ရောဂါများအတွက်

ကုထုံးများနှင့် ကံအကြောင်းခံသည်ဟု ဖော်ပြမထားသော ရောဂါများအတွက် ကုထုံးများကို သီးခြားလေ့လာရပေမည်။ သမားတော်တယောက်အနေဖြင့် အချက်အလက်ရရာ အခြေခံ အရင်းအမြစ်သည် ကုထုံးရွေးချယ်ရာ၌ အကောင်းဆုံး ဆရာဖြစ်ပေသည်။ ဟောစာတမ်းများ၌ ထောက်ခံထားသော ကုထုံးများတွင် ဓာတ်စာ၊ လေ့ကျင့်ခန်း၊ ဆေးဝါး၊ ဗိုက်တာမင်၊ ခွဲစိတ်ခြင်း၊ သစ်ပင် သစ်ရွက်၊ နှိပ်ခြင်း၊ အရိုးဆုပ်နယ်ကုသခြင်း၊ ရေဖြင့်ကုခြင်း၊ လျှပ်စစ်ဖြင့် ကုသခြင်းများအပြင် **ရေဒီယိုအက်တစ် ကုသနည်း**[၁] နှင့် **ဝက်(တ်)ဆဲလ် ကုသနည်းများ**[၂] ပါဝင်သည်။

**ဟောစာတမ်း၏ တီထွင်မှု**

ဤနောက်ဆုံး ကုထုံးနှစ်ခုသည် ဟောစာတမ်းများက ထွင်လိုက်သော ကုထုံးများ ဖြစ်ကြ၏။ ဤကုထုံးများ အတွက် အညွှန်းများ မတောင်းပါဘဲလျက် ဟောစာတမ်း များက ဖော်ပြထားခြင်းဖြစ်၍ နောင်ခါတွင် အရာမကသော ရောဂါဝေဒနာများ အတွက် ယင်းကုထုံးများကို အသုံးပြုရန် ထောက်ခံထား၏။ အရိုးဆုပ်နယ် ကုသမှု၏ ကာကွယ်ရေး၊ ကုသရေးနှစ်မျိုးလုံးအတွက် တန်ဖိုးရှိပုံကို အဆက်မပြတ် အလေးပေး ဖော်ပြထား၏။ ဤကုသနည်းဖြင့် ကလေးသူငယ်နာ၊ မျက်ဆန်မာ ရောဂါမှ စ၍ ကလေးမီးဖွားရာတွင် သက်သက်သာသာ ဖွားနိုင်ပုံအထိ လွန်စွာ အံ့ဩလောက်သော အကျိုးများ ရရှိပုံကို သတင်းပို့ကြ၏။

**ပညာရှင်ကို စောင့်နေကြသည်**

ဤကုထုံးများနှင့် အခြေခံကျသည့် များစွာသော အခြားကုထုံးများသည် ကေစီဟောစာတမ်းများမှ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။ ဆေးသိပ္ပံက လက်လွှတ်ထားရသော ရောဂါများအတွက် ထိုကုထုံးများ၏ အကျိုးသက်ရောက်ပုံ သက်သေ သာဓကများကို စစ်ဆေး၍ ထုတ်ဖော်တင်ပြရေးလုပ်ငန်းနှင့် ရောဂါ

---

၁။ Radio-active

၂။ Wet-cell

ဝေဒနာ အမျိုးမျိုးအတွက် ပဓာနကုထုံး အချက်အလက်များ ထုတ်နုတ် ရေးလုပ်ငန်းများက ဆေးပညာဘက်၌ ကျွမ်းကျင်၍ အရည်အချင်းပြည့်သော စုံစမ်းစစ်ဆေးရေး ပညာရှင် တဦးဦး၏ လုံ့လဝီရိယကို စောင့်မျှော်လျက် ရှိပေသည်။

**ပုံသွင်းသူ သုံးဦး** သို့တစေ ယခုအထိ စုံစမ်းလေ့လာခဲ့သမျှသော အချက်အလက်များသည် လူသား၏ ပေါင်းစည်းရေး သိပ္ပံပညာသစ် ကြီးဖြစ်သော ကုသရေး အတွေးအခေါ်သစ်ကြီးတရပ်၏ ပုံသဏ္ဌာန်ကို အကြမ်းဖျင်း ဖော်ပြရုံမျှသာ ရှိပေသည်။ လူသည် ခန္ဓာကိုယ်၊ စိတ်နှင့် ဝိညာဉ်တည်းဟူသော အခြေခံသဘောသုံးရပ်ကို ပေါင်းစည်း ထားသော အရာတခု ဖြစ်၏။ လူသား၏ ဤသုံးပွင့်ဆိုင်သဘောတရားသည် ဘုရားသခင်ထံမှ ရရှိလာခြင်းဖြစ်၍ ရာစုနှစ်ပေါင်းများစွာ ကာလပတ်လုံး ပြောင်းလဲတိုးတက်လာသော လူသား၏ ဆေးပညာ၊ စိတ်ပညာနှင့် ဘာသာတရားတည်းဟူသော ပညာဘဏ်တိုက်ကြီး သုံးခု၌ ပြန်၍ ထင်ဟပ်လာကြ၏။

ဤ ပညာဂိုဏ်းခွဲသုံးခုသည် သီးခြားစီဖြစ်၍ မကြာခဏ ပဋိပက္ခဖြစ်ရသော လမ်းသုံးသွယ်သို့ လိုက်ကြ၏။ သို့ရာတွင် ယင်းသို့ တသီးတခြားစီဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ရခြင်းမှာ လူသား၏ သူ့ အကြောင်းမှန်ကို မသိသော မောဟတရားကြောင့် ဖြစ်ပေသည်။ အစစ်အမှန်အားဖြင့် ဆရာဝန်၊ စိတ်ပညာရှင်နှင့် ဘုန်းတော်ကြီးများသည် တခုတည်းသော ဓာတ်ခွဲခန်း စားပွဲကြီး၌ ထိုင်နေကြသော အလုပ်သမားသုံးယောက် ဖြစ်ပေသည်။ ပျော့ပျောင်းသော တခုတည်းသော ရွှံ့တုံးကို ပုံသွင်းနေကြသော ပုဂ္ဂိုလ်သုံးဦး ဖြစ်ပေသည်။

**အနောက်တိုင်းမှ ဘဝပြဿနာ ပြီး၏။**

နိဂုံးချုပ်အနေဖြင့် ရေးသားလိုသည်မှာ ဤ စာအုပ်၌ ဒေါက်တာ ဂီနာစာမီနရာယူဆသော ကံတရားသည် ဗုဒ္ဓဝါဒ ကံတရားနှင့် နီးစပ်သော်လည်း သူ၏ တမလွန်ဘဝ အယူအဆမှာမူ ဝိညာဉ်(Soul)အစွဲ အတ္တအစွဲ တင်းလင်းရှိနေသော နယ်ပယ်အတွင်းမှ တွေးခေါ် ယူဆခြင်းဖြစ်၍ ဗုဒ္ဓဝါဒလာ တမလွန်ဘဝနှင့် ခြားနားနေသေးကြောင်း အထူး သတိပြုရမည် ဖြစ်ပါသည်။

အကယ်၍သာ ဒေါက်တာ စာမီနရာသည် ဗုဒ္ဓဝါဒီတဦးဖြစ်ခဲ့လျှင် ကေစီမှတ်တမ်းများကို ဗုဒ္ဓဘာသာရှုထောင့်မှ ရှုမြင်သုံးသပ်နိုင်ခဲ့မည်ဖြစ်ရာ အတ္တ=ဝိညာဉ်မပါသော ရုပ်နာမ် သက်သက် ဖြစ်ပျက်အစဉ်မျှသာ ဖြစ်သည့် တမလွန်ဘဝကို မှန်ကန်စွာ တွေးခေါ် ယူဆ တင်ပြနိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

# ချမ်းမြေ့ အခြေပြိုး ဗုဒ္ဓဘာသာ

နောက်တွင် ဆက်လက်ဖတ်ရှုရမည့် ကံနှင့်ပတ်သက်သည့် သိမှတ်ဖွယ်တို့ကို လူငယ်သင် *ချမ်းမြေ့ အခြေပြိုး ဗုဒ္ဓဘာသာ* စာအုပ် အခန်း(၁၀)မှ ထုတ်နုတ် ဖော်ပြထားပါသည်။

## အခန်း (၁၀)

# ကံ=အလုပ်

ပါဠိဘာသာ "**ကမ္မ**"ကို မြန်မာဘာသာဖြင့် "**ကံ**"ဟုခေါ်သည်။ "**အလုပ်**"ဟု အဓိပ္ပာယ်ရသည်။

**ကမ္မ=ကံ=အလုပ်**၊ ဤစကားသုံးလုံး အဓိပ္ပာယ် အတူတူဖြစ်သည်။

အလုပ်ဆိုသည်မှာ–

၁။ ကိုယ်ဖြင့်ပြုလုပ်သည့် အလုပ်=**ကာယကံ**၊

၂။ နှုတ်ဖြင့်ပြောဆိုသည့် အလုပ်=**ဝစီကံ**၊

၃။ စိတ်ဖြင့်ကြံတွေးသည့် အလုပ်=**မနောကံ** ဟု

အလုပ် ၃ မျိုးရှိ၏။ **ကံ ၃ ပါး**ဟုလည်း ခေါ်၏။

**ကာယကံ** ကိုယ်ဖြင့်ပြုလုပ်သော အလုပ် (**ကာယကံ**) ဆိုသည်မှာ တစုံတယောက်ကို တုတ်ဖြင့်ရိုက်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ လဲနေသူတဦးကို ထူပေးခြင်း၊ တစုံတခု မ,ချီနေသည်ကို ကူညီ မ,ချီပေးခြင်းမျိုးကို ခေါ်သည်။

**ဝစီကံ** နှုတ်ဖြင့်ပြောဆိုသည့် အလုပ်(**ဝစီကံ**) ဆိုသည်မှာ တစုံတယောက်ကို ဆဲဆိုခြင်း၊ "ရိုက်လိုက်"ဟု ခိုင်းခြင်း၊ တစုံတယောက်ကို ချိုးမွမ်းပြောဆိုခြင်း၊ "ကူညီလိုက်ပါ"ဟု ခိုင်းခြင်းမျိုးကို ခေါ်သည်။

**မနောကံ** စိတ်ဖြင့် ကြံတွေးသည့် အလုပ်(**မနောကံ**) ဆိုသည်မှာ တစုံတယောက်ကို ရိုက်ရန် ကြံစည်ခြင်း၊ သူ့ပစ္စည်းကို ခိုးရန် ကြံစည်ခြင်း၊ တစုံတယောက်၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်အောက်မေ့ခြင်း၊ သူတပါးကို ကူညီရန်၊ ပေးကမ်းလှူဒါန်းရန် ကြံစည်နေခြင်း၊ တရားဓမ္မ ဆင်ခြင်နှလုံးသွင်းခြင်းမျိုးကို ခေါ်သည်။

**ရည်ရွယ်ချက်နှင့် တက်ကြွစိတ်** ကိုယ်၊ နှုတ်၊ စိတ် တို့ဖြင့် ပြုလုပ်သော်လဲ ပြုလုပ်တိုင်း ကံမဖြစ်ပေ၊ ကံအရာ မမြောက်ပေ။ အကောင်းအဆိုး ရည်ရွယ်ချက် တခုခုဖြင့် တက်ကြွ ထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်မှသာ "ကံအရာမြောက်၍" ကံဟုခေါ်သည်။

**ကံမမြောက်သော အလုပ်များ** တချို့ အလုပ်များကို အကောင်းအဆိုး ရည်ရွယ်ချက် အထူးလဲမပါ တက်ကြွထက်သန်သော စိတ်လည်း မရှိဘဲ မထင်ရှားသော စိတ်စေတနာဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း

လုပ်ကြ၏။ အလုပ် ဖြစ်မြောက်စေသော စိတ်စေတနာ အလွန်အားသေးလှသဖြင့် သူ့အလိုအလျောက် လုပ်မိသွားသည်ဟုပင် မှတ်ထင်ကြရ၏။ ယင်းအလုပ်များမှာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ထခြင်း၊ လျှောင်းခြင်းစသော အလုပ်မျိုးဖြစ်၏။ ဤကဲ့သို့သော အလုပ်မျိုးသည် ထူးခြား ထင်ရှားသော ကောင်းကျိုး ဆိုးကျိုး တစုံတရာကို ဖြစ်ပေါ်စေသော ကံများ မဟုတ်ကြပေ။ ကံအရာမြောက်သော အလုပ်များ မဟုတ်ကြပေ။

အချုပ်ဆိုရလျှင် ရည်ရွယ်ချက်နှင့်တကွ တက်ကြွထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်သော အလုပ်သည် ကံမြောက်၍ မသိသာ မထင်ရှားသော သာမန်စိတ်ဖြင့် ပြုလုပ်သော အလုပ်သည် ကံမမြောက်ပေ။

**စေတနာသည် ကံ** ယင်း တက်ကြွထက်သန်သောစိတ်ကို **စေတနာ**ဟု ခေါ်သည်။ **စေ့ဆော်သော စိတ်သဘော**ဟု ဆိုလိုသည်။ ဤ တက်ကြွသည့် စိတ်သဘောကြောင့်ပင် ကိုယ်ဖြင့် ပြုလုပ်မိ၏။ နှုတ်ဖြင့် ပြောဆိုမိ၏။ စိတ်ဖြင့် ကြံစည်တွေးတော ဆင်ခြင်မိ၏။ ယင်း တက်ကြွထက်သန်သော စိတ်သဘော စေတနာသည် ကိုယ် နှုတ် စိတ် အလုပ်များ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်း အခြေခံဖြစ်၏။ ထို့ကြောင့် ထိုစေတနာ (တက်ကြွသောစိတ်သဘော)ကို **ကံ**ဟု မြတ်စွာဘုရားက နာမည်တပ်တော်မူ၏။

**အကြောင်းနှင့်အကျိုး** လောက၌ ဖြစ်ပေါ်သမျှသော အရာများသည် အကြောင်းမရှိဘဲ ဖြစ်လာကြသည်မဟုတ်။ သက်ဆိုင်ရာ အကြောင်းများကြောင့် ဖြစ်ပေါ်လာသည်ချည်း ဖြစ်ကြ၏။

အကြောင်းကြောင့် ဖြစ်ပေါ်လာသော ထိုအကျိုးများသည်လည်း တဖန် အကြောင်းအဖြစ်သို့ ရောက်ပြန်ကာ တခြား အကျိုးတခုကို ဖြစ်ပေါ်စေပြန်သည်။

ဤနည်းဖြင့် **လောကကြီးသည် ကြောင်းကျိုးဆက် သဘာဝကြီးမျှသာ** ဖြစ်နေတော့၏။

သူတော်ကောင်းသည် တရားနာလိုစိတ်ကြောင့် တရားနာ၏။ တရားနာခြင်းကြောင့် တရားအားထုတ်လိုစိတ် ဖြစ်ပေါ်၏။ တရားအားထုတ်လိုစိတ်ကြောင့် တရားအားထုတ်၏။ တရားအားထုတ်ခြင်းကြောင့် တရားကို သိသောဉာဏ် ဖြစ်ပေါ်၏။

ဤအရာ၌ ဆင်ခြင်စဉ်းစားကြည့်လျှင် အောက်ပါအတိုင်း ကြောင်းကျိုးကွင်းဆက် သဘာဝကို တွေ့ရ၏။

| **အကြောင်း** | **အကျိုး** |
|---|---|
| ၁။ တရားနာလိုစိတ်ကြောင့် | တရားနာခြင်း ဖြစ်၏။ |
| ၂။ တရားနာခြင်းကြောင့် | တရားအားထုတ်ချင်စိတ် ဖြစ်၏။ |
| ၃။ တရားအားထုတ်ချင်စိတ်ကြောင့် | တရားအားထုတ်ခြင်း ဖြစ်၏။ |
| ၄။ တရားအားထုတ်ခြင်းကြောင့် | တရားကိုသိသောဉာဏ် ဖြစ်၏။ |

(က) တရားနာလိုစိတ်၌ ကောင်းသော ရည်ရွယ်ချက်နှင့်တကွ တက်ကြွသော စိတ်သဘော (စေတနာ) ပါဝင်၏။ ထို့ကြောင့် ကံ ဖြစ်၏။

ထို့ကြောင့် တရားနာလိုစိတ်သည် **ကံ=အလုပ်=အကြောင်း**။

(ခ) ဤ အကြောင်းကြောင့် တရားနာခြင်း **အကျိုး** ဖြစ်ပေါ်၏။ ထို့ကြောင့်ယင်း တရားနာခြင်းသည် တရားနာလိုစိတ်ဟူသော **အကြောင်း၏ အကျိုး** (ကံ၏ အကျိုး၊ အလုပ်၏အကျိုး) ဖြစ်၏။

တဖန်–

(က) တရားနာခြင်းသည်လည်း (ရည်ရွယ်ချက်နှင့် စေတနာပါသောကြောင့်) **ကံ=အလုပ်=အကြောင်း** ဖြစ်ပြန်၏။

(ခ) ယင်း တရားနာခြင်းဟူသော **အလုပ်=အကြောင်း**ကြောင့် တရားအားထုတ်လိုစိတ်ဟူသော **အကျိုး** ဖြစ်ပေါ်ပြန်သည်။ (ကံ၏ အကျိုး၊ အကြောင်း၏ အကျိုး။)

ဤနည်းအတိုင်း တရားအားထုတ်လိုစိတ် (**ကံ**)နှင့် တရားအားထုတ်ခြင်း (**အကျိုး**)၊ တရားအားထုတ်ခြင်း (**ကံ=အလုပ်**)နှင့် တရားသိခြင်း (**အကျိုး**) ဖြစ်ပေါ်လာပုံတို့ကို ဆက်စပ် စဉ်းစားကြည့်လျှင် **ကံ=အလုပ်** ဆိုသည်မှာ **အကြောင်း**ဖြစ်၍ ယင်းအကြောင်းကြောင့် သင့်လျော်သော **အကျိုး** ဖြစ်ပေါ်ရသည်ကို သဘောပေါက်နိုင်၏။

ဤသဘောကို နားလည်လျှင် **ကံဆိုသည်မှာ အလုပ်=အကြောင်း**ဟုလည်းကောင်း၊ **ကံ၏အကျိုးဆိုသည်မှာ အလုပ်ကြောင့်ရရှိသော အကျိုး၊ အကြောင်းကြောင့် ဖြစ်ပေါ်လာသော** အကျိုးဟုလည်းကောင်း နားလည်ပါလိမ့်မည်။

ယင်းသို့ နားလည်လျှင် ကံနှင့် ကံ၏အကျိုး ဆိုသည်မှာ ထူးဆန်းသော ဘာသာတရား မဟုတ်ဘဲ ကမ္ဘာ့ **ကြောင်းကျိုးနိယာမသဘာဝ** တခုမျှသာ ဖြစ်ကြောင်း သဘောပေါက်လာပါလိမ့်မည်။

ပို၍ရှင်းအောင် ကျဉ်းကျဉ်းရေးရလျှင်–

ကံဆိုသည်မှာ အလုပ်၊ အလုပ်ဆိုသည်မှာ အကြောင်းတရား၊ အကြောင်းဆိုလျှင် လျော်ရာအကျိုးကို ဖြစ်ပေါ်စေရ၏။

၁။ ကောင်းသော ရည်ရွယ်ချက် တက်ကြွသောစိတ်ဖြင့် ပြုလုပ်လျှင် ကောင်းသောအလုပ်၊ ကောင်းသောကံ (**ကုသိုလ်ကံ**)၊ ကောင်းသောအကြောင်း။

၂။ မကောင်းသော ရည်ရွယ်ချက် တက်ကြွသော စိတ်ဖြင့် ပြုလုပ်လျှင် မကောင်းသော အလုပ်၊ မကောင်းသောကံ (**အကုသိုလ်ကံ**)၊ မကောင်းသော အကြောင်း။

## ကံ၏ အကျိုးပေးချိန်

ကံသည်–

(၁) ယခုဘဝ မတိုင်မီက အကြောင်း(ကံ)ကို ပြုလုပ်ခဲ့သော်လည်း ထိုစဉ်က အကျိုး ဖြစ်ပေါ်စေနိုင်လောက်အောင် အကြောင်း မညီညွတ်ခဲ့၍ ယခုဘဝမှာဖြစ်စေ၊ နောက်ဘဝ တခုခုမှာဖြစ်စေ အကျိုးဖြစ်ပေါ်သောကံ၊

(၂) ယခုဘဝမှာ ပြုလုပ်သော အလုပ်(ကံ)ကြောင့် ယခုဘဝမှာပင် အကျိုးဖြစ်ပေါ်သော ကံ၊

(၃) ယခုဘဝမှာ ပြုလုပ်သော်လည်း ယခုဘဝ၌ အကျိုးပေးရန် အကြောင်း မညီညွတ်၍ သေပြီးနောက် တချိန်ချိန်မှာ အကျိုးဖြစ်ပေါ်သော ကံဟု ၃ မျိုးရှိ၏။

**ပစ္စုပ္ပန်ကံ** ဤကံ ၃မျိုးအနက် အမှတ်(၂)ကံမှာ လက်ငင်း အကျိုးရသော ပစ္စုပ္ပန်ကံ ဖြစ်၏။ ဤ စာအုပ် ငါးပါးသီလ အခန်း၌ ပြခဲ့သော ရဟန်းတော်ကို ခွေးများဖြင့်တိုက်သည့် **ကောကမုဆိုး**၏ ကံမျိုးတည်း။

## သည်ဘဝကံကြောင့် သည်ဘဝခံ

**အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ** ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ သဘောမှာ ရှေးဘဝက ပြုခဲ့သောကံကြောင့် ယခုဘဝ အကျိုးခံစားရသည်လည်း ရှိ၏။ ယခုဘဝ ပြုသောကံကြောင့် ယခုဘဝမှာပင် ချက်ချင်း အကျိုးခံစားရသည်လည်းရှိ၏။ ယခုဘဝပြုလုပ်သောကံကြောင့် နောက်နောက်ဘဝများမှာ အကျိုးခံစားရသည်လည်း ရှိ၏။

**ကောကမုဆိုး** မြတ်စွာဘုရား လက်ထက်တော်အခါက **ကောက** အမည်ရှိသော မုဆိုးတယောက်သည် တောလိုက်ရန် ခွေးများကိုခေါ်၍ ရွာမှ ထွက်သွား၏။ ရွာနှင့်မလှမ်းမကမ်းတွင် ရဟန်းတော်တပါးကို တွေ့ရသော အခါ "ဒီနေ့ အမင်္ဂလာကို တွေ့ရတယ်၊ ဘာသားကောင်မှ ရမှာမဟုတ်"ဟု စဉ်းစားရင်း ဒေါသထွက်နေ၏။ တောကိုရောက်၍ သားကောင်များကို လိုက်သော အခါ တကောင်မျှ မရ၍ ပိုမို ဒေါသထွက်ကာ ရွာသို့ ပြန်လာ၏။

**မကောင်းမှုကံ** ရဟန်းတော်သည်လည်း ရွာထဲတွင် ဆွမ်းခံပြီးလျှင် ကျောင်းသို့ ပြန်လာရာ မုဆိုးနှင့် လမ်းတွင် ဆုံမိကြပြန်၏။ "ရဟန်းကို တွေ့သောကြောင့် သားကောင်မရ"ဟု ထင်မှတ်ကာ ဒေါသထွက်နေသော မုဆိုးသည် ရဟန်းတော်ကို ဒုတိယအကြိမ် တွေ့ရပြန်လျှင် ပို၍ပင် ဒေါသမီး တဟုန်းဟုန်းတောက်ကာ ခွေးများကို ရှူးတိုက်၍ ရဟန်းတော်ကို ကိုက်စေသည်။ ရဟန်းတော်သည် နီးရာ သစ်ပင်တပင်ကို ပြေးတက်ပြီးလျှင် လူတရပ်သာသာ မြင့်သော သစ်ကိုင်းပေါ်၌ ထိုင်နေ၏။ ခွေးများသည် သစ်ပင်အောက်မှနေ၍

ပတတ်ရပ်ကာ ကိုက်ခဲမည့်ဟန်ဖြင့် မာန်ဖီနေကြ၏။ မုဆိုးသည် ရဟန်းတော်၏ ခြေဖဝါးတို့ကို မြားဖြင့်လှမ်း၍ ထိုး၏။

ရဟန်းတော်သည် တကိုယ်လုံး မီးအုံးသကဲ့သို့ ပူလောင်နာကျင်လှသဖြင့် ခြေထောက်တို့ကို ရှောင်ရင်း တိမ်းရင်း ကိုယ်ရုံ ဧကသီ ကိုယ်မှ ကွာကျသွားသည်ကိုပင် မသိလိုက်တော့ပေ။ ရဟန်းတော်၏ ကိုယ်ရုံ သင်္ကန်းသည် သစ်ပင်အောက်ရှိ မုဆိုးကို ခြုံပြီး အုပ်ပြီးသား ကျသွား၏။ ခွေးများသည် ရဟန်းတော်ဟု ထင်မှတ်ကာ သင်္ကန်းအုပ်မိပြီး ဖြစ်နေသော မုဆိုးကို ဝိုင်းဝန်းကိုက်သတ်၍ အသားကို စားလိုက်ကြရာ အရိုးမျှသာ ကျန်တော့မှ လွှတ်လိုက်ကြ၏။

ထိုအခါမှ ရဟန်းတော်သည် သစ်ကိုင်းခြောက်တခုကို ချိုး၍ ခွေးများ ပေါ်သို့ ချလိုက်ရာ ခွေးများက သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်၏။ ရဟန်းတော်ကို မြင်မှ မိမိတို့သခင်ကို မိမိတို့ ကိုက်သတ်မိကြောင်း သိကြ၍ ခွေးများ တောထဲသို့ ဝင်ပြေးကြလေသည်။

"**ကာလဝိပါက် နောက်ပိုးတက်**"ဆိုသော မြန်မာစကားနှင့်အညီ ယခုပြုသော မကောင်းမှု အကုသိုလ်ကံက ယခုချက်ချင်း ဆိုးကျိုးကို ပေးခြင်းဖြစ်၏။

**အတိတ်ကံ** အမှတ်(၁) ကံနှင့် အမှတ်(၃) ကံတို့မှာမူ ဘဝတခုတွင် အလုပ်(ကံ)ကို လုပ်ခဲ့၍ နောက်ဘဝတခုမှာသာ အကျိုးကို ဖြစ်ပေါ်စေသော ကံများချည်း ဖြစ်ကြ၏။ သဘောအားဖြင့် အတူတူသာဖြစ်၏။ အကျိုးဖြစ်ပေါ်ရာ ဘဝမှ ရှေ့ဖြစ်သောဘဝ၌ အကြောင်း(ကံ)ကို ပြုလုပ်ခဲ့ခြင်းကြောင့် **အတိတ်ကံများ**ဟု ခေါ်ရ၏။ ရှေ့ ဒုစရိုက်အခန်း၌ ဖော်ပြခဲ့သော ကြမ်းတမ်းစွာ ဆဲဆိုမှုကြောင့် နောက်ဘဝများ၌ ပြည့်တန်ဆာချည်း ဆက်ကာ ဆက်ကာ ဖြစ်ရသော **အမ္ဗပါလီ**၏ ကံနှင့် သူတော်စင် ရဟန်းနှစ်ပါးကို ကုန်းတိုက်ခဲ့သောကြောင့် ဝက်လူပြိတ္တာ ဖြစ်ရသော ဓမ္မကထိက၏ ကံမျိုးတည်း။

## နာမည်ကြီး အမ္ဘပါလီ

ဧကရာဇ်ခေတ်တွင် **ဝေသာလီပြည်**သည် ဧကရာဇ်နိုင်ငံ မဟုတ်ပေ။ ဂဏ အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံဖြစ်၏။ **ဝေသာလီ**ပြည်မှ **လိစ္ဆဝီ**မင်းသားတို့သည် စုပေါင်းအုပ်ချုပ်ရေး (ဂဏ)စနစ်ကို အကြွင်းမဲ့ ယုံကြည်သလောက် ဖြစ်နိုင်သမျှ အကောင်အထည် ဖော်နေကြသူများ ဖြစ်၏။ အောင်မြင်သလောက်လည်း အောင်မြင်နေ၏။ **ဝေသာလီ** အုပ်ချုပ်ရေးမှာ အသွင်အပြင်ရော အနှစ်သာရပါ ဂဏစနစ်ဖြစ်၏။ **မလ္လာ**မင်းသားတို့လည်း ဤ ဂဏစနစ်ကိုပင် ကြိုးစား၍ တည်ဆောက်နေကြ၏။ သို့သော် **ဝေသာလီ**လောက်ကား အောင်မြင်မှုရပုံ မပေါ်သေးပေ။

**နာမည်ကျော်** ထိုခေတ်က **ဝေသာလီ**ဟုဆိုလျှင် **အမ္ဘပါလီ**က တွဲလျက်ပါပြီး ဖြစ်နေ၏။ **ဝေသာလီ**နှင့် **အမ္ဘပါလီ**သည် ခွဲ၍မရပေ။ ဤမျှပင် **အမ္ဘပါလီ**က နာမည်ကြီး၏။ နာမည်ကြီးသလောက်လည်း ချောလှ၏။ သို့သော် သူ့အလုပ်ကား လူတန်းစားအမြင်ဖြင့် ကြည့်လျှင် အောက်ဆုံးလွှာ အတန်းစားဖြစ်၏။ သူကား လူတိုင်းကို ပျော်လေအောင် ဖျော်ဖြေရသော ပြည့်တန်ဆာသာတည်း။

အမ္ဘပါလီဆိုသည့် နာမည်မှာ ဆန်းလည်းဆန်း၏။ နှစ်သက်ဖွယ်လည်း ရှိ၏။ သရက်ပင် အစောင့်အရှောက် ရှိသူ၊ သရက်ပင်၏ စောင့်ရှောက်ခြင်းကို ခံရသူဟု အဓိပ္ပာယ်ရ၏။ သူသည် လူ့ဝမ်း၌ ပဋိသန္ဓေမနေ။ သရက်ပင်၌ ပဋိသန္ဓေ နေသည်ဟု ပြောကြ၏။ သူသည် အမှန်ပင် သရက်ပင်၌ ပဋိသန္ဓေ နေလေသလား သို့မဟုတ် တရားမဝင် ရထားသည့် မွေးစကလေးကို မကျေးမွေး

မသုတ်သင်နိုင်၍ မိခင်က သရက်ပင်အောက်သို့ လာရောက် ပစ်ထားလေသလား ဆိုသည်ကိုတော့ မည်သူမျှ တပ်တပ်အပ်အပ် မပြောနိုင်ပေ။ မည်သို့ဆိုစေ သူ့နာမည်က သရက်ပင်နှင့် တနည်းနည်းဖြင့် ဆက်စပ်မှု ရှိနေသည်တော့ အမှန်ပင်။

**အမ္ဗပါလီ**။ နာမည်က လှ၏။ ရုပ်ကချော၏။ သူမတူအောင်ချော၏။ သို့သော် သူ့အလုပ်က ယုတ်ညံ့လှ၏။

**ကုသိုလ်ကံ** သူသည် **ဖုဿဘုရားရှင်** ပွင့်တော်မူစဉ် အခါက အကြီး အကျယ် အလှူကြီးပေး၍ ရုပ်ရည် ချောမောလှပရန် ဆုပန်ခဲ့၏။ ထိုစဉ်က အင်အားကောင်းသလောက် တက်ကြွထက်သန်နေသော လှချင်စိတ်၏ တွန်းပို့ပေးမှုကြောင့် ယခုဘဝ၌ သည်အလှကို သူ ရခြင်းဖြစ်၏။

**အကုသိုလ်ကံ** **သိခီဘုရားရှင်** လက်ထက်တော်အခါ၌ ဘိက္ခုနီမ ဖြစ်ခဲ့၏။ တတ်နိုင်သမျှ တရားကျင့်ခဲ့၏။ သို့သော် ခရီးတော့ မရောက်ခဲ့ပေ။ တနေ့ စေတီတော်တဆူကို ဖူးမြော်ရင်း စေတီကို လက်ယာရစ် လှည့်ပတ်နေရာမှ ဘုရားရင်ပြင်တော်ပေါ်တွင် တံတွေးကွက်တကွက်ကို သူ တွေ့ရ၏။ ရှေ့က သွားကြသော ဘိက္ခုနီ တသိုက်ထဲမှ တယောက်ယောက် ထွေးသွားကြောင်း သူ သိ၏။ အမှန်တော့ တံတွေးထွေးသွားသော ဘိက္ခုနီမှာ ရင်ပြင်တော် လွတ်ရာသို့ သွား၍ ထွေးခြင်းဖြစ်သော်လည်း ရေးကြီးသုတ်ပျာဖြစ်၍ ရင်ပြင်တော်ပေါ် ကျမှန်းမသိ ကျသွားခြင်းဖြစ်၏။

အမ္ဗပါလီအလောင်း ဘိက္ခုနီသည် တံတွေးကွက်ကို တွေ့လျှင် "ဟင်း... ဘယ်က ပြည့်တန်ဆာမများ ရင်ပြင်တော်ပေါ် ထွေးသွားပါလိမ့်၊ အကျင့်ယုတ်မတွေ၊ သာသနာဖျက်မတွေ"ဟု ကြမ်းကြမ်းတမ်းတမ်း ဆဲလိုက်၏။

ဘုရားသမီးတော်ဖြစ်သော ဘိက္ခုနီမတပါး မဆိုထားနှင့်တော့၊ သာမန် အဆင့်အတန်းရှိသော လူ့ဝတ်ကြောင် မိန်းမတယောက်ပင် နှုတ်မှ မထွက်ဝံ့သော စကား၊ မထွက်သင့်သောစကားကို သူ့နှုတ်မှ ကြမ်းတမ်းစွာ ထွက်လိုက်၏။

**ဆိုးကျိုး** ဤ **ဖရုသဝါစာ** ဒုစရိုက်ကြောင့် သူသည် ဘဝများစွာ ပြည့်တန်ဆာချည်း ဆက်ကာဆက်ကာ ဖြစ်ခဲ့ရ၏။ ဤ **အမ္ဗပါလီ** ဘဝတွင်လည်း အခြေအနေက တွန်းပို့သဖြင့် စိတ်မပါဘဲလျက် ယုတ်ညံ့သော ပြည့်တန်ဆာ အလုပ်ကို လုပ်နေရ၏။

သို့သော်လည်း မြတ်စွာဘုရား တည်းဟူသော အမိုကောင်း ကလျာဏ မိတ္တကို ရ၍ ဘုရားရှင်၏ ကျောင်းအမ ဖြစ်ရပြီးလျှင် အရွယ်ထောက်လာသည့်အခါ သာသနာ့ဘောင်ဝင်ကာ တရားအားထုတ်သဖြင့် ရဟန္တာဖြစ်သွား၏။

**ဝစီဘေဒ ထိတိုင်းရှလှပါတကား။**

# ထူးဆန်းသော ဝက်လူကြီး

**ရာဇဂြိုဟ်မြို့**သည် စည်ကား၏။ အုပ်ချုပ်သူ ဘုရင် **ဗိမ္ဗိသာရ**နှင့် သမားတော်ကြီး **ဇီဝက**တို့ကြောင့် ထင်ရှား၏။ ထူးခြားသော လက္ခဏာတရပ်မှာ မြို့ကို တောင်ငါးလုံးက ဝန်းရံထားခြင်းပင် ဖြစ်သည်။

ထို တောင်ငါးလုံးကား **ပဏ္ဍဝ၊ ဝေဘာရ၊ ဝေပုလ္လ၊ ဣသိဂိလိ၊ ဂိဇ္ဈကုဋ်**တို့ ဖြစ်ကြ၏။ တောင်ငါးလုံးမှာ မနိမ့်မမြင့်ဖြစ်၍ မြို့၏ တံတိုင်းများသဖွယ် တည်ရှိကြ၏။ ဝေဠုဝန်ကျောင်းတော်မှာ တောင်များ၏ အပြင်ဘက်တွင်ရှိ၏။

**အရှင်မောဂ္ဂလ္လာန်**နှင့် **အရှင်လက္ခဏ** မထေရ်နှစ်ပါးသည် **ဂိဇ္ဈကုဋ်** တောင်ပေါ်မှ ဆင်းလာကြ၏။ တောင်စောင်းတနေရာတွင် အလွန်ထူးဆန်းသော သတ္တဝါတကောင်ကို **အရှင်မောဂ္ဂလ္လာန်** မြင်ရ၏။

သတ္တဝါကြီးမှာ မော့ကြည့်ရလောက်အောင်ပင် ကြီးမားလှ၏။ သူ၏ကိုယ်မှာ လူကိုယ်ဖြစ်၍ ခေါင်းမှာ လူခေါင်းမဟုတ်ဘဲ ဝက်ခေါင်းကြီး ဖြစ်နေ၏။ နှုတ်သီးအတွင်းမှ အမြီးတချောင်း တွဲလောင်းကျကာ ပေါက်နေရာ ဝက်တကောင်သည် ဝက်မြီးတခုကို ကိုက်ထားသကဲ့သို့ ရှိ၏။ အမြီးပေါက် နေသော နှုတ်သီးအတွင်းမှ ပိုးလောက်တွေ တဖွားဖွား ကျနေသည်မှာ မြင်ရသူ အော်ဂလီဆန်စရာ ဖြစ်နေ၏။ သတ္တဝါကြီး တကောင်လုံးကို ခြုံကြည့်လိုက်လျှင် ကြောက်စရာ ရွံစရာ သတ္တဝါကြီး ဖြစ်နေ၏။

**ဝေဠုဝန်**ကျောင်းတော်အတွင်း မြတ်စွာဘုရား၏ ထံတော်မှောက်သို့ မထေရ်နှစ်ပါး ရောက်လာကြသောအခါ **အရှင်မောဂ္ဂလ္လာန်**က အကြောင်းစုံကို လျှောက်ထား၏။ မြတ်စွာဘုရားက **ဂိဇ္ဈကုဋ်**တောင်စောင်းမှ ထိုဝက်လူကြီးမှာ ပြိတ္တာကြီးဖြစ်ကြောင်း၊ ကုန်းချောရန်တိုက်စကား ပြောဆိုခြင်းအမှု **ပိသုဏာဝါစာ ဒုစရိုက်**ကြောင့် ပြိတ္တာဖြစ်ကာ ဆင်းရဲခံနေရကြောင်း မိန့်ကြားတော်မူ၏။

ထို ဝက်လူပြိတ္တာကြီးမှာ **ကဿပမြတ်စွာဘုရား** လက်ထက်တော် အခါက နာမည်ကြီး ဓမ္မကထိက ဘုန်းကြီးတပါး ဖြစ်ခဲ့၏။ ထို ဓမ္မကထိကသည် တရားဟော လှည့်လည်ရာမှ တောရွာတရွာရှိ ဘုန်းကြီးကျောင်း တကျောင်း၌ တည်းခိုနေ၏။

ထိုကျောင်းမှ ကျောင်းနေ အာဝါသိက ဘုန်းကြီးနှစ်ပါးမှာ စိတ်သဘောထား နူးညံ့လှ၏။ တအူတုန်ဆင်း ညီရင်းအကိုပမာ လွန်စွာ ခင်မင်ကြ၏။ အချင်းချင်း ရိုသေလေးစားကြ၏။ ထို့ကြောင့် ရွာရှိ ဒကာ ဒကာမတို့က လွန်စွာမှ ကြည်ညိုကြသဖြင့် အစစအရာရာ ဘာမျှ လိုလေသေး မရှိအောင် လှူဒါန်းပြုစုကြသောကြောင့် အလွန် ပြည့်စုံသောကျောင်း ဖြစ်၏။

**ကုန်းချောပြီ** ဤ အခြေအနေကို တပ်မက်စိတ်ဝင်နေသော ဓမ္မကထိက သည် သူ့ကို ချမ်းချမ်းသာသာ နေနိုင်အောင် အစွမ်းကုန် ပြုစု စောင့်ရှောက်ရုံမျှမက အနီးအပါးရွာများ၌ တရားပွဲ ကျင်းပနိုင်အောင် စီစဉ်ပေးသည့် အရှင်နှစ်ပါး၏ ကျေးဇူးကိုမျှ မထောက်ထားဘဲ အကျိုးလိုလားသည့် ဟန်ဖြင့် အရှင်နှစ်ပါးကို ဟိုတမျိုး သည်တဖုံ ပြောကာ ကုန်းတိုက်၏။

ရိုးသား၍ စိတ်ကောင်းရှိလှသော အရှင်နှစ်ပါးမှာ တကြိမ်နှစ်ကြိမ်မျှ ပြောသည့် ကုန်းချောစကားကို မယုံကြည်သော်လည်း အကြိမ်ကြိမ် ပြောလာသော အခါ ယုံကြည်သွားကြ၏။ ရိုးသားသူများဖြစ်၍ အချင်းချင်း ဖြေရှင်းဖို့ကိုပင် သတိမရဘဲ နှစ်ပါးလုံး ကျောင်းကို ပစ်ခဲ့ပြီးလျှင် အသီးသီး တလမ်းစီ ထွက်သွားကြလေသည်။ ဓမ္မကထိကဘုန်းကြီးသည် လူကြားကောင်းရုံမျှ တားမြစ်ပြီးနောက် ကျောင်းကို အပိုင်စီးလိုက်တော့၏။

အရှင်နှစ်ပါးမှာ ကုန်းစကားကို ယုံစားမိကြ၍ အချင်းချင်း မေတ္တာ ပျက်ကာ စိတ်လက် မချမ်းသာစွာဖြင့် နှစ်ပေါင်းများစွာ တနေရာပြီး တနေရာ ရွှေ့ပြောင်း နေထိုင်ကြ၏။ နောက်ဆုံး၌ တောရွာကျောင်း တကျောင်းတွင်

မမျှော်လင့်ဘဲ ဆုံမိကြရာမှ အချင်းချင်း ဝမ်းနည်းကြေကွဲစွာ မေးမြန်းမိကြ၏။ ထိုအခါမှ ခမ္မကထိကက ကျောင်းလိုချင်၍ မိမိတို့နှစ်ပါး ကွဲပြားအောင် ကုန်းချော ကုန်းတိုက်ခြင်းဖြစ်ကြောင်း သိရသဖြင့် နှစ်ပါးလုံး နေရင်းကျောင်းကို ပြန်လာကာ ခမ္မကထိကကို ကျောင်းမှ နှင်ထုတ်ပြီးလျှင် ရှေးကကဲ့သို့ပင် ချမ်းသာစွာ နေထိုင်ကြလေ၏။

**အဝီစိသို့** ခမ္မကထိကသည် ကျောင်းမှ ထွက်ခွာသွားပြီးနောက် မကြာမီပင် ကွယ်လွန်သွားပြီးလျှင် အဝီစိငရဲ၌ ကျရောက်ရ၏။ နှစ်ပေါင်းများစွာ ငရဲဆင်းရဲကို ခံစားရပြီးနောက် ငရဲမှ လွတ်မြောက်လာသော်လည်း ကုန်းချော ဒုစရိုက်ကံ၏ အရှိန်အဟုန် မကုန်သေးသဖြင့် **ဂိစ္ဆကုဋ်တောင်**၌ ဝက်လူ ပြိတ္တာကြီး လာဖြစ်နေရကြောင်း ရှင်တော်မြတ်ဘုရား ရှင်းလင်း ဟောကြားတော်မူ၏။

ကြောက်မက်ဖွယ်ကောင်းလှသည့် **ပိသုဏာဝါစာ ဒုစရိုက်ကံ၏ ဆိုးကျိုးပါပေတည်း**။ (ဓမ္မ-ဋ္ဌ ၂၊ ၂၅၈-၂၆၀)

**သတိပြုစရာ** တချို့က ကံဟု ဆိုလိုက်လျှင် အတိတ်ဘဝက ပြုခဲ့သည့် ကုသိုလ် အကုသိုလ်ဟုသာ ထင်မှတ်ကြ၏။ ယခုလက်ငင်း ဘဝ၌ အကောင်းအဆိုး ရည်ရွယ်ချက် တမျိုးမျိုးဖြင့် တက်တက်ကြွကြွ ပြုလုပ်နေကြသည့် အလုပ်အားလုံး ကံတွေချည်း ဖြစ်ကြကြောင်း သတိ မထားမိကြပေ။

ထိုသူတို့အတွက် ကံဆိုသည်မှာ အတိတ်ဘဝက ပြုခဲ့သည့် အလုပ်ဖြစ်၍ လွန်ခဲ့ပြီဖြစ်ခြင်းကြောင့် ပြုပြင်၍မရသော အလုပ်ကြီးသဖွယ် ဖြစ်နေ၏။ ထို့ကြောင့် အတိတ်ဘဝက ပြုလုပ်ခဲ့သည့် ကုသိုလ်ကံ အကိုသိုလ်ကံ စီမံသည့်အတိုင်း လည်စင်း၍ ခံရမလိုလို အသိမှားနေတတ်ကြ၏။ ထိုသို့ယူဆလျှင် **ပုဗ္ဗေကတ**

**ဟောတုဒိဋ္ဌိ**= (ရှေးဘဝက ပြုခဲ့သော အကြောင်းတရားကသာ ယခုဘဝ ချမ်းသာ ဆင်းရဲကို အပြီးအစီး ပုံစံချလျက် ဆုံးဖြတ်ပေးထားသည် ဟူသော အယူမှား) ဖြစ်၏။ အနောက်တိုင်း ဒဿနပညာအရ Fatalism ဟု ခေါ်သော အယူဝါဒမျိုးပင် ဖြစ်၏။

စင်စစ်မူ အင်အားမကြီးလှသော အတိတ်ကံများကို အင်အားကြီးမား၍ ထက်မြက်လှသော ပစ္စုပ္ပန်ကံ၊ ပစ္စုပ္ပန်ဉာဏ်၊ ပစ္စုပ္ပန်ဝီရိယ တို့က ပြုပြင် ပေးနိုင်ကြောင်း သာဓကေများစွာ ရှိရုံမျှမက သဘာဝလည်း ကျလှပါသည်။

**ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယသာ အားကိုး**

သတ္တဝါတိုင်း အတိတ်ဘဝ ခရီးရှည်ကြီး လျှောက်ခဲ့ရသည်ဖြစ်ရာ သတ္တဝါတိုင်း အတိတ်ကံတွေ ကိုယ်စီ ရှိကြ၏။ သို့သော် ကုသိုလ်ကံတွေလား၊ အကုသိုလ် ကံတွေလား မသိနိုင်ကြ။ အားကြီးသည့်ကံတွေလား၊ အားသေးသည့်ကံတွေလား မသိနိုင်ကြ။

သတ္တဝါတို့၏ အတိတ်ကံ၊ အတိတ်အလုပ်တွေကို သိနိုင်သူမှာ မြတ်စွာဘုရား တပါးတည်းသာ ဖြစ်သည်။ သို့သော် မိမိတို့၏ အတိတ်မှ လုပ်ဆောင်ချက်များကို မိမိတို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထို လုပ်ဆောင်ချက်(ကံ) တို့ကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုကို ခံယူကြရ၏။

အလုပ်ကောင်း (ကုသိုလ်ကံ)ကို ပြုလုပ်ခဲ့မိလျှင် ကောင်းကျိုးတွေကို ခံစားကြရ၏။ အလုပ်ဆိုး(အကုသိုလ်ကံ)ကို ပြုလုပ်ခဲ့မိလျှင် ဆိုးကျိုးတွေကို ခံစားကြရ၏။ အကြောင်း(ကံ)ကောင်းလျှင် အကျိုးကောင်း၍ အကြောင်း(ကံ) ဆိုးလျှင် အကျိုးလည်းဆိုး၏။ အကြောင်း ကြီးမားအားကောင်းလျှင် အကျိုး ကြီးမား၍ အကြောင်းအားသေးလျှင် အကျိုးလည်း အားသေး၏။

**မှန်ကန်သော သဘောထား** သို့သော် အတိတ်က လုပ်ခဲ့သော အလုပ်(ကံ)များ ဆိုးသည် ကောင်းသည်ကိုလည်း မသိနိုင်ကြ။ ကြီးသည် သေးသည်ကိုလည်း မသိနိုင်ကြ။ သို့ဖြစ်၍ မသိနိုင်သော အတိတ်ကံကို အားကိုးအားထားလည်းမပြု၊ ကြောက်ရွံ့ထိတ်လန့်မှုလည်း မရှိဘဲ **မိမိပိုင်သော ယခုလောလောဆယ် ပစ္စုပ္ပန် အချိန်ကလေးမှာသာ အပြစ်အကင်းဆုံး အကောင်းဆုံး ပစ္စုပ္ပန်ကံတွေဖြစ်အောင် ဉာဏ် ဝီရိယနှင့်ယှဉ်ကာ ကြိုးစားအားထုတ် ပြုလုပ်ခြင်းသည်သာ မှန်ကန်သော သဘောထား၊ မှန်ကန်သော လမ်းစဉ် ဖြစ်ပါလိမ့်မည်။**

**လူငယ်သင် ချမ်းမြေ့ အခြေပျိုး ဗုဒ္ဓဘာသာ စာအုပ်မှ**

**ကောက်နှုတ်ချက် ပြီး၏။**

# နောက်ဆက်တွဲ

## အနောက်တိုင်း အတွေးအမြင် လောကမှ တမလွန်ဘဝ ယူဆပုံများ

ခရစ်မပေါ်မီ နှစ်ပေါင်းများစွာအကြာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီကပင် အနောက်တိုင်းအတွေးအမြင်(ဒဿနိက) ပညာရှင်လောက၌ တမလွန်ဘဝ အယူအဆ ခေတ်စားလာခဲ့ကြသည်။ ခေတ်စားလာသည်နှင့်အမျှ ငြင်းခုံမှုတွေလဲ များခဲ့ကြသည်။

ဤနေရာ၌ ထိုပညာရှင်တို့၏ တမလွန်ဘဝ ယူဆပုံ အချို့ကို Reincarnation in World Thought စာအုပ်မှ ထုတ်နှုတ်၍ သိသာရုံမျှ ဗဟုသုတအဖြစ် ဖော်ပြလိုပါသည်။

သို့သော် ဗုဒ္ဓဘာသာမှတပါး အခြားအယူဝါဒများ၏ တမလွန်ဘဝ အယူအဆမှာ **အတ္တ**၊ **အသက်**၊ **ဝိညာဉ်**ပေါ်၌ အခြေခံကြကြောင်းကို သတိပြုရပါမည်။ ဗုဒ္ဓဝါဒ တမလွန်ဘဝ အယူအဆနှင့် လုံးဝမတူကြောင်း သတိရှိဖို့ လိုပါသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား တပါးတည်းသာလျှင် **အတ္တမဲ့** ရုပ်နာမ်ဖြစ်ပျက်အစဉ်သက်သက် ဖြစ်သော တမလွန်ဘဝကို ဟောပြော ညွှန်ပြပါသည်။

## ပိုက်သဂိုရပ် (၅၈၂ – ၅၀၇ B.C)[၁]

ဂရိတ် ဒဿနိကဗေဒနှင့် သင်္ချာဗေဒ ပညာရှင်ကြီး ပိုက်သဂိုရပ်က သူသည် တချိန်က **အယ်သာလိဒီး**[၂] ဖြစ်ခဲ့ပြီး နောက်တဘဝ၌ **ယူဖော်ဘက်**[၃] ဖြစ်ခဲ့ကြောင်း၊ ထရွိုင်မြို့ကို ရန်သူများ ဝိုင်းမိသောအခါ **မင်လာအတ်**[၄]ကြောင့် သူ ဒဏ်ရာရခဲ့ပြီး ကွယ်လွန်ခဲ့ကြောင်း ပြောလေ့ရှိသည်။ (P.၁၉၀)

## ဟေရာကလိတု (၅၄၀ – ၄၈၀ B.C)[၅]

ဂရိတ်ဒဿနိကပညာရှင် ဟေရာကလိတုက–

> **သေသူနှင့် ရှင်သူ၊ နိုးသူနှင့် အိပ်သူ၊ ငယ်သူနှင့် ကြီးသူ– ဤသူအားလုံးသည် အတူတူပင်ဖြစ်ကြ၏။ အကြောင်းမှာ နောက်ဆုံးလူက ပထမဆုံးလူ ဖြစ်ဖို့ရာ သွားလာလှုပ်ရှားနေပြီး တဖန် ပထမဆုံးလူက နောက်ဆုံးလူ ဖြစ်လာသောကြောင့်ပင်**ဟု ဆိုသည်။ **(P. ၁၉၂)**

## အင်ပီဒေါကလိ (၄၉၀ – ၄၃၀ B.C)[၆]

အင်ပီဒေါကလိသည်လည်း ဂရိတ်ဒဿနိကပညာရှင်ပင် ဖြစ်သည်။ သူ့အဆိုက–

> **ကျွန်ုပ်သည် တချိန်က ယောက်ျားကလေးနှင့် မိန်းကလေးဖြစ်ခဲ့သည်။ ချုံဖုတ်နှင့် ငှက်လည်းဖြစ်ခဲ့သည်။ လှိုင်းလုံးများထဲမှ ငါးလည်း ဖြစ်ခဲ့သည်။ (P. ၁၉၃)**

---

၁။ Pythagoras ၂။ Aethalides ၃။ Euphorbus
၄။ Menelaus ၅။ Heraclitus ၆။ Empedocles

## ပလေတို (၄၂၇ – ၃၄၇ B.C.)[၁]

ပလေတိုသည် အထင်ရှားဆုံးသော ဂရိတ်ဒဿနိက ပညာရှင်ကြီး ဖြစ်သည်။ သူက –

**သေခြင်းသည် ရှင်ခြင်းမှ လာသကဲ့သို့ ရှင်ခြင်း သည်လည်း သေခြင်းမှ လာ၏။**

**သင်သွားရမည့် နေရာကို သင့်အား သတ်မှတ် ပေးမည် မဟုတ်။ သင့်ဘာသာ ရွေးချယ်ရမည်။**

**ဝိညာဉ် အသီးသီးသည် သူတို့၏ ဘဝကို မည်သို့ မည်ပုံ ရွေးချယ်ကြသည်ကို စောင့်ကြည့်ရသည်မှာ အမှန်ပင် အံ့သြဖွယ်ရာ မြင်ကွင်းဖြစ်ပေသည်။ ... သူတို့၏ ယခင်ဘဝ အတွေ့အကြုံများက သူတို့၏ ဘဝရွေးချယ်မှုကို များသောအားဖြင့် လမ်းညွှန်ပေးကြသည်ဟု ဆို၏။**

(P. ၂၀၀)

## အရစ္စတိုတယ် (၃၈၄ – ၃၂၂ B.C)[၂]

ဂရိတ်ဒဿနိကပညာရှင် အရစ္စတိုတယ်ကလည်း ဤသို့ ဆို၏။

**ခန္ဓာကိုယ်တခု၌ ဝင်ရောက်နေသော ဝိညာဉ်သည် ယခင်ဘဝ၌ သူ ခံစားတွေ့သိခဲ့ရသည်တို့ကို သတိမရပေ။**

**သေခြင်းတရားက တခြားကမ္ဘာတခု၌ သူ၏ ခန္ဓာ အိမ်ထဲသို့ ပြန်ပို့ပေးလိုက်သော ဝိညာဉ်သည်ကား ယခုဘဝ၌ သူ တွေ့ကြုံခံစားရသည်တို့ကို သတိရပေသည်။ ခန္ဓာမဲ့**

---

၁။ Plato ၂။ Aristotale

ဝိညာဉ်၏ ဘဝသည် ပုံမှန်ဘဝဖြစ်၏။ ထိုဝိညာဉ်သည် ခန္ဓာကိုယ်ထဲ၌ ခဏခေတ္တ နေသည့်အခါ ဆင်းရဲအတိ ပြည့်နေ၏။ (P. ၂၀၂)

## ဂျူးလီးယက်ဆီဇာ ( ၁၀၀ – ၄၄ B.C.)[၁]

ရောမစစ်သူကြီး ဂျူးလီးယက်ဆီဇာက ကဲ့လ်ထ် လူမျိုးများ စစ်ပွဲတွင် အကြောက်အရွံ့မရှိဘဲ ရဲရဲဝံ့ဝံ့ တိုက်ခိုက်ကြခြင်း၏ အကြောင်းကို သူ၏ Gaullic War စာအုပ် (Book VI, 14)၌ ဤသို့ စိစစ် ဝေဖန်ထားသည်။

ဝိညာဉ်များသည် ပျက်စီးမသွားဘဲ သေပြီးနောက် ခန္ဓာကိုယ် တခုမှ တခြားခန္ဓာကိုယ် တခုသို့ ပြောင်းရွှေ့သွားသည်ဆိုသော ဤ အယူအဆကို သူတို့၏ အရေးပါသော အယူဝါဒများအနက် တခုအဖြစ်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် သင်ကြားပေးကြသည်။ (P. ၂၀၇)

## ပလိုတိနပ် (၂၀၅ – ၂၇၀ A.D)[၂]

ဂရိတ်ဒဿနိကပညာရှင် ပလိုတိနပ်က ဘဝသံသရာကို ဇာတ်စင်နှင့် နှိုင်းယှဉ်ထားသည်။

လူတဦး သေသွားခြင်းသည် ပြဇာတ်ထဲ၌ (ဇာတ်လမ်းအရ) ဇာတ်ဆောင်များအနက်က တယောက် သေသွားခြင်းထက် ဘာမျှ မပိုပေ။ ဇာတ်ဆောင်သည်

---

၁။ Julius Caesar ၂။ Plotinus

**မိတ်ကပ် ပြောင်းလိမ်း၍ အခန်းပြောင်းကခြင်းသာ ဖြစ်သည်။ သူတကယ်မသေပေ။ သေခြင်းဆိုသည်မှာ ဇာတ်ဆောင်များ အဝတ်လဲသကဲ့သို့ ခန္ဓာကိုယ် တခုသို့ ပြောင်းသွားခြင်းသာ ဖြစ်မှု... သက်ရှိ သတ္တဝါတဦးမှ တခြားသက်ရှိ သတ္တဝါ တဦးအဖြစ်သို့ ပြောင်းသွားခြင်း၌ ကြောက်မက်ဖွယ်ရာ ဘာမျှမရှိချေ။ (P. ၂၁၆)**

## ဂျော်ဒါနို ဘရူနို (၁၅၄၈ – ၁၆၀၀ A.D)[၁]

ဂျော်ဒါနိုဘရူနိုသည် အီတလီအမျိုးသား ဒဿနိကပညာရှင်ကြီး ဖြစ်သည်။ ဗရင်ဂျီဘာသာနှင့် ဆန့်ကျင်သော အယူရှိသည်များကို မိစ္ဆာဒိဋ္ဌိနာမည်တပ်၍ တရားစစ်ဆေးသော ရုံး၌ ၁၅၉၂ ခုနှစ်၊ မေလတွင် ဘရူနိုကို ရုံးတင်စစ်ဆေးခဲ့ကြသည်။ စွပ်စွဲသူများက "သဘာဝတရားက ပြုလုပ်ဖန်ဆင်းပေးလိုက်သော ဝိညာဉ်များသည် တိရစ္ဆာန်တကောင်မှ အခြားတိရစ္ဆာန်တကောင်သို့ ကူးပြောင်းကြသည်"ဆိုသော မိစ္ဆာအယူနှင့် "ကမ္ဘာကြီး ရေလွှမ်းမိုး၍ ပျက်စီးသွားသောအခါ ဝိညာဉ်များ (လူအဖြစ်)ပြန်လည်မွေးဖွားကြသည်"ဆိုသော မိစ္ဆာအယူများကို ဘရူနိုက သူ့တပည့်များအား သင်ကြားပေးသည်ဟု စွပ်စွဲကြသည်။

ထိုစွပ်စွဲချက်များကို ဘရူနိုက ဤသို့ ထုချေသည်။

**ကျွန်ုပ်သည် ဝိညာဉ်များ မသေကြေ မပျက်စီးဟု ရှေးကလည်း ယူဆခဲ့သည်။ ယခုလည်း ယူဆသည်။ ဗရင်ဂျီဘာသာဝင်တယောက် အနေဖြင့် ပြောရလျှင် ဝိညာဉ်များသည် ခန္ဓာကိုယ်တခုမှ အခြားခန္ဓာကိုယ်တခုသို့**

---

၁။ Giordano Bruno

မကူးပြောင်းဘဲ ကောင်းကင်ဘုံနန်းနှင့် ငရဲကြီး ငရဲလေး စခန်းများသို့ မြန်းကြသည်။

သို့သော် ကျွန်ုပ် နက်နက်နဲနဲ ဆင်ခြင်စဉ်းစား ပြီးနောက် ဒဿနိကပညာရှင် တယောက်အနေဖြင့် ပြောရလျှင် ဝိညာဉ်များကို ခန္ဓာကိုယ်နှင့် ကင်းလျက် မတွေ့ရပေ။ သို့သော် ဝိညာဉ်များသည် ခန္ဓာကိုယ်လည်း မဟုတ်ကြပေ။ သို့ဖြစ်၍ ဝိညာဉ်သည် ခန္ဓာကိုယ် တခုမဟုတ် အခြားတခု အတွင်း၌ ရှိမည်ဖြစ်သောကြောင့် ခန္ဓာကိုယ်တခုမှ အခြားခန္ဓာကိုယ်တခုသို့ ကူးပြောင်းသည်။ ဤအချက် မှန်ကန်ကြောင်း သက်သေ အထောက်အထား မပြနိုင်ဦးတော့ ပိုက်သဂိုရပ်၏ အယူအဆနှင့်အညီ အနည်းဆုံး ဖြစ်နိုင်ဖွယ်တော့ ရှိပေသည်။ (P. ၂၄၀)

### ဗော်လ်တဲယား (၁၆၉၄ – ၁၇၇၈ A.D.)[၁]

ဗော်လ်တဲယားသည် ထင်ရှား ကျော်ကြားသော ပြင်သစ်စာရေးဆရာ နှင့် ဒဿနိကပညာရှင်ကြီး ဖြစ်သည်။ သူ့အယူအဆမှာ –

ဘဝများစွာ ဖြစ်ခြင်းသည် တဘဝဖြစ်ခြင်းထက် ပို၍ အံ့အားသင့်စရာ မဟုတ်ပေ။ (P. ၂၅၇)

---

၁။ Voltaire

## ဖရက်ဒရစ်သဂရိတ် (၁၇၁၂ – ၁၇၈၆)[၁]

ဖရက်ဒရစ်သဂရိတ်သည် ပရပ်ရှားဘုရင်ကြီး ဖြစ်သည်။ သူ ကွယ်လွန်ခါနီး၌ ဤသို့ ပြောခဲ့၏။

> ငါ့ဘ၀ မကြာမီ အဆုံးသတ်တော့မည်ဟု ငါသိသည်။ သဘာဝတရား၌ တည်ရှိသမျှ မည်သည့်အရာမျှ အပြီးသတ် မပျက်စီးနိုင်ဟု ငါယုံကြည်သည်။ ထို့ကြောင့် ငါ၏ ပိုမိုမြင့်မြတ်သော အစိတ်အပိုင်း(ဝိညာဉ်)သည် ဆက်လက်၍ အသက်ရှင် တည်နေလိမ့်မည်ဖြစ်ကြောင်း ငါ သေချာစွာ သိသည်။ ငါသည် အနာဂတ်ဘ၀၌ ဘုရင်တပါး မဖြစ်နိုင်ဦးတော့ တက်ကြွသော ဘ၀ကိုမူ ရပေလိမ့်မည်။ (P. ၂၆၀)

## ဂါတား (၁၇၄၉ – ၁၈၃၂)[၂]

ဂါတားသည် ကျော်ကြားသည့် ဂျာမန်ကဗျာဆရာကြီး ဖြစ်သည်။ သူက သူ့မိတ်ဆွေ တယောက်ထံရေးသော စာတစောင်တွင် ဤသို့ ဖော်ပြထားသည်။

> လူများသည် မကောင်းသော တွေးကြံခံစားမှုတို့ကို ဖျောက်ဖျက်ပစ်ပြီးလျှင် ဆေးကြောသန့်စင်ပြီးသူအဖြစ်ဖြင့် ပြန်လည် လူဖြစ်လာသည်ဆိုလျှင် သေသင့်လှပေသည်။
> (P. ၂၆၇)

---

၁။ Frederic The Great ၂။ J. Von Goethe

> ဤနေရာ၌ ငါ ယခုရှိနေသကဲ့သို့ ရှေးကလဲ ဤနေရာ၌ အကြိမ်တထောင်မက ငါ နေခဲ့ဘူးပြီ။ နောင်ခါလဲ အကြိမ် တထောင်မက ပြန်ရောက်ရဦးမည်ဟု ငါမျှော်လင့်သည်။ (P. ၂၆၉)

## ဖစ်ချတေ (၁၇၆၂ – ၁၈၁၄)[၁]

ဖစ်ချတေသည် ဂျာမန် အတွေးအမြင် ပညာရှင် တဦးဖြစ်သည်။ သူက ဤသို့ဆို၏။

> သဘာဝတရားသည် ငါ့ကို သေစေသောကြောင့် သူသည် ငါ့ကို အသစ်ဖြစ်အောင် အလျင်အမြန် ပြုလုပ်ပေးရမည်။ ၎င်းမှာ ငါ၏ ပို၍မြင့်မားသော ဘဝသာ ဖြစ်လိမ့်မည်။ သေမျိုးဖြစ်သော သတ္တဝါများက 'သေခြင်း'ဟု ခေါ်သော ထိုအရာသည် ဒုတိယအကြိမ် အသက်ရှင်လာခြင်း၏ သိသာ မြင်သာသော အသွင်သဏ္ဍာန် ဖြစ်သည်။ (P. ၂၇၂)

## ပေါ်ရစ်ချတာ (၁၇၆၃ – ၁၈၂၅)[၂]

ရစ်ချတာသည် ထင်ရှားသော ဂျာမန် စာရေးဆရာဖြစ်သည်။ သူ့အယူအဆမှာ–

> ဝိညာဉ်ကို သူ အလိုရှိသလောက် အကြိမ်များစွာ (လူ့ဘဝကို) ပြန်လာပါစေ။ ကမ္ဘာမြေကြီးသည် အမြဲ သစ်နေသော လက်ဆောင်များ၊ ရာစုနှစ် အသစ်များ၊

---

၁။ J. G. Fichte ၂။ Jean Paul Richter

နိုင်ငံသစ်များ၊ စိတ်သစ်များ၊ တွေ့ရှိချက် အသစ်များနှင့် မျှော်လင့်ချက် အသစ်များကို ပေးအပ်နိုင်လောက်အောင် အလျှံပယ် ကြွယ်ဝနေပါသည်။ (P. ၂၇၂)

## ရှိုပင်ဟောဝါး (၁၇၈၈ – ၁၈၆၀)[၁]

ရှိုပင်ဟောဝါးသည် ဂျာမန် ဒဿနိကပညာရှင်ကြီးဖြစ်သည်။ သူ့ အယူအဆမှာ–

အသစ်မွေးဖွားလာတိုင်းသော သတ္တဝါများသည် ဘဝသစ်၌ လန်းဆန်း ပျော်ရွှင်ကြသည်။ ဘဝသစ်ကို အခမဲ့ လက်ဆောင်အဖြစ် သဘောကျ နှစ်ခြိုက်ကြသည်။ သို့သော်မည်သည့် အရာကိုမျှ အခမဲ့ မရနိုင်၊ ဘဝသစ်ကို ရလာသောအခါ အိုမင်းရင့်ရော်ခြင်း၊ သေခြင်းတို့ကို တန်ဘိုး အဖြစ် ပေးကြရသည်။ အိုမင်းရင့်ရော်ခြင်း၊ သေခြင်းတို့တွင် ဘဝသစ်ကို ဖြစ်ပေါ်စေသော ဖျက်ဆီးမရသည့် မျိုးစေ့ ပါဝင်လျက်ရှိသည်။ (P. ၂၈၁)

## တောမတ်စ် ကာလိုင်း (၁၇၉၅ – ၁၈၈၁)[၂]

စကော့လူမျိုး တောမတ်ကာလိုင်းက ဤသို့ ယူဆသည်။

သေခြင်းနှင့် မွေးဖွားခြင်းတို့သည် အသစ်ဖြစ်သော တိုးတက်မှုအတွက် လူသားတို့ကို အိပ်ဖို့ရာနှင့် လန်းလန်း ဆန်းဆန်း ထဖို့ရာ နှိုးဆော်သော ညနေခင်းနှင့် နံနက်ခင်း ဝတ်ပြုခေါင်းလောင်းများပင် ဖြစ်သည်။ (P. ၂၈၆)

---

၁။ Schopenhauer ၂။ Thomas Carlyle

## ဂျော့ဆင်း (၁၈၀၃ – ၁၈၇၆)[၁]

ဂျော့ဆင်းသည် ထင်ရှားသော ပြင်သစ် စာရေးဆရာ တဦးဖြစ်သည်။ သူက–

> ငါသည် ငြိမ်သက် သန့်မာ၍ လွတ်လပ်သူအဖြစ်
> ပြန်လည် မွေးဖွားလာလျှင် ရာစုနှစ်ပေါင်းများစွာပတ်လုံး
> ဖြတ်သန်းလာခဲ့ရသော အတိတ်ဘဝများ၌ ခံစားခဲ့ရသည့်
> ဒုက္ခဒဏ်ချက်တို့ကို မေ့ပျောက်နိုင်တန်ရာ၏။ (P. ၂၉၂)

## အီမာဆင် (၁၈၀၃ – ၁၈၈၂)[၂]

အီမာဆင်သည် အမေရိကန်လူမျိုး ဒဿနိကပညာရှင် ဖြစ်သည်။ သူ့ အယူအဆမှာ–

> အရာအားလုံးသည် ဆက်လက်၍ အသက်ရှင်
> နေကြသည်။ မသေကြ မပျက်စီးပေ၊ မြင်ကွင်းမှ ခဏခေတ္တ
> အနားယူကြပြီးလျှင် တဖန် ပြန်လာကြသည်။ ဤသည်မှာ
> လောက၏ လျှို့ဝှက်ချက် ဖြစ်သည်။ မည်သူမျှမသေကြ။
> လူတို့သည် သေဟန်ဆောင်၍ အသုဘ အခမ်းအနားတွေ
> အတုလုပ်ကြသည်။ သူတို့သည် ထိုနေရာ၌ပင် ထူးဆန်း
> သော အသွင်သစ်ဖြင့် ကျန်းမာ သန့်စွမ်းလျက်ပင်
> ပြတင်းပေါက်မှ ရပ်လျက် ကြည့်နေကြသည်။ (P. ၂၉၇)

---

၁။ George Sand ၂။ Ralph Waldo Emerson

## လီယိုတော်လ်စတွိုင်း (၁၈၂၈ – ၁၉၁၀)[၁]

လီယိုတော်လ်စတွိုင်းသည် ကမ္ဘာကျော် ရုရှားစာရေးဆရာနှင့် ဒဿနိက ပညာရှင်ကြီး ဖြစ်သည်။ သူ့အယူက တိကျလှသည်။

**ရှေ့ဘဝ၌ ပြုလုပ်ခဲ့သော အလုပ်များက ယခုဘဝသို့ လမ်းညွှန်လိုက်ခြင်း ဖြစ်သည်။ (P. ၃၂၇)**

## ဖီးလ်ဒင်းဟော (၁၈၅၉ – ၁၉၁၇)[၂]

ဖီးလ်ဒင်းဟောသည် ဗြိတိသျှ အမှုထမ်း စာရေးဆရာတဦး ဖြစ်ကြောင်း မြန်မာတို့ ကောင်းကောင်းသိကြသည်။ သူက ဤသို့ဆို၏။

**မေတ္တာတရားသည် ခန္ဓာကိုယ်နှင့်အတူ ပျက်စီး မသွားပေ။ မေတ္တာသည် တဘဝပြီးတဘဝ ဖြတ်သန်းလျက် အမြဲတစေ ရှင်သန်လျက် ရှိပေသည်။ (P. ၃၄၃)**

## ဟင်နရီဖို့ဒ် (၁၈၆၃ – ၁၉၄၇)[၃]

အမေရိကန် စက်မှုပညာရှင် ဟင်နရီဖို့ဒ်က တမလွန်ဘဝနှင့် ပတ်သက်၍ ဤသို့ ယူဆသည်။

**ကျွန်ုပ် တမလွန်ဘဝ အယူအဆကို တွေ့သိလိုက် ရတဲ့အခါမှာ စကြဝဠာ တခုလုံးနှင့်ဆိုင်တဲ့ စီမံကိန်းကြီးကို တွေ့လိုက်ရသလိုပါပဲ။ ကျွန်ုပ်ရဲ့ အတွေးအခေါ်တွေကို အကောင်အထည်ဖော်ဖို့ အချိန်တွေ ရှိသေးတယ်လို့**

၁။ Count Leo Tolstoy ၂။ H. Fielding Hall ၃။ Henry Ford

ကျွန်ုပ်သိမြင်လာတယ်။ အချိန် ကန့်သတ်ချက်ဆိုတာ မရှိတော့ဘူး။ ကျွန်ုပ်ဟာ နာရီလက်တံရဲ့ ကျေးကျွန် မဟုတ်တော့ဘူး။ ပင်ထွက်ဉာဏ် ထက်တယ်ဆိုတာ အတွေ့အကြုံပါပဲ။ တချို့က ဒီ ပင်ထွက်ဉာဏ် ထက်တာကို ပါရမီလို့ဖြစ်စေ၊ ဗီဇလို့ဖြစ်စေ ထင်ကြပုံရတယ်။ အမှန်တော့ ဒါဟာ ဘဝပေါင်းများစွာမှာ စုဆောင်းလာတဲ့ ရှည်လျား များပြားလှတဲ့ အတွေ့အကြုံတွေကြောင့်ရတဲ့ အကျိုးတရားပါ။ တချို့က တခြားလူတွေထက် ပိုအသက်ကြီးတော့ ပိုပြီး သိနားလည်ကြတယ်။

(P. ၃၄၉)

## ဝင်စတန်ချာချီ (၁၈၇၄ – ၁၉၆၅)[၁]

ဝင်စတန်ချာချီကို နောက်ဘဝကို ယုံသလားဟု မေးသောအခါ ခဏမျှ စဉ်းစားနေပြီးမှ "မယုံဘူး"ဟု ပြောသည်။ ပြီးမှ "အမှန်တော့ ကျွန်ုပ် မှားကောင်း မှားလိမ့်မယ်။ ကျွန်ုပ်ဟာ တရုပ်ကူလီတယောက်အဖြစ် လူ ပြန်ဖြစ်ကောင်း ဖြစ်နိုင်တယ်လို့ ယူဆနိုင်စရာ ရှိတယ်"ဟု ဆက်၍ ပြောသည်။ (P. ၃၅၉)

## တောမတ်ဟတ်စ်လေး (၁၈၂၅ – ၁၈၉၅)[၂]

ဗြိတိသျှ သိပ္ပံပညာရှင် တောမတ်ဟတ်စ်လေးက ဤသို့ ဆိုသည်။

**တမလွန်ဘဝ အယူအဆသည် ဖြဟ္မဏဝါဒ အတွေးအခေါ်၌ အခြေခံသည်ဖြစ်စေ၊ ဗုဒ္ဓဝါဒ အတွေး အခေါ်၌ အခြေခံသည်ဖြစ်စေ ယင်း အယူအဆ၌ စကြဝဠာ**

---

၁။ Winston Churchil ၂။ Thomas Huxley